Beth Gutcheon

# STILL MISSING

# ပျောက်နေသူ။

တင်မွေး



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| | စာမူခွင့်ပြုချက်အမှတ် (၀၃၅၉) |
| | မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၁၃၃၂) |
| | ပထမအကြိမ် |
| | ၁၉၉၃၊ အောက်တိုဘာလ |
| မျက်နှာဖုံး | ပန်းချီစံတိုး |
| မျက်နှာဖုံးရိုက် | သိန်းမြင့်ဝင်း |
| အုပ်ရေ | တထောင့်နှစ်ရာ |
| တန်ဖိုး | နှစ်ဆယ်ကျပ် |
| ပုံနှိပ်သူ | ဦးမြင့်ကျော်(၀၅၅၅)၊ စာလုပ်ငန်းပုံနှိပ်တိုက် အမှတ် ၁၉၄၊ ၃၃ လမ်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဒေါ်အေးခင် (၀၃၁၄၃)၊ ခင်သီတာစာပေ၊ အမှတ် ၂၊ မြို့သစ် (၃) လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။ |


[illegible] မှ

သို့

မေတ္တာလက်ဆောင်

တင်ရွေး

# ပျောက်ဆဲ

# Still Missing

Beth Gutcheon

www.burmeseclassic.com

www.burmeseclassic.com

ဆုံးရှုံးခြင်း ဆိုသည်ကို တိတိကျကျ မသိရှိလျှင်ကား အသက် ၃၄ နှစ်သို့ ရောက်ပြီဟု ဆိုနိုင်လိမ့်မည်မဟုတ်။

အသက် ၃၄ နှစ်သို့ မရောက်မီတွင်ပင်၊ တနည်းဆိုရလျှင်လည်း အသက် ၃၄ နှစ်သို့ရောက်သည်နှင့်အချစ်ဆုံးသူငယ်ချင်း ဆုံးရှုံးခြင်း၊ အနှစ်သက်ဆုံး ပစ္စည်းတခု ပျောက်ဆုံးခြင်း၊ ဆုတံဆိပ်ကောင်းတခု ရမည်ဟူသော မျှော်လင့်ချက်ပျက်ပြားခြင်း၊ အားကစားတွင် ထူးချွန်သူတယောက်ဖြစ်လိုမှုတို့ အရေးနိမ့်ခြင်း စသည်တို့ဖြင့် ကြုံတွေ့ခဲ့ပြီးသူများဖြစ်ကြပေလိမ့်မည်။

ထို့အပြင် အချစ်ရေးရာနှင့် ပတ်သက်၍လည်း ဆုံးရှုံးခဲ့ပြီးသူများဖြစ်ကြပေလိမ့်မည်။

ဘူဆန်ဆယ်ကီမှာကား စစ်ပွဲဟောင်းတွင် အရေး နိမ့်ခဲ့ရသူဖြစ်နေပေပြီ။ ထိုစစ်ပွဲကို မကြာမီကပင် အရေး နိမ့်ခဲ့ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစစ်ပွဲမှာ သူ့အနေဖြင့် နှစ်ပေါင်းများစွာ ချစ်ခဲ့ရပြီး လက်ထပ် ထိမ်းမြားခဲ့သူအား စွန့်လွှတ်ခဲ့ရခြင်းဖြစ်သည်။ ရင်သွေးများ များပြားစွာမွေးဖွားမည်ဟူသောအိပ်မက်မှာလည်း ပျက်ပြယ်ခဲ့ရသည်။ သူတို့နှစ်ယောက် အသက်အရွယ်ကြီးရင့်၍ အိုမင်းလာသောအခါတွင် ပြဿနာများ၊ အခက်အခဲများနှင့် ရင်ဆိုင်ကြရမည်ဆိုပါက နှစ်ဦးသား လက်တွဲ၍ ရင်ဆိုင်မည်ဆို သော စိတ်ကူးထားမှု တို့မှာလည်း အကောင် အထည် မပေါ်နိုင်ဖြစ်ခဲ့ရသည်။

မည်သို့ပင် ဖြစ်စေ ထိုဆုံးရှုံးမှုများကို ဆူဆန် အနေဖြင့် ရင်ဆိုင်နိုင်သည်။ ဘဝဆိုသည်မှာ အလေ့အကျင့်တခု ရရှိရန် အတွက် လုပ်ရှားနေရခြင်း မဟုတ်ဆိုသည်ကို ဆူဆန်လက်ခံသည်။ ဆုံးရှုံးမှုအတွက် ရင်ဆိုင်ရန် ပြင်ဆင်စောင့်စားနေခြင်း မဟုတ်ဆိုသည်ကိုလည်း နားလည်သည်။ သူ့အနေဖြင့် အရေးအကြီးဆုံး အချက်မှာ တဦးတည်းသော သားငယ်လေးအား ဆုံးရှုံးခြင်းနှင့် မတွေ့ဆုံစေရန်ဟူခြင်းပင်ဖြစ်သည်။

ခေါင်းမာသော၊ အရှက်ကြီးသော၊ သစ္စာစောင့်သိသော၊ အမြော်အမြင် ကြီးသော ဆူဆန်သည် ဖရီးမန့် လမ်းရှိ ကျဉ်းမြောင်းသည့် တိုက်အိမ် ကလေးတွင် နေထိုင်လျက် ရှိသည်။ သူ့အိမ်လေးမှာ ခရခွဲတခုနှင့်တူသည်။ထိုအိမ်လေးတွင် သူသည် နေ့ရောညပါ သားငယ်အလက်နှင့် အမြဲတမ်းနေထိုင်သည်။

အလက်ဇန်းဒါး ဂရာဟမ်ဆယ်ကီ (ဂျူနီယာ) အသက် ခြောက်နှစ် ခုနစ်လ၊ အစဉ်ပြုံးနေတတ်သူ၊ စမ်းရေကျသံများအလား အသံလေးထွက်အောင် ရယ်တတ်သူ၊ သူသည် ထက်



မြက်သော ကလေးတယောက်ဖြစ်သည်။ သူသည် "ကြယ်စစ်ပွဲများ" ရုပ်ရှင်ကားကို မိခင်နှင့်တကြိမ်၊ ဖခင်နှင့်နှစ်ကြိမ်၊ သိုးလိုက်ခွေးတက်ဆီအား သင်ကြားပေးသူဘီဂျေနှင့်တကြိမ် သွားရောက် ကြည့်ရှုခဲ့ပြီး ဖြစ်သည်။ သူ့ကိုယ်သူ အာကာသ လူဟု ထင်မှတ်နေသူလည်းဖြစ်သည်။

တက်ဆီသည် လေ့ကျင့်သင်ကြား၍ ကောင်းစွာ မရသော ခွေးဖြစ်သည်။ သူတတ်ကျွမ်း သည်မှာ အလက် တယောက် ကျောင်းမှပြန်လာချိန်တွင် မနားတမ်းဟောင်ခြင်းပင်ဖြစ်သည်။ သို့အပြင် ညဘက်များတွင် အလက်၏အိပ်ရာထဲသို့ ဝင်ရောက် အိပ်တတ်ခြင်းဖြစ်သည်။ ဆူဆန်က သူ့သားကို ညအိပ်ရာဝင်ချိန်နှုတ်ဆက်ရန်သွားရောက်ရာတွင် ညစဉ်လိုလိုပင် အလက်နှင့် အတူအိပ်နေသောတက်ဆီကိုတွေ့ရတတ်သည်။ထိုအခါမျိုးတွင် ဆူဆန်က တက်ဆီ၏ ကျောကိုသပ်ကာ 'ကဲ ငါ့ကို မမြင်ချင်ယောင်ဆောင်နေစမ်း' ဟု ပြောတတ်သည်။

ထိုအခါမျိုးတွင်အလက်က 'သူက သူ့ကိုယ်သူ ကျွန်တော့်ညီငယ်လို့ ထင်နေတာမေမေရဲ့' ဟု ပြန်လည်ပြောတတ်သည်။

၁၉၈၀ ပြည့်၊ မေလ ၁၅ ရက်နေ့နံနက်ဖြစ်သည်။ ထိုနေ့နံနက်တွင် နေရောင်တို့ ကောင်းစွာရနေသည်။ ထိုနံနက်တွင် အလက်ကကျောင်းသို့အသွား အိမ်ရှေ့လှေကားထစ်တွင် မိခင်ဖြစ်သူအား နှုတ်ဆက်အနမ်း နမ်းသည်။ ထို့နောက်မှ သူတို့အိမ်နှင့် တမိုင်ခန့် အကွာရှိ နယူး ဘောစတန် ကျောင်း သို့ သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အလက်သည်ခြေလှမ်းသွက်သွက်ဖြင့်အိမ်မှထွက်သွားသည်။ လမ်း၏ ထောင့်ချိုးသို့ရောက်သောအခါ သွက်သွက်ပင် ချိုးချလိုက်သည်။ သို့သော်လည်း အလက်မှာ ကျောင်းသို့မရောက်၊ ထိုထောင့်ချိုးလေးမှ ချိုးချခဲ့ ပြီးသည်နောက် သူ့အနေဖြင့် ကမ္ဘာမြေပြင်ပေါ်မှ ပျောက်ဆုံးသွားသကဲ့သို့ ရှိတော့သည်။

ဖရီးမန့် လမ်းတွင်းသို့ ဆူဆန် ဝင်လိုက်သောအခါ မွန်းလွဲ ၂နာရီ မိနစ် ၅၀ သာရှိသေးသည်။ အမှန်အားဖြင့် ဆိုရလျှင် ခပ်စောစောကပင် အိမ်သို့ ပြန်လိုခဲ့သည်။ သို့သော်လည်း ဆွေးနွေးပွဲတွင် အမေးအမြန်းထူသော ကျောင်းသားများနှင့် တွေ့ခဲ့ရသဖြင့် အချိန်ဖင့်ခဲ့ရသည်။

ကျောင်းမှ အလက်တယောက် ပြန်မရောက်လာမီ သူ့အနေဖြင့် အိမ်သို့ဦးစွာ မရောက်မည်ကို ဆူဆန် စိုးရိမ်သည်။ ဆူဆန်က အိမ်အတွင်းသို့ ဝင်လိုက်သည်။ အိမ်အောက်ထပ် ဝင်ပေါက်မှာ မှောင်နေသည်။ အောက်ထပ်တွင် နေသူများ အလုပ်သွားနေကြဆဲ ရှိကြသည်။ အပေါ်ထပ်သို့ တက်သည့် လှေကားခြေရင်းတွင် အလက်၏ စက်ဘီးကိုတွေ့ရသည်။

အပေါ်ထပ်ရှိ သူတို့အခန်းတံခါးကို သော့ဖွင့်လိုက်သော အခါအတွင်းဘက်မှ တက်ဆီ၏ ဟောင်သံ ကြားရသည်။ သူ၏ သခင်တဦးပြန် ရောက်လာခြင်းအတွက် တက်ဆီသည် ထုံးစံ အတိုင်း ဝမ်းသာရွှင်မြူးလျက် ရှိတော့သည်။



ဆူဆန်က အခန်းတံခါးကို ဖွင့်ဝင်လိုက်သည်။

'အင်း၊ 'လိမ္မာတဲ့ခွေးလေး' တက်ဆီ၏ကျောကိုပွတ်သပ်၍ ဆူဆန်ကပြောသည်။ 'တက်ဆီ၊ ငါ့ကိုမတွန်းစမ်းနဲ့၊ ငါ နားကွဲအောင်လည်း ဟောင်မနေစမ်းနဲ့'

တက်ဆီသည် ဆူဆန်၏ ခြေထောက်ထဲသို့သာ အတင်း ဝင်တိုး၍နေတော့သည်။

ဆူဆန်က ဝယ်ယူလာသည့် ဟင်းချက်စရာ ပစ္စည်းများကို စားပွဲပေါ်တင်လိုက်သည်။ ထို့နောက် နံနက်ပိုင်းထုတ် ဂလုပ် အမည်ရှိ သတင်းစာကိုယူကာ ပြတင်းပေါက် နံဘေးရှိကုလားထိုင်တွင် သွားရောက် ထိုင်ချလိုက်သည်။ ညနေပိုင်းများတွင် နေရောင်ခြည်က အခန်းအတွင်းသို့ ကောင်းစွာကျရောက်လျက် ရှိသည်။ တိုက်ဆိုက်၍ နေရောင်ခြည်ကောင်းစွာရသော အခန်း ထဲတွင် တမိနစ် သို့မဟုတ် နှစ်မိနစ်ခန့် နေထိုင်ရခြင်းမှာ စိတ်ချမ်းမြေ့စရာ ကောင်းလှကြောင်း ဆူဆန်လက်ခံသည်။

ညနေသုံးနာရီခွဲခန့်တွင်မှ လှုပ်ရှားသံတသံ ထွက်လာသည်။ ထိုအခါတွင်မှ ဆူဆန်သည် သူ့လက်ပတ်နာရီကို ကြည့်မိသည်။

ထိုအချိန်မှာ ပျောက်ဆုံးခြင်း၏အစ ဖြစ်တော့သည်။

ထိုအချိန်မှာ အလက်တို့ကျောင်းဆင်းပြီး၍ မိနစ် ၃၀ ကြာ ပြီးသော အချိန်ဖြစ်သည်။ ကျောင်းမှအိမ်သို့ လမ်းလျှောက် ချိန်မှာ ခုနစ်မိနစ်သာ ကြာသည်။ အလက်တယောက် ဘယ် ရောက် နေသနည်း။

ဆူဆန်က ပြတင်းပေါက်အနီးသို့ တိုး၍ကပ်ကာ ခပ်လှမ်း လှမ်းထိ မြင်နေရသော လူသွားလမ်းကို လှမ်း၍ ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်အရပ်ဆီသို့ လည်းကောင်း၊ မြောက်အရပ်ဆီသို့ လည်းကောင်း ကြည့်သည်။ နေရောင်အောက်တွင် လမ်းမှာ လူရှင်းနေသည်။

လမ်းထောင့်သို့ ဆူဆန်ကစိုက်ကြည့်မိပြန်သည်။ ထောင့်ချိုးမှနေ၍ အလက်ထွက်ပေါ် လာမည်လားဟု မျှော်လင့်နေမိသည်။ သူ့ဆန္ဒက လက်တွေ့ဖြစ်လိမ့်မည်ဟု ခန့်မှန်းသည်။ ထွက်လာစမ်း။ အဲဒီထောင့်ချိုးလေးက နေပြီးတော့ သားငယ် ထွက်လာစမ်း။

သို့သော်လက်တွေ့အားဖြင့်မူ ထောင့်ချိုးလေးမှ ထွက်မလာ။ အလက်သာမက မည်သူမှထွက်မလာ။ သူ့အနေဖြင့် နှလုံးရောဂါရပေတော့မည်လားဟု ဆူဆန်ထင်မိသည်။သားအတွက် အလွန်ပင် စိုးရိမ်မိသည်။

တယ်လီဖုန်းရှိရာသို့သွား၍ ဂျိုစီလင်းထံ ဖုန်းဆက်လိုက်သည်။ စိတ်သက်သာရာ သက်သာကြောင်းအတွက် ထိုသို့ တယ်လီဖုန်းဆက်ခြင်းဖြစ်သည်။

'ဟေး' ဆူဆန်ကပြောသည်။ 'ငါပါကွ'

'ဟေး မင်းဖုန်းဆက်တဲ့အတွက် ငါဝမ်းသာတယ်။ ဒီနေ့တနေ့လုံး ငါသိပ်ပြီးတော့အလုပ်များတာပဲ။ ငါလိုချင်တဲ့အထပ်သားတွေရဖို့အဘွက် ဒီနေ့မနက်မှာ လေးနာရီလောက် စောင့်ခဲ့ရတယ်။ ပစ္စည်းတော့ရပါတယ်။ ဒါပေမယ့် ငွေကတော့ တကယ်ကုန်တာပဲ။ ငါဘယ်လောက်တောင် ကုန်တယ်ဆိုတာ မင်းသိသလား'



'ဒါဆိုယင်လည်း ငွေကုန် သက်သာတာမျိုး အထပ်သားမဟုတ်ပဲနဲ့ ပေါ့ပေါ့ပါးပါး ပစ္စည်းကိုပဲ လုပ်ကိုင်ပါလား။ ဥပမာ စက္ကူမျိုးပေါ့'

ဂျိုစီလင်း၏ လောလောဆယ် အလုပ်မှာ အထပ်သားများဖြင့် အရုပ်များထုလုပ်ခြင်း၊ အထပ်သားများဖြင့် ရုပ်လုံးဖော်ခြင်း စသည့်ပန်းချီပန်းပုလုပ်ငန်းဖြစ်သည်။ ထိုအလုပ်မတိုင်မီက ဂျိုစီလင်းသည် စားသောက်ဖွယ် လုပ်ငန်းကို လုပ်ခဲ့သည်။ ထိုအလုပ်မတိုင်မီက စာအုပ်ထုတ်ဝေသောကုမ္ပဏီတခုအတွက် ကြော်ငြာများ ရေးသည့်အလုပ်ကို လုပ်ခဲ့သည်။ ထိုအလုပ်မတိုင်မီက ကိုယ်ဟန်ပြမယ် လုပ်ခဲ့သည်။

'စက္ကူကို မေ့ပစ်လိုက်စမ်းပါ' ဂျိုစီလင်းက ပြောသည်။ 'စက္ကူအလုပ်က လွန်ခဲ့တဲ့ နှစ်တွေကအလုပ်ပါ။ ဘာပဲဖြစ်ဖြစ် ဒီအလုပ်ကတော့ တကယ် အလုပ်များတာပဲ။ ဂျတ်စတင်းကိုတောင်မှ ကျောင်းကဝင်ခေါ်တာ နောက်ကျခဲ့ ရတယ်။ အားလုံးကိုလုပ်ဖို့ နောက်ကျရတာပဲကွယ်'

'ဘာလဲ၊ ဂျတ်စတင်း အိမ်ပြန်ရောက်နေပြီလား' ဆူဆန်က မေးသည်။

'ဟုတ်တယ်လေ ရောက်နေပြီ။ ဒါပေမယ့်လည်း သိပ် နောက်ကျနေလို့ သမီးကိုကားပေါ်မှာပဲ အစားကျွေးခဲ့ရတယ်။ သမီးကလည်းလေ သိပ်ဆိုးတာပဲ။ သူ့နေ့လယ်စာကို အရုပ်ရောင်းတဲ့မိန်းမကြီးကိုပေးပြီး အရုပ်နဲ့လဲခဲ့တယ်တဲ့ကွယ်။ခုတော့ သူ့ကြောင်ရုပ်လေးကို အဝတ်အစားတွေ ဝတ်ပေးဖို့ လုပ်နေတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား။ကောင်းတယ်။ ငါတော့အလက်ကို စောင့်နေရတယ်။ ခုထိအိမ်ပြန်မရောက်သေးဘူး။ မင်း ဂျတ်စတင်းကို မေးကြည့်စမ်း။ အလက်တယောက် ကျောင်းမှာ ကစားဖို့များ နေခဲ့သလား၊ ဒါမှမဟုတ်ယင်လည်း တနေရာရာမှာများဝင်နေတာကို တွေ့မိသလားလို့ မေးပေးစမ်းပါ။ ဒါမှမဟုတ်....'

'အလက် အိမ်ပြန်မရောက်သေးဘူး၊ ဟုတ်သလား'

ယခုကဲ့သို့သော အခြေအနေမျိုးမှာ ဆိုးရွားသည့်အချိန်မျိုးဖြစ်သည်။ မိမိရင်သွေး အိမ်သို့လည်းပြန်မရောက်၊ မည်သည့်နေရာသို့ ရောက်နေမှန်းကိုလည်း မသိရသည့် မိခင်တယောက်အနေဖြင့် အခြားမိခင်တယောက်အား ဝန်ခံပြောဆိုရသည်မှာ မကောင်းလှချေ။

သူကဲ့သို့ပင် မိခင်တဦးဖြစ်သော ဂျူဒီလင်းလည်း စိုးရိမ်ခြင်း ဖြစ်လိမ့်မည်ဟု ဆူဆန်နားလည်မိသည်။

'ခဏကိုင်ထားဦးနော်' ဂျူဒီလင်းကပြောသည်။ သမီးဖြစ်သူ ဂျတ်စတင်းအားလှမ်း၍ခေါ်သံကို ဆူဆန်ကြားရသည်။

စောင့်ရသည့်အချိန်မှာ ကြာလှသည်။ မည်မျှကြာသနည်း ဆိုသော်တယ်လီဖုန်းစကားပြောခွက်ကိုကိုင်ယင်းဆူဆန်သေဆုံးခဲ့သည်။ သူသည်ငရဲသို့ရောက်သွားပြီးထိတ်လန့်စွာဖြင့် လူ့ပြည်သို့ ပြန်ရောက်လာသည်။ နောက်ဆုံးတွင်မှ ဂျူဒီလင်း၏အသံထွက်လာသည်။ အမှန်ဆိုရသော် ဂျူဒီလင်းပြောမည့် စကားများကို ဆူဆန်သိထားသည်။

'ဆူဆန်၊ ဂျတ်စတင်းကပြောတယ်။ ဒီနေ့တနေ့လုံး အလက်တယောက် ကျောင်းကို ရောက်မလာခဲ့ဘူးတဲ့'



ထို့နောက်တွင်မူ ထိတ်လန့်စရာကောင်းသော လဲပြိုကျသံကို ကြားရသည်ဟု ဆူဆန်နားလည်သည်။ မိုးကြိုး ပစ်လိုက်၍ သစ်ပင်ကြီးများ လဲပြိုကျသည့်အသံမျိုးဖြစ်သည်။

အလက်သည်သူငယ်ချင်းနှင့်အတူအိမ်သို့လိုက်ပါသွားတတ်ခဲ့သူမဟုတ်။ တကြိမ်မျှ ထိုသို့ အလည်အပတ်မသွားခဲ့။ကာတွန်းစာအုပ်ဆိုင်ဝင်၍ ကာတွန်းဖတ်တတ်သူလည်း မဟုတ်။ ဘာအကြောင်းကြောင့်များအလက်တယောက် အိမ်သို့ပြန်မရောက်သနည်း။ အမျိုးမျိုး စဉ်းစားသော်လည်း အကြောင်းရင်းကို ရှာ၍မတွေ့။ ထို့အပြင် မည်သည့်အတွက်ကြောင့် ကျောင်းသို့ မရောက်ခဲ့သည် ဆိုခြင်းကိုလည်း စဉ်းစားမရနိုင်။

တယ်လီဖုန်းထဲမှ ဂျူဒီလင်း၏ အသံထွက်လာပြန်သည်။ 'ဆူဆန်' ဂျူဒီလင်းက အော်၍ပြောသည်။ 'ငါ အခုပဲ လာခဲ့မယ်။ ရဲကိုအကြောင်းကြားထား'

ရဲကိုအကြောင်းကြားထား။

ရဲကိုအကြောင်းကြားထား။

နေရောင်အောက်တွင် အခန်းမှာ တိတ်ဆိတ် နေသည်။

ထိတ်လန့်စရာ ကောင်းသော ပတ်ဝန်းကျင်သို့ ရောက်နေရကြောင်းဆူဆန်သဘောရမိသည်။ထိတ်လန့်စရာကောင်းသော အရောင်များ၊ အလင်းရောင်များ၊ အမှောင်များ၊ အပူများနှင့် အအေးများကြားတွင် သူနစ်မြုပ်နေရသည်။

တယ်လီဖုန်းကို ကောက်ကိုင်မိပြန်သည်။ ပထမဆုံးအကြိမ် အဖြစ် စိုးရိမ်ထိတ်လန့်ခြင်းဖြင့် ဆူဆန် ရင်ဆိုင်ခဲ့ရ'ပေသည်။ သူ့စိတ်တို့ လေးလံလျက်ရှိသည်။ ယောင်ယောင်မှားမှားလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။ သို့သော်လည်း ရဲထံသို့ တယ်လီဖုန်း ဆက်၍ အကြောင်း ကြားသော အခါတွင်မူ သူသည် စိတ်တုန်လှုပ် ချောက်ချားနေသောအမျိုးသမီးတဦးမဟုတ်ကြောင်းပေါ်လွင်အောင် ပြောဆိုနိုင်သည်။

မည်သို့ဖြစ်မည်ကို ဆူဆန်က နားလည်မျှော်လင့်ထားသည်။ သူ့သားကဲ့သို့သောအဖြစ်မျိုးကိုသတင်းစာများတွင်အကြိမ်ကြိမ်ပင် ဖတ်ခဲ့ပြီးဖြစ်သည်။ သင်၏သားပျောက်ဆုံးခဲ့သည်။သင်က ရဲထံသို့သားပျောက်ကြောင်း အကြောင်းကြားခဲ့သည်။ထိုအခါ ရဲတို့က သင့်သားမှာ အိမ်ကထွက်ပြေးသွားခြင်းသာဖြစ်သည်။ ထိုအခါ ရဲတို့ကပျောက်ဆုံးသူအဖြစ် မကြေငြာမီနောက်ထပ် ၄၈ နာရီ စောင့်ပါဦးဟု ပြောကြလိမ့်မည်။

ထို့နောက်မူ လွန်စွာ နောက်ကျပေတော့မည်။ နောက်ထပ် ငါးလခန့် ကြာမြင့်သည့် အခါတွင်မူ သူတို့က ပျောက်သော ကလေးအသတ်ခံရပြီဖြစ်ကြောင်း သိရှိရပေလိမ့်မည်။

သူတို့နေထိုင်ရာလမ်းမှာ မည်သည့်ရဲဌာနပိုင်တွင်ရှိကြောင်း ဆူဆန်သိမထား။ သူက တယ်လီဖုန်းအမှတ် ၉၁၁ ကို ဆက်လိုက်သည်။

'အရေးပေါ် ဌာနကပါလားရှင်။ ကျွန်မရဲ့ သားလေး ပျောက်ခဲ့တာကို....'

'နေအိမ်လိပ်စာပြောပါ'

'ဘာပြောတယ်၊ လိပ်စာ ဟုတ်လား။ ဖရီးမန့်လမ်းမှာ နေပါတယ်'



'ဒါဆိုယင် နယ်မြေလေးပိုင်နက်ထဲက ဖြစ်တယ်။ သူတို့နဲ့ ဆက်ပေးပါမယ်'

ပထမအကြိမ် တယ်လီဖုန်း မြည်သံနှင့် အတူ တဘက်မှ ဖြေကြားသံ ထွက်လာသည်။

'နယ်မြေလေးက ပြောနေပါတယ်'

'ဩော်....ဟုတ်ကဲ့ရှင်၊ ကလေးပျောက်ဆုံးတာနဲ့ ပတ်သက်ပြီး သတင်းပေး အကြောင်းကြားချင်လို့ပါ'

'ကလေးပျောက်တာလား။ ခဏလေး ကိုင်ထားဦးနော်' တယ်လီဖုန်းက အသံပြတ်သွားပြန်သည်။ ချက်ချင်းဆိုသလိုပင် တဘက်မှ အသံထွက်လာသည်။ အသံသြသြဖြင့် အမျိုးသား အသံဖြစ်သည်။

'စုံထောက် မီနက်တီ ပြောနေပါတယ်'

စောစောက ပြောခဲ့သည့်အကြောင်းကိုပင် တတိယအကြိမ်မြောက် အဖြစ် ပြောရန်ဖြစ်သဖြင့်ဆူဆန်က အချိန်အနည်းငယ်ကြာအောင် တွေဝေနေမိသည်။ 'ဟုတ်ကဲ့ရှင်၊ ကျွန်မ သတင်းပေးချင်လို့ပါ။ဟုတ်ကဲ့ အခုပြောနေတာမစ္စစ်......ဖြစ်ပါတယ်။ ကျွန်မသားလေး ပျောက်နေပါတယ်။ သူဟာ အသက်ခြောက်နှစ် ကျော်ပဲ ရှိသေးတယ်'

'နာမည်ပြောပါ' တဘက်မှအသံမှာ လှုပ်ရှားခံစားမှု မရှိသော အသံဖြစ်သည်။ အသံမှာ အတက်အကျမရှိပဲ လေသံမှန်မှန်ဖြင့် ပြောနေသည်။

'ကျွန်မနာမည်က ဆူဆန်ဆယ်ကီပါ။ သားလေးနာမည်က အလက်တဲ့၊ ရှင်သိချင်တာ အဲဒါပဲမဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားရဲ့ နေအိမ်လိပ်စာ'

'အမှတ်ခြောက်ဆယ့်လေး၊ ဖရီးမန့်လမ်း ဖြစ်ပါတယ်'

'ခင်ဗျားရဲ့သားကို နောက်ဆုံးတွေ့ခဲ့ရတဲ့ အချိန်က ဘယ်အချိန်လဲဗျာ'

'ဒီနေ့မနက် ရှစ်နာရီမိနစ်ငါးဆယ် ဖြစ်ပါတယ်။ ကျွန်မသားကိုနှုတ်ဆက်နမ်း နမ်းပြီးတဲ့နောက် လမ်းထောင့်ချိုးကနေကျောင်းရှိရာကိုချိုးဝင်သွားတဲ့အထိ အိမ်ရှေ့ကနေစောင့်ကြည့်နေခဲ့တယ်။ ကျောင်းဟာ ကျွန်မတို့အိမ်နဲ့ဆိုယင် တမိုင်လောက်ပဲ ဝေးတာ၊ သားဟာ အမြဲပဲ သူ့ဘာသာ ကျောင်းကိုလမ်းလျှောက်သွားတာ ဖြစ်တယ်'

'ကလေးကို မနက်ရှစ်နာရီမိနစ်ငါးဆယ်မှာ နောက်ဆုံးတွေ့ခဲ့ရပြီးတဲ့နောက် ဘာဖြစ်လို့ ခုမှ ကျွန်တော်တို့ဆီကို ခင်ဗျားက အကြောင်းကြားတာလဲဗျာ။ ဘာဖြစ်လို့ အချိန်အကြာကြီး စောင့်နေခဲ့တာလဲ'

'အို ရှင်....' ဆူဆန်က တိုးတိုးပင် ပြောလိုက်သည်။

'ကဲလေ၊ အဲဒါတွေထားပါတော့။ခင်ဗျားဆီကို ကျွန်တော်ခုပဲလာခဲ့ပါ့မယ်' မီနက်တီက တယ်လီဖုန်းကို ချလိုက်သည်။

ထိုစဉ် တံခါးခေါင်းလောင်းသံ ထွက်လာသည်။ ဆူဆန်က သွားရောက်ဖွင့်ပေးလိုက်သောအခါ ဂျူစီလင်းနှင့်ဂျတ်စတင်းတို့သားအမိကို တွေ့ရသည်။

တက်စီက သူတို့သားအမိကို နှုတ်ဆက်သည်။ သို့သော် သူက အံ့သြသွားဟန်ရှိသည်။ သူ့သခင်အလက် မဟုတ်ပါလား။ ဂျူစီလင်းတို့သားအမိအား တက်စီက လိုလားစွာ ကြိုဆိုခြင်း



ပြုသည်။ ဂါဝန်အနီရောင်လေးကိုဝတ်ထားသောဂျတ်စတင်းက မိခင်၏လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။

'ဒီနေ့တနေ့လုံး သူ ကျောင်းကိုမလာခဲ့ဘူး' ဂျတ်စတင်းက စတင်ရှင်းလင်းပြောပြသည်။ 'ကျောင်းတက် ခေါင်းလောင်းထိုးတဲ့အချိန်အထိ ကျွန်မက သူ့ကို ကျောင်းဝက စောင့်နေခဲ့တာ။ ကျွန်မရဲ့ခဲတံအနီလေး သူနဲ့ပါသွားလို့ ပြန်ယူရအောင် စောင့်နေခဲ့တာ'

ဂျူစီလင်းက ဆူဆန်၏ ပခုံးပေါ်သို့ သူ့ လက်များကို တင်လိုက်ပြီး ဆူဆန်အား စိုက်ကြည့်သည်။

ခပ်လှမ်းလှမ်းဆီမှ ရဲကားဥသြသံကို ဆူဆန် ကြားလိုက်ရသည်။ သူတို့နေအိမ်ရှိရာ လမ်းဆီသို့ လာနေသည့်အသံမှာ အိမ်နှင့် တဖြည်းဖြည်းနီးကပ်လာလေ၊ ပို၍ပို၍ ကျယ်လာလေ ဖြစ်တော့သည်။ နောက်ဆုံး ဆူဆန်တို့အိမ်ရှေ့တွင် အသံက ရပ်သွားသည်။

လှေကားမှတက်လာသည့် ခြေသံကိုနားထောင်ယင်း ဂျူစီလင်းက ဆူဆန်၏ လက်များကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

ဆူဆန်က ငြိမ်သက်စွာရပ်နေလိုက်သည်။ သူ့စိတ်မှာ သူ့ကိုယ်ဘွင်းတွင်မရှိပဲ ဖြစ်နေကြောင်း ဆူဆန်သတိထားမိသည်။ သူမက ငြိမ်သက်စွာရပ်ယင်း ရဲတို့ရောက်အလာကို စောင့်နေသျက် ရှိသည်။

စုံထောက်နှစ်ယောက်က ဆူဆန်တို့ထံရောက်လာကြသည်။ တဦးမှာ အသက်ငါးဆယ်ခန့်လူကြီး ဖြစ်သည်။ ဝဝဖိုင့်ဖိုင့်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လည်းရှိသည်။ သူသည် စုံထောက် မီနက်တီ ဖြစ်ရမပမည်။ နောက်တယောက်ကား လူငယ်ဖြစ်သည်။ သူ့အမည်ကို ဆူဆန် မသိ။

မီနက်တီက အိမ်အခြေအနေကို အကဲခတ် ကြည့်သည်။ ဆူဆန်ကိုလည်း အကဲခတ်ကြည့်သည်။ ဂျိုစီလင်းတို့သားအမိနှင့် သူ့ကိုယ်သူ မိတ်ဆက်ပေးသည်။ ထို့နောက် သူတို့ သားအမိ အမည်များနှင့် အိမ်လိပ်စာတို့ကိုမှတ်သားသည်။

တယ်လီဖုန်းထဲမှ ပြောခဲ့သည့် စကားများကို ဆူဆန်က မီနက်တီအား ပြန်လည်ပြောပြရပြန်သည်။

'သားဟာ ကျောင်းကို ဒီနေ့ တနေ့လုံး မရောက်ခဲ့ဘူး' ဂျတ်စတင်း ကလည်း ဝင်ရောက်ပြောသည်။ 'ကျွန်မက သူ့ကို စောင့်ခဲ့တယ်။ စောင့်နေခဲ့တယ်'

'မကြာခဏဆိုသလိုပဲ သမီးကို လိုက်ပို့ယင်းနဲ့ ကျွန်မတို့ သားအမိနဲ့ အလက်ဟာ လမ်းမှာဆုံတတ်တယ်' ဂျိုစီလင်းက လည်း ဝင်ရောက်ပြောသည်။ 'ဟိုလမ်းထောင့်ကနေပြီးချိုးသွားတာကို ဆူဆန်က စောင့်ကြည့်ခဲ့တယ်လို့ပြောတယ်။ ကျွန်မတို့ကတော့ အဲဒီအချိန်နောက်ပိုင်းမှာ သူ့ကို မမြင် တွေ့ကြရဘူး'

မီနက်တီက ဆူဆန်အားလှမ်းကြည့်သည်၊ သူ့မျက်လုံးတို့မှာ တည်ငြိမ်နေသည်။ စိတ်လှုပ်ရှားမှုမပြ။

'ကျွန်မ သူ့ကိုနမ်းပြီးတော့ အိမ်ရှေ့ လှေကားထစ်ကနေ လမ်းထောင့်လေးကိုချိုးချသွားတဲ့အထိ၊ ကျွန်မမျက်စိအောက်က ပျောက်သွားတဲ့အထိ စောင့်ကြည့်နေခဲ့တယ်။ ကျွန်မကသားနဲ့ အတူတူမလိုက်နိုင်ဘူး။ ကျွန်မကတလမ်းကိုသွားရမှာဖြစ်တယ်။



ကျွန်မမှာ အလုပ်တွေက ရှိနေတယ်။ ကျွန်မရဲ့ ဂုဏ်ထူး ကျောင်းသားတွေအနေနဲ့ စာတမ်းတွေ ရေးစရာ ရှိနေတယ်။ သူတို့ကို ကျွန်မ လိုအပ်တာတွေ ပြသပြောကြားပေးရမယ်။ တကယ်တော့အလက်ဟာ သူ့ကိုယ်သူ ကောင်းကောင်း ထိန်းနိုင်တဲ့ ကလေးတယောက်ပါ။ သူဟာခုဆိုယင် အသက်ခုနစ်နှစ် ထဲဝင်နေပြီ။ ကျောင်းကလည်းသိပ်ပြီးတော့ဝေးတာမဟုတ်ဘူး။ ကျောင်းနဲ့ အိမ်ကြားမှာ ဖြတ်ကူးစရာဆိုလို့ လမ်းကလည်း တလမ်းတည်းပဲရှိနေတယ်။ သူ့အနေနဲ့....'

'ကဲ ခင်ဗျားသားရဲ့ အကြောင်း ဆက်ပြီးတော့ ပြောပြစမ်းပါဦး'

ဆူဆန်ကစကားကို ခေတ္တကြာအောင် ရပ်ပစ်လိုက်သည်။ သားနှင့် ပတ်သက်သည့် အကြောင်းတို့ကို အချိန် တိုတို အတွင်း ပြည့်စုံအောင် မည်သို့များ ပြောပြနိုင်ပါမည်နည်း။

'သားဟာ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်တဲ့ ကလေးတယောက် ဖြစ်တယ်' အခြားစုံထောက်တယောက်က သူ့ကိုအကဲခတ်ကြည့် နေကြောင်း ဆူဆန် သတိထားမိသည်။

'ကလေးနဲ့ ပတ်သက်လို့ ကျွန်တော့်ကို ထပ်ပြီး ပြောပြပါဦးလား' မီနက်တီက ဆိုပြန်သည်။ သူကခဲတံနှင့်စာအုပ်ငယ် ကို ထုတ်၍လည်း ကိုင်ထားသည်။ ဆူဆန် ပြောသည်များကို လိုက်လံ မှတ်သားရန် အသင့် ရှိနေသည်။

'ဩော် ဟုတ်ကဲ့၊ အင်း သားဟာ အသက်ခုနစ်နှစ်ပြည့်ခါ [illegible]းနေပြီ။ ဆံပင်က ညိုပြီးတော့နက်တယ်။ အရပ်က ဒီလောက် ရှိမယ်' သူက လက်ဖြင့်ပြသည်။ 'သူဟာပျော်ပျော်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရင်းရင်းနှီးနှီးပေါင်းသင်းတတ်တယ်၊ ဘောလုံးပွဲကိုကြိုက်တယ်။ နောက်ပြီး....’

‘သူ့အရပ် ဘယ်လောက်လောက်ရှိမလဲမစွစ်ဆယ်ကီ’

‘ဘယ်လောက်လဲဆိုတော့ အင်း သူရပ်လိုက်ယင် ကျွန်မရဲ့ ဒီလောက်ကိုတော့ ရောက်လာတာပဲ’ ဆူဆန်က လက်ကို ဆန့်တန်းထုတ်ပြသည်။ သူ့ သားကိုပွေ့ပိုက်လိုက်သည့်နှယ် ရှိသည်။

‘ဂျတ်စတင်း အရပ်လောက် ရှိလိမ့်မယ်’ ဂျိုစီလင်းက ဝင်ရောက်ပြောယင်း ဆူဆန်အနီးသို့ တိုးကပ်လိုက်သည်။

ဂျတ်စတင်းက ရပ်လိုက်သည်။ မီနက်တီက ဂျတ်စတင်းကို လှမ်းကြည့်အကဲခတ်ပြီးနောက် မှတ်စုစာအုပ်တွင်ရေးမှတ်သည်။ ‘ကျွန်တော့်မှာ ခုနစ်နှစ်သားတယောက် ရှိတယ်’ မီနက်တီက ဂျိုစီလင်းအား ပြောသည်။ ‘အရပ်က သူ့ လောက်ပဲရှိတယ်။ သူ့ကိုယ်အလေးချိန်ဟာ ၅၅ ပေါင်လောက်တော့ ရှိလိမ့်မယ်ထင်တယ်’

‘၅၇ ပေါင်’ ဂျိုစီလင်းကပြောသည်။

‘ပျောက်နေတဲ့ ကလေးရဲ့ ကိုယ်အလေးချိန်ကလည်း အဲဒီလောက်ပဲ ရှိတယ်မဟုတ်လား’

‘တပေါင်နှစ်ပေါင်လောက်တော့ လျော့လိမ့်မယ်ထင်တယ်’ ဂျိုစီလင်းကဖြေသည်။ ၅၅ ပေါင်ခန့်ရှိကြောင်း မီနက်တီက ရေးမှတ်လိုက်သည်။

‘ဝတ်ထားတာ ကကော’ သူတို့ အားလုံးက ဆူဆန်အား ကြည့်လိုက်ကြသည်။

ဆူဆန်က သက်ပြင်းရှည်ကြီးကိုချသည်။



‘သားဝတ်သွားတာက ဂျင်းတောင်းဘီအပြာရောင်၊ အနီနဲ့ အဖြူရောင်အစင်းရှိတဲ့တီရှပ်အင်္ကျီ၊ နောက်ပြီးဖိနပ်က အပြေးလမ်းလျှောက်တဲ့သူတွေစီးတဲ့ အပြာရောင်ဖိနပ်၊ ထုံးစံအတိုင်း ကျောင်းသွားအိတ်ကိုယူသွားတယ်။ အဲဒီအထဲမှာသူ့ရဲ့နေ့လယ်စာသေတ္တာလေးရှိတယ်’

‘ကောင်းပြီ၊ ဒါနဲ့ တခုတော့ မေးရဦးမယ်။ အလက်ဟာ လူစိမ်းတွေနဲ့ စကားပြောတတ်တဲ့ ကလေးလား မစ္စစ်ဆယ်ကီ’

ဆူဆန်ကပခုံးတွန့်ပြသည်။ ထို့နောက် ခေါင်းကိုယမ်းသည်။ ‘အလက်ဟာ ကျောင်းကိုသူ့ဘာသာ လမ်းလျှောက်သွားနိုင် မသွားနိုင်ဆိုတာကို ကျွန်မတို့အကြိမ်ပေါင်းများစွာပဲ ပြောဆိုဆွေးနွေးခဲ့ကြတယ်။ နောက်ဆုံးတော့ သူတယောက်တည်း သွားနိုင်တယ်ဆိုတာ ကျွန်မတို့က ဆုံးဖြတ်ခဲ့ကြတယ်။ လူစိမ်းတွေနဲ့ပတ်သက်လို့လည်း ကျွန်မတို့က ဆွေးနွေးဖြစ်ခဲ့ကြတယ်။ အလက်အနေနဲ့ အဲဒီလူစိမ်းတွေကို ဘယ်လိုဆက်ဆံမယ်ဆိုတာကိုလည်း စဉ်းစားခဲ့ကြတယ်’

‘ကောင်းတယ်။ ကျွန်မတို့ကဆုံးဖြတ်ခဲ့ကြတယ်လို့ခင်ဗျားက ပြောခဲ့တယ်။ ကျွန်မတို့ဆိုတာက ခင်ဗျားနဲ့ မစ္စတာဆယ်ကီကို ဆိုလိုတာလား’

‘ကျွန်မနဲ့အလက်ကို ဆိုလိုတာပါ။ ဂရေဟမ်နဲ့ ကျွန်မဟာ ကွဲကွာခဲ့ကြပြီးပြီ’ စုံထောက်နှစ်ဦးက သူတို့ အချင်းချင်းလှမ်းကြည့်ကြသည်။ ‘အမှန် ပြောရယင်တော့ အဲဒီကိစ္စကို ဂရေဟမ်နဲ့ ကျွန်မဆွေးနွေးခဲ့တယ်။ ဒါပေမယ့်ဆုံးဖြတ်တာကတော့ ကျွန်မနဲ့အလက်ပဲဖြစ်တယ်’

www.burmeseclassic.com

www.burmeseclassic.com



'ဩော်.... ဩော်.... ခင်ဗျားတို့ နှစ်ယောက် ကွဲခဲ့ကြတာ ဘယ်လောက်ကြာသွားပြီလဲ မစ္စစ်ဆယ်ကီ'

'သုံးလ'

'ဩော်. ..ဩော်....ဒါနဲ့မစ္စတာဆယ်ကီက ခုဆိုယင်ဘယ်မှာ နေ နေသလဲ'

'ကင်းဘာရစ်မှာ၊ ဘယ်သူနဲ့နေတယ်ဆိုတာကိုကော ရှင်က သိချင်သလားဟင်' ဆူဆန်က လေသံမာမာဖြင့်မေးလိုက်သည်။

'ဘာပဲဖြစ်ဖြစ် ကွဲကြရတယ်ဆိုတာကတော့ စိတ်မကောင်း စရာ၊ ရင်နာစရာပဲပေါ့'

'ရင်နာစရာ၊ ဟုတ်လား၊ ဟုတ်တာပေါ့လေ။ ရင်နာစရာ ပေါ့၊ ဒါနဲ့နေပါဦး။ အဲဒီကိစ္စဟာ အရေးကြီးတဲ့ကိစ္စပါလား ဆိုတာ ကျွန်မမေးစမ်းပါရစေ။ အဲဒီကိစ္စမပါပဲနဲ့ ကျွန်မတို့က မလုပ်ကိုင်နိုင်ကြတော့ဘူးလားဟင်၊ ကျွန်မတို့ အနေနဲ့....'

'ခဏလေးနေပါဦး၊ သိချင်တာလေးတခုကိုတော့ မေးစမ်း ပါရစေ။ ခင်ဗျားတို့နှစ်ယောက် ကွဲကြစဉ်တုန်းက အလက်နဲ့ ပတ်သက်ပြီး ခင်ဗျားတို့ စကားပြောခဲ့ရတာမျှား ရှိခဲ့သလား ဟင်'

ဆူဆန်က စိတ်မရှည်စွာဖြင့် ခေါင်းကို သွက်သွက် ယမ်းပြ လိုက်သည်။

'ဟင့်အင်း၊ ရှင်တို့မေးသလို ဘာမှ မရှိခဲ့ကြဘူး။ အဲဒီလို ပုံစံမျိုးကိုလည်း ဂရေဟမ်က လုပ်ခဲ့မှာမဟုတ်ဘူး။ ကျွန်မတို့ နှစ်ယောက် ကွဲခဲ့ကြစဉ်က တယောက်ကို တယောက် ထိခိုက်



နစ်နာမှုတွေ ရပ်တန်းက ရပ်သွားအောင်လို့ ကွဲခဲ့ကြ တာပဲ ဖြစ်တယ်'

'ဩော်....ဟုတ်ကဲ့၊ ဒါနဲ့ သူတွေ့ချင်တဲ့ အချိန်မှာ မစ္စတာ ဆယ်ကီဟာ သူ့သားကိုလာတွေ့တာပဲလား'

'အချိန်မရွေးတွေ့နိုင်တယ်။သူတို့သားအဖက တယောက်ကို တယောက် သိပ်ပြီးတော့ ချစ်ကြတာ၊ အံ့ဩစရာ သားအဖပဲ' ဆူဆန်၏ အသံမှာ မသိမသာ တုန်လာရှာသည်။

'ကျွန်တော်တို့ကို မစ္စတာ ဆယ်ကီရဲ့ နေအိမ်လိပ်စာ ပေး ပါလား'

ဆူဆန်က နေအိမ်လိပ်စာကို ပြောပြသည်။ စုံထောက် နှစ်ယောက်က လိုက်လံမှတ်သားကြသည်။

'ဟုတ်ပြီ' မီနက်တီက သူ့မှတ်စုစာအုပ်ကို ပိတ်လိုက်သည်။

'ကောင်းပြီ မစ္စစ် ဆယ်ကီ။ ကဲ....ကျွန်တော် ပြောမှာကို နားထောင်စမ်းပါ။ ခင်ဗျားအနေနဲ့သိပ်ပြီးစိုးရိမ်နေမယ်၊စိတ် လှုပ်ရှား နေမယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ခင်ဗျားကို ကျွန်တော်တို့ အပြစ်မတင်ရက်ကြပါဘူး။ ကျွန်တော် အတတ် နိုင်ဆုံးကူညီပါ့မယ်။ လောလောဆယ် မှာတော့ ကျွန်တော့် ကားထဲက နေပြီး ရေဒီယိုနဲ့ ဆက်သွယ် အကြောင်းကြားတာ တွေကိုလုပ်မယ်။ နောက်ပြီးတော့ ခင်ဗျားတို့ရဲ့အိမ်နီးနားချင်း တွေကို ရှာမယ်။ ကျွန်တော့်မှာ သား သမီး ခုနစ်ယောက်ရှိ တယ်။ခင်ဗျားကို ကျွန်တော်ကိုယ်ချင်းစာပါတယ်။ခင်ဗျားရဲ့ သားလေးဟာ အိပ်ချိန်မှာ ခင်ဗျားဆီကို ပြန်ရောက်လာမှာပါ'

www.burmeseclassic.com

www.burmeseclassic.com



မိနက်တီကဆူဆန့်အားပြုံးပြသည်။ နွေးထွေးသောအပြုံး ဖြစ်သည်။ ဆူဆန့်၏ ရင်ထဲသို့ မျှော်လင့်ချက်တို့ ချက်ချင်း ရောက်လာသည်။ သူပြောသည်မှာ မှန်ကန်ပေမည်လော၊ သူ ပြောသည်မှာမှန်ကန်နိုင်သည်။အိပ်ရာဝင်ချိန်တွင် အလက်အား သူ့ရင်ခွင်တွင်းတွင် ထည့်ထားနိုင် ပေလိမ့်မည်။ ထိုအခါတွင် အလက်မှာ သူ၏ကြီးမားသော စွန့်စားမှုများကြောင့် ကိုယ်လုံး လေး တုန်လှုပ်၍နေပေလိမ့်မည်။

'အနီးအနားကို ကျွန်တော်တို့လိုက်ရှာကြမယ်' မိနက်တီက ဆက်လက်ပြောသည်။ 'အလက်ကိုမြင်လိုက်ရတဲ့သူတွေ ဒီအနီး အနားမှာ အများကြီးရှိနေကြလိမ့်မယ်။ သူ့ကျောင်းနဲ့ သူ့ အိမ် ကြားမှာ သူ့ ကို ကောင်းကောင်းသိထားတဲ့ သူတွေ ရှိနေကြ လိမ့်မယ်။ ဟုတ်တယ်မဟုတ်လား' ဆူဆန်က ခေါင်းညိတ်ပြ သည်။ 'ကောင်းပြီ။ သူ့ ကိုတွေ့ခဲ့တဲ့သူတွေကို ကျွန်တော်တို့က တွေ့အောင်ရှာကြမယ်။ သူဘယ်သူနဲ့စကားပြောခဲ့တယ်ဆိုတာ ကို ကျွန်တော်တို့က သိအောင်လိုက်မယ်။ သူနဲ့ နောက်ဆုံး တွေ့ခဲ့တဲ့ သူဟာ ဘယ်သူလဲဆိုတာကို ကျွန်တော် တို့က တွေ့အောင်မေးမယ်။ ဒီတော့ ခင်ဗျားတို့ နှစ်ယောက်က ကျွန်တော်တို့ကို ကူညီချင်ကြမယ်ဆိုယင်တော့ အကူအညီတွေ ပေးနိုင်ကြမယ်'

'ကူညီချင်ပါတယ်။ ဘာမဆို ကူညီပါ့မယ်' ဂျိုစီလင်းက ပြောသည်။ 'ဘာကူညီရမယ်ဆိုတာကိုသာ ပြောပါ'

'အလက်ရဲ့ သူငယ်ချင်း မိဘတွေဆီကို ခင်ဗျား တို့က တယ်လီဖုန်းဆက်ပါ။ သူနဲ့ကစားတတ်တဲ့ ကလေးတွေရဲ့ မိဘ တွေ၊ ကျောင်းသွားကျောင်းပြန် သူနဲ့ဆုံတတ်တဲ့ကလေးတွေရဲ့ မိဘတွေဆီကို ဖုန်းဆက်ပါ။သူ့ ကိုတွေ့မိကြလားလို့မေးပါ။ သူ ပျောက်နေတဲ့အကြောင်းပြောပါ။သူ ဘယ်လို အဝတ်အစားကို ဝတ်စားသွားတဲ့အကြောင်း ပြောပြပါ။ အဲဒီလို ခင်ဗျားတို့က မေးတဲ့အကြောင်း၊ ပြောပြတဲ့အကြောင်းတွေကိုလည်း ဒို့ပြင် လူတွေကို ထပ်ဆင့်မေးပေးဖို့၊ ပြောပေးဖို့ ပြောပြပါ'

'ကောင်းပြီ' ဂျိုစီလင်းကပြောသည်။ 'မီးဖိုထဲက တယ်လီ ဖုန်းကို သုံးလို့ရမလားဟင်' ဆူဆန်မှာ တွေဝေနေရှာသည်။ သူက ဂျိုစီလင်း၏လက်မောင်းကိုသာ လှမ်း၍ ပုတ်လိုက်သည်။ အမျိုးသမီးနှစ်ဦးက ကြာရှည်စွာ စိုက်ကြည့် နေကြသည်။ ထို့နောက် ဂျိုစီလင်းက မီးဖိုဘက်သို့ ထွက်သွား တော့သည်။

'ကျွန်တော်လည်းကားရေဒီယိုရှိရာကိုသွားမယ်' မိနက်တီက ဆူဆန်ကိုပြောသည်။ 'ကျွန်တော့်မိတ်ဆွေ စုံထောက်ဆတ်က ခင်ဗျားအိမ်ကို ရှာမယ်ဆိုယင် ခင်ဗျားခွင့်ပြုနိုင်ပါတယ်နော်' ဆူဆန်က ခေါင်းညိတ်ပြသည်။ 'ကောင်းတယ်၊ ကျေးဇူးပဲ။ အခုတော့ကျွန်တော်ပြောမယ်။ ကလေးတွေဟာ သူတို့ဘာသာ သူတို့ လေထဲကိုလွင့်ပြီး ပျောက်မသွားကြဘူး။ တခါတလေမှာ ကျွန်တော်တို့က သူတို့ကို အခိုက်အတန့်အားဖြင့် ရှာလို့မတွေ့ နိုင်တာပဲ ရှိမယ်'

'ကျွန်မနားလည်ပါတယ်' ဆူဆန်ကပြောသည်။

'ကောင်းတယ်။ စိတ်ကိုသာ တည်တည်ငြိမ်ငြိမ် ထားပါ' မိနက်တီက အောက်ထပ်သို့ ဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ဆတ်သည် ခဲတံနှင့် စာအုပ်ကိုသိမ်းပြီး ရှေ့သို့ တိုးလာသည်။ 'ခင်ဗျားအိမ်ထဲကို ကျွန်တော်မရှာခင် အလက်ရဲ့ ဓာတ်ပုံ ကျွန်တော့်ကိုပြနိုင်မလား မစ္စစ်ဆယ်ကီ'

ဆူဆန်က နှုတ်ခမ်းကို လက်ဖဝါးဖြင့်ပိတ်၍ စဉ်းစားသည်။ 'ကျွန်မမှာတပုံတော့ရှိတယ်။ လွန်ခဲ့တဲ့ ခြောက်လလောက်က ရိုက်ထားတဲ့ဓာတ်ပုံ။ ဒါပေမယ့်လည်းလေ ကလေးတွေဆိုတာ က အင်မတန် ရုပ်အပြောင်းအလဲ မြန်ကြတာကလား။ အင်း.... ဂရေဟမ်ဆီမှာတော့ သားရဲ့ဓာတ်ပုံတွေ အများကြီး ရှိနေ တယ်။ အို...ဘုရားသခင် သားပျောက်တဲ့အကြောင်း ဂရေ ဟမ်ကိုကျွန်မ မပြောပြရသေးပါလား။ သူ့ကိုပြောပြရလိမ့်မယ်' ဆူဆန်က တယ်လီဖုန်းရှိရာသို့သွားသည်။

'မစ္စစ်ဆယ်ကီ၊ အဲဒီကိစ္စကို ခဏလောက် ဆိုင်းထားပါ ဦးလား'

'ဘာကိစ္စကို ပြောတာလဲ'

'ခင်ဗျားရဲ့ခင်ပွန်းဆီ အဆက်အသွယ်လုပ်မှာကို ပြောတာ၊ ဒါမှမဟုတ် ခင်ဗျားရဲ့ ဆွေမျိုးသားချင်းတွေဆီကို အဆက် အသွယ် လုပ်မှာကိုပြောတာ။ ခုချိန်မှာ သူတို့တွေ ထိတ်လန့် တကြား ဖြစ်အောင်မလုပ်သင့်ဘူး။ တကယ်လို့ အဲဒီလို အထိတ် တလန့် မဖြစ်ဘူးဆိုယင် ကျွန်တော်တို့ လုပ်ငန်းတွေ လုပ်ကိုင် ရတာ အများကြီးကောင်းလိမ့်မယ်'

'တကယ်လား။ ဒါနဲ့ ရှင်တို့ကပဲ ကျွန်မတို့ရဲ့ အသိတွေဆီ တယ်လီဖုန်းဆက်ပါလို့ ခုနက ပြောခဲ့တယ်မဟုတ်လား'



'ဟုတ်ပါတယ်။ လောလောဆယ်မှာတော့ ကျွန်တော်တို့က ခင်ဗျားရဲ့ ခင်ပွန်းနဲ့ ဆွေမျိုးသားချင်းတွေ မသိစေချင် သေးဘူး'

'ဩော်' ဆူဆန်က နွမ်းနယ်စွာဖြင့်ပြောသည်။ သူ့ရင်ထဲတွင် ကျပ်တည်းလာသည်။ ဆူဆန်က ထိုင်ချလိုက်သည်။ ထို့နောက် ပြန်ရပ်သည်။ 'ကောင်းပြီလေ၊ သားရဲ့ဓာတ်ပုံ ယူပေးပါ့မယ်'

စုံထောက် ဆတ်သည် ဆူဆန်၏နောက်သို့ လိုက်သည်။ သူသည် ဆူဆန်၏အသက်ခန့်ရှိသည်။ သူကတခန်းဝင် တခန်း ထွက် လိုက်လံကြည့်ရှုသည်။ အထူးသဖြင့် ရေချိုးခန်းများကို စိတ်ဝင်စားစွာဖြင့် ကြည့်ရှုစစ်ဆေးသည်။ ဆူဆန်၏ ရေချိုးခန်း ထဲရှိ အဝတ်ဟောင်းထည့်သော ခြင်းထဲမှ အဝတ်ဟောင်းများ ကို ဆတ်က ထုတ်ယူကြည့်သည်။ ခြေအိတ်များ၊ မျက်နှာသုတ် ပဝါများနှင့်အတွင်းခံများပါမကျန်ထုတ်ယူကြည့်သည်။ အလက် ၏ ရေချိုးခန်းသို့ ရောက်သောအခါတွင်လည်း ထိုအတိုင်းပင် ကြည့်ရှုစစ်ဆေးပြန်သည်။ သူက ပိတ်ထားသော အခန်းတံခါး များကို ဖွင့်ကြည့်သည်။ ဆူဆန်၏ အိပ်ခန်းတွင်းရှိ စားပွဲပေါ် တွင် တင်ထားသော ဓာတ်ပုံ များကိုလည်း ကြည့်ရှုသည်။ 'ဒီပုံထဲကလူက ခင်ဗျားရဲ့ ခင်ပွန်းလား' တိုက်ကြီးတတိုက် ရှေ့တွင် စုပေါင်းရိုက်ထားသော မိသားစုပုံထဲမှ အမျိုးသား တဦးအားညွှန်ပြ၍မေးသည်။

'မဟုတ်ဘူး' ဆူဆန်ကဖြေသည်။ 'သူက ကျွန်မခင်ပွန်းရဲ့ညီ ရောဘတ်ပါ။ ဟို ရွှေရောင်ဆံပင်နဲ့လူကမှ ဂရေဟမ်။ သူတို့ နှစ်ယောက်က အမြွှာညီအစ်ကိုလေ'

www.burmeseclassic.com

www.burmeseclassic.com



'ရုပ်ချောပဲ' စုံထောက်ဆတ်က ပြောသည်။ 'ခင်ဗျားရဲ့ ခင်ပွန်းကို ပြောတာပါ'

'ဟုတ်ကဲ့' ဆူဆန်ကပြောသည်။ မှန်ဘောင်၏ အခြားတဘက်တွင်ရှိသော ဓာတ်ပုံကိုဆွဲထုတ်ယူသည်။ 'ဒီပုံက အလက်ပုံပါ' ဓာတ်ပုံကိုကြည့်ယင်း ဆူဆန် မျက်ရည်ဝိုင်းလာသည်။

'မငိုပါနဲ့ဗျာ၊ စိတ်ကိုထိန်းပါ' ဆတ်ကအားပေးသည်။

'မငိုပါဘူး၊ ကျွန်မထိန်းနိုင်ပါတယ်'

'ဒါနဲ့ ဒီဟာက အလုပ်လုပ်သလား' အခန်းတွင်းရှိ မီးဖိုကို ညွှန်ပြ၍ ဆတ်ကမေးသည်။

'ဘယ်ဟာကို ပြောတာလဲ'

'ဓါမီးဖိုကို ပြောတာလေ၊ သူက အလုပ် လုပ်သေးတယ် မဟုတ်လား'

'ဪ၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့'

'အိပ်ခန်းထဲမှာ မီးဖို ရှိတယ်ဆိုတော့ ဟန်ကျတာပေါ့' စုံထောက်ကမီးဖိုတွင်းသို့ ခေါင်းလျှိုသွင်းကာ မီးခိုးခေါင်းတိုင် အတိုင်းအထက်သို့ လှမ်းကြည့်သည်။ ထို့နောက်သူက ဆူဆန်အားလှမ်းမေးပြန်သည်။ 'ခင်ဗျားတို့မှာ အဝတ်လျှော်တဲ့စက် ရှိသလား'

'ဟုတ်ကဲ့ ရှိပါတယ်။ အောက်ထပ်မှာရှိတယ်။ ဒီအတိုင်း သွားယင်ရောက်ပါတယ်'

သူတို့နှစ်ယောက်ကအောက်ထပ်သို့ ဆင်းကြသည်။ ဧည့်ခန်းသို့ ဖြတ်အသွားတွင် ဂျူစီလင်း၏ တယ်လီဖုန်း ပြောသံကို ဆူဆန်ကြားရသည်။ 'ဂျင်းဘောင်းဘီအပြာရောင်။ အဖြူရောင်နဲ့ အနီရောင် တီရှပ်အင်္ကျီ၊ အပြေးဖိနပ်။ နောက်ပြီး လွယ်အိတ်၊ ဟင့်အင်း ကျွန်မတော့ မသိဘူး။ ဟုတ်ကဲ့၊ ကိုလင်းကို မေးပေးပါ။ နောက်ပြီးတော့ ကျွန်မကိုပြန်ပြောဦးနော်'

မြေညီထပ်တွင် နေသူများအကြောင်းကို ဆတ်ကမေးသည်။

'သူကမုဆိုးမပဲ' ဆူဆန်ကပြောသည်။ 'သူ့နာမည်က မာဂရက်မာယို။ သူ့ခင်ပွန်းကွယ်လွန်ပြီးတဲ့နောက် ကျွန်မတို့အောက်ထပ်ကို ပြောင်းလာတာ။ သူက အမ်အိုင်တီ စာကြည့်တိုက်မှာ အလုပ်လုပ်တယ်။ ဒီပြင်တော့ သူ့အကြောင်းကို ကျွန်မလည်း ကောင်းကောင်း မသိပါဘူး'

'သူ့မှာသားသမီးရှိသလား'

'နှစ်ယောက်ရှိတယ်၊အသက်ကြီးကြပါပြီ။သူတို့နှစ်ယောက်စလုံး ကာလီဖိုးနီးယားမှာ နေတယ်လို့ ကျွန်မထင်တယ်။ ဒီအောက်ထပ်ကို ပြောင်းလာတုန်းကတော့ ဝိုင်းစန်း ကူညီခဲ့တဲ့ သမီးကို ကျွန်မတွေ့ခဲ့တယ်။ သူတို့ကြည့်ခဲ့ရတာ ရင်းရင်းနှီးနှီး ပဲ။ နှစ်ယောက်သား ရယ်လိုက်ကြတာအရမ်းပဲ'

'ခွင့်ပြုချက် ရမယ်ဆိုယင်တော့ သူ့အခန်းကို ကျွန်တော် ကြည့်ရှုစစ်ဆေးချင်တယ်'

ဆူဆန် အံ့သြသွားသည်။ သို့သော်လည်း စုံထောက်ဆတ် အနေဖြင့် လုံလောက်သောအကြောင်း ရှိနေသည်ဟု ဆူဆန် နားလည်မိသည်။ သူ မသိသော အကြောင်းများကို စုံထောက် ဆတ်က သိထားကောင်း သိထားပေလိမ့်မည်။ ထို့ကြောင့် ဆူဆန်ကခေါင်းညိတ်ပြီး 'ကောင်းပြီလေ။ အဲဒီ အခန်းရဲ့ သော့ကို ကျွန်မယူပေးမယ်' ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ဆတ်သည် မာဂရက်မာယို၏ အခန်းကို စေ့စေ့စပ်စပ်ပင်ကြည့်ရှုသည်။ ပိတ်ထားသော ဗီရိုများကိုဖွင့်၍လည်းကောင်း၊ အိပ်ရာများကို လှန်လှော၍လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ စားပွဲပေါ်ရှိ စက္ကူများကို ဖတ်ကြည့်သည်။ ရေခဲသေတ္တာနှင့် မီးဖိုထဲကို ကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး၍ ကျေနပ်ပြီ ဆိုသောအခါ သူတို့က အခန်းမီးများကိုပိတ်ပြီး အခန်းသော့ကိုလည်း ပြန်ခတ်ကာ အောက်ထပ်သို့ ဆင်းခဲ့ကြသည်။ ဆူဆန်က စိတ်ရှည်စွာဖြင့် စုံထောက်၏နောက်သို့ လိုက်သည်။ ထိုသို့လိုက်ယင်း မျှော်လင့်ချက်များနှင့် စိတ်ဝင်စားမှုတို့မှာ သူ့ရင်ထဲတွင် အပြည့်ရှိနေသည်။ ဆတ်အနေဖြင့် မည်သည်တို့ကို လုပ်ကိုင် နိုင်ကြောင်း ဆူဆန်မမေးမိ။ သူ့သားလေး ပြန်တွေ့အောင် တစုံတယောက်သောသူက လုပ်ပေးနေသည် ဆိုသော အသိစိတ်ဓာတ်ဖြင့် သူကနှုတ်ပိတ်နေသည်။

အောက်ထပ်သို့ ရောက်သောအခါ စုံထောက် ဆတ်က စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးပြန်သည်။ အဝတ်လျှော်စက်နှင့် အခြောက်ခံစက်တို့ကို ကြည့်သည်။ သူ့တွင် အသင့်ပါလာသော လက်နှိပ်ဓာတ်မီးငယ်ကို ထုတ်ယူ၍ စက်၏နောက်ပိုင်းနှင့် ချောင်ကြို ချောင်ကြားတို့ကို ကြည့်ရှုစစ်ဆေးသည်။

'ရှင်က သေသေချာချာ စေ့စေ့စပ်စပ် ကြည့်တတ်တဲ့သူပါကလား' ဆူဆန်ကပြောသည်။ 'အင်းလေ၊ ကလေးသူငယ်နဲ့ ပတ်သက်တဲ့ ဌာနကလူဆိုတော့လည်းစေ့စပ်သေချာရမှာပေါ့'

စုံထောက်ဆတ်က ပြုံးပြသည်။



'ကျွန်တော်က ကလေးသူငယ်များ မှုခင်းဆိုင်ရာ ဌာနက မဟုတ်ပါဘူး' ဆတ်က ပြောသည်။ 'ကျွန်တော့်ဌာနက ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့သူတွေနဲ့ ပတ်သက်လို့ စုံစမ်းစစ်ဆေးရတဲ့ ဌာနဖြစ်ပါတယ်'

ညနေခင်း မီးအလင်းရောင်များ ဧည့်ခန်းတွင်းသို့ ပိုမို ရောက်လာလေ ဆူဆန်၏စိုးရိမ်ထိတ်လန့်မှုတို့မှာလည်း ပိုမိုကြီးမားလာလေ ဖြစ်တော့သည်။ အချိန်မှာ အလက် တယောက် ညစာစားပြီးသည့်အချိန်ပင် ကျော်လာလေပြီ။

အလက်အတွက် ပြင်ဆင်ထားသော ညစာတို့မှာ ရေခဲသေတ္တာထဲတွင်ရှိနေသည်။ မိတ်ဆွေများအား ဆက်လက်၍ တယ်လီဖုန်းဆက်ပြီး အကြောင်းကြားနိုင်ရန် ဂျူဗီလင်းကို သူ့အိမ်သို့ ပြန်လွှတ်ခဲ့သည်။ ညနေ ၆ နာရီထိုးသော အခါ ဆူဆန်၏ တယ်လီဖုန်းလိုင်းကို ရှင်းနေစေရန် မိနက်တီက ဆုံးဖြတ်ခဲ့သည်။ အကယ်၍ ပြန်ပေးဆွဲသူတို့က ဆက်သွယ်လာလျှင် လျင်လျင်မြန်မြန်ရရှိနိုင်ရန် ဖြစ်သည်။

လမ်းထောင့်မှချိုး၍သွားပြီးသည့်နောက်တွင် အလက်အား မြင်တွေ့ပါသည်ဆိုသူတဦးမှ ယခုအချိန်အထိ မပေါ်ပေါက်သေးချေ။ အလက်သည်လူမြင်ကွင်းမှလည်းကောင်း၊ လူ့လောကကြီးမှ လည်းကောင်း ထွက်သွားသည် ကဲ့သို့ပင် ရှိနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျူစီလင်းအတွက် ဘုရားသခင်က စောင်မ ကြည့်ရှုမည်။ အလက်ပျောက်ဆုံးမှုနှင့်ပတ်သက်၍ သတင်းစကားပျံ့နှံ့အောင် ဆောင်ရွက်ပေးသူမှာ ဂျူစီလင်းတဦးတည်းသာ ဖြစ်နိုင်စရာ ရှိသည်။ အလက်နှင့်ပတ်သက်၍ စိတ်ဝင်စားမည်ဟု သတ်မှတ်ထားသူများထံသို့ ဂျူစီလင်းက တယ်လီဖုန်းဖြင့် မနားတမ်း ဆက်သွယ် ပြောဆိုခဲ့သည်။ အပ်ချုပ်သမား တယောက်က ပိတ်ဖြတ်ရန် အတွက် ကတ်ကြေးကို မနားတမ်း လှုပ်ရှားဆောင်ရွက်သကဲ့သို့ ဂျူစီလင်းကလည်း တယ်လီဖုန်းကို မနားတမ်း အသုံးချခဲ့သည်။

ဂျူစီလင်းက မိသားစုတခုပြီးတခုထံသို့ ဆက်သွယ်ခဲ့သည်။ အလက်ပျောက်ဆုံးမှုအခြေအနေကို သူတို့အား ရှင်းပြသည်။ သူတို့အား မေးခွန်းများမေးသည်။ ရရှိသော အဖြေများကို မှတ်သားသည်။ ထို့နောက် ဆက်လက်ဆောင်ရွက်စရာ ရှိသည်တို့ကို ဆောင်ရွက်သည်။ တယ်လီဖုန်း တကြိမ် ဆက်လျှင် တမိနစ်ခန့်ကြာအောင် သူက စကားပြောသည်။

ဂျူစီလင်းအပေါ် ဆူဆန်က များစွာကျေးဇူးတင်သည်။ အမှန်အားဖြင့် ဆိုရလျှင် သူ့အနေဖြင့် စကားပြောလိုခြင်းမရှိ၊ လူအများကို ရှင်းလင်းပြနေရန်လည်း ဆန္ဒမရှိ။ ပြတင်းပေါက်နံဘေးရှိ ကုလားထိုင်တွင် ငြိမ်သက်စွာထိုင်ယင်း ဆူဆန်မှာ စိုးရိမ်ထိတ်လန့်မှုတို့ ရင်ဝယ်အပြည့် ရှိနေတော့သည်။

ဂျူစီလင်းအား အိမ်ပြန်လွှတ်လိုက်ပြီးသည့်နောက် ဆူဆန်၏ အိမ်ရှိ တယ်လီဖုန်းမှာ တိတ်ဆိတ်သွားသည်။ ဆူဆန်သည် ဂရေဟမ်နှင့်တွေ့ဆုံလိုလာသည်။ သူတို့နှစ်ယောက်ကွဲကွာခဲ့ပြီးသည့်နောက် သုံးလအတွင်း ဆူဆန်က ဂရေဟမ်နှင့် တကြိမ်သာ သွားရောက်တွေ့ဆုံခဲ့သည်။ ထိုသို့သွားရောက်တွေ့ဆုံသည့်နေရာမှာ ဂရေဟမ်၏ရုံးခန်းဖြစ်ပြီး သူ၏အမျိုးသမီးအိမ်တွင် သွားရောက်တွေ့ဆုံခြင်း မပြုခဲ့ပေ။ သို့သော်လည်း အရေးကြီးသော အကြောင်းအရာများရှိလျှင်မူ အမျိုးသမီး၏အိမ်သို့ပင် ဖြစ်လင့်ကစား သူ့အနေဖြင့် ဆက်သွယ်ရန် ရှိကြောင်း ဆူဆန်လက်ခံထားသည်။ ဂရေဟမ်၏အမျိုးသမီးထံ တယ်လီဖုန်း ဆက်၍ 'ဂရေဟမ်၏ဇနီးစကားပြောနေပါတယ်။ အရေးကြီးတဲ့ ကိစ္စရှိလို့ သူနဲ့ စကားပြောပါရစေ' ဟု ပြောလိုက်ပေမည်။

ဆူဆန်က တယ်လီဖုန်းဆက်ရန် ထိုင်ရာမှ ထလိုက်သည်။ တယ်လီဖုန်းတဘက်စွန်းရှိ မိန်းကလေးအား 'အခုပြောနေတာ ဆူဆန်ပါ။ အခုပြောနေတာ ဂရေဟမ်ရဲ့ဇနီးပါ' ဟု ပြောရန် ဆုံးဖြတ်လိုက်စဉ်တွင်ပင် သူ့တယ်လီဖုန်းက မြည်လာသည်။ တယ်လီဖုန်းမြည်သံမှာ ကျယ်လောင်လွန်းလှသည်။

ပြတင်းပေါက်အနီးတွင် ရပ်နေသော စုံထောက်မိနက်တီကမီးဖိုသဲတွင်စကားပြောနေသည့် အခြားအရာရှိ နှစ်ဦးအား စကားမပြောရန်အမူအရာပြလိုက်သည်။ထို့နောက်ဆူဆန်အား တယ်လီဖုန်းကိုင်လိုက်ရန် အမူအရာပြလိုက်ပြန်သည်။ အပေါ်ထပ်ရှိ တယ်လီဖုန်းလိုင်းကြိုးပူး၍ ဆက်သွယ် ထားသော တယ်လီဖုန်းကို အခြားရဲအရာရှိတဦးက အသံမကြားအောင် ကောက်ကိုင်ပြီး နားထောင်လိမ့်မည်ဟု ဆူဆန် နားလည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆူဆန်၏ အသိတို့ ထိုင်းမှိုင်း သွားသည်။ ကလေးအား ပြန်ပေးဆွဲသူတို့က သူ့ထံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ် ပြောဆိုလာလျှင် မည်ကဲ့သို့ ပြန်လည်ပြောရမည်ကို မီနက်တီက သူ့အား သင်ကြားပေးထားသည်။ သို့သော် ယခု အခါတွင် ထိုသင်ကြားပေးထားမှုများကို ဆူဆန်မေ့နေသည်။ ဆူဆန်က တယ်လီဖုန်းကို ကောက်၍ကိုင်ကာ 'ဟယ်လို' ဟုသာ ပြောလိုက်သည်။ ထို့နောက် ဆုတောင်းနေမိသည်။

'ဆူဆန်လား' တဘက်မှအသံမှာအမျိုးသမီးအသံဖြစ်သည်။ ငယ်ရွယ်သော အမျိုးသမီး၏အသံဖြစ်သည်။ အသံမှာ တိုးတိုး နှင့်ပြတ်ပြတ်ရှိသည်။ 'အခုပြောနေတာ....နော်မည်ပါ။ ဂရေဟမ်ရဲ့ မိတ်ဆွေပါ'

ဆုတောင်းခြင်းကို ဆူဆန်က ရပ်လိုက်သည်။ 'အို' ဟူ၍ တိုးတိုးလေး ဆိုလိုက်သံထွက်ရန် ဆူဆန်သည် ခဏကြာအောင် စောင့်ရသည်။

'ဒီမှာ ရဲတွေခုပဲရောက်လာကြတယ်။ သူတို့က ဂရေဟမ်ကို လာရှာနေကြတယ်။ သူတို့က အခန်းကို မွှေနှောက်ရှာဖွေရုံ မကဘူး။ အလက်နဲ့ ပတ်သက်ပြီးတော့လည်း မေးခွန်းတွေ အများအပြားကို မေးကြတယ်။ တကယ်လို့များ .... ကျွန်မ ဝမ်းနည်းပါတယ်၊ ရှင့်အတွက် ကျွန်မ သိပ်ပြီးတော့ စိုးရိမ် မိတယ် ဆူဆန်၊ ရှင် ဘာမှမဖြစ်ဘူးနော်၊ရှင့်ကိုကျွန်မ ဘာများ အကူအညီပေးနိုင်မလဲ ဟင်'

အို....ကျေးဇူးပြုပြီးတော့....ဆူဆန်က ရင်ထဲတွင်ပြောလိုက် သည်။ အပြင်သို့မူ အသံထွက်မလာ။



'အလက်ပျောက်နေတယ် နော်မည်' ဆူဆန်က ပြောသည်။ 'သူပျောက်နေတာပဲ သိတယ်။ တခြားဒီပြင်တော့ ဘာမှ မသိဘူး။ ဒီနေ့မနက် ကိုးနာရီလောက်က စပြီးတော့ သူပျောက် သွားတာပဲ။ အဲဒီအချိန်ကစပြီးတော့ သူ့ကို ဘယ်သူမှ မတွေ့ တော့ဘူး။ ရှင်ကူညီနိုင်မယ်ဆိုယင်တော့ ဂရေဟမ်ကို ကျွန်မ တွေ့ပါရစေ'

'ရဲတွေကလည်း အဲဒါကိုပဲလိုချင်နေကြတယ်။ ဒါပေမယ့် သူက တီဂျေနဲ့ ညစာစားနေတယ်လို့ ကျွန်မကို ပြောခဲ့တယ်။ အဲဒီနေရာကို ကျွန်မ ဖုန်းဆက်ကြည့်ပြီးပြီ။ မရှိဘူးတဲ့' နော်မည် က စကားကိုရပ်ပစ်လိုက်သည်။မိန်းကလေး၏ရင်ထဲတွင် ခံစား မှုတို့ ရှိနေကြောင်း ဆူဆန်နားလည်မိသည်။

ဂရေဟမ်နှင့် ပတ်သက်၍ ဆူဆန်က စိတ်ပျက်စွာဖြင့် စဉ်းစားမိသည်။ ဂရေဟမ်၊ ရှင်ဟာ အလကားလူပဲ။ ဒီကိစ္စနှင့် ပတ်သက်ပြီး ရပ်တန်းကမရပ်နိုင်သေးဘူးလား။ စင်စစ်တော့ ဂရေဟမ်အား သူ့ထံမှဆွဲခေါ်သွားသည်မှာ နော်မည်မဟုတ်၊ ဂရေဟမ်၏ ပြင်းပြသောဆန္ဒများသာ ဖြစ်ကြောင်း ဆူဆန် နားလည်မိသည်။

'ကျွန်မ တတ်နိုင်မယ်ဆိုယင်တော့ရှင့်အတွက် သူ့ကိုရှာပေး ပါမယ်' နော်မည်ကရိုးသားစွာပင်ပြောသည်။ 'ဒါပဲလေ ဒီပြင် တော့ ကျွန်မဘာပြောရမယ်ဆိုတာ မသိတော့ဘူး'

'ကောင်းပါပြီလေ၊ ကျွန်မ သိပါတယ်' အမှန်ပင်သိရှိ ကြောင်း ဆူဆန်ကနားလည်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆူဆန်၊ ရှင့်ကိုကျွန်မ စကားနည်းနည်း ပြောနိုင်မလား'

'ပြောနိုင်ပါတယ်'

'ဒီအကြောင်းနဲ့ ပတ်သက်လို့ ကျွန်မရှင့်ကို အမြဲပြောချင်နေတာပါ။ ဒီအကြောင်းနဲ့ ပတ်သက်လို့ ရှင့်ကို သိစေချင်နေတယ်။ ဒါကြောင့်မို့လို့လည်းပဲ ဂရေဟာမ်နဲ့ကျွန်မ ပထမဆုံးတွေ့ဖြစ်ခဲ့တာပါ။ ရှင့်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ကျွန်မအင်မတန်လေးစား မက်မောခဲ့တယ်ဆိုတာ ဂရေဟာမ်က ရှင့်ကို ပြန်ပြောပြဖို့ ကျွန်မလိုလားခဲ့တယ်' သူ့စကားကို ဆူဆန်က ငြိမ်၍ နားထောင်နေကြောင်း သိရသောအခါ နော်မည်မှာ မသေမချာ ဖြစ်သွားသည်။ သူ့စကားကို ရပ်ပစ်လိုက်သည်။ ဆူဆန်၏လည်ချောင်းမှာ ဒေါသစိတ်ဖြင့် နာကျင်လာသည်။ သူကနှစ်ကြိမ်ခန့် စကားပြန်လည်ပြောရန် ကြိုးစားကြည့်သည်။ သို့သော် ကြိုးစား၍မရ။ ကြမ်းပြင်ကို တမိနစ်ခန့် ကြာအောင် စိုက်ကြည့်ပြီး စကားပြောရန် တကြိမ်ထပ်မံကြိုးစား ကြည့်ပြန်သည်။ သို့သော်မရ။ ဆူဆန်က တယ်လီဖုန်းကိုသာ ပြန်လည်ချထားလိုက်သည်။

ချက်ချင်းဆိုသလိုပင် တယ်လီဖုန်းက ပြန်လည်မြည်လာသည်။ ပြန်ပေးဆွဲသူများလား၊ တယ်လီဖုန်းကို ကောက်ကိုင်ရန် မိနက်တီက ဆူဆန်အား နှစ်ကြိမ်ပင် အမူအရာပြသည်။

'ဆူဆန်၊ တီဂျေ ပြောနေတယ်။ ရဲတွေက ဂရေဟာမ်ကို လိုက်ရှာနေကြတယ်။ မင်းသိလား' သူ့အသံမှာ ကျယ်ကျယ်လောင်လောင်ဖြစ်သည်။ ဆူဆန်စတင် ငိုမိတော့သည်။



'တီဂျေ၊ သူတို့က ဂရေဟာမ်ကို လိုက်ရှာနေကြတာမဟုတ်ဘူး။ ရဲတွေက အလက်ကိုလိုက်ရှာနေကြတာပါ။ ဒီနေ့မနက်ကျောင်းကိုထွက်သွားပေမယ့် အလက်ဟာ ကျောင်းကိုမရောက်ခဲ့ဘူး။ ဒါပေမယ့်လည်း သူကျောင်းကို မရောက်ဘူး ဆိုတာ ကျွန်မ လုံးဝမသိခဲ့ဘူး။ တနေ့လုံး သူဘယ်ကိုသွားပြီး ဘယ်ကိုရောက်နေခဲ့တယ်ဆိုတာ မသိဘူး။ ကျွန်မကို ကူညီစမ်းပါတီဂျေ'

'ကဲ၊ ခင်ဗျားဆီကို ကျွန်တော် လာခဲ့မယ်' ပြောပြောဆိုဆို တီဂျေက တယ်လီဖုန်းကိုချလိုက်သည်။

တီမှာ ဂရေဟာမ်၏ အရင်းနှီးဆုံးသူငယ်ချင်း ဖြစ်သည်။ သူတို့နှစ်ယောက်မှာ ကောလိပ်တွင် အတူနေခဲ့ကြပြီး တီဂျေသည် အလက်၏ဖခင်သဖွယ်ဖြစ်သည်။

တီဂျေ၏ တယ်လီဖုန်းချသံ ကြားရပြီးနောက် ရှစ်မိနစ်ကြာသောအခါ သူ၏မော်တော်ကားသံကို ဆူဆန် ကြားရသည်။ ကားသည်သူတို့အိမ်ရှေ့တွင် ထိုးရပ်လိုက်သည်။ တီဂျေက သူ့အတွက်ပေးထားသော တံခါးသော့ဖြင့် အိမ်ရှေ့ တံခါးကို ဖွင့်ဝင်ကာ အပေါ်ထပ်သို့ တက်လာသည်။ သူ့နောက်တွင်ကား သူ၏မိန်းကလေးမိတ်ဆွေ အန်နီကကပ်၍ လိုက်ပါလာသည်။ ဆူဆန်က တီဂျေကို လှေကားဝမှ ဆီးကြိုသည်။ သူတို့နှစ်ယောက်သည် တဦးနှင့်တဦး စကားမပြောဖြစ်ကြပဲ အချိန်အတန်ကြာအောင် ဖက်၍နေမိကြသည်။

မိတ်ဆက်ပေးပြီးသောအခါ မိနက်တီက တီဂျေနှင့် အန်နီတို့အား ဂရေဟာမ်နှင့် ပတ်သက်၍ မေးမြန်းသည်။ ဂရေဟာမ်အယောက် မည်သည့်နေရာသို့ ရောက်နေကြောင်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



‘သူဘယ်ရောက်နေတယ် ဆိုတာကို တကယ်လို့များ ကျွန်တော်သိမယ်ဆိုယင်’ တီဂျေကပြောသည်။ ‘ဒီနေရာကို ရောက်လာအောင်သူ့ကို ကျွန်တော်ခေါ်လာမှာပါ’

‘ခင်ဗျားအနေနဲ့ ဆယ်ကီတို့ကိုသိခဲ့တာ....’

‘ဆယ့်ငါးနှစ်ရှိပြီ။ ဂရေဟမ်ကို သိခဲ့တာဆိုယင် အနှစ်နှစ်ဆယ်တောင်မှရှိပြီ။ ကျွန်တော်နဲ့ ရင်းနှီးတဲ့ သူငယ်ချင်းပါ။ ဒါပေမယ့်လည်း အခုအချိန်မှာတော့ သူ့ကိုသာ တွေ့မယ်ဆိုယင် ကျွန်တော်ကန်ကျောက်မိမှာ အမှန်ပဲ’

‘တကယ်ပြောတာလား’ မီနက်တီကမေးသည်။ ‘ဘာဖြစ်လို့လဲ’

‘ဘာဖြစ်လို့လဲဆိုတော့ သူကအခု ဘယ်ကို ရောက်နေပြီလဲ’

‘ဂရေဟမ်ကို တွေ့နိုင်ဖို့အတွက် ကျွန်တော်တို့ကို ကူညီနိုင်မလား မစ္စတာဖရန့်’

‘ဒေါက်တာဖရန့် ဖြစ်ပါတယ်’ ဆူဆန်ကပြောသည်။

‘တီဂျေလို့ပဲခေါ်ပါ’ တီဂျေကပြောသည်။ ‘ဂရေဟမ်ကို တွေ့နိုင်ဖို့ ကျွန်တော်ခင်ဗျားတို့ကို ကူညီနိုင်မယ်။ သေချာပါတယ်။ ဒါပေမယ့်လည်း အခုအချိန်မှာတော့ ကျွန်တော်က အလက်ကိုပဲ တွေ့အောင်ရှာရလိမ့်မယ်၊ ကျွန်တော်တို့ ဘာလုပ်နိုင်ကြမလဲ’

‘ကောင်းပြီ’ မီနက်တီကပြောသည်။ ‘ကျွန်တော်တို့ ဒီလိုစီစဉ်နေကြတယ်။ မနက်ဘက် အလက်ကျောင်းသွားတဲ့ လမ်းတလျှောက်မှာ ကျွန်တော့် လူတွေကို တာဝန် ချထားတယ်။ ကျွန်တော့် လူတွေက လမ်းမှာတွေ့တဲ့ လမ်းလျှောက်လာသူ



တွေကို မေးမြန်းစုံစမ်းကြတယ်။ အဲဒီလမ်းတလျှောက်မှာနေတဲ့ တွေရဲ့ အိမ်တံခါးတွေကိုလည်း သွားခေါက်ပြီး အလက်နဲ့ သက်လို့ ဘာတွေကိုများတွေ့ကြသလဲလို့ မေးမြန်းနေကြ ။ နက်ဖြန်မနက်မှာ၊ ကျွန်တော်ဆိုလိုချင်တာက နက်ဖြန် က်တိုင်အောင် အလက်ပျောက်နေဦးမယ်ဆိုယင် ကျွန်တော့် တွေကိုတိုးပြီးတော့တာဝန်ချမယ်။ နောက်ပြီးတော့ မနေ့က က် ရှစ်နာရီကနေ ဆယ်နာရီအတွင်း အဲဒီမှာ ဖြတ်သန်း းလာခဲ့တဲ့ မိဘတွေ၊ ကျောင်းသားတွေနဲ့ ခွေးထိန်းတဲ့လူတွေ မေးမြန်း စုံစမ်းကြမယ်။ နောက်ပြီးတော့လည်း ဘာဖြစ်ခဲ့ ဆိုတာကို သိခဲ့တဲ့လူ တစုံတယောက်ကို တွေ့အောင်လို့ တော်တို့ရှာမယ်’

သိကောဘာများသဲလွန်စရထားပြီလဲ’ တီဂျေကမေးသည်။

နက်တီနှင့် ဆတ်တို့ကတဦးကိုတဦးလှမ်း၍ကြည့်ကြသည်။

အလက်ကို မှတ်မိတဲ့သူတွေ အများအပြားကို ကျွန်တော်တို့ ဆုံမေးမြန်းနိုင်ပြီးခဲ့ကြပြီ’

မ်းပေါ်ရှိ ရဲများတွင် ယခုအခါ ပုံတူ ကူးထားသည့် က်၏ ဓာတ်ပုံများ ကိုယ်စီရှိနေကြပြီဖြစ်သည်။

မနက်ဘက်တွေမှာ အလက်ကို တွေ့ခဲ့ကြတဲ့လူ ဆယ့်နှစ် က်လောက်ကို ကျွန်တော်တို့တွေ့ဆုံပြီးပြီ။ နောက်ပြီး ဒီနေ့ မှာကိုပဲ သူ့ကိုတွေ့ခဲ့တဲ့လင်မယားနှစ်ယောက်ကိုလည်းပဲ တော်တို့တွေ့ထားပြီးပြီ’

တော့ သူတို့က ဘယ်လိုထင်ထားကြသလဲ’

www.burmeseclassic.com

www.burmeseclassic.com



'ဒါကတော့ အခုလိုအမှုမျိုးမှာ လူတွေအနေနဲ့ အကူအ
ပေးချင်ကြတာပဲဖြစ်တယ်'
'ဒါဖြင့် ခင်ဗျားဆိုလိုချင်တာက ဒီမနက် သူ့အမေကို နှု
ဆက်ပြီး ထွက်သွားပြီးတဲ့နောက်ပိုင်းမှာ အလက်ကိုတွေ့ခဲ့ရ
သူရယ်လို့ မည်မည်ရရ မရှိသေးဘူးပေါ့ ဟုတ်လား'
'အခု အချိန့်ထိတော့ မရှိသေးဘူးလို့ဆိုရမယ်။ ဘယ်သူ
အသေအချာ မပြောနိုင်ကြ သေးဘူး။ ဒါပေမယ့်လည်း ကျွ
တော်တို့အနေနဲ့ကတော့ ရရှိတဲ့သဲလွန်စတွေ၊ သံသယတွေ
အခြေတည်ပြီး ဆက်လက် စုံစမ်းသွားကြမှာပဲ၊ စုံစမ်းစစ်ဆေ
တာနဲ့ပတ်သက်လို့တော့ မစိုးရိမ်ပါနဲ့၊ အဲဒါက ကျွန်တော်တ
တာဝန်ပါ'
ဆူဆန်က မိနက်တီအားမကျေမနပ်စွာဖြင့်လှမ်းကြည့်သ
သူ့သားပျောက်သည့်ကိစ္စနှင့်ပတ်သက်၍ တစုံတရာကိုလက်
ကျကျဆောင်ရွက်စေလိုသည်။ အထောက်အထားခိုင်ခိုင်လ
မရှိသည့်တိုင်အောင် လက်တွေ့လှုပ်ရှားဆောင်ရွက်သည်ဆို
ဆူဆန်အနေဖြင့် ကျေနပ်ပေမည်။ ယခုတော့ သူတို့က လ
ကိစ္စများကိုသာလုပ်ကိုင်၍ မည်သို့သောကွင်းဆက်များဖြစ်
လာနိုင်ကြောင်းကို ခံယူ တွေးတော စဉ်းစား နေကြသည်
ဖြစ်သည်။ မည်သို့သောသဲလွန်စမျှ မတွေ့ရှိသေးပဲ ပျောက်
သွားသောအလက်အတွက် ပြန်လည်တွေ့ရှိနိုင်မည့် နည်း
များကိုစဉ်းစား၍ လက်တွေ့ဆောင်ရွက်စေလိုသည်။ အ
တယောက် ဘယ်ရောက် နေသနည်း၊ ရဲတို့နှင့် လက်တ
တွင်ပင် သေနေပြီလော၊ သူ့အလောင်းမြစ်ထဲသို့ ရောက်



သော၊ ကြိုးများနှင့်တုပ်၍ သေတ္တာကြီးထဲတွင် ထည့်ထား
နေရပြီလော၊ အကူ အညီ မပေးနိုင်သော လူဆိုးတဦးအား
သက်အနေဖြင့် အကူအညီတောင်းမိနေပြီလော၊ ခုလောက်
လျှင် အနာတရဖြစ်နေပြီလော၊ ခုလောက်ဆိုလျှင် မိခင်အား
မ်းတ၍ ငိုကြွေးနေပြီလော။
'ဆူဆန်' အန်နီက လေသံဖြင့် ပြောသည်။ 'ရော့ ဒီမှာ'
ဘော်ဖီထဲတွင် ရမ်အရက် အနည်းငယ်ရောထားသည့် ခွက်ကို
န်နီက လှမ်းပေးသည်။ ဆူဆန်က ခေါင်းယမ်းပြသည်။
'သောက်စမ်း ဆူဆန်' တီဂျေကလှမ်းပြောသည်။ ဆူဆန်က
ဘော်ဖီခွက်ကို လှမ်းယူသည်။ အန်နီက မီးဖိုထဲသို့ ပြန်ဝင်ကာ
အတွက် ဝိုင်တခွက်နှင့် တီဂျေအတွက် ရေမရောသောရမ်
ခွက်ကို သွားရောက်ယူသည်။
'တာဝန်ကျချိန်မှာ ခင်ဗျားတို့ အရက်မသောက် ဘူးလို့
န်တော် နားလည် ထား ပါတယ်' တီဂျေက မိနက်တီကို
းသည်။
'ဒီမှာ ကျွန်တော်ပြောမယ်။ ကျွန်တော်ကိုယ်တိုင်ကလည်းပဲ
နှစ်အရွယ်ရှိတဲ့ ကလေးတယောက်ရှိနေတာပါ'မိနက်တီက
ပြောသည်။ 'ဒီတော့ ကျွန်တော်အခုချိန်မှာငြင်းနေလိမ့်မယ်လို့
ဆပါနဲ့'
အခန်းထဲတွင် တိတ် ဆိတ် သွားသည်။ တီဂျေ၏ အရက်
ည့်သည့် အသံသာ ထွက်ပေါ်နေသည်။ ပြတင်းပေါက်မှ
၍ အောက်သို့ ငုံ့ကြည့်နေသော မိနက်တီထံသို့ တီဂျေ
ရက်ခွက်ကို ယူသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီတော့' နောက်ဆုံးတွင်ဆူဆန်က ကြိုးစား၍ စကားပြော နိုင်လာသည်။ 'ရှင့်မှာ ကလေးရှိတယ်ပေါ့ ဟုတ်လား'

'ခုနစ်ယောက်တောင်ရှိတယ်' မီနက်တီက ဖြုံး၍ပြောသည် ဆူဆန်ကလည်း ပြန်လည်ပြုံးပြသည်။ မီနက်တီသည် ပြတင် ပေါက်မှ အောက်သို့ ငုံ့ကြည့်ပြန်သည်။ မီနက်တီက စိတ်လှု ရှားဟန်ရှိနေသည်။ သူ့ကိုယ်သူ ပြောသလိုနှင့် မီနက်တီ ပြောသည်။ 'အလက်ဟာလမ်းပျောက်သွားယင်းတနေရာရာမှ လိမ့်ကျသွားခဲ့ကောင်း သွားခဲ့လိမ့်မယ်။ အဲဒီလို လိမ့်ကျ အနာတရရှိကောင်းရှိလိမ့်မယ်။ ရတဲ့ဒဏ်ရာကြောင့် သတိ သွားတာ ဖြစ်ယင်လည်းဖြစ်လိမ့်မယ်။ ပြန်လည် သတိရတဲ့အ ကျမှ ဘာဆက်လုပ်ရမယ်ဆိုတာကို သူသိလိမ့်မယ်။ ဒါမှ မဟု ယင်လည်းကားတိုက်ခံရတာတို့၊ဘာတို့ဖြစ်ခဲ့လိမ့်မယ်။ ခုဆိုယ ဆေးရုံမှာ ၊သူရောက်နေလိမ့်မယ်။ မကြာခင်မှာ၊ ဒါမှမဟု နောက်ပိုင်းမှာ သူဘယ်သူလဲ ဆိုတာကို ပြောပြနိုင်လိမ့်မယ် တကယ်လို့သူကမပြောနိုင်ဘူးဆိုယင်လည်းဆေးရုံတွေက ရော လာမယ့်အမည်မသိလူနာတွေ့ရဲ့ သတင်းတွေကို ကျွန်တော် စောင့်ကြည့်မယ်။ ဒါမှမဟုတ်ယင်လည်း သူကျောင်းမတက်မိ အိမ်မပြန်ခဲ့မိတဲ့အတွက် မိခင်ဖြစ်တဲ့သူ သိပ်ပြီး စိတ်ဆိုးနေမှ ဒေါသထွက်နေမှာကို ကြောက်နေလိမ့်မယ်။ ဒါကြောင့်မို့ သူ့အနေနဲ့ အိမ်မပြန်ဝံ့တာ ဖြစ်ကောင်းဖြစ်မယ်' ဆူဆန်နှ တီဂျေတို့က တယောက်ကို တယောက် လှမ်းကြည့်ပြီး စ စကားပြောရန် ဟန်ပြင်လိုက်ကြသည်။ ဤသည်ကို မီနက်တီ တွေ့လိုက်သည်။ ထို့ကြောင့်သူက လှမ်းတားသည်။



'ကျွန်တော်သိပါတယ်' မီနက်တီကလက်မြှောက်ပြပြီး ဟန့် တားလိုက်သည်။ 'သူဟာအဲဒီလိုကလေးမဟုတ်မှန်း ကျွန်တော် သိပါတယ်။ အလက်ဟာမိခင်ကို အိမ်မပြန်ဝံ့ လောက်အောင် ကြောက်မယ် မဟုတ်မှန်းကိုလည်းပဲ သိပါတယ်။ ဒါပေမယ့် ကလေးရဲ့စိတ်ဆိုတာက ပြောင်းလဲလိုတဲ့ အခါ မြန်မြန်ဆန်ဆန် ပြောင်းလဲတတ်ကြတာပဲမဟုတ်လား'

'ဒါဖြင့် သူက ပျောက်မနေဘူး ဆိုယင်ကော' တီဂျေက မေးသည်။

'ဟုတ်ကဲ့' မီနက်တီကပြောသည်။ 'တကယ်လို့ သူ ပျောက် မနေဘူးဆိုယင် အင်း ခင်ဗျားတို့အနေနဲ့ တခြားဖြစ်နိုင်စရာ တွေကို စဉ်းစားလက်ခံကြရမှာပဲဖြစ်တယ်။ ဖြစ်နိုင်စရာ တခု ကတော့ ပြန်ပေးဆွဲတာပဲ။ ငွေကြေးရလိုမှုအတွက် ပြန်ပေးဆွဲ တာပဲ ဖြစ်မယ်။ မစ္စစ်ဆယ်ကီရဲ့ ကျွန်တော့်ကိုပြောပြချက် အရ ဆိုယင် သူ့ဖခင်ဟာ ငွေကြေးတတ်နိုင်ပြီး သူ့ဖခင်ရဲ့ မိဘတွေ ကတော့ ငွေကြေးကြွယ်ဝတဲ့သူတွေဖြစ်ကြတယ်။ ဆိုလိုချင်တာ ကတော့ တကယ်လို့များ ပြန်ပေးဆွဲတဲ့သူတွေက သူတို့လိုချင်တဲ့ ငွေတွေ တောင်းဆိုလာကြမယ် ဆိုယင် မစ္စစ်ဆယ်ကီ အနေနဲ့ မပေးနိုင်စရာ အကြောင်းမရှိ....'

'ကဲလေ ထားပါတော့' တီဂျေကပြောသည်။ 'ငွေလိုနေတဲ့ လူမိုက်တွေက ဥပဒေမဲ့ မိုက်မိုက်ကန်းတန်း ပြန်ပေးဆွဲကြ သားပါတော့။ဒါဆိုယင် ဆူဆန်တို့ထက်ချမ်းသာတဲ့ သူတွေရဲ့ သားသမီးတွေကိုပဲ ပြန်ပေး ဆွဲကြတော့မှာပေါ့။ ဟုတ်တယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ပြောမယ်' မိနက်တီကပြောသည်။ 'လူတွေဟာ အကြောင်းတစုံတရာမရှိကြပဲနဲ့ ပြန်ပေးဆွဲကြတယ်လို့ ခင်ဗျား မထင်နဲ့။ ကျွန်တော်တို့ အနေနဲ့ကော၊ ခင်ဗျား အနေနဲ့ကော ဥပဒေမဲ့ မိုက်မိုက်ကန်းကန်းလို့ ယူဆထားတဲ့ ပုံစံမျိုးနဲ့ကိုပဲ ပြန်ပေးဆွဲတတ်ကြတယ်။ ဥပမာ ဆိုပါတော့ဗျာ။ ငွေကြေး မပြည့်စုံတဲ့ မိဘရဲ့သားကိုပြန်ပေးဆွဲတာမျိုးပေါ့။ ဒီလမ်းထဲမှာ ရှိတဲ့ အိမ်တွေမှာ ငွေနည်းနည်းလေး ရတာကိုပဲ အများကြီး ရတယ် ထင်ပြီးတော့ မိုက်မိုက်ကန်းကန်း ပြန်ပေး ဆွဲကြတဲ့ လူတွေ ရှိနေကြကောင်း ရှိနေကြမယ်။ မိဘမှာ ပိုက်ဆံရှိ သလား၊ ငွေကြေးပြည့်စုံသလား ဆိုတာကို သိပ်ထည့်တွက် မစဉ်းစားပဲနဲ့ မနက်တိုင်းကျောင်းကို တယောက်တည်း လမ်း လျှောက်သွားတယ်။ ဒါကြောင့်မို့ လွယ်လွယ်ကူကူနဲ့ ပြန်ပေး ဆွဲနိုင်တယ်ဆိုတဲ့ လွယ်လွယ်လုပ်နိုင်တယ်ဆိုတဲ့ အချက်ပေါ်မှာ မူတည်ပြီးတော့ ပြန်ပေး ဆွဲကြတာလည်း ဖြစ်နိုင်ကောင်း ဖြစ်နိုင်တယ်'

ဆူဆန်ကသူ့လက်နှစ်ဘက်ဖြင့်ခေါင်းကိုဆုပ်ကိုင်လိုက်သည်။ တီဂျေက ဆူဆန်ထံသွားပြီး ကုလားထိုင် ရှေ့တွင် ဒူးထောက် ထိုင်ချလိုက်သည်။ ထို့နောက် ဆူဆန်၏လက်များကို ဆုပ်ကိုင် ကာ သူ့လည်ပင်းအား ဖက်သိုင်းထားစေသည်။

'အဲဒီလိုဖြစ်နိုင်တယ်လို့မထင်စမ်းပါနဲ့'ဆူဆန်၏လက်မောင်း များကို ဆုပ်ကိုင်ထားယင်း တီဂျေက ပြောသည်။ 'သူဟာ တမိုင်လောက်ရှိတဲ့ခရီးကို နေ့စဉ် သူ့ဘာသာ လမ်းလျှောက် သွားနေတဲ့ ကလေးတယောက်ပဲ။ သူနဲ့ပတ်သက်လို့ ခင်ဗျားက



တာဝန်ယူခဲ့ရတာမဟုတ်ဘူး။သူ့ကိုယ်သူ့ထိန်းစေခဲ့တယ်။သူ့ကို ခင်ဗျားက ယုံကြည်ထားခဲ့တယ်'

'ယုံကြည်ထားခဲ့တယ် ဟုတ်လား' ဆူဆန်ကငိုသည်။ သူက တိုးတိုးပင်ငိုသည်ဖြစ်ရာ သူ့ငိုသံကို တီဂျေသာ ကြားရသည်။ 'ခုကိစ္စကတော့ သိပ်ပြီးတော့....'

'မငိုပါနဲ့ဦးကွယ်' တီဂျေက လေသံဖြင့်ပြန်လည်ပြောသည်။ 'ငိုဖို့အချိန်မဟုတ်သေးပါဘူး။ ခုချိန်က ယုံကြည်ချက် အပြည့် အဝရှိပြီး အရာရာကို ရင်ဆိုင်'တီဂျေကဆူဆန်အားတင်းကျပ်စွာ ဆုပ်ကိုင် လိုက်သည်။ 'မင်းဟာ ထက်မြက်တဲ့ မိန်းကလေး တယောက်ပါ'

တီဂျေက ပြတင်းပေါက်အနီးရှိ သူ၏ မူလနေရာသို့ သွား ရောက် ထိုင်သည်။

မိနက်တီက သူ၏ထင်မြင်ချက်ကို ပြောပြန်သည်။ 'ကလေး တယောက် အနေနဲ့ ဘယ်လို အကြောင်းကြောင့် ခုလောက် မြန်မြန်ဆန်ဆန်ကြီး လုံးဝ ပျောက်ဆုံးနေရတယ် ဆိုတာကို ကျွန်တော်တော့ မတွေးတောမခန့်မှန်းတတ်နိုင်အောင်တောင် ဖြစ်နေရပြီ။သာမန်မနက်ခင်းမျိုးမှာဆိုယင်အလက်ကိုတွေ့လိုက် ရတဲ့ လူတွေဟာ အနည်းဆုံး ခြောက်ယောက်လောက်ရှိတယ်။ ဒီမနက်မှာတော့ တွေ့လိုက်ရတဲ့သူ မရှိလောက်အောင်ပဲ။ ဒီလို တစုံတယောက်မှ မတွေ့လိုက်ရတာ ဆိုယင်တော့ သူ့ကို အိမ် တအိမ်ထဲ ဖွတ်ဆွဲသွင်းခဲ့တာ ဖြစ်နိုင်တယ်။ ဒါမှမဟုတ် ကားထဲ ဆွဲသွင်းပြီး မောင်းပြေးတာဖြစ်....'

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းက မြည်လာသည်။ဆူဆန်ကပြေး၍ ကိုင်သည်။ အလက်၏ဆရာမ ဖြစ်နေသည်။ဆရာမက ဆူဆန့်အား ထောင်း ပန်သည်။ အလက်မှာ 'နေမကောင်းသူတို့၏ စာရင်းထဲတွင် မပါဝင်ပဲ ကျောင်းပျက်ကွက်နေကြောင်း၊ ကျောင်း၏သူနာပြု ဆရာမက လာရောက် ပြောခဲ့သော်လည်း သူ့အနေဖြင့် ဂရု မစိုက်ခဲ့မိကြောင်းဝန်ခံသည်။ 'တကယ်တော့ ခုလိုပျောက်နေ လိမ့်မယ်လို့မထင်....' ဆရာမ၏ငိုရှိုက်သံထွက်လာသည်။ 'တကယ် တော့လည်းလေ မိဘတွေက သူတို့ကလေးတွေ ကျောင်းမတက် ဖြစ်လို့ အိမ်မှာထိန်းထားရတယ် ဆိုယင် ကျွန်မတို့ ဆီကို အကြောင်းမကြားခဲ့ကြတာက များပါတယ်'

'ကိစ္စမရှိပါဘူးရှင်' ဆူဆန်က တိုးတိုးပင် ပြောသည်။ 'တကယ်တော့ ဆရာမအပြစ် မပါပါဘူး'

မူလနေရာသို့ ပြန်လည်ရောက်လာသောအခါ မီနက်တီက ဆူဆန့်အား လှမ်းပြောသည်။ 'ခင်ဗျားတို့အနေနဲ့ မဖြစ်နိုင်ဘူး လို့ ယုံကြည်လက်ခံထားတဲ့ အကြောင်းအရာ တခုကလည်းပဲ ရှိနေသေးတယ်။ အဲဒါကတော့ ကလေးလိုချင်တဲ့ လူတွေက ကလေးတွေကို အလစ်သုတ် ခိုးယူကြခြင်းပဲဖြစ်တယ်။ အဲဒီလို ကိစ္စမျိုးဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ကိုယ်ဝန်ဖျက်ချနိုင်ခွင့် တရားဥပဒေကို အတည်ပြုပြီးတဲ့ နောက်ပိုင်းမှာ ပိုလို့များပြား လာတာ ကျွန်တော်တို့ တွေ့ခဲ့ကြရတယ်။ တဖြည်းဖြည်းနဲ့ တရားဝင်မွေးစားနိုင်တဲ့ ကလေးတွေ နည်းလာခဲ့တယ်။ အဲဒီ အချိန်မှာပဲ ကလေးမွေးစားချင်တဲ့ သူတွေဟာ တကယ်ကိုပဲ ရှိခဲ့တယ်'



'ဘုရားရေ' တီဂျေကပြောသည်။ 'ဘယ်လို လူမျိုးတွေက များ ကလေးတွေကိုခိုးပြီးတော့ မွေးစားနေချင်ကြတာတဲ့လဲ'

'လူကတော့ အမျိုးမျိုးပဲလေ။ အိမ်ထောင် မရှိသေးတဲ့ တကိုယ်တည်းအပျိုကြီးတွေ၊ ဒါမှမဟုတ် လူပျိုကြီးတွေ၊ ကျော ထောက်နောက်ခံ သားသမီးမရှိတဲ့၊ မြေးမြစ်မရှိတဲ့ အဘိုး အဘွားတွေ၊ တချို့ကလည်း အသက်သာကြီးလာတယ် အတူ နေထိုင်ရမယ့် သက်ရှိလူရယ်လို့ မရှိတဲ့လူတွေ၊ သူတို့က ပန်းခြံ တွေထဲမှာထိုင်၊ ကလေးတွေရဲ့ လှုပ်ရှားမှုတွေကို စောင့်ကြည့် ပြီးတော့ မိဘတွေရဲ့ ညည်းသံတွေကို နားထောင်ကြတယ်။ နောက်တော့ လူငယ်လူရွယ်တွေဟာ သူတို့ရဲ့ သားသမီးတွေ အပေါ်မှာ ဂရုတစိုက် မရှိကြဘူးလို့ သတ်မှတ်ကြတယ်။ နောက်တော့ သူတို့ဘာလုပ်တယ် ထင်သလဲ။ သူတို့က ကလေး တယောက်ကို တရားဝင်မွေးစားလိုက်တော့တာပဲ'

တီဂျေနှင့် ဆူဆန်တို့က အချင်းချင်း ကြည့်လိုက်ကြသည်။

'မနှစ်ကပဲ ကျွန်တော်တို့မှာ မြို့ကောင်ပေါက် ယောက်ျား လေးတယောက်ရဲ့ အမှု ဖြစ်ခဲ့သေးတယ်။ သူ စောင့်ကြည့် နေရတဲ့ နှစ်နှစ်သား ကလေးလေးကို သူကခိုးယူခဲ့တယ်။ အဲဒီ လိုခိုးယူပြီး တလနီးပါး ကြာလောက်မှာမှ ကျွန်တော်တို့က ဖမ်းမိခဲ့တယ်။ တကယ့်ကိုကံကောင်းတာပဲ။မိတဲ့နေရာကလည်း တက်ဆက်မှာ။ ကလေးခိုးပြေးတဲ့ သတင်းကို စီးပွားရေး လုပ်ငန်းရှင်တဦးက နယူးယောက်မြို့ထုတ်သတင်းစာတစောင် မှာ ဖတ်မိခဲ့တယ်။ အဲဒီလို ဖတ်ပြီးတဲ့ည ဒါးလက်မြို့မှာ ရှိတဲ့ ဟိုတယ်တခုကို သွားတည်းတော့ ကလေးခိုးခဲ့တဲ့ကောင်လေး

www.burmeseclassic.com

www.burmeseclassic.com



ကို ညပိုင်းကုန်ပစ္စည်း သယ်ယူရေးသမားအဖြစ် သွားတွေ့ခဲ့တယ်။ အဲဒီတော့မှ ကောင်လေးက သူ့အနေနဲ့ ခရီးသွားလာတဲ့အခါမှာ အဖော်လိုချင်တဲ့အတွက် ကလေးကို ခိုးယူခဲ့ခြင်းဖြစ်တယ်လို့ပြောပြတယ်။

'ကဲ၊ တွေ့လား။ နောက်ပိုင်းဘာတွေ ဖြစ်လာမယ် ဆိုတာကို သူတို့က မစဉ်းစားဘူး။ ခိုးသွားတဲ့ကလေးကိုဘယ်လောက်ကြာအောင် ဝှက်ထားရမယ်၊ ဘယ်လိုလုပ်ပြီး ဝှက်ထားမယ်၊ ဘယ်ကိုသွားမယ်၊ ကလေးအနေနဲ့ ဘာတွေလိုအပ်မယ်ဆိုတာကို မစဉ်းစားဘူး။ ကလေးတယောက်ကို တပတ်လောက်ကြာအောင် ဝှက်ထားမယ်ဆိုယင်တော့ ဖြစ်နိုင်ကောင်း ဖြစ်နိုင်လိမ့်မယ်။ ဒါပေမယ့်လည်း အစဉ်အမြဲ ဝှက်ထားဖို့ ဆိုတာကတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး' တီဂျေနှင့်ဆူဆန်တို့က တယောက်ကိုတယောက် ကြည့်လိုက်ကြပြန်သည်။ ဆူဆန်စဉ်းစားနေသည်များကို တီဂျေက လုံးဝနီးပါးသိရှိမိသည်။ အလက်တယောက်ခိုးယူခံရသည်ဆိုလျှင်လည်း ထိုခိုးယူသူမှာ အပျော်တမ်းသမားတယောက်သာ ဖြစ်နိုင်ကောင်းသည်။ သို့မဟုတ် အထီးကျန်နေသူ တဦးက ချစ်စရာကောင်းသော သူ့သားကို တွေ့ပြီးခေါ်သွားတာဖြစ်နိုင်ကောင်းသည်။

'အဲဒီလို မဖြစ်နိုင်ဘူးလို့ ကျွန်တော်တို့အသေအချာ မပြောနိုင်ဘူး' မီနက်တီကပြောသည်။ 'ဖြစ်နိုင်စရာ ရှိယင်လည်းရှိမှာပဲ'

'ဘာဖြစ်လို့ ခင်ဗျားက အဲဒီလိုပြောတာလဲ' တီဂျေကမေးသည်။



မီနက်တီက မျက်မှောင်ကုပ်လိုက်သည်။ 'ဒီမှာ ကျွန်တော်ပြောမယ်။ ကျွန်တော်ပြောတာကို နားလည်ကြပါ။ ဘာလဲဆိုတော့ လူသတ်သမား ခြောက်ဆယ်ရာခိုင်နှုန်းဟာ သူတို့ရဲ့သားကောင်အကြောင်းကို ကောင်းကောင်းသိထား၊နားလည်ထားကြတယ်။ ဒီအတိုင်းပဲ မုဒိမ်းသမားတွေ၊ ဒီပြင် ရာဇဝတ်မှုကျူးလွန်ထားကြတဲ့ သူတွေကလည်း နားလည်ထားကြတယ်။ ခုလို ကလေးတွေပျောက်တဲ့ အမှုမျိုးမှာ အမှုဆယ်မှုဖြစ်ယင်ကိုးမှုဟာ မအောင်မြင်ကောင်းအောင်မြင်လိမ့်မယ်။ ဒါမှ မဟုတ်ယင်လည်း တရားဝင် ထိန်းသိမ်းထားသူရဲ့ လက်ချက်ကြောင့်လည်း ဖြစ်ကောင်း ဖြစ်မယ်။ ကျွန်တော်ပြောတာ နားလည်ပါတယ်နော်'

'ကျွန်မ နားမလည်ဘူး' ဆူဆန်က စုံထောက်ကိုစိုက်ကြည့်၍ပြန်ပြောသည်။

'ဒီမှာ၊ ကျွန်တော် ပြောမယ်' မီနက်တီက ပြောသည်။ 'ခင်ဗျားဟာ ခင်ဗျားရဲ့ ခင်ပွန်းသည်နဲ့ မကြာမီလေး ကပဲကွာရှင်းပြတ်စဲခဲ့တယ်၊ဟုတ်တယ်မဟုတ်လား၊ ဒါပေမယ့်လည်း ခင်ဗျားဟာ ခုထိ သူနဲ့ ကင်းကင်း ရှင်းရှင်း မပြတ်သေးဘူး။ ဟုတ်ဘယ် မဟုတ်လား။ ခင်ဗျားခင်ပွန်းသည် ကိုယ်တိုင်ကလည်းပဲ ခင်ဗျားနဲ့ကင်းကင်းရှင်းရှင်း မပြတ်သေးဘူး'

'နေပါဦး' ဆူဆန်က ခက်ထန်စွာပြောသည်။

'မစ္စစ်ဆယ်ကီ စိတ်ကို ထိန်းပါ။ ကျွန်တော်က ခင်ဗျားကို အမှန်တရားတွေပြောနေတာပါ။ ကလေးတယောက်ပျောက်ပြီဆိုယင် ဆယ်မှုအနက် ကိုးမှုဟာ....'

www.burmeseclassic.com

www.burmeseclassic.com



‘ဂရေဟာမ်နဲ့ မကင်းရှင်းသေးဘူးဆိုတာ မဟုတ်ဘူး။ ဂရေဟာမ်ကလည်း ကျွန်မနဲ့ မကင်းရှင်းသေးဘူးဆိုတာ မဟုတ်ဘူး။ အို....ဘုရားသခင်၊ တကယ်တော့ ရှင်ကဂရေဟာမ်ကို အားထားနေပုံရတယ်။ ဂရေဟာမ်ဆီကအကူအညီတောင်းချင်နေပုံရတယ်။ ဂရေဟာမ်နဲ့ တွေ့ပြီး မေးချင်တာ တွေလည်း ရှိနေပုံ ရတယ်။ တကယ်တော့....’

ပထမဆုံးအနေဖြင့် တီဂျေကလည်း သည်းမခံနိုင်ကြောင်းနှင့် သူ့ဒေါသကို ထိန်းမထားနိုင်တော့ကြောင်း ဖွင့်ထုတ်ပြလာသည်။ ‘ဒီမှာ ခင်ဗျားပြောနေတာတွေက လမ်းကြောင်းရဲ့ ဘေးကိုရောက်သွားပြီ။ လိုရင်းအချက်နဲ့ လွဲနေပြီ။ ဒီတော့....’

တယ်လီဖုန်းမြည်လာပြန်သည်၊ အခန်းထဲရှိလူများအားလုံး ငြိမ်သွားကြသည်။ ဂရေဟာမ်များလား၊ သို့မဟုတ်ပြန်ပေးဆွဲသူတွေများလား၊ ဆူဆန်က တီဂျေအားစိုက်ကြည့်ပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

‘ဟယ်လို’

‘ဟယ်လို’သာယာသောအမျိုးသမီးအသံကဆိုသည်၊ ‘မစ္စစ်ဆယ်ကီလား၊ အခု စကားပြောနေတာ မစ္စစ်ဆယ်ကီလား’

‘ဟုတ်ပါတယ်။ ပြောနေပါတယ်’ ဆူဆန်က ပုံမှန်အတိုင်းရှိရန် သူ့အသံကိုထိန်း၍ပြောရသည်။ ‘ရှင်ဘယ်သူလဲ၊ ကျွန်မသားလေးရှင်နဲ့ရှိနေလား’

‘မစ္စစ်ဆယ်ကီ၊ အခုပြောနေတာမိုရင်းပါ။ ရုပ်မြင်သံကြားလိုင်းဆယ့်တစ်က သတင်းအဖွဲ့ဝင်ပါ။ ရှင့်ရဲ့ ခြောက်နှစ်သားလေး ပျောက်ဆုံးနေတယ်ဆိုတာ ကျွန်မတို့ကြားသိရတယ်’



‘အို’ ဆူဆန်က စိတ်ပျက်ဝမ်းနည်းစွာဖြင့် ပြောလိုက်သည်။ ‘သတင်းဌာနကအမျိုးသမီးတယောက်ဖြစ်နေတယ်’မီနက်တီက ဆူဆန်၏ လက်ထဲမှ တယ်လီဖုန်းကိုယူလိုက်သည်။ ‘စုံထောက်မီနက်တီ စကားပြောနေတယ်။ အခုစကားပြောနေတာ ဘယ်သူလဲ၊ ကျေးဇူးပြုပြီးသိပါရစေ’

တဘက်ရှိ အမျိုးသမီးက သူ၏ လုပ်ငန်းနှင့် ရာထူးများကို ပြောပြပြန်သည်။

‘ဟုတ်ပါတယ်။ ကလေးဟာပျောက်ဆုံးနေပါတယ်’ မီနက်တီကပြောသည်။ ‘အခုအချိန်ထိဘယ်လိုသတင်းကိုမှ ကျွန်တော်တို့ မရကြသေးဘူး။ ဒါကြောင့်မို့လို့ ကလေးပျောက်ဆုံးမှုနဲ့ ပတ်သက်လို့ ဘယ်လိုမှ ဝေဖန်မပြောလိုပါဘူး’

တယ်လီဖုန်းထဲမှ အသံကို ဆူဆန်က ကြားလိုက်ရသည်။ ‘မစ္စစ်ဆယ်ကီဟာ ပါမောက္ခတဦးဆိုတာ ဟုတ်....’ မီနက်တီက တယ်လီဖုန်းကို ချလိုက်သည်။

မီနက်တီက မကျေမနပ်ပြောဆိုယင်း အောက်ထပ်ရှိ ရေဒီယိုကားရှိရာသို့ပြေးဆင်းသွားသည်။ ကားအတွင်းရှိ လူများနှင့် ပြောဆိုပြီးနောက် သူက အိမ်ပေါ်သို့ ပြန်တက်လာသည်။ သူနှင့်အတူလည်းအရာရှိတယောက်ပါလာသည်။ထိုအရာရှိအား သတင်းစာ လောကမှလူများ မစ္စစ်ဆယ်ကီထံ ဖုန်းဆက်လျှင် ကြားဖြတ်နားထောင်၍ ဝင်ရောက်ပြောကြားရန်၊ ထိုသို့ပြောကြားရာတွင် မည်သည့်ဝေဖန်ချက်မှမရှိကြောင်းပြောကြားရန် အခွင့်ပေးသည်။ မစ္စစ်ဆယ်ကီ၏တယ်လီဖုန်းလိုင်းကို အတတ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဆုံးရှင်းလင်းနေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်းကိုလည်း အမိန့်ပေးသည်။

'ကောင်းပြီ' မိနက်တီကဆူဆန်ကိုပြောသည်။ 'ကျွန်တော်တို့ မျှော်လင့်ထားတဲ့အတိုင်းပဲ၊ သတင်းစာဆရာတွေတော့သိသွားကြပြီ။ တကယ်ပြောရယင် ဒီလောက်အချိန်ကြာအောင် မသိပဲနေကြတာကိုတောင်မှ အံ့သြမိတယ်။ ခင်ဗျားတို့သိတဲ့အတိုင်းပဲ၊ ကျွန်တော့်လူတွေက ဒီအနီးဝန်းကျင်မှာ လှုပ်ရှားနေခဲ့ကြတာကြာပြီဖြစ်တာမို့ သတင်းစာဆရာတွေ သိခဲ့ဖို့ ကောင်းတာအချိန်ကြာခဲ့ပြီ။ အခုဆိုယင် ဒီအိမ်အနီးကို ကျွန်တော်တို့ ခွင့်ပြုချက်ရမှ ကပ်နိုင်အောင်လို့ အိမ်ရဲ့ဝန်းကျင်မှာ တပ်စိတ်တစ်ဘ်ကို ကျွန်တော်က တာဝန်ပေးထားလိုက်ပြီ၊ ဒီအိမ်ရဲ့ တယ်လီဖုန်းကိုလည်း သူတို့ မဆက်သွယ်နိုင်အောင် လုပ်ထားတယ်၊ ဒါပေမယ့်လည်း ဒီအိမ်နဲ့ မနီးမဝေးမှာ စခန်းချပြီးနေတာတို့၊ အိမ်နီးနားချင်းတွေကို မေးမြန်းတာတို့ ကိုတော့ ကျွန်တော်တို့ အယ်လိုမှ ဟန့်တားနိုင်မှာမဟုတ်ဘူး။ ခင်ဗျားကော။ ခင်ဗျားရဲ့ခင်ပွန်းကော ကောလိပ်ရဲ့ ပါမောက္ခတွေဖြစ်နေတယ်၊ နောက်ပြီးအလက်ဟာလည်းချစ်စရာကောင်းတဲ့ကလေး ဖြစ်နေတယ်ဆိုတဲ့ အချက်တွေကြောင့် အခု ကိစ္စမှာသတင်းစာ ဆရာတွေကအလက်ရဲ့သတင်းကို စိတ်ဝင်တစားရေးသား ဖော်ပြကြလိမ့်မယ်လို့ကျွန်တော်နားလည်ထားတယ်'

ဆူဆန်က တီဂျေကိုလှမ်းကြည့်သည်။ ထို့နောက် အန်နီကိုကြည့်သည်။ တယ်လီဖုန်းက မြည်လာပြန်သည်။ ဆူဆန်က တယ်လီဖုန်းကို ကောက်ကိုင်သည်။ သို့သော် သူက မည်သို့မျှ ပြောဆိုနိုင်မီအသံကထွက်လာသည်။ 'သတင်းဌာနအမှတ်(၅)က ပြောနေပါတယ်။ မစ္စစ်ဆယ်ကီနဲ့ ကျေးဇူးပြုပြီးတွေ့ပါရစေ'

အပေါ်ထပ်ရှိအရာရှိက တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည့်အသံ ဆူဆန်ကြားရသည်။ ထို့ကြောင့်သူကတယ်လီဖုန်းကို ပြန်ချလိုက်သည်။

အလက်တယောက် ဆာလောင်နေပေမည်၊ ကြောက်လန့်နေပေမည်၊ အမှောင်ထဲတွင်နေယင်း ငိုနေပေမည်။ အလက်တယောက် ဆေးရုံတွင် သတိမရပဲ ရောက်နေလိမ့်မည်၊ သူ့အမည်ကို ပြောပြနိုင်ခြင်းမရှိပဲ ရှိနေပေလိမ့်မည်။ အလက်သည် ဘော်ရာဒဏ်ချက်များဖြင့် ခြေလက်များကျိုးကာသေဆုံးနေပေလိမ့်မည်။ ဆူဆန်က လက်ပိုက်၍ရပ်ကာ သူ့အားကြည့်နေကြသည့် တီဂျေနှင့်အန်နီတို့အား ပြန်ကြည့်လိုက်သည်။

'သူဘယ်မှာ ရှိနေတယ်ဆိုတာ ကျွန်မသိချင်တယ်' မိနက်တီအား ဆူဆန်ကပြောသည်။ 'ဘာတွေပဲဖြစ်နေနေ၊ ဘယ်နေရာမှာပဲ ရှိနေပါစေ အလက်ကို ကျွန်မတာ သေလုမတတ်ချစ်နေကြောင်း၊ တမ်းတနေကြောင်း လူအများက သိစေချင်တယ်။ သူတို့တတွေ....'

မိနက်တီက ဆူဆန်အားအံ့သြစွာဖြင့် ကြည့်သည်။ 'ခင်ဗျားပြောချင်တာတယ်နော်' သူကမေးသည်။ 'သတင်းစာဆရာတွေကို ကျွန်မနက်ထိ ထိန်းထားနိုင်မှာ ဖြစ်တယ်။ တကယ်လို့များတယောက်ယောက်က ငွေတောင်းလာမယ် ဆိုယင် သတင်းပေါက်ကြားမှုမရှိအောင် ကျွန်တော်တို့က ဒီတညလုံး ထိန်း



www.burmeseclassic.com

www.burmeseclassic.com



ထားနိုင်မယ်။ ငွေတောင်းမယ့်လူတွေ ထိတ်လန့်တကြား ဖြ… သွားအောင် ခင်ဗျားအနေနဲ့ မလုပ်သင့်ဘူး။ လူသိရှင်ကြာ… လုပ်မယ်ဆိုယင် ဘာဖြစ်မယ်ဆိုတာ ခင်ဗျားသိလား။ကျွန်တော်… ပြောတာကိုယုံပါ'

သူပြောနေသည်များကို ဆူဆန်နားထောင်ခြင်းမရှိကြောင်… မီနက်တီ အကဲခတ်မိသည်။ ဆူဆန်က ပခုံးကို တွန့်ပြသည်… 'အရေးမကြီးပါဘူးလေ။ ဒီထက်တော့ဆုံးရှုံးမှုနဲ့ပိုပြီး မတွေ့… တော့ပါဘူး။ ကျွန်မလုပ်နိုင်တာက တခုပဲရှိတယ်။ ဟုတ်တယ်… ကျွန်မလုပ်နိုင်တာတခုပဲရှိတော့တယ်'

တယ်လီဖုန်းကမြည်လာပြန်သည်။ ယခု တကြိမ်တွင်လည်း… တယ်လီဖုန်းဆက်သူက စတင်၍ မိတ်ဆက်စကား ပြောသည်… တယ်လီဖုန်းဆက်သူမှာ ရုပ်မြင်သံကြားလိုင်းငါးသတင်းဌာန… ဂရန့်ဖြစ်သည်။ ပျောက်ဆုံးနေသော ကလေး၏အိပ်ခန်းထဲတွ… ဆူဆန်အား တွေ့ဆုံမေးမြန်းပြီး ရုပ်မြင်သံကြား ရိုက်ကူး… ပြုပါမည်လားဟု မေးသည်။

'ဟုတ်ကဲ့' ဆူဆန်ကဖြေသည်။ 'ခွင့်ပြုနိုင်ပါတယ်'

တယ်လီဖုန်းကမြည်လာပြန်သည်။ ဖုန်းဆက်သူမှာဂျိုစီလင်… ဖြစ်သည်။ 'မင်း ဘယ့်နှယ်နေလဲ' ဂျိုစီလင်းက မေးသည်… 'ဘာ ထူး သေး လဲ' ဆူဆန်က မည်သို့မျှ မထူးခြားကြောင်… ဖြေသည်။ 'ကလေးမိဘတွေ အားလုံးလိုလိုဆီကို ဖုန်းဆက်… မေးမြန်းအကြောင်းကြားပြီးခဲ့ပြီ။ သူတို့အားလုံးကမင်းအတွက်… ဆုတောင်းပေးနေကြတယ်။ တကယ်လို့မင်းအတွက်လိုအပ်မယ်…



…ယင် သူတို့က အကူအညီပေးဖို့လည်း အသင့်ရှိနေကြတယ်။ …တို့အားလုံးကို ငါစည်းရုံးထားတယ်'

'ကျေးဇူးပဲ ဂျိုစီလင်း။ ခုချိန်ထိ မင်းလုပ်ပေးတာတွေ …အားလုံးအတွက် ကျေးဇူးတင်တယ်။ ထူးထူးခြားခြားတွေ့ခဲ့တဲ့ …တယောက်လောက်ကိုများ မင်းတွေ့ခဲ့သလား'

'တွေ့မိတယ်လို့ ငါမထင်ဘူး။ လူတယောက်ကတော့မွန်းလွဲ …း‌လောက်မှာ အလက်ကိုစတားဈေးတဝိုက်မှာ တွေ့ခဲ့ရတယ် …ထင်တယ်လို့ ငါ့ကိုပြောတယ်။ သူပြောတာတွေ အားလုံးကို …ငါ ရေးမှတ် ထားတယ်။ စုံထောက်တွေကို ဒီအကြောင်း …ပြောပြမယ်။ ဒါနဲ့နေပါဦး၊ မင်းဆီ တယ်လီဖုန်းဆက်တဲ့အခါ …တွေက နားထောင်နေကြသလား'

'နားထောင် နေကြတယ်။ အပေါ်ထပ် ငါ့အိပ်ခန်းထဲက …ယ်လီဖုန်းကနေပြီးတော့ နားထောင်တယ်။ ပြန်ပေးတွေက …ငွေတောင်းလို့ရှိယင် သိနိုင်အောင်လို့တဲ့'

'ထားပါတော့လေ။ ငါအခုစဉ်းစားနေတာက မင်းစားဖို့ …အတွက် ဟင်းသီးဟင်းရွက်လတ်လတ်ဆတ်ဆတ်တွေ ယူလာပို့ …ပေးရမလားလို့ပဲ။ မင်းအိမ်မှာက ဟင်းသီးဟင်းရွက်လတ်လတ် …ဆတ်ဆတ် မရှိဘူးဆိုတာ ငါသိထားလို့ပါ'

'ကျေးဇူးပဲ။ ဒါပေမယ့်တို့များမဆာကြပါဘူးကွာ'

'မင်း သေချာတယ်နော်။ ဟင်းသီးဟင်းရွက် လတ်လတ် …ဆတ်ဆတ် စားလိုက်ရယင် မင်းအတွက် စိတ်ရွှင်လန်းစေ …နိုင်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'သေချာပါတယ်ကွာ။ ကဲ မိနက်တီကို လိုင်းပေါ်တင်ပေ လိုက်ရမလား။ မင်းစုံစမ်းလို့ရထားတာတွေကို သူ့ကိုပြော လိုက်တော့'

ထို့နောက် မိနက်တီက တယ်လီဖုန်းလိုင်းပေါ်ရောက်လာ သည်။ သူတို့နှစ်ယောက်ပြောသည်များကိုဆူဆန်ကနားထော နေမိသည်။ 'ဟုတ်ကဲ့....။ ဟုတ်လား....။ နာမည်ပြောပါ... ဖုန်းနံပါတ်ပြောပါ....။ ကောင်းတယ်....။ ဒါပေါ့။ အကူ ရနိုင် တာပေါ့....။ ပြောတော့ထားရဦးမယ်။ အခု ခင်ဗျားသိထား တာတွေကို ဘယ်သူ့ကိုမှပြောမပြပါနဲ့။.... ဩော်....ဟုတ်လား ဘယ်သူ့ကိုမှ ပြောမပြသေးပါ။.... ကောင်းပါတယ်'

'ဟင့်အင်း။ ဒီညအတွက်တော့ ခင်ဗျားအနေနဲ့ လုပ်ပေ နိုင်တာ မရှိတော့ပါဘူး။ သူ့သားပျောက်တာနဲ့ ပတ်သက်ပြ မစ္စစ်ဆယ်ကီက ရုပ်မြင်သံကြားကနေပြီး တင်ပြတော့မလို့တဲ့ ဒီအတိုင်းဆိုယင် ည ဆယ့်တနာရီသတင်းမှာပါလာတော့မယ် ကျွန်တော်တို့အနေနဲ့ လုပ်စရာရှိတာတွေကို မြန်မြန် လုပ်ကြ တော့မယ်။ ခင်ဗျားစည်းရုံးထားတဲ့ လူတွေထဲက ကျွန်တော် တို့ကိုစေတနာ့ဝန်ထမ်းကူညီချင်တဲ့လူတွေ ရှိယင်စာရင်းပေးပ သူတို့နဲ့ကျွန်တော်တို့ တွေ့ပါမယ်။ နက်ဖြန်ခါမနက် ဆယ်နာ မှာပဲ ဒီအိမ်မှာ တွေ့မယ်။ ဟုတ်ကဲ့ သူနေကောင်းပါတယ် သူ့ မိတ်ဆွေတချို့လည်းပဲ ဒီမှာရောက်နေကြတယ်။ ကျွန်တော် တို့ကလည်း ဂရေဟမ်ကိုစောင့်နေကြတုန်း၊ ရှာနေကြတုန်းပဲ ဟုတ်ကဲ့။ နှုတ်ဆက်ပါတယ်ဗျာ'



မိနက်တီက တယ်လီဖုန်း ပြန်ချလိုက်သည့် အချိန်တွင်ပင် ခါးခေါက်သံဖွဖွထွက်လာသည်။ အန်နီက တံခါးကို သွားဖွင့် သည်။ ဆူဆန်၏အိမ်အောက်ထပ်တွင်နေသူမာဂရက်မယ်ဂိုက အန်နီ၏နောက်မှ အခန်းတွင်းသို့ဝင်လာသည်။

အခန်းတွင်းရှိ လူများအားလုံးနှင့် မာဂရက်က သူ့ကိုယ် မိတ်ဆက် ပေးသည်။ ထို့နောက် ဆူဆန်ထံ သွားကာ က်များကို လှမ်း၍ဆုပ်ကိုင်လိုက်သည်။ 'ရဲတွေက ကျွန်မကို မေးခွန်းတွေ မေးခဲ့ကြတယ်' မာဂရက်က ပြောသည်။ 'ကျွန်မ ည်း သူတို့ကိုမေးခွန်းတွေပြန်မေးခဲ့တယ်။ ကဲ၊ ရှင့်ကိုဘယ်လို ကူအညီတွေ ပေးနိုင်မလဲဆိုတာ ကျွန်မသိပါရစေ'

'မာဂရက်၊ ကျေးဇူးပဲ။ ဘယ်လိုအကူအညီတွေ တောင်းရ လဲဆိုတာ ကျွန်မ မသိဘူး။ ကျွန်မတို့လုပ်ပေးနိုင်တာ တခုမှ ရှိသလို ဖြစ်နေပြီ'

'ကောင်းပြီ။ ရှင်ပြောတာကို ကျွန်မ မယုံဘူး။ ကဲ၊ ပြော မ်း၊ ရှင် ဘာမျှစားပြီးပြီလဲ'

'ဟင့်အင်း' ဆူဆန်က ခေါင်းယမ်းပြသည်။

'ဖြစ်နိုင်တယ်' မာဂရက်ကပြောသည်။ 'ကျွန်မ ကိုယ်တိုင် ည်းပဲဘာတခုမှမစားနိုင်အောင်ဖြစ်နေတယ်။ ဒါနဲ့ ကျွန်မကို ပြောစမ်းပါဦး။ ရှင့်အဖေကို အကြောင်းကြားပြီးပြီလား'

ဆူဆန်က ချက်ချင်းမဖြေ၊ မာဂရက်ကို စိုက်ကြည့်သည်။

'ဘာလဲ၊ အလက်တယောက် ပြန်ရောက်လာလိမ့်မယ်လို့ ရှင်က မျှော်လင့်ထားတယ်မဟုတ်လား။ အလက် ပြန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဖြစ်ပျက်ခဲ့ရတာတွေကို ရှင့်အဖေကို အသိ ပေးမယ်လို့ စိစဉ်ထားတယ် မဟုတ်လား'

ဆူဆန်က ခေါင်းညိတ်ပြသည်။

'ဘာပဲဖြစ်ဖြစ်လေ၊ ဒီကိစ္စကို သူများတကာတွေနဲ့ အတူ သတင်းပိုင်းကနေပြီး ရှင့် ဖခင် မကြားစေသင့်ဘူး။ သူ့ကို ရှင်ကိုယ်တိုင် အသိပေးသင့်တယ်။ ရှင့်အတွက် ကျွန်မဖုန်းဆက် ပေးမယ်လေ။ဂရေဟာမ်ရဲ့ မိဘတွေကိုလည်း ဖုန်းဆက်ပေးမယ်။ သူတို့နံပါတ်တွေ ဘယ်မှာလဲ'

တယ်လီဖုန်းစားပွဲပေါ်တွင် တင်ထားသော တယ်လီဖုန်း အမှတ်များရေးထားသည့်စာအုပ်လေးအားဆူဆန်ကညွှန်ပြ၏။ 'မာဂရက်၊ ကျေးဇူးပဲကွယ်'

မီနက်တီကလည်း မာဂရက်ကို ကျေးဇူး တင်ကြောင်း ပြောသည်။မိဘများထံသို့တယ်လီဖုန်းဆက်ရာတွင်အောက်ထပ် ရှိ ၎င်း၏ တယ်လီဖုန်းမှ သွားရောက်ဆက်ရန် မာဂရက်အား ပြောသည်။

'ကျွန်မတယ်လီဖုန်းကို သုံးပါ့မယ်' မာဂရက်ကပြောသည်။ ဒါနဲ့ ပြောရဦးမယ်။ ရှင်တို့ အပြင်ကိုဖုန်းဆက်ချင်ယင် ကျွန်မ ဖုန်းကို သုံးကြပါလား။ ဒါဆိုယင် ဆူဆန်ရဲ့ တယ်လီဖုန်းက ပိုလို့လိုင်းရှင်းနေမှာပေါ့'

'ကျွန်တော်တို့ကလည်း ခင်ဗျားဆီမှာ အဲဒီ အကူအညီ တောင်းကြမလို့ပါ'

မာဂရက်က သူတို့အားလုံးကို လက်ဝှေ့ယမ်းပြပြီး အခန်း ထဲမှထွက်သွားသည်။



နောက်ထပ်တနာရီအတွင်းတွင် တယ်လီဖုန်းမှာ နှစ်ဆယ့် ငါးကြိမ် အသံမြည်သည်။ ညဆယ့်တနာရီ ထိုးလုအချိန်သို့ ရောက်လာပေပြီ။ တယ်လီဖုန်းဆက်ကြသူများအနက် အချို့မှာ မိတ်ဆွေများဖြစ်ကြသည်။ သူတို့က သတင်းမေးကြခြင်းဖြစ် သည်။ သူတို့အများအပြားပင် ဂျူဒီလင်း၏ အကြောင်းကြား ချက်အရ အလက် ပျောက်ဆုံးမှုကို သိနေကြသူများဖြစ်သည်။

ကျန်ရှိသော တယ်လီဖုန်း ဆက်သူတို့မှာမူ သတင်းဌာန များမှ ပုဂ္ဂိုလ်များဖြစ်ကြသည်။ဆူဆန်တို့အိမ် အပြင်ဘက်တွင် သတင်းထောက်များနှင့် ရုပ်မြင်သံကြားမှ ပုဂ္ဂိုလ်များ စုဝေး ရောက်ရှိနေကြသည်။ ထိုစာနယ်ဇင်းမှ ပုဂ္ဂိုလ်များကို ခေါင်း ဆောင်ပြုသူက ဆူဆန်နှင့်တွေ့ဆုံ မေးမြန်းရန်အတွက် သတင်း ထောက်များနှင့် ရုပ်မြင်သံကြား ပုဂ္ဂိုလ်တစုကို ရွေးချယ်ကာ အိမ်အတွင်းသို့ စေလွှတ်လိမ့်မည် ဖြစ်သည်။ ကျန်ရှိသော စာနယ်ဇင်းမှ ပုဂ္ဂိုလ်များက ရရှိသည့်သတင်းများကို အိမ်၏ အောက်ထပ်မှနေ၍ သက်ဆိုင်ရာ သတင်းစာတိုက်များသို့ ဆက်သွယ်ကြလိမ့်မည်။ ဆူဆန်တို့ အိမ်ရှေ့တဝိုက်တွင်အလင်းရောင် ကောင်းစွာရရှိရန် မီးလုံးကြီးများကိုလာရောက် ထွန်းထားကြ သည်။ ဖရီးမန့်လမ်းမှာ ယခင်ကနှင့်လုံးဝမတူတော့ပဲ အသွင် များပြောင်းလျက်ရှိသည်။ ဓာတ်ကြိုးများ၊ အသံချဲ့စက်ကြိုး များဖြင့် လမ်းဘေး တဘက်တချက်တွင် ရှုပ်ထွေးနေသည်။ ပင့်ကူအိမ်များကဲ့သို့ရှိနေသည်။ အသံသွင်း၊ အသံဖမ်း ပုဂ္ဂိုလ်များက ဖိုးအပ်သည့် စက်ကိရိယာများကို ပြင်ဆင်နေကြသည်။သတင်းစစ် ဆေးသူရာတို့ကလည်း လမ်းတလျှောက် ပြေးလွှား၍ လှုပ်စစ်

www.burmeseclassic.com

www.burmeseclassic.com



မီးများကို သွယ်တန်းတပ်ဆင်နေကြသည်။ သူတို့အားလုံးပ လူသားတို့ စိတ်ဝင်စားမည့် သတင်းအတွက် မြန်မြန်နှင့်မှန်မှ ရရှိရန်ပြင်ဆင်ဆောင်ရွက်လျက် ရှိကြတော့သည်။

အပေါ်ထပ်တွင်ကား ဆူဆန်မှာ တွေဝေလျက် ရှိသည် အလက်အကြောင်းကိုပင် ကောင်းစွာမစဉ်းစား နိုင်တော့ အသံများမှာ ဆူညံလျက်ရှိသည်။ အချို့သတင်းဌာနမှ အမျိုး သမီးတို့ကလည်း သူ့ထံလာရောက်လျက်၊ မေးမြန်းလျက်ရှိကြ သည်။ ထိုအမျိုးသမီးတို့ မေးမြန်းသည်ကို ဆူဆန်က ကောင် စွာနားမလည်။ နောက်ဆုံးတွင် မာဂရက်က ဝင်ရောက်ဖြေ ရှင်းပေးရသည်။ 'ဆူဆန်အနေနဲ့ မိတ်ကပ်မလိမ်းလို ပါဘူး မာဂရက်က သိမ်မွေ့စွာပြောသည်။ ထိုသို့ ပြောယင်းလည် အမျိုးသမီးများကို ဆူဆန်၏အနီးမှ ဖယ်ခွာစေသည်။ 'သူ အင်မတန် သောကရောက်နေရပါတယ်။ အဲဒီလို သောကရောက် နေရတဲ့အချိန်မှာ အလှပြင်ချင်မှာ မဟုတ်ပါဘူး။ သူ့ နဂိုရု အတိုင်းပဲရှိနေချင်ပါတယ်'

အလက်၏အိပ်ရာပေါ်တွင် ဆူဆန်ထိုင်နေသည်ကို ဂရန့်က စီစဉ်သည်။ သူ့လက်ထဲတွင်လည်း အလက်ပိုင်ပစ္စည်းတခုခု ကိုင်ဆောင်ထားစေချင်သည်။ 'ခွေးလေးကို ခေါ်လိုက်ပ ခွေးလေးကိုထည့်ပြီးတော့ ရိုက်ရအောင်'

အလက်၏ ခွေးလေးတက်ဆီကို အခန်းတွင်းသို့ ခေါ်လာ ကြသည်။ တက်ဆီမှာ ကြောင်တိ ကြောင်တောင် ဖြစ်ေ ကြောင်း ဆူဆန်တွေ့ရသည်။ တက်ဆီအတွက် ယနေ့တွင် အစာကျွေးမှ ကျွေးမိပါရဲ့လားဟု ဆူဆန်က စဉ်းစားမိသည်



မည်သို့ပင်ဖြစ်စေ တက်ဆီသည်ဆူဆန်ထိုင်နေသည့်ခြေရင်း တွင် လာရောက် ဝပ်အိပ်သည်။ သို့သော် ရုပ်မြင်သံကြား ရိုက်ကူးရန် မီးလုံးကြီးများကိုဖွင့်လိုက်သောအခါ တက်ဆီမှာ လန့်ပြီး အခန်းထဲမှထွက်ပြေးသွားတော့သည်။ 'သူ့ကိုပြန်ခေါ် ပေးပါလား' ရုပ်မြင်သံကြားရိုက်ကူးသူက ပြောသည်။

'ဟင့်အင်း' ဆူဆန်က ပြောသည်။ 'မီးတွေက သိပ်လင်းနေ တော့ သူ လာရဲမှာ မဟုတ်ဘူး'

'ဒါဖြစ်ယင်လည်း ခင်ဗျားသား ပိုင်ဆိုင်တဲ့ပစ္စည်းတခုခုကို ကိုင်ထားပေးပါလား။ ဟိုဝက်ဝံရုပ်လေးဆိုယင်ကော' အလက် ငယ်စဉ်က ဆော့ကစားခဲ့သည့် ဝက်ဝံရုပ်လေးကို ဆူဆန်က လှမ်းကြည့်သည်။ အရုပ်လေးမှာ အလက်၏ခေါင်းအုံးအနီးတွင် ရှိနေသည်။

'ဟင့်အင်း' ဆူဆန်က ပြောသည်။

ဂရန့်နှင့် ရုပ်မြင်သံကြား ရိုက်ကူးသူတို့ အချင်းချင်း လှမ်းကြည့်သည်။ ဆူဆန်မှာ တွေတွေလေး ထိုင်နေသည်။ ယခုအခါတွင်ကား အလက်၏ အခန်းမှာ ရုပ်မြင်သံကြား ရိုက်ကူးရန်အတွက် အစစ အသင့်ဖြစ်နေပေသည်။ သို့သော် အလက်မှာကား အခန်းထဲတွင်မရှိ။

ချက်ချင်းပင် မီးများငြိမ်းသွားသည်။ အခန်းထဲတွင် လုံး၀ မှောင်သွားသည်။ သို့သော် ခဏကြာသောအခါ မီးများ ပြန်လင်းလာ၏။ ဂရန့်က သူ့ဆံပင်များကို ပြင်ဆင် ဖီးသည်။ မျက်ခမ်းကိုလည်း လျင်မြန် သေသပ်စွာဖြင့် ဆေးဆိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရုပ်မြင်သံကြား စက်ရှေ့တွင် ရပ်လိုက်သည်။ စက္ကန့်ပိုင်းအတွင်းတွင်ပင် ဆူဆန်က စတင်စကားပြောသည်။

'ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မတို့ ရုပ်မြင်သံကြား အဖွဲ့ဟာ ဖရီးမန့်လမ်းမှာရှိတဲ့ မစ္စစ်ဆူဆန်ဆယ်ကီရဲ့အိမ်ကို ရောက်နေပါတယ်။ ဒီအိမ်မှာ ကြေကွဲစရာကောင်းတဲ့ အဖြစ်တခု ဒီနေ့ဖြစ်ခဲ့ပါတယ်။ ဒီဓာတ်ပုံထဲမှာ တွေ့ရတဲ့ မစ္စစ်ဆယ်ကီရဲ့ သားငယ်အလက်ဟာ ဒီနေ့မနက် ရှစ်နာရီ မိနစ်ငါးဆယ်မှာ ထုံးစံအတိုင်း ကျောင်းကို တယောက်တည်း သွားခဲ့ပါတယ်။ အလက်ဟာ ခြောက်နှစ်သာ ရှိပေမယ့်လည်း သူ့ကိုယ်သူ ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ ကလေးဖြစ်လို့မို့ လွန်ခဲ့တဲ့လပေါင်းများစွာ ကတည်းက သူ့ တယောက်တည်း ကျောင်းကို လမ်းလျှောက်သွားခွင့် ပြုခဲ့ပါတယ်လို့ ကျွန်မတို့ သိခဲ့ပါတယ်။ ဒါပေမယ့်လည်း ဒီနေ့မနက်မှာတော့ သူသွားရမယ့် နယူးဘော့စတန်ကျောင်းနဲ့ တမိုင်အကွာ ဘေကွန်လမ်းနဲ့ ဖရီးမန့်လမ်းထောင့်အရောက် သားလေး အလက်ဟာ ပျောက်ဆုံးသွားခဲ့ပါတယ်။ ကဲ မစ္စစ်ဆယ်ကီ ဘယ်လိုဖြစ်ပျက်ခဲ့တာကို အသေးစိတ် ပြောပြပါလား'

ဂရန့်က ကင်မရာရှေ့မှ အနည်းငယ် ဖယ်ပေးလိုက်သည်။ ကင်မရာက ဆူဆန်ထိုင်နေရာသို့ချိန်ကာ ရွှေ့လျား သွားသည်။

ဆူဆန်၏အသံမှာ ကြည်လင်ပြတ်သားပြီး တည်ငြိမ်သည်။ 'သားလေးအလက်ဟာ ဒီနေ့မနက် ရှစ်နာရီမိနစ်ငါးဆယ်တိတိမှာ အိမ်ကထွက်သွားခဲ့ပါတယ်။ သူဟာ ဂျင်းဘောင်းဘီအပြာ၊



အနီနဲ့ အဖြူစင်း ရှပ်အင်္ကျီ၊ အပြာရောင် အပြေးဖိနပ်ကို ဝတ်သွားပါတယ်၊ ကျောင်းသွားအိတ်ကိုလည်းပဲ ယူသွားခဲ့တယ်။ ကျွန်မက သူ့ကို အိမ်ရှေ့ကနေစောင့်ကြည့်နေခဲ့တယ်။ သူဟာ လမ်းထောင့်ရောက်တဲ့အထိ လျှောက်သွားပြီး လမ်းထောင့်ရောက်တော့ ကျွန်မကိုလှည့်ကြည့်ပြီး လက်ဝှေ့ယမ်းပြခဲ့တယ်'

အလက်က လက်ဝှေ့ယမ်းပြခဲ့ပါလား။ ထိုသို့ ပြခဲ့သည်ကို ခုချိန်မှပဲ သတိရမိပါလားဟု ဆူဆန်စဉ်းစားမိသည်။ 'နောက်တော့ သားအလက်ဟာ လမ်းထောင့်ကို ချိုးသွားခဲ့တယ်' ဆူဆန်က တည်ငြိမ်စွာဖြင့် ဆက်လက်ပြောသည်။ 'နောက်တော့ ပျောက်သွားခဲ့တယ်။ ခါတိုင်းမနက်တွေမှာတော့ လမ်းထောင့်ရဲ့ တဘက်ကနေပြီး သူတို့ရဲ့ကလေးတွေကို ကျောင်းလိုက်ပို့တဲ့ မိခင်တွေက အလက်ကိုတွေ့ကြစမြဲဖြစ်တယ်။ ဒါပေမယ့် ဒီနေ့မနက်မှာတော့ သူ့ကို ဘယ်သူမှမတွေ့လိုက်ကြဘူး။ သားဟာ ကျောင်းကို မရောက်ခဲ့ဘူး'

'ဟုတ်ကဲ့ရှင့်' ဂရန့်က ပြောသည်။ 'သားငယ် အလက် ပျောက်ဆုံးတာနဲ့ ပတ်သက်ပြီးတော့ ရဲတွေကဒီရပ်ကွက်ထဲမှာ ပိုက်စိပ် တိုက်ပြီး လိုက်လံ ရှာဖွေ နေတယ်လို့ သိရပါတယ်။ တယောက်ယောက်ကများ အလက်နဲ့ ပတ်သက်ပြီး တွေ့မြင်သိရှိကြမလားလို့ရဲတွေကလိုက်လံစုံစမ်းနေကြတယ်။ ဒါပေမယ့်လည်း ခုချိန်ထိတော့ ဘယ်လို သဲလွန်စမှ မရကြသေးဘူး။ ကျွန်မတို့ကို တခုတော့ပြောပြပါဦးမစ္စစ်ဆယ်ကီ။ အလက်ဟာ လူစိမ်းသူစိမ်း တွေကို လက်ခံပြီး အရောတဝင် နေတတ်ပါသလား' လူစိမ်းများကို အလက်က လက်မခံ။ ဤကမ္ဘာမြေ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် မယုံကြည်ထိုက်သော၊ စကားပင်မပြောထိုက်သော လူများ ရှိနေကြောင်းကို အလက်ကလက်ခံထားသည်။

'သူက ရင်းနှီးပေါင်းသင်း တတ်ပါတယ်။ ဒါပေမယ့်လည်း အလက်ဟာ လိမ္မာနားလည်တဲ့ကလေးတယောက်ပါ' ဆူဆန်က ပြောသည်။ 'မိခင် ဖြစ်တဲ့ သူက သူ့ကို ယုံကြည် စိတ်ချလို့ တယောက်တည်း ကျောင်းကို လမ်းလျှောက်သွားခွင့် ပြုတာနဲ့ ပတ်သက်လို့လည်း အလက်ကအင်မတန်ဂုဏ်ယူတယ်။ သူဟာ အိမ်နဲ့ကျောင်းကိုပဲ တိုက်ရိုက်သွားတယ်။ ဘယ်ကိုမှ ခြေမရှည် တတ်ဘူး။ သွားလည်းမသွားတတ်ဘူး။ ရုပ်မြင်သံကြား ကြည့် နေတဲ့ ပရိသတ်ကို ကျွန်မ၊ မေတ္တာရပ်ခံတောင်းပန်ချင်တာရှိပါ တယ်။ ကျေးဇူးပြုပြီးတော့ကျွန်မသားလေးအလက်ကို ပြန်လည် တွေ့နိုင်ဖို့အတွက် အကူအညီ ပေးကြပါလို့ အနူးအညွတ်ပဲ အကူအညီတောင်းပါတယ်' ဆူဆန်က ကင်မရာကို စိုက်ကြည့် သည်။ 'တကယ်လို့များအလက်နဲ့ပတ်သက်လို့ တစုံတရာကြားသိ ကြရမယ်ဆိုယင်အရေးကြီးတယ်ပဲဖြစ်ဖြစ်၊ မကြီးတယ်ပဲဖြစ်ဖြစ် ရဲဆီကို အကြောင်းကြားပါလို့ ကျွန်မ မေတ္တာရပ်ခံပါတယ်'

ကင်မရာ၏ရိုက်ကွင်းထဲသို့ ဂရန့်က ပြန်လည် ဝင်ရောက်လာ သည်။ 'ဘော့စတွန်မြို့ရဲ့ဒီညမှာ မိခင်တဦးရဲ့ကြေကွဲဝမ်းနည်း စရာကောင်းတဲ့ အဖြစ်အပျက် တခု ဖြစ်ပါတယ်။ အသက် ခြောက်နှစ်ရှိတဲ့ အလက်ဆယ်ကီဟာ ဒီညမှာ ပျောက်ဆုံးနေ ပါတယ်။ သူ့မိခင် ဟားဗတ် ကောလိပ်က စာပေပညာရပ် ဆိုင်ရာ ပါမောက္ခဟာ သားငယ်ပျောက်ဆုံးမှုနဲ့ ပတ်သက်လို့ ကြွကြွခိုင် ရင်ဆိုင်လျက်ရှိပါတယ်။ ကလေးရဲ့ဖခင် ဂရေဟမ် ဆယ်ကီကိုတော့ ခုချိန်ထိအဆက်အသွယ်လုပ်လို့မရသေးပါဘူး။ မစ္စတာဆယ်ကီ ကိုယ်တိုင်ကလည်းပဲ ဘော့စတွန်တက္ကသိုလ်မှာ အင်္ဂလိပ်စာပြတဲ့သူဖြစ်ပါတယ်။ သူတို့နှစ်ယောက်ဟာလွန်ခဲ့တဲ့ သုံးလခန့်က ကွာရှင်းပြတ်စဲ ခဲ့ကြပါတယ်။ ရဲများက မစ္စတာ ဆယ်ကီကို လိုက်ရှာနေကြပါတယ်။ ဒါပေမယ့်လည်း ရဲများရဲ့ ပြောဆိုချက်အရ မစ္စတာ ဆယ်ကီအပေါ်မှာ သူတို့ အနေနဲ့ အားဝင်သံသယ မဖြစ်ကြသေးပါဘူးလို့ ပြောကြပါတယ်။ အခုပြောနေတာကတော့ ဂရန့်ဖြစ်ပါတယ်'



ဆူဆန်က ထိုင်နေရာမှရပ်လိုက်သည်။

'သိပ်ကောင်းတာပဲ' ဂရန့်က ပြောသည်။ သို့သော်လည်း ကင်မရာရှေ့တွင်ထိုင်၍ စကား ပြောရခြင်းကို သူမအနေဖြင့် စိတ်ထင့်ကြောက်လန့်ခဲ့မိကြောင်း ဆူဆန်ကသိသည်။ သို့သော် လည်း ရုပ်မြင်သံကြား ရိုက်ကူးခြင်းပြီးသွားသည့်အတွက် စိတ် သက်သာရာ ရမိသည်။

'ကျေးဇူးပဲ။ ကျွန်မကိုခွင့်ပြုပါ' ဆူဆန်က လျှပ်စစ်မီးကြိုး များကို ရှောင်တိမ်းကျော်ဖြတ်၍ မီနက်တီရှိရာသို့ သွားသည်။

မီနက်တီက တယ်လီဖုန်းပြောနေသည်။ ဆူဆန်၏ ရုပ်မြင် သံကြားသတင်း ထုတ်လွှင့်၍ပြီးဆုံးလျှင်ပြီးဆုံးချင်း အလက်နှင့် ပတ်သက်၍ သတင်း ပေးလိုသူများ အနေဖြင့် ရဲများထံသို့ အလွယ်တကူတယ်လီဖုန်းဆက်နိုင်ရန် တယ်လီဖုန်း အမှတ်များ ဖော်ပြထုတ်လုပ်ရေးအတွက်သက်ဆိုင်ရာတို့အား အကြောင်း ကြားလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆူဆန်က မီနက်တီ အနီးသို့ ကပ်လိုက်သည်။ 'မီနက်တီ' ဆူဆန်ကသူ၏လက်မောင်းကို လှမ်းကိုင်၍ပြောသည်။

မီနက်တီက လက်မြှောက်ပြကာ တားလိုက်သည်။ သူက တယ်လီဖုန်းကိုဆက်ပြောသည်။ 'ဟုတ်တယ်....ရပြီနော်' မီနက်တီက တယ်လီဖုန်းကို ပြန်ချလိုက်ပြီး ဆူဆန်အား လှည့်ကြည့်သည်။ 'ကျွန်တော့်ကို ရင်းရင်းနှီးနှီး အယ် လို့ပဲ ခေါ်ပါလား'

'အယ်၊ ဂရေဟမ်နဲ့ ပတ်သက်ပြီး ရှင် ယူဆ လက်ခံထားတာဟာ လုံးဝမှားနေပြီ။ အကောင်းဆုံးကတော့ ရှင် အချိန်ဆက်မဖြုန်းတော့ပဲ ဂရေဟမ်ကို မတွေ့တွေ့အောင် လိုက်ရှာဖို့ ကျွန်မတောင်းပန်ချင်တယ်။ တကယ်တော့ ကျွန်မတို့ မိသားစုဟာ....'ဆူဆန်ကစကားကိုဖြတ်ပစ်လိုက်သည်။ သူမ ရင်ထဲတွင် အောင့်လာသည်။

အယ်မီနက်တီက ဆူဆန်အား ထိတ်လန့်စွာဖြင့် လှမ်းကြည့်သည်။

'ခင်ဗျား ဘယ်လို ခံစားနေရတယ် ဆိုတာ ကျွန်တော် သိပါတယ်'

'ဟင့်အင်း ရှင်မသိပါဘူး။ အဲဒီလိုပြောတဲ့အတွက် ကျွန်မကို ခွင့်လွှတ်ပါ။ တကယ်တော့ ရှင်မသိပါဘူး။ အခုအချိန် ကျွန်မရင်ထဲ ဘယ်လိုခံစားနေရတယ်ဆိုတာရှင်မသိ....'တယ်လီဖုန်းက မြည်လာပြန်သည်။

ဂရေဟမ်လား၊ ပြန်ပေးဆွဲသူတွေများလား၊အလက်လား၊ သဲလွန်စပေးမည့် သူများလား၊ ထိုသို့သော မသေချာသည့် အကြောင်းအရာများကို ဆူဆန် တချိန်တည်း၊ တပြိုင်တည်း



လက်ခံစဉ်းစားနေရသည်။ တယ်လီဖုန်းဆက်သံကြားလိုက်တိုင်း ထိုသို့စဉ်းစားရစမြဲဖြစ်သည်။

ဆူဆန်က တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

'ဆူဆန်လား' စူးရှသော အမျိုးသားအသံက မေးသည်။

'ရောဘတ်ပြောနေတယ်'

'ရောဘတ်၊ နယူးယောက်မှာ အလက်နဲ့ ပတ်သက်လို့ ဘာသတင်းများ ကြားရလို့လဲ' အခြားလိုင်းတူတယ်လီဖုန်းကို နားထောင်နေသည့် မီနက်တီက ဂရေဟမ်၏ အမြွာညီအစ်ကိုလားဟု လှမ်းမေးသည်။ ဆူဆန်က ခေါင်းညိတ်ပြသည်။

'ကျွန်တော် ဘော့စတွန်ကို ရောက်နေတယ်။ အခုပဲခင်ဗျားနဲ့ ရုပ်မြင်သံကြား သတင်းခန်းကို ကြည့်လိုက်ရတယ်။ ကျွန်တော်ဘာများ အကူအညီပေးနိုင်မလဲမောင်'

'ရှင်ဘယ်တုန်းကမှ ဘော့စတွန်ကို မလာခဲ့ပါဘူး။ ဒီမှာ ဘာလာလုပ်နေတာလဲ'

'မနေ့ညက ကျွန်တော် ရောက်ခဲ့တာ။ ခင်ဗျားအိမ်ကို ကျွန်တော်လာခဲ့မယ်။ မေမေနဲ့ ဖေဖေ့ကိုကော အကြောင်းကြားပြီးပြီလား။ အလက် ပျောက်နေတယ်ဆိုတာ ကြားရလို့သာ ကြားရတယ်။ ကျွန်တော်တော့ မယုံဘူး။ ဂရေဟမ်နဲ့ ခဏ ပြောပါရစေ'

'ဂရေဟမ် ဒီမှာမရှိဘူး ရောဘတ်။ သူဘယ်ကိုရောက်နေတယ်ဆိုတာကိုလဲ မသိဘူး။ ရှင် ဒီကိုရောက်နေတယ် ဆိုတာကိုရော သူသိသလား။ ကျွန်မတို့သူ့ကိုတွေ့အောင်...

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားဆီ ကျွန်တော်လာခဲ့မယ်။ မိနစ်နှစ်ဆယ် အတွင်း ရောက်အောင်လာခဲ့မယ်'

'ကောင်းပြီ' ဆူဆန်ကပြောသည်။ 'ကျွန်မ စောင့်နေမယ်' ဆူဆန်က တယ်လီဖုန်းကို ချလိုက်သည်။

'ရောဘတ်က ဘောစတွန်မှာရောက်နေတယ်တဲ့လား'တီဂျေကမေးသည်။ 'အံ့သြစရာပဲ'

'ဟုတ်တယ်၊ ထူးတော့ထူးဆန်းတယ်' ဆူဆန်ကပြောသည်။

'ရောဘတ်က ခရီးသွားယင် လိုရင်းနေရာ ရောက်အောင် တောက်လျှောက်သွားတယ်။ လမ်းခရီးမှာ လေယာဉ်ပြောင်းစီးဖို့အတွက် လေယာဉ်ပေါ်က ဆင်းတာကလွဲလို့ ဘယ်တော့မှ သူက ခရီးမှာဝင်မနားတတ်ဘူး'တီဂျေကအနိနိကိုရှင်းပြသည်။

'သူ့ကို ကျွန်မအနေနဲ့ တကယ်ပဲ ဒီအိမ်မှာလက်ခံသင့်တယ်၊ မသင့်တယ်ဆိုတာ စဉ်းစားစရာပဲ' ဆူဆန်က ပြောသည်။ 'ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စမှာ ရောဘတ်ဟာ အရေးကြီးတဲ့ အခန်းကဏ္ဍ၊ ဒါမှမဟုတ် အဓိကကျတဲ့ လူမဟုတ်ဘူး'

အောက်ဘက်ဆီမှ လှုပ်ရှားသံများ ထွက်လာသည်။

ကျယ်ကျယ် လောင်လောင် အသံများ ထွက်လာသည်။ ထိုအသံများမှာ အိမ်၏ရှေ့တွင် ရှိနေသောရဲများ၊ သတင်းထောက်များထံမှဖြစ်သည်။ သို့သော် ရောထွေးနေသော အသံများထဲမှ ကျယ်လောင်စွာပေါ်ထွက်လာသော အသံကိုဆူဆန်တို့ကောင်းစွာ ကြားလိုက်ရသည်။

'လမ်းဖယ်ပေးကြစမ်းပါ၊ ကျွန်တော့်ဇနီးနဲ့ တွေ့ချင်တယ်'



'ဂရေဟမ်ပါလား' တီဂျေနှင့် ဆူဆန်တို့က တပြိုင်နက်တည်း အော်ပြောလိုက်ကြသည်။

မိနက်တီက ပြတင်းပေါက်ကိုဖွင့်ပြီး အောက်ဘက်သို့ လှမ်းအော်သည်။ 'သူ့ကိုအိမ်ထဲပို့လိုက်'

ချက်ချင်းဆိုသလိုပင် ဂရေဟမ်သည် အိမ်ပေါ်တက်လာသည်။ သူ့နောက်သို့ သတင်းထောက်များ လိုက်ပါမလာစေရေးအတွက် ထိန်းထားကြရန် မိနက်တီက အောက်ဘက်ရှိ ရဲများကို လှမ်းအော်ပြောလျက်ရှိသည်။

အခန်းထဲသို့ ရောက်လာသော ဂရေဟမ်အား ဆူဆန်က ပြေး၍ဖက်လိုက်သည်။

'အငှားကားနဲ့အိမ်ကို ကိုယ်ပြန်သွားခဲ့တယ်' ဂရေဟမ်က ညည်းတိုးပင်ပြောသည်။ 'ကားမောင်းသူက ရေဒီယိုဖွင့်ပြီးသတင်းနားထောင်တယ်' သူ့အသံမှာ တုန်ယင်နေသည်။ သူသည် ငြိမ်စေရန် ကြိုးစားထိန်းသိမ်း နေရကြောင်း ဆူဆန် ရိပ်မိသည်။ 'ရေဒီယိုထဲက၊ သတင်းကို ကိုယ်ကြားရမှဖြစ်ပျက်တာကို သိရတယ်'

သူတို့နှစ်ဦး၏ နံဘေးတွင် တီဂျေက ရပ်နေသည်။ ထိုသို့ရပ်နေရာမှ တီဂျေက ဂရေဟမ်၏ ပခုံးကို လက်တဘက်ဖြင့် ဖက်လိုက်သည်။ ကျန်လက်တဘက်ဖြင့် ဆူဆန့်အား ဖက်လိုက်သည်။

နောက်ဆုံးတွင် ဂရေဟမ်ကတီဂျေအားလက်ကမ်းပေးတော့ နှုတ်ဆက်သည်။ 'ကျေးဇူးပဲတီဂျေ' ထို့နောက်တီဂျေပခုံးပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



လှမ်း၍ကြည့်ကာ 'အန်နီ ဒီကို ရောက်လာတဲ့ အတွက် မင်းကို လည်းကျေးဇူးတင်ပါတယ်' ဟု ပြောလိုက်သည်။

ဂရေဟာမ်၏ မျက်လုံးတွင် မယုံကြည် နိုင်မှု တို့ကို ဆူဆန် တွေ့ရသည်။ လွန်ခဲ့သော နာရီပေါင်း များစွာက အလက် တယောက် အခန်းထဲတွင် မရှိတော့ကြောင်းကို မိမိလက်မခံခဲ့ သကဲ့သို့ပင် ဂရေဟာမ် ကလည်း ယခု အခါတွင် ထိုအတိုင်း ခံစားနေရကြောင်း ဆူဆန်နားလည်သည်။ တက်ဆီက ဂရေ ဟာမ်ကို ဝမ်းမြောက် ဝမ်းသာစွာဖြင့် ခုန်၍ နှုတ်ဆက်သည်။ ဂရေဟာမ်က တက်ဆီ၏ ကျောကိုသပ်လိုက်သည်။

ဂရေဟာမ်က မေးခွန်းများ မေးလိုသည်။ ဖြစ်ပျက်ခဲ့သည် များကို အပြည့်အစုံ သိလိုသည်။ ဖြစ်ပျက်ခဲ့သည် တို့နှင့် ပတ် သက်၍ ဘာတွေ ဆောင်ရွက် ထားသနည်း။ သူ့ အနေဖြင့် ဘာတွေ ဆောင်ရွက် ရမည်နည်း စသည် တို့ကို သိလိုသည်။ လမ်းထဲသို့ တက်ဆီ၊ တီဂျေတို့နှင့်အတူ ထွက်ပြီးရှာဖွေလိုသည်။

'မစ္စတာဆယ်ကီ' မီနက်တီကပြောသည်။ 'လွန်ခဲ့တဲ့ခြောက် နာရီက ခင်ဗျား ဘယ်နေရာကို ရောက်နေတယ် ဆိုတာ ကျွန် တော့်ကို အတိအကျပြောပြနိုင်ပါ့မလား'

ထိုမေးခွန်းကို မဖြေလိုကြောင်း ဂရေဟာမ်က အမူအရာ ပြသည်။ သူက ဆူဆန်၏ ခါးကို ဖက်လိုက်ကာ 'အဲဒီအချိန် တွေမှာ....'ဟု ပြောသည်။ 'အဲဒီအချိန်တွေမှာ ကျွန်တော်ဒီကို ရောက်နေပြီး တစုံတရာလုပ်သင့်....'

'မစ္စတာဆယ်ကီ' မီနက်တီက ပြောပြန်သည်။ 'ကျွန်တော် မေးနေတာက သိချင်တဲ့စိတ်တခုတည်းနဲ့မေးနေတာမဟုတ်ဘူး။



ကျွန်တော့်အနေနဲ့ သိကို သိထားရမယ်။ ဒါကြောင့် မေးနေ တာပါ'

'ကျွန်တော်မိတ်ဆွေတယောက်ဆီသွားလည်ပတ်နေခဲ့တယ်' မီနက်တီကို မကြည့်ပဲ ဂရေဟာမ်ကဖြေသည်။ ဖြစ်နိုင်လျှင် သူ့ အနေဖြင့် ထိုစကားကိုပင် ထပ်မံ၍ ပြောရပေလိမ့်မည်။

'လွန်ခဲ့တဲ့ ခြောက် နာရီက စပြီး ခင်ဗျားဘယ်ကို ရောက် နေတယ်ဆိုတာ သိနိုင်အောင်လို့ ကျွန်တော့် ရဲအရာရှိ တွေကို တာဝန်ချ ထားခဲ့ရတယ်။ တိတိကျကျကိုပဲ ကျွန်တော်သိ....'

'ကျွန်တော် ချားတောင်းကို ရောက်နေခဲ့တယ်။ သူနာပြု ဆရာမလေးတယောက်နဲ့ ရှိနေခဲ့တယ်' ဂရေဟာမ်က အော်၍ ပြောသည်။ ထို့နောက် မီနက်တီကို လှမ်းကြည့်သည်။ 'အဲဒီ သူနာပြုဆရာမလေးနဲ့ပေါ့ ခင်ဗျားတွေ့ပြီးစကား ပြောချင် သလား၊ သူနဲ့တွေ့ယင်တော့ ခင်ဗျားကျေနပ်မှာပါ' ထို့နောက် သူက စတင် ငိုတော့သည်။ ဆူဆန်ကလည်း သူ့ ကို ပြန်လည် ဖက်၍ ငိုတော့သည်။ လပေါင်းများစွာ ကြာပြီးသည့် နောက် ဆူဆန်အနေဖြင့် ဂရေဟာမ်ကို ဖက်မိခြင်းဖြစ်သည်။

'ဟုတ်ကဲ့' မီနက်တီက ပြောသည်။ 'ကျွန်တော် ဝမ်းနည်း ပါတယ်။ ဒါပေမယ့် မိန်းကလေးနဲ့ ကျွန်တော်တွေ့ချင်တယ်'

'အိုဗျာ' ဂရေဟာမ်က ပြောသည်။ သူက ဆူဆန်အားလွှတ် လိုက်ပြီး မျက်ရည်များကို လက်ဖဝါးဖြင့်သုတ်သည်။ ထို့နောက် သူ့ အကျီအိတ်များအတွင်းတွင် အများအားဖြင့် ငွေရပြေစာ စာရွက်ပိုင်းများ၊ လူအမည်မပါသော တယ်လီဖုန်း အမှတ်များ၊ သို့မဟုတ် တယ်လီဖုန်း အမှတ် မပါသော လူအမည်များမှတ်

www.burmeseclassic.com

www.burmeseclassic.com



ထားသည့် စာရွက်တို့သာ ရှိတတ်ကြောင်း ဆူဆန် နားလည်
ထားသည်။

အင်္ကျီအိတ်များအတွင်းမှစာရွက်များကို နှိုက်ထုတ်ယူကြည်
ကာ ဂရေဟာမ်ကကြမ်းပြင်ပေါ်သို့ပစ်ချသည်။ 'မိန်းကလေးရဲ
တယ်လီဖုန်းနံပါတ်မရှိဘူး။ သူ့ဆီကိုလည်း တခါမှ ကျွန်တော်
တယ်လီဖုန်းမဆက်ဖူးဘူး။ သူ့အမည်ရဲ့ နောက်ဆုံးစာလုံးက
တောင်မှ ကျွန်တော် မသိဘူး။ နေပါဦး၊ အဲဒီ မိန်းကလေးနဲ့
ပတ်သက်လို့ ဘာများအရေးကြီးနေလို့လဲ၊ အရေးကြီးတာက
ကျွန်တော့်သားပဲ။ သူအခု ဘယ်ကိုရောက်နေလဲ'

'ဂရေဟာမ်' တီဂျေက သူ့အနီးသို့ တိုးကပ်လာပြန်သည်
'စိတ်ကိုထိန်းစမ်း၊ သူ့လုပ်စရာ ရှိတာတွေကို လုပ်နေတာ'

'ဒါဖြင့်ယင်လည်း အိမ်ပြင်သွားပြီး လုပ်စရာ ရှိတာတွေက
လုပ်ပေါ့'

'ခင်ဗျား စိတ်ဆိုးနေတယ်ဆိုတာ ကျွန်တော်သိတယ်။ ဒ
ပေမယ့် ဘုရားသခင်ကိုပဲ စိတ်ဆိုးပါ။ ကျန်တဲ့ ကျွန်တော်တ
အားလုံး အပေါ်မှာတော့ စိတ်မဆိုးပါနဲ့။ အခု သူမေးေ
တာက ခင်ဗျားဘယ်မှာရှိခဲ့တယ်ဆိုတာကိုသိချင်လို့မေးနေတာ
ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ဗျာ၊ အလက်ကို ခင်ဗျားကခေ
ထားတယ်လို့ သူတို့ကထင်နေကြတယ်'

'အမယ်လေးဗျာ....သူတို့က ဘာထင်တယ်'

'ဒီမှာ' တီဂျေက ပြောသည်။ 'သူတို့က ခင်ဗျားကို မသိက
ဘူး။ ဒီတော့ အရေးကြီးတာက ခင်ဗျား ဒီမှာရှိနေဖို့ပဲ။ အ
ခင်ဗျားဒီကိုရောက်လာပြီ။ ဒီတော့ အကောင်းဆုံးက သူတ



တ်ထဲ ရှင်းရှင်းလင်းလင်းဖြစ်သွားအောင် ခင်ဗျား ဘယ်မှာ
ခဲ့တယ်။ ဘာတွေလုပ်ခဲ့တယ်ဆိုတာကို ပြောပြစေချင်တယ်'

'ခက်လိုက်တာဗျာ' ဂရေဟာမ်က ညည်းသည်။ 'အဲဒီ မိန်း
လေးကို ဘတ်စ်ကားပေါ်မှာ ကျွန်တော် တွေ့ခဲ့တယ်။
မည်က ကလယ်ရီတဲ့၊ သူနဲ့ပတ်သက်လို့ ကျွန်တော်သိတာ
ဒါပဲ'

'ခင်ဗျားပြောတဲ့ အတိုင်း ဆိုယင် အဲဒီ မိန်းကလေးနဲ့
ခြောက်နာရီ ကြာအောင်တောင်မှ ခင်ဗျားက နေခဲ့တယ်
တ်လား။ ဒီတော့ ခင်ဗျား သိထားတာတွေဟာ အခု
ပြောတာတွေထက် ပိုရှိလိမ့်မယ်။ မိန်းကလေးက ဘယ်မှာ
လုပ်လုပ်သလဲ။ ဘယ်လိုသူနာပြုမျိုးလဲ။ ခွဲစိတ်ကုသမှုသူနာပြု
းလား။ ဘယ်လိုဟာမျိုးလဲ'

'ကျွန်တော် မသိဘူး။ နေပါဦး။ မောင့်အောဘမ်းဆေးရုံ'

'ဒါပဲလား'

'အဲဒါပဲ။ ကျွန်တော်သိတာ အဲဒါအကုန်ပဲ'

တီဂျေက ဂရေဟာမ်ကို စိုက်၍ကြည့်သည်။ 'ကျွန်တော်စိတ်
ထွေးမနေဘူးဆိုယင် ခင်ဗျားကို တအားပြေးကန်မိမှာပဲ'

'လုပ်ပါ' ဂရေဟာမ်က ပြောသည်။ 'ကန်ချင်ယင် ကန်ပါ'

'ကဲ၊ နော်မည်ကိုခေါ်စမ်း' တီဂျေက ပြောသည်။

ဂရေဟာမ်က ဆူဆန်ကိုကြည့်သည်။

'နော်မည် ကျွန်မဆီကို ဖုန်းဆက်ခဲ့တယ်' ဆူဆန်က ပြော
ည်။ သူ့မျက်ရည်များကို ဆူဆန်က သုတ်ခဲ့ပြီးဖြစ်သည်။
တွေက ရှင်နဲ့အလက်ကို ရှာဖွေရအောင်ဆိုပြီး သူ့အခန်းကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတယ်လို့ ပြောတယ်။ ရှင့်ကိုရှာဖို့အတွက် သူကတီဂျေကို လှမ်းအကြောင်းကြားတယ်'

ဂရေဟမ် စိတ်မကောင်းမိဟန်ရှိသည်။

'နော်မည် သိပ်ပြီးတော့ စိုးရိမ်နေပုံရတယ်' တီဂျေက ပြောသည်။

'ကောင်းပြီလေ၊ ကောင်းပြီလေ။ ကျွန်တော် ဆက်လိုက်ပါ့မယ်'

'အောက်ထပ်မှာရှိတဲ့ မစ္စစ်မယိုရဲ့ တယ်လီဖုန်းကို ခင်ဗျား အသုံးပြုနိုင်ပါတယ်' မီနက်တီက ဖြင့်ပြောသည်။ 'ဒီတယ်လီဖုန်းလိုင်းကို ရှင်းနေအောင်လို့ ကျွန်တော်တို့ဖွင့်ထားရလို့ပါ'

ဂရေဟမ်က စုံထောက်ကို လှမ်းကြည့်သည်။ 'ဘာလဲ ခင်ဗျားတို့က ပြန်ပေးဆွဲတယ်လို့ ထင်နေကြလို့လား။ အဲဒီလို ထင်ရအောင် ဘာတွေများကြားထားကြလို့လဲ'

'ဘာမှမကြားပါဘူး။ ဒါနဲ့ နေပါဦး၊ ခင်ဗျားရဲ့ညီဒီမြို့ကို ရောက်နေတယ်ဆိုတာ သိသလား'

'ရောဘတ် ဟုတ်လား၊ ဘော့စတွန်မှာ ရောက်နေတယ် ဟုတ်လား'

'ဟုတ်တယ်။ အခုဆိုယင် သူဒီကိုတောင်လာနေပြီ'

'ရောဘတ်၊ရောဘတ်ဆိုယင်တော့ထူးဆန်းတာပဲ။ အင်းလေ ကောင်းတယ်လို့ ကျွန်တော်ထင်မိတယ်'

ဂရေဟမ်က အောက်ထပ်သို့ ဆင်းရန် ပြင်လိုက်သည်။ ထို အခါ အခန်းထောင့်တွင် တိတ်ဆိတ်စွာ ထိုင်နေခဲ့သည့် မာ



ရက်က 'ကျွန်မလည်းရှင်နဲ့ လိုက်မယ်' ဟုပြောကာ ထိုင်ရာမှ ထလိုက်သည်။ ထို့နောက်ဆူဆန်အားလှမ်းကြည့်သည်။ဆူဆန့် အနေဖြင့် သူ့ကို လိုအပ်ပေဦးမည်လားဟု တွေးမိသည်။

'မာဂရက်ပါလား' ဂရေဟမ်က ပြောသည်။ 'ခင်ဗျားကို ကျွန်တော် မတွေ့ခဲ့မိဘူး။ကောင်းပြီလေ။ကျေးဇူးပဲ။ကျွန်တော် တို့အတွက် ခင်ဗျား လုပ်ပေးတာတွေ အားလုံးအပေါ် ကျေးဇူးတင်ပါတယ်'

မာဂရက်က ဂရေဟမ်၏ လက်မောင်းကိုဆွဲပြီးအခန်းထဲမှ သွက်သွက်ပင် ထွက်သွားသည်။ သူတို့နောက်မှ ရဲအရာရှိ ဒသီးက လိုက်ပါသွားသည်။

'သူတို့နှစ်ယောက်က သိပ်ပြီးသင့်သင့်မြတ်မြတ် မရှိကြဘူး လား' မီနက်တီက ဆူဆန်အားမေးသည်။

ဆူဆန်က နားမလည်စွာဖြင့်လှမ်းကြည့်သည်။

'ဂရေဟမ်နဲ့ ရောဘတ်တို့ကို ပြောတာပါ' မီနက်တီက ရှင်းလင်းပြောသည်။

'သြော်....ဒါလား။သူတို့နှစ်ယောက်က စိတ်ထားချင်းတော့ သိပ်မတူကြဘူး'

'ဒါနဲ့ ခင်ဗျားပြောတော့ သူတို့ နှစ်ယောက်က အမြွှာ ညီအစ်ကိုဆို'

'ဟုတ်ပါတယ်။ ဒါပေမယ့်မတူကြဘူး'

'အမြွှာတွေဆိုတာကတော့ ရုပ်ချင်းသာမက စိတ်သဘော ထားချင်းလည်း တူညီကြတယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဒါမှမဟုတ်ယင်လည်း စိတ်သဘောထားချင်းမတူတဲ့အမြွာတွေကလည်း ရှိနေတာပဲလေ' ဆူဆန်ကပြောသည်။

အောက်ထပ်တွင် ဂရေဟမ် ရှိနေခိုက် ရောဘတ် ရောက်လာသည်။ ဆူဆန်နှင့်တီဂျေတို့ကို နှုတ်ဆက်ပြီး အန်နီနှင့်မိတ်ဆက်ပေးခြင်း ခံရသည့် ရောဘတ်အား မီနက်တီက ဂရုတစိုက် အကဲခတ်ကြည့်ရှုသည်။သူ့ရုပ်ရည်မှာ ဂရေဟမ်နှင့်မတူလှ။

'ဆူဆန်။ မဖြစ်နိုင်တဲ့ကိစ္စပဲ' ရောဘတ်က ထပ်ခါတလဲလဲပြောသည်။ သူပြောသည်မှာမှန်ကန်သည်။ ထို့ကြောင့်ဆူဆန်က ခေါင်းညိတ်ပြသည်။

ထိုစဉ်ဂရေဟမ်ပြန်ရောက်လာသည်။'ဂရေဟမ်'ရောဘတ်က အော်၍ခေါ်သည်။ 'ဂရေဟမ်။ ငါတော့မယုံကြည်နိုင်လောက်အောင်ပဲ' သူနှင့် ဂရေဟမ်တို့က လက်ဆွဲ နှုတ်ဆက်ကြသည်။

'မရောဘတ်' ဂရေဟမ်ကပြောသည်။' မင်းကိုဒီမြို့မှာတွေ့ရတာတော့ ထူးဆန်းတာပဲ'

'အင်း.... ကံမကောင်း အကြောင်းမလှလို့ ရောက်လာတာပဲဆိုပါတော့။ ဒီမြို့မှာ ကျင်းပမယ့် အများပြည်သူနဲ့သက်ဆိုင်တဲ့ အသံလွှင့်ခြင်း ကွန်ဖရင့်တခုကိုတက်ဖို့ ရွေးထားတဲ့ လူဟာ ဒီကိုလာခါနီးမှ ကပ်ပြီးနေထိုင်မကောင်းဖြစ်ခဲ့တယ်။ဒါကြောင့် သူတို့က ငါ့ကိုအစားထိုး လွှတ်လိုက်တာပဲ။သုံးနှစ်ကျော်ကျော် ဒါမှမဟုတ် ဒီထက်ကြာအောင် မရောက်ခဲ့တဲ့ ဒီမြို့ကို အခု



ထမဆုံးအကြိမ်ရောက်လာတာပဲ။ ရောက်လာလို့လည်း ဒီနေ့ ဒီနေရာမှာ ကြုံတွေ့ရတာပဲ'

ရောဘတ်၏ ပြောစကားများနှင့် ပတ်သက်၍ မည်သူမျှ ပြန်လည်ပြောဆိုရန် စကားရှာမတွေ့ကြ။နောက်ဆုံးရောဘတ် စကားဆုံးတော့မှ ဂရေဟမ်က မီနက်တီကို လှည့်ကြည့်ကာ 'ကျွန်တော်တို့ ဒီမှာ ရပ်နေကြမယ့်အစား တခုခု လုပ်သင့်တယ်လို့ ကျွန်တော်ထင်တယ်' ဟုပြောလိုက်သည်။ 'ကျွန်တော် ဆိုလိုချင်တာက ခင်ဗျားကို မဟုတ်ပါဘူး။ ခင်ဗျား ဒီနေရာမှာ နေသင့်တယ်ဆိုတာ ကျွန်တော်လက်ခံပါတယ်။ ဒါပေမယ့် လည်း ဆက်သွယ်လာတဲ့ တယ်လီဖုန်းတွေကို ဆူဆန် ဖြေကြားရှင်းလင်းနိုင်မှာပါ။ ဒီတော့ တီဂျေနဲ့ ကျွန်တော်တို့က ခွေးကို ဒါမှမဟုတ်တစုံတရာကိုယူပြီး လမ်းပေါ်ထွက်လို့ တခုခုလုပ်သင့်တယ်လို့ ခင်ဗျားမထင်မိဘူးလား'

'လေ့ကျင့်ပြီးသားဖြစ်တဲ့ ကျွန်တော့်လူတွေကို လမ်းပေါ်မှာ တာဝန် ချထားပြီးပါပြီ' မီနက်တီက ပြောသည်။ 'သူတို့အားလုံးပဲ အလင်းရောင်ရှိတဲ့အထိ တာဝန်ထမ်းဆောင် နေကြမှာဖြစ်တယ်။ တကယ်လို့ အမှောင်ထဲမှာ ကျွန်တော့် လူတွေအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်စရာတွေ ရှိနေမယ်ဆိုယင် ကျွန်တော်က သူတို့ကိုတညလုံး တာဝန်ချထားမှာပါ'

'ကျွန်တော်က သူတို့ကို ကူညီချင်လို့ပါဗျ။ တစုံတခုကို ကျွန်တော်လုပ်ချင်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒီညတညလုံး ခင်ဗျား ကူညီဆောင်ရွက်ဖို့ လိုအပ်တာတွေကို ကူညီဆောင်ရွက်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်' မီနက်တီကပြောသည်။

'ရှင်ဒီည ဒီမှာနေမှာလား' ဆူဆန်ကမေးသည်။ အချိန်နှင့်ပတ်သက်၍ သူမကိုယ်တိုင်လည်း မဝေခွဲ မခန့်မှန်းတတ်အောင်ဖြစ်နေကြောင်း ဆူဆန်နားလည်သည်။ ယခုအချိန်မှာ သန်းခေါင်လော၊ သို့မဟုတ် နံနက်လေးနာရီ ထိုးပြီလော ဆိုသည်ကို ဆူဆန်မသိ။

'ပြန်ပေးတွေက ငွေတောင်းမယ်ဆိုယင် အခုအချိန်မှာ တောင်းလိမ့်မယ်လို့ ကျွန်တော်မထင်ဘူး' မီနက်တီကပြောသည်။ 'တကယ်လို့များ ပြန်ပေးဆွဲတဲ့ သူတွေဆီက တခုခု အကြောင်းကြားမယ်ဆိုယင် သူတို့နဲ့ ကျွန်တော်တို့ရဲ့ ပထမဆုံးဆက်သွယ်မှုဟာ လာမယ့် ခြောက်နာရီအတွင်းမှာ ဖြစ်ပေါ်လိမ့်မယ်လို့ ကျွန်တော်တွက်ချက်ထားတယ်'

'ဆေးရုံတွေမှာကော ဘယ့်နှယ်လဲ' ဂရေဟမ်က ရုတ်တရက်မေးသည်။ 'ခင်ဗျားတို့ အဲဒီအချက်တွေကော စဉ်းစားခဲ့ကြသလား။ ဆိုပါတော့ သားဟာဒဏ်ရာရပြီး ခုချိန်တိုင်အောင် သတိမရပဲနဲ့....'

'ဆေးရုံတွေ အားလုံးကို ကျွန်တော်တို့ မေးမြန်းစစ်ဆေးပြီးကြပါပြီ' မီနက်တီကပြောသည်။

'ခြေဗ်....ဟုတ်လား' ဂရေဟမ်က ပြောသည်။

'ဘောစတွန်မှာ ရှိတဲ့ ဆေးရုံတွေကို အမည် မသိတဲ့ ယောက်ျားလေး တယောက်ပဲ ဒီညမှာရောက်လာတယ်။ သူဟာ



သုမည်းဖြစ်တယ်။ သူ့မှာဒဏ်ရာဟောင်းက ရထားတဲ့ အနာရွတ်အရှည်ကြီးသုံးခု ပါလာတယ်'

'အလက်မှာတော့ အနာရွတ်တခုပဲရှိတယ်။ အဲဒါက သူ့ခြေချောင်းမှာရှိတယ်' ဂရေဟမ်ကပြောသည်။

'ကျွန်တော် သိပါတယ်။ မစ္စစ်ဆယ်ကီက ကျွန်တော့်ကို ပြောပြခဲ့ပါတယ်'

'သားဟာ တကြိမ်မှ ဒဏ်ရာအနာတရ မဖြစ်ခဲ့ဘူး' ဂရေဟမ်ကပြောသည်။ 'အဲဒီတကြိမ်ပဲ အနာတရဖြစ်ခဲ့လို့ သူ့ခြေချောင်းလေးကို ကြိုးနဲ့ချုပ်ခဲ့ရတယ်'

ထို့နောက်မှ အခန်းထဲတွင် တိတ်ဆိတ်သွားသည်။ ခဏကြာသောအခါ ရောဘတ်က 'ဂရေဟမ်၊ မင်းသိပ်ပြီးတော့ ပွေမနေနဲ့ဦး' ဟု ပြောသည်။ ဂရေဟမ်က ဖြတ်ကနဲ ရောဘတ်ကို လှည့်ကြည့်သည်။

ဂရေဟမ် ထိုင်ရာမှရုတ်တရက်ထ၍ တီဂျေက ပြောသည်။ 'ခွေးလေးနဲ့အတူ လမ်းလျှောက်ကြရအောင်'

'ဘာပြောတယ်'

'လာစမ်းပါ။ ကျွန်တော်တို့ လမ်းလျှောက် ထွက်ကြရအောင်။ တက်ဆီကိုခေါ်ပြီး အပြင်ကို သွားကြရအောင်'

သူတို့နှစ်ယောက်က တက်ဆီနှင့်အတူ မိနစ်နှစ်ဆယ်ခန့်ကြာအောင် အပြင်ထွက် လမ်းလျှောက်ကြသည်။ သူတို့နှင့်ခပ်လှမ်းလှမ်းမှ ရဲအရာရှိတဦးက လိုက်ပါလာပြန်သည်။ ပြန်လာချိန်တွင်မှ သူတို့က အပြေးလာကြသည်။ တက်ဆီ၏ တဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com



နီးလာသော ဟောင်သံကိုကြားရသဖြင့် သူတို့ပြန်လာကြသည်ဖြစ်ကြောင်း ဆူဆန်သိသည်။

ရုပ်မြင်သံကြားမှ အလက်ပျောက်ဆုံးသည့် သတင်းဖော်ပြပြီးသည့်နောက် နှစ်နာရီအတွင်းတွင် တယ်လီဖုန်းများ ဆူဆန်အိမ်သို့ မပြတ်လာသည်။ တယ်လီဖုန်းကို ပြန်ချလိုက်သည်နှင့် အသံကမြည်လာပြန်သည်။ ထိုသို့ တယ်လီဖုန်း ဆက်ကြသူများထဲတွင် ဆူဆန်၏ဖခင်နှင့် ဂရေဟမ်၏ မိဘများလည်း ပါဝင်ကြသည်။ ဂရေဟမ်နှင့် ဆူဆန်တို့၏ တပည့်များကလည်း တာဝန်ကျေကြသည်။ လုံးဝမသိသူများ၊ လူစိမ်းများကလည်း ဖုန်းဆက်ကြသည်။ သူတို့အနေဖြင့် အတတ်နိုင်ဆုံး သော အကူအညီကို ပေးပါရစေဟု ကမ်းလှမ်းကြသည်။ အချို့ကမူ တယ်လီဖုန်းဆက်၍ ဆုတောင်းမေတ္တာ ပို့ကြသည်။ ဂရေဟမ်၏ မိတ်ဆွေ လူပျိုကြီးပါမောက္ခတဦးက အလက်အား ရှာဖွေပေးနိုင်သူကို ဆုငွေ ဒေါ်လာ ငါးထောင် ပေးမည်ဟု ကြေငြာခိုင်းသည်။ ထိုငွေကိုသူပေးပါမည်ဟု ကမ်းလှမ်းသည်။ ဆူဆန်ထံ ဖုန်းဆက်သူ အမျိုးသမီးတဦးကလည်း ဆူဆန်သည်သူ့ သားကို သူသတ်မိပြီး လူပျောက်အဖြစ် ရဲထံအကြောင်းကြားကြောင်း၊ ထို့ကြောင့် သူ့အနေဖြင့် ဝန်ခံရန်သင့်ကြောင်းပြောသည်။

လာသမျှ တယ်လီဖုန်းများကို မာဂရက်က လက်ခံစကားပြောသည်။ ထိုအတွင်းအပေါ်ထပ်ရှိ ရဲအရာရှိက နားထောင်သည်။ စိတ်ဓာတ် စစ်ဆင်မှုအရ ပြန်ပေးတို့က ငွေတောင်းလာလျှင် အမျိုးသမီးကသာလက်သင့်ခံနားထောင်သင့်ကြောင်း မီနက်တီက ဆုံးဖြတ်သည်။



ဆူဆန်မှာ မဝေခွဲနိုင်ပဲ ထိတ်လန့် ကြောက်ရွံ့ စိတ်တို့ ရှိခဲ့သမျှ ယခုအခါတွင် ကင်းရှင်းသွားပြီ ဖြစ်သည်။ သို့သော်သူသည် တွေဝေဆဲပင်ဖြစ်သည်။ သူက အေးအေး ဆေးဆေးထိုင်နေလိုသည်။ မည်သို့ဖြစ်ခဲ့သည်များကိုလည်း တွေးတောစဉ်းစားလိုသည်။ သူ့အဖြစ်မှာအကျဉ်းထောင်ထဲသို့ ရောသက်ပန်ရောက်နေပြီး ဘာအကြောင်းကြောင့် ထိုသို့ ရောက်ရကြောင်း မသိရသော သူနှင့် တူနေသည်။ အလက်နှင့် ပတ်သက်ပြီးလည်း စဉ်းစား လိုက်တိုင်း သူ မပြတ်မသားသော စဉ်းစားမိသည်။ သူ့တွင် သားတယောက်ရှိခဲ့သည်။ ထိုသားအပေါ်တွင် ကြီးမားသော ဖြစ်မှုကြီး ပြုလုပ်ခဲ့မိသလားဟု တွေးမိသော အခါ လွန်စွာ စိတ်ဆိုးသည်။

တွေတွေလေး ထိုင်၍ ငိုင်နေသော ဆူဆန်အား တီဂျေကထိုင်၍ ကြည့်နေသည်။ ဆူဆန်၏ မျက်ကွင်းများမှာ အညိုရောင်များဖြစ်လာ၏။ ဆူဆန်အားနည်းနေကြောင်း၊ နွမ်းနယ်နေကြောင်းကို တီဂျေလက်ခံသည်။

ခံနက်သုံးနာရီထိုးပြီးသောအခါ တယ်လီဖုန်းဆက်သူများ ကျသွားသည်။ နောက်ဆုံး ဆက်သူမှာ ဂျိုဝီလင်းဖြစ်သည်။ ဆူဆန်က ခေါင်းယမ်းပြသည်။ သူ့အနေဖြင့် စကားမပြောနိုင်တော့။ ကော်ဖီဖျော်ရန် အတွက် မာဂရက်က မီးဖိုထဲသို့ ဝင်သွားသည်။ ဆူဆန်ကထိုင်ရာမှထပြီး မာဂရက် နောက်သို့ လိုက်သည်။ တက်ဆီအား ညစာကျွေးရန်ဖြစ်သည်။ သို့သော် မီးဖိုထဲသို့ရောက်သောအခါ တက်ဆီ၏ စားခွက်ထဲတွင် အစာ

www.burmeseclassic.com

www.burmeseclassic.com



များကို တွေ့ရသည်။ ညနေကတည်းက တက်ဆီအား သူက အစာကျွေးပြီးဖြစ်ကြောင်းကို ဆူဆန်မေ့ခဲ့သည်။

ဂရေဟမ်နှင့် ရောဘတ်တို့ ညီအစ်ကို၏ ဆန္ဒကို လိုက်လျော သည့်အနေဖြင့် မီနက်တီက အလက်တယောက် သာမန်ပျောက် ဆုံးသွားခြင်းဖြစ်မည်လောဟု စဉ်းစားကြည့်သည်။ အကယ်၍ ပျောက်ဆုံးသည် ဆိုလျှင် နံနက်မိုးလင်း၍ အလင်းရောင်များ ရောက်တော့မှ ဆောင်ရွက်စရာ ရှိသည်တို့ကို ဆောင်ရွက်နိုင် ပေလိမ့်မည်။

'ဘာပဲဖြစ်ဖြစ် အကူအညီလိုယင်တော့ ရဲကိုရှာပြီးတောင်း ရမယ်ဆိုတာ ကြားသိထားသားပဲ' ဂရေဟမ်က ပြောသည်။ နောက်ပြီးတော့ သူ့တယ်လီဖုန်း နံပါတ်ကို သိထားသားပဲ။ နောက်ပြီးတော့ သူ့မှာ ငွေအကြွေအမြဲတမ်းပါတယ်'

'ဒီနေ့ နေ့လယ်ပိုင်းမှာ တယ်လီဖုန်းကိုဖြေမယ့်လူ ဒီအိမ်မှာ ဘယ်သူမှ မရှိခဲ့ဘူး' မီနက်တီက ကြားဝင်ပြောသည်။

'တယ်လီဖုန်းရုံထဲမှာရှိတဲ့တယ်လီဖုန်းဆီကိုရောက်အောင်လို့ သူက ဘယ်လိုလုပ်ပြီးသွားနိုင်မှာတဲ့လဲ'ရောဘတ်ကပြောသည်။ မည်သူမျှမဖြေ။ 'တကယ်တော့ အလက်ဟာ ကလေးလေးပဲ၊ တယ်လီဖုန်းရုံထဲက တယ်လီဖုန်းနံပါတ်ကို သူကဘယ်လိုလုပ်ပြီး မီနိုင်မှာတဲ့လဲ'

'တယောက်ယောက်ကို အကူအညီ တောင်းပြီးတော့ ခွေ့ချီ ခိုင်းယင်ရပါတယ်' ဆူဆန်ကပြောသည်။ 'ဒါမှ မဟုတ်ယင် လည်း သူ့ အတွက် တယ်လီဖုန်း ဆက်ခိုင်းလို့ ရှိယင်လည်း ရပါတယ်'



'တကယ်လို့ လူဆိုးသူဆိုးတယောက်နဲ့တွေ့ပြီး အဲဒီလူဆီမှာ အကူအညီတောင်းမိတယ်ဆိုယင်ကော'ရောဘတ်ကပြောသည်။ 'အဲဒါဆိုယင်တော့ ကျွန်တော်တို့က ရင်ဆိုင်ကြရမှာပဲ'

ကျွန်တော်တို့ဆိုသောစကားလုံးကို ဆူဆန်ကစဉ်းစားသည်။ ချက်ချင်းပင် ရောဘတ်တယောက် ထွက်သွားစေရန်ဆန္ဒရှိလာသည်။ သူတို့အားလုံးပင် ထွက်သွားလျှင်လည်း ထွက်သွားကြစေ။ သူလည်း ဤငရဲခန်းအိမ်ထဲမှ ထွက်သွားလိုသည်။ ဂရေဟမ်မှ တပါး၊ တီဂျေမှတပါး၊ နောက်ပြီး မာဂရက်မှတပါး အားလုံးကို ငရဲခန်းမှလွတ်မြောက်သွားစေလိုသည်။ ဆူဆန်က တောင် ငိုပြန်သည်။

အချိန် အတန် ကြာအောင် အခန်းထဲတွင် တိတ်ဆိတ်ငြိမ် သွားသည်။

'ဖြစ်နိုင်တဲ့ အကြောင်းကတော့ ပြန်ပေးဆွဲတာပဲ ဆိုတာ ကျွန်တော်ထပ်ပြီးတော့ပြောပါရစေ'မီနက်တီကပြောပြန်သည်။ ထိုစကားမျိုးကိုပင် စောစောပိုင်းကလည်းမီနက်တီကပြောခဲ့ပြီး ဖြစ်သည်။'လာမယ့်နာရီအနည်းငယ်အတွင်းမှာအဖြစ်အပျက်ကို ကျွန်တော်တို့ သိနိုင်ကောင်း သိကြရလိမ့်မယ်။ အခုဆိုယင် တယ်လီဖုန်းလိုင်းကလည်း ရှင်းနေပြီ။ သူတို့ကိုယ်တိုင်ကလည်း ဆောင်ရွက်ခဲ့တာနဲ့ ပတ်သက်လို့ အပြန်ပြန် အလှန်လှန် တွေးတော စဉ်းစားနေကြလိမ့်မယ်။ သူတို့ဆီက တစုံတရာကို ကြားရလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ထားတယ်'

အချိန် အနည်းငယ် ကုန်လွန်သွားပြန်သည်။ အန်ဒီမှာ အိုင်လျက်သားနှင့် တီဂျေ၏ပခုံးကိုမှီပြီး အိပ်ပျော်နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂရေဟာမ်နှင့်ဆူဆန်တို့သည် ဆိုဖာပေါ်တွင် ယှဉ်တွဲ၍ ထိုင်နေကြသည်။ ဂရေဟာမ်က ဆူဆန်၏လက်ကို ဆုပ်ကိုင်ထားသည်။ တယ်လီဖုန်းရှိသော စားပွဲတွင် မာဂရက်က ထိုင်ယင်း တယ်လီဖုန်း အလာကို စောင့်နေသည်။ ပြတင်းပေါက် နံဘေးရှိ ကုလားထိုင်တွင် ထိုင်နေသည့် မီနက်တီမှာ ငုတ်တုတ်ကြီး အိပ်နေသည်။ ရောဘတ်သည် ထိုင်ရာမှထပြီး အပေါ်ထပ်သို့ တက်သွားသည်။ သူ၏ခြေသံကို နားထောင်ယင်း ရောဘတ်သည် အလက်၏ အခန်းထဲသို့ဝင်ကာ အလက်၏ အိပ်ရာပေါ် လှဲချလိုက်ကြောင်း ဆူဆန်သိသည်။

'မာဂရက်' ဆူဆန်က ပြောသည်။ 'ရှင် နက်ဖြန်မနက် အလုပ်ဆင်းရဦးမယ် မဟုတ်လား။ အောက်ဆင်း မြီးတော့ တရေးလောက် အိပ်လိုက်ပါဦးလား'

'အိပ်ပျော်နိုင်လိမ့်မယ်လို့ မထင်ပါဘူး' မာဂရက်က ပြောသည်။ ဆူဆန်က ခေါင်းညိတ်သည်။

အိပ်ရာမှ မီနက်တီနိုးလာသည်။ သူက ထိုင်ရာမှ ထကာ လမ်းလျှောက်သည်။ ထို့နောက် ပြန်ထိုင်ကာ တယ်လီဖုန်းကို စိုက်ကြည့်နေသည်။ ဂရေဟာမ်က မီးဖိုထဲသို့ ဝင်သွားသည်။ ပြန်ထွက်လာသောအခါ သူ့လက်ထဲတွင် ဘာရမ်ဒီနှစ်ခွက်ပါလာသည်။ တခွက်ကို ဆူဆန်အားပေးသည်၊ ကျန်တခွက်ကို မီနက်တီအား ပေးရာ မသောက်လိုကြောင်း ခေါင်းယမ်း ပြသည်။

'ကျွန်မတော့တခွက်လောက်သောက်ချင်တယ်' မာဂရက်က ပြောသည်။ ဂရေဟာမ်သည် မီးဖိုထဲသို့ဝင်ပြီး သူ့အတွက် ဘရမ်ဒီတခွက် ထပ်မံယူသည်။ တီဂျေမှာ အိပ်ပျော်လျက် ရှိသည်။

ည၏အမှောင်ဆုံးသောအချိန်တွင် ဆူဆန်က ဂရေဟာမ်နှင့် လက်ချင်းထိ၊ ပေါင်ချင်းထိ၍ထိုင်နေယင်း စဉ်းစားနေမိသည်။ အကယ်၍ ပြန်ပေးဆွဲသည်ဆိုလျှင်၊ အကယ်၍ ပြန်ပေးသမားတို့က ငွေတောင်းလာခဲ့သည်ဆိုလျှင် သားလေးအလက် မသေသေးခြင်းပင် ဖြစ်သည်။ အကယ်၍ သားလေးအလက်မသေဟု ဆိုလျှင် တယ်လီဖုန်းက မြည်လာရပေမည်။ ဖြစ်နိုင်လျှင် တယ်လီဖုန်း အသံမြည်လာအောင် လုပ်ချင်သည်။ တယ်လီဖုန်းသည် အချိန်မရွေးမင် ဆက်သွယ်သူရှိပါက မြည်လာ လိမ့်မည်။ နာရီလက်တံများ စက္ကန့်ပိုင်းအတွင်းတွင် အသံမြည်လာနိုင်သည်။

တယ်လီဖုန်းအသံ မြည်လာ စေချင်သည်။ မြည်၍လည်း လာသည်။ အခြားတဘက်မှ စကား ပြောသူ၏ အသံကို ကြားရသည်။

'ဟယ်လို၊ မစ္စစ်ဆယ်ကီ' သို့မဟုတ်–

'ဟယ်လို....မေမေ'

တယ်လီဖုန်းမြည်လာသည်။ ယခုပင်မြည်လာသည်။ တယ်လီဖုန်း မြည်သံကို ကြားရသည်။

သို့သော် အမှန်အားဖြင့်ကား မည်သည့်အသံမှထွက်မလာ။ သူတို့သည် အခန်းထဲတွင် ကျောက်တုံးကြီးများကဲ့သို့ ထိုင်နေကြသည်။ အရုဏ်၏ အလင်းရောင်ပင် ရောက်လာပေပြီ။ အလင်းရောင်က အခန်းတွင်းသို့ သေခြင်း၏ မျှော်လင့်ချက် အဖြစ် ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တီဂျေနှင့်အန်နီတို့ အိပ်ရာမှ နိုးလာကြသည်။ မီနက်တီက
မီးဖိုခန်းထဲသို့ဝင်ကာ သူ့အတွက်ကော်ဖီဖျော်သည်။ မာဂရ
မှာမူ သူ့ပေါင်ပေါ် လက်ဖဝါးများတင်၍ထိုင်နေဆဲ ရှိသည
ဂရေဟာမ်က ထိုင်ရာမှထပြီး အခန်းထဲတွင် လမ်းလျှေ
နေသည်။ အန်နီကလည်း မီးဖိုထဲသို့ဝင်သွားသည်။ သူကလည
ကော်ဖီသောက်လိုနေသည်။

'အချိန်ကောင်းတော့ ရောက်လာပြီ' မီနက်တီက ပြေ
သည်။ 'အလင်းရောင် ပြန်ရောက်လာပြီပဲ၊ ဒါဆိုယင်တေ
ကျွန်တော်တို့ တခုခုလုပ်နိုင်ကြတော့မယ်'

'ဘာပြောတယ်' ဂရေဟာမ်က မေးသည်။

'ကျွန်တော်တို့ လမ်းထဲကိုပြန်ထွက်ကြမယ်။ မနေ့က မန
ပိုင်း လမ်းပေါ်မှာရှိခဲ့တဲ့ လူတွေအားလုံးကို ကျွန်တော်တို့
တွေ့ပြီး မေးမြန်းကြမယ်။ နောက်ပြီးတော့စာနယ်ဇင်းတွေ
အကျိုးကျေးဇူးကိုလည်း ရရှိလိမ့်မယ်လို့ မျှော်လင့်ထားတယ
ဒီကိစ္စကို စာနယ်ဇင်းတွေကတဆင့် သိရှိကြပြီးတဲ့ နောက်
ကူညီချင်ကြတဲ့သူတွေ ပေါ်ပေါက်လာကြလိမ့်မယ်'

'ဘာပဲဖြစ်ဖြစ်လေ။ သားလေး ဘာဖြစ်နေတယ်ဆိုတာကိ
ကျွန်မသိချင်တယ်။ ဒီအတိုင်း ဆိုယင်တော့ ပြန်ပေးဆွဲတ
မဟုတ်ဘူးထင်တယ်။ ပြန်ပေးဆွဲတာဆိုယင် သူဘို့ကကျွန်မ
ဆီကို ခုလောက်ဆို အဆက်အသွယ်လုပ်ကြပြီ ဖြစ်တယ်။နော
ပြီးတော့ သူ့ကို လိုချင်တဲ့ လူတယောက်ယောက်က ခိုးသွ
တာလည်း မဖြစ်နိုင်ဘူး။ ဒါမှမဟုတ် အသတ် ခံရတာလည



ဖြစ်နိုင်ဘူး။ အို...ဘာပဲဖြစ်ဖြစ် ဘာဖြစ်နေတယ် ဆိုတာကို
ကျွန်မသိချင်တယ်'

'ဒါမှမဟုတ် သူပျောက်ဆုံးနေတာ ဖြစ်မယ်' ဂရေဟာမ်က
ပြောသည်။ 'ဒါမှမဟုတ် ထိခိုက်ဒဏ်ရာရတာ....' ဆူဆန်က
ခုံးတွန့်ပြလိုက်သည်။ 'ဒါမှမဟုတ် သူ ပျောက်ဆုံးနေတာ၊
ဒါမှမဟုတ် သူထိခိုက်ဒဏ်ရာရတာ၊ ဒါမှမဟုတ် သူဟာ ဒီက
ဝေးပြီး တခေါ်လောက်သာ ဝေးတဲ့ နေရာမှာ သေနေတာ
ဖြစ်နိုင်တယ်။ ဒါပဲလေ ကျွန်မသိချင်တယ်။ သားလေးအလက်
ဘာဖြစ်နေတယ်ဆိုတာကို တနေရာရာမှာ တယောက်ယောက်
တော့ သိရှိနေတာ အမှန်ပဲဖြစ်လိမ့်မယ်။ မသိတောင်မှ မြင်
တွေ့လိမ့်မယ်။အဲဒီလိုသိရှိမြင်တွေ့တဲ့လူတွေဆီ ရောက်အောင်သို့
သွားနိုင်မယ်ဆိုယင် ကျွန်မသွားပါ့မယ်'

'ကောင်းပြီလေ'မီနက်တီကပြောသည်။ 'ကျွန်တော့်အနေနဲ့
ခင်ဗျားအတွက်ပဲဖြစ်ဖြစ်၊ အလက်အတွက်ပဲဖြစ်ဖြစ် အတတ်
နိုင်ဆုံး ဆောင်ရွက်သွားပါ့မယ်'

အောက်ထပ်သို့ရောဘတ်ဆင်းလာသည်။ သူ့ဆံပင်များမှာ
ရှုပ်နေပြီး၊ သူ့မျက်လုံးတို့က အိပ်ထားသည်ကို ဖော်ပြနေ
သည်။ အခန်းတွင်းရှိ လူများအားလုံးကို သူက နှုတ်ဆက်ပြီး
အန်နီ ကော်ဖီ ဖျော်နေသည်ကို ကူညီရန်အတွက် မီးဖိုထဲသို့
သွားလိုက်သည်။

အားလုံးလိုလိုပင်စကားမပြောလိုကြ။ သူတို့က မီးဖိုထဲသို့
ဝင်လိုက်ထွက်လိုက်ဖြင့် သူတို့လိုချင်သော ပစ္စည်းများကို ယူကြ
သည်၊ ပြန်ထားကြသည်သာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မီနက်တီက အောက်ဘက်ရှိလမ်းကို စိုက်၍ ကြည့်နေသည်
ချက်ချင်း ဆိုသလို သူက ဂရေဟမ်အား လှည့်ကြည့်သည်
'ခင်ဗျားကိုကျွန်တော်ပြောရဦးမယ်။ ကလေး တယောက်ဟ
သူ့ဘာသာအလိုအလျောက် လေထဲရောက်ပြီး ပျောက်မသွ
နိုင်ဘူး။ အထူးသဖြင့်မနက်ရှစ်နာရီမိနစ်ငါးဆယ်မှာပေါ့။အဲ
ပထမအချက်အနေနဲ့ ကျွန်တော် ပြောချင်တာဖြစ်တယ်။ဒုတိ
အချက်ကတော့ အသက်ရှင်နေတဲ့ ကလေးတယောက်ကို ဝှ
ထားရတာက သေနေတဲ့ကလေးကို ဝှက်ထားရတာထက် ပို
လွယ်ကူတယ်'

သူတို့နောက်သို့ဆူဆန်ရောက်လာသည်။'ရှင်ဘာပြောတ
'အသက်ရှင်နေတဲ့ ကလေးကိုဝှက်ရတာ အသက်သေနေ
ကလေးကိုဝှက်ရတာထက် လွယ်ကူတယ်လို့ ကျွန်တော် ပြေ
နေတာ။ လူသေအလောင်း ဆိုတာက တကယ့်ကိုပြဿနာ
အထူးသဖြင့် ပူပြင်းတဲ့ရာသီမှာ ပိုလို့ ဆိုးတယ်။ အမှန်အတိ
ပြောရယင်ကျွန်တော်တို့ကရှာဖွေမတွေ့လေ အဲဒီအလောင်း
ဝှက်ထားတဲ့ လူအဖို့ ပိုလို့ပြဿနာကြီးမားလေပဲဖြစ်မယ်'

'သူ့ ကိုယ်လုံးလေးက သေးသေးလေးပါ' ဆူဆန်
ပြောသည်။

မီနက်တီကလမ်းကို လှမ်းကြည့်ပြန်သည် 'အမှန်ပြောရ
ကျွန်တော်က မနက်စောစော အရသာကိုမသိဘူး။ မန
စောစောထပြီးလမ်းလျှောက်လို့ ကျန်းမာရေးနဲ့ ညီညွတ်တ
မညီညွတ်တယ်ဆိုတာကိုလည်း မသိဘူး။ မနက်စောစော
ကျွန်တော့်အတွက်အကောင်းဆုံးအချိန်တချိန် မဟုတ်ဘူး'



ဂရေဟမ်က သူ့ကော်ဖီခွက်ကို ပြတင်းပေါက် ဘောင်ပေါ်
င်လိုက်သည်။ ဆူဆန်၏ ကော်ဖီခွက်ကိုလည်းပြတင်းပေါက်
ဘောင်ပေါ်တင်လိုက်သည်။ ထို့နောက် သူက ဆူဆန်အား
်ထားသည်။ဆူဆန်သည်သူ့ကိုမှီ၍မျက်လုံးကိုမှိတ်ထားသည်။
ခြင်းနှင့်အသံတို့ကို ကြားရခြင်းမှတပါး ကျန်အားလုံးကို
ဆန်မသိရှိတော့။

မနက်ခြောက်နာရီဆယ်မိနစ်ဖြစ်သည်။တနေ့တာ၏ပထမဆုံး
ကြိမ်အဖြစ် တယ်လီဖုန်းက မြည်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

မှောင်နေသော ဂျူစီလင်း၏ အိပ်ခန်းတွင်းသို့ အလင်းရော
စောင်ရောက်သည့် အချိန်တွင်ပင် တယ်လီဖုန်းအသံက ထွ
လာသည်။ တယ်လီဖုန်း စကားပြောခွက်ကို နားအနီးသို့တိုး
ကပ်ရန် သူရှုံ့သလိုဖြစ်မိသည်။ တညလုံးပင် သူ့နားနှင့် တယ
လီဖုန်းမှာ ထိတွေ့နေခဲ့ရသည်။ ဒုတိယအကြိမ် အသံထွ
မလာမီ ဂျူစီလင်းက တယ်လီဖုန်းကို ကမန်းကတန်း ကော
ကိုင်လိုက်သည်။ သမီးငယ် ဂျပ်စတင်းလန့်ပြီး မနိုးရန်အာ
ကြီးသည်။

'မာတီနာပြောနေတယ်။ ရှင့်ကိုအိပ်ရာက နှိုးသလိုမျ
ဖြစ်သွားသလား'

'အမယ်လေး၊ဘယ်လိုလုပ်ပြီး အိပ်နိုင်မှာတဲ့လဲ' ဂျူစီလင်း
ဖြေသည်။

'ကျွန်မလည်း မအိပ်နိုင်ဘူး' မာတီနာက ပြောသည
'ဒါကြောင့်မို့ အိပ်ရာကထပြီး မြစ်ကမ်းပါး တလျှောက်



ခဲ့တယ်။ ကျွန်မအိမ်ထဲမှာ မနေနိုင်ခဲ့ဘူး။ ဘာဖြစ်လို့လဲ
ဘော့ အလက်ဟာ အိမ်အပြင်မှာ ရှိနေတယ်လို့ ကျွန်မနား
ယ်လက်ခံထားတယ်။ အပြင်ရောက်ပြန်တော့လည်း သူတယ်
ရာမှာ ရှိနေမှန်းမသိပြန်ဘူး။ သူရှိနေမယ့် နေရာတွေဟာ
ပေါင်း ဆယ်သန်းလောက်တောင် ရှိမလားပဲ။ အပြင်မှာ
ည်း ကျွန်မကြာကြာမနေနိုင်ဘူး။ ဒါကြောင့် အိမ်ပြန်လာ
ရှင့်ဆီဖုန်းဆက်တာ။ ဘာအကြောင်းများ ထပ်ပြီးတော့
ားရသေးသလဲ'

ဂျူစီလင်းက အိပ်ရာနံဘေးရှိ စားပွဲတင်နာရီကို လှမ်းကြည့်
ည်။ ခြောက်နာရီ မိနစ်နှစ်ဆယ် ရှိပေပြီ။ 'မနေ့ကည သုံး
ခွဲကစပြီး အခုထိ ဘာသံမှမကြားရဘူး။ ဆူဆန်တယောက်
တော့ တယ်လီဖုန်း ရှိရာကိုတောင်မှ လာမပြောနိုင်တော့
တဲ့။ သူ့မိတ်ဆွေ မာဂရက်ကပဲ ဒိုင်ခံ ပြောနေရတယ်။
ဂရက်အပြောအရ ဆိုယင်တော့ သူတို့အနေနဲ့ ဘာစာခုမှ
ကြားသိရသေးဘူးတဲ့'

'ဒါနဲ့ ညတုန်းက ရုပ်မြင်သံကြားမှာ ဆူဆန်ကို ကြည့်လိုက်
းသလား။ သူပြောပုံ၊ ဆိုပုံကတော့ သိပ်ပိုင်တာပဲ'

'ဟင့်အင်း၊ ကျွန်မမကြည့်လိုက်ဘူး။ ကြားတော့ ကြားပါ
ယ်။ အဲဒီအချိန်က ကျွန်မတယ်လီဖုန်းပြောနေရတယ်။ ဒါပေ
ယ် ကျွန်မခင်ပွန်း ခရစ်က ဆူဆန်ဟာ တည်တည်ငြိမ်ငြိမ်နဲ့
င်နိုင်နိုင် ပြောနိုင်တယ်လို့ပြောတယ်'

'ဘကယ့်ကို ချီးကျူးစရာပါပဲ။ စိတ်ထိခိုက်လှုပ်ရှားနေရတဲ့
ချိန်မျိုးမှာ သူက တည်တည်ငြိမ်ငြိမ်နဲ့ စိတ်ကိုထိန်းပြီးပြော

www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်တယ်။ အင်းလေ၊တကယ်လို့ကျွန်မသာ သူ့အဖြစ်မျိုး
ကြုံတွေ့ရမယ်ဆိုယင် ရုပ်မြင်သံကြား မထုတ်လွှင့်ဘူး’
‘ဒါပေါ့။ ရှင်ဘယ်လုပ်လိမ့်မလဲ’ ဂျူစီလင်းက ပြောသည်
‘ဒါပေမယ့်တခုတော့ရှိတယ်။ အရေးအကြောင်း ကြုံကြိုက်လာ
မယ်ဆိုယင်တော့ လူတွေဟာ ရင်ဆိုင်ဖြေရှင်းကြရမှာ အမှန်ပဲ
‘ဒါနဲ့သူတို့တတွေဟာ ဂရေဟမ်ကို ည ဆယ့်တနာရီ
အထိရှာလို့ မတွေ့ခဲ့ကြဘူးဆိုတာကိုကော ရှင်ကြားခဲ့သလား
ဂျူစီလင်းကမေးသည်။
‘ကျွန်မသိတယ်။ ဆူဆန်အတွက်တော့ ဒါဟာအတော်
ရင်နာစရာ ကောင်းလိမ့်မယ်။ ဂရေဟမ်က ဘယ်ကိုရောက်
တာတဲ့လဲ၊ ရှင်သိသလား’
‘ဒါကတော့ ရှင်းနေတာပဲ။ သူကလူပွေပဲ’ ဂျူစီလင်းက
ပြောသည်။ ‘ကျွန်မတို့အနေနဲ့ ဒီကိစ္စကြောင့် ဂရေဟမ်နဲ့ထပ်
ဆက်သွယ်ထိတွေ့ရလိမ့်မယ်လို့ မမျှော်လင့်ထားပါဘူး’
‘ဟုတ်လား၊ကျွန်မတို့ကတော့ဒါကို အကြောင်းပြပြီး သူ
နှစ်ယောက် ပြန်ပေါင်းထုပ်မယ်လို့ ထင်နေကြတာ’
‘ကျွန်မပြောမယ်။ ဒီလိုလူစားမျိုး တယောက်က ဆူဆန်
ပြန်ပေါင်းထုပ်မယ် ဆိုယင်လည်း ဆူဆန်အတွက် စိတ်ချမ်း
သာယာ ရမှုက နည်းမှာဖြစ်တယ်’
‘အင်းလေ၊ ဆူဆန်အနေနဲ့ ဘာ တွေ ဆက်ပြီးတော့
လုပ်မယ်၊ ဘာတွေကို ဆက်ပြီးတော့ ရင်ဆိုင်ရမယ် ဆိုတာ
ကျွန်မတော့ မတွေးတတ်နိုင်အောင် ပါပဲ’ မာ တီ နာ က
ပြောသည်။



‘ကျွန်မ သူတို့ဆီကို ဖုန်းဆက်ဦးမယ်။ ခုလောက်ဆို သူတို့
ိုးကြရောပေါ့’ ဂျူစီလင်းကပြောသည်။
‘ဟုတ်ပြီ။ တကယ်လို့ အကြောင်းထူးမယ်ဆိုယင် ကျွန်မဆီ
ဖုန်းပြန်ဆက်ပါဦး။ ရှင့်ဆီက အကြောင်းမကြားရဘူး ဆိုယင်
တော့ ကျွန်မတို့ အစည်းအဝေးမှာ တွေ့ကြတာပေါ့၊ ဒါနဲ့
အစည်းအဝေးက မနက်ဆယ်နာရီမှာ လုပ်မှာနော်’
‘ဟုတ်တယ်။ ကျွန်တဲ့ လူတွေ ကိုလည်း အကြောင်းကြား
လိုက်ပါဦး၊ အစည်းအဝေးမှာရှင့်ကို ကျွန်မတွေ့မယ်’

နံနက်ပိုင်းထုတ် သတင်းစာ များတွင် အလက် ပျောက်ဆုံးမှု
သတင်းများပါလာသည်။ သတင်းစာတို့က မျက်နှာဖုံးတွင်
အလေးပေး ဖော်ပြကြသည်၊ အမေရိကန်မှတ်တမ်း အမည်ရှိ
သတင်းစာက ရယ်နေသော အလက်၏ဓာတ်ပုံကို စာမျက်နှာ
တစ်တွင် မျက်နှာပြည့်ဖော်ပြသည်။ သတင်းဌာနသုံးခုက မနက်
ပိုင်း သတင်းထုတ်လုပ်မှုအစီအစဉ်တွင် အလက်၏အကြောင်းကို
ဖော်ပြကြသည်။ လူပေါင်း ဆယ့်ရှစ် သန်း ခန့် မှာ အလက်၏
အကြောင်းကိုဖတ်ယင်း နံနက်စာ စားသုံးကြသည်။
သူ၏ မီးဖိုခန်းထဲသို့ မိနက်တီက ဝင်လိုက်သောအခါ ...
ပေါ်ရှိ ရုပ်မြင်သံကြားငယ်ကို သူ၏ဇနီးက ဖွင့်ထားကြောင်း
တွေ့ရသည်။ သူ့ ကလေးသုံးဦးဖြစ်သော ယူဂျင်း၊ ...
ရောဘာတာ တို့က နံနက်စာ စားယင်း ရုပ်မြင်သံကြားကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသည်။ အသက်ဆယ့်ခြောက်နှစ်ရှိမာကိုက ဧည့်ခန်းထဲတွင်ကော်ဖီထိုင်သောက်ယင်း အမေရိကန်မှတ်တမ်း သတင်းစာကိုဖတ်နေသည်။ သူတို့ အားလုံးကပင် ဖခင်အား နှုတ်ဆက်ကြသည်။

မိနက်တီက သူ့ ဇနီးကို နှုတ်ဆက် အနမ်း နမ်းလိုက်သည်။ ကလေးများကိုလည်း တဦးချင်း ကပျာကယာပင် လိုက်နမ်းသည်။ ထို့နောက်သူက အပေါ်ထပ်သို့တက်ကာ ရေချိုးသည်။ မုတ်ဆိတ်မွေး ရိတ်သည်။

အပေါ်ထပ် ရေချိုးခန်းမှနေ၍ ကျောင်းသို့ ထွက်သွားကြသော သူ့ ကလေး လေးဦးကို မိနက်တီက တွေ့သည်။ သူတို့လေးဦးက ကျောင်းကားလာရောက်မည့် လမ်းထောင့်ရှိရာသို့ သွားနေကြသည်။

အောက်ထပ်သို့ပြန်ဆင်းလာသောအခါ သူ့ ဇနီးက ကော်ဖီ ထည့်ပေးသည်။ 'မနက်စာ စားဦးမလား' ဇနီးကမေးသည်။

မိနက်တီက ခေါင်းယမ်းပြသည်။ ထို့နောက် ချက်ချင်းပင် 'အေးစားမယ်' ဟုပြောသည်။

ဇနီးဖြစ်သူက သူ့အတွက်နံနက်စာကို ပြင်ဆင်ပြီးလာရောက်ချပေးသည်။ သူကိုယ်တိုင် အတွက်လည်း ကော်ဖီတခွက်ကို ယူကာ ခင်ပွန်းသည်နှင့် မျက်နှာချင်းဆိုင်တွင် လာရောက်ထိုင်သည်။ ထို့နောက်ခင်ပွန်းအားစိုက်၍ ကြည့်နေသည်။ ထိုသို့သော အမူအရာကို မိနက်တီ ကောင်းစွာနားလည်သည်။ မိသားစု၏ အရေးအခင်းများကို လျစ်လျူရှု၍ အလုပ်များမည်ဆိုလျှင် ဇနီးက မကျေမနပ်ဖြစ်သည်။



'သတင်းဖတ်ပြီးပြီလား' သူကမေးသည်။

ဇနီးကခေါင်းညိတ်ပြသည်။ 'ကလေးရဲ့ဓာတ်ပုံ ကိုလည်း သူတို့က ဖော်ပြထားကြတယ်'

'သူဟာ ယူဂျင်းထက် လနည်းနည်းပဲငယ်တယ်' သူက သက်ပြင်းချပြီး ကော်ဖီခွက်ကို စိုက်၍ကြည့်နေသည်။

'ကလေးအမေရဲ့ အခြေအနေကော ဘယ်လိုလဲ' ပတ်မီနက်တီက မေးသည်။

'ကလေးအမေရဲ့ အခြေအနေက ကောင်းပါတယ်' သူက စဉ်းစဉ်းစားစားပင်ပြောသည်။ 'ဆူဆန်က သူ့စိတ်ကို တကယ် ထိန်းနိုင်တာပဲ' သူက အတန်ကြာအောင် တွေဝေသွားသည်။ ထို့နောက်မှ 'ဘုရားသခင် ဒီကိစ္စဟာလူသတ်မှုပဲ' ဟုပြောသည်။

'သူ့အသတ်ခံရတယ်လို့ ရှင်ယူဆထားသလား'

'ဟင့်အင်း၊ အမှန်ပြောရယင်တော့ ကိုယ့်အနေနဲ့မသိသေးဘူး။ ညကပဲ အမှားတခုနဲ့ ကြုံတွေ့ခဲ့ရတယ်။ ကွာရှင်းပြီးသားဖြစ်တဲ့ ကလေးရဲ့အဖေကို တွေ့အောင်ရှာဖို့ ကိုယ်ကလူအများအပြားကို တာဝန်ချထားပေးခဲ့တယ်။ သူ့ခင်ပွန်းဟောင်းကို ရှာဖွေဖို့ လူတွေအများကြီး မလိုပါဘူးလို့ ဆူဆန်ကကိုယ့်ကို ပြောခဲ့သား။ တကယ်တော့ သူပြောတာမှန်တယ်။ ဒါပေမယ့် သည်း ကိုယ်ကဘာတတ်နိုင်မှာတဲ့လဲ။ လုပ်စရာရှိတယ် ထင်တာကို မြန်မြန်လုပ်ရမှာပဲ'

'တကယ်လို့ ဒီကလေးနဲ့ ပတ်သက်ပြီး တစုံတရာဖြစ်မယ်ဆိုယင်တော့ အဲဒီဖြစ်ပေါ်မှုဟာ ကမ္ဘာပေါ်မှာ အဆိုးရွား

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်လိမ့်မယ်။ နောက်ပြီးတော့လည်း ရှင့်မှာက ကလေး ခုနစ်ယောက်တောင် ရှိနေတာ။ ဒီတော့ ဟိုကလေးနဲ့ ယှဉ်ပြီး စိုးရိမ်စရာရှိလို့ စိုးရိမ်ရမယ်ဆိုယင် ခုနစ်ဆတိုးပြီး စိုးရိမ်ရလိမ့်မယ်၊ အဲဒါကို ရှင်သဘောပေါက် လက်ခံထားရဲ့လား'

'မင်းကိုယ်တိုင်ကရော လက်ခံထားရဲ့လား' သူကမေးသည်။

'ဒါတော့ ကျွန်မမသိဘူး' ပတ်ကဖြေသည်။ 'ဒါပေမယ့်လည်း ညတုန်းက ရုပ်မြင်သံကြားမှာ သူ့ စိတ်ကို ဘယ်လိုထိန်းပြီးတော့ ပြောဆိုသရုပ်ဆောင်ခဲ့တယ် ဆိုတာကို ကျွန်မ နားမလည်နိုင်ခဲ့ဘူး။ တကယ်လို့များ ကျွန်မသာဆိုယင်တော့ အဲဒီလို မလုပ်ဘူး'

မီနက်တီက ကော်ဖီကို မော့သောက်လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။ သူ့ ဇနီးကလည်း ထိုင်ရာမှထသည်။ ထို့နောက် သူ့ ဆီသို့လာကာ နှုတ်ဆက်အနမ်း နမ်းသည်။

'ဒီနေ့ ရှင့်အစီအစဉ်ကကော'

သူကခေါင်းယမ်းပြသည်။ 'ကိုယ့်အနေနဲ့ မြို့ထဲကို ဆယ်နာရီမှာ အရောက်သွားရမယ်။ အိမ်နီးနားချင်း မိဘတွေ၊ မိတ်ဆွေတွေ၊ စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်တွေနဲ့တွေ့ပြီးတော့ သူတို့အနေနဲ့ ဘာတွေကူညီနိုင်မယ် ဆိုတာကို ဆွေးနွေး ဆုံးဖြတ်ကြမယ်။ သူတို့ရဲ့အကူအညီကို ရနိုင်လိမ့်မယ်လို့ ထင်တယ်။ ဒီနောက်တော့ ရရှိနိုင်စရာရှိမယ့် သတင်းတွေကို ထိုင်စောင့်ရမှာပဲ' ဇနီးသည်အားကြည့်၍ မီနက်တီက သက်ပြင်း ချလိုက်သည်။ 'ဒီကိစ္စဟာ ပြန်ပေးဆွဲတဲ့ကိစ္စ ဖြစ်ပါစေလို့ ညကတညလုံး



ကိုယ်ဆုတောင်းခဲ့တယ်။ ကလေးကိုသတ်တဲ့ သူတွေနဲ့ မကြုံတွေ့တန် ကောင်းပါဘူးလို့ ကိုယ်ယုံကြည်ထားတယ်။ လောလောဆယ်မှာတော့ ကိုယ့်အနေနဲ့ မတွေ့ချင်ဆုံး ပုဂ္ဂိုလ်ဟာ ကလေးသတ်သမားပဲ ဖြစ်တယ်' သူ့ ဇနီးက ခေါင်းညိတ်ပြသည်။ 'ထူးခြားမယ်ဆိုယင်တော့ မြို့ထဲမှာပဲ ကိုယ်ဆက်နေရလိမ့်မယ်။ မထူးခြားဘူးဆိုယင် ညစာစားဖို့အတွက် အိမ်ကို ကိုယ်ပြန်လာမယ်'

www.burmeseclassic.com

www.burmeseclassic.com

ဆူဆန်၏ ညှော်ခန်းသို့ ဝင်လိုက်မိသည့်အခါ မီနက်တီမှာ တွေ့လိုက်ရသော မြင်ကွင်းကြောင့် အံ့ဩခြင်း ဖြစ်မိရသည်။

အလက်ပျောက်ဆုံးမှုနှင့် ပတ်သက်၍ ကျင်းပမည့် တွေ့ဆုံ အစည်းအဝေးသို့ လူတစုခန့်သာ တက်ရောက် လိမ့်မည်ဟု မီနက်တီ မျှော်လင့်ထားခဲ့မိသည်။ သို့သော် ယခုအခါတွင်မူ ရာနှင့် ချီ၍ ရှိနေသော ကျောင်းသားမိဘများ၊ ဆူဆန်တို့၏ အိမ်နီးချင်းများ၊ စေတနာ့ဝန်ထမ်း ကူညီလိုကြ သူများကို တွေ့လိုက်ရ၏။ သူတို့အားလုံးကပင် သူ့အလာကိုငြိမ်သက်စွာ ဖြင့် စောင့်ဆိုင်းနေကြကြောင်း မီနက်တီ တွေ့ရသည်။

ဆူဆန်အနေဖြင့်မူ ဤမျှများပြားသောလူများ ရောက်လာခြင်းအတွက် အံ့ဩရမည်လော၊ သို့မဟုတ် မအံ့ဩပဲ နေရမည်လောဆိုသည်ကို မဆုံးဖြတ်နိုင်အောင် ဖြစ်နေရသည်၊ မည်သို့ပင် ဖြစ်စေ သူ့အိမ်အတွင်းတွင် ဤမျှများပြားသော လူများ ရောက်လာခြင်းအပေါ် ဆူဆန်က မယုံကြည်နိုင်အောင်မူရှိနေ



ရသည်။ သေချာသည်မှာကား အကယ်၍ ယခု ရောက်လာကြသည့် ကျောင်းသားမိဘများထဲမှ တဦးဦး၏ ရင်သွေးငယ် တယောက်ယောက် ပျောက်ဆုံး၍ ယခုကဲ့သို့သော တွေ့ဆုံ ဆွေးနွေးပွဲမျိုး ကျင်းပမည်ဆိုလျှင် ထိုတွေ့ဆုံ ဆွေးနွေးပွဲသို့ သူတက်ရောက်မည်ဖြစ်ကြောင်း ဆူဆန်က ဆုံးဖြတ်ထားသည်။ သူ့သဘောထားကို ရောက်လာကြသူများအား ပြောပြရန် သင့်မသင့် ဆူဆန်က စဉ်းစားသည်။ သူ့ သဘောထားကို ရောက်လာကြသူများ သိထားပြီး ဖြစ်နေကြမည် လားဟု စဉ်းစားသည်။ သူတို့သိရှိကြလိမ့်မည်မဟုတ်။ ထိုသို့မသိရှိသောကြောင့်လည်း ယခုကဲ့သို့ အစည်းအဝေးသို့ ရောက်လာကြခြင်း ဖြစ်ကြသည်။ အစည်းအဝေးသို့ သူတို့ရောက်လာ ကြခြင်းမှာ ဆူဆန်အတွက်မဟုတ်၊ သူတို့အတွက်နှင့် သူတို့၏ ရင်သွေးများ အတွက် ရောက်လာကြခြင်းသာ ဖြစ်သည်။

အလက်နှင့်ပတ်သက်၍ မည်သို့ဖြစ်ပျက်ကြောင်း မသိရှိရသမျှ ကာလပတ်လုံး သူတို့၏ရင်သွေးများထဲမှ မည်သူသည် အလက်ကဲ့သို့ ကြုံတွေ့ရလိမ့်မည်ဆိုခြင်းကို သိရှိကြလိမ့်မည် မဟုတ်။

မီနက်တီရောက်လာသောအခါ ဆူဆန်က ဂျူစီလင်း၏ အနီးတွင် ထိုင်နေရာမှ ရပ်လိုက်သည်။ မီနက်တီမရှိစဉ် ကာလအတွင်း ဆူဆန် မတည်မငြိမ်ဖြစ်ခဲ့ရသည်။အေးအေးဆေးဆေး ထိုင်၍ပင် မနေနိုင်လောက်အောင် စိတ်လှုပ်ရှား ခဲ့ရသည်။ အကယ်၍ တယ်လီဖုန်းလာလျှင် သူနှင့်မတွေ့မည်ကို စိုးရိမ်သောကြောင့် သာလျှင် ဆူဆန်က ဤအိမ်တွင် အောက်လက်

www.burmeseclassic.com

www.burmeseclassic.com



နေခြင်းဖြစ်သည်။ သို့မဟုတ်ပါက ဤအိမ်မှ ထွက်သွားလို
သည်။သို့သော်လည်း ယခုအချိန်ထိလာသည့်တယ်လီဖုန်းတို့မှာ
စာနယ်ဇင်းများနှင့် သတင်းစုံစမ်း မေးမြန်းသူတို့ ထံမှသာ
ဖြစ်သည်။ အလက်နှင့်ပတ်သက်၍သတင်းပေးသူတို့ထံမှမဟုတ်
ထို့အပြင် စိတ်ဝင်စားသူတို့ထံမှ လာသည့် တယ်လီဖုန်းတို့က
လည်း အများအပြားပင်ဖြစ်သည်။ ဥပမာအားဖြင့် အောက်ပါ
ဆက်သွယ်မှုမျိုး ဖြစ်သည်။

'ဟယ်လို၊ ပျောက်သွားတဲ့ကလေးရဲ့ မိခင်နဲ့ တွေ့ပါရစေ'

'မစ္စစ်ဆယ်ကီနဲ့ စကားပြောပါရစေ'

'ကျေးဇူးပြုပြီးကလေးအမေနဲ့ မြန်မြန်တွေ့ပါရစေ။အရေး
ကြီးတဲ့သတင်း ပေးစရာရှိလို့ပါ' (အသံမှာ တဖြည်းဖြည်း
တိုးသွားသည်)

တကြိမ်တွင်မူ အချိန်သိပ်မရှိပါ။ ကလေးမိခင်နှင့် မြန်မြန်
တွေ့ပါရစေဆို၍ ဆူဆန် တယ်လီဖုန်းကို ကောက်ကိုင်ခဲ့သည်

'ဟုတ်ကဲ့၊ ကလေးမိခင် ပြောနေပါတယ်' ဆူဆန်က
မော့ကြည့်လိုက်သောအခါ သူ့မျက်နှာရိပ်မျက်နှာကဲကို အက
ခတ် စောင့်ကြည့်နေသည့် ရဲအရာရှိတဦးအား တွေ့ရသည်

'ကောင်းပြီ၊ မြန်မြန်ပဲပြောမယ်၊ ပြောတာကို ကြားတယ်
မဟုတ်လား' ဆူဆန်က ကြားပါတယ်ဟု ဖြေခဲ့သည်။

'ကဲ၊ နားထောင်၊ ခင်ဗျားကြားတယ်နော်။ ကျွန်တော်
တိုးတိုးပဲပြောမယ်။သူတို့တတွေမကြားစေချင်လို့ပါ။ခင်ဗျားတို့
လမ်းထဲကအိမ်နံပါတ် ၂၁၁ မှာ ရက်သတ္တပတ်ပေါင်းများစွာ
မီးရောင်တွေလင်းနေခဲ့တယ်။ ညဘက်ဆိုယင်လည်း ညဥ့်နက်



...အောင် မီးရောင်တွေ ရှိနေတယ်။ မီးရောင်ကလည်း အဖြူ
...ရောင် ဖြစ်ခဲ့တယ်။ ဒါပေမယ့် အခုတော့အစိမ်းရောင်ဖြစ်သွား
... ကျွန်တော် မအိပ်သေးဘူးဆိုတာကို သူတို့ မသိကြဘူး။
...နိတော်က ညဘက်မှာ ပန်းချီရေးဆွဲလေ့ရှိတယ်။ သူတို့ဟာ
...မှောင်ထဲကို လှမ်းလို့မြင်နိုင်ကြမယ်။ ဒါပေမယ့် သူတို့က
...တင်းစုဆောင်းရေးမှာ ညံ့ကြတယ်။ လမ်းထဲမှာ ရှိတဲ့လူတိုင်း
...လိုပဲ အိပ်ပျော်နေကြပြီလို့ ထင်နေခဲ့ကြတယ်။ ဒါပေမယ့်
...တန်းကတော့ ကျွန်တော် မအိပ်သေးဘူးဆိုတာကို သူတို့
...မိသွားကြပုံရတယ်။ ကျွန်တော့် ဝန်းကျင် အမှောင်ထဲကို
...တို့ရောက်လာကြတဲ့ အနံ့တွေ ကျွန်တော်ရခဲ့တယ်။ တကယ်
...များ....'

'ခွင့်ပြုပါရှင်။ ရှင့်ရဲ့အမည်နဲ့လိပ်စာကိုသိပါရစေ'

'နေပါဦး' အသံရှင်က လေသံဖြင့်အရေးတကြီးဆက်လက်
...ပြောပြန်သည်။ 'ကျွန်တော်ပြောမယ်နားထောင်။မနေ့ညတုန်း
...တော့ အခြေအနေက လှုပ်လှုပ်ရှားရှားရှိခဲ့တယ်၊ ရှန်းကန်မှု
...ကို တွေ့ခဲ့ရတယ်။ သူတို့ရဲ့ပြတင်းပေါက်ကနေတဆင့် တွေ့
...တဲ့ မီးရောင်တွေဟာလည်းပဲ မငြိမ်မသက် ဖြစ်နေကြတယ်။
...ရောင်တွေကလည်း ခရမ်းရောင်တွေ။ ကလေးတယောက်ရဲ့
...အော်သံကို ကျွန်တော် ကြားလိုက်ခဲ့ရတယ်။ အဲဒီအချိန်မှာပဲ
...တို့ကိုကျွန်တော် စောင့်ကြည့်နေခဲ့တယ်ဆိုတာ သူတို့ ရိပ်မိ
...သွားပုံရတယ်။ သူတို့ဘာလုပ်နေကြတယ်ဆိုတာကို ကျွန်တော်
...ကြောင်း သူတို့ သိသွားပုံရတယ်။ ဒီနောက်တော့....

www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိက ဆူဆန်၏ လက်ထဲမှတယ်လီဖုန်းကို ဆွဲယူကာ ခဏကြာအောင် နားထောင်သည်။ ထို့နောက်သူက 'အ ပြောနေတာ မစ္စတာ ဗုံးစတီးလား။ .... ဟုတ်ပြီ၊ ဟုတ်ပြီ... ကျွန်တော် နားလည်ပါတယ်။ ဟုတ်ကဲ့....။ ဒါဖြင့်ယင် အဲ မကောင်းဆိုးဝါးတွေနဲ့ကျွန်တော်တို့ဆက်သွယ်ပါ့မယ်။သူတို့ ခင်ဗျားကို ဘယ်လိုမှ ထိခိုက် ဒဏ်ရာရအောင် မလုပ်ကြဘူး မဟုတ်လား၊.... ကောင်းပါပြီ'

ရဲက တယ်လီဖုန်းကို ပြန်ချလိုက်သည်။ ချက်ချင်းဆိုသလိုပ တယ်လီဖုန်းက မြည်လာပြန်သည်။ ဆူဆန်က တယ်လီဖုန်းကို မကိုင်တော့။ ရဲအရာရှိကိုသာ ဖြေကြားစေသည်။

ဆူဆန်က ပြတင်းပေါက်နံဘေးတွင် သွားရောက်ထိုင်သည်။ နံနက်ရှစ်နာရီထိုးပြီးကတည်းက တလမ်းလုံး ရဲများ၊ စုံထောက် များဖြင့် ပြည့်နှက်နေသည်။ ရဲတို့ကိုကြည့်ယင်းသူတို့အနေဖြင့် ရည်မှန်းချက်တိတိကျကျဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်နေခြင်း မဟုတ်ကြောင်းဆူဆန်ရိပ်မိသည်၊ တယောက်လုပ်သောကိစ္စကို တခြားတယောက်က ထပ်မံဆောင်ရွက်နေသည့်သဘောမျိုးကို တွေ့ရသည်။

စိတ်ကိုထိန်းစမ်းဟု ဆူဆန်ကကိုယ့်ကိုယ်ကိုယ်ပြောခဲ့သည်၊ စိတ်ကိုဆက်ပြီးထိန်းထား၊ မကြာခင် မီနက်တီပြန်ရောက်လာ လိမ့်မယ်။ ကူညီမယ့် မိတ်ဆွေများ ရောက်လာ ကြလိမ့်မယ်၊ ထိုအခါတွင် အခြေအနေနှင့် အကြောင်းအရာတို့ ပြောင်းလဲ လာပေလိမ့်မည်။



'သူတို့ကတော့ အံ့သြစရာပဲ' အခန်းတွင်း ရောက်နေကြသူ များကိုကြည့်၍ ဆူဆန်က မီနက်တီအားဆီးကြိုပြောသည်။

ရောက်နေကြသူများကို မီနက်တီက အကဲခတ် ကြည့်သည်။ ရှေ့ရှိ ဆိုဖာပေါ်တွင် နှစ်ယောက်တွဲပြီး တည်တည်ငြိမ်ငြိမ် နေကြသူ အမျိုးသမီး နှစ်ဦးကို တွေ့ရသည်။ သူတို့မှာ ချသည်များဖြစ်နိုင်သည်၊ အမျိုးသမီး အများအပြားတို့မှာ မေရိကန် စစ်သားများကဲ့သို့ ဆံပင်များကို တိုတိုပင်ညှပ် ထားကြသည်။ ဂျင်းဘောင်းဘီများကို ဝတ် ထား ကြ သည့် အမျိုးသမီးများကိုလည်းတွေ့ရသည်။ အမျိုးသမီးများနှင့်အတူ အမျိုးသားတို့ကိုလည်း တွေ့ရသည်။ အမျိုးသား တဦးမှာ သပ်ရပ်စွာဝတ်ဆင်ထားသည်။ သူ့ကို မီနက်တီ ကောင်းစွာ သည်။ သူ့ဇနီးမှာ ရှေ့နေဖြစ်သည်၊

ရေဟမ်က အခန်းကိုဖြတ်၍ဆူဆန်ထံသွားသည်။ 'ဒီကိစ္စကို ကပဲပြောမလား၊ ဒါမှမဟုတ် ကိုယ်ကပဲ ပြောရမလား' ကိုယ်ကိုကိုင်းညွတ်၍ လေသံဖြင့် မေးသည်။

ရှင်ပဲပြောပါ'

ရေဟမ်က ဆူဆန်၏ ပခုံးကို လှမ်းပုတ်လိုက်ပြီး ကိုယ်ကို တ်ရပ်လိုက်သည်။ ထို့နောက် အခန်းတွင်းရှိ လူများကို နာချင်းဆိုင်ကာ လည်ချောင်းကို ရှင်းလိုက်သည်၊ သူက င်းဟန့်သံပြု လိုက်သည်။

ခုံထောက် မီနက်တီ ရောက်လာပါပြီ။ ကျွန်တော်တို့ င်ပါပြီ။ ပထမဆုံး ကျွန်တော် ပြောလိုတာ ကတော့ ရောက်လာကြတဲ့အတွက် အားလုံးကို ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ပါတယ်။ ခုလိုရောက်လာကြတာကို တွေ့လိုက်ရ
အတွက် ဆူဆန်နဲ့ကျွန်တော်တို့ နှစ်ယောက်စလုံး အင်မတ
စိတ်အားတက်ခဲ့ရပါတယ်။ အားလုံးလိုလိုကို ကျွန်တော်
ပြောခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့ရဲ့သားလေး ပျောက်ဆုံး
ပတ်သက်ပြီး ခုချိန်ထိ ကျွန်တော်တို့ဘာမှ ရေရေရာရာ မ
ကြရသေးပါဘူး။ ဆူဆန် မင်းအနေနဲ့ ဘာများ ပြောချင်သေ
သလဲ'

'ကျေးဇူးတင်....ကျေးဇူးတင်ကြောင်းကိုပဲပြောလိုပါတယ
ကုလားထိုင်တွင်ထိုင်ယင်း ဆူဆန်ကပြောသည်။

'ခင်ဗျားတို့မှာ မေးခွန်းတွေ မေးစရာရှိမယ်လို့ ကျွန်တေ
ယုံကြည်ပါတယ်။ မေးစရာရှိယင်မေးကြပါ။ မီနက်တီက ဖြေ
ပါလိမ့်မယ်' ဂရေဟမ်က ထိုင်စရာကုလားထိုင်ကို ရှာလိုက်
တွင်ပင် မီနက်တီက ထိုင်ရာမှ ထလိုက်သည်။

တက်ရောက်လာကြသူမျာ းသိလိုကြသည်မှာကား သူတို့
ရင်သွေးများ အန္တရာယ်ရှိမရှိဆိုခြင်းပင် ဖြစ်သည်။ သို့သေ
လည်း ထိုအကြောင်းကို မည်သူမျှ မသိရှိပေ။သူတို့သိချင်သေ
အကြောင်း မသိရသည့်အခါတွင် တက်ရောက်လာကြသူမ
အနေဖြင့် မကျေမနပ်ဖြစ်ကြသည်။

'အခုဖြစ်တဲ့ကိစ္စမှာ အလက်ကို သိနေတဲ့ လူတယောက်
ကျူးလွန်တာဖြစ်ကြောင်း ရှင်တို့ အနေနဲ့ သတ်မှတ်ချင်
သလား' ကချေသည်တဦးက မေးသည်။

'အမှန်ပြောရယင်တော့ ခုကိစ္စကို ရာဇဝတ်မှု အနေနဲ့
တောင်မှ မပြောနိုင်သေးပါဘူး' မီနက်တီက ဖြေကြားသ



အလက်ဟာ ပျောက်ဆုံးနေတာဖြစ်ယင်လည်း ဖြစ်မယ်။ ဒါမှ
တ် အိမ်ကနေ သူ့သဘောဆန္ဒအတိုင်း ထွက်ပြေးသွားတာ
င်လည်း ဖြစ်ကောင်းဖြစ်မယ်'

'ရှင့်ထင်မြင်ချက်တွေကို ပြောပြနေတာလား' မိခင်တဦးက
ပြတ်သားသားပင် မေးသည်။

'မဟုတ်ပါဘူး။ ကျွန်တော်ပြောနေတာက ကျွန်တော်တို့
ယ်တိုင် ဘာရယ်လို့တိတိကျကျ မသိရသေးတဲ့အကြောင်းပဲ
ပါတယ်' စူးရှသော မျက်လုံးရာပေါင်းများစွာက မီနက်တီ
း စိုက်ကြည့်နေကြပေသည်။ မီနက်တီက သူ့စကားကို
က်သည်။ 'ကျွန်တော်တို့မှာ သံသယဖြစ်စရာတွေတော့ ရနေ
ပြီ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အမှောင်ထဲမှာ လုံးဝ
က်နေရတာတော့ မဟုတ်ပါဘူး။ ဒီအမှုနဲ့ ပတ်သက်ပြီး
က်ပိုလို့ ကျွန်တော်မပြောလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့
တင်းစာတွေကို ကြောက်လို့ပါ။ တခုတော့ပြောနိုင်ပါတယ်။
ကိစ္စမြန်မြန်ပြီးပြတ်သွားနိုင်အောင်လို့ ကျွန်တော်တို့ လုပ်ကိုင်
ဆောင်ရွက်သွားနိုင် ကြပါလိမ့်မယ်။ အားလုံး သိရှိအောင်
နှ်တော် တခုကိုလည်း ထပ်ပြီးပြောပါရစေ။ဒီလို အသက်ငယ်
ကလေးမျိုးတယောက် ခြေရာခံလို့မရအောင်ပျောက်သွား
ာမျိုးကို ကျွန်တော်တို့ဌာနအနေနဲ့ တကြိမ်မှ မကြုံတွေ့ခဲ့ရ
ဘူး'

အထက်ပါအချက်အလက်တို့ကို မီနက်တီက ခိုင်ခိုင်မာမာ
ပြောဆိုလိုက်ခြင်းဖြစ်သည်။ သူပြောဆိုခဲ့သည့် အချက်များ
ပတ်သက်၍ ဝေဖန်ကန့်ကွက်သူများ၊ သို့မဟုတ် ပံ့ဆင့်

www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းသူများရှိနေမည်လားဟု စောင့်ကြည့်သည်။ သို့သော် မည်သည့်အသံမျှ ထွက်မလာ။

'နောက်ပြီး အားလုံး သိထားအောင်လည်း ကျွန်တော် ပြောချင်ပါတယ်။ ကျွန်တော်တို့ ဌာနအနေနဲ့ ဒီကိစ္စကို ပေါ့ပေါ့တန်တန် မဆောင်ရွက်ပါဘူး။ အလက် တယောက် ဘာဖြစ်တယ်ဆိုတာကို မသိရမချင်း ကျွန်တော်တို့ရဲ့ စုံစမ်းမေးမြန်း ဆောင်ရွက်နေတာတွေကို ရပ်မပစ်ဘူး။ကျွန်တော်တို့ ဌာနကို ရောက်ရှိလာတဲ့သတင်းအမျိုးမျိုးအပေါ်မှာ အခြေတည်ပြီး ဒီခြောက်နှစ်သားလေးကို ပြန်လည်မတွေ့တွေ့အောင် ကျွန်တော်တို့က ရှာဖွေကြပါမယ်'

ဆူဆန်မသိသော ဂျီစီလင်းနှင့်လိုက်ပါလာသူ အမျိုးသားက မေးခွန်းတခုမေးသည်။ 'အလက်ဟာ အိမ်က ထွက်ပြေးသွားတယ်ဆိုတာ ခင်ဗျားတို့ကအသေအချာပဲ ကောက်ချက်လက်ခံထားကြသလား' အခြေအနေအရ ရဲတို့နှင့် အိမ်နီးနားချင်းတို့ အကြား တင်းမာမှု ဖြစ်ပေါ်လာစရာ ရှိလာသည်

မီနက်တီ၏ကိုယ်လုံးမှာ တောင့်တင်းသွားသည်။ 'ဒီလိုပါ ကျွန်တော်ပြောခဲ့တာကို ကျေးဇူးပြုပြီး နားလည်စေချင်တယ် ကျွန်တော်ပြောခဲ့တာက ကျွန်တော့် ရာထူးအရ ပြောခဲ့ခြင်းဖြစ်ပါတယ်။ အဖြစ်အပျက်အမှန်ကို အတိအကျ မသိရသေးတဲ့ကာလမှာ ကျွန်တော်တို့က ဖြစ်နိုင်တာတွေကို လက်ခံစဉ်းစားသွားကြရမှာ ဖြစ်တယ်။ ဒါပေမယ့်လည်း အလက်ဟာ ကလေးတယောက်....'



'မီနက်တီ ရှင့်' ဆူဆန်၏မိတ်ဆွေ မာတီနာက မေးသည်။ 'ကယ်လို့ များ ရှင့်အနေနဲ့ ဟောဒီဝန်းကျင်မှာရင်သွေးငယ် တယောက်ကို မွေးမြူထိန်းသိမ်းရမယ် ဆိုယင် အိမ်ပြန်ပြီး ဒါကို ဘယ်လိုပြောပါမလဲ'

ထိုမေးခွန်းမျိုး အမေးခံရလိမ့်မည်ဟု မီနက်တီက မျှော်လင့်ထားသည်။ ထို့ကြောင့် သူ့တွင် အဖြေက အသင့်ရှိနေသည်။

'ကျွန်တော့်မှာရှိပါတယ်။ ကျွန်တော်က ကလေးငယ် ထိတ်လန့်ထကြားရအောင် မလုပ်ပါဘူး။ ကျွန်တော့်ရင်သွေးကို လူစိမ်းသူစိမ်းတွေနဲ့ ပတ်သက်လို့ ကြိုတင်ပြောထားပါမယ်။သူတို့ရဲ့ နေ့စဉ်သွားလာလှုပ်ရှားမှုကို ကျွန်တော်ကိုယ်တိုင် ကြီးကြပ်မယ်'

'ဆိုလိုချင်တာက....' 'ခင်ဗျား ပြောချင်တာက ဘာလဲ' 'ခင်ဗျားဆိုလိုချင်တဲ့ စကားကဘာလဲ' များစွာသော အသံတို့ထွက်ပေါ်လာသည်။

'ဒီလိုပါ။ ကျွန်တော်ဆိုလိုချင်တာက အခု အလက်ကိစ္စမှာ ဘာတွေဖြစ်တယ်ဆိုတာ အတိအကျမသိရသေးပဲနဲ့ ရင်သွေးငယ် တယောက်ကို လူကြီးအုပ်ထိန်းမှု မပါပဲ အိမ်အပြင်ကို ထွက်စေဖို့ဖြစ်ပါတယ်'

'ရင်သွေးငယ်ဆိုတာက ဘယ်ကာလအပိုင်းအခြားကို ဆိုလိုတာလဲ'

'ကျွန်တော့်အနေနဲ့ ပြောရယင်တော့ အသက် ဆယ့်နှစ်နှစ်အောက်ကို ဆိုလိုတာဖြစ်တယ်'

ထိုသို့ပြောလိုက်ပြီးမှသူ့စကားမှာ လွန်စွာတိကျအသေးစိတ်လွန်းသွားမှန်း မီနက်တီနားလည်မိသည်။ ဘယ့်အတွက်အသက်

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်နှစ်အောက်သို့ဆိုရသနည်း၊ ဘယ့်အတွက် အသက်ရှစ်နှစ် မဖြစ်သနည်း၊ ဘယ့်အတွက် အသက် နှစ်ဆယ်ဟုမသတ်မှတ်သနည်း၊ မည်သို့သော အကြောင်းကြောင့် ဆယ့်နှစ်နှစ်အောက် ဟု ဆိုရ သနည်း စသည့် မေးခွန်းများ မေးလာနိုင်သည်။ သို့သော် မည်သူမျှမမေး၊ မေးခွန်းများ အစား ဂရေဟမ်ကပြောသည်။ 'ဒီကိစ္စမှာ ကျွန်တော်တို့ကို အကူအညီပေးနိုင်ကြမယ်ဆိုယင် ဒီမှာတက်လာကြသူ အများအပြားဟာ စိတ်သက်သာရာ ရကြမှာဖြစ်တယ်'

'သိပ်ပြီးတော့ မှန်ကန်ပါတယ်' မီနက်တီက ပြောသည်။ 'အမှန်ပြောရယင်တော့ ခင်ဗျားတို့အားလုံးရဲ့ အကူအညီကို မလိုအပ်သေးပါဘူး။ ဒီမှာတက်လာကြတဲ့ သူတွေထဲက တဝက်ရဲ့ အကူအညီကို ရမယ်ဆိုယင်ပဲ လုံလောက်ပါပြီ'

အခန်းဝတွင်ရှိနေသောရဲအရာရှိတဦးက လက်ကမ်းကြော်ငြာ စာရွက်များကိုယူပြီး မီနက်တီထံလာသည်။ မီနက်တီက စာရွက်များကိုယူကာ စာရွက်တရွက်ကိုအများမြင်သာအောင် ထောင်ပြလိုက်သည်။

စာရွက်ထဲတွင် အလက်၏ ဓာတ်ပုံနှစ်ပုံ ဖော်ပြထားသည်။ တပုံမှာ ထီရှပ် အင်္ကျီလေးဖြင့် ရယ်ပြုံးနေသည့် ပုံဖြစ်သည်။ အခြားပုံတပုံမှာလည်း ဘေ့စ်ဘောဦးထုပ်လေးကိုကိုင်ထားပြီး ပြုံးနေသည့် ပုံပင်ဖြစ်သည်။ ပုံများ၏ အောက်တွင် အလက် ဝတ်စား သွားခဲ့သည့် အဝတ်အစား၊ အသက်၊ အရပ်၊ ကိုယ်အလေးချိန်နှင့် ပျောက်ဆုံး သွားခဲ့သည့် နေရာနှင့် အချိန်တို့ကို



ဖော်ပြထားသည်။ စာရွက်၏ ထိပ်ပိုင်းတွင် 'ပျောက်နေသူ' ဟူသော စာလုံးကြီးကြီးကို ဖော်ပြထားသည်။

ထိုလက်ကမ်း စာရွက်များကို လာမည့်ရက် အနည်းငယ်အတွင်း သွားလေရာရာသို့ ယူဆောင်သွားကြပါရန် မီနက်တီက မေတ္တာရပ်ခံသည်။ သစ်ပင်များ၊ လမ်းမီးတိုင်များတွင် ကပ်ထားကြရန်လည်း တိုက်တွန်းသည်။ ဈေးဆိုင်ရှင်များ၏ ခွင့်ပြုချက်များကို ရယူပြီး ဆိုင်များ၏ ပြတင်းပေါက် များ တွင် လည်း ကပ်ထားကြရန်ပြောသည်။

'ကလေး တယောက်ဟာ လေထဲမှာ ပျောက်ကွယ် မသွားနိုင်ဘူး' မီနက်တီကပြောသည်။ 'အခုလို ပျောက်သွားရတာနဲ့ ပတ်သက်လို့ တနေရာရာမှာ တစုံတယောက်ဟာ တကြောင်းကြောင်းကိုတော့ သိနေလိမ့်မယ်။ တကယ်လို့များ ခင်ဗျားတို့အနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး သတင်းတွေကြားသိရမယ်ဆိုယင် သေသေ ချာချာ မှတ်သားကြပါ။ သတင်းပေးတဲ့သူရဲ့ နေရပ်လိပ်စာတွေကိုမှတ်သားကြပါ။ နောက်တော့ ကြော်ငြာစာရွက်တွေမှာ ဖော်ပြထားတဲ့အတိုင်း တယ်လီဖုန်းတွေဆီကို နေ့ ည မရွေး ဆက်သွယ်ပြီး ထပ်ဆင့် အကြောင်း ကြားပါ။ ဒါဆိုယင်တော့ ဒီကိစ္စကို မြန်မြန်ဖြေရှင်း ဆောင်ရွက်နိုင် လိမ့်မယ်လို့ ကျွန်တော်တို့ယုံကြည်ထားကြပါတယ်'

သူတို့ပြန်ကြသောအခါ ယခုကဲ့သို့ လာရောက်ခြင်းအတွက် ကျေးဇူးတင်ကြောင်း ဆူဆန်က တဦးချင်းအား ပြောသည်။ ဆူဆန်ကတံခါးဝတွင်ရပ်၍ တန်းစီပြီးထွက်လာသည့်လူများကို

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်သည်။ တချို့က သူ့ကိုနမ်းသည်။ သို့မဟုတ် လက်ဆွဲနှုတ်ဆက်သည်။ သို့မဟုတ် ပါးကိုကိုင်သွားကြသည်။

'ကြင်နာ သနားတတ်တဲ့ လူသားတွေဆိုတာ တကယ့်ကို ပေါလွင်တာပဲ' အားလုံး ပြန်သွားကြသော အခါ ဆူဆန်က ပြောသည်။

ညနေ၊ နေဝင်သောအခါ အလက်၏ဓာတ်ပုံများပါသော ပိုစတာများကို ချားမြစ်မှ ဘော့စတွန်ဆိပ်ကမ်းအတွင်းရှိ ဈေးဆိုင်များ၊ စားသောက်ဆိုင်များတိုင်းလိုလိုတွင်ပင် ကပ်ထားပြီး ဖြစ်နေတော့သည်။ သတင်းပိုင်း အနေဖြင့်လည်း စေတနာ့ဝန်ထမ်း လုပ်အားပေး သူများ၏ လှုပ်ရှားမှု သတင်းများကို အလေးပေး ဖော်ပြကြသည်။ ညနေခြောက်နာရီထိုးသောအခါ ရေဒီယိုနှင့် ရုပ်မြင် သံကြား ဌာနတိုင်း လိုလိုကပင် တွေ့ဆုံ ဆွေးနွေးခန်းများကိုထုတ်လွှင့်ကြသည်။

'မစ္စစ်နိုရစ်၊ အခုဆိုယင်·ခင်ဗျားဟာအလက်ဆိုတဲ့ ကလေးငယ် ပျောက်ဆုံးမှု အတွက် ပိုစတာတွေ ကပ်နိုင်အောင်လို့ ဆိုင်ပိုင်ရှင်တွေဆီမှာ ခွင့်ပြုချက်တွေ လိုက်လံရယူနေတာ နှစ်နာရီလောက်တောင်ရှိသွားပြီ။ ခင်ဗျားအနေနဲ့ အဲဒီလိုဘာဖြစ်လို့ လုပ်နေတာလဲ....ဟုတ်ကဲ့၊ ဒါဖြင့် ခင်ဗျားအနေနဲ့ခင်ဗျားရဲ့ ရင်သွေးငယ်အတွက် စိုးရိမ်မှုတွေရှိနေလား....ဟုတ်ကဲ့၊ ဘော့စတွန်က ပြောနေပါတယ်။ လွန်ခဲ့တဲ့ သုံးဆယ့်ခြောက်နာရီက ပျောက်ဆုံးခဲ့တဲ့ အလက်ဆယ်ကီ ပြန်လည် တွေ့အောင်လို့ စေတနာ့ဝန်ထမ်း လုပ်အားပေးသူများ၏ လှုပ်ရှားဆောင်ရွက်မှုတွေကတော့ အံ့ဩချီးကျူးစရာဖြစ်ပါတယ်။ အခုလိုစေတနာ



ရှင်တွေ ပါဝင်ကူညီဆောင်ရွက်မှုမျိုးကို မကြုံတွေ့ခဲ့ရပါဘူးလို့ ရဲက ပြောပါတယ်။ တက်ကြွစွာ ဆောင်ရွက်နေတဲ့ မိဘတွေ အနေနဲ့ကတော့ သူတို့ရဲ့ဆောင်ရွက်မှုဟာ အကျိုးကျေးဇူးရရှိလိမ့်မယ်လို့ မျှော်လင့် နေကြပါတယ်။ တချိန်တည်း မှာပဲ သူတို့ရဲ့ ရင်သွေးငယ်တွေလည်းပဲ အလားတူဖြစ်မှာကိုစိုးရိမ်နေကြတယ်'

အလားတူပင် ဆူဆန်နှင့်တွေ့ဆုံ ဆွေးနွေးခန်း ကိုလည်း ထုတ်လွှင့်ကြသည်။ မွန်းလွဲပိုင်း စောစောခန့်က ဆူဆန်နှင့် သွားရောက် ဆွေးနွေးခဲ့ကြသည်။ 'ခုလို စေတနာရှင် တွေက ဝိုင်းဝန်းကူညီအားပေးနေကြတဲ့အတွက် ကျွန်မတို့ လွန်စွာမှပဲ ကျေးဇူးတင်ပါတယ်' ဆူဆန်က တည်တည် ငြိမ်ငြိမ် ပင် ပြောသည်။ 'သေချာတဲ့ သံသယတွေကို ရရှိနေပါပြီလို့ ရဲက ပြောပါတယ်။တစုံတရာ၊သို့မဟုတ် တစုံတယောက်က ကျွန်မတို့ ကိုအလက်ရှိရာ မြန်မြန်ရောက်အောင် ပို့ပေးလိမ့်မယ်လို့ ကျွန်မနဲ့ ကျွန်မခင်ပွန်းတို့က မျှော်လင့်လျက်ရှိကြပါတယ်'

'ဒါဖြင့်ယင် ခင်ဗျားရဲ့သားလေးဟာ ယခုတိုင် အသက်ရှင် နေသေးတယ်လို့ ခင်ဗျားက ယုံကြည် လက်ခံထားတယ်ပေါ့ ဟုတ်လား မစ္စစ်ဆယ်ကီ'

'သိပ်ဟုတ်ပါတယ်ရှင်' ဆူဆန်က ကင်မရာကို ကြည့်၍ ပြောသည်။

သူ၏အိပ်ရာပေါ်တွင်ထိုင်ယင်း ဆူဆန်က ရုပ်မြင်သံကြား ကိုကြည့်သည်။ ထို့နောက်အံ့ဩမိသည်။ ဘယ်လိုလုပ်ပြီးတော့ ငါ့အနေနဲ့ ဒီလိုပြောနိုင်ဆိုနိုင်ခဲ့ပါလိမ့်။ သူ့ကိုယ်သူ မေးခွန်း

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ယင်း ဆူဆန်သည် အားငယ်လာမိပြန်သည်။ လှုပ်ရှားလိုသည့်စိတ်ပင် သူ့မှာမရှိတော့။ တယောက်တည်း လဲလျောင်း၍သာနားနေလိုသည်။

ရုပ်မြင်သံကြားတွင် မီနက်တီ၏ပုံပေါ်လာသည်။ သူ့ကြည့်ရသည်မှာလည်း နွမ်းနယ်နေပုံရသည်။ သတင်းထောက်က သူ့ကိုမေးသည်။ 'လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းက စပြီး တော့ ကလေးပျောက်ဆုံးမှု အများအပြားဖြစ်ခဲ့တယ်။ ဒါပေမယ့်လည်း ထိထိရောက်ရောက် မဆောင်ရွက်နိုင်ခဲ့ကြဘူး။ အခုခင်ဗျားကတော့ ဒီအဖြစ်အပျက်မျိုး ထပ်မံမဖြစ်ရအောင်၊ မပေါ်ပေါက်ရအောင် ဆောင်ရွက်မယ်လို့ ဆိုထားတယ်။ ဟုတ်ပါသလားခင်ဗျာ'

မီနက်တီအနေဖြင့် အခြားပြောစရာလမ်းမရှိတော့။

'ဟုတ်ပါတယ်၊ အဲဒါမှန်ကန်ပါတယ်'

သတင်းကဏ္ဍပြီးဆုံးသွားသဖြင့် မီနက်တီက ရုပ်မြင်သံကြားကို ပိတ်လိုက်ပြီး အရက်ထပ်ထည့်ရန် ထိုင်ရာမှထသည်။

သိုးမွေးဆွယ်တာ ထိုးနေရာမှ ဇနီးဖြစ်သူပတ်က ခင်ပွန်းအား လှမ်းကြည့်သည်။ မီနက်တီကခေါင်းယမ်းပြသည်။

'ဒီအမှုကို ကိုယ်မုန်းတယ်' မီနက်တီကပြောသည်။

'အမှုတွေအားလုံးကို ရှင်ကမုန်းတာပါ'



'အမှုအားလုံးကို မမုန်းပါဘူး။ တချို့ဆိုယင် သိပ်ပြီးတော့ စိတ်ဝင်စားစရာကောင်းတာ။ ဒီကလေးအမှုကသာ ကိုယ့်ကို စိတ်ညစ်ညူးစေတာ၊ အရက်မူးပြီး လဲနေယင် ကောင်းမယ်လို့ ကိုယ်ထင်တယ်'

'ရှင့်အနေနဲ့ ဒီအမှုမြန်မြန်ပေါ်အောင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ထားသလားဟင်'ပတ်ကမေးသည်။

'ကိုယ်တို့မှာ သံသယဖြစ်စရာ သဲလွန်စတွေတော့ ရထားတယ်။ ကျောင်းနားမှာနေတဲ့သူ တယောက်က ;မနေ့က မွန်းလွဲပိုင်းမှာ အလက်ကို မြင်တွေ့လိုက်ရတယ်လို့ပြောတယ်။ အမျိုးသမီးတယောက်ကလည်း မနက်ဆယ်နာရီက နယူးဘာရီလမ်းမှာ လျှောက်သွားတဲ့ .အလက်ကို တွေ့လိုက်ရတယ်လို့ ပြောတယ်။ ဒါပေမယ့် သေသေချာချာ မေးလိုက်ပြန်တော့လည်း မရေမရာ ဖြစ်နေတယ်။ ဘာပဲဖြစ်ဖြစ် နယူးဘာရီလမ်းမှာအလက်ကို နောက်ထပ် တွေ့လိုက်ရတဲ့သူ တဦးဦးကောင်းရှိမလားလို့ ကိုယ့်လူလေးယောက်ကို ဒီမနက်မှာပဲ နယူးဘာရီလမ်းတဝိုက်မှာ တာဝန်ချထားပေးခဲ့တယ်'

'ဗေကွန်လမ်းမှာနေတဲ့ လူတယောက်ကလည်း ကလေးပျောက်တဲ့မနက် ဆယ်မိနစ်အလိုလောက်မှာ မော်တော်ကားတစီးနဲ့စောင့်နေတဲ့ အမျိုးသမီးတဦးကို တွေ့ခဲ့တယ်လို့ လာသတင်းပေးတယ်၊ အမျိုးသမီးရဲ့ပုံပန်းသဏ္ဍာန်ကိုတော့ သူက ပြောမပြနိုင်ဘူး။ဒါပေမယ့် မော်တော်ကားကိုတော့မှတ်မိတယ်လို့ပြောတယ်။ အဲဒီကားဟာ အရင်တုန်းကလည်းမကြာခဏလာရပ်စောင့်ခဲ့တယ်လို့ ပြောတယ်။ ဒါပေမယ့်လည်း

www.burmeseclassic.com

www.burmeseclassic.com



သူကကားကိုသာတွေ့ခဲ့ရပြီး အလက်ကိုတော့ မတွေ့ခဲ့ရဘူးတဲ့။ မနက် ၆ နာရီထိုးလို့ အောက်ကို သူဆင်းသွားတော့ အဲဒီကားမရှိတော့ဘူးတဲ့'

'မွန်းလွဲပိုင်းမှာ ကင်းဘာရိစ် ကုန်စုံဆိုင်ကြီးမှာ အလက်ကိုတွေ့လိုက်ရတယ်လို့ လူတယောက်က လာပြောတယ်။ ဒါပေမယ့်လည်း သူပြောတဲ့ကလေးရဲ့ ဝတ်စားပုံတွေက မသေမသပ်ဖြစ်နေပြန်ရော' ပတ်က ခေါင်းညိတ်ပြပြီး ဆက်လက်၍ ဆွယ်တာထိုးနေသည်။ ထို့နောက် ခင်ပွန်းသည်အား လှမ်းကြည့်အကဲခတ်သည်။

'ရှင်အရက်မူးနေပြီလား' ပတ်ကမေးသည်။

'အင်းဆိုပါတော့' မီနက်တီက သူ့မျက်လုံးများကို ပွတ်၍ ဖြေသည်။

'ဒါဖြင့် ရှင်ညစာစားတော့မလား'

မီနက်တီက ခဏကြာအောင် စဉ်းစားသည်။ ထို့နောက် သူက အရက်ပုလင်းကို ကောက်ကိုင်သည်။ 'ဟင့်အင်း....ကိုယ်အိပ်တော့မယ်' မီနက်တီသည် အရက်ပုလင်းကိုဆွဲ၍ အပေါ်ထပ်သို့ တက်သွားတော့သည်။

သန်းခေါင်အချိန်တွင် လမ်းမှာရှင်းနေသည်။ မိုးရွာထားသောကြောင့် လမ်းမှာ အေး၍ ပြောင်ချောနေသည်။ ဆုဆန်က အိပ်ခန်း၏ ပြတင်းပေါက်နံဘေးတွင်ရပ်ယင်း လမ်းကိုငုံ့ကြည့်



နေသည်။ အပြင်ဘက်တွင်မိုးရွာနေသည်လား၊ လေရောမိုးပါ ...ရောက်နေသည်လား မပြောနိုင်။ အလက်၊ အဲဒီလေတွေ ...းတွေနဲ့ မင်းကင်းပါရဲ့လား။ အလက်၊ သားလေး ဒီလဟာ ...မလဖြစ်တယ်။ ဒါပေမယ့်မင်းကတော့အနွေးအင်္ကျီ ယူမသွား ...လား။ အို....ဘုရားသခင်၊ ကျွန်မဆီကို သားလေး ပြန်ပို့ ...းပါ။ ကျွန်မကိုကူညီပါ ဘုရားသခင်။ လက်မခံနိုင်တဲ့ဆုံးရှုံးမှု ...နဲ့ ကျွန်မဆက်လက်ပြီး ကြုံတွေ့မနေပါရစေနဲ့ဘုရားသခင်'

အောက်ထပ်ရှိဧည့်ခန်းတွင်ကားဆိုဖာခုံရှည်ကြီးကို နံရံတွင် ...ထားပေးရသည်။ ရဲတို့ယူဆောင်လာသောစားပွဲခုံရှည်ကြီး အတွက် နေရာပေးရခြင်းဖြစ်သည်။ ယခုဆိုလျှင်ထိုအခန်းထဲတွင် ...ယ်လီဖုန်းသုံးလုံးရှိနေပေပြီ။ ထိုတယ်လီဖုန်းများကိုဆုဆန်နှင့် ...တ္တရဲများက အသုံးပြုကြသည်။ ရဲအရာရှိသုံးဦးသည်တယ်လီ ...းများအနီးတွင်အစဉ်ရှိနေကြသည်။ သူတို့ကလာသမျှတယ်လီ ...းများကိုနားထောင်ကြသည်။ ညရှစ်နာရီတွင် နေ့ညအဆိုင်း ...ဆိုင်း အလဲအလှယ် ပြုလုပ်သည်။ တယ်လီဖုန်း သုံးလုံး၏ ...ထဲမှာ ဆူညံနေတော့သည်။ တခါတရံတွင် တပြိုင်တည်း ...သံမြည်ကြသည်။ မွန်းတည့်မှ ညသန်းခေါင် အချိန်အတွင်း ...ယ်လီဖုန်းမြည်သံတို့မှာ အကြိမ်လေးရာခန့်ရှိသည်။

နေ့လယ်ပိုင်းတွင် မီနက်တီက ယူနီဖောင်း ဝတ်ထားသော ...အရာရှိသုံးရာကျော်ကိုလမ်းများထဲတွင် တာဝန်ချထားသည်။ ...တို့က အိမ်တိုင်း၊ ကုန်စုံဆိုင်တိုင်း၊ ကားဂိုဒေါင်တိုင်း ...ကမ်းရှိ ကုန်လှောင်ရုံတိုင်းကို သွားရောက်ကြည့်ရှုစစ်ဆေး ...သည်။ ရဲရဟတ်ယာဉ်များကလည်း ခပ်နိမ့်နိမ့် ပျံသန်း၍

www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေကြသည်။ သူတို့၏ အသံများမှာ ဆူညံနေတော့သည်။ ရဟတ်ယာဉ်များက အိမ်ခေါင်မိုးများနှင့် လွင့်တက်ရှိ ပျံသန်းပြီ လှောင်ပိတ်မိနေသော ကလေးကို တွေ့လိုတွေ့ငြား ရှာဖွေ ကြသည်။ လမ်းများထဲတွင် အဖြူနှင့် အပြာရောင် ဆေးသုတ် ထားသည့် ရဲကားများကဖြည်းညင်းစွာမောင်းနှင်၍ ဆက်လက် ရှာဖွေနေကြသည်။ ခေါင်မိုးတွင် တပ်ဆင်ထားသော အသံ ချဲ့စက်များဖြင့်လည်း ရဲကားများက ကြေငြာခြင်း ပြုသည်။

'ကျွန်တော်တို့ဟာ အသက်ခြောက်နှစ်ရှိတဲ့ လူဖြူကလေး တယောက်ကို လိုက်လံ ရှာနေ ကြပါတယ်။ သူဟာ မနေ့က ပျောက်ဆုံးခဲ့တယ်။ သူဟာ အနီနဲ့အဖြူစင်းတီရှပ်ကို ဝတ်ထား တယ်။ ဂျင်းဘောင်းဘီအပြာကိုလည်းဝတ်ထားတယ်။ အေး အခါမှာစီးတဲ့ အပြာရောင်ဖိနပ်ကိုလည်း စီးထားတယ်။ သူ့ နာမည်က အလက်ဖြစ်တယ်။ အဲဒီကလေးနဲ့ပတ်သက်ပြီး တ တရာများ သိကြမယ်ဆိုယင် ရဲကိုအကြောင်းကြားပါ'

မီနက်တီက အိမ်အောက်ထပ်ရှိ ဆက်သွယ်ရေးယာဉ်ထဲတွ အများဆုံး ရှိနေသည်။ ဆက်သွယ်ရေး ယာဉ်မှာ ဆူဆန်၏ အိမ်ရှေ့တွင်ရပ်ထားသည်။ လမ်းများထဲတွင်လိုက်လံစစ်ဆေး နေသော ရဲများနှင့် မီနက်တီက အစဉ်မပြတ် ဆက်သွယ် မေး မြန်းလျက် ရှိသည်။

လူအများအပြားကပင် လမ်းများထဲရှိ ရဲအရာရှိများအား တွေ့ဆုံ၍ သူတို့အနေဖြင့် မည်သို့သော အကူအညီများပေးနိုင် ကြပါမည်နည်းဟု မေးမြန်းကြသည်။ ထိုအခါ ရဲတို့က အ အညီများ ပေးနိုင်ပါသည်။ ပေးလည်း ပေးကြပါ။ ပေးရမည့်



အကူအညီမှာ နေရာတိုင်းသို့သွားရောက်ပြီး တွေ့ရှိသမျှအရာ များကို ကြည့်ရှုရန်ဖြစ်သည်။

ယခုဆောင်ရွက်နေသည့် လူပျောက်ရှာဖွေခြင်း လုပ်ရှားမှု မှာ အကြီးမားဆုံးသော စစ်ဆင်ရေး တရပ် ဖြစ်ကြောင်း သတင်းစာတို့က စတင် ရေးသားလျက်ရှိသည်။ ဂရေဟာမ်နှင့် တီဂျေတို့မှာတနေ့လုံးလိုလိုလမ်းများထဲတွင်ရောက်နေကြသည်။ အလက်သွားတတ်သည့် နေရာမှန်သမျှသို့လည်း သွားကြသည်။ အလက်လုပ်သည့် အလုပ်တိုင်းကို လုပ်ကြသည်။ သူတို့ သွား သောရာ နောက်သို့လည်း အရပ်ဝတ်အရပ်စားဖြင့် ရှိသည့် အရာရှိ နှစ်ဦးက လိုက်သည်။

ဂရေဟာမ်နှင့် တီဂျေတို့က တွေ့ဆုံသင့်သည့် လူများကို တွေ့ဆုံပြီး မေးခွန်းများမေးကြသည်။ မေးမြန်းရရှိသည်များကို တင်သားကြသည်။ ဆယ်မိနစ်လျှင် တကြိမ်ကျ အဝေးပြော ကားပြောစက်ဖြင့် မီနက်တီထံသို့ အကြောင်း ကြားသည်။ သို့သော်လည်း သူတို့၏ အကြောင်းကြားချက်တိုင်းတွင် မည် သည့် ထူးခြားချက်မှမရှိကြောင်းဖော်ပြကြသည်။

နေ့လယ်ပိုင်းတချိန်တွင် တံခါးခေါက်သံ ကြားရ သဖြင့် ဆူဆန်က သွားရောက်ဖွင့်ပေးလိုက်သည်။ မိန်းကလေးတဦးကို မြင်ရသည်။ မိန်းကလေး၏မျက်နှာကို သေသေချာချာကြည့်ပြီး သောအခါ ဆူဆန်မှာ ထိတ်လန့်တကြား ဖြစ်သွားမိသည်။

ကျွန်မအသည်းကိုခွဲဖို့ ရှင့်အနေနဲ့ ဒီနည်းလမ်းထက် တခြား ပိုမြန်ဆန်ဆန်ဖြစ်နိုင်တဲ့ နည်းလမ်းကို ရှာမတွေ့တော့ဘူး လား ဂရေဟာမ်ရယ်ဟု၍ သူက ရင်ထဲဘွင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း နော်မည်မဟုတ်လား' ဆူဆန်က မေးသည်။

နော်မည်ကခေါင်းညိတ်ပြသည်။သူ့ကို ဆူဆန်ကစိုက်ကြည့်နေသကဲ့သို့ပင် သူကလည်း ဆူဆန်အား စိုက်ကြည့်သည်။

'အခုလို ကျွန်မလာတဲ့အတွက် ဘယ်လိုမှ အနှောင့်အယှက်မဖြစ်ပါဘူးနော်' မိန်းကလေးက လေသံဖြင့် မေးသည်။ တယ်လီဖုန်းထဲတွင် ကြားခဲ့ရသည်ဖြစ်သောကြောင့် ထိုလေသံကို ဆူဆန်က ကောင်းစွာ မှတ်မိနေသည်။ 'ကျွန်မ တခြားနည်းလမ်းကို စဉ်းစားလို့ မရတော့ဘူး။ ရှင့်ကို ကူညီနိုင်မယ်ဆိုယင်....'

'မင်းလာတဲ့အတွက် ဝမ်းသာ ပါတယ်' ဆူဆန်က နော်မည်၏စကားကိုဖြတ်၍ ပြောလိုက်သည်။ 'ကျေးဇူးလည်းတင်ပါတယ်။ ဒါပေမယ့်လည်း မင်းစိတ်မဆိုးဘူးဆိုယင်တော့ ဒီအိမ်ထဲကို မဝင်ယင် အကောင်းဆုံး ဖြစ်လိမ့်မယ်'

နော်မည်က ခေါင်းကိုညိတ်ပြသည်။ 'ကျွန်မ ဝမ်းနည်း...' ထို့နောက် သူက ဆူဆန်ထံ လက်ကမ်းပေးလိုက်ရာ ဆူဆန်က လှမ်းဆွဲနှုတ်ဆက်သည်။

နော်မည်သည် ချက်ချင်းပင် လှည့်ထွက်သွား တော့သည်။

တညနေလုံးပင် တယ်လီဖုန်းက မနားတမ်း မြည်ခဲ့သည်။ တယ်လီဖုန်းမြည်သံမှာ ဆူဆန်အတွက် ညှဉ်းပန်း နှိပ်စက်ခဲ့သည်ကဲ့သို့ ရှိနေသည်။ ထို့နောက် တယ်လီဖုန်းမြည်သံများ



ဖြည်းဖြည်းကျဲလာသည်။ ထိုသို့ကျဲလာခြင်းမှာ သူ့အတွက် ...အခံရခက်စေသည်။

နောက်ဆုံးတွင်မူ အသံများအားလုံး တိတ်သွားသည်။ ...နက်သည်ထိ ဆူဆန်ကစောင့်နေခဲ့သည်။ ထိုအချိန်တွင်မှ ...ကိုယ်သူမ စကားပြောနိုင်သည်။

အလက်ကိုတယောက်တည်းလမ်းလျှောက်ပြီးကျောင်းသွား... ပြုခဲ့တာ ငါ့အမှားပဲ။ ငါမှားခဲ့တယ်။ သူဟာ သိပ်ငယ်...သေးတယ်၊ ငယ်သေးတယ်။

'တရားခံကတော့ ငါပဲ'

တယ်လီဖုန်း ဆက်သူ အများအပြား ကပင် ရဲများထံသို့ ...ခြောက်နှစ်သားလေး ပျောက်သွားခဲ့တယ်ဟုတ်လား။ သူ့ကို ...ယောက်တည်းလမ်းလျှောက်ပြီး ကျောင်းသွားခွင့် ပြုခဲ့တယ် ...လား' ဟူ၍ ပြောခဲ့ မေးခဲ့ကြပေလိမ့်မည်။ သို့သော်လည်း ...က သူ့အပေါ် စာနာထောက်ထား၍ ထိုစကားများကို၊ ...မေးခွန်းများကို ပြန်လည် မပြောပြခဲ့ကြပေ။

သားလေးဟာ ခြောက်နှစ်ကျော်ပြီ။ ခုနစ်နှစ်ထဲဝင်ပြီ။

အသိတရားပြည့်ဝတဲ့ခြောက်နှစ်သားလေးဖြစ်တယ်။တကယ်...တော့ အသိတရားဆိုတာက အသက် အရွယ်ကို လိုက်သည် ...တာ။ ငယ်ရွယ်သော်လည်း အသိတရား ရှိသူ ဖြစ်နိုင်သည်။ မဟုတ်သေးဘူး။

အလက်ဟာ ကလေးပဲ ရှိသေးတယ်။ သူဟာ ခြောက်နှစ်ပဲ ...သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆူဆန်က အမှောင်ထဲတွင်ထိုင်နေသည်။ ရင်ထဲတွင်နာကျ
နေသည်။

မနေ့ကတည်းက ငါမအိပ်ခဲ့တာဒီနေ့အထိပဲ။ ငါအိပ်သင့်
ဒါမှမဟုတ်ယင် အိပ်ဆေးတွေ သောက်နေရလိမ့်မယ်။ လူသ
တို့ရဲ့ ဦးနှောက်အတွက် ကန့်သတ်ချက်တွေရှိတယ်။ အတိ
ဆိုတာက လူများရဲ့ ဝန်းကျင်မှာ ရှိနေတယ်။ ပြောင်းလဲခြ
အတွက် စောင့်နေတယ်။ ဘာပဲဖြစ်ဖြစ် အတိတ်ကို ငါ့အနေ
ပြန်ရောက်သွားနိုင်တယ်။ အလက်နဲ့အတူတကွ ပြန်လည်နေ
လိမ့်မယ်။ ဒါပေမယ့်လည်း....'

အတွေးကို ဇွတ် ရပ်ပစ် သည်။ ဆက်လက် မတွေး
ဆုံးဖြတ်သည်။

တယ်လီဖုန်းအသံ မြည်လာ စေချင်သည်။ တကယ်တေ
တယ်လီဖုန်းအသံမှာ အချိန်မရွေး မြည်လာနိုင်သည်။

အို....ငါ့အနေနဲ့ အိပ်ပျော်နိုင်ပါ့မလား။

စနေနေ့နံနက် ခုနစ်နာရီ။

လွန်ခဲ့သော တနာရီကတည်းက နေရောင်ခြည်ကောင်း
ရခဲ့သည်။ ဝတ်စုံဝတ်ထားသည့် ရဲအရာရှိ ရာပေါင်းမျာ
တို့သည် ဘက်ဘေးလမ်းတဝိုက်တွင် တအိမ်တက်ဆင်းရှာ
စစ်ဆေးလျက်ရှိသည်။ မိနက်တီသည်ရဲကားထဲတွင်ရောက်နေ
လိုအပ်သည်များကို ရေဒီယိုဖြင့် ညွှန်ကြားလျက်ရှိသည်။



ညွှန်ခန်းပြတင်းပေါက်မှနေ၍ ဆူဆန်က လမ်းထဲသို့ငုံ့ကြည့်
နေသည်။ ရဲတို့ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဆူဆန် အံ့သြ
ခြင်းပင်ဖြစ်ရသည်။

'မြို့တော်၏ ရာဇဝင်တွင် အကြီးမားဆုံးသော လူပျောက်
ရှာပုံတော်ဖြစ်သည်။ 'နံနက်ပိုင်းထုတ် သတင်းစာများက
ရေးကြသည်' ဤမျှ အသက်ငယ်သော ကလေးတယောက်
သွှန်စမရပဲ ပျောက်ဆုံးသွားရခြင်းမျိုးကို တကြိမ်မျှမကြုံတွေ့
ဖူးကြောင်းရဲတို့ကဆိုကြသည်။ ထို့ကြောင့် အလက်ဆယ်ကီ
သော ကလေးငယ်ကို ပြန်လည် မတွေ့မချင်း၊ သို့မဟုတ်
ကလေးငယ် မည်သို့ ဖြစ်နေရသည် ဆိုခြင်းကို မသိမချင်း
ဆက်လက် ရှာဖွေနေဦးမည်ဟု ရဲတို့ကဆိုကြသည်။ အလက်မှာ
အသက်ခြောက်နှစ်ရှိပြီး လွန်ခဲ့သောနှစ်ရက်မှ စတင်၍ ဘော့
စွန်မြို့ရှိ ၎င်း၏ နေအိမ်မှ ပျောက်ဆုံး နေခြင်း ဖြစ်သည်။
နောက်မှ ဓာတ်ပုံများ၊ တယ်လီဖုန်းနံပါတ်များနှင့် သတင်း
လျှင်ပေးပို့ကြရန်မေတ္တာရပ်ခံချက်များကိုဖော်ပြထားသည်။

နံနက်ရှစ်နာရီထိုးသောအခါ ကော်ဖီနှစ်ခွက်၊ မုန့်နှစ်ခုနှင့်
အတူ မိနက်တီကအပေါ်ထပ်သို့တက်လာသည်။ 'ဒီဟာတွေကို
မုန့်တော်နဲ့ ဝေစားပါ' မိနက်တီ၏ ပြောပုံမှာ ဖိတ်ခေါ်
သက် အမိန့်ပေးသံပေါက်နေသည်။

ဆူဆန်က မည်သို့မျှ ကန့်ကွက်ခြင်းမပြုပဲ ကော်ဖီနှင့်မုန့်ကို
ကာ ဆိုဖာတွင်ထိုင်ချသည်။ ဆူဆန်နံနက်စာစားနေသည်ကို
နက်တီက စိုက်ကြည့်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆူဆန်တို့အိမ်ထဲသို့ ရဲအရာရှိ အများအပြား ရောက်ရှိလာနေပြန်သည်။ ယနေ့နံနက် တယ်လီဖုန်းတွင် တာဝန်ကျသူမှာ အမျိုးသမီး ရဲအရာရှိ ဖြစ်သည်။ သူက အမျိုးသား ရဲအရာရှိကဲ့သို့ပင် ဝတ်စုံကိုဝတ်ထားသည်။

'ကျွန်မ ခဏလောက် စကားပြောနိုင်မလား' အမျိုးသမီး ရဲအရာရှိက မီနက်တီအားလှမ်းမေးသည်။ မီနက်တီက သူတို့ထံ လာရောက်ရန် လှမ်းခေါ်သည်။

'လွန်ခဲ့တဲ့ နှစ်နာရီကျော်ကတော့ အိပ်မက်တွေအများကြီး မက်ခဲ့တာပဲ။ ထူးဆန်းတဲ့ အိပ်မက်တွေလို့ပဲ ဆိုပါရစေ' အမျိုးသမီး ရဲအရာရှိဟိုင်းက ပြောသည်။ သူက ဆူဆန်ထက် မီနက်တီကို ကြည့်၍ပြောသည်။

'ဘာများထူးခြားနိုင်မလဲ' မီနက်တီက မေးသည်။

အရာရှိဟိုင်းက ပခုံးတွန့်ပြသည်။ 'သူ့ကို ရေနဲ့အနီးအနားမှာတွေ့ရတယ်လို့ဆိုတယ်'

'ဘယ်လိုရေလဲ၊ မြစ်လား၊ ရေကန်လား၊ ပင်လယ်လား'

သူက ခေါင်းယမ်းပြသည်။

'ကောင်းပြီ' မီနက်တီက ပြောသည်။ 'မြေကြီးကို ရေဘယ်လောက်လွှမ်းထားသလဲ'

အရာရှိဟိုင်းက ပခုံးတွန့်ပြ ပြန်သည်။ 'ဒါနဲ့ အယ်လီဆန် ဘွတ်နဲ့ ရှင်အလုပ်လုပ်ခဲ့ဖူးသလား'

'ဘာလဲ၊ ပြည်နယ် တွေကို ကိုင်တဲ့ ဌာနက အမျိုးသမီး မဟုတ်လား'

အရာရှိဟိုင်းက ခေါင်းညိတ်ပြသည်။



'ပက်တီဟတ်ရဲ့အမှုမှာ ပက်တီဟတ်တယောက် အမှောင်ထဲ ...က်နေတယ်လို့ ထပ်ခါတလဲလဲ ပြောခဲ့တဲ့ အမျိုးသမီး ...တ်လား' မီနက်တီက မေးသည်။

'ဟုတ်ပါတယ်။ ကျွန်မ သူနဲ့ အတူတူ အမှု တခုမှာ တွဲပြီး ...ခဲ့ဖူးတယ်။ ကွန်ပျူတာစက် လုပ်ငန်းငယ်တခု လုပ်နေတဲ့ ...ယောက်ဟာ တညမှာ အိမ်နဲ့ အလုပ်ရုံကြားမှာ ပျောက် ...ားခဲ့တယ်။ ဘယ်လိုမှ ခြေရာခံလို့မရခဲ့ဘူး။ ကျွန်မတို့လည်း ...ယ်လို သဲလွန်စမှ မရခဲ့ကြဘူး။ အဲဒီအချိန်မှာ အယ်လီဆန် ...က သူဟာ ရေအောက် ရောက်နေ တယ်လို့ မြင်တွေ့ ...ကြောင်း မနားတမ်း ပြောခဲ့ တယ်။ သူ့ အလုပ်ရုံနဲ့ ...ကိုပြန်တဲ့ အခါမှာ သူဟာ အဝေးပြေး လမ်းတလျှောက် ...ားမောင်းပြန်ရတယ်။ အဲဒီ အဝေးပြေးလမ်းမှာ မြစ်တမြစ် ...နေတယ်။ ကျွန်မတို့ သေသေချာချာ လိုက်ရှာတဲ့ အခါမှာ ...ပေလောက်နက်တဲ့ရေထဲမှာ သူ့ကားကို သွားတွေ့ရတယ်။ ...ားထဲမှာ သူ့အလောင်းကိုတွေ့ရတယ်။ သူက နှလုံးရောဂါ ...ည်လေ။ ကားမောင်းယင်း ရောဂါရပြီး ကားဟာ မြစ်ထဲ ...ကျ သေဆုံးသွားခဲ့ရတာ ဖြစ်တယ်။ ကားထဲကနေ သူ့ကို ...တ်တဲ့အခါမှာ အသက်မရှိတော့ဘူး'

မီနက်တီက ဆူဆန်အားလှမ်းကြည့်သည်။ ဆူဆန်ကလည်း ...တို့နှစ်ယောက်အား တလှည့်စီလှမ်းကြည့်သည်။

'သူက အမှုတိုင်းကိုလည်း လိုက်တာမဟုတ်ဘူး' အရာရှိ ...င်းကပြောသည်။ 'အရာရာကို မြင်တွေ့ရပါတယ် လို့လည်း ...မပြောဘူး။ သူ့အနေနဲ့ ကူညီနိုင်မယ်လို့ ထင်ရမှ ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုတတ်တယ်။ ရှင်နဲ့တွေ့ဖို့ 'ကျွန်မသူ့ကို တိုက်တွန်းပေ နိုင်တယ်' နောက်ဆုံးတွင်မူ အရာရှိဟိုင်းက ဆူဆန်အာ ကြည့်၍ပြောသည်။

'လုပ်ပါ၊ ဟုတ်ကဲ့၊ ကျေးဇူးပြုပြီးဆက်သွယ်ပေးပါ' ဆူဆ ကပြောသည်။

'ဟုတ်တယ်။ ကျွန်တော်တို့ အဲဒီအမျိုးသမီးနဲ့ ဆက်သွ သင့်တယ်လို့ ကျွန်တော်ထင်တယ်' မိနက်တီက ပြောသည 'ကျေးဇူးပဲဗျာ'

'ကောင်းပြီလေ' အရာရှိဟိုင်းကပြောပြီး တယ်လီဖုန်းရှိရာ ပြန်သွားသည်။

တယ်လီဖုန်း မြည်သံများကို နားထောင်ယင်း ဆူဆန် မိနက်တီ တို့သည် အချိန်အတန်ကြာအောင် တိတ်ဆိတ် ထိုင်လျက်ရှိကြသည်။ တယ်လီဖုန်းများမှ ပေးသမျှသတင်းမျ ကို ရဲအရာရှိတို့ကလိုက်လံမှတ်သားလျက် ရှိကြသည်။ လူအမ အပြားကမင် သတင်းပေးလျက်ရှိကြသည်။

'ဒီမှာ တခုခုတော့ ထူးခြားသလိုပဲ' တယ်လီဖုန်းန ထောင်သူ ရဲအရာရှိတဦးက လှမ်းပြောသည်။ သူ့အသံ လွန်စွာအရေးကြီးနေပုံရသည်။ 'ကျွန်တော်တို့ ပြောတဲ့ကဒေ ရဲ့ ပုံပန်းသဏ္ဍာန် အတိုင်းပဲ ကြာသပတေးနေ့ နံနက် နယူးဘာရီ လမ်းမှာ တွေ့လိုက်ရတယ်လို့ ဒီ မှာ သ တ ပေးတယ်'

'ဟုတ်လား၊ ကြည့်ရအောင်' ပြောပြောဆိုဆို မိနက်တီ ခြေလှမ်းနှစ်လှမ်းစာသည်းဖြင့် အခန်းကိုဖြတ်ကာ တယ်လီဖုန်းရှိ



သို့သွားလိုက်သည်။ သူက မှတ်သားထားသော အမည်နှင့် လိပ်စာကိုကြည့်ပြီး ချက်ချင်းပင် အောက်ထပ်ရှိ ရဲဆက်သွယ် ရေးယာဉ်ဆီသို့ ပြေးဆင်းသွားသည်။ အလက်ကိုတွေ့ခဲ့ရသည် ဟု သတင်းပေးသူ အမျိုးသမီးနှင့် သွားရောက် တွေ့ဆုံရန် အမိန့်ပေးသည်။ ထို့နောက် ရဲဆယ့်နှစ်ဦးခန့်ကို နယူးဘာရီ လမ်းသို့သွားရန်၊ ထိုလမ်းအတွင်းရှိ ကုန် စုံ ဆိုင် တိုင်းသို့ ဝင်ရောက်စစ်ဆေးရန်၊ ကုန်စုံဆိုင်တိုင်းရှိ လူများ၏အမည်များ ကိုမေးရန်၊ လမ်းပေါ်တွင်ရောက်နေသည့် ကုန်ပစ္စည်းပေးပို့ သူအားလုံးကို စစ်ဆေးရန် စသည်ဖြင့်အမိန့်ပေးလိုက်သည်။

'ကောင်းပြီ' သူ့ အနီးတွင်ကပ်ပြီး ရပ်နေသောဆူဆန်အား ၍ကြည့်ကာ မိနက်တီကပြောသည်။ 'ဒါ ၊ ထူးခြားတာ ခုတော့ ကျွန်တော်တို့ တွေ့ကြရတော့မယ်၊ ဒီနေ့မှာ ဒီအမှု တင်ပေါ်လိမ့်မယ်လို့ ခင်ဗျားကို ကျွန်တော် ပြောခဲ့သားပဲ။

'နောက်တခု ကျွန်တော်လုပ်ချင်တာကတော့ စောစောက အရာရှိဟိုင်း ပြောခဲ့တဲ့ အကြားအမြင်ရှိနေတယ်ဆိုတဲ့ အမျိုး သမီးကြီးနဲ့ ခင်ဗျားကိုပေးတွေ့ဖို့ပဲ။ ဒီအမှုမျိုးက ရေတံလျှောက် သိုပဲ။ သောက်မိယင်မလွယ်တော့ဘူး။ ရေတွေတရဟောစီး ဆင်းတော့တာပဲ။ တနည်းအားဖြင့်ပြောရရင်လည်းအပေါက် ရှိတဲ့ အုတ်နံရံကြီးနဲ့ တူတယ်။ ဒါပေမယ့်လည်း အပေါက် အပေါက်တွေ့မိလို့ အုတ်နံရံကြီးကို အဲဒီ အပေါက်က ဖြည်းဖြည်း ဖြိုချနိုင်ပြီဆိုယင်တော့ နောက်ဆုံးမှာအ တွေ ခင်ဗျားရဲ့ ကိုယ်ပေါ်ကို ပိကျလာတဲ့အထိ ပြိုကျလာမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။ကျွန်တော်တော့ ဒီအမှုကို အဲဒီလိုပဲမြင်တယ်’ သူတို့နှစ်ယောက်က အိမ်ပေါ်ထပ်သို့ ပြန်လည်တက်လာ ကြသည်။

‘အရာရှိဟိုင်း’ အခန်းထဲသို့ ဝင်လာယင်း မီနက်တီက အော်ခေါ်လျက်သည်။ သို့သော် တက်ဆီကသာ သူ့ထံပြေးလာပြီးခုန်တက်သည်။

‘သူလမ်းပျောက်ချင်နေပုံရတယ်’ ဆူဆန်က ပြောသည်။ ‘သူ့ကို တယောက်ယောက်က လမ်းပေးပျောက်နိုင်သလား၊ သူကခွေးလိမ္မာပါ’

‘သူ့နာမည်က တက်ဆီဆိုတော့ ရယ်စရာပဲ’ မီနက်တီက ပြောသည်။

‘အဲဒီနာမည်ကို ဂရေဟမ်ကပေးခဲ့တာ’ ဆူဆန်က ရှင်းပြသည်။ ‘သူကပြောတယ်၊ လမ်းထွက်ပြီးခွေးကို ဟော့ တက်ဆီလို့ ခေါ်ရတာရယ်စရာ ကောင်းမယ်လို့ ဆိုခဲ့တယ်’

ဆူဆန်သည် စိတ်ရွှင်မြူးသည့် စကားများကို ပြောလာပေသည်။ အမှုကိစ္စနှင့်ပတ်သက်၍ မီနက်တီ၏အကောင်းကိုသာ ကြည့်ပြီးပြောသောစကားများကို ဆူဆန်က ယုံကြည်လက်ခံပေပြီလော။

အလက်ကိုမြင်လိုက်ရသည်ဆိုသော နယူးဘာရီလမ်းမှ သတင်းပေးသူများမှာ လွဲမှားသောသတင်းပေးမှုများ ဖြစ်ကုန်သည်။



အလက်ကို အသေအချာ မြင်လိုက်ရပါသည်ဆိုသူ နှစ်ဦးအား အိပ်မွေ့ချသည့်အတတ်ပညာဖြင့် အိပ်စေပြီး မေးမြန်းသောအခါ သူတို့၏ ထွက်ချက်များမှာ ကွဲလွဲ ကုန်တော့သည်။ အလက်အား တွေ့ခဲ့ရသည်ဆိုသည့် အမျိုးသား၏ထွက်ချက်မှာ အနည်းဆုံး အသက်ဆယ့်နှစ်နှစ်ရှိ ကလေးကို တွေ့ခဲ့ရခြင်းဖြစ်နေသည်။ အလားတူပင် အလက်ကို တွေ့ခဲ့ရသည် ဆိုသည့် အမျိုးသမီးကလည်း အလက်၏ ပုံပန်းသဏ္ဌာန်၊ ဝတ်စားဆင်ယင်မှုတို့နှင့် မကိုက်ညီသည်များကို ထွက်ဆို ပြန်သည်။ အမှန်အားဖြင့်ဆိုရလျှင် ၎င်းတို့နှစ်ယောက်စလုံးပင် အလက်အား တွေ့ခဲ့ကြသူများမဟုတ်ချေ။

နယူးဘာရီလမ်းထောင့်တွင် နေသော မသက်ာဖွယ်ရာ ကားကို တွေ့ခဲ့ရသည်ဆိုသည့် အမျိုးသားအား အိပ်မွေ့ချအတတ်ပညာဖြင့် မီနက်တီက ဆက်လက်၍မေးမြန်းပြန်သည်။ လမ်းဘေးတွင် ရပ်ထားသည်ဆိုသော ကားနှင့် ပတ်သက်၍ အခြားအချက်အလက်များ တိတိကျကျကို ပို၍ပြောနိုင်မပြော ကြမေးသည်။ ထိုကားအနီးသို့ အလက် ကပ်သွားခဲ့သည်ကို လည်း မြင်တွေ့ရပါသလားဟု မေးသည်။ အမျိုးသားက ကား၏အမျိုးအမည်ကိုသာ ပြောနိုင်သည်။ အရောင်ကိုလည်း ပြောနိုင်သည်။ သို့သော်လည်း ၎င်းနှင့် ခပ်လှမ်းလှမ်းတွင် ရပ်ထားသည်ဖြစ်သောကြောင့် ကားနံပါတ်ကို မမြင်ကြောင်း၊ ထိုကားကို လွန်ခဲ့သည့် အပတ်ကလည်း ယခု နေရာတွင်ပင် ရပ်ထားသည်ကို တွေ့ခဲ့ရကြောင်း၊ သို့သော် ကားအနီးသို့ အလက် ကပ်လာသည်ကို မတွေ့ခဲ့ရကြောင်း၊ကြာသပတေးနေ့

www.burmeseclassic.com

www.burmeseclassic.com



နံနက်က အလက်ကို လုံးဝ မတွေ့ခဲ့ရကြောင်း စသည်ဖြင့် ပြောပြသည်။

အိပ်မွေ့ချအတတ်ပညာရှင် ရဲအရာရှိက ဆူဆန်ကိုမေးမြန်းသည်။ ဆူဆန်၏ အိပ်ခန်းထဲတွင် မေးခြင်းဖြစ်သည်။ သူတို့နှစ်ယောက်က မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ကြ ချိန်၌ မီနက်တီက သူတို့အနီးတွင် ရပ်နေသည်။

'ကဲ၊ စိတ်ကိုလျှော့ထားပါ' အိပ်မွေ့ချအတတ်ပညာရှင်က ပြောသည်။ 'ဟောဒီနေရာကို သေသေချာချာ စိုက်ကြည့်နေ နေပါ' မျက်လုံးနှစ်လုံးကြားရှိ နဖူးတနေရာကို သူက ညွှန်ပြသည်။ သူညွှန်ပြသည့်နေရာသို့ ဆူဆန်က ကြည့်သည်။ ခဏ ကြာသောအခါ စိုက်ကြည့်နေသည့်နေရာလေးမှာအလင်းရောင် များ ထွက်လာသည့်နှယ် ရှိသည်။ သူ့အနေဖြင့် မျက်တောင် ခတ်နိုင်ခြင်း ရှိပါမည်လားဟု ဆူဆန်က တွေးကြည့်သည်။ သူတို့နှစ်ယောက်က တိတ်ဆိတ်စွာဖြင့် ထိုင်နေ ကြသည်။ ဆူဆန်၏နောက်တွင် ထိုင်နေသော မီနက်တီမှာလည်း မလှုပ် မရှား၊ တိတ်တိတ်ဆိတ်ဆိတ်ရှိနေသည်။

ပညာရှင်က စကားထပ်မံပြောသောအခါ သူ့ အသံမှာ ပဲ့တင်သံကဲ့သို့ ဖြစ်လာသည်။ ဆူဆန်နှင့်အနီးမှ အဝေးတနေရာသို့ ထွက်သွားပြီး ပြောသည်ကဲ့သို့ရှိသည်။ 'ကဲ...ကျွန်တော် စတင် ပြီးတော့ ရေတွက်မယ်။ ဂဏန်းတခုရေတွက်ပြီးတိုင်း ခင်ဗျား ရဲ့ မျက်ခွံဟာ တဖြည်းဖြည်းလေးလံလာမယ်။ အမှတ်တဆယ် ရောက်တာနဲ့ ခင်ဗျားရဲ့မျက်လုံးတွေ မှိတ်သွားရမယ်'



သူက စတင်ရေသည်။ အမှတ်စဉ်ငါးသို့ ရောက်သည်နှင့် ဆူဆန်၏မျက်ခွံများမှာ ခဲများတင်ထားခြင်းကို ခံရသည့်နှယ် တဖြည်းဖြည်း အိကျလာသည်။ အမှတ်စဉ် တဆယ်သို့ ရောက် သောအခါ မျက်စိများမှိတ်သွားသည်။ ဆူဆန်သည် ကိုယ်လုံး တောင့်တောင့်ကြီးဖြင့် ထိုင်လျက်ရှိသည်။

'ကျွန်တော်ပြောတာကို ကြားသလား မစ္စစ်ဆယ်ကီ' ပညာရှင်က မေးသည်။ ဆူဆန်က ခေါင်းညိတ်သည်။

'ခင်ဗျားရဲ့မျက်လုံးတွေဟာ သိပ်ပြီးလေးနေတယ်။ ဖွင့်လို့ လည်း မရဖြစ်နေပြီ' ပညာရှင်ကပြောသည်။ ဆူဆန်ကငြိမ်သက်စွာ ဆက်လက်ထိုင်နေသည်။

'ကျေးဇူးပြုပြီး မျက်လုံးတွေဖွင့်နိုင်အောင် ကြိုးစား ကြည့် စမ်းပါ' ပညာရှင်က ပြောသည်။ ဆူဆန်က ကြိုးစား၍ ကြည့်သည်။ သို့သော် မရ။ 'ကောင်းတယ်' ပညာရှင်က ဆက်လက်ပြောသည်။ အခန်းထဲတွင် ပို၍ တိတ်ဆိတ် ငြိမ်သက် နေသည်။

'ခင်ဗျားရဲ့လက်တွေကလည်း တဖြည်းဖြည်းနဲ့လေးလာပြီ၊ ချောင်းတွေလိုပဲ လေးလံနေတယ်။ ခင်ဗျား လှုပ်ကြည့်ပါဦး' ဆူဆန်က ကြိုးစား၍လှုပ်ကြည့်သည်။ သို့သော် မရ။ 'ကောင်း တယ်' အခန်းထဲတွင် ပို၍ ငြိမ်သက်တိတ်ဆိတ် နေပြန်သည်။

'ကဲ' ပညာရှင်က ပြောသည်။ 'အခု အချိန်ဟာ [illegible]လ ဆယ့်ခုနှစ်ရက်၊ နံနက် ရှစ်နာရီ လေးဆယ့်ငါးမိနစ် ဖြစ်တယ်။ ဒီအချိန်မှာ ခင်ဗျား ဘာလုပ်နေသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ မီးဖိုထဲမှာရှိနေတယ်။ ကျွန်မတပည့်တွေရဲ့ အဖြေ လွှာတွေကို ကျွန်မရဲ့အိတ်ထဲ ထည့်နေတယ်....'

'ကောင်းတယ်၊ အလက်ကရော ဘယ်မှာလဲ'

'သူက ကျွန်မနံဘေးမှာရှိတယ်။ သူ့ နေ့လယ်စာ အိတ်ထဲကို ပန်းသီးတလုံး ထည့်နေတယ်။ နောက်ပြီးတော့ သူ့ နေ့လယ်စာ ခွက်ကို အိတ်ထဲထည့်တယ်။ ဒါနဲ့ ကျွန်မက ကျောင်းသွားဖို့ အသင့်ဖြစ်နေပြီလား သားလို့ မေးခဲ့တယ်။ သူကဟုတ်ကဲ့လို့ ဖြေတယ်။ အောက်ထပ်ကိုမဆင်းခင် ဒီဖိနပ်ကို စီးကြည့်စမ်းပါ လားလို့ကျွန်မပြောခဲ့တယ်။ အလက်က သူ့ လက်ထဲကအိတ်ကို ချပြီး ဒူးထောက်ထိုင်တယ်။ တမိနစ်လောက် ကြာအောင် ဖိနပ်ကို ကြိုးစားပြီးစီးယူရတယ်။ ကျွန်မတောင် စိတ်မရှည် ဖြစ်ခဲ့တယ်။ ဒီတော့အလက်ကရပြီမေမေ ရပြီလို့ ပြောတယ် နောက်တော့ သူမတ်တတ်ရပ်ခဲ့တယ်'

ပညာရှင်ကပြောသည်။ 'ကောင်းပြီ။ အဲဒါတွေ ထားလိုက် တော့။ ခင်ဗျားမီးဖိုထဲကထွက်လာတယ်။ ဘာဆက်လုပ်သလဲ'

'ကျွန်မတို့အောက်ထပ်ကိုဆင်းခဲ့ကြတယ်၊ ကျွန်မက ပထ ဆင်းပြီး ကျွန်မနောက်က သားငယ်လိုက်လာတယ်'

'ကောင်းပြီ။ ခင်ဗျားတို့နှစ်ယောက်အမြင်ရောက်လာကြပြီ အိမ်ရှေ့လှေကားကို ရောက်လာကြပြီ။ ဒီတော့....'

'ဒီတော့....မနက်ခင်း နေရောင်ခြည်ကောင်းစွာရနေတယ် ကျွန်မရဲ့မျက်နှာတွေ၊လက်တွေနွေးထွေးလာခဲ့တယ်။ ကျွန်မ တံခါးကိုဖွင့်ပြီး, အိမ်ပြင်ကို ထွက်ခဲ့တယ်။ အလက်ကကျွန်မ မော့ကြည့်တော့ ကောင်းသောနေ့၊ ချစ်စရာနေ့ ဖြစ်ပါတယ်



သားလို့ ကျွန်မကပြောခဲ့တယ်။ တကယ်လို့ ညနေ ကျောင်း ဆင်းချိန် ဂျပ်စတင်းကိုအိမ်ခေါ်ချင်ယင် ခေါ်ခဲ့လို့ပြောခဲ့တယ်။ ဒီတော့အလက်က ဟုတ်ကဲ့မေမေ၊ သား နှုတ်ဆက်ပါတယ်လို့ ပြောတယ်။ ကျွန်မကသားကို ငုံ့နမ်းခဲ့တယ်။ သားက ကျွန်မ ညဝတ်ပင်းကို သိုင်းဖက်ခဲ့တယ်။ သူ့ ပါးပြင်လေးဟာ အေးနေ တယ်'

'ကဲ....လမ်းကို ငုံ့ကြည့်စမ်းပါ' ပညာရှင်က ပြောသည်။ ဘက်ကိုလှမ်းကြည့်စမ်းပါ။ 'ဘာမြင်ရတယ်ဆိုတာကျွန်တော့် ပြောပြပါ'

ဆူဆန်က သူ့ စိတ်ထဲတွင်ပင် မျက်နှာကို ဝဲဘက်သို့ လှည့် ကြည့်သည်။လမ်းထောင့်ချိုးရောက်သည်အထိ လမ်းတလျှောက် မြင်နေရသည်။ အဖြေးဝတ်စုံဖြင့် လူနှစ်ယောက်ကသူ့ ထံသို့ လာနေသည်။ ပညာရှင်ကလမ်း၏ ယာဘက်ကိုလှမ်းကြည့် ပြောပြန်သည်။ ဆူဆန်က ယာဘက်သို့ လှည့်ကြည့်သည်။ ရသော သစ်ပင်များကို ပြောပြသည်။ ပွင့်နေသော အိမ် ၏ တံခါးများကို ပြောပြသည်။ အလုပ်ခွင်သို့သွားကြမည့် သုံးယောက်က သူ့ ကိုကျော်သွားကြောင်း ပြောပြပြန်သည်။ တွေ့ရသမျှကို ပြောပြရသည်မှာ ၄၅ မိနစ်ခန့် ကြာသွား သည်။ အလက်၏ နောက်ဆုံး ခြေရာခြေလှမ်းများကို မြင်မိပြန် သည်။ သူကစောင့်ကြည့်နေစဉ်တွင်ပင်၊အလက်ကထောင့်ချိုးသို့ ဝင်သည်။ ယာလက်လေးကိုလည်းမြှောက်ပြသည်။ ဆူဆန် လန့်မိသည်။ ဆုံးရှုံးခြင်းဟူသော အသိတရား သူ့ ခေါင်း သို့ ပြန်ရောက်လာပြန်သည်။ ဆူဆန်စတင်ငိုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲတော်လောက်ပြီ' မီနက်တီကပြောသည်။

အကြားအမြင်ရှိသည်ဆိုသောအလီဆန်ဘွတ်သည်၊နေ့လယ် ပိုင်းတွင်ရောက်လာသည်။ သူ၏ကြီးမား၍နက်နေသောမျက်လုံး တို့က ဆူဆန်ကိုကြင်နာကြောင်းဖော်ပြနေသည်။

'မင်းကိုကူညီနိုင်လိမ့်မယ်လို့ ငါမျှော်လင့်တယ်'အလီဆန်က ပြောသည်။ ငါ့ကိုမင်းက တွေ့ချင်တယ်ဆိုတဲ့အတွက် ဝမ်းသ မိတယ်။ တကယ်တော့ငါ့အသိထဲမှာမင်းရောက်နေတာကြာပြ

'ရှင့်အနေနဲ့ အလက်တယောက် ဘာဖြစ်နေတယ်ဆိုတာ သိနိုင်မယ်လို့ ထင်သလားဟင်'

'ခုထိတော့မသိသေးဘူး။ ဒါပေမယ့် မင်းကိုငါ တခုတော ပြောမယ်။ ဒီပြင်လူတွေလိုတော့ ငါမသိတာ မမြင်တာ သိတယ်၊မြင်တယ်လို့မပြောဘူး။ ငါမြင်တယ်ဆိုယင် ငါသိတာ ဖြစ်တယ်။ ငါမမြင်ဘူးဆိုယင် ငါမသိတာပဲ ဖြစ်တယ်။ အဲ အတိုင်းပဲ ငါပြောတတ်တယ်'

ဆူဆန်က သူ့အတွက် ကော်ဖီတခွက်ပေးရာ မစ္စစ်ဘွတ် လက်ခံပေသည်။ ရဲများအားလုံးက မစ္စစ်ဘွတ်ကိုတလေးတစ ဆက်ဆံကြကြောင်းတွေ့ရသဖြင့် ဆူဆန်ကျေနပ်မိသည်။

ကော်ဖီသောက်ပြီးသောအခါမစ္စစ်ဘွတ်ကအလက်အခန်း သွားရန်ပြောသည်။အလက်ပျောက်ပြီးကတည်းက သားငယ် အခန်းကိုဆူဆန်ကတတ်နိုင်သမျှမသွားပဲနေသည်။ယခုအချိန် နှစ်ကြိမ်ခန့်သာ ရောက်ခဲ့သည်။ သားငယ်၏ အခန်းသို့ ဝ ခြင်းမှာ သူ့အတွက် နာကျည်းစရာ ဖြစ်ရသည်။ ထို့ကြေ သားငယ်၏ အခန်းကို အတတ်နိုင်ဆုံး သီးခြား ရှိစေသ



သည့်အချိန်တွင်မှ အလက်၏ အခန်းကို ပြန်လည် အသုံးပြု ည် ဆိုခြင်းနှင့်ပတ်သက်၍ ဆူဆန်က မခန့်မှန်း နိုင်အောင် ည်။

စ္စစ်ဘွတ်ကအလက်၏အခန်းရှိရာသို့ ဦးဆောင်သွားသည်။ း‌တွင်းရောက်သောအခါ အိပ်ရာပေါ်တွင် သူကငြိမ်သက် ထိုင်ချသည်။

ဒီအိမ်ထဲမှာ ပျောက်ဆုံးမှု အကြီးအကျယ် ဖြစ်ခဲ့တယ်' ဆန်ကိုညွှန်ပြ၍ မစ္စစ်ဘွတ်က ပြောသည်။ 'အသည်းနှလုံး ာ အင်မတန်နာကျည်းရတဲ့ အကြောင်းရပ်တွေ လည်းပဲ နေတယ်'

အလက်ဖခင်နဲ့ ကျွန်မဟာ လွန်ခဲ့တဲ့ သုံးလ လောက်က တော့ ကွာရှင်းပြတ်စဲ ခဲ့ကြပါတယ်။ ကျွန်မတို့ လက်ထပ် ာ ကိုးနှစ်ရှိခဲ့တယ်'

'အဟမ်း.... ခံစားချက်တွေ တွေ့ရှိချက်အရ ပြောရယင် အနေနဲ့ အဲဒီကိစ္စကို အတော့်ကိုကြိတ်ပြီးတော့ ခံစားခဲ့ ယ်'

'ဟုတ်ကဲ့' ဆူဆန်ကပြောသည်။

သုံးရှုံးမှုတွေနဲ့ တွေ့ခဲ့ရတယ်လို့လည်းပဲမင်းထင်မှတ်ထား ယ်'

'ဟုတ်ကဲ့'

မင်းရဲ့သားငယ် အလက်အနေနဲ့ သိပ်ပြီးပျော်တဲ့အခါမှာ မဟုတ် သူကစားတဲ့အခါမှာ အသုံးပြုတတ်တဲ့ ပစ္စည်း ခုကို ရနိုင်မလား'

www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောတယ်၊ ဟုတ်ကဲ့.... ရနိုင်ပါတယ်' ဆူဆ
အခန်းတွင်းလှည့်ကြည့်သည်။ စာအုပ်စင်နံဘေးတွင် အလ
ဘောလုံးကိုတွေ့ရသည်။ မစ္စစ်ဘွတ်က ဘောလုံးကိုလှမ်း
ကိုင်ထားသည်။ ထို့နောက် 'အလက်ဟာ သူ့အဖေနဲ့ကစ
အခါ ဒီဘောလုံးနဲ့ကစားတတ်တယ် မဟုတ်လား'

'ဟုတ်ကဲ့'

ထို့နောက်မှ မစ္စစ်ဘွတ်သည် ခေတ္တမျှကြာအောင်
သက်စွာထိုင်နေသည်။ အခန်းထဲတွင် သူဆက်လက်၍နေရ
သို့မဟုတ် ထွက်သွားရမည်ဆိုခြင်းကို ဆူဆန်ကမသိ၊ သို့
မစ္စစ်ဘွတ်ကို စကားပြောလိုက်ခြင်းအားဖြင့် အာရုံစူး
မှုများ ပျက်သွားမည်ကို စိုးရိမ်သည်၊ ထို့ကြောင့် ဆူဆ
အမျိုးသမီးကြီး၏ မျက်နှာကိုသာ စိုက်ကြည့်နေသည်။

မစ္စစ်ဘွတ်က မျက်လုံးကိုမှိတ်ပြီး အချိန်အတန်ကြာအေ
ငြိမ်သက်စွာ ထိုင်နေသည်။ အမျိုးသမီး၏ မျက်နှာ
ထူးခြားသော အရိပ်အခြည်များကို ဆူဆန် တွေ့မြင်ရ
နောက်ဆုံးတွင် မစ္စစ်ဘွတ်က မျက်လုံးဖွင့်လိုက်သည်။

'သူ့ကို ငါတွေ့နိုင်တယ်' မစ္စစ်ဘွတ်ကပြောသည်။ 'ဒ
မယ့်လည်း အကျိုးရှိလောက်အောင်တော့မတွေ့နိုင်ဘူး။ သ
ပြတင်းပေါက် နံဘေးမှာ ရပ်နေတယ်။ ပြတင်းပေါ
အပေါ်စား နေရောင်ကာ ကန့်လန့်ကာနဲ့ ကာထားတ
အပြင်ဘက်မှာတော့ လမ်းကျယ်ကြီးလိုလို၊ အဝေးပြေး
လိုလို ရှိနေတယ်။ သူရပ်နေတဲ့အခန်းဟာ သာမန်တည်း



လို့ ထင်ရတယ်။ ငါတွေ့ရသမျှတွေထဲမှာ အဲဒါက

လိုချင်တာက အခုအချိန်မှာ အလက်ရဲ့ လှုပ်ရှားမှုဟာ
ဖြစ်တယ်ပေါ့ ဟုတ်လား'

တ်တယ်'

င်ဆိုလိုချင်တာက သူအသက်ရှင်နေတယ်ပေါ့ ဟုတ်လား။
ပေါက်နံဘေးမှာ ရပ်နေတယ်ပေါ့ ဟုတ်လား။ မနေ့က
နဲ့ ဘာမှမဖြစ်ခဲ့ဘူးလို့ ရှင်က ပြောနိုင်တယ်ပေါ့
ား။ ဒါမှမဟုတ်....'

တ်တယ်' မစ္စစ်ဘွတ်က ပြောသည်။ 'ငါ့အနေနဲ့
ြီး ထပ်ပြောနိုင်သေးတယ်။ ဒါပေမယ့်လည်း အဲဒီလို
ာတွေဟာ မင်းကို ကူညီရာရောက်မယ်လို့ မထင်....'

.... ဘုရားသခင်၊ သားငယ် အသက်ရှင်နေတုန်းပ့ါ
ဆူဆန်ကပြောသည်။

တ်ပါတယ်' မစ္စစ်ဘွတ်ကပြောသည်။ 'သူ အသက်ရှင်
ပါပဲ။ သူအသက်ရှင်နေတယ် ဆိုတာကို မသိရယင်
လာဘူး'

က်ဘီက မစ္စစ်ဘွတ်ကို ကျေးဇူးတင်စကားပြောသည်။
တ် မနက်ဖြန်တွင်လည်း ယခုကဲ့သို့ပင် လာရောက်ပေး
မေတ္တာရပ်ခံသည်။ မစ္စစ်ဘွတ်က လာမည်ဖြစ်ကြောင်း
သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အနေဖြင့်မည်မျှစိတ်ပျက်မကျေနပ်နေမိကြောင်း ဆ
မရိပ်မိစေရန် မီနက်တီက အတတ်နိုင်ဆုံး ကြိုးစား
နေရသည်။

ထိုည ဆယ့်တနာရီ ရုပ်မြင်သံကြားသတင်းပိုင်းတွင် ဆူ
တွေ့ဆုံခန်းကိုထုတ်လွှင့်သည်။ အလက်၏ ပျောက်ဆုံးနေ
ပတ်သက်၍ ကျေနပ်စရာ အခြေအနေများ တိုးတက်မှု
ကြောင်း သတင်းကြေငြာသူများက ပြောကြသည်။ 'အ
တယောက် အသက်ရှင်လျက် ရှိနေကြောင်း မစ္စစ်
ပြောပြချက်များကိုလည်း သူတို့က ရည်ညွှန်းပြောဆိုကြ
'အို...ဘုရားသခင်' ရုပ်မြင်သံကြား ကြည့်လျက်ရှိကြ
ဂျိုစီလင်းက မာတီနာအား ပြောသည်။
'ရှင် ဘာကိုဆိုလိုချင်တာလဲ'
'ဘာမှမဟုတ်ပါဘူး' ရုပ်မြင်သံကြားစက်ကိုပိတ်ရန် ထ
ရာမှထယင်း ဂျိုစီလင်းက ပြောသည်။ 'ကျွန်မဆိုလိုချင်တ
ဘာမှမဟုတ်ပါဘူး။ အို....ဘုရားသခင်'

အန်နီနှင့် တီဂျေတို့က သစ်သားကုလားထိုင်များ ပေ
ထိုင်ယင်း ရုပ်မြင်သံကြား သတင်းခန်းကို စိတ်ဝင်စာ



နေကြသည်။ သူတို့လက်ထဲတွင် အန်နီဖျော်ပေးသော
ပါတခွက်စီရှိနေသည်။ သူတို့သည် အခြားလမ်းရှိ သူတို့
၏ နောက်ဘေးမီးဖိုချောင်တွင် ထိုင်နေကြခြင်းဖြစ်သည်။
အန်နီက မေးသည်။ 'အဲဒီအမျိုးသမီးကြီးနဲ့ ပတ်သက်လို့
ယ်လိုထင်သလဲ'
နီးလိုလို၊ ကဝေလိုလို မိန်းမကြီးပါကွာ' တီဂျေက
သည်။
အန်နီက ခေတ္တမျှကြာအောင် တွေတွေလေး စဉ်းစားနေ
သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆူဆန်၏အိမ်တွင် နေ့လယ်ခင်းကဲ့သို့ပင် တယ်လီဖုန်းမျ
အဆက်မပြတ်မြည်နေသည်။ မစ္စစ်ဘွတ်၏ ပြောပြချက်မျ
ပတ်သက်၍ ရုပ်မြင်သံကြားမှ ကြားသိရပြီးနောက် သူ
ထင်မြင်ချက်အမျိုးမျိုးပေးကြခြင်းဖြစ်သည်။

အမျိုးသမီးကြီး တဦးက အလက်အား မလိုလားသူ
ဖမ်းဆီး သွားကြောင်း ဆယ့်ငါး ကြိမ်မျှ တယ်လီဖုန်းဆ
ပြောသည်။ သို့သော်လည်း အလက်မှာ ယခုအခါ တယ်
မြို့တွင် အသက်ရှင်လျက်ရောက်နေကြောင်း၊ အကယ်၍
တယောက်က သူ့အတွက် လေယာဉ်လက်မှတ်ခ အကုန်
ခံမည်ဆိုပါက တယ်အာဗစ်မြို့သို့ သွားရောက်ကာ အလ
ပြန်လည်ခေါ်လာမည်ဖြစ်ကြောင်း ပြောပြသည်။

ညနေပိုင်းကလည်း အမျိုးသမီးကြီးတဦးက အောက်ထ
ရောက်လာကာ ဆူဆန်ကိုတွေ့လိုကြောင်း တောင်းဆိုခဲ့သ
သူနှင့်အတူ ညစ်ပတ်သောအဝတ်အစားများကိုဝတ်ထားသ



သုံးနက်ဖြင့် ကလေးမတဦး ပါလာသည်။ အမျိုးသမီးမှာ
သည်။ သူ့တွင် သွား အနည်း ငယ်သာ ရှိသည်။ သို့သော်
ချောင်းလေး များတွင်ကား စိန်လက်စွပ်တို့ကို တန်းစီ၍
သားသည်။ အပေါ်ထပ်ပြတင်းပေါက်နံဘေးတွင် ထိုင်နေ
အမျိုးသမီး၏ စူးရှသောအသံကို ဆူဆန်ကြားရသည်။
ကြောင့် ဆူဆန့်ထိတ်လန့်မိသည်။ မီနက်တီကအောက်ထပ်သို့
ပြီး အမျိုးသမီးကို မောင်းထုတ်ခဲ့ရသည်။ သို့သော်
မျိုးသမီးက လွယ်လွယ်ကူကူနှင့်ထွက်မသွားခဲ့။
'ဂျစ်ပဆီ မပါ' အိမ်ပေါ်သို့ ပြန်တက်လာယင်း မီနက်တီက
ပြခဲ့သည်။
'ရှင်က ကျွန်မကို နောက်နေတာများလား'
'အင်း။ ခင်ဗျားကို ကျွန်တော် နောက်နေတာပဲ ဖြစ်ချင်
တယ်။ တကယ်တော့ ဂျစ်ပဆီတွေဆိုတာက မိန်းမလည်ပဲ။
ျားနဲ့စကားပြောနေယင်း ခင်ဗျားရဲ့သွားမှာရွှေကွပ်ထား
ဆိုယင် အဲဒီရွှေတွေကို ရအောင် ယူတတ်တဲ့ မိန်းမစား
တွေ'
'သူကဘာလို့ချင်လို့တဲ့လဲ'
မီနက်တီက ပခုံးတွန့်ပြသည်။ 'ခင်ဗျားရဲ့ ရွှေ့ရေးကို ဟော
လို့လား။ ဒါမှမဟုတ်ယင်လည်း သူနဲ့ပါလာတဲ့ ကလေးမ
ားကိုရောင်းစား ချင်လို့လား ကျွန်တော်မသိဘူး'
'ဒါပေမယ့်လည်း သူကတခုခုကိုများ သိထားရော့သလား'
မျိုးသမီးနှင့် ကလေးငယ်ကို တွေ့ရလိုတွေ့ရငြား ဆူဆန်က
တင်းပေါက်မှနေပြီး အောက်သို့ ငုံ့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ သူသိတယ်၊ ဘယ်သူဟာ အခက်အခဲနဲ့တွေ့ ဒုက္ခရောက်နေရတယ် ဆိုတာကို သူကောင်းကောင်း သိတ တယ်။ မိန်းကလေးကတော့ အလစ်သုတ်တဲ့ ကောင်မလေ မျိုးပဲ။ သူတို့လိုလူမျိုး အကြောင်းကို ကျွန်တော် ကော ကောင်းသိတယ်'

သို့သော် ဆူဆန်ကမူ ပြတင်းပေါက်မှနေ၍အောက်ဘက် ငုံ့၍ကြည့်မြဲ ကြည့်နေလျက်ပင်ရှိသည်။

တညနေခင်းလုံးနှင့် ညပိုင်းတို့တွင် ဆူဆန်နှင့်ဂရေဟမ်တို့အာ မီနက်တီအပါအဝင် များပြားစွာသော ,စုံထောက်တို့က မေ ခွန်းအမျိုးမျိုး မေးခဲ့ကြသည်။ သူတို့နှစ်ယောက်အား နံ ချင်းယှဉ်ထား၍ လည်းကောင်း၊ ကျောချင်းမှီထား၍ လ ကောင်း၊ အခန်းတသီးတခြားစီတွင် လည်းကောင်း၊ တခ တည်းတွင် ထား၍လည်းကောင်း မေးမြန်းခဲ့ကြသည်။ သူတို အလက်ငယ်စဉ်မှစ၍ ကြည့်ရှုခဲ့သည့် ကလေးထိန်းတို့၏ အမ များကိုလည်း မေးမြန်းရှာဖွေခဲ့ကြသည်။ ရှာဖွေခဲ့ကြ ရာတွ စာရွက်စာတမ်းများ သိမ်းဆည်းထားရာ နေရာများ အား ကို မွှေနှောက်ရှာကြခြင်းဖြစ်သည်။ ဆူဆန်နှင့် ဂရေဟမ်တို့ မိတ်ဆွေရင်းများကိုလည်းကောင်း၊မိတ်ဆွေရင်း မဟုတ်သေ လည်း တကြိမ်တခါမျှ တွေ့ခဲ့သူများကို လည်းကောင်းမေးမြ စုံစမ်း မှတ်သားခဲ့ကြသည်။



ပထမတွင် ဆူဆန်ကကန့်ကွက်ခဲ့သေးသည်။

'နေပါဦး။ သူတို့က ကျွန်မတို့နဲ့သိပ်ပြီး ရင်းနှီးကြတဲ့သူတွေ မဟုတ်တာပဲ။ သူတို့နဲ့ မတွေ့တာဆိုယင်လည်း ကြာလှပြီ။ ာဖြစ်လို့....'

သို့သော်လည်း စုံထောက်တို့က ရေးမှတ်မြဲ ရေးမှတ်ခဲ့ ကြသည်။

ညနေပိုင်း မေးမြန်းမှုများအရ လူတဦး၏အမည်မှာ ဂရေ ဟားခြင်းခံရသည့် အမည်သစ်အဖြစ် ပေါ်ပေါက် လာသည်။ င်းမှာ အလက်နှင့်အတူ ဆော့ကစားခဲ့သည့် ဘီနာဆိုသော ကလေး၏ ဖခင်ဖြစ်သည်။ ဘီနာ၏မိခင် မီမီးမှာ ယက်ကန်း က်သူဖြစ်သည်။ တကြိမ်သို့မဟုတ် နှစ်ကြိမ်တွင် ဘီနာနှင့် သွားကစားနေသော အလက်အား ဆူဆန်က လိုက်ခေါ်ခဲ့ရ သေးသည်။ ထိုသို့လိုက်ခေါ်ခဲ့ရာတွင် မီမီးအားမတွေ့ခဲ့ရ။အပြင် သို့သွားနေသည်ဟု ပြောခဲ့ကြသည်။ ဖခင် ရစ်ချတ်ကိုသာ ကလေးများနှင့်အတူ တွေ့ခဲ့ရသည်။ ရစ်ချတ်မှာ ခင်မင်စရာ ကောင်းသူတဦး ဖြစ်ကြောင်း ဆူဆန်ကရှင်းပြသည်။ရစ်ချတ် နှင့် ပတ်သက်၍ ထိုမျှသာဆူဆန်သိသည်။

'ခင်ဗျားရဲ့ မိတ်ဆွေ ရစ်ချတ်ဟာ လက်သမား ဆရာ တယောက်လို့ရော ခင်ဗျားသိထားတယ် မဟုတ်လား' မီနက် တီကမေးခဲ့သည်။ ဆူဆန်က အံ့သြစွာဖြင့်ခေါင်းညိတ် ပြခဲ့ သည်။ 'တကယ်တော့သူဟာ လူဆိုးတယောက်ပဲ။ မူးယစ်ဆေး ါးသုံးစွဲမှုကြောင့် နှစ်ကြိမ်၊ လုယက်မှုကြောင့် နှစ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



အရေးယူခြင်းခံခဲ့ရတယ်။ နောက်ဆုံးအကြိမ်က မက်ဆီကိုမြို့မှာ ထောင်ဒဏ်လေးလ ကျခဲ့တယ်'

အံ့ဩခြင်းနှင့်အတူ ဆူဆန်မှာ ထိတ်လန့်ခဲ့ရသည်။

'ဒါပေမယ့် ရစ်ချတ်မှာ အသက်ဆယ့်ကိုးနှစ်ရှိတဲ့ သားတယောက် ဘယ်လိုလုပ် ရခဲ့ရတာလဲ' ဆူဆန်က မေးသည်။ 'အခုဆိုယင် သူ့အသက်ဟာ....'

'လေးဆယ့်နှစ်နှစ်ပဲ ရှိသေးတယ်' မီနက်တီကပြောသည်။

ဆူဆန်သည် ဘုရားသခင်ကိုသာ တမိရှာတော့သည်။

စနေနေ့ မွန်းလွဲပိုင်းခန့်တွင် ဂရဟမ်က သူ့အခန်းသို့ ပြန်၍ ရေချိုးသန့်စင် အဝတ်အစားများလဲရန် ဆုံးဖြတ်ခဲ့သည်။ မီနက်တီကလည်း ခွင့်ပြုခဲ့သည်။ သို့သော် ဂရေဟမ်နှင့်အတူ စုံထောက်တဦးကို မီနက်တီကထည့်ပေးသည်။သူနှင့် ဂရေဟမ်တို့မှာ အမှန်အားဖြင့် အကျယ်ချုပ်ဖြင့် နေထိုင်ကြရသူများ ဖြစ်နေပါပြီလားဟု ဆူဆန်နားလည်မိတော့သည်။

ကြာသပတေးနေ့ညနေကတည်းကဆူဆန်အိမ်ပြင်မထွက်ခဲ့။ ဂရေဟမ်နှင့် တီရေ့တို့မှာသာ၊စုံထောက်များနှင့်အတူအပြင်သို့ ထွက်ခဲ့ကြသည်။ ထိုသို့ထွက်တိုင်းလည်း အစောင့်များလိုက်ပါကြောင်း ဆူဆန်သတိပြုမိသည်။သူ့အခြေအနေနှင့်ပတ်သက်၍ ဆူဆန်က အမှန်ပင် စိတ်ပျက်ရတော့သည်။



'ခင်ဗျားကို လိမ်လည်မှု တိုင်းတာတဲ့ စက်နဲ့ မေးမြန်းဖို့ ကျွန်တော်စက်ကိုမှာထားတယ်'

'ကောင်းတယ်' ဆူဆန်ကပြောသည်။

'ခင်ဗျားနဲ့ ပြည်နယ်ရဲဌာနကိုသွားရလိမ့်မယ်။ စိတ်တော့ မရှိပါနဲ့နော်'

'အို....ကိစ္စမရှိပါဘူးရှင်'

သို့သော်လည်း တနင်းလာနေ့တွင် သူ့အား ပြည်နယ် ရဲခန်းသို့ ခေါ်သွားပြီး လိမ်လည်မှုစစ်ဆေးသည့် စက်ကို တွေ့လိုက်ရသောအခါ ထိုစက်နှင့်မတွေ့ရလျှင် ကောင်းပေမည်ဟု ဆူဆန်သဘောရမိသည်။

တွေ့ဆုံရသော အတွေ့အကြုံများကြောင့်လည်း ဆူဆန် ရင်ဖိုရရှာသည်။

ဆူဆန်ကို အခန်းငယ်လေးတခန်းသို့ ခေါ်သွားကြသည်။ ထို့နောက် ကုလားထိုင်တလုံးတွင် ထိုင်ခိုင်းသည်။ ထို့နောက် လျှပ်စစ်ဓာတ်အား စီးဆင်းဝင်မည့်ကြိုးများဖြင့် သွေးကြောများ ဆုံသည့်နေရာသို့ ထိတွေ့ ချည်နှောင်သည်။ ထို့နောက် မေးမြန်းမည့်သူက ဆူဆန်၏ရှေ့သို့ရောက်လာသည်။ မေးခွန်းများ အမေးခံရလျှင် စိတ်၏ လှုပ်ရှားမှုကို ညွှန်ပြမည့်ဇယားပုံစံချပ်ကို ဆူဆန်က အကဲခတ်ကြည့်သည်။

'ခင်ဗျားရဲ့နာမည်က ဆူဆန်ဆယ်ကီဖြစ်တယ်နော်'

'ဟုတ်ပါတယ်'

'ခင်ဗျား အိမ်လိပ်စာက အမှတ် ၆၃ ဖရီးမန့်လမ်း ဟုတ်တယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်'

'ခင်ဗျားအသက်ဘယ်လောက်ရှိပြီလဲ'

'သုံးဆယ့်လေးနှစ်ရှိပါပြီ'

'ခင်ဗျားတစုံတရာကို ခိုးယူခဲ့ဖူးသလား'

'ဟုတ်ကဲ့'

'ဘယ်လိုပစ္စည်းမျိုးကို ခိုးယူခဲ့သလဲ'

'ကျောင်းပိုင်တဲ့ စာရေးကိရိယာတွေ ထဲက ဖောင်တိန် တချောင်းကို ခိုးယူခဲ့တယ်'

'အဲဒါ ဘယ်အချိန်၊ ဘယ်အရွယ်လောက်ကလဲ'

'ကျွန်မလေးတန်းမှာ ရှိတုန်းက ဖြစ်ပါတယ်'

'ဒါပဲလား၊ နောက်ကောခိုးယူသေးသလား'

'ကျွန်မမှတ်မိသမျှတော့ အဲဒီတခါပါပဲ'

'ခင်ဗျားရဲ့ ခင်ပွန်းအမည်ကဂရေဟမ်ဆယ်ကီ ဟုတ်တယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'အဲဒီနာမည်က သူ့နာမည်အမှန်ပဲဖြစ်သလား'

ဆူဆန်က တွေတွေလေး စဉ်းစားသည်။ မည်သည့်အတွက်ကြောင့် ထိုမေးခွန်းကို မေးပါသနည်း။ 'ဟုတ်ကဲ့' ဆူဆန်က ဖြေသည်။

'ခင်ဗျားခင်ပွန်းအသက်ဘယ်လောက်ရှိပြီလဲ'

'သုံးဆယ့်ရှစ်နှစ်'

'ခင်ဗျားသားကို ခင်ဗျားသတ်ခဲ့သလား'

'ဟင့်အင်း'



'ခင်ဗျားသား အခု ဘယ်ကို ရောက်နေတယ် ဆိုတာ သိသလား'

'ဟင့်အင်း'

'ခင်ဗျားရဲ့သားကို ကြာသပတေးနေ့ နံနက်ရှစ်နာရီ မိနစ်ငါးဆယ်မှာ နောက်ဆုံးအနေနဲ့တွေ့ခဲ့ရတယ်ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်'

'အခုသူဘယ်ကိုရောက်နေတယ်ဆိုတာ ခင်ဗျားသိသလား'

'မသိဘူး'

ထို့နောက် အရေးမကြီးသော မေးခွန်းအချို့ကိုဆက်လက်မေးကာ အဆုံးသတ်လိုက်သည်။ သူ၏ နှလုံးခုန်နှုန်း၊ အသက်ရှုနှုန်းနှင့် စိတ်လှုပ်ရှားမှုနှုန်းတို့ကို တိုင်းတာရန် သူ့ကိုယ်တွင် ဆက်သွယ်ထားသော ကြိုးများကို တချောင်းပြီး တချောင်း လိုက်လံဖြုတ်သည်။

မီနက်တီက ဆူဆန်ထံရောက်လာသည်။ 'ခင်ဗျားရဲ့ခင်ပွန်းနာမည်ကို မေးလိုက်တုန်းက ဘာဖြစ်လို့ ချက်ချင်းမဖြေပဲ တွေတွေလေး ဖြစ်သွားခဲ့ရတာလဲ'

ထိုမေးခွန်းကြောင့် ဆူဆန်က သူ့ကိုယ်သူ မကျေမနပ်ဖြစ်မိရသည်။

'ဟုတ်လား ၊အဲဒီလိုပဲ ကျွန်မဖြစ်ခဲ့သလား'

'ဟုတ်တယ်၊ကျွန်တော်ပြောတဲ့အတိုင်း ခင်ဗျားဖြစ်ခဲ့တယ်။ သူ့နာမည်ဟာ ၊အဲဒီ အတိုင်းပဲ ဆိုတာ ၊ကျွန်တော်လည်းပဲ သိထားတယ်။ ဒါကြောင့်မို့လို့ ခင်ဗျားအနေနဲ့ တွေတွေလေး ဖြစ်သွားတာကို မြင်ရတော့ ထူးဆန်းခဲ့တယ်' မီမိပြောပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဆူဆန့်တွင်အပြစ်ရှိကြောင်း စက်က တွေ့ရှိခဲ့ပေပြီ။ အမှန်ကို ပြောရ ပေတော့မည်။ 'သူ့အဘိုး နာမည်က ဆယ်ကိုဝါဇ် ဖြစ်တယ်။ ဒါကို သူ့အဖေက ဆယ်ကီလို့ ပြောင်းခဲ့တယ်၊ ဒီတော့ သူ့နာမည်အမှန်ဟာ တကယ်တော့ 'မှန်ရဲ့လားလို့ ကျွန်မ သံသယဖြစ်ခဲ့မိရတယ်'

'ဒါပေမယ့်လည်း အဲဒီနာမည်ဟာ တရားဝင် နာမည် မဟုတ်လား'

'ဟုတ်တယ်' ဆူဆန်ကဖြေသည်။

လိမ်လည်မှုကို တိုင်းတာသည့်စက်ဖြင့် ဂရေဟမ်နှင့် တီဂျေတို့ကို မေးမြန်းခဲ့ရာ သူတို့နှစ်ယောက်စလုံးလည်း အောင်မြင်ခဲ့ပြန်သည်။ ထို့အတူ မာဂရက်မယိုလည်း အောင်မြင်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ ဂရေဟမ်နှင့် ဆူဆန်တို့အား ရဲအစောင့် တဦးမပါပဲနှင့် အိမ်အပြင်သို့ ထွက်ခွင့်၊ သွားလာခွင့်မပြုပဲ ဆက်လက်ထားသည်။

စနေနေ့ညနေပိုင်းတွင်ဆူဆန်မှာ၊ကိုယ်လက်မအီမသာဖြစ်ခဲ့သည်။ ထို့ကြောင့်ဆေးဝယ်ရန် ဈေးသို့သွားမည်ဟု ဆူဆန်က ပြောသည်။ ထိုအချိန်မှာ မိုးရွာစ ပြုနေလျက်ရှိသည်။ မိတ်ဆွေများနှင့်ရဲတို့ကသူ့အတွက်ဈေးသို့သွားပြီးဆေးဝယ်ပေးမည်ဟု ကမ်းလှမ်းကြသည်။ သို့သော်ဆူဆန်က လက်မခံ။

ဆူဆန်က မိုးကာအင်္ကျီကို ဝတ်ကာ ဈေးသွားအိတ်ကို ယူသည်။ ထို့နောက် ဈေးဝယ်သွားရန် စာရင်းစာရွက်ကို ရှာသည်။ သူတို့မိသားစုတွင် အကျင့်တခုရှိသည်။ မီးဖိုချောင်တွင် သုံးစွဲ၍ကုန်သောပစ္စည်း တခုရှိတိုင်း ထိုပစ္စည်းကို ဈေးသွားလျှင်ဝယ်ယူရန်စာရင်းမှတ်သားထားတတ်သည်။ဈေးဝယ်သွားသူက ထိုစာရင်းပါအတိုင်း ပစ္စည်းများကို ဝယ်ယူသည်။ ဤအလေ့အကျင့်ကို ဂရေဟမ်က ပြုလုပ်ထားခဲ့ခြင်း ဖြစ်သည်။



မီးဖိုအတွင်းရှိ ရဲတို့၏သတင်းမှတ်တမ်းစာအုပ်အောက်တွင် ပစ္စည်းစာရင်းကိုတွေ့ရသည်။ စာရင်းတွင်အလက်၏လက်ရေးသေးဖြင့် ငှက်ပျောသီးဝယ်ခဲ့ရန် ရေးထားသည်။

သားငယ်၏ လက်ရေးကို မြင်လိုက်ရသဖြင့် ဆူဆန်၏ ရင်ထဲတွင် ဆို့၍တက်လာသည်။ သို့သော် သူက စိတ်ကို ထိန်းသည်။ မျက်လုံးအိမ်တွင် ဝေ့လာသည့် မျက်ရည်များကိုလည်း မကျမိစေရန်ထိန်းသည်။ အမူအရာ ပျက်၍မသွားစေရန်လည်း ထိန်းသည်။ ကြာသပတေးနေ့ နံနက် ဂျင်းရေချိုးနေချိန်တွင် အလက်က ဤစာရင်းတွင် ရေးသားခဲ့ခြင်း ဖြစ်ကောင်းဖြစ်ပေမည်။

သူနှင့်အတူ အစောင့်လိုက်ပါမည့် ရဲအရာရှိက ဆူဆန်အား စောင့်ကြည့်နေသည်။ ထို့ကြောင့် ဆူဆန်က စာရင်းစာရွက်လေးကို သေချာစွာဆုပ်၍ယူပြီး အင်္ကျီအိတ်အတွင်းထည့်ကာ အပြင်သို့ထွက်လိုက်သည်။

ဈေးသို့သွားယင်း လမ်းတလျှောက်တွင် အိမ်အပေါ်ထပ်များ၊ သစ်ပင်ထိပ်ဖျားများမှ ကလေးတဦး လိမ့်ကျလာမည်လော၊ သို့မဟုတ် အောက်သို့ကျရန် တွန်းချခြင်းခံရမည်လောဟု တွေးတောကာ သတိထားကြည့်ခဲ့မိသည်။ သို့မဟုတ် ကလေးငယ် တဦးမှာ ပုန်းကွယ်နေမည်လော၊ ပုန်းကွယ်နေထိုင်ရန် ပြောဆိုခံနေရမည်လော။ ဈေးသို့ရောက်၍ ကုန်စုံ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကြီးအတွင်းသို့ ဝင်လိုက်မိသောအခါ သူ့ကို လူအများက ဝိုင်း၍ကြည့်နေကြောင်းဆူဆန်တွေ့ရသည်။ရုပ်မြင်သံကြားတွင် တွေ့ခဲ့ရသည့် မျက်နှာအား သူတို့အားလုံးက မှတ်မိနေပုံ ရကြသည်။ အလက်မှာလိုက်သော ငှက်ပျောသီးကို ဆူဆန်က ဝယ်ယူသည်။

ဝိုင်း၍ကြည့်နေသော လူအများထဲမှ မျက်နှာသေးသေးဖြင့် အမျိုးသမီးတဦး ထွက်လာသည်။ သူ့အနီးသို့ရောက်သောအခါ အမျိုးသမီးက စီးကရက်ကို မီးညှိသည်။ ကုန်စုံဆိုင်ကြီးများ ထဲတွင် ဆေးလိပ်သောက်ခြင်းကိုတားမြစ်ထားသည်။ဆူဆန်မှာ ဆေးလိပ်မီးခိုးများကြောင့် ခေါင်းကိုက်သကဲ့သို့ဖြစ်လာရသည်။ အမျိုးသမီးက သူ့အား စိန်းစိန်းဝါးဝါး ကြည့်ရှုလျက် ရှိကြောင်း တွေ့ရှိသည်။ ဆူဆန်က မျက်နှာလွှဲလိုက်ရသည်။

ဆူဆန်၏ နံဘေးတွင် ရှိနေသော ရဲအစောင့်ကို အမျိုးသမီးက ကြည့်လိုက်ပြန်သည်။

'ဒီလို အစောင့်နဲ့သွားလာနေရရုံနဲ့ ရှင့်ကိုယ်ရှင် စိတ်ချရပြီလို့များ ထင်နေသလား' အမျိုးသမီးက ဆူဆန်အားမေးသည်။ သူ့အသံမှာ ကျယ်လွန်းလှသည်။ 'ကျွန်မသိချင်တာတခု ရှင့်ကိုမေးမယ်၊ မှန်မှန်လေးဖြေစမ်း။ ရှင့်ကိုယ်ရှင် သိပ်ပြီးတော့ ဟန်ဆောင်ကောင်းတယ်လို့ ထင်နေသလား။ ရှင့်သားငယ်ကို ရှင်ကိုယ်တိုင် သတ်နိုင်တယ်လို့ကော ထင်နေသလား။ ရှင်အခု ဘယ်လိုခံစားနေရသလဲ။ အဲဒါကို ကျွန်မသိချင်တယ်'

ဆူဆန်က ပခုံးကိုသာတွန့်ပြသည်။ အစောင့်ရဲက ဆူဆန်အား လူအုပ်ထဲမှ လျင်မြန်စွာ ဆွဲခေါ်ထုတ်ယူသည်။ အမျိုး



သမီး၏ မေးခွန်းကို ဖြေကြားရန်မှာ ခက်ခဲသောကိစ္စ ဖြစ်နေသည်။

အိမ်အပြန်လမ်းလျှောက်လာရာတွင် ဆူဆန်မှာတဖြည်းဖြည်း သုပ်ရှား လာသည်။ လက်များ၊ ခြေထောက် များ လာသည်။ ဒူးများမှာလည်း သိသာစွာပင်တုန်လာသည်။ အများ၏စိတ်ထဲတွင် ခံစားနေရမှုတို့မှာ စောစောက အမျိုးသမီး မေးမြန်းခဲ့သည့်အတိုင်း သူ့အပေါ်တွင်ရှိနေပေပြီလော။ တို့က အမှန်ပင် စိတ်ဆိုးနေကြပြီလော။ သူ့အနေဖြင့် သည်နေကြောင်း သူတို့က တွေးထင်နေကြပြီလော။

ဆူဆန်က အတန်တန်ငြင်းဆိုနေသည့်ကြားမှပင် သူ့လက် ၏ ကုန်ပစ္စည်းများထည့်ထားသည့်အိတ်ကို ရဲအရာရှိက ယူဆွဲကိုင်ပေးသည်။ သူ့အပေါ်တွင် အမှန်ပင် စေတနာ သလော၊ ဟန်ဆောင်၍ နေကြပြီလော။

ဆူဆန်က ရဲအရာရှိနှင့်အတူ ယှဉ်တွဲ၍လမ်းလျှောက်သည်။ သုပ်နေသောသူ့လက်များကိုမမြင်သာအောင် အင်္ကျီအိတ် တွင်းသို့ နှိုက်ထားလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အလက် ပျောက်ကွယ် သွားပြီးနောက် ရက်သတ္တနှစ်ပ
ကြာခဲ့သည့် အချိန်တို့မှာ ဆူဆန်အတွက် ဆိုးရွားဆုံးသေ
အချိန်များ ဖြစ်တော့သည်။

ဆူဆန်မှာ အားအင်ကုန်ခန်း နွမ်းနယ်လာသည်။ သူ
မျက်နှာမှာ သွေးရောင်လျော့ကာ ဖြူဖပ်ဖြူရော် ဖြစ်လာ
သည်။ သူ့အနေဖြင့် မည်သည့်အချိန်ကအိပ်သည်၊ သို့မဟုတ်
မည်မျှကြာအောင်အိပ်ခဲ့သည်၊ သို့မဟုတ် အမှန်ပင်အိပ်စက်ခြ
ပြုခဲ့ပါသလား ဆိုသည်တို့ကို ဆူဆန်က မသိရှိခဲ့ပေ။ အိ
ပျော်၍ အိပ်မက်များ မြင်မက်ခဲ့ရာတွင် အိပ်မက်ဆိုးများသာ
ဖြစ်ခဲ့သည်။ ထိုအိပ်မက် တို့ကြောင့် စိတ်ဆင်းရဲ ရသည်
အိပ်မပျော်ပဲရှိရသည်ထက် သောကရောက်ရသည်။ မကြာခဏ
ဆိုသလိုလည်း အိပ်ရာမှလန့်နိုးသည်။ ထိုသို့ လန့်နိုးရာတွ
သူ့တကိုယ်လုံး ချွေးများဖြင့် စိုရွှဲနေတော့သည်။



အိပ်မက်တခုကိုမူ ဆူဆန် ကောင်းစွာမှတ်မိလျက် ရှိသည်။
နှင့်သားငယ်အလက်သည် လမ်းလျှောက်သွားစဉ် သူတို့ထံသို့
ာနေသည့် ဂရေဟမ်အား တွေ့ရသည်။ ဂရေဟမ်သည်
ျအိတ်အတွင်းသို့ လက်နှစ်ဘက်နှိုက်ပြီး လေချွန်လာသည်။
ဦထုပ်ကြီးကိုလည်း ဆောင်းလာသည်။ ဆူဆန်က ချစ်ခင်
က်စွာဖြင့် ဂရေဟမ်အား စိုက်ကြည့်နေသည်။ ထိုသို့
က်ကြည့်နေသည်ကို ဂရေဟမ် မြင်တွေ့စေလိုသည်။ သူ့ကို
ည်း လက်ဝှေ့ပြုပြီးနှုတ်ဆက်စေလိုသည်။ သို့သော် ဆူဆန်၏
မပြည့်ဝခဲ့။ ထိုအစား ဂရေဟမ်က ဆူဆန် တကြိမ်မျှ
င်တွေ့ခဲ့ဖူးသည့် အိမ်တအိမ်၏ ရှေ့တွင် ရပ်လိုက်သည်။
လက်ထဲရှိ သော့ဖြင့် အိမ်တံခါးကိုဖွင့်သည်။ အိမ်ထဲသို့
င်သွားသော ဂရေဟမ်၏နောက်သို့ ဆူဆန်က လိုက်ကြည့်
ည်။ ထိုအခါ အိမ်ထဲတွင် ကလေးတဦးအား ရေချိုးပေး
သည့် ဂရေဟမ်အား တွေ့ရသည်။ သေ သေ ချာ ချာ
ည့်လိုက်သောအခါ ရေချိုးခံနေသည့်ကလေးမှာ ဂရေဟမ်
နေပြီး ရေချိုးပေးနေသည့် အမျိုးသမီးမှာ ဂရေဟမ်၏
း ဖြစ်နေသည်။

ထူးဆန်းသော အခြား အိပ်မက်တခု ကိုလည်း ဆူဆန်
မက်ခဲ့သေးသည်။ သူ၏ ပိုက်ဆံအိတ် ပျောက်ဆုံး ခဲ့သည်။
ိုက်ဆံအိတ်ထဲတွင် ငွေများအားလုံးနှင့် အသိ အမှတ်ပြု
တ်ပြားများ အားလုံးပါဝင်သွားသည်။ပိုက်ဆံအိတ် ပျောက်
း ခဲ့ပြီးသည့်နောက် ဆူဆန်မှာ အိမ်ပြန်မရောက်နိုင်ရှိခဲ့သည်။
၏ အသိအမှတ်ပြု ကတ်ပြားများလည်း ပျောက်ဆုံးခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောကြောင့် သူသည်မည်သူမည်ဝါဖြစ်ကြောင်း ဆူဆန် အသေအချာ မပြနိုင်ရှိခဲ့သည်။ နောက်တကြိမ်တွင်လည်း သူ၏ကား လူခိုးခံရကြောင်း ဆူဆန် အိပ်မက် မက်ပြန်သည်။ ထိုကားမှာ ဗောက် ဝက် ဂွန် အမျိုး အစား အပြာရော ကားလေး ဖြစ်သည်။ ထိုကားကို ကောလိပ် ကျောင်းတွင် ရှိစဉ်ကတည်းက ဆူဆန်စီးခဲ့သည်။ ထိုကားမှာ သူ့ ဖခင်၏ လက်ဆောင်ဖြစ်သည်။ နောက်တကြိမ် မက်သည့် အိပ်မက် တွင်မူ ကုန်မျိုးစုံရောင်းသည့် ဆိုင်ကြီးသို့ ခွေးလေး တက်ဆီ နှင့်အတူ ဈေးသွားဝယ်ခဲ့သည်။ ဆိုင်ကြီး၏ အပြင်ဘက်တွင် တက်ဆီအားကြိုးနှင့်ချည်ပြီးထားခဲ့ကာ ဆူဆန်က ဆိုင်ကြီးထဲ ဝင်ခဲ့သည်။ ဈေးဝယ်ပြီးစီး၍ ပြန်ထွက်လာသော အခါတွင် တက်ဆီမရှိတော့ကြောင်း တွေ့ရသည်။ အခြားအိပ်မက်တွင် မိခင်ကို မြင်မက်ခဲ့သည်။ မိခင် ကွယ်လွန်ပြီးသည့်နောက် မိခင်အား အိပ်မက်ထဲတွင် ပထမဆုံး တွေ့ခဲ့ရခြင်းဖြစ်သည်။ ဂရေဟမ်အား ၎င်းက သတ်ခဲ့ကြောင်းကိုလည်း ဆူဆန်သည် အိပ်မက်ထဲတွင် တွေ့ရပြန်သည်။ ထိုဖြစ်ရပ်ကြောင့်ထောင်ဒဏ် တသက်ကျခံရသည်။ သူ့ ဘဝတွင် မည်သည့် အချိန်တွင် ထောင်၏အပြင်ဘက်သို့ ရောက်ရှိလိမ့်မည် မဟုတ်ကြောင်း ဆူဆန်နားလည်ခဲ့မိသည်။ မကြာခဏဆိုသလိုပင် ဒေါသကြီး စွာ၊ စိတ်ဆိုးစွာဖြင့် အိပ်ရာ လန့်နိုးတတ်သည်။ ထိုအခါတွင် မည်သည့်အိပ်မက်မျိုးမက်ခဲ့ကြောင်း ဆူဆန်မသိနိုင်ဖြစ်ရသည်။

ဆူဆန်မှာ ကိုယ်အလေးချိန် လျော့လာသည်။ ထိုသို့ ကိုယ် အလေးချိန် လျော့လာကြောင်းကို လူအများ မသိစေ



ကိုယ်တိုင်လည်း မသိလို၊ ထို့ကြောင့် အလက်ပျောက်ဆုံးပြီး အမရက်သတ္တပတ်အကုန်တွင် ကိုယ်အလေးချိန် ချိန်တွယ်ရန် ဆန်က ငြင်းဆိုခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း နွေစဉ်ပင် ဆံပင်များကို ဆူဆန်ကလျှော်သည်။ ခေါင်းလိမ်းဆီ မှန်မှန် သုံးသည်။ ထို့ကြောင့် သူ့ ဆံပင်များမှာ မည်းနက် တောက် ပြောင်လျက် ရှိသည်။

သူ၏ အိမ်အတွင်းသို့ လူအများ ဝင်ထွက်သွားလာနေခြင်း အား ဆူဆန်အတွက် အကြီးအကျယ် စိတ်ဆင်းရဲစရာ ဖြစ်ရ သည်။ သူသည် သီးခြားနေလိုသူဖြစ်သည်။ သူ့ ဘာသာ တဦး တည်း အေးအေးဆေးဆေး နေလိုသည်။ သို့သော် သူ့ အိမ် အတွင်းသို့ လူအများ အချိန်မရွေး ဝင်ရောက် လာခြင်း၊ သူ့ အတွက် သီးခြားအခန်းပင် မရှိတော့ခြင်း၊ သူ တယောက် တည်း အေးအေးဆေးဆေးနေထိုင်ရန်နေရာ အိမ်ထဲတွင် မရှိ တော့ခြင်းတို့ကြောင့် ဆူဆန် စိတ်မချမ်းမသာ ဖြစ်ရသည်။ အဆိုးရွားသည်ကား သူ့ကို ရဲတို့က သန်းခေါင်ခန့်တွင် အိပ်ရာမှနှိုးပြီးအောက်ထပ်သို့ခေါ်ကာအလက်အားနောက်ဆုံး တွေ့ခဲ့ရသည့်အချိန်က သူ့ အနေဖြင့် ဆောင်ရွက် ခဲ့ပုံများကို မေးမြန်းကြခြင်း ဖြစ်သည်။ ထိုသို့ အိပ်ရာမှနှိုးပြီးအောက်ထပ်သို့ ခေါ်ဆောင် မေးမြန်းခြင်းကြောင့် ဆူဆန်အနေဖြင့် စိတ် ညစ်လှပါကာ ယခင်က မပြောခဲ့ပဲ မေ့နေသည့် အကြောင်းရာ တခုကို ပြောပြနိုင်ကောင်း ပြောပြနိုင်လိမ့်မည်ဟု ရဲတို့က မျှော်မှန်းခဲ့ကြသည်။ ထိုသို့ ပြုလုပ်ခြင်းကို ဆူဆန် အနေဖြင့် တုန့်ပြန်ခြင်း မပြုနိုင်ခဲ့ပေ။ညှဉ်းပန်းနှိပ်စက်ခြင်းပင်ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



မျိုးတို့မှာ သူ၏ နေ့နှင့်ညကာလများတွင် ကြုံတွေ့ ရတတ်သည် ပုံစံများ ဖြစ်လာခဲ့တော့သည်။

အလက် ပျောက်ဆုံးခဲ့ပြီး ရက်သတ္တပတ် နှစ်ပတ်အတွင် ဂရေဟာမ်သည် နံနက်ရှစ်နာရီမှ ညဥ့်နက်သည်အထိ ဆူဆန်နှ နေခဲ့သည်။ ညဥ့်နက်ပိုင်းရောက်မှ သူ့ အခန်းသို့ ပြန်လည် အိပ်သည်။ ဂရေဟာမ်လည်း နွမ်းနယ်ပင်ပန်းနေပုံရသည်။

ယခုကိစ္စတွင် သူ့ မိဘများ ပါဝင်ပတ်သက်ခြင်း မပြုရ ဂရေဟာမ်က အကြိမ်ကြိမ်တိုက်တွန်းသည်။ ဂရေဟာမ်၏ဖခင်မှ အငြိမ်းစားတယောက်ဖြစ်ပြီး အလက်မှာ သူတို့၏ တဦးတည် သော မြေးလေးဖြစ်သည်။ ဂရေဟာမ်နှင့် ဆူဆန်တို့ အနေဖြ ဂရေဟာမ်၏မိဘများကို နှစ်သိမ့်စကား ပြောဆို လိုကြသည် သို့သော်လည်း သူတို့မပြောနိုင်ခဲ့ကြ။ ဂရေဟာမ်၏ မိဘမျ ရှိရာသို့ ရဲတို့က နှစ်ကြိမ်မျှသွားရောက်ပြီး မေးမြန်း စုံစမ်းခဲ့ကြ သည်။ သူတို့အနေဖြင့် မလိုလားစရာကောင်းသော အတွေ့ အကြုံတို့ကို ရရှိခဲ့ကြမည်ဟု ဆူဆန် နားလည် ထားသည် မည်သို့ပင်ဖြစ်စေ သူတို့က ကြိမ်ဖန်များစွာ တယ်လီဖုန်းဆက် သည်။အလက်ပျောက်ဆုံးမှုမှာသူတို့အတွက်ကြီးမားသော ဝမ်း နည်း ကြေကွဲတုန်လှုပ် ချောက်ချားစရာ ဖြစ်နေသည်။ အမှ အားဖြင့် ဆိုရသော် ဂရေဟာမ်၏ မိဘများသာမက သူတို့န ရင်းနှီးခြင်းမရှိသောသူများအပါအဝင်လူအများကပျောက်ဆံ ခြင်းနှင့် ပတ်သက်၍ ဝမ်းနည်းကြေကွဲစိတ်တုန်လှုပ်ခဲ့ကြသည်

ဂ ရေ ဟမ် တ ယောက် မှာ မူ အ များ တ ကာ ထက် ထူးခြားသည်။ သားဖြစ်သူအား တွေ့အောင်ရှာပြီး အိမ်သ



သည်မခေါ်လာနိုင်ခြင်းအတွက် ဂရေဟာမ်က သူ့ကိုယ်သူ ဆိုးသည်။ ဒေါသလည်းထွက်သည်။ လုပ်ကိုင်စရာရှိသည်တို့ လုံးကို ဂရေဟာမ်က လုပ်ကိုင်ဆောင်ရွက်သည်။ ပင်ပန်း ကိုပင် သူက ဂရုမစိုက်။ သို့သော် သူ၏ ကြိုးစားမှုနှင့် ပင်ပန်းခံမှုတို့မှာ အချည်းနှီးဖြစ်ခဲ့ရသည်။ သူသည် စိတ်ပျက် နယ်စွာဖြင့် ဆူဆန့်ထံသို့ ပြန်ရောက်ခဲ့ရတတ်သည်။ သူ့ကို ည်၍ ဆူဆန်ကပင် အသနားကြင်နာပိုခဲ့ဟန်ရှိသည်။

'သိပ်ပြီးတော့လည်း အပင်ပန်းခံမနေပါနဲ့' နောက်ဆုံးတွင် ဆန်က ပြောခဲ့သည်။ 'ရှင့်ကို ကျွန်မ ချစ်ပါတယ်။ ဒီတော့ ာင်းကောင်း အနားယူပါဦး'

မည်ကဲ့သို့ အနားယူနိုင် ပေမည်နည်း။ ဆူဆန်၏ ချစ်ခြင်း တ္တာကိုရော ပြန်လည် လက်ခံရန် သင့်ပါမည်လော။

ထိုသို့လက်ခံခြင်းမှာ တရား မျှတမှု ရှိပါမည်လော။

လက်ပျောက်ပြီး ပထမ ရက်သတ္တပတ်အကုန်၊ ဒုတိယရက် တ္တပတ်စတင်သည့်နေ့တွင် အကြားအမြင်ရရှိထားသည်ဆိုသူ ဦးက ဆူဆန့်ထံသို့တယ်လီဖုန်းဆက်၍ သူတို့မြင်တွေ့သည် ားကို ပြောပြခဲ့ကြသည်။

ပထမဆုံးပုဂ္ဂိုလ်က အလက်အား ကားတစီး၏ရှေ့ ခန်းတွင် တွေ့လိုက်ရကြောင်း၊ ထိုကားမှာ ရပ်ထားသည့်ကား မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ အပြာနုရောင်ကားဖြစ်ကြောင်း၊ အလက်မှာ အ…
တရာကို စားနေကြောင်း ပြောပြသည်။

ဒုတိယ ပုဂ္ဂိုလ်က အလက်အား အပြာနုရောင်ကားထဲတွင် တွေ့ခဲ့ရကြောင်း၊ ထိုကားမှာ အမေရိကန် နိုင်ငံလုပ် … ဟောင်းပြီဖြစ်သည့် ကားဖြစ်ကြောင်း၊ ကားမှာ မောင်း… သွားကြောင်း၊ ထို့ကြောင့် ကားအမှတ်ကို လည်းကောင်း ကားမောင်း သူကို လည်းကောင်း မမှတ်မိ လိုက်ကြောင်း အလက်မှာ ကားနောက်ခုံတွင် အိပ်ပျော်နေကြောင်း ပြော ပြသည်။ ချက်ချင်းပင် ရဲတို့က ၁၉၅၅ ခုနှစ်ထုတ် မော်တော် ကား ပုံစံ အမျိုး အစားကို ဖော်ပြ၍ လိုက် လံ ရှာဖွေ ညွှန်ကြားသည်။

ဆယ့်ငါးမိနစ် ကြာသောအခါ တတိယမြောက် ပုဂ္ဂိုလ်က ဝင်းမြင်တွေ့ရသည့် မြင်ကွင်းကို အကြောင်းကြားပြန်သည်။ ပျောက်ဆုံးနေသော ကလေးငယ်အား အပြေးမောင်းသွား သည့် ကား၏နောက်ထိုင်ခုံတွင် လှဲနေသည်ကိုတွေ့ရကြောင်း ယာဉ်မောင်းသူမှာ 'အမျိုးသမီးဖြစ်ကြောင်း၊ သို့သော်လည်း ယာဉ်မောင်းသူ၏မျက်နှာကို မတွေ့လိုက်ရကြောင်း၊ ကားမှာ အပြာနုရောင်ကားဖြစ်ကြောင်း၊ တံခါးလေးပေါက်ရှိကြောင်း ကလေးငယ်မှာကားနောက်ထိုင်ခုံပေါ်တွင်အိပ်နေသည်လော သို့မဟုတ် သေဆုံးနေပြီလော ဆိုခြင်းကို မသိရှိကြောင်း ပြောပြသည်။

ထိုအချိန်တွင်ပင် ရဲတို့တင်ပြသော မော်တော်ကား … များကိုကြည့်၍ ပထမနှင့် ဒုတိယမြောက် သတင်းပေး…



…လိနှစ်ဦးက သူတို့တွေ့လိုက်သည့်ကားမှာ ၁၉၆၀ပြည့်နှစ် …စောပိုင်း ထုတ်လုပ်သည့်ကားဖြစ်ကြောင်း အခိုင်အမာ ပြောဆိုကြသည်။

ထိုနေ့ ညနေပိုင်းတွင်ပင် မစ္စစ်ဘွတ်ထံမှ သတင်းပေးပို့မှုကို …ပြန်သည်။ ဆီဒင်ကားတစီး၏ နောက်ပိုင်း ထိုင်ခုံတွင် …လက် အိပ်လျက် လိုက်ပါသွား သည်ကို မြင်တွေ့လိုက် …ကြောင်း၊ ထိုကားမှာ အပြာရောင်၊ သို့မဟုတ် မီးခိုးရောင် …ားဖြစ်ကြောင်း၊ လွန်ခဲ့သော ၁၅နှစ်ကျော်က ထုတ်လုပ်သည့် …ားပုံစံ ဖြစ်ကြောင်း၊ ယာဉ်မောင်းသူမှာ အမျိုး သမီး …ဖြစ်ကြောင်း၊ ကားအမှတ်ကို မမြင်တွေ့ခဲ့ရကြောင်း၊ သို့သော် …ားသည် အစိမ်းရောင်နောက်ခံတွင် အဖြူရောင် စာလုံး …များဖြင့် ရေးထားသော ဆိုင်းဘုတ်ကြီး တခုအောက်မှ …ဖြတ် သွား သည် ကို တွေ့ခဲ့ရကြောင်း၊ ထိုဆိုင်းဘုတ်ကြီးတွင် ချာတာအုတ်တံတား၊ တောင်ပိုင်း၊ နယူးယောက်ဟူ၍ ဖော်ပြ …ထားကြောင်း၊ ထိုဆိုင်းဘုတ်ကြီးမှာ မည်သည့် အရပ်တွင် …သည်ကို သူ့အနေဖြင့် မသိရှိကြောင်း၊ ကနေဒါနိုင်ငံတွင် …ကောင်းရှိမည်ဟု ထင်မိကြောင်း ပြောပြသည်။

သို့သော်လည်း ဂရေဟမ်နှင့် ဆူဆန်တို့က ထိုချာတာ အုတ်တံတား မည်သည့်အရပ်တွင် ရှိကြောင်းကို ချက်ချင်း သိရှိကြသည်။ 'ချာတာ အုတ် တံ တား ဟာ ဟတ်ဖို့မှာ …နေတာပဲ' ဂရေဟမ်က ပြောသည်။

ရဲကားတွင် သူကိုယ်တိုင်လိုက်ပါပြီး ချာတာအုတ်တံတား ရှိရာသို့ ဂရေဟမ်က သွားလိုက်သည်။ ထိုအပြာနုရောင်

www.burmeseclassic.com

www.burmeseclassic.com



ကားကို မတွေ့တွေ့အောင်ရှာလိုလာသည်။နေ့မအားညမအား ရှာရမည်ဆိုပါကလည်း ရှာဖွေမည်။ သူသည် မျှော်လင့်ခြင်း ကြီးမားစွာ၊ ခွန်အားပြည့်ဝစွာဖြင့် ရှိနေသည်။ အကယ်၍ သူသည် တောရိုင်းတိရစ္ဆာန်တကောင် ဖြစ်မည်ဆိုပါက ယခု ကဲ့သို့သော အချိန်မျိုးတွင် အားမာန်အပြည့်ဖြင့် ဟိန်းဟောက် လိုက်မည်ဖြစ်သည်။

ဆောင်ရွက်စရာ ရှိသည်တို့ကို မိနက်တီက ချက်ချင်းပင် ဆောင်ရွက်သည်။ မာဆာချူးဆက်ပြည်နယ်၊ ကွန်နက်တီကတ် ပြည်နယ်နှင့်၊ နယူးယောက် ပြည်နယ်တို့ရှိ အဝေးပြေးလမ်း ပေါ်တွင် ရောက်နေကြသော ရဲများထံသို့ ရေဒီယိုဖြင့်သတင်း ပို့သည်။ အပြာနုရောင် အမေရိကန်နိုင်ငံလုပ် ကားကို သတိ ကြီးစွာဖြင့်စောင့်ကြည့်ကြရန်လည်း ညွှန်ကြားသည်။ထိုကားကို အမျိုးသမီးကမောင်း၍ ကား၏နောက်ပိုင်းထိုင်ခုံ၌ ကလေးငယ် အိပ်ပျော်ပါလာကြောင်းကိုလည်း ဖော်ပြသည်။ အလက်၏ ဓာတ်ပုံကိုလည်း ရေဒီယိုဖြင့်ပေးပို့သည်။ အမှန်အားဖြင့်မူကား ထိုသို့ပေးပို့ရန် မလိုအပ်လှပေ။ အရှေ့ပိုင်း ပြည်နယ်များ ရဲအရာရှိများထံသို့ လွန်ခဲ့သော ရှစ်ရက်မှစ၍ အလက်၏ ဓာတ်ပုံအား ကြိုတင်ပေးပို့ထားပြီးပြီဖြစ်၍ ရဲတို့အားလုံးက သိရှိထားကြပြီးဖြစ်သည်။

ရာဇဝတ်မှု ကျူးလွန်ခြင်းမရှိသေးကြောင်း သိရှိရသဖြင့် မိနက်တီအနေဖြင့် အက်ဘီအိုင် စုံထောက်ဌာနသို့ တရားဝင် အကြောင်းကြားထားခြင်း မရှိသေးပေ။ သို့သော်လည်း



က်ဘီအိုင်မှ ပုဂ္ဂိုလ်များအနေဖြင့် ပါဝင်ကူညီဆောင်ရွက်ရန် သင့်ရှိနေကြသည်။

ထိုညတွင် အနောက်ဟတ်ဖို့တွင် နေသော ဂရေဟမ်၏ များနှင့် နယူးယောက်တွင်နေသော ဂရေဟမ်၏ အမြွာ အစ်ကို ရောဘတ်တို့ထံသို့ စုံထောက်တို့က သွားရောက် ြန်းခဲ့ကြပြန်သည်။ သူ၏ အဘိုးအဘွားများ နေထိုင်ရာ ၏အနီးတွင် ကလေးငယ်အား တွေ့လိုက်ရသည်ဆိုခြင်းနှင့် သက်၍ စုံထောက်တို့က ထပ်ခါတလဲလဲမေးမြန်းကြသည်။ ရေဟမ်၏ မိဘများအိမ်ကိုလည်း ရှာဖွေကြသည်။ ထိုည င် ဂရေဟမ်၏ဖခင်အားဆေးရုံသို့ပို့ခဲ့ရသည်။ ဆရာဝန်၏ ဆိုအရ ဂရေဟမ်၏ဖခင်မှာ မပြင်းထန်သော နှလုံးရောဂါ ပေါ်ခဲ့ကြောင်း သိရှိရသည်။

ဂရေဟမ်နှင့်ဆူဆန်တို့ကား မျှော်လင့်ခြင်းကြီးမားစွာဖြင့် င့်နေ ကြသည်။ သူတို့ နှစ်ယောက်က ညှို့ခန်း ထဲတွင် က်တံ့ ခေါက်ပြန် လမ်းလျှောက်ယင်း တယ်လီဖုန်းများ းတွင် ရပ်၍ နားထောင်ယင်းဖြင့် စိတ်စောခဲ့ ကြသည်။ ို့က တယောက်ကို တယောက် လှမ်း၍ ကြည့်ကြသည်။ သော် စကားမူ မပြောဖြစ်ကြ။မျှော်လင့်ခြင်း၊ဆုတောင်းခြင်း ဖြင့်သာ ရှိခဲ့ကြသည်။ တယောက်၏လက်ကို တယောက်က းကျပ်စွာ ဆုပ်ကိုင်၍လည်းထားသည်။

သန်းခေါင်သို့ ရောက်လာသောအခါ သူတို့၏ မျှော်လင့် င်းများ တဖြည်းဖြည်း နည်းပါးလာရသည်။ မျှော်လင့်ခြင်း သည် အရိပ် အရောင် မျှကိုပင် မပေးခဲ့ပေ။ အပြာနုရောင်

www.burmeseclassic.com

www.burmeseclassic.com



ကားအစစ်အမှန်ကို ရဲများက မတွေ့ရသည့်တိုင်အောင်၊ အမ
သမီး ယာဉ်မောင်းအစစ်အမှန်ကို မတွေ့ရှိရသည့်တိုင်အော
အခြား အပြာနုရောင်ကားတစီးနှင့် အမျိုးသမီး ယာဉ်မော
တဦးတို့ကို လွဲမှားစွာတွေ့ခဲ့ရသည်ဆိုခြင်းပင်မရှိခဲ့ပေ။ အ
ပြေး လမ်းတလျှောက် မိုင်နှစ်ရာ အတွင်း ရှစ်နာရီမျှရှာဖွေ
ရာတွင် အပြာနုရောင် ကားကို အမျိုးသမီးက မောင်းခဲ့
ထိုကားထဲတွင် အသက် ခြောက်နှစ် အရွယ် ကလေးငယ်တ
ပါဝင်သွားသည်ဆိုခြင်းကို မတွေ့ရှိရသည်မှာ အမှန်ပင် အံ့
စရာကောင်းလှသည်။

အလက် ပျောက်ဆုံးခဲ့ပြီး သည့် နောက်တနေ့ ညတ
ဆူဆန်မှာ အကြီးအကျယ် စိတ်ပျက်အားငယ်ခဲ့ မိတော့သ
မိနက်တီ ကိုယ်တိုင် မှာလည်း စိတ်ပျက်မိသည်။ သူက နံန
တနာရီတွင် ပင်ပန်းနွမ်းနယ်စွာဖြင့်အိမ်သို့ပြန်ခဲ့သည်။ သို့သေ
ဂရေဟမ်ကမူ သူ့နောက်သို့မလိုက်။ ထိုအစား သူနှင့် ဆူဆ
တို့သည် မျက်ရည်များ ရစ်ဝဲ၍ အိမ်အပေါ်ထပ်သို့ တက်
ကြသည်။ တယ်လီဖုန်းမှာမူလာနေဆဲ။ အိမ်ထဲတွင် လူအများ
စကားပြောသံများ၊ အချို့၏ ရယ်မောသံများကို ကြား
ရသည်။ အိမ်ထဲရှိ လူအများအပြားပင် ကော်ဖီသောက်
ကြသည်။ စီးကရက်သောက်နေကြသည်။

တချိန်က သူတို့ နှစ်ယောက် အတူအိပ်ခဲ့ကြသည့် အိပ်
ပေါ်တွင် ဆူဆန်နှင့်ဂရေဟမ်တို့ကလှဲချလိုက်သည်။ ဆူဆန်
ငိုရှိုက်သံ ထွက်ပေါ်လာသည်။ ဂရေဟမ်ကမူ ပွင့်လင်းစွာ
ငိုသည်။ အမှောင်ထဲတွင် သူတို့နှစ်ယောက်က ရှိနေကြသည်



ခဏကြာသောအခါ ဂရေဟမ်က ဆူဆန်အားလေသံဖြင့်
ပြောသည်။ 'ဆူဆန်....တို့များ နောက်ထပ် ကလေးတဦး ယူကြ
အောင်' ဆူဆန်က ဂရေဟမ်အား တင်းကျပ်စွာ ဖက်ထား
ကသည်။

ငိုကြွေးယင်းဆူဆန်မှာ ခေါင်းကိုက်ခဲလာသည်။ဂရေဟမ်၏
မျက်ရည်များ သူ၏လည်ပင်းတလျှောက် စီးဆင်းလာကြောင်း
ဆန်သတိထားမိသည်။ ဂရေဟမ်က သူ့ကိုဖက်၍ ငိုကြွေး
သည်။

နောက်ထပ်ကလေး တယောက်ဆိုပါလား၊ ဘယ့် အတွက်
ကြောင့်နည်း။ အလက်သေဆုံးသွားပြီ ဖြစ်၍လော၊ မဖြစ်နိုင်။
မှောင်ထဲတွင်ပင် ဆူဆန် ခေါင်းယမ်းမိသည်။ ထို့နောက်
ဆက်လက်၍ ငိုကြွေးသည်။

သူ့အနေဖြင့် ယခုအချိန်တွင် အလိုလားဆုံးမှာ ငိုကြွေးနေ
ရပ်ဆိုင်းသွားရန်ဖြစ်ကြောင်း ဆူဆန်နားလည်မိသည်။
ငိုကြွေးမှုရပ်ဆိုင်းရန်ဆိုသည်မှာ ဂရေဟမ်၏လိုအင်ဆန္ဒကို
လိုက်လျောရန်ဖြစ်ကြောင်းကိုလည်း ဆူဆန်ကနားလည်လက်ခံ
လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အလက်ပျောက်ဆုံးပြီးနောက် ရက်ကြာလာလေ ဆူဆန့်
လူမှုရေးနှင့် ပတ်သက်သော ပြဿနာ ကြီးထွား လာ
ဖြစ်ရသည်။

မည်သူတစုံ တယောက်ပေါ်တွင်မှ သံသယဖြစ်မှုမရှိစေ
စောစောပိုင်း ရက်များတွင် ရဲများအား ဆူဆန့်ကပြော
တားမြစ်ခဲ့သည်။ သို့သော် ရက်ကြာလာသောအခါ ဆက်လ
၍ တားမြစ်နိုင်စွမ်း မရှိတော့ချေ။

သူ့အိမ်နီးနားချင်းများထဲတွင် ဘာလင်တို့ မိသားစုလ
ပါဝင်သည်။ သူတို့တွင်မြီးကောင်ပေါက် ကလေးများ ရှိ
သည်။ ဆူဆန့်တို့အိမ်အနီးသို့ ပြောင်းရွှေ့ခဲ့ ပြီးသည့်နေ
သူတို့မိသားစုသည် ဆူဆန့်တို့နှင့် ရင်းနှီးလာခဲ့ကြသည်။ သ
မိသားစုသည် ဆူဆန့်တို့နှင့်သာမက ကျန်အိမ်နီးနားချင်း
နှင့်လည်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး နေထိုင်ကြသည်။ သ
သည် အိမ်နီးနားချင်းတို့၏ အိမ်များထဲသို့ ဝင်ထွက်သွားလ



တ်ကြသည်။ လူမရှိသောမိသားစုတို့၏ အိမ်များရှိ ခွေးများ၊
ကြောင်များကို အစာကျွေးကြသည်။သစ်ပင်များကိုရေလောင်း
ပေးကြသည်။ အလက်ပျောက်ကြောင်း သိရလျှင် သိရချင်း
ဆူဆန့်၏ အိမ်တံခါးဝသို့ ပထမဆုံး ရောက်လာသူမှာ ဗက်တီ
ဘာလင်ဖြစ်သည်။ နောက်ပိုင်းတွင်မူ ညနေတိုင်း၌ တက်ဆီ
ခမ်းလျှောက်ရန်အတွက် သူ့ သားငယ်အား ဗက်တီကတာဝန်
ပေးခဲ့သည်။

ဘက်တီ၏ခင်ပွန်း ဒင်းဘာလင်မှာ ဘုရားရှိခိုး ကျောင်းမှ
ဆက်ယောက် တရားဟောဆရာ ဖြစ်သည်။ တနင်္ဂနွေနေ့တိုင်း
ဘုရားရှိခိုးကျောင်းတွင် ဆုတောင်းပွဲကျင်းပရာ၌ ဒင်းဘာလင်
က ပျောက်ဆုံးနေသော အလက်ကို ပြန်လည် တွေ့ဆုံရန်
ဆုတောင်းပေးသည်။ ဘုရားရှိခိုးကျောင်းမှ အိမ်သို့အပြန် ဒင်း
သည် ဆူဆန့်ထံဝင်ရောက်၍ အလက် အတွက် ဘုရားရှိခိုး
ကျောင်းတွင် ဆုတောင်းမေတ္တာ ပို့ခဲ့ရ ကြောင်း ပြောပြ
တတ်သည်။

တညနေတွင်မူ ဘက်တီသည် ဆူဆန့်၏အိမ်အဝသို့ ရောက်
လာသည်။ ဘက်တီက စိတ်ဆိုးလျက်ရှိသည်။ ‘ရှင် ရဲတွေကို
ဘာတွေပြောပြခဲ့သလဲ။ ရှင့်အတွက် အကျိုးမဲ့အောင် ကျွန်မတို့
က ဘာတွေများ လုပ်ခဲ့မိသလဲ၊ ကျွန်မတို့ကလေးတွေက သတို့
သမီးနဲ့အဖေကို ရာဇဝတ်မှု ကျူးလွန်တဲ့သူတွေလို ဆက်ဆံ
တာနဲ့ပတ်သက်ပြီး ဘယ်လိုထင်ကြမလဲ။ ဒင်းဆိုယင် ဝမ်းနည်း
ပက်လက်ဖြစ်နေပြီ’

www.burmeseclassic.com

www.burmeseclassic.com



မစ္စစ်ဘွတ်နှင့် ဆူဆန်သည် တယ်လီဖုန်းထဲတွင် စကားပြော ခဲ့သည်။ ထိုသို့ပြောခဲ့ရာတွင် မစ္စစ်ဘွတ်က အလက်နှင့်ပတ်သက် ၍ ပိုမိုတိကျစွာ သိရှိနိုင်ရန် အလက်ကိုသိထားသော အိမ် နားချင်းအချို့အား အိပ်ခမွှ ချ၍ မေးလိုသည်ဟု ပြောခဲ့သည် ထိုသို့ပြောသည့်အတိုင်း မစ္စစ်ဘွတ်က လုပ်ခဲ့ပြီလော။

ဆူဆန်က ဘက်တီအား စိုက်ကြည့်နေသည်။ ဘက်တီပြော သည့် စကားများ၏ ဆိုလိုရင်းကိုလည်း နားလည်အော စဉ်းစားသည်။ သို့သော် ဆူဆန်သည်ထိုင်ရာမှထ၍ ဘက် ရှိရာသို့ သွားလိုက်သောအခါ ဘက်တီက စိတ်ဆိုးစွာပြ အိမ်ပြင်သို့ ထွက်သွားတော့သည်။

ဆူဆန်က မီနက်တီအား လှမ်းကြည့်သည်။ သူ့အကြည့် အဓိပ္ပာယ်ပါလှသည်။ ဆူဆန်၏ မေးမြန်းသည့် အကြည့် မီနက်တီကလည်း နားလည်သည်။

'သူတို့ကို လိမ်လည်မှုစက်နဲ့ စစ်ဆေးဖို့ ကျွန်တော် ခုနက အမိန့်ပေးခဲ့တယ်' မီနက်တီကပြောသည်။ 'သူတို့အတွက် မ ရှိမ်ပါနဲ့၊ သူတို့နှစ်ယောက်စလုံး အောင်မြင်ကြပါတယ်'

'ဒါပေမယ့်လည်း ဘာဖြစ်လို့ အဲဒီလိုလုပ်ကြတာလဲ' ဆူဆ ကမေးသည်။ 'အိမ်နီးနားချင်းတွေ အားလုံးကိုပဲ ရှင်တို့ သူတို့အတိုင်း စစ်ဆေးကြတာပဲတဲ့လား။ ဘာဖြစ်လို့ ဘက် က ဒေါသထွက်လာရတာလဲ'

ယခုကဲ့သို့ အိမ်နီးနားချင်းတို့၏ ထောက်ခံအားပေးမှု ကို ရယူလိုနေသည့် အချိန်မျိုးတွင် ဆူဆန်အနေဖြင့် အိမ် နားချင်းတို့နှင့် ပြဿနာမပေါက်ပေါက်လို။



'သူ့ ယောက်ျားက လူဆိုးစာရင်းဝင် တယောက်ပါ' နက်တီကပြောသည်။

'ဘယ်သူလဲ၊ ဒင်းလား၊ သူက တရားဟောဆရာပဲ'

'သူ့ကို ၁၉၅၉ ခုနှစ်အတွင်းက ကဲစပ်မြို့မှာ ဖမ်းဆီး တယ်။ နောက်ပြီးတော့ ၁၉၆၂ ခုနှစ်က ပစ်ဘတ် မြို့မှာ ည်း ဖမ်းဆီးခံခဲ့ ရတယ်။ ဒီနောက်တော့ ခု ဘုရား ရှိခိုး ကျောင်းက သူ့ကို ဟိုနေရာပို့၊ ဒီနေရာပို့နဲ့ နှစ်ကြိမ်လုပ်ခဲ့တယ်။ နောက်ဆုံး ၁၉၆၉ ခုနှစ်မှာ ဒီကိုရောက်လာတာပဲ'

'ဖမ်းတယ် ဟုဘာ်လား' ဆူဆန်က စဉ်းစဉ်းစားစားဖြင့် းပြန်သည်။ 'ဘာအတွက်ဖမ်းတာလဲ'

'ကလေးသူငယ်တွေကို ဗလက္ကာရ ပြုမှုကြောင့်ပါ။ သူ့ များတုန့်လှုပ်လာကြောင်း ဆူဆန်တွေ့လိုက်သည်။ ချက်ချင်း သူက ကုလားထိုင်တွင်ထိုင်ချရသည်။ သူ့မျက်နှာမှာလည်း သွားတော့သည်။ ဒင်းဘာလင်မှာ ကြောက်စရာကောင်း သော ပုဂ္ဂိုလ်တဦးပါလား။ သူ့အကြောင်းနှင့် ပတ်သက်၍ ဆန်မသိရိုးအမှန်ဖြစ်ခဲ့သည်။ သူတို့မိသားစုအပေါ် ဆူဆန်က းယုံကြည်ခဲ့သည်။ သူ့ဘဝ၊ သူ့ရင်သွေး၊ သူ့အိမ်၊ သူ့ သော့များနှင့် သူ့ခွေးအားလုံးကို သူတို့မိသားစုလက်အတွင်း ထားခဲ့သည်။ သူတို့မိသားစုသည်ခင်မင်စရာကောင်းသော၊ စရာ ကောင်းသောသူများ ဖြစ်ကြကြောင်း သူက လုံး က်ခံခဲ့သည်။သူတို့မိသားစုနှင့်ပတ်သက်၍ မည်သို့မျှ ဆူဆန်က သယမဖြစ်ခဲ့။ ခုတော့လည်း....။

www.burmeseclassic.com

www.burmeseclassic.com



'သူ့အနေနဲ့ တခါမှတော့ အပြစ်မခံခဲ့ရဘူး' မီနက်တီက ပြောသည်။ 'အမှုကိစ္စဖြစ်တာနဲ့ သူ့ဘုရားရှိခိုးကျောင်းတွေက တနယ်နယ်ကို ရွှေ့ပေးခဲ့ကြတယ်။ ဒီလိုနဲ့ အမှုတွေ နိဂုံးချုပ် ရတယ်'

'သူက ယောကျ်ားလေးတွေကို....'

'ယောကျ်ားလေးတွေကော၊ မိန်းကလေးတွေကိုကော'

ဆူဆန်ကထိုင်ရာမှထပြီး ပြတင်းပေါက်သို့သွားလိုက်သည် ထို့နောက်ဘာလင်တို့ အိမ်ရှေ့သို့ လှမ်းကြည့်သည်။ သူ နေထိုင်ရာ လမ်းမှာ သူ့အတွက် ပြောင်းလဲခဲ့ပြီ ဖြစ်ကြောင်း ဆူဆန် နားလည်မိသည်။ အမှန်အားဖြင့် ဆိုရသော် လူအများ ကလည်း ပြောင်းလဲခဲ့ပြီ ဖြစ်သည်။ လူများ၏ မျက်နှာများ ပြောင်းလဲခဲ့ပြီ ဖြစ်သည်။ လူအများက သူ့အားကြည့်သည့် အကြည့်များကပင် ယခင်က ကြည့်ခဲ့သော အကြည့်များနှင့် မတူတော့။

လောကအကြောင်းနှင့် လူအများ၏ အကြောင်းကို ပို နားလည်လာလေ ဆူဆန်မှာ ဆုံးရှုံးမှုတို့နှင့် ပိုမိုကြုံတွေ့ရ ဖြစ်လာသည်။ သူ့ထံရောက်လာသည့် သတင်းပေးမှု တို့ သူ့အတွက် စိတ်ဝင်စားမှု နည်းလာစရာများ ဖြစ်လာသည် ထို့ကြောင့် သူ့အနေဖြင့် ပိုမို ခံစားလာရသည်။ သို့မဟု



ည်းဆုံး စိတ်ထားများပြောင်းလဲလာရသည်။ သူ၏မိတ်ဆွေ လင်းအပေါ် ဆူဆန်အများဆုံး နာကျည်း လာခဲ့သည်။

အလက်ဆယ်ကီအား ရှာဖွေရေး၊လုပ်အားပေးများဒုတိယ မ် တွေ့ဆုံပြီးသည့်နောက် ဂျိုစီလင်းက မာတီနာအား ပ်ပီသောက်ရန် ဖိတ်ကြားခဲ့သည်။ သူတို့နှစ်ယောက်စလုံး င် အလက်ပျောက်ဆုံးမှု လက်ကမ်း ကြော်ငြာစာရွက် ရှိထားကြသည်။ ယခုအပတ်ထဲတွင် ထိုပိုစတာများကို ပြတင်းပေါက်မှန်များ၏ အတွင်းပိုင်းတွင် ကပ်ပေးနိုင်ရန် ားကြမည်ဖြစ်သည်။ ထိုသို့ ကပ်ပေးနိုင်ခြင်း အားဖြင့် ကပိုင်းအတွင်း အားလပ်ရက် ခရီးထွက်ကြမည့် သူတို့၏ များ နေရာအနှံ့အပြားသို့ ရောက်လေရာတွင် လူအများ ားကပင် အလက်၏ဓာတ်ပုံကို တွေ့ကြရမည် ဖြစ်သည်။ က်ပျောက်ဆုံးမှုအတွက် ရှာဖွေရေးအစီအစဉ်များ ပို၍ ာက် သွက်လက်စေမည်ဖြစ်သည်။

ိုစီလင်းနှင့်မာတီနာတို့သည် ကြော်ငြာ စာရွက်များကို ယူးဘာရီလမ်းအတွင်းရှိ စားသောက်ဆိုင်တွင် ထိုင်ခဲ့ သည်။ သူတို့က နေရောင်ကောင်းစွာရသည့် ပြတင်းပေါက် းတွင် နေရာယူကြသည်။

ထမဆုံး သူတို့ကကျွန်မကိုအိပ်မွေ့ချခဲ့ကြတယ်' ဂျိုစီလင်း ာသည်။ 'ထူးတော့ထူးဆန်းတာပဲ၊ အမှန် ပြောရရင် ့ချတာကို ကျွန်မလိုလားခဲ့တယ်။ အိပ်မွေ့ ချခံချင်ခဲ့ အလက်ပျောက်ဆုံးတဲ့မနက်က ဂျပ်စတင်းကိုလက်ဆွဲပြီး ာင်းလိုက်ပို့ခဲ့တဲ့နေရာမှာ ဘာတွေ ဖြစ်ခဲ့ရသလဲလို့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ကို သူတို့ကမေးခဲ့ကြတယ်။ ကျွန်မကတနာရီလောက်ကြာအော
ဖြေခဲ့တယ်။ အံ့သြစရာကောင်းလောက်အောင် ကျွန်မ မှ
နိုင်ခဲ့တယ်။ တွေ့မြင်သမျှတွေကို အသေးစိတ်လောက်ပဲ ကျွ
ပြောနိုင်ခဲ့တယ်။ ထူးထူးခြားခြား အဖြစ်ကတော့ ခွေးလော
ကြိုးနဲ့ဆွဲပြီး လမ်းလျှောက်လာခဲ့တဲ့ အမျိုးသမီးကြီး တ
ကျွန်မမြင်ခဲ့ရတာ ပြောနိုင်ခဲ့တယ်။ အဲဒီအမျိုးသမီးကြီး အ
က ပေါ်လီဖြစ်သည်။ အခုဆိုယင် ရဲတွေက အဲဒီ အမျိုး
ကြီးကို လိုက်ရှာနေကြတယ်။ ပေါ်လီအနေနဲ့ အလက်ကို
တယ်၊ မတွေ့ခဲ့တယ်ဆိုတာ ရဲတွေက မေးချင် နေကြ
နောက်တော့ အပြေးလမ်းလျှောက်လာကြတဲ့ စုံတွဲကိုလည်
ကျွန်မတွေ့ခဲ့ပြန်တယ်။ သူတို့ဝတ်စားပုံကအစ ကျွန်မပြော
ခဲ့တယ်။ သူတို့နှစ်ယောက်ကိုလည်းပဲ ရဲတွေကခုဆိုယင်လိုက်
နေကြပြီ'

'ဒါပေမယ့်လည်း အလက်ကိုတော့ ရှင်မတွေ့ခဲ
မဟုတ်လား'

'ဒါပေါ့၊ မတွေ့ခဲ့ဘူး။ ကျွန်မနဲ့သူနဲ့ မတွေ့ဆုံခဲ့ ကြ
အမှန်ပါ။ တွေ့ခဲ့မိမယ်ဆိုယင် သူ့ကို ကျွန်မ ပြန်တွေ့နိုင်မ
ဘာဖြစ် လို့လဲ ဆိုတော့ ကျွန်မက အရာရာကို ပြန်လည်
တွေ့နိုင်ခဲ့တယ် မဟုတ်လား။ တကယ်ကို ထူးဆန်းတ
မေးတဲ့သူက ကောင်းပြီ၊ လမ်းထောင့်မှာ ခင်ဗျား မြင်ခဲ့ရ
တွေကို ပြောစမ်းပါလို့ ကျွန်မကို မေးခဲ့တယ်။ တကယ်
ကျွန်မအနေနဲ့ လမ်းထောင့်မှာ ဘာတွေ တွေ့ခဲ့တယ်ဆိုတ
သတိမထားမိတာ အမှန်ပဲဖြစ်တယ်။ ဒါပေမယ့်လည်း



လို့ ပြန်စဉ်းစားလိုက်တဲ့အခါမှာ အဲဒီ လမ်းထောင့်မှာရှိခဲ့
တွေ အားလုံးကို ကျွန်မ ပြန်လည်မြင်တွေ့နိုင်ခဲ့တယ်။ ကင်
နဲ့ ဓာတ်ပုံရိုက်ခဲ့သလိုပဲ။ အဝေးကြည့်မှန်ဘီလူးနဲ့ ရိုက်ကူး
ဘယ်လို့ ဆိုရယင် ပိုလို့မှန်မယ်။ တကယ်ပါ၊ အံ့သြစရာပဲ။
အနေနဲ့လည်း တချိန်ချိန်လောက်တော့ အိပ်မွေ့ချခြင်းခံပြီး
ကြား ကြည့် စေ ချင် တယ်။ ကျွန်မ ပြောရုံနဲ့တော့ ရှင်က
ကြည်လိမ့်မယ် မဟုတ်ဘူး'

အလက်နဲ့ပတ်သက်လို့ ရဲတွေက ကျွန်မကို မေးခဲ့ပြီးပြီ။
က်ပြီး အလက်ကို စောင့်ကြည့်ခဲ့တဲ့ ကလေးထိန်းတွေနဲ့
သက်လို့လည်း သူတို့က မေးခဲ့ကြတယ်။ ကျွန်မတို့အိမ်ကို
က်ရောက်လာတဲ့အခါမှာ....' မာတီနီကပြောသည်။

'ဪ....ဟုတ်လား၊ ကျွန်မ ကို လည်း ပဲ သူတို့က အဲဒီ
ကြောင်းတွေမေးခဲ့တယ်။ အလက်နဲ့ ကစားခဲ့တဲ့ကလေးတွေ
ကြောင်းကိုလည်းပဲ မေးခဲ့တယ်။ တကယ်တော့ အလက်ဟာ
တင်းနဲ့ ကစားဖော် ကစားဖက် ဖြစ်ခဲ့တယ်။ အလက်ကို
ရတာ ပျော်ရွှင်ပုံရတဲ့ ကလေးတယောက် ဟုတ်ရဲ့လား
လည်း ရဲတွေကမေးခဲ့တယ်။ အဲဒီအကြောင်းကို ရှင့်ကိုရော
က မေးခဲ့သေးသလား။ အလက်ဟာ အိမ်က ထွက်ပြေ
တဲ့ ကလေးတယောက် ဟုတ်တယ်၊ မဟုတ်တယ်ဆိုတာကို
ပဲ သူတို့က ကျွန်မဆီက ထင်မြင်ချက်ရယူလိုခဲ့ကြတယ်'

ဟုတ်ကဲ့၊ ကျွန်မကိုလည်း အဲဒီအတိုင်း မေးခဲ့....'

ကျွန်မကတော့ ရှင်းရှင်းနဲ့ ပွင့်ပွင့်လင်းလင်းပဲဖြေခဲ့တယ်။
ဘာတွေ ကွာရှင်းတာနဲ့ပတ်သက်လို့ အလက်ဟာ အတော်

www.burmeseclassic.com

www.burmeseclassic.com



လေးခံစားနေရရှာတယ်။ ကလေးတယောက်အနေနဲ့ သူ ပျော်ပျော်ရွှင်ရွှင်နေတတ်သူလေးဖြစ်တယ်။ ဒါပေမယ့် အဖေနဲ့အမေ ကွဲကွာနေတဲ့အတွက် စိတ်မကောင်း ဖြစ် တယ်။ အဲဒီလိုပဲ ကျွန်မဖြေခဲ့တယ်'

မာတီနာက ဂျိုစီလင်းအားစိုက်ကြည့်နေသည်။

'ဟုတ်တယ်လေ၊ အဲဒါက ကျွန်မ အမြင်ပဲ' ဂျိုစီလင် စီးကရက်ကိုမီးညှိ၍ပြောသည်။ 'အလက်ဟာ အိမ်ကထွက် ခဲ့တယ်။ ဒါမှမဟုတ် ထွက်ပြေးလိမ့်မယ်လို့ ကျွန်မ မပြောခဲ့ ဒါပေမယ့် သူတို့က ဒီကလေးဟာ အိမ်မှာနေရတာ ပျော် ရရဲ့လားလို့မေးခဲ့တဲ့ အတွက် ကျွန်မက အမှန် အတိုင်း တာပဲ'

'အိမ်က ထွက်ပြေးတာ မဟုတ်ဘူးဆိုတာ ရှင်အသိပဲ မာတီနာကပြောသည်။

ဂျိုစီလင်းက စီးကရက် မီးခိုးများကို မှုတ်ထုတ်ပြီး ကို ရှေ့သို့ ကိုင်းညွတ်သည်။ ထို့နောက် စားပွဲကို လက်သည် ခေါက်ယင်း 'ဒီမှာ ကျွန်မပြောမယ်' ဟု ပြောသည်။ 'တ တမ်းပြောရယင် ကျွန်မတို့ဟာ ဘာကိုမှ သိကြတာမဟုတ် ဒီအမှုနဲ့ပတ်သက်လို့ ကျွန်မတို့ ဘာတခုမှ မသိဘူး။ ကျွန် လိုပဲ ရဲတွေကလည်း မသိကြဘူး၊ ကျွန်မရဲ့သမီး ဂျပ်စ ရှင့်ရဲ့ ရင်သွေးတွေ အတွက် အကောင်း ဆုံးဟာ ဘာ စဉ်းစားကြဖို့ပဲ။ အဲဒီလိုစဉ်းစားမိယင် စဉ်းစားမိကြတဲ့အ ကျွန်မတို့ပြောကြမယ်။ ကျွန်မ အနေနဲ့ ပြောရယင်တော့ စံတင်းကို ကျွန်မ မျက်စိအောက်က အပျောက်မခံတော့ဘူး



မာတီနာကဂျိုစီလင်း၏ပြောစကားများကိုနားထောင်ယင်း အနေဖြင့် ဆူဆန်၏ မိတ်ဆွေကောင်းအဖြစ် ဆက်လက်၍ တည်လိုနေကြောင်း သတ်မှတ်လက်ခံလိုက်သည်။

'ကဲ အဲဒီ လိမ်လည်မှုစစ်တဲ့ စက်အကြောင်းကို ပြောပြစမ်း ပြီး' မာတီနာကမေးသည်။

'ကောင်းပြီ။ လိမ်လည်မှုစစ်တဲ့စက်ဆိုတာက....' ဂျိုစီလင်းက ပြောသည်။ 'ရှင့်အနေနဲ့ ပြည်နယ်ရဲစခန်းကို သွားရလိမ့်မယ်။ ဒီမှာ လိမ်လည်မှုစစ်တဲ့စက်ရှိနေတယ်။ အဲဒီစက်ကို ကိုင်တွယ် မေးခွန်းတွေ မေးတဲ့သူကတော့ တကယ့်ကိုလူဆိုးပဲ။ သူက တိ ကျကျလည်း မေးတယ်။ နောက်ပြီး ပက်ပက် စက်စက် တွေကိုလည်းမေးတယ်။ ကျွန်မကိုဆိုယင် ကျွန်မရဲ့ လိင်မှုကိစ္စ တွေနဲ့ ပတ်သက်ပြီးတော့ မေးခဲ့တယ်' ဂျိုစီလင်းက ရယ်သည်။ ကျွန်မကလည်းပဲ မလိမ်မညာပဲဖြေခဲ့တာပေါ့'

'ကျွန်မတော့ နားမလည်ဘူး'

'ဘာကို နားမလည်တာလဲ၊ မပြောရဲ မဆိုရဲ တာကိုလား ဂျိုစီလင်းက မြူး၍မေးသည်။

'မဟုတ်ပါဘူး။ သူတို့က အဲဒီကိစ္စကို ဘာဖြစ်လို့ သိချင်ကြ တယ်ဆိုတာကို နားမလည်တာပါ'

'ဒါကတော့ ရှင်လိမ်ပြောမယ်လို့ထင်ထားတဲ့အကြောင်းကို သူတို့က မေးကြတာပဲ။ တကယ်လို့ လိမ်ပြောမိတယ် ဆိုယင် ရှင့်ကို လူလိမ်တယောက်လို့ သတ်မှတ်လိမ့်မယ်'

'အင်း....ကျွန်မနားလည်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကတော့ ရှင်းရှင်းပဲလေ၊ သူတို့ကို မလိမ်ခဲ့ပါဘူး ဒီတော့....ဒီတော့....သူတို့က ဂရေဟမ်နဲ့ ကျွန်မ အိပ်ခဲ့ အကြောင်းတွေကို မေးကြတယ်။ သူနဲ့ ပတ်သက်ပြီး တေ ကျွန်မက ဆန့်ကျင် ပြောမယ် လို့များ သူတို့က ထင်နေ သလားမသိဘူး။ သူတို့ထင်တာမှားခဲ့တယ်' အတန်ကြာအော တိတ်ဆိတ်သွားကြသည်။

ဂျိုစီလင်း၏ ပြောဆိုချက်များနှင့် ပတ်သက်၍ မာတီနာ မကျေမလည်ဖြစ်ခဲ့ရသည်။ သို့သော် သူက ဂျိုစီလင်းအားဖွင့် မပြော။ ဂျိုစီလင်းနှင့်အတူ ဆိုင်ထဲမှ အေးအေးဆေးဆေး ထွက်ခဲ့သည်။

အိမ်ပြန် ရောက်သော အခါတွင်မှ မာတီနာက ဆူဆန် တယ်လီဖုန်း ဆက်သည်။ 'အိမ်အပြန်မှာ ဂျိုစီလင်းနဲ့ တွေ့ စား သောက် ဆိုင် တဆိုင်ထဲ ဝင်ပြီး ကော်ဖီ သောက်ခဲ့တယ် မာတီနာက ပြောသည်။ 'ဒီမနက် ရဲတွေဆီမှာ အစစ်ခံခဲ့တာ ပတ်သက်ပြီး ဂျိုစီလင်းက သိပ်ကျေနပ်နေပုံရတယ်'

'ဟုတ်တယ်' ဆူဆန်က ပြောသည်။ 'သူ့ကိုမေးတဲ့ သူ အားလုံး အံ့ဩ ကျေနပ်လောက်အောင် ဂျိုစီလင်းက ဖြေ ခဲ့တယ်။ ဒါပေမယ့်လည်း သူ့အကူအညီမရပဲနဲ့ ကျွန်မအနေ လုပ်စရာရှိတာတွေကို အောင်အောင်မြင်မြင်လုပ်နိုင်လိမ့်မယ် မထင်မိဘူး'

'တကယ်တော့ သူဟာ မိတ်ဆွေကောင်း တယောက်ပ မာတီနာက စကားလုံးကိုရွေး၍ တမင် ပြောလိုက်သည်။ ထို



ပြောလိုက်ခြင်းဖြင့် ဆူဆန်ထံမှ ဆန့်ကျင်ဘက်စကားကို ကြား ရမည်ဟု သူက မျှော်လင့်ထားသည်။

'ဟုတ်တယ်'

'ကျွန်မ....ရှင့်ကို ဘာတွေများ အကူအညီပေးနိုင်မလဲဆိုတာ ချင်တာနဲ့ ခုလို ဖုန်းဆက် တာပါ။ တကယ်တော့ ဒီနေ့ မနက်လုံး ရှင်နဲ့ ကျွန်မ မတွေ့ဖြစ်ခဲ့သေးဘူး မဟုတ်လား။ ဘာသတင်းတွေများ ထူးသေးသလဲ။ သဲလွန်စကော တဲ့လား။ ဂျိုစီလင်းကတော့ သူ့ကိုအိပ်မွေ့ချပြီးမေးခဲ့တာ တွေကိုလည်းပြောလိုက်တာ စုံနေတာပဲ'

'ကျွန်မတို့ မသိထားကြသေးတဲ့ သက်သေ တဦးကို ဂျိုစီ လင်းက ပြောနိုင်ခဲ့တယ်။ သူကတော့ ခွေးလေး တကောင်နဲ့ အတူ လမ်းလျှောက်ခဲ့တဲ့ ပေါ်လီလို့ခေါ်တဲ့ အမျိုးသမီးကြီးပဲ။ တကယ်လို့ သူသာ ကျွန်မတို့ရဲ့အိမ်နီးနားချင်းဆိုယင် ဘာလင် တို့က သူ့ကို ကောင်းကောင်း သိကြမှာပေါ့။ ဘာလင်တို့ကို မေးကြည့်ယင်သိရလိမ့်မယ်။ ဒါပေမယ့်လည်း ရဲတွေကသူတို့ကို လိမ်လည်မှုစက်နဲ့ စစ်ဆေးခဲ့တာမို့ ကျွန်မကို ဘာလင်တို့က စကားမပြောကြတော့ဘူး။ ကျွန်မ အပေါ် သူတို့က စိတ်ဆိုး နေကြတယ်။ လိမ်လည်မှုစက်နဲ့ သူတို့ အစစ်ခံရတာ ကျွန်မ ကြောင့်လို့ ဘာလင်မိသားစုက ထင်မှတ်နေကြတယ်'

'ဘာဖြစ်လို့လဲ၊ ဘာတွေဖြစ်ခဲ့လို့လဲ'

'အို....' ဆက်လက်၍ အသေးစိတ်ပြောဆိုခြင်း မပြုရန် ဆူဆန်က ဆုံးဖြတ် လိုက်သည်။ 'ဘာ အကြောင်း ကြောင့်မှ မဟုတ်ပါဘူးလေ။ သူတို့က ကျွန်မကိုဆက်ပြီး မကူညီချင်ကြ

www.burmeseclassic.com

www.burmeseclassic.com



တော့တာပါပဲ။ ကဲ....ကျွန်မ တက်ဆီနဲ့အပြင်ထွက်လမ်းလျှော
ရလိမ့်ဦးမယ်။ ဘာလင်မိသားစုက သူတို့သား တော်မီ
တက်ဆီနဲ့ လမ်းလျှောက်ဖို့တောင် ခွင့်မပြုတော့ဘူး'

'ဆူဆန်၊ ရှင့်စကား နားထောင်ရတာ အကူအညီတွေမ
တော့တဲ့ သူတယောက်လို ဖြစ်နေပါလား'

အတန်ကြာအောင် စကားမပြောဖြစ်ပဲ ရှိကြသည်
'ဟုတ်တယ်' ဆူဆန်က နွမ်းနယ်စွာဖြင့်ပြောလိုက်သည်။

'ရှင့်ကို ကျွန်မ အကူအညီတွေ မပေးနိုင်ဘူးဆိုတာသေချာ
ရဲ့လား'

'ဘယ်လို အကူအညီ မျိုးတွေ ပေးနိုင်မယ်ဆိုတာ ကျွန်မ
မပြောနိုင်ဘူး' ဆူဆန်က ပြောသည်။

သူတို့ကနှုတ်ဆက်ကြပြီး တယ်လီဖုန်းများကို ချလိုက်
သည်။ ဆူဆန်သည် မိနက်တီနှင့်ဂရေဟမ်တို့ထိုင်၍ စကားပြေ
နေရာဆီသို့ သွားလိုက်သည်။ မိနက်တီ၏လက်ထဲတွင် အလ
နှင့် တတန်းတည်းဖြစ်ကြသော ကျောင်းသူကျောင်းသားတို့၏
မိဘများ နာမည်စာရင်းစာရွက်ကို ကိုင်ထားသည်။ မိနက်
က စကားပြောနေရာမှ သူတို့အနီးသို့ ဆူဆန်ရောက်လာသော
အခါ စကားကိုရပ်ပစ်လိုက်သည်။ ထို့နောက် နှစ်ယောက်စလုံး
ကပင် သူ့ကိုမော့ကြည့်သည်။

သူတို့အနီးရှိ ကုလားထိုင်တွင် ဆူဆန်က ထိုင်ချလိုက်သည်
မျက်လုံးတဘက်ကို သူ့လက်ညှိုးကလေးများဖြင့် အတန်ကြာ
အောင် ဖိထားသည်ကို ဂရေဟမ်က တွေ့လိုက်မိသည်။ခေါ
ကိုက်သောအခါမျိုးတွင် ဆူဆန်ကထိုသို့ ပြုလုပ်တတ်ကြောင်း



ဂရေဟမ်သိထားသည်။ သူတို့နှစ်ယောက်ထံသို့ ဘယ့်အတွက်
ကြောင့် လာခဲ့သည်ဆိုခြင်းကို ဆူဆန်မေ့သွားဟန်ရှိသည်။

'ဒီလိုပါ....' အတန်ကြာသော အခါတွင်မှ ဆူဆန်ကပြော
သည်။ 'ခုနဖုန်းဆက်တာ မာတီနာလေ။ ရှင်တို့က ဂျူဗီလင်းကို
လိမ်လည်မှုစစ်တဲ့စက်နဲ့ စစ်ဆေးခဲ့တဲ့အကြောင်း ပြောပြခဲ့တယ်'
မိနက်တီက ခေါင်းညိတ်ပြသည်။

'အဲဒီလို စစ်ဆေးဖို့ လိုအပ်လို့လား' ဆူဆန်က မေးသည်။
'ကျွန်မပြောမယ်၊ ကျွန်မမှာ မိတ်ဆွေတွေ လိုတယ်။ သူတို့နဲ့
ဆက်ဆံရေးတွေ မပျက်ချင်ဘူး၊ တကယ်လို့များရှင်က သူတို့ကို
တယောက်ပြီးတယောက် တွေ့ဆုံပြီး ပြန်ပေးဆွဲတဲ့ သူတွေလို့
စွပ်စွဲမယ်ဆိုယင်'

'လိမ်လည်မှုစက်နဲ့ စစ်ဆေးခဲ့တာကို ဂျူဗီလင်း ကျေနပ်ခဲ့
တယ်ဆိုတာ ကျွန်တော်ပြောနိုင်တယ်'

'ကျွန်မဆိုလိုချင်တဲ့ အချက်က အဲဒီအချက်မဟုတ်ဘူး၊ကျွန်မ
ဆိုလိုချင်တာက ရှင်တို့စိတ်ထဲမှာ ရှိတာတွေမှန်သမျှကို ရှင်တို့
က လိုက်လုပ်နေတာပဲ။ ဂျူဗီလင်းကို ကျွန်မလိုလားတယ်။ သူနဲ့
မိတ်ဆွေအဖြစ် ဆက်လက်ဆက်ဆံချင်တယ်။ ဒါပေမယ့်လည်း
သူ့အပေါ် ရှင်တို့က သံသယရှိနေကြမယ်ဆိုယင် ဘယ်လို
လုပ်ပြီး မိတ်ဆွေဖြစ် ဆက်ဆံနိုင်တော့မှာတဲ့လဲ။ သံသယဝင်
ခံရတဲ့လူတွေဟာ ကျွန်မကိုစိတ်နာ ကျောခိုင်းကြမှာ ဖြစ်တယ်'

ဆူဆန်တယောက် စိတ်ပျက် နွမ်းနယ်လျက်ရှိပြီး ရှင်းရှင်း
ပြသနေလျှင်လည်း လက်ခံနိုင်လိမ့်မည် မဟုတ်ကြောင်း မိနက်
တီက နားလည်သည်။သို့သော်လည်းပြောပြစရာ ရှိသည်တို့ကိုမူ

www.burmeseclassic.com

www.burmeseclassic.com



ပြောရပေလိမ့်မည်။ 'တကယ်လို့ မလိုအပ်ဘူးလို့ ထင်ယင် ကျွန်တော်အဲဒီလို စစ်ဆေးမှုတွေကို လုပ်ခဲ့မှာ မဟုတ်ပါဘူး' သူက အေးဆေးစွာပင်ပြောလိုက်သည်။

'ဂျူဗီလင်းကိုတဲ့လား။ သူ့ကိုအဲဒီလို ပုံစံမျိုးနဲ့ စစ်ဆေးဖို့ လိုတယ်တဲ့လား'

'ခင်ဗျားတို့မိသားစု ထိခိုက်နစ်နာအောင်လို့ ဘယ်လိုလူမျိုး၊ ဘယ်လိုအကြောင်း အရာတွေက လုပ်ချင်နေကြတယ် လုပ်နေ ကြတယ်ဆိုတဲ့ အချက်တွေမှန်သမျှကို ကျွန်တော် အတတ်နိုင်ဆုံးသိအောင် လုပ်ရမယ်'

'နေပါဦး ဂျူဗီလင်းကကော ရာဇဝင်လူဆိုး တယောက်လို့ ရှင်ကကျွန်မကို ပြောချင်လို့လား'

'ရဲမှတ်တမ်းတွေမှာတော့ ဂျူဗီလင်းကိုမတွေ့ဘူး၊ ဒါပေမယ့်လည်း ကျွန်တော်တို့ စုံစမ်းသိရှိရတဲ့ အချက်တွေအရ ဂျူဗီလင်းဟာ သူနဲ့အတူအိပ်ခဲ့တဲ့ အမျိုးသားတွေ အပေါ်မှာ လိုလိုလားလားနဲ့ ရက်ရက်ရောရော ဆက်ဆံခဲ့တယ် ဆိုတာကို ကျွန်တော်တို့သိထားရတယ်'

ဆူဆန်မျက်လုံးပြူးသွားရသည်။ဤအလုပ်မှာ စုံထောက်တို့ အလုပ်မဟုတ်ပါလား။

'ထူးတော့ထူးဆန်းတာပဲ၊ ဂျူဗီလင်းနဲ့အိပ်ခဲ့တဲ့ အမျိုးသားတွေဟာ ဘယ်နှစ်ယောက် ရှိတယ်ဆိုတာကို ဘယ်သူက အလေးထားမှာတဲ့လဲ' ဆူဆန်က နာကျည်းစွာဖြင့် ပြောသည်။ 'နေပါဦး၊ အဲဒီကိစ္စကကော ကျွန်မသား‌လေး ပျောက်ဆုံးတာနဲ့ပတ်သက်ပြီး ဘယ်လိုများ ပတ်သက်သက်ဆိုင် နေလို့လဲ'



ဒေါသထွက်နေသော ဆူဆန်၏ မျက်နှာကို မီနက်တီက ကြည့်လိုက်သည်။ 'ဂျူဗီလင်းအနေနဲ့ အမျိုးသား ဘယ်နှစ်ယောက်နဲ့ပဲ အိပ်ခဲ့ အိပ်ခဲ့ အရေးမကြီးဘူး။ အရေးကြီးတာက သူနဲ့ အိပ်ခဲ့တဲ့အမျိုးသားတွေထဲမှာ....' မီနက်တီက ဂရေဟမ်အား လှမ်း၍ကြည့်လိုက်သည်။

ပင်ပန်းနွမ်းနယ်နေသည့် ကြားမှပင် ဆူဆန်သည် အသိတရားကိုရလိုက်သည်။ သူက အမျိုးသား နှစ်ယောက်အား အကဲခတ်၍ ကြည့်လိုက်သည်။

'အို.... ဆိုးလှချည်လားရှင်' ဆူဆန်ကလေသံဖြင့်ပြောသည်။ မျက်နှာကို လက်ဖဝါးများဖြင့် ဖုံးအုပ်၍ငိုသည်။ မီနက်တီနှင့် ဂရေဟမ်တို့က တယောက်ကိုတယောက် ကြည့်လိုက်ကြသည်။ မီနက်တီက ဆူဆန်၏ လက်မောင်းကို လှမ်း၍ ဆုပ်ကိုင်သည်။ သူ့အနေဖြင့် အံ့ဩစရာ ကောင်းလောက်အောင်ပင် ဆူဆန် ကလည်း မီနက်တီ၏လက်ကို ပြန်လည်၍တင်းကျပ်စွာဆုပ်ကိုင် လိုက်သည်။ ထို့နောက်ဆက်လက်၍ငိုသည်။

ခဏကြာသောအခါ အငိုရပ်သွားသည်။ မျက်ရည်များကို စက္ကူလက်သုတ်ပဝါဖြင့်သုတ်ပြီး ဆူဆန်ကရပ်သည်။ထို့နောက် တုန်လှုပ်သော အသံဖြင့် 'စိတ်မကောင်း စရာပဲ၊ ကျွန်မ ဝမ်းနည်းပါတယ်' ဟု ပြောလိုက်သည်။

'ဂျူဗီလင်းတယောက် လိမ်လည်မှုစစ်တဲ့စက်နဲ့စစ်ဆေးတာ အောင်မြင်ခဲ့တယ်လို့ ကျွန်မယုံကြည်တယ်'

မီနက်တီက ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆူဆန်က အခန်းထဲမှထွက်ပြီး အပေါ်ထပ်သို့ တက်သွားတော့သည်။

ဂရေဟမ်က အခန်းဝတွင် တမိနစ်၊သို့မဟုတ် နှစ်မိနစ်ခန့်ကြာအောင် ရပ်ကာ အိပ်ရာပေါ်တွင်ရှိနေသည့် ဆူဆန်ကို ကြည့်လိုက်သည်။ အခန်းထဲတွင် အလင်းရောင်မရှိ၊ သို့သော် ဆူဆန်က မျက်နှာလွှဲသွားကြောင်းကိုမူ ဂရေဟမ် တွေ့လိုက်ရသည်။

'အိပ်နေသလား' ဂရေဟမ်က လေသံဖြင့်မေးသည်။

ဖြေကြားသံထွက်မလာ။

ဂရေဟမ်က အိပ်ရာအနီးသို့သွားကာ အိပ်ရာ အစွန်းတွင် ထိုင်ချလိုက်သည်။ ဆူဆန်မှာ ငြိမ်သက်လျက်ရှိသည်။ ဆူဆန် အိပ်မပျော်သေးကြောင်း ဂရေဟမ်နားလည်သည်။ မှောင်ထဲတွင်ပင် ဆူဆန်၏ပခုံးနှစ်ဘက်ကို ဂရေဟမ်ကလှမ်း၍ ဆုပ်ကိုင်သည်။ ဆူဆန်က မည်သို့မျှမတုံ့ပြန်။

'ဆူဆန်....အောက်ထပ်မှာ ဖိလစ်ပီ ရောက် နေ တယ်' ဖိလစ်ပီမှာ မွန်းလွဲပိုင်း သန့်ရှင်းရေး အလုပ်သမား ဖြစ်သည်။

'သူ့ကိုခေါ်ထားရမလား'

အဖြေပေးရန်အတွက် ဆူဆန်က အချိန်အတန်ကြာအောင် စဉ်းစားသည်။

'ခေါ်ထားလိုက်လေ'



'ကိုယ်ဝမ်းနည်းပါတယ်....'

'သူ့ကိုခေါ်ထားလိုက်လို့ ကျွန်မ ပြောတယ် မဟုတ်လား။ နေယင် ကျွန်မဆင်းလာခဲ့မယ်'

'ဆူဆန်....ကိုယ်ဝမ်းနည်းပါတယ်' ဂရေဟမ်က ထပ်မံ ပြန်တယ်။ သူ့စကားမှာ ကျိုးစီလင်းအား ရည်ညွှန်းပြောဆို ောင်း ဆူဆန်နားလည်သည်။ ဆူဆန်က မည်သို့မျှတုံ့ပြန် ာဆိုခြင်း မပြု။

'ဟို လွန်ခဲ့တဲ့နှစ်နှစ်လောက်က ဖြစ်ခဲ့တာပါ' ဂရေဟမ်က သံဖြင့်ပြောသည်။ 'ကိုယ်တို့ နှစ်ယောက် အိပ်ခဲ့ကြတာ သည်း အကြိမ်အနည်းငယ်ပါ။ တကယ်တော့....'

'လွန်ခဲ့တဲ့နှစ်နှစ်လောက်က....' ဆူဆန်က ဂရေဟမ်ကို းကနဲလှည့်ကြည့်သည်။ 'လွန်ခဲ့တဲ့နှစ်နှစ် ဟုတ်လား ဂရေ မ်၊ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကဖြစ်ခဲ့တာမို့လို့ ရှင့်ကိုခွင့်လွှတ်ဖို့ ာချင်နေတာလား။ အဲဒီ အချိန်လောက်က ကျွန်မတို့ ယောက် ပျော်ပျော်ပါးပါး နေထိုင်ခဲ့ကြတဲ့ အချိန်လေ၊ မ်မိသေးရဲ့လားဟင်'

စိမ်းကားစွာပြောလိုက်သော ဆူဆန်၏အသံကြောင့် ဂရေ မ် ထိတ်လန့်သည့်ကဲ့သို့ ဖြစ်မိသည်။ တချိန်တည်း မှာပင် သို့သော လေသံမျိုးနှင့်ပြောသည်ကို ဂရေဟမ်က မကြိုက်။ ာ်လည်း မခံလို။ ဂရေဟမ်က သူ့ လက်ကို ဆတ်ကနဲ လိုက်သည်။

'တော်စမ်းကွာ....' ဂရေဟမ်က အော်ပြောသည်။ ' ား ာဖြစ်လို့များ အသိဉာဏ် ခေါင်းပါး နေရတာလဲ၊ ငင်းကို

www.burmeseclassic.com

www.burmeseclassic.com



ငါပြောခဲ့တယ် မဟုတ်လား၊ ဂျူစီလင်းနဲ့ငါအိပ်ခဲ့တာ အကြိ အနည်းငယ်ပဲ ရှိပါ....'

'အကြိမ်အနည်းငယ်ဆိုတာက ဘယ်နှစ်ကြိမ်လဲ။ နှစ်ကြိ လား၊ ငါးကြိမ်လား'

'အကြိမ်အနည်းငယ်လို့ ငါပြောတယ် မဟုတ်လား' ဂရေဟမ်က အံကိုကြိတ်၍ ထပ်မံပြောသည်။ 'အဲဒီလို အိ တာကလည်း ဘာမှမဟုတ်ဘူး'

ဆူဆန်က သူ့ကို စူးစိုက်၍ကြည့်နေလိုက်သည်။ ထို့နော ဆူဆန်ကလည်း အံကိုကြိတ်လိုက်သည်။ 'မှန်လိုက်လေရှင်' ဆူဆ ၏အသံမှာ ဒေါသသံပါနေသည်။ 'အဲဒီလို ဂျူစီလင်းနဲ့ အိပ်ခဲ့ ဟာ ကျွန်မအတွက်လည်း ဘာမှမဟုတ်ဘူး။ ဘာမှလဲမဖြစ်

ဂရေဟမ်ကလည်း ဆူဆန်အား ပြန်လည်၍စိုက်ကြည့်သ ဆူဆန်အား ရိုက်နှက် မည်လော၊ ဆူဆန်မသိ၊ ဂရေ ကိုယ်တိုင်လည်း မသိ။

ဂရေဟမ်က ထိုင်ရာမှထလိုက်သည်။ ဆူဆန်အားမရိုက်နှ သူက ဒေါသတကြီးနှင့် အခန်းထဲမှထွက်သွားသည်။ တံခါး ဆောင့်၍ပိတ်သွားသည်။

အောက်ထပ်သို့ဆင်းလာသော ဂရေဟမ်အား မီနက်တီ လှမ်းကြည့်သည်၊ ဂရေဟမ်၏မျက်လုံးများ နီရဲ၍ မျက် မှာလည်း တင်းမာလျက်ရှိကြောင်း မီနက်တီကသတိပြုမိသ အမှန်မှာမူ မီနက်တီသာမက အခန်းတွင်းရှိ ရဲအရာရှိအား



င် ဂရေဟမ်၏ အမူအရာကို ကောင်းစွာ တွေ့မြင် သိရှိ ကြသည်။

ဆူဆန်သည် အမှောင်ထဲတွင် ငြိမ်သက်စွာ လှဲနေသည်။ က်ရည်စတို့မှာခန်းခြောက်သွားပေပြီ။ ထိုစဉ် တံခါးခေါက်သံ ားလိုက်ရသည်။

ဂရေဟမ်ဖြစ်မည်ဟု ဆူဆန်ကထင်မိသည်။ ဂရေဟမ်သည် ည့်အတိုင်းပင်ဖြစ်သည်။ ဂရေဟမ်က စိတ်ဆိုးတတ်သည်။ နောက် ဆူဆန်နှင့် ဝေးရာသို့ ထွက်သွားတတ်သည်။ သို့သော် ကြာမနေတတ်။ ဆူဆန်ရှိရာသို့ ပြန်လာ တတ်သည်။ သို့ပြန်လာရန်လည်း ဆူဆန်က လိုလားသည်။

ဆူဆန်က မျက်နှာကိုလွှဲလိုက်သည်။ ပြတင်းပေါက်မှ နေ၍ င်လုဆဲနေရောင်ကို လှမ်းကြည့်သည်။

'ဆူဆန်' အသံက တိုးတိုးပင်ထွက်လာသည်။ 'ဖိလစ်ပ်ပါ၊ ကျွန်တော် အထဲကိုဝင်လာရမလား'

ဖိလစ်ပ်ဟူ၍ ကြားလိုက်ရသောအခါ ဆူဆန်သည် ဂျူစီလင်း ကို၍ အမှတ်ရမိပြန်သည်။ အမှန်အားဖြင့် ဖိလစ်ပ်အား ငှားရမ်းရန် ဂျူစီလင်းက ထောက်ခံခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပ် သည် ဂျူစီလင်း၏ လက်စွဲတော်တဦးလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဖိလစ်ပီသည် လွန်ခဲ့သောနှစ်နှစ်ခန့်မှစတင်၍ အင်္
နေ့တိုင်းတွင် ဆူဆန်တို့အိမ်သို့ ရောက်လာခဲ့သည်။ သူ
အိမ်တွင်းသန့်ရှင်းရေးကို သေသေသပ်သပ်လုပ်ပေးသည်။

တံခါးခေါက်သံထွက်လာပြန်သည်။ 'ဆူဆန်' ဖိလစ်ပီထပ်
ခေါ်ပြန်သည်။

'ဪ....လာလေ၊ ဝင်ခဲ့လေ' ဆူဆန်က အိပ်ရာပေါ်တွင်
ထိုင်လိုက်သည်။

'ဂရေဟမ်တယောက် ဒေါ်နဲ့ မောနဲ့ ထွက်သွားခဲ့ ပြီး
နောက်မှာ ခင်ဗျားအိပ်မပျော်ဘူးဆိုတာ ကျွန်တော်သိတယ်
ပြောပြောဆိုဆို သူက အခန်းထဲသို့ ဝင်လာသည်။ 'မောင်း
ပါလား၊ ကျွန်တော် ကန့်လန့်ကာကို ဆွဲဖွင့်လိုက်မယ်။ ခင်ဗျား
သဘောကျမလား'

ဆူဆန်၏ အဖြေကို မစောင့်ပဲ ဖိလစ်ပီက ကန့်လန့်ကာ
ဆွဲဖွင့်သည်။ နေရောင်ခြည်တို့ အခန်းထဲသို့ အပြေးအလွှား
ဝင်ရောက်လာသည်။

'ခင်ဗျား ကြည့်ရတာ ကလည်း ပုံပျက် ပန်းပျက် ပါလား
သေသွားတဲ့ ကျွန်တော့် အဒေါ်နဲ့ တူလိုက်တာ။ ခင်ဗျား
ဘာလုပ်သင့်တယ်လို့ထင်သလဲ၊ နွားနို့ထဲကို သခွားသီးစိမ်ပြီး
ခင်ဗျား မျက်ခွံတွေပေါ်မှာ ဆယ့်ငါးမိနစ်လောက် ဖုံးထား
သင့်တယ်။ ဒါဆိုယင် နီမြန်းနေပြီး ဖောင်းရောင်နေတဲ့ ခင်ဗျား
မျက်လုံးတွေ နဂိုအတိုင်း ပြန်ဖြစ်မယ်။ ကျွန်တော် လုပ်ပေး
မယ်လေ။ သခွား သီးကို ပါးပါး လေးတွေ လှီးပြီး ခင်ဗျား
မျက်ခွံပေါ်မှာတင်ပေးမယ်'



ဆူဆန်ပြုံးမိသည်။ မည်သို့ ပြန်ပြောရမည်မှန်း မဆုံးဖြတ်
င် ဖိလစ်ပီက အခန်းထဲမှမီးဖိုရှိရာသို့ သွက်သွက်လက်လက်
က်သွားကြောင်း ဆူဆန်တွေ့လိုက်ရသည်။ ခဏကြာသော
ကော်ဖီနှစ်ခွက်၊သခွားသီးများနှင့် နွားနို့တခွက်နှင့်အတူ
ရောက်လာသည်။ ထို့နောက် သူက ရေချိုးခန်းထဲသို့ဝင်ကာ
နှာသုတ် ပဝါကိုယူပြီး ခေါင်းအုံးပေါ်တွင် ဖြန့်ခင်း
က်သည်။

'ကဲ....ခေါင်းအုံးပေါ် အိပ်တော့၊ ဒါဆိုယင် နွားနို့တွေက
ခေါင်းအုံးကို ပေမှာ မဟုတ်တော့ဘူး'

ဆူဆန်က ခေါင်းအုံးပေါ် လှဲအိပ်ကာ မျက်စိများကို မှိတ်
က်သည်။ မျက်ခွံပေါ်သို့ သခွားသီးများ ထိတွေ့လာသည်။
ားနို့ စိမ်ထားသော သခွားသီး အကွင်းများက မျက်ခွံကို
အေးမြစေသည်။

'ခင်ဗျားမျက်လုံးထဲကို နွားနို့တွေဝင်ကောင်းဝင်လိမ့်မယ်'
သူက သန့် ပြန့် သော အဝတ်စဖြင့် မျက်လုံး ထောင့် များ ကို
တ်ပေးသည်။ နားထင်သို့ စီးဆင်း လာသော နွားနို့ များ
လည်း သန့်စင်ပေးသည်။

'ကျွန်တော် အချိန်ကိုကြည့်ထားမယ်။ ဒီလိုလုပ်တာ သိပ်
ကောင်းတယ်။ ငိုလို့မျက်လုံးတွေအမ်းလာယင်ဒီလိုလုပ်တာဟာ
ကောင်းဆုံးပဲ။ ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်က သတ္တိ
တဲ့သူပါ။ ဝမ်းမနည်းတတ်ဘူး။ ဒါကြောင့် ဘယ်တုန်းကမှ
ျွန်တော်မငိုခဲ့ဘူး။ ဒါပေမယ့် ကျွန်တော့် မိတ်ဆွေတွေက

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ငိုမယ်ဆိုယင် ဒီလိုလုပ်တာဟာ အကောင်းဆုံး
ပြောကြတယ်'

မျက်စိကို မှိတ်ထားသည့်ကြားမှပင် ဖိလစ်ပီက ကော
သောက်နေကြောင်းဆူဆန်သိရှိသည်။ ကော်ဖီပန်းကန်လုံး
ပန်းကန်ပြားများထိတွေ့သံတို့ကို ကြားနေရသည်။

'ကျွန်တော်ကတော့ ကော်ဖီ သရဲပဲ' ဖိလစ်ပီကပြောသ
'ခင်ဗျား ကော်ဖီ သောက်မလား၊ ကျွန်တော် ကိုင်ပြီးတေ
တိုက်မယ်လေ။ သခွားသီး ဝိုင်းတွေကို အသာလေး ကိုင်
ထထိုင်လိုက်ပါလား'

'မသောက်တော့ဘူး၊ကျေးဇူးပဲ။ကျွန်မအတွက်ကော်ဖီလ
ရှင်ပဲသောက်လိုက်လေ။ ကျွန်မဘာသာ နောက်မှ ထပ်
သောက်မယ်'

'ဒါဆိုယင်လည်းကျေးဇူးပဲ' သူကပြောသည်။ သူ့အနေ
ထိုသို့ပင်လုပ်လိုနေကြောင်း ဆူဆန် သိရှိထားသည်။

'မှန်းစမ်းကြည့်ရအောင်၊ ကောင်းတယ်၊ ကဲ နောက်
သခွားစိတ်အသစ်တွေနဲ့လဲရအောင်'

သခွားစိတ်အဟောင်းများကိုဖယ်ပြီး နွားနို့စိမ်ထားသ
သခွားစိတ်အသစ်များဖြင့် လဲလှယ်ပေးကြောင်း ဆူဆန် သိ
သည်။သူ့နံဘေးအိပ်ရာပေါ်တွင်ဖိလစ်ပီထိုင်နေလျက်ရှိကြော
ဆူဆန်က သိသည်။ သူက ငြိမ်သက်စွာပင် အမှောင်ထ
လှဲနေသည်။

'သူဟာ ချစ်စရာကောင်းတဲ့ လူတယောက်လည်းဖြစ်တ
ရုပ်ရည်လည်းချောမောတယ်' ဂျူဗီလင်း၏ဖိလစ်ပီနှင့်ပတ်သ



ာ မှတ်ချက်စကားများကို ဆူဆန်ကြားမိသည်။ 'ဒီတော့
ဖြစ်လို့ အချိန်ဖြုန်းနေမှာလဲ'

ဆူဆန် တုန်လှုပ်မိရသည်။ အမှန်အားဖြင့်မူ ဖိလစ်ပီမှာ
လင်းလိုလားသည့် ယောကျာ်းမျိုးသာ ဖြစ်သည်။ ဆူဆန်
ဖြင့်မူ စဉ်းပင် မစဉ်းစားမိ။

'ကဲဆူဆန်'ဖိလစ်ပီကပြောသည်။'ခင်ဗျားအတွက်ကျွန်တော်
ဘာလုပ်ပေးရမလဲ၊ ဘာလုပ်ပေးစေချင်သလဲ။ ခင်ဗျား
ကတော့ အနံ့အသက်တွေ ပြည့်နေတာပဲ။ ဧည့်ခန်းကို
သွားအောင်ကျွန်တော်လှည်းပေးရမလား။ဒါပေမယ့်လည်း
ခန်းထဲမှာ ရှိနေတဲ့ လူတွေနဲ့ သိပ်ပြီး ရောရောထွေးထွေး
ချင်ဘူး'

ိလစ်ပီသည် ရဲများနှင့် ရောရောနှောနှောမနေလိုကြောင်း
ဆန်သိထားသည်။ တကြိမ်က ရဲတို့နှင့် ဖိလစ်ပီပြဿနာ
ခဲ့ဖူးကြောင်း ဖိလစ်ပီပြောပြ၍ ဆူဆန်သိထားခဲ့သည်။

'ဧည့်ခန်းထဲမှာရှိတဲ့ ဆေးလိပ်ပြာခွက် တွေကိုပဲ ရှင်းပေး
သား၊ ဒါမှမဟုတ်ယင်လည်း၊ဒီအိပ်ခန်းနဲ့မီးဖိုခန်းကိုရှင်းပေး
သား။ အချိန်ရယင်တော့ ရေချိုးခန်းကို ရှင်းပေးခဲ့လေ'
ဆန်ကပြောသည်။

'ကောင်းပြီ၊ အလက် အခန်းထဲကိုကော ရှင်းပေးစေချင်
းလား'

ဆူဆန်၏ ကိုယ်လုံး တောင့်တင်းသွားသည်။ 'ဟင့်အင်း၊
တိုင်းပဲထားလိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



‘ကဲ အချိန်စေ့ပြီ’ သူက သခွားသီးစိတ်များကို ဖယ်...
ပေးသည်။ ‘ဘယ့်နှယ်လဲ၊ ကြည့်လို့ပိုကောင်းတယ်မဟုတ်လ...
ဆူဆန်က မှန်သွားကြည့်ရန် ရပ်လိုက်သည်။ ထို့နော...
မှန်ရှိရာသို့သွားပြီး အသေအချာကြည့်ကာ ‘ဒီဟာတွေမ...
ခင်က ကျွန်မမျက်လုံး ဘယ်လိုရှိခဲ့တယ် ဆိုတာ မသိခဲ့...
ဒါပေမယ့်....’

‘ခင်ဗျားသဘောကျလို့ ပြုံးနေတယ် မဟုတ်လား’

‘ဟုတ်ကဲ့၊ သိပ်မှန်တယ်၊ ရှင်ပြောတာတွေမှန်တယ်’

‘ဒါကြောင့်မို့လို့ ကျွန်တော် ပြောတယ် မဟုတ်လ...
ဖိလစ်ပီက ဝင့်ကြွားစွာဖြင့်ပြောလိုက်သည်။

ထို့နောက် သူ့ပစ္စည်းများကို သိမ်းဆည်းကာ ဖိလစ်...
မီးဖိုခန်းသို့ ထွက်သွားတော့သည်။

ရက်ကြာလေ ဆူဆန်မှာ ပို၍နွမ်းနယ်လေဖြစ်လာသည်။ အ...
အစာ ကောင်းကောင်း စားလိုက်လျှင် သူ့စိတ် သက်သ...
ရလိမ့်မည်ဟု ဆူဆန်ထင်မိသည်။ သို့သော် မည်သည့်အ...
အစာကို စားလိုသည်မှန်းသူမသိ။ ချိုသည့်အရသာမပါ...
ဘီစကွတ်မုန့်များ၊ သစ်သီးများနှင့် ခရမ်းချဉ်သီးဖျော်...
တို့ကိုသာ သောက်လိုသည်။ မကြာခဏဆိုသလိုပင် သူ...
ထဲတွင် မီးဖိုခန်းထဲသို့ဝင်၊ ရေခဲသေတ္တာကို ဖွင့်၊ တွေ့...
အစားအစာများကိုအားပါးတရစားလိုက်လျှင်ကောင်းပေ...



...ားဟုစိတ်ကူးမိသည်။ သို့သော် ထိုသို့စိတ်ကူးခြင်းကပင်လျှင်
...့စိတ်ကို ပိုမိုလေးလံ ထိုင်းမှိုင်းစေကြောင်း ဆူဆန် သတိ
...ားမိသည်။

မနက်ပိုင်းများတွင် ရဲတို့လာပေးသော သတင်းစာများကို
...နိုင်ရန် ဆူဆန်က ကြိုးစားသည်။ သို့သော် သူ့စိတ်က
...စာလုံးများ၏အပြင်သို့ ရောက်သွားတတ်တော့သည်။

မိနက်တီက ဆူဆန်အား အကြိမ်ပေါင်းများစွာ မေးခွန်း
...များကို တမေးတည်းမေးသည်။ ထိုသို့မေးခြင်းမှာ ပို၍စိတ်ပျက်
...ား၊ စိတ်ညစ်စရာဖြစ်ကြောင်း ဆူဆန်သိလာသည်။

ဂရေဟမ်မှာ ပြန်သွားပြီဖြစ်သည်။ ထိုအတွက် ဆူဆန်
...မ်းသာသည်။ တနေ့လျှင်နှစ်ကြိမ်ခန့် ဂရေဟမ်က တယ်လီဖုန်း
...ဆက်သည်။ မိနက်တီနှင့်မေးမြန်းသည်။ သို့သော် ဂျူဗီလင်းနှင့်
...ပတ်သက်၍ အဖြစ်မှန်ကိုသိရှိခဲ့ရသည့် ညနေပိုင်းမှ စတင်၍
...ရေဟမ်က ဆူဆန်နှင့်မျက်နှာချင်းမဆိုင်မိရန် ကြိုးစားသည်။

...ဆန်က ဂရေဟမ်၏မိဘများထံသို့ စာရေးခဲ့သည်။

ချစ်လှစွာသောဂျော့နှင့်မာရီနီး

တယ်လီဖုန်းထဲမှာ ကျွန်မပြောခဲ့တဲ့ အတိုင်း ...
ပို့လိုက်တယ်ဆိုတဲ့ အားပေးစာကို ကျွန်မ မရ...း။
ကျွန်မဆီတနေ့ကိုစာတွေရာပေါင်းများစွာလာနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစာတွေ ကျွန်မဆီမရောက်မီ ရဲတွေက သေသေ
ချာချာ စစ်ဆေးကြတယ်။သူတို့ခွင့်ပြုချက်ပေးမှ ကျွန်မ
ဆီကို စာတွေရောက်လာတယ်။ ဒါပေမယ့် ကျွန်မ
ပို့ကြတဲ့ စာတွေအများအပြားကို ရဲတွေက ခွင့်မပြု
ဘူးလို့ ကျွန်မသိထားတယ်။ လူအများအပြားကလည်း
ကျွန်မကို အားပေးတဲ့စာတွေ ရေးခဲ့ကြတယ်။ သူတို့
မျှော်လင့်ချက်တွေကိုလည်းဖော်ပြကြတယ်။အခု ဆိုယ
ကျွန်မဆီ စာရေးခဲ့တဲ့လူပေါင်းဟာ ခြောက်ရာကျော်
ရှိသွားပြီ။ သူတို့က အလက်အတွက် ဆုတောင်းမေတ္တာ
တွေလည်းပို့ကြတယ်။ စာအများအပြားကိုပဲ ကိုယ်ရေး
ကိစ္စလို့ စာအိတ်ပေါ်မှာ ထင်ထင်ရှားရှား ရေးပြီး
ပို့ကြတယ်။ အဲဒီစာတွေ ရောက်ပြီးတော့ အဖေ
ပို့လိုက်တဲ့စာ မရောက်ဘူးဆိုတာကတော့ အံ့ဩစရာ
အကောင်းဆုံးကတော့ နောက်ကို စာထည့်ယင် ကျွန်မ
အမည်နဲ့အိမ်လိပ်စာကို မတပ်ပါနဲ့။ ကျွန်မအိမ်အောက်
ထပ်က မာဂရက်မယ်ရဲ့အမည်နဲ့ ထည့်လိုက်ပါ။ သူ
စာကို ဖောက်ကြည့်ပြီးယင် ကျွန်မစာမှန်း သိတာနဲ့
ကျွန်မဆီကိုပို့ပေးလိမ့်မယ်။

ကျွန်မအနေနဲ့ သီးခြား လွတ်လပ်မှုဆိုတာ မရှိ
တော့ဘူး။ တယ်လီဖုန်းကိုလည်းပဲ ရဲတွေက သူတို့
ကိစ္စတွေအတွက် အမြဲသုံးနေကြတယ်။ ဒီမနက်
တယ်လီဖုန်းဆက်တုန်းက အဖေတို့ကို ပြောမပြနိုင်
တာကို ကျွန်မ ခုမှပြောပြမယ်။ လွန်ခဲ့တဲ့ နှစ်ရက်



လောက်ကစပြီးတော့ သူတို့အနေနဲ့ ခိုင်မာတဲ့သဲလွန်စ
တွေ ရထားပြီလို့ ရဲတွေကယုံကြည်နေကြတယ်။အဲဒီလို
သဲလွန်စရထားတဲ့ အကြောင်းကို သတင်းထောက်တွေ
မသိဖို့ကအရေးကြီးတယ်။ တကယ်လို့ သူတို့သိသွားယင်
သတင်းစာတွေထဲမှာ သူဦးငါဦး ရေးသားကြမှာ။
အဲဒါဆိုယင် ရဲတွေကစောင့်ကြည့်နေတဲ့သူကို သတိပေး
သလို ဖြစ်သွားလိမ့်မယ်။ ကျွန်မပြောချင်တာကတော့
သတင်းစာတွေ ရေးတဲ့အတိုင်း အခြေအနေဟာ
မျှော်လင့်ချက် မကင်းသေးပါဘူး။ အခြေအနေ
ကောင်းပါတယ်။

ဒါပဲလေ၊ ဒီထက်ပိုပြီးတော့ ကျွန်မ ပြောမပြနိုင်
တော့ဘူး။

သူ၏ ယောက္ခမအား နေထိုင်ကောင်းရန် ဆုတောင်း
ကြောင်းနှင့် ကျန်းမာရေးဂရုစိုက်ရန် ဆူဆန်က သူ့စာတွင်
ပြသည်။ အလားတူစာမျိုးကိုလည်း သူ့ဖခင်နှင့် မိထွေး
သို့ ဆူဆန်ကရေးခဲ့သည်။

ထိုသို့ ရေးသားသည့် စာများတွင် အကြောင်းအရာတဝက်
သည်သာ မှန်ကန်သည်။ မှန်ကန်သည့် အချက်မှာ ဆူဆန်၏
အတွင်းသို့ နေ့စဉ်ဝင်ထွက်သွားလာနေကြသည့် သူများမှာ
သည်သူတို့ဖြစ်ကြောင်း ဆူဆန်မသိရှိခြင်းပင်ဖြစ်သည်။ ဆူဆန်
နေဖြင့် စိတ်အပျက်မဆုံးမှာကား သူ၏ မိတ်ဆွေများအား
သည့်ခန်းထဲတွင် ပြောလိုက်သည့် စကားတို့ကို နေ့တိုင်းတနေ့

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာတို့၌ ဖော်ပြခြင်းပင် ဖြစ်သည်။ မှားယွင်းသည့် အချက်မှာကား သူ၏ ချစ်လှစွာသော သားငယ်သည် ဖြု ကနဲ ပျောက်ဆုံးသွားရ သည့်ကဲ့သို့ သူ့ရင်ခွင်ထဲသို့ ရုတ်တရက် ပြန်ရောက်လာရန် အခြေအနေမှာ တဖြည်းဖြည်းပိုမိုနီးစပ်လာ ပြီ ဆို ခြင်း ပင် ဖြစ် သည်။ အမှန် အားဖြင့် ဆိုရလျှင် ဆူဆ အနေဖြင့် တစုံတယောက်သောသူအား သတင်းကောင်းမျာ ကိုသာပြောပြလိုနေသည်။ သူ့အပေါ် ကြင်နာကြခြင်း၊ သနာ ကြခြင်း၊ ကူညီလိုကြခြင်း စသည်တို့ကို ဆူဆန်က စိတ်ပျ လာမိသည်။

နေ့စဉ်ပင် အကြောင်းအရာသစ် တခုကို လက်ခံ စဉ်းစာ လေ့လာနေမည်ဆိုပါက အစဉ် နုပျိုနေမည်သာ ဖြစ်ကြောင် ဆူဆန်၏ ဖခင်က မကြာခဏ ပြောပြခဲ့သည်။ သို့သော် ယခု သူ့အနေဖြင့် အကြောင်းအရာသစ်ကို သိရှိလေ့လာ နားလည် နိုင်ခဲ့ရပြီ။ လွန်ခဲ့သော ရက်သတ္တပတ် နှစ်ပတ် အတွင်း တွေ့ရှိ နားလည်နိုင်ခဲ့သော အကြောင်း အရာသစ်က သူ့ နုပျို စေခြင်း မပြုပဲ အိုမင်းသော မိန်းမကြီး တယောက်ကဲ့သို့ ဖြစ်စေသည်။ မီနက်တီနှင့်တနေ့လုံးလိုလို တွေ့ထိသိရှိနားလည် ရသော အကြောင်းအရာတို့မှာ စိတ်ရွှင်လန်းစရာ အကြောင်း အရာများမဟုတ်ခဲ့ကြောင်း ဆူဆန်လက်ခံသည်။

ကလေး ငယ် များ နှင့် ပတ်သက်၍ ဒုစရိုက် လောကတွင် ဖြစ်ပျက် ကြုံတွေ့ နေရသည်များကို မီနက်တီက ပြောပြသည် ကလေးငယ် များအား စေခိုင်းသူတို့က ရာဇဝတ်မှု အမျိုးမျိုး ကျူးလွန်စေခဲ့ပုံများကိုလည်း ဆူဆန်သိရပြန်သည်။



'ဒီလို ကလေးတွေ ဖြစ်ပျက်နေတာနဲ့ ပတ်သက်ပြီးတော့ ခင်ဗျားအနေနဲ့ သိထားဖို့ မလိုပါဘူးလေ' မီနက်တီက မကြာခဏပင် ဆူဆန်အား ပြောပြသည်။

'ကျွန်မကို ခွင့်ပြုပါ' ဆူဆန်ကပြောသည်။ 'ရှင်ပြောပြခဲ့တဲ့ အတိုင်းဆိုယင် အလက်ဟာ ကျွန်မဆီ ပြန်ရောက်ယင်တောင်မှ ကောင်းမှု ဒုစရိုက်လောက ထဲကနေပြီးတော့....အိုလေ၊ သားငယ်ဘယ်ရောက်နေတယ်ဆိုတာ ကျွန်မ သိချင်တယ်'

'ကျွန်တော်ပြောမယ်.... ကျွန်တော်တို့မသိ....'

'ကျွန်မကို ဖုံးမထားကြပါနဲ့၊ အမှန်တွေကို ပြောပြကြစမ်းပါ။ ကျွန်မခံနိုင်ရည် ရှိပါတယ်'

မီနက်တီမှာ အလက် မည်သည့်အရပ်သို့ ရောက်နေသည် ဆိုခြင်းကို အမှန်ပင်မသိရှိခြင်းဖြစ်သည်။

မီနက်တီတို့၏ ဆောင်ရွက်ချက်တို့နှင့် ပတ်သက်၍ ဆူဆန်သည် အမှန်ပင်မကျေမလည် ဖြစ်လာခဲ့သည်။ထို့ကြောင့်လည်း ဆူဆန် က လွန်ခဲ့သောနှစ်ရက်မှစ၍ ရဲတို့သည်ခိုင်မာသော သဲလွန်စ ရနေပြီဟု ဂရေဟမ်၏ ဖခင်ထံသို့ရေးခဲ့ခြင်းဖြစ်သည်။အကယ်၍ တယ်လီဖုန်းထဲက ထိုအကြောင်းကို ပြောပြလျှင် မည်သည့် သဲလွန်စများကို ရရှိနေပါသနည်းဟု ဝမ်းသာအားရ မေးမြန်း ခြင်းခံရမည်ကို ဆူဆန်က မလိုလားသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူကဲ့သို့ပင် အခြားသူများကိုလည်း မျှော်လင့်ခြင်းအတိဖြင့်သာ ဆူဆန်က ရှိနေစေချင်သည်။

ကလေးငယ်များ အထူးသဖြင့် ယောကျ်ားလေး များနှင့် ပတ်သက်၍ မဟုတ်မတရား လုပ်ကိုင်ဆောင်ရွက်တတ် သူများ၏ စာရင်းကို မီနက်တီကစုဆောင်း၍ လေ့လာသည်။ ထိုသို့ စာရင်းများ ရရှိပြီးသည့်နောက် မသင်္ကာသော သူများအား မီနက်တီက အသေးစိတ်ခြေရာခံကာ လိုက်လံစုံစမ်း စစ်ဆေးသည်။ သို့သော်လည်း ထိုသို့ခြေရာခံ စုံစမ်းခြင်းမှာ သူတို့အတွက်ထိရောက်သော အကျိုးကျေးဇူးများ မရရှိစေကြောင်းကို မီနက်တီကဝန်ခံသည်။

BURMESE CLASSIC .com

လွန်ခဲ့သော နှစ်ရက်မှစ၍မူ မိုနေးဆိုသူတဦးအား သူတို့က မျက်ခြည်မပြတ် နောက်ယောင်ခံ လိုက်ခဲ့ကြသည်။ မိုနေးသည် ကလေးငယ်များနှင့် ပတ်သက်၍ သုံးကြိမ်မျှ ပြစ်မှုကျူးလွန်ခဲ့ကြောင်းကို မီနက်တီတို့ကသိရှိခဲ့ကြသည်။ သူသည်ထောင်ထွက်တဦးဖြစ်သည်။ ထောင်ထဲတွင် ဝိုင်းရိုက်ခံရ၍ သေလုနီးပါးလည်းဖြစ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ သူသည် ထောင်ထဲတွင် စည်းကမ်းရှိစွာ နေထိုင်ခဲ့၍ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ထောင်မှ လွန်ခဲ့သောမေလက လွတ်မြောက်လာ သူဖြစ်သည်။ မိုနေး ထောင်ကျခဲ့ရသည့် အကြောင်းရင်းမှာ ကလေးငယ် တဦးအပေါ် မတော်မတရား ပြုလုပ်ခဲ့မှုကြောင့်ဖြစ်သည်။

ထောင်မှထွက်လာပြီးသည့်နောက် မိုနေးသည် ဘော့စတွန်မြို့သို့ တိုက်ရိုက်လာခဲ့သည်။ ၎င်း၏မိတ်ဆွေ ဥပဒေသမား ဘော့တန်နှင့် နေထိုင်ရန်လာခဲ့ခြင်း ဖြစ်သည်။ ဘော့တန်မှာ



လည်း ကလေးသူငယ်များအမှုနှင့် ပတ်သက်၍ ရဲ၏မသင်္ကာခြင်းကို ခံနေရသူဖြစ်သည်။

ဘော့တန်အား ရဲတို့က နှစ်ကြိမ်တိုင်အောင် ဖမ်းဆီးခဲ့ကြသည်။ သို့သော်လည်း လုံလောက်သော သက်သေမရှိသဖြင့် အပြစ်ဆိုနိုင်ခြင်းမရှိခဲ့။ ဒုတိယအကြိမ် ဖမ်းဆီးစဉ်က သူ၏အိမ်ထဲတွင် ကလေးငယ်များ၏ ဓာတ်ပုံတို့ကို ရဲကတွေ့ရှိခဲ့သည်။ သို့သော်လည်း သူ့ကားကိုတား၍ ဖမ်းဆီးသော ရဲအရာရှိထံတွင် လုံလောက်သည့် ဖမ်းဆီးခွင့်အမိန့် မပါရှိသောကြောင့် ထိရောက်စွာအရေးမယူနိုင်ခဲ့ချေ။ မိုးနီကို ဖြတ်မောင်းပြင့်သာ အရေးယူခဲ့ရသည်။

အလက် ပျောက်ဆုံးမှုနှင့် ပတ်သက်၍ ဘော့တန်အား ရဲတို့က စစ်ဆေးသောအခါ မိုနေးသည် ထောင်မှလွတ်လာပြီးသည့်နောက် ၎င်းထံတွင် ရက်သတ္တပတ် သုံးပတ်ကြာမျှလာရောက်နေထိုင်ခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ သို့သော် ၎င်းအခန်းငှားရမ်း ရရှိပြီးသည့်နောက်တွင် ပြောင်းရွှေ့သွားကြောင်း၊ ထိုအချိန်မှစ၍ မိုနေးအား မတွေ့ရတော့ကြောင်း ဘော့တန်က အစစ်ခံသည်။

ဘော့တန်သည် ကလာရင်ဒန်လမ်းတွင် နေသည်။ ထိုလမ်းမှာ ဆူဆန်တို့နေထိုင်သည့် ဖရီးမန့်လမ်းနှင့် တမိုင်ကျော်ကျော်သာဝေးသည်။

အလက်ပျောက်ဆုံးပြီး နှစ်ရက်အကြာတွင် ရဲထံသို့ နေ့စဉ်သွားကာင်းပို့ နေထိုင်နေရသည့် မိုနေးမှာ သတင်းလာရောက်ခြင်းမရှိခဲ့။ ထိုအချက်မှာကြီးမားသော သဲလွန်စပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ မိုနေးအား ရဲတို့ကမနားတမ်းရှာဖွေခဲ့ကြသည် ထိုသို့ ရှာဖွေ နေကြောင်း ကိုလည်း သတင်းထောက်မျာ သိမသွားရန် ရဲတို့က ဖုံးဖုံးဖိဖိ၊ သိုသိုသိပ်သိပ် ဆောင်ရွက် ရသည်။

ငွေကြေးချို့တဲ့သော၊ မိတ်ဆွေအပေါင်းအသင်းမရှိသော ထောင်ထွက် တဦးအနေဖြင့် ခရီး ဝေး ဝေး သို့ ထွက်ပြေ တိမ်းရှောင် နိုင်လိမ့်မည် မဟုတ်။ အထူးသဖြင့် ကလေးငေ တဦးနှင့်ဆိုပါက ပို၍ပင် ဝေးဝေးသို့ သွားနိုင်လိမ့်မည်မဟုတ ထို့ကြောင့် သူ့ အနေဖြင့် အနီးအနားတွင်သာ ပုန်းအော နေပေလိမ့်မည်။ သူ့ကို ရဲတို့က မဖမ်းဆီးနိုင်မီ ထွက်ပြေ လွတ်မြောက်သွားရန် ကြိုးစားပေလိမ့်မည်။

BURMESE CLASSIC .com

အလက်ပျောက်ဆုံးပြီး ဒုတိယ ရက်သတ္တပတ် ကုန်ဆုံးသေ နောက်ဆုံးနေ့ဖြစ်သည်။

နံနက် ခုနစ် နာရီခန့်တွင် ရဲတဦးက ဆူဆန်၏ အိပ်ခန်းသ တက်လာပြီး တယ်လီဖုန်း လာနေကြောင်း ပြောသည်။

'ဆူဆန်လား၊ ဟော့ ဆူဆန် ကိုယ်ပါကွ။ အန်နာရိုက်ငေ မင်းမှတ်မိဘယ် မဟုတ်လား' (အန်နာရိုက်မှာ ကောလိပ်တ နေခဲ့စဉ်က ဆူဆန်လိုလားခဲ့သည့် သူငယ်ချင်း တယောက်ဖြ သည်။) 'မင်းအတွက် ကိုယ်သိပ်ပြီးတော့ ဝမ်းသာ.... ငါမင် အောင်ကြိုးစားနေရတယ်။ အိုလေ ငါဘယ်လိုများအတွေးငေ



ချော်နေပါလိမ့်။ ဘာပဲဖြစ်ဖြစ်လေ သတင်းစာမှာတွေ့လိုက်တဲ့ စ်ပိုင်းကပဲ မင်းဆီကို ငါတယ်လီဖုန်း ဆက်ခဲ့သင့် တာပါ။ ဆန်ရေ၊ လူတွေက မင်းတို့သားအမိပေါ်မှာ ဘယ်လောက် ကနာထားနေကြတယ်။ မေတ္တာတွေထားနေကြတယ်ဆိုတာ င်းသိစေချင်တယ်။ မင်းတို့အကြောင်းကို လူတွေက တပြော ည်း ပြောနေ ကြတော့တယ်။ မင်းတို့ အဖြစ် အပျက် မျိုးကို များအားလုံး ခံစား နေကြရ သလိုပဲကွယ်။ မင်း အ နေ နဲ့ င်္ခင့်စရာတွေကြုံနေရတဲ့အချိန်မျိုးမှာ ဒီစကားမျိုးပြောရတာ တော့ စိတ်မကောင်းဘူး။ တကယ်တော့လည်း မင်းဆီကို ဖုန်း က်ပြီး ဟော့....မင်းနဲ့ ငါမတွေ့ရတာ ခြောက်နှစ် ရှိသွားပြီ။ င်း သားလေး ပျောက်တယ်ဆိုတာကို သိရလို့ ငါဝမ်းနည်း ယ် ဆိုရုံလောက်တော့ ငါမပြောချင်ဘူး ဆူဆန်'

'ကိစ္စ မရှိပါဘူးကွယ်....' ဆူဆန်က ပြောသည်။

'မင်းကို ငါဘာတွေ ပြော ရ မယ် ဆိုတာ မသိတော့ဘူး။ ပေမယ့်လည်း ငါ့ သား နဲ့ သမီးကို မြင်လိုက်ရတိုင်း မင်း ကြောင်းကို နေ့ရောညရော စဉ်းစား မိတော့တယ်။ ငါ့မှာ လေး နှစ်ယောက် ရှိတယ်။ တယောက်က ရှစ်နှစ်၊ နောက် ယောက်ကသုံးနှစ်။ ငါပြောပါရစေတော့ဆူဆန်၊ လွန်ခဲ့တဲ့ းမိနှစ်လောက်က သတင်းစာမှာ ခေါင်းစဉ်ကိုလည်း တွေ့ က်ရရော မငိုပဲမနေနိုင်အောင် ဖြစ်ရတယ်....' တယ်လီဖုန်း မှ ငိုရှိုက်သံကို ဆူဆန်ကြားလိုက်ရသည်။

'အန်နာ....' မည်သည့် စကားများ ဆက်ပြောရမည်ကို ဆန်ကစဉ်းစားသည်။ သူ့အနေဖြင့် တဘက်မှပြောလိုက်သည့်

www.burmeseclassic.com

www.burmeseclassic.com



စကားများကို ကြားလိုက်ရသဖြင့် မအံ့သြမိ၊ နွမ်းနယ်ခြ
ဖြစ်မိသည်၊တချိန်တည်းတွင်ပင် မည်သို့ဆက်လက်ပြောရမည
မသိနိုင်အောင်ဖြစ်မိသည်။ သေချာသည်မှာကား သူ့အနေ
လေသံမာမာ မပြောဆိုမိရန် ကြိုးစားရပေမည်။ 'အန်န
နင့်အသံကို ကြားရလို့ ငါဝမ်းသာတယ်။ ဒါပေမယ့်လ
မင်းဘာတွေပြောနေတယ်ဆိုတာ ငါတော့ မသိနိုင်အောင်
'မင်းက မသိဘူး ဟုတ်လား' အန်နာမှာလည်း ထ
ပြောဆိုရမည့် စကားလုံးတို့ကို ရွေးချယ်စဉ်းစားနေရသည
'ဟုတ်တယ်' ဆူဆန်ကပြောသည်။ 'မင်းအနေနဲ့ ဝမ်းသ
လောက်အောင် ငါဘာတွေ ဖြစ်နေတယ်ဆိုတာ မသိ
တခုပဲရှိတယ်၊ ငါက စေ့စပ်ကြောင်းလမ်းခြင်း ပြုနေ
များလား၊ ဒါမှမဟုတ်ယင်လည်း တခြား ဝမ်းသာစရာ
ကြုံတွေ့နေရလို့များလား။ အင်းလေ အဲဒီလိုဟာမျိုး
ကြုံတွေ့နေရပါစေလို့ ငါဆုတောင်းတယ်'
'ဩော်....ဆူဆန်ရယ်' အန်နာကပြောသည်။ 'နယူးယေ
ဟာရယ်သတင်းစာရဲ့ သတင်းခေါင်းစဉ်က မင်း သားငယ
အမှုကို ဖြေရှင်းနိုင်ပြီလို့ ရေးထားတယ်'
'ဘယ်လိုရေးထားတယ်' ဆူဆန်၏စိတ်မှာ လှုပ်ရှားသ
ရသည်။ မျှော်လင့်ခြင်းတို့မှာလည်း ရင်တွင်ပြည့်လာသ
အန်နာပြောသည့်အတိုင်း အမှုကို ဖြေရှင်းနိုင်ခဲ့ပြီဆိုခြင
မှန်ကန်ကောင်း မှန်ကန်လိမ့်မည်။ သူ့အနေဖြင့် မယ
ခြင်းသာဖြစ်မည်။ 'အန်နာရေ....သတင်းစာက ဘယ်လို အ
အကျ ရေးထားသလဲဟင်'



'သတင်းခေါင်းစဉ်က ဆယ်ကီလျို့ဖ်ကမ်မှု ဖြေရှင်းပြီလို့
ထားတယ်။ သတင်းစာပုံမှာတော့ ရဲတွေဆီကရတဲ့....'
'မင်းဆီမှာ သတင်းစာရှိနေတယ် မဟုတ်လား၊ ငါ့ကို
ပြစမ်း'
'နားထောင်၊ ငါဖတ်ပြမယ်။ လွန်ခဲ့သော ဆယ့်ငါးရက်က
ာ့စတွန်မြို့ရှိ ၎င်း၏ နေအိမ်မှ ပျောက်ဆုံးသွားခဲ့သော
သက်ဆယ်ကီ ပျောက်ဆုံးနေခဲ့မှုနှင့် ပတ်သက်၍ မကြာမီတွင်
ကြ ပျော်ရွှင်ချမ်းမြေ့စရာ သတင်းကောင်းကို ထုတ်ပြန်
ကြေငြာနိုင်တော့မည်ဟု နယူးယောက်မြို့ရှိ ဆယ်ကီမိသားစုနှင့်
ပ်သော သတင်းအသိုင်းအဝိုင်းက သ တင်း ပေး သည်။
ာ့ွန်စကွင်းဆက်များကို ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်ပြီးသည်အထိ
မှုနှင့်ပတ်သက်၍ ရဲတို့က အသေးစိတ်အချက်အလက်များကို
ထုတ်ဖော်လိုခြင်းမရှိကြောင်းကိုလည်း သိရှိရသည်။ သို့သော်
တို့၏ တရားဝင်သတင်းထုတ်ပြန်ချက်မှာ ယနေ့နောက်ပိုင်း
အချိန်ခန့်တွင် ထွက်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ရသည်။
ကြားသိရသော သတင်းများအရ ကလေးငယ်မှာ တစုံတရာ
ထားအန္တရာယ်မရှိကြောင်း သိရှိရသည်'၊ ကဲ....အရေးကြီးတဲ့
သတင်းရဲ့ အစိတ်အပိုင်းကတော့ အဲဒါပဲဆူဆန်။ နောက်ပိုင်း
မှာတော့ ကလေးပျောက်ဆုံးခဲ့တဲ့ အကြောင်းတွေကို ပြန်လည်
ရေးသားဖော်ပြထားတယ်'
'အို....ဘုရားသခင်' ဆူဆန်ကပြောသည်။ သတင်းစာတွင်
ဖော်ပြ ထားခြင်းတို့မှာ မည်သည့် အဓိပ္ပာယ်များပါနည်း။
ထိုသတင်းမှာ မည်သို့မည်ပုံ ပေါ်ပေါက်ခဲ့ရပါသနည်း။ ဆူဆန်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စိတ်မောလာရသည်။ 'ငါ့ကို အသိပေးတဲ့အတွက် ကျေး အန်နာ။ မင်းဆီက ကြားရတဲ့ သတင်းကတော့ သ ကောင်းပဲ၊ မှန်ကန်တဲ့ သတင်းကောင်း ဖြစ်ပါစေ ငါဆုတောင်းတယ်။ ကျေးဇူးပဲကွယ်၊ ကဲ.... ငါသွားစ နေတယ်'

BURMESE CLASSIC .com

ဆူဆန်က တယ်လီဖုန်းကိုချလိုက်သည်။

အဝတ်အစားများလဲပြီး၍ အောက်ထပ်သို့ဆင်းလိုက်သေ အခါ တအိမ်လုံး တယ်လီဖုန်းမြည်သံများနှင့် ဆူညံနေကြေ ဆူဆန် တွေ့ရသည်။ ရဲတို့၏ ပြန်လည် ဖြေကြားချက် တယ်လီဖုန်းတို့မှာ စာနယ်ဇင်း များ မှ ဖြစ်ပြီး သူ နယူးယောက် ဟာရယ်သတင်းစာတွင် ပါရှိသော သတင်း မှန်ကန်ခြင်းရှိမရှိ အတည်ပြုမေးမြန်းကြခြင်းဖြစ်သည်။

နယူးယောက်မှ အလိုက်ဆိုသူက ယခု ရက်သတ္တပတ် လေးကြိမ်မြောက်အဖြစ် ဆူဆန်ထံ တယ်လီဖုန်းဆက်သ ဆူဆန်အနေဖြင့် ရုပ်မြင်သံကြားမှ တွေ့ဆုံမေးမြန်းခန်း ( တကြိမ်တွင် အလက် အပါအဝင်) ခွင့်ပြုစေလို ကြေ တောင်းဆိုလာပြန်သည်။ သို့သော် ဆူဆန်ကလေးကြိမ်မြေ အဖြစ် ငြင်းဆိုသည်။

နာရိုင်ကက်ခန့်ကြာသောအခါ ဆူဆန်ထံသို့ အလိုက် ထပ်မံတယ်လီဖုန်းဆက်ပြန်သည်။ အကယ်၍ ဇင်းတဦးတ ကိုသာ သီးခြားတွေ့ဆုံမေးမြန်းခွင့် ပေးမည်ဆိုပါက ဒေါ ၁၀၀၀၀၀ (တသိန်း) ပေးမည်ဟု ကမ်းလှမ်း လာသ အလက်ကို တွေ့ပြီဆိုသော သတင်းမှာ မမှန်ကန်ကြေ



းယောက်ဟာရယ်သတင်းစာတွင်ဖော်ပြထားသည့်သတင်း မဟုတ်မှန်ကြောင်း ပြောပြသောအခါ အလိုက်က စိတ် ချော့ပဲ အကယ်၍ တွေ့ဆုံခွင့်ပြုမည် ဆိုပါက ဒေါ်လာ ၀၀၀ (နှစ်သောင်းငါးထောင်) ပေးမည်ဟု ကမ်းလှမ်း သည်။

နနက်ရှစ်နာရီတွင် မီနက်တီရောက်လာသည်။ သူ့မျက်နှာကို ည့်ခြင်းဖြင့် မီနက်တီတယောက်မည်မျှ စိတ်ပျက်နေကြောင်း ဆန့်သိရှိသည်။

'သတင်းဆိုးပဲ' မီနက်တီက ပြောသည်။ 'ဒီသတင်းက န်တော်တို့ဆောင်ရွက်နေတာတွေကို ဘယ်လိုမှ အကူအညီ ပေးဘူး။ ဒီတယ်လီဖုန်းတွေကို တနေ့လုံး ကျွန်တော်တို့ ဖြေနေရတော့မှာပဲ၊ ကျွန်တော်တို့ဘက်မှာ ဆုံးရှုံးမှုတွေတွေ့ရ တော့မှာပဲ'

မီနက်တီက ဆူဆန်၏ မီးဖိုခန်းသို့သွားကာ နယူးယောက် ာရယ် သတင်းစာတိုက်သို့ တယ်လီဖုန်းဆက်သည်။မည်သည့် ာမှ သတင်းရရှိကြောင်းကို သတင်းစာတိုက်က ထုတ်ဖော် ကြားခြင်းမပြုချေ။ ရရှိသော သတင်းနှင့် ပတ်သက်၍ သစ်စမ်းမေးမြန်း အတည်ပြုခြင်း မပြုလုပ် ခဲ့ကြောင်း၊ တင်းစာ စက်တင်ပုံနှိပ်ခါနီးမှ ထိုသတင်းကို ရရှိခဲ့သဖြင့် ချိန်မရသောကြောင့် ဖြစ်ကြောင်း၊သူတို့ရရှိသည့်သတင်းမှာ ခွာစိတ်ချရသော သတင်းဖြစ်ကြောင်း၊ထိုကြောင့်သတင်း းသူအပေါ်တွင် မည်သို့မျှ သံသယ မရှိခဲ့ကြကြောင်း ယ်ဒီတာအဖွဲ့က ရှင်းလင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



မိနက်တီမှာ များစွာစိတ်ဆိုးမိသည်။ သူက တယ်လီဖုန်း ပစ်ချလိုက်သည်။ ချက်ချင်းဆိုသလိုပင် တယ်လီဖုန်းကမြည် ပြန်သည်။ ဂျိုစီလင်းထံမှဖြစ်သည်။

'ဘုရားမတာပါပဲ' ဂျိုစီလင်းက စတင်ပြောသည်။ 'ခုလေး နယူးယောက်မှာနေတဲ့ အဒေါ်ဆီက တယ်လီဖုန်း ဆက်တ ရဲတွေက အလက်ကိုတွေ့ပြီလို့ ပြောတယ်။ ကျွန်မ ဝမ်းသ လိုက်တာ။ သတင်းစာက အတိအကျ ရေးမထားဘူ အဒေါ်က ပြောတယ်။ ကဲ....ဆိုစမ်းပါဦး။တယ်တုန်းကရှာ တာတဲ့လဲ။ ဘယ်တော့လောက် အိမ်ကိုပြန်ရောက်မလဲ'

'သားကို ရှာမတွေ့ကြသေးဘူး' ဆူဆန်ကအော်၍ ပြေ လိုက်သည်။ သူ၏မိတ်ဆွေ ဂျိုစီလင်းပါလား။ ဂရေဟာမ် အတူအိပ်ခဲ့သည့် 'ဂျိုစီလင်းပါလား။ သို့သော် ဂျိုစီ ပြောသံတို့မှာကား မည်သို့မျှမပြောင်းလဲ။

တယ်လီဖုန်းကို ပြန်ချရန် မိနက်တီက ဆူဆန်အား အချ ပြလိုက်သည်။ သူ့မျက်နှာမှာ ပင်ပန်းနွမ်းနယ်မှုတို့ ပေါ် နေရုံမက နီမြန်း၍လည်းနေသည်။ မိနက်တီ အိုစာလာကြေ ဆူဆန်မြင်မိသည်။

'စကားသိပ်ပြီးတော့ ကြာကြာမပြောနိုင်ဘူး။ တယ်လီ လိုင်းရှင်းနေအောင်လုပ် ရလိမ့်မယ်' ဆူဆန်ကပြောသည်။

သို့သော် ဂျိုစီလင်းက သိချင်သည်များကို မေးဖြစ်အော မေးသည်။ 'ကြားရတဲ့ သတင်းက မမှန်ဘူးတဲ့လား။ သူ မတွေ့သေးဘူးတဲ့လား။ ကောင်းပြီလေ။ ပြန်ပြီးတော့ တယ် ဖုန်းဆက်မယ်'

ဆူဆန်ကတယ်လီဖုန်းကိုချလိုက်သည်။

'ရှုပ်နေတာပဲ' မိနက်တီက ပြောသည်။ ကျွန်တော်တို့ရဲ့ သူ့ ဆက်ဆံရေးရုံးနဲ့ ကျွန်တော်ဆက်သွယ်ပြီး ဘော့စတွန် ငင်းစာအနေနဲ့ သတင်းမှားကြီး ဖော်ပြခဲ့တာကို ဘယ်လို သိထားသလဲလို့မေးကြည့်မယ်။တဘက်မှာကလည်း ခင်ဗျား နေနဲ့ မယုံကြည်နိုင်တဲ့ အကြောင်းအရာပေါ်မှာ ကျွန်တော် က ဆက်လက်ပြီး ဖိအားပေးနေမှုကို ခင်ဗျားကဆက်လက် ခံ နိုင်လိမ့်မယ်လို့ မထင်မိဘူး' ပြောပြောဆိုဆို သူက ယ်လီဖုန်းဆက်လိုက်သည်။ 'နောက်ပြီးတော့ ခင်ဗျားအတွက် ဘနာ့ဝန်ထမ်း လုပ်အားပေးနေ သူတွေလည်း လျော့ ပြီးသွားလိမ့်မယ်' မိနက်တီက ဆူဆန် ကို လှမ်းကြည့်၍ ပြောသည်။ 'ဟုတ်ကဲ့၊ မိနက်တီပါ။ အယ်လီနာနဲ့ တွေ့ပါရ အယ်လီနာလား၊ အယ်မိနက်တီ ပြောနေတယ်။ ရုံးကို ဆာစော ရောက်နေတဲ့အတွက် ဝမ်းသာတယ်ဗျာ။ ဒီမှာ ကျွန်တော်ပြောမယ်။ ကျွန်တော်တို့မှာ ဆယ်ကီအမှုနဲ့ပတ်သက် ပြဿနာပေါ်....'

မိနက်တီ ပြောပြနေသည်များကို နားထောင်ယင်း ဆူဆန် အသည်းနှလုံးမှာ ပို၍ပို၍နက်ရှိုင်းသော နေရာဆီသို့ ရောက် သွားသည်။ စာနယ်ဇင်းတို့ကား သူ့အတွက်အရေးပါလှသည်။ သို့သော် တဖြည်းဖြည်းနှင့် စာနယ်ဇင်းပိုင်းနှင့် သူတို့ကြား ခြင်း ကွာဟမှုကြီးမားလာရပြီး ဝေးသည်ထက်လည်း ဝေးလာ ပြီဖြစ်ကြောင်း၊ ထိုသို့သောအခြေအနေက အလက်ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရေးကို မျှော်လင့်ချက်ကင်းသည်ထက် ကင်းစေလာပြီ
ကြောင်း ဆူဆန်နားလည်သည်။
တဘက်ခန်းတွင်တယ်လီဖုန်းမြည်သံ အဆက်မပြတ်
ပေါ်နေပြီး တယ်လီဖုန်း ဆက်သူများက ချီးကျူး စ
အမျိုးမျိုးပြောနေကြသည့်အသံများကို ဆူဆန်ကြားနေရသ
လျှင်မြန်သောအရှိန်ဖြင့် ကောလာဟလသည် ချက်ချင်းပ
သွားတော့သည်။ တယ်လီဖုန်း ဆက်သူ အများအပြား
နယူးယောက်ဒေသမှ ဖြစ်ကြသည်။ အများအပြား မှာလ
အခြားဒေသများမှဖြစ်ကြသည်။
မိနက်တီပြောခဲ့သည့်အတိုင်းပင်တယ်လီဖုန်းဆက်ကြသူ
အနက် အများအပြားမှာ အလက်ပြန်လည်တွေ့ရှိရေးစေတ
လုပ်အားပေးများ ထံမှ ဖြစ်သည်။ ထိုသို့ တယ်လီဖုန်းဆ
မေးမြန်းကြသည့် စေတနာလုပ်အားပေးများအတွက်မူ ရှင်
ကြားသိခဲ့ရသည့် သတင်းမှာ မဟုတ်မှန်ကြောင်း ဖြေရှင်
ပေမည်။တယ်လီဖုန်းမဆက်ကြသည့်သူများနှင့်ပတ်သက်၍က
အဖြစ်မှန်ကို မသိကြသော သူများကမူ အလက်ကိုပြန်လ
တွေ့ကြပါပြီကော။ သူတို့အနေဖြင့် အလက် ရှာဖွေရေး
လုပ်အားပေးရန်မလိုကြတော့ပါလား။ သူတို့စိတ်များပေါ့
နိုင်ကြပေပြီ။ အလက်နှင့်ပတ်သက်၍ သူတို့မေ့နိုင်ကြပြီ။ သ
စိတ်ဝင်စားရာ အခြားအကြောင်းအရာများကို စိတ်ဝင်စား
ကြပေတော့ မှာပါလား။
မိနက်တီက တယ်လီဖုန်းကို ချလိုက်ပြီး ဆူဆန်ထံလျှော
လာသည်။ သူ့မျက်နှာမှာ နီမြန်းနေသည်။ ဒေါသကြေ



က်နှာမှာ တင်းမာ၍လည်း နေသည်။ မိနက်တီတယောက်
သို့ ဒေါသထွက်သည်ကို ဆူဆန်က မမြင်ဖူးခဲ့။
ကြည် စိတ်ချရတဲ့ သတင်း ဆိုတာ ဘယ်သူ့ဆီက
တဲ့ သတင်းလဲ’ မိနက်တီက ဒေါသတကြီး ပြောသည်။
သူ့ လက်ချက်လဲ ဆိုတာကို ကျွန်တော် သိပ်ပြီး သိချင်
တယ်။ခုလိုပေါက်ကြားမှုတွေရှိနေတဲ့အမှုတမှုပေါ် အောင်လို့
တော် ဆောင်ရွက်လို့ ရမှာ မဟုတ်ဘူး။ ဒါနဲ့ နေပါဦး၊
းကများ တယောက်ယောက်ကို ပြောပြခဲ့ရော့လား။
ယောက်မှာရှိတဲ့ သူတွေထဲမှာ ခင်ဗျားကို ထိခိုက်နစ်နာ
ယ့် သူတွေ များ ရှိနေရော့လား။ တကယ့်ရှုပ်တဲ့ကိစ္စပဲ’
‘ရောဘတ်ကလွဲလို့ နယူးယောက်မှာ ဘယ်သူ့ကိုမှ ကျွန်မ
ဘူး’ ဆူဆန်ကပြောသည်။ ‘အမှန်အတိုင်းပြောရယင်တော့
ဆွေတချို့ တော့ နယူးယောက်မှာ ရှိတယ်လေ။ ဒါပေမယ့်
တို့အားလုံးပဲ ကျွန်မတို့ကို ထိခိုက်နစ်နာစေအောင်လုပ်ချင်
တဲ့သူတွေတော့မဟုတ်ကြဘူး။ တခုတော့ရှိတယ်။ ကောလိပ်
နေတုန်းက ကျွန်မတို့နဲ့ သိကျွမ်း ခင်မင် ရင်းနှီးခဲ့တဲ့သူ
တော့ ရှိနေတယ်။ ဒါပေမယ့်လည်း သူတို့နဲ့ မတွေ့တာ
လှပါပြီ။ အဲဒီအသိတွေကလည်း ကျွန်မတို့ကိုထိခိုက်နစ်နာ
ချင်ကြမှာ မဟုတ်ဘူး’
‘အင်းလေ၊ စကားကို ထိန်းထိန်းသိမ်းသိမ်း မပြောကြလို့
ဘော်နစ်ရတယ်ဆိုတာမျိုးပေါ့၊သူတို့ဆန္ဒကတော့ခင်ဗျားကို
ခိုက်စေချင်ကြမှာမဟုတ်ဘူး။ ဒါပေမယ့်လည်းသူတို့လုပ်တာ၊
ပြောတာတွေဟာ ခင်ဗျားကို ထိခိုက်စေတယ်။ တကယ်တမ်း

www.burmeseclassic.com

www.burmeseclassic.com



ပြောရယင်လည်း အဲဒီလိုထိခိုက်စေတယ် ဆိုတာကို သူတ
သိကြတာမဟုတ်ဘူး။ ကျွန်တော်တို့ ဘာတွေ လုပ်ကိုင်နေ
တယ်ဆိုတာ ဘယ်သူ့ကိုမှမပြောပါနဲ့လို့ ခင်ဗျားကိုကျွန်တေ
ပြောခဲ့တယ်မဟုတ်လားဟင်'

'ဟုတ်ကဲ့'

'ဒီတော့ ခင်ဗျားက တယောက်ယောက်ကို ပြောပြခဲ့တ
ပေါ့ ဟုတ်လား။ခင်ဗျားရဲ့မိတ်ဆွေဟောင်းတွေ၊ကောလိပ်
အတူတူနေခဲ့တဲ့သူတွေ၊ နောက်ပြီးတော့ ရေဘတ်ကို ခင်ဗျ
ပြောပြခဲ့တယ်မဟုတ်လား'

'ဟင့်အင်း မပြောခဲ့ဘူး။ ကျွန်မယောက္ခမနဲ့ကျွန်မဖေဖေ
ကိုတော့ စာရေးခဲ့တယ်၊ သူတို့ဆီရေးခဲ့တဲ့စာမှာလည်း တ
ကျကျ ပြောခဲ့တာ မဟုတ်ပါဘူး။ သတင်းစာတွေ ရေး
အတိုင်း အခြေအနေကမဆိုးပါဘူး။ ခုဆိုယင်ပဲ သားယေ
ရှာဖွေတွေ့နိုင်မယ့် သဲလွန်စ ရပြီးနေပြီလို့ ရေးပြခဲ့တ
နောက်ပြီးတော့လည်း သားယေတွေ့နိုင်ဖို့အတွက်သတင်းစ
မပေါက်ကြားရအောင်လို့ ကျွန်မတို့အနေနဲ့အစွမ်းကုန် သိ
သိပ်သိပ် လုပ်နေကြတယ်လို့လည်း ရေးပြီး သူတို့ကိုတော
မပေါက်ကြားဖို့ သတိပေးခဲ့သေးတယ်'

'ဆိုလိုချင်တာက ကျွန်တော်တို့မှာ သဲလွန်စတွေရနေပြီ
ခင်ဗျားကသူတို့ကို ပြောခဲ့တာပေါ့ ဟုတ်လား'

'အင်းလေ၊ သဲလွန်စရပြီလို့ ပြောခဲ့တယ်။ တကယ်တေ
သူတို့ဟာအလက်ရဲ့ အဘိုး အဘွားတွေ မဟုတ်လား။သူတို့
မြေးငယ်အတွက် သိပ်ပြီးတော့စိုးရိမ်နေကြ၊စိတ်ပူနေကြတယ



တိုင်းနဲ့ ကျွန်မကို ရှင်တို့က အဆက်အသွယ် ဖြတ်ပစ်လို့ မရ
နိုင်ဘူး'

'ကျွန်တော်ပြောမယ်။ ကျွန်တော် အခုပြောနေတာ ကျွန်
တော်တို့အတွက် မဟုတ်ဘူး။ ကျွန်တော်တို့ လုပ်ကိုင်နေကြတာ
တလည်း ကျွန်တော်တို့ အတွက် မဟုတ်ဘူး။ အားလုံးဟာ
ခင်ဗျားအတွက် ပြောနေကြတာ၊ ခင်ဗျားအတွက် လုပ်ကိုင်နေ
ကြတာတွေပဲ၊ ဒါကြောင့်မို့ ကျွန်တော် ပြောနေတာတွေက
ခင်ဗျားအတွက်'

ဆူဆန်က ကုလားထိုင်တွင် ကိုယ်လုံးကိုပု၍ ထိုင်နေလိုက်
သည်။ မီနက်တီပြောသည်တို့မှာ လုံးဝမှန်ကန်သည်။ မီနက်တီ
ပြောသည်များကို သူ့အနေဖြင့်နားထောင်သင့်သည်။ 'ခုကိစ္စမှာ
ဒီလောက်ကြီး ရှုပ်ထွေးသွားကြလိမ့်မယ်လို့ ကျွန်မ မထင်...'

'ကျွန်တော့်ကို ခင်ဗျားမေးခဲ့ဖို့ကောင်းတယ်။ တယောက်
ယောက်နဲ့ အကြောင်း တစုံ တရာကို ပြောတော့မယ် ဆိုယင်
ကျွန်တော့်ကို အသိပေးပါလို့ ခင်ဗျားကို ပြောခဲ့တယ်
မဟုတ်လား။ ကဲ...ပြောစမ်းပါဦး၊ ဘယ်လိုတွေဖြစ်ခဲ့တယ်လို့
ခင်ဗျားထင်သလဲ'

'မသိဘူး။ ကျွန်မ အမှန်ကိုမသိဘူး'

'ကောင်းပြီ။ ကျွန်တော် ပြောမယ်။ သေသေချာချာ စဉ်း
စားစမ်းပါ။ ကျွန်တော် စုံစမ်း ထောက် လှမ်း ခြင်း မပြုမီက
ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ သိထားဖို့မလိုဘူး။ ဒါပေမယ့်
သည်း အမှုကိုလက်ခံပြီးပြီဆိုယင်တော့ အဲဒီအမှုနဲ့ပတ်သက်လို့
ဖြစ်နိုင်တာတွေ၊ သဲလွန်စတွေကို ကျွန်တော်က စုံစမ်းမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေမယ်၊ ဒါဟာ ကျွန်တော့်အလုပ်ပဲ။ ကျွန်တော်ပြောခဲ့သလို အတိုင်း ဒီသတင်း ပေါက်ကြားတာဟာ နယူးယောက်မြို့က စတင်ခဲ့တာပဲ။ နယူးယောက်မြို့မှာ အလက်ရဲ့ဦးလေးရောဘတ် ရှိနေတယ်။ အဲဒီ အချက်ကို ကျွန်တော် စုံစမ်းရလိမ့်မယ်’

ဆူဆန်က သူ့ကိုစိုက်ကြည့်နေသည်။ ရောဘတ်၏အမည်ကို ပြောဆိုတိုင်း သူ့အသံမှာ မနှစ်မြို့သည့်အသံ ဖြစ်နေကြောင်း ဆူဆန် သတိထားမိသည်။ ဘယ့်အတွက်ကြောင့်နည်း။ သူ့ကို မေးကြည့်ရန် ဆူဆန်ကပါးစပ်ဟလိုက်သည်။ သို့သော် ချက်ချင်း ပင်ပြန်ပိတ်သည်။ အကယ်၍ ဆူဆန်သိရှိရန်လိုအပ်မည်ဆိုပါက မိန်က်တီက ပြောပြလိမ့်မည်။ သိရှိရန်မလိုအပ်ဆိုပါက ဆူဆန် အနေဖြင့် ကြားလိုခြင်းမရှိ။

ဆူဆန်က မီးဖိုခန်း အထဲ တယ်လီဖုန်းသို့ သွားကာ ရောဘတ်ထံ တယ်လီဖုန်းဆက်သည်။

ရောဘတ်က သူ့ကို လှိုက်လှဲစွာ နှုတ်ဆက် သည်။ ‘ဆူဆန်လား၊ နေကောင်းရဲ့လား၊ ဘာအကြောင်းထူးသေးလဲ’

‘ဟာရယ်သတင်းစာထဲမှာ အမှုအကြောင်း ပါလာတယ် ရောဘတ်၊ သတင်းစာက အမှုပေါ်ပြီလို့ ရေးထားတယ် တကယ်တော့ အမှုကမပေါ်သေးဘူး။ သတင်းစာအနေနဲ့ အဲ သတင်းကို ဘယ်နေရာက ရခဲ့တယ်ဆိုတာ ရှင်များသိမလား ကျွန်မလှမ်းမေးတာ’

‘ကျွန်တော်က ဘယ်လိုလုပ် သိရမှာလဲ၊ ခင်ဗျားက ဘာဖြစ်လို့ ကျွန်တော့်ကိုမေးတာလဲ’ ရောဘတ်က ချက်ချင်း ခုခံပြောဆိုသည်။ အံ့သြခြင်း၊ မယုံကြည်ခြင်း စသည်တို့



ပေါ်ပြပဲ သူ့ကိုယ်သူသာ ခုခံပြောဆိုခြင်းမှာ မိန်က်တီ အနေဖြင့် သံသယဖြစ်စရာတို့ ပေါ်ပေါက်စေခြင်း ဖြစ်နိုင် သည်ဟု ဆူဆန်က တွေးတောမိသည်။

‘သိချင်လို့ ရှင့်ကိုမေးတာပါ ရောဘတ်၊ ဒါနဲ့ ရှင့်အမေက အမှုမှာ သဲလွန်စတွေရနေပြီရယ်လို့များ ရှင့်ကို ပြောပြခဲ့ သလား’

‘မနေ့ကပဲ အမေ့ဆီ ကျွန်တော် ဖုန်းဆက်ခဲ့သေးတယ်။ အဖေနေကောင်းလားလို့ မေးခဲ့တယ်။ သူတို့ဆီ တယ်လီဖုန်း ဆက်တာဟာ ကျွန်တော်ရဲ့ နေ့စဉ်အလုပ်ပဲ’

‘ကောင်းပါတယ်။ မနေ့က တယ်လီဖုန်း ဆက်တုန်းက အမှုနဲ့ပတ်သက်ပြီး သဲလွန်စ ရခဲ့ပြီရယ်လို့များ ရှင့်အမေက ပြောခဲ့လား’

‘အမေ ပြောပုံဆိုပုံကတော့ သိပ်ပြီး ကျေနပ်နေပုံပဲ။ ဘာဖြစ်လို့လဲ၊ ကျွန်တော့်ကို ဘာမှမပြောဖို့များ ခင်ဗျားက အမေ့ကို တားမြစ်ထားလို့လား’

‘မတားမြစ်ရပါဘူး။ တကယ်တော့လည်း သူတို့ကို ကျွန်မက ဘာမှ တိတိကျကျ ပြောခဲ့တာမဟုတ်ဘူး။ အဖေနဲ့ အမေကို အကောင်းဘက်ရောက်လုပါပြီ၊ အကောင်းကိုသာ မြင်ထား စေချင်တယ်လို့ ပြောခဲ့တာပဲဖြစ်တယ်။ အဲဒီလိုပြောခဲ့တာတွေ ကိုလည်း ဘယ်လိုပုံစံမျိုးနဲ့မှ သတင်းစာတွေဆီ ရောက်မသွားဖို့ ကျွန်မလိုလားခဲ့တယ်’

‘အဲဒါတွေနဲ့ ပတ်သက်ပြီးတော့ အမေက ဘာမှမပြော ဘူး’

www.burmeseclassic.com

www.burmeseclassic.com



'ဒီတော့ ရှင်က ဘာလုပ်ခဲ့သလဲ၊ ဟာရယ်သတင်းစာက တယ်လီဖုန်းဆက်ပြီးတော့ ရှင်သိထားတာတွေကို ရှင်ကပြောပြခဲ့တယ် မဟုတ်လား'

ရောဘတ်၏အသံမှာ ပိုမို ကျယ်လောင်လာပြီး ဒေါသသံများလည်းပါလာသည်။ 'ဒီမှာ ဆူဆန် ကျွန်တော် ပြောမယ် ခင်ဗျားရဲ့ အခြေအနေကို ကျွန်တော်သိတယ်။ ခင်ဗျားဟာ ဝမ်းနည်းပက်လက်နဲ့ သောကတွေတပုံကြီး ရင်မှာပိုက်ထားပြီး နေရတယ် ဆိုတာကို ကျွန်တော် သိတယ်။ ဒါပေမယ့်လည်း အဲဒီ အခြေအနေမျိုးမှာရောက်နေတာမို့ ဒီပြင်လူတွေ ပေါ်မှာ အဆိုးမြင်သတောမျိုးနဲ့ပြောလို့မဖြစ်ဘူး။ ကျွန်တော်ပြောမယ် မနေ့ညကညစာစားပွဲတခုကိုရောက်ခဲ့တယ်။ အဲဒီညစာစားပွဲမှာ အလက်အမှုနဲ့ပတ်သက်လို့ သတင်းကောင်းကြားရတော့မယ်လို့ ကျွန်တော်ပြောခဲ့တယ်။ ကျွန်တော် ဝန်ခံပါတယ်။ အဲဒီ ညစာစားပွဲကို တက်လာတဲ့ သူတွေထဲမှာ ဟာရယ် သတင်းစာရဲ့ စာအုပ်ဝေဖန်ခန်းရေးတဲ့ အမျိုးသမီးတဦးရှိနေတယ်။ အမျိုးသမီးရဲ့နာမည်ကိုတော့ကျွန်တော်မသိဘူး။ သူကများပြန်ပြောသလား မသိနိုင်ဘူး။ ဒါပေမယ့်လည်း အဲဒီ အမျိုးသမီးဟာ မသေချာတဲ့ သတင်းကို ပြန် ပြော လိမ့် မယ် လို့ ကျွန်တော် မထင်ဘူး'

'တကယ်လို့များ ရှင်ကသာ ပါးစပ်ကိုပိတ်ထားမယ်ဆိုရင် ဒီအမျိုးသမီး....ဒီပြဿနာတွေဟာ ပေါ်ပေါက်လာမှာမဟုတ်ဘူး။ ရှင့်မှာ ပြောပိုင်ခွင့်ကော ဘာများ ရှိလို့လဲ ရောဘတ်..' ဆူဆန်က စတင်ငိုသည်။



'ကဲ....နေစမ်းပါဦး။ နေစမ်းပါဦး' ရောဘတ်က အော်၍ ပြောသည်။ 'အခွင့်အရေးဆိုတာနဲ့ပတ်သက်ပြီးတော့ ခင်ဗျားက ပြောလာလို့ မေးစမ်းပါရစေ ဆူဆန်။ ခင်ဗျားမှာကော ကျွန်တော့် ဘဝရဲ့ အတွင်းရေးတွေကို ရဲတွေသိအောင် ပြောပြဖို့ ဘာအခွင့်အရေးရှိလို့လဲ'

'ရှင် ဘာကို ဆိုလိုချင်တာလဲ'

'ကျွန်တော်နဲ့ဘော်ဘီတို့ လက်ထပ်ခဲ့ကြတဲ့အချိန်ကအတွင်းရေးကိစ္စတွေလေ....'

ဆူဆန်က မည်သို့မျှ ပြန်လည်မပြောပဲ စဉ်းစားနေမိသည်။ သူတို့လင်မယားအကြောင်းကို ရဲများအား အမှန်ပင်ပြောပြခဲ့သလား။ သူတို့ နှစ်ယောက် လက်ထပ်စဉ်က အကြောင်းကို ဆူဆန်က အမှန်ပင်သိခဲ့သည်။ သို့သော် ထိုသို့သိကြောင်းကိုပင် ပြောပြခဲ့သလား၊ မှန်သည်။ ရဲများက ဂရေဟမ်၊ ရောဘတ်၊ ဘယ်စ်ဗီ၊ မစ္စတာဘာလင်တို့ အကြောင်းများကို ဆယ့်ငါးကြိမ်မြောက်တိုင် မေးခဲ့ကြသည်။ ထိုသို့မေးရာတွင် မီနက်တီက ဆူဆန်အား ကွဲကွာခဲ့ကြသည့် လင်မယား မည်မျှကိုသိခဲ့ပါသနည်းဟု အဓိကထား၍ မေးမြန်းခဲ့သည်ကို ဆူဆန်သတိပြုခဲ့မိသည်။

သေ ချာ သော အ ခြား တ ချက် မှာ ကား ရောဘတ်တို့ လင်မယား အကြောင်းကိုလည်း ဆူဆန်က ပြောခဲ့ကြောင်း မှတ်ရမိလာသည်။ ထိုသို့ပြောရာတွင် အလေးအနက်မထားခဲ့ဘဲ ပြောပြသည်များကိုလည်း ရဲတို့က ရောဘတ်အား ပြန်လည်ပြောပြ မေးမြန်း ကြလိမ့်မည်ဟု ဆူဆန်မထင်မိခဲ့။ သူသိထားသည့် အ ကြောင်း အ ရာ မှန် သ မျှ ကို ပြောပြခြင်း ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အား ရှာဖွေတွေ့ရှိနိုင်ရေးအတွက် အကူအညီပေး ရောက်မည်ဟု ရဲတို့ကပြောခဲ့သောကြောင့် ဆူဆန်က သိထား သည်များကို ပြောပြခဲ့ခြင်းသာ ဖြစ်သည်။ ယခု တော့မူ ဘတ်က ဒေါသတကြီး ဖြစ်လျက်ရှိနေသည်။

'ခင်ဗျား ပြောခဲ့တာကြောင့် နယူးယောက် ရဲတွေက ကွ တော့ကို တမျိုးထင်နေကြပြီ။ မလေးမခန့် ပုံစံမျိုးတောင်ပြော ကြတယ်'

ဆူဆန်က လေး လေး နက် နက် စဉ်း စား လိုက် သည် ထို့နောက်မှ သူစဉ်းစားသည့်အတိုင်း ပြောရန်လည်း ဆုံးဖြ လိုက်သည်။

'ရှင်ကကော နယူးယောက်ရဲတွေ ထင်ထားတဲ့ အတိုင်း မဟုတ်လား'

ရောဘတ်က တယ်လီဖုန်းကို ပစ်ချလိုက်သည်။ ဆူဆန် ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ ထို့နောက် လှုပ်နေသော ဝဲဘက်မျက်ခုံကို အေးစက်နေသည့် သူ၏လက်ချောင်းထိပ် များဖြင့်ဖိထားလိုက်သည်။

ချက်ချင်းပင် တယ်လီဖုန်းက မြည်လာသည်။ မီနက် အတွက် အယ်လီနာကဆက်သွယ်ခြင်းဖြစ်သည်။

'သတင်းစာတွေအားလုံးကို နယူးယောက်ရဲက ဆက်သွ နိုင်ခဲ့တယ်။ ဆင်ခြေဖုံးက ထုတ်တဲ့ သတင်းစာလေး တစော ကျန်တယ်။ ရေဒီယိုနဲ့ရုပ်မြင်သံကြားဌာနတွေ အားလုံးကိုလည်း အကြောင်း ကြားခဲ့ပြီးပြီ။ သတင်းစာတွေ၊ ရေဒီယို ရုပ်မြင်သံကြား ဌာနတွေအားလုံးက ဟာရယ် သတင်း



သတင်းကို ပြန်လည် ရေးသား မဖော်ပြမကြေငြာ ကြဖို့ သဘောတူခဲ့ကြပြီ။ ဒါပေမယ့်လည်း ကောလာဟလ သတင်း စကားတွေကိုတော့ ဘယ်သူကမှ ဟန့်တားနိုင်မှာမဟုတ်ဘူး'

မွန်းလွဲပိုင်းတွင် တက်ဆီနှင့် အတူ အပြင်သို့ ထွက်၍ ဆူဆန်က လမ်းလျှောက်သည်။ ထိုအခါ သူတို့လမ်းထဲရှိ စားသောက်ဆိုင်တဆိုင်တွင် အလက် ပျောက်ဆုံးနေကြောင်း ကြေငြာသည့်ပိုစတာနှစ်ခုမှာ မရှိတော့ကြောင်း ဆူဆန်တွေ့ရ သည်။ ဝမ်းသာစရာဟု လက်ခံထားသော သတင်းမှာ အမှန် ပျံ့နှံ့လျက် ရှိချေပြီ။

တတိယရက်သတ္တပတ် အလယ်ခန့်တွင် အိမ်အတွင်းရှိ ရဲတို့က သူတို့၏ ပစ္စည်းများကို သိမ်းဆည်း ကြသည်။ စားပွဲများ၊ ကုလားထိုင်များ၊ လက်နှိပ်စက်များကိုလည်း သူတို့ကပြန်လည် သယ်ဆောင်ယူသွားကြသည်။ သူတို့ယူလာသည့် ပစ္စည်းများ ပြန်လည်သယ်ဆောင်ပြီးသည့် အခါတွင် ရဲတို့က ဆူဆန်၏ အိမ်ကို စွန့်ခွာကြသည်။ ရဲတို့အားလုံး ထွက်ခွာသွားကြသည်။

ဆူဆန်သာကျန်ခဲ့သည်။ သားငယ်အလက်မရှိတော့ပြီးသည့် နောက် ကွယ်လွန်ပြီးနောက် အခြေ အနေမျိုးကို ဆူဆန် ရင်ဆိုင်ရပေပြီ။

မီနက်တီမှာမူ သူနှင့်အတူကျန်ခဲ့သည်။ အလက် အမှုကို ဆက်လက်စုံစမ်းရန် စုံထောက် ဆယ့်နှစ်ဦးအား တာဝန်

www.burmeseclassic.com

www.burmeseclassic.com



ပေးထားခဲ့ရှိကြောင်း မီနက်တီက ဆူဆန်အား ပြောပြသည် သို့သော် အိမ်ခန်းထဲမှာမူ ငြိမ်သက် တိတ်ဆိတ် သွားသည် အလက် ပျောက်ဆုံးသည့်နေ့က ကျောင်းမှ ပြန်လာချိန်တ ဆူဆန်ထိုင်စောင့်နေခဲ့သည့် အချိန်က ငြိမ်သက် တိတ်ဆိ နေခြင်းမျိုးအတိုင်းဖြစ်သည်။

ဆူဆန်၏စိတ် လှုပ်ရှားလာပြန်သည်။ သူက ညှော်ခန်း သွားသည်။ ထို့နောက် လွန်ခဲ့သော ဆယ့်ကိုးရက်က ရှိခဲ့သ အတိုင်း ကုလားထိုင်များ၊ စားပွဲများကို ပြန်လည် နေရာ သည်။ ထို့နောက် သူက ကုလားထိုင်တလုံးတွင် ဝင်ထိုင် စောင့်ဆိုင်းသည်။

မီနက်တီက ဆူဆန့်ထံလျှောက်လာ၍ မေးခွန်း မေးသ ဆူဆန်က သူ့ကိုသာ စိုက်ကြည့်နေသည်။ မပြုံးချင်ပြုံးချင် လည်း ပြုံးပြသည်။ မီနက်တီက သူ့ထံမှ ဖြေဆိုသံ ထွက်လ မည်လားဟု စောင့်သည်။ သို့သော် ကြာရှည်မစောင့်၊ မီနက် သည် စိတ်မရှည်စွာဖြင့် အခန်းထဲမှထွက်သွားတော့သည်။

ဆူဆန်က ပြတင်းပေါက်ရှိရာသို့ ပြန်လှည့်သည်။ သူ ဆက်လက် စောင့်ဆိုင်းပြန်တော့သည်။

တယ်လီဖုန်းကမြည်လာသည်။ ဆူဆန်က ချက်ချင်း ထမ တယ်လီဖုန်းကို စိုက်ကြည့်နေမိသည်။ ခဏကြာမှ သူ တယ်လီဖုန်းကို သွားကိုင်သည်။



'ဟယ်လို၊ ဟယ်လို မစ္စစ်ဆယ်ကီလား'

'ဟုတ်ကဲ့....ပြောနေပါတယ်' ဆူဆန်ကဖြေသည်။

'အင်္ဂလိပ်စာဌာနက မစ္စစ်ဖဲမင်ပြောနေပါတယ်။ဒေါက်တာ င်းက ပြောခိုင်းလို့ပါ။ သူ့အနေနဲ့ ဘယ်လောက်တောင် ်းနည်းနေတယ်ဆိုတာ ရှင်သိအောင်....'

'ကျေးဇူးတင်ပါတယ်ရှင်....သူက အင်မတန်ကြင်နာသနား တ်တဲ့ သူပါ' အခြားရာပေါင်းများစွာသော သူတို့မှာလည်း င်နာသနားတတ်သူများ ဖြစ်ခဲ့ကြသည်။ သို့သော်လည်း ကြင်နာသနားခြင်းတို့က မည်သည့်အကူအညီမှ မပေးနိုင် ။ 'သူ့ကို ကျေးဇူး တင်ကြောင်း ဒေါက်တာလင်းကို ာပြပေးပါ။ နောက်ပြီး....'

'မစ္စစ်ဆယ်ကီ ခဏ ကိုင်ထားပါဦး' ဒေါက်တာလင်း၏ တွင်းရေးမှူးမလေးက အလောသုံးဆယ်ပြောသည်။ တယ်လီ ်းကို ဆူဆန်က ပြန်ချတော့မည်ဟု ထင်မှတ်နေပုံရသည်။ န်မ တယ်လီဖုန်း ဆက်ရတဲ့ အကြောင်းရင်းကို အမှန် ာရယင် ဒေါက်တာလင်းက မေးခိုင်းတာ ရှိလို့ပါ။ ါက်တာလင်းက မေးပါတယ်။ဒီနှစ်နွေရာသီသင်တန်းတွေမှာ င့်အနေနဲ့ သင်ကြားပို့ချဖို့ အစီအစဉ်များ ရှိသလား....'

ဆူဆန်က စဉ်းစားလိုက်သည်။ သူနှင့် ဒေါက်တာလင်းမှာ င်းနှီးကြသူများ ဖြစ်ကြသည်။ ထို့ကြောင့် ဒေါက်တာလင်း ယ်တိုင် တယ်လီဖုန်းဆက်သင့်သည်။

'ဪ....' ဆူဆန်ကပြောသည်။ 'ဟုတ်ကဲ့.... ကျွန်မအနေနဲ့ င်ကြားလိုတဲ့ဆန္ဒ မရှိကြောင်း သူ့ကို ပြောပြပေးပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တဲ့'

'ကဲ၊ ဒါပဲလေ' ဆူဆန်က ပြောသည်။

ဆူဆန်အနေဖြင့် အတွေးနယ် မချဲ့လိုတော့။ ပြဿနာ အရပ်ရပ်ကိုလည်း လက်ခံ မစဉ်းစားလိုတော့။ သူ့အနေ တိတ်ဆိတ်ငြိမ်သက်စွာသာ ထိုင်နေလိုတော့သည်။

'ဆူဆန်နဲ့ ရှင် ဒီနေ့တွေ့ပြီးပြီလား' တယ်လီဖုန်းကို ချက်ချ လာကိုင်သော မာတီနာအား ဂျိုစီလင်းက မေးလိုက်သည်

'အထူး တယ်လီဖုန်းလိုင်းကို ဒီမနက်ပဲ ရဲတွေက ဖြုတ်သွား ကြပြီ။ ခုဆိုယင် ဆူဆန်ရဲ့ အခန်းဟာ ဟိုတုန်းကလိုပဲ အ စာခုလို ငြိမ်သက်တိတ်ဆိတ်နေတော့မယ်'

'ဩော်...ဟုတ်လား။ သူနဲ့မတွေ့ဖြစ်သေးဘူး'

'ဆူဆန်ကိုကြည့်ရတာတမျိုးပဲ' ဂျိုစီလင်းက ပြောသည် 'လွန်ခဲ့တဲ့တပတ်လောက်ကစပြီး သူ့အမူအရာတွေပျက်ခဲ့တ ကျွန်မကိုလည်းပဲ သိပ်ပြီးတော့ လိုလားနှစ်သက်ပုံ မရ သူနေမှကောင်းရဲ့လားမသိဘူး။ ရှင်ဘယ်လိုထင်သလဲဟင်'

'ရှင် ဘာပြောတယ်။ ဩော် ဟုတ်ပြီ၊ ဟုတ်ပြီ နေကောင်းမှာပါ'

'ဖိလစ်ပီဘယောက် ကျွန်မဆီကို မနေ့ကရောက်လာတယ် ရဲတွေက သူ့ အခန်းကို နှစ်ကြိမ်တောင် လာရှာတယ်



သအကြိမ်လာရှာတော့ သူ့ကို ရဲတွေက ကြမ်းကြမ်း တမ်း ဆက်ဆံသွားကြတယ်တဲ့'

'ဟုတ်တယ်။ ကျွန်မကိုလည်း သူပြောပြတယ်' မာတီနာက သည်။ 'ရဲတွေက လိမ်လည်မှု စစ်ဆေးတဲ့စက်နဲ့တောင်မှ ကို စစ်ဆေးသွားကြတယ်တဲ့'

'ကျွန်မကို အဲဒီအကြောင်းတွေ ပြန်ပြောပြတဲ့ အချိန်က ပီဟာ အတော့်ကို ကြောက်လန့်နေပုံရတယ်။ ဆူဆန်နဲ့ က်လို့လည်း ဖိလစ်ပီဟာ စိတ်ပျက်နေပုံရတယ်။ တနေ့ အသွားမှာ ဆူဆန်ကို တွေ့လိုက်ရတာ တကယ့်ကို ပန်းပျက် မိန်းမတယောက်လို ဖြစ်နေတယ်တဲ့'

'ဆူဆန့်အနေနဲ့ အဲဒီလိုပုံစံမျိုး ဘယ်လောက်ကြာအောင် င်မလဲဆိုတာတော့ ကျွန်မ မသိဘူး' စကားစပြတ်သွား သည်။ဂျိုစီလင်းက ကလေးများကိုအော်ဟစ်နေသံ မာတီနာ းနေရသည်။ ကြောင် အော်သံကိုလည်း ကြားရသည်။ နောက် ဂျိုစီလင်း၏ သက်ပြင်းချသံကို ကြားရပြန်သည်။ သက်နဲ့ ပတ်သက်ပြီး ဂျပ်စတင်းဟာ အတော့်ကို စိတ် ကောင်းဖြစ်နေပုံရတယ်မာတီနာ။ ဒီမနက်ပဲ သူကအလက်ကို သွားရှာလို့တွေ့ကြမှာ မဟုတ်ဘူးမေမေ၊ သူသေပြီလို့ကျွန်မကို ပြောခဲ့တယ်။ ကလေးတွေရဲ့စကားဟာ ဘာပဲဖြစ်ဖြစ် မှန်တတ် တာကများတယ်။ စိတ်မကောင်းစရာပါပဲရှင်'

ရက်သတ္တပတ်ကုန်ဆုံးသည့်နေ့အထိ သူ ဆူဆန့်အား သွား တွေ့ဆုံနိုင်လိမ့်မည်မဟုတ်ကြောင်း မာတီနာက ပြော ည်။ ထို့အတွက် စိတ်မကောင်းကြောင်းကိုလည်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ကပွဲအတွက် လေ့ကျင့်စရာများလည်း ရှိနေသည်။ 'ကျွန်မ...
ဝတ်စုံပြည့် လေ့ကျင့်ပွဲကို လာရောက်ကြည့်ရှုဖို့ ဆုဆန်...
လက်မှတ်ပေးသင့်တယ်လို့ ရှင်ထင်သလား၊ အင်းလေ၊ ပေး...
မသင့်ပါဘူး' မာတီနာကပြောသည်။

ဂျီစီလင်းကမူ လွန်ခဲ့သောအပတ် စနေပိုင်းကတည်း...
ဆုဆန်အား တွေ့ဆုံခြင်း မပြုတော့ကြောင်း ပြောပြသည်...
'ဒါနဲ့ မေးရဦးမယ်၊ ဂျော့ကို ရှင် ကျောင်းလိုက်ပို့သေးလား...
သူ့ဘာသာပဲ သွားခွင့်ပြုသလား' ဂျီစီလင်းကမေးသည်။

'ရှင်က ကျွန်မကို နောက်နေတာများလား'

'တကယ်ပါ။ ကျွန်မသိချင်လို့ မေးတာပါ'

'ပြီးခဲ့တဲ့ အင်္ဂါနေ့က လမ်းထောင့်မှာ လက်တွန်းလှည်း...
ရောင်းနေတဲ့ ရေခဲမုန့်ဆိုင်လေးကို သားဟာ ကျွန်မကို အ...
မပေးပဲ သွားခဲ့တယ်။ ထွက်သွားတုန်းက ကျွန်မ မသိလိုက်...
အိမ်ထဲ ပြန်ဝင်လာတော့မှ ကျွန်မသိတယ်။ သူ့မျက်နှာ...
လှမ်းကြည့်လိုက်တော့ ထိတ်လန့်ကြောက်ရွံ့လာသလိုပဲ၊ ...
ပေါ်မှာ လူနှစ်ယောက်က သူ့ကိုရပ်ခိုင်းပြီး မင်းဟာ ပျော...
နေတဲ့ ကောင်လေး ဟုတ်မဟုတ် မေးခဲ့တယ်လို့ ပြောတ...

'အလိုဘုရားသခင်၊ ဒီတော့ ရှင်က သူ့ကို ဘယ်လို ပြော...
သလဲ'

'ကျွန်မက သားဟာ အလက်နဲ့ဆင်ဆင်တူတယ်၊ သေ...
ချာချာ ကြည့်ယင်တော့လည်း လုံးဝမတူဘူး။ နောင် ဆို...
တော့ အမေမပါပဲနဲ့ အိမ်ပြင်ကိုမသွားရဘူးလို့ ပြောခဲ့တ...

'သူကဘာပြန်ပြောလဲ'



'ဘာမှ ပြန်မပြောဘူး'

'ကလေးတွေက တမျိုးပဲ။ သူတို့ကိုယ် သူတို့ အထင်ကြီး
...တယ်။ ဂျပ်စတင်းကဆိုယင် အလက်ကို တွေ့အောင်ရှာနိုင်
...လို့ ပြောနေတယ်'

'ဂျော့ကလည်း အဲဒီအတိုင်းပဲ'

'သူနဲ့အတူ အိမ်အပြင်ထွက်တိုင်း ဂျပ်စတင်းဟာ ဟိုဟိုဒီဒီ
...ကြည့်တယ်။ သူကြည့်တဲ့ နေရာတွေမှာ အလက် ရှိနေ
...လို့ ထင်တယ်'

...ပျောက်ဆုံးပြီးသည့်နောက် ရက်သတ္တပတ် လေးပတ်
...ကသော နေ့၏ နံနက်ခင်းဖြစ်သည်။

ဆုဆန်နှင့် ဂရေဟမ်တို့အတွက် စာများမှာ ရောက်လာ
...ရှိသည်။ တယ်လီဖုန်းမှာလည်း မကြာခဏ လာသည်။
...တီမှာလည်း ဆုဆန်တို့အိမ်သို့ ဝင်လိုက်ထွက်လိုက်ရှိသည်။
...နီးနားချင်းများထံသို့လည်း သူကသွားသည်။ စုံထောက်
...နှစ်ဦးခန့်မှာလည်း ဆက်လက်တာဝန်ထမ်းဆောင်နေကြ
...ကြောင်း ဆုဆန် လက်ခံသည်။ သို့သော် သူတို့ကို ဆုဆန်မမြင်
...ရ။ စုံထောက်တို့သည် ဆုဆန်နှင့် ဝေးရာတွင် ရောက်ရှိ
...ကြသည်။

ရောက်လာသည့်စာများကို ဆုဆန်က ရွေးချယ်နေသည်။
...သို့ အောက်ထပ်မှနေ၍မီနက်တီကလူခေါ်ခေါင်းလောင်းကို
...သည်။ ဆုဆန်က မီနက်တီအား တံခါးဖွင့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'တယောက်တည်းလား' ယနေ့အတွက်မိနက်တီ၏ပထ[…] မေးခွန်းဖြစ်သည်။ ယနေ့တွင်ဆူဆန်တယောက်တည်းဖြစ်[…] အမှုကိစ္စနှင့်ပတ်သက်၍ ထူးခြားသည်ဆိုမှုဂရေဟမ်က […] လာတတ်သည်။ ယခုရက်ပိုင်းများ အတွင်းတွင် ထူးခြား[…] အကြောင်းအရာတို့ မပေါ်ပေါက်ခဲ့။

'ဟုတ်တယ်၊ ကျွန်မတယောက်တည်း' ဆူဆန်က ဖြေ[…]

'ဘာများထူးသေးသလဲ'

'အင်း ဘာမှမထူးခြားပါဘူး' ညှိုးငယ်သွားသောဆူဆ[…] မျက်နှာကို မိနက်တီက လှမ်းမြင် လိုက်ရသည်။ ချက်ချင်း[…] သူက လေသံကို ပြောင်း၍ ပြောသည်။ 'တခုတော့ ရှိတ[…] ကျွန်တော်တို့က မိုနေးကို တွေ့ကြပြီ'

'ဒီတော့...' ဆူဆန်၏စိတ် လှုပ်ရှားလာပြန်သည်။

'ဒီတော့ အကြောင်းအရာတရပ် နိဂုံးချုပ်တော့ တာ[…] မနေ့ညက မိုနေးကိုစောင့်ကြည့်နေရတဲ့ ရဲအရာရှိက ကျွန်[…] အိမ်ကိုလှမ်းပြီး တယ်လီဖုန်းဆက်တယ်။ ရဲအရာရှိက […] ညနေ ငါးနာရီမှာ သူ့ရုံးခန်းထဲကို မိုနေးဝင်လာခဲ့တယ[…] ပြောတယ်။ ကျွန်တော်တို့က သူ့ကိုလိုက်ရှာ နေတဲ့တချိန်လုံး[…] သူဟာဘဲမောက်မြို့ကို ရောက်နေတယ်တဲ့။ သူ့ကို ကျွန်တော်[…] လိုက်ရှာနေကြောင်းကိုလည်း မိုနေးဟာ မသိခဲ့ဘူးတဲ့၊ သူ[…] အရက်ဆိုင်တဆိုင်ကို သွားခဲ့ရာမှာ ကံကောင်းခဲ့တယ်လို့ […] မယ်တဲ့။ သူ့ကို သွားကောလိပ်က ကျောင်းသူတဦးက တွေ့[…] သူ့အခန်းကို ခေါ်သွားခဲ့တယ်တဲ့။ အဲဒီအခန်းမှာပဲ သူ[…]



[…]ည်။ အချိန်ကောင်းတွေနဲ့ တွေ့ခဲ့တာမို့ အပြင်ကိုတောင်မှ […]ထွက်ခဲ့မိဘူးလို့ မိုနေးကပြောပြတယ်။ ကျွန်တော်တို့ဟာ သူ […]တဲ့ သွားကောလိပ်က ကျောင်းသူကို သွားတွေ့ခဲ့တယ်၊ […]ရောက်ခဲ့တယ်ဆိုတဲ့ အရက်ဆိုင်ကိုလည်း ရောက်ခဲ့တယ်။ […]နေးကိုယ်တိုင်ကိုလည်းပဲ စစ်ဆေးမေးမြန်းခဲ့တယ်။ သူပြောပြ […]တွေအားလုံးဟာ မှန်ကန်နေကြောင်း တွေ့ရှိရတယ်'

'အို...' ဆူဆန်ကပြောလိုက်သည်။ သို့ဆိုလျှင်စုံစမ်းရှာဖွေမှု […]မှာ ပြီးဆုံးသွားရပြန်ချေပြီကော။ သဲလွန်စ တစမှာလည်း […]ပြယ်ရပြန်ချေပြီကော။ နောက်ထပ်မည်သို့သော သဲလွန်စ […] ရရှိနိုင်ပါမည်နည်း။

'ဒီတော့' မိနက်တီကပြောသည်။ 'ကျွန်တော်တို့ စုံစမ်း […]ဆေးမှုတွေ ဆက်လက်လုပ်ကြရုံပဲရှိတယ်'

'ဟုတ်ကဲ့၊ အဲဒီအတိုင်းပဲပေါ့'

'ကောင်းပြီလေ။ ခင်ဗျားကို နေ့လယ်လောက်မှာ ကျွန်တော် ဆက်သွယ်ဦးမယ်။ ခုအချိန်မှာ အကောင်းဆုံးကတော့ ခင်ဗျားအိပ်ပါဦးလား၊ အနားယူပါဦးလား၊ ခင်ဗျားရဲ့ အကူ[…]သီမပါဘဲနဲ့ ဘာတခုမှကျွန်တော် လုပ်နိုင်မယ် မဟုတ်ဘူး။ […]ကိုခင်ဗျားလည်းအသိပဲလေ'

'ကျွန်မသိပါတယ်၊ အိပ်နိုင်အောင် ကြိုးစားပါ့မယ်။ ဒါပေ[…]ယ်လည်း အိပ်နိုင်အောင် ကြိုးစားရတာ မလွယ်ဘူး။ ဒုက္ခပဲ'

'ခင်ဗျားရဲ့ ဆရာဝန်က အိပ်ဆေးတွေ ဘာတွေမပေး[…]ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလို ဆေးမျိုးတွေကို ကျွန်မမသောက်ချင်ဘူး။ ကွ
ဘာသာပဲ အိပ်ပျော်နိုင်အောင် ကြိုးစားမယ်'
'အင်းလေ၊ ဒါကတော့ ခင်ဗျားရဲ့ သဘောအတိုင်းပဲ'

အလက်ဆယ်ကီ ရှာဖွေရေးကော်မတီ၏ အစည်းအဝေး
ဆူဆန်၏အိမ်တွင် ဗုဒ္ဓဟူးနေ့၌ကျင်းပသည်။
အစည်းအဝေး သတင်းများ ရယူထုတ်နုတ် ပြသနိုင်
အတွက် ရုပ်မြင်သံကြားဌာန အများအပြားကို ဆူဆန်
ဖိတ်ခေါ်သည်။
စာနယ်ဇင်းတို့က အလက် ပျောက်ဆုံးမှုကို ကွင်းဆ
အဖြစ်လက်ခံပြီး ဆက်လက် သတင်းလိုက်နေကြဆဲ ရှိသ
ဆူဆန်၏ အိမ်နီးနားချင်းတို့ကလည်း ဆက်လက်၍ ကူညီ
ကူညီနေသည်။ လူအများအပြားကပင် ပျောက်ဆုံးနေသ
အလက်ကို တွေ့အောင်ရှာဖွေနေကြဆဲရှိသည်။
သဲလွန်စရပြီလား၊ ရှာဖွေသူတို့က သိချင်နေကြသ
သို့သော် မည်သည့်သဲလွန်စမှမရ။

ရက်သတ္တပတ်အတွက်ပစ္စည်းများ ဝယ်ယူထားနိုင်ရန် တနင်္
နေ့ နံနက်တွင် ဆူဆန်ကဈေးဝယ်ထွက်သည်။ စတိုးဆိုင်မျာ
ထုံးစံအတိုင်းလူများပြည့်ကျပ်နေသည်။



လူအများကို တိုးဝှေ့၍ စတိုးဆိုင်ကြီးထဲသို့ ဝင်လိုက်သော
ခါ အယ်မာဝိန်းကို ဆူဆန်တွေ့လိုက်ရသည်။ အယ်မာကို
ဆန်ကောင်းစွာမသိ။ သို့သော် အယ်မာကို သူကလိုလား
သည်။ အယ်မာ၏ အပြာညီအစ်မမှာ အလက်နှင့်တတန်းတည်း
သည်။
ဆူဆန်က ကြက်ဥများကို မြန်မြန်ဝယ်လိုက်သည်။ ကြက်ဥ
ယ်ပြီးလျှင် အယ်မာနှင့်စကားပြောမည်ဟုစိတ်ကူးထားသည်။
သော် ကြက်ဥဝယ်ပြီး အယ်မာရှိရာသို့လှမ်းကြည့်လိုက်သော
ခါ စောစောကနေရာတွင် အယ်မာမရှိတော့။

ကော်မတီ အစည်းအဝေးသို့ တက်ရောက်သူတို့မှာ အစပိုင်း
လောက် မများတော့။ သို့သော် စိတ်ဝင်စားသူတို့မှာမူ
ရောက်လာကြသည်။ ဂျိုစီလင်းနှင့် မာတီနာတို့ အစည်းအဝေး
က်လာကြသည်။ ထို့အပြင် ဂရေဟမ်၊ မာဂရက်၊ တီဂျေနှင့်
နီတို့ အပါအဝင် လူပေါင်းနှစ်ဆယ်ကျော် တက်ရောက်
ကြသည်။
အစည်းအဝေးကျင်းပချိန်မှာ ထူးဆန်းလှသည်ဟု ဆူဆန်
င်မိသည်။ သူတို့သည် တယောက်နှင့်တယောက်စိမ်းမနေကြ။
အကြောင်းအရာစုံများကို ပြောနေကြသည်။ ရုပ်ရှင်ကြည့်ခြင်း
အကြောင်း၊ ပျော်ပွဲစားထွက်ခြင်း အကြောင်း၊ အသုံ
အကြောင်း၊ သားသမီးများအကြောင်း စသည်တို့ကို ပြောနေ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သို့သော် လှေကားပေါ်မှ ဂရေဟမ်ဆင်းလာသည်ကို တွေ့လိုက်ရသောအခါ တယောက်က လေသံဖြင့် သတိပေး လိုက်ရာ အားလုံးငြိမ်သွားကြသည်။ အသံများတိတ်ကုန်သည် သူတို့အားလုံးပင် အသုဘအိမ်တွင် ပျော်ရွှင်စရာအကြောင်း များကို လာရောက်ပြောမိကြသူများကဲ့သို့ ရှိကြသည်ဟု ဆူဆန် ထင်မိသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဂရေဟမ်က ဆောင်ရွက်သည်။ အစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာ အလက် ပျောက်ဆုံးနေမှုနှင့် ပတ်သက်၍ စိတ်ဝင်စားမှုများ ရရှိအောင် ပြောဆိုဆောင်ရွက်နိုင်ရေးဖြစ်သည်။

'ကျွန်တော်တို့ အဓိကထားလုပ်ဖို့ကတော့....' ဂရေဟမ်က ပြောသည်။ 'အလက် ပျောက်ဆုံးနေတာကို ပြန်လည်တွေ့ရ အောင်လို့ ရဲတွေအပါအဝင် လူတွေက ဝိုင်းဝန်းပြီးတော့ တက်ကြွစွာနဲ့ ဆက်လက် ဆောင်ရွက်နေကြတယ် ဆိုတာကို သိရှိအောင်လုပ်ကြဖို့ပဲ။ ဟိုလွန်ခဲ့တဲ့ တလလောက်က သူတွေ့ခဲ့တဲ့ ပိုစတာဟာ ကုန်စုံဆိုင်ပြတင်းပေါက်မှာ အခုလည်း ရှိနေသေးကြောင်း တွေ့ရတယ်။ လူတွေဟာ အဲဒီပိုစတာကို ရပ်ကြည့်ကြလိမ့်မယ်။ ဒါမှမဟုတ်ယင်လည်းပဲ ပိုစတာမှာပါတဲ့ အကြောင်းအရာကို ယုံကြည်လာကြလိမ့်မယ်' ပုံနှိပ်တိုက်ပိုင်ရှင် ကော့က အခန်းထောင့်ရှိဆိုဖာတွင် ထိုင်နေရာမှ လှမ်းအော် ပြောသည်။ 'ဂရေဟမ်....ခင်ဗျားအနေနဲ့ ပိုစတာကို အရောင် လေးရောင်နဲ့ ရိုက်ချင်တယ်ဆိုယင် ကျွန်တော့် ပုံနှိပ်တိုက်က



ကူညီမယ်။ ကျသင့်တဲ့ ကုန်ကျစရိတ်တွေ အားလုံးကိုလည်းပဲ ကျွန်တော်ကကျခံမယ်'

'ကျေးဇူးပဲ' ဂရေဟမ်ကပြောပြီးဆူဆန်ကိုလှမ်းကြည့်သည်။ ဆူဆန်က သူ့နံဘေးရှိ ကုလားထိုင်တွင် ထိုင်နေသည်။ 'အဲဒီ ပိုစတာအတွက် ကိုယ်တို့က အကုန်အကျခံနိုင်မလား' သူက လေသံဖြင့်မေးသည်။

'လုံးဝ အကုန်အကျခံနိုင်တယ်' ဆူဆန်က ခေါင်းညိတ်၍ ပြောသည်။

အခန်းကိုဖြတ်၍ ဂျိုစီလင်းကအော်ပြောသည်။ 'ဂရေဟမ် အဲဒီ ရောင်စုံပိုစတာရိုက်ဖို့အတွက် ကျွန်မလည်းကူညီချင်တယ်။ ကုန်ကျစရိတ် တချို့တဝက်ကို ကျွန်မကျခံပါ့မယ်'

'ကျွန်မလည်းပဲ ကျခံမယ်' မာတီနာက သွက်လက်စွာ ပြောသည်။သူ့နံဘေးတွင်ထိုင်နေသည့် ခင်ပွန်းက ခေါင်းညိတ် ပြသည်။

'ဒါဆိုယင် လုပ်ငန်း စကြတာပေါ့' ပုံနှိပ်စက်ဆရာက ပြောသည်။

'ဘယ်လောက်ကုန်ကျမယ်လို့ ခန့်မှန်းကြသလဲ'

'ဘယ်လောက် ကုန်ကျမလဲ ဆိုတာကတော့ စောင်ရေ ဘယ်လောက်ရိုက်မယ် ဆိုတာပေါ်မှာ မူတည်တွက်ချက်ရမယ်' ပုံနှိပ်တိုက်ပိုင်ရှင် ကော့ကပြောသည်။

'ကဲ....ကုန်ကျစရိတ်တွေ ဘာတွေကို ပြောမနေကြနဲ့တော့ ဒီကိစ္စမှာ ကူငွေထည့်ချင်ကြသူ မှန်သမျှ ထည့်နိုင်ကြတယ်။ ဘယ်လောက်ကုန်ကျမယ်ဆိုတာကို တွက်မနေဘူး။ မိအစည်း

www.burmeseclassic.com

www.burmeseclassic.com



အဝေးပြီးယင် ငွေထည့်ချင်တဲ့ လူတွေ လာရောက်ထည့်နိုင်ကြတယ်။ ဟုတ်တယ်မဟုတ်လား ဂရေဟမ်’ တစုံတယောက်က အသံကိုမြှင့်၍ ပြောသည်။ အားလုံး သဘောတူကြောင်း အသံများ တီးတိုးထွက်လာသည်။

‘ကျေးဇူးပဲ’ ဂရေဟမ်ကပြောသည်။ ‘အားလုံးကို ကျေးဇူးတင်ပါတယ်။ အားလုံးရဲ့ဆန္ဒအရ ပိုစတာအသစ်ကို ပုံမနှိပ်နိုင်မီ ဆူဆန်က အစီအစဉ်သစ်တရပ်ကို တင်ပြစရာ ရှိနေပါတယ်’ ဆူဆန်၏ ကုလားထိုင် အနီးတွင် ချထားသော အညိုရောင် အိတ်ကြီးကို ဂရေဟမ်က လှမ်း၍ကြည့်သည်။ ‘ဆူဆန်က ရာဘာ တံဆိပ်တုံးတွေ လုပ်ထားပါတယ်။ ‘ရာဘာ တံဆိပ်တုံးမှာ ပျောက်နေဆဲဆိုတဲ့ စာလုံးကို ဖော်ထွင်းထားပါတယ်’ ဂရေဟမ်က ပြောပြောဆိုဆို အညိုရောင်အိတ်ကြီး လှမ်းယူကာ အတွင်းရှိ ရာဘာတံဆိပ်တုံးများကို နှိုက်ယူသည်။ တံဆိပ်တုံးများမှာ သစ်သားလက်ကိုင်နှင့် ပြုလုပ်ထားသည်။ ‘အဲဒီတံဆိပ်တုံးတွေ ယူပြီးတော့ စေတနာ့ဝန်ထမ်း လုပ်အားပေးသူတွေက စောစောက ကပ်ထားတဲ့ ‘ပိုစတာတွေပေါ်မှာ ပျောက်နေဆဲ ဆိုတဲ့ စာလုံးတွေကို ထပ်ပြီးတော့ မင်တွေနဲ့ ရိုက်ပေးပါ’

‘ဖင်အရပ်တဝိုက်မှာ ကျွန်မလိုက်နှိပ်ပေးဖို့တာဝန်ယူတယ်’ ဂျိုစီလင်းကပြောသည်။

‘ကျေးဇူးပဲ’ ဂရေဟမ်က ဆူဆန်ကို လှည့်ကြည့်ပြန်သည်။ ဆူဆန်က ဂျိုစီလင်း၏ အမည်နှင့် အတူ တံဆိပ်ရိုက်နှိပ်မည့် နေရပ်ကို ရေးမှတ်နေသည်။



ထို့နောက်မှ တဦးပြီး တဦး လုပ်အားပေးရန် စာရင်းပေးကြသည်။

ဇွန်လ၏ တတိယပတ်မှာ ပူပြင်းလှသည်။ မစ္စစ် မီနက်တီက အခန်းတွင်း လေအေးစက်ကိုဖွင့်သည်။ လောင်စာဆီ အကျပ်အတည်းကြောင့် လေအေးစက်ကို တချိန်လုံး ဖွင့်မထားနိုင်။

ယနေ့ညတွင်လည်း မီနက်တီမှာ အိမ်ပြန် နောက်ကျပြန်လေသည်။ ယခုည နောက်ကျရခြင်းမှာကား ဆူဆန်နှင့်ရှိနေရသောကြောင့်မဟုတ်။ သူ့ မော်တော်ကား ဓာတ်ဆီထည့်ရန် တန်းစီစောင့်နေရသောကြောင့်ဖြစ်သည်။

မီနက်တီရောက်လာသောအချိန်မှာ ညစာအတွက် လွန်စွာ နောက်ကျပေပြီ။ ပက်ကသူ့ အတွက်ညစာကိုပြင်ဆင်ပေးသည်။

‘ရှင့်ကိုယ်ရှင်ကြည့်စမ်း’ ညစာစားပြီး၍ဇွန်းနှင့်ခက်ရင်းကို ချလိုက်သော်မီနက်တီအားကြည့်ကာပက်မီနက်တီကပြောသည်။ ‘ရှင့်အဝတ်အစားတွေ ချောင်ကုန်ပြီ။ ရှင့်ရဲ့ ကိုယ်အလေးချိန် ကောင်းကောင်းကြီးကျနေပြီ’

‘ကောင်းတယ်’မီနက်တီကပြောသည်။ ‘ကိုယ်ကလည်းပိန်ချင်နေတာပဲ’

ညစာစားပြီးသောအခါ မီနက်တီက အပေါ်ထပ်ရှိအိပ်ခန်းဆီသို့ ဝင်သွားသည်၊ ဆယ်ကီ၏ အမှုနှင့်ပတ်သက်၍ရရှိသော

www.burmeseclassic.com

www.burmeseclassic.com



သတင်းများ၊ အစီရင်ခံစာများကို ဖတ်ရှုရန် လိုပေသည်။ ထ
စာရွက်စာတမ်းများကို သူက နာရီပေါင်းများစွာ ဖတ်ခဲ့သည်
ကလေးငယ်သုံးဦးအား အိပ်ခန်းထဲတွင် နေရာချထားပေး
ပြီးသော အခါ ပက်က ခင်ပွန်းရှိရာသို့ လာခဲ့သည်။ ဝရန်တာ
သို့ ထွက်ကာ ကိတ်မုန့်နှင့် အဖျော်ရည် သောက်ရန် ပက်က
လှမ်းခေါ်သည်။

'ခဏနေယင်လာခဲ့မယ်' မိနက်တီကပြောသည်။

'ရှင်နဲ့ကွာရှင်းပြတ်စဲဖို့ ကျွန်မစဉ်းစားတော့မယ်' ပက်က
ပြောသည်။

'တကယ်ပြောတာလား' မိနက်တီက စာရွက်များကိုတရွက်
ချင်း လှန်၍ကြည့်ယင်းပြောသည်။

'ဟုတ်တယ်၊တကယ်ပြောတာ။ ခုပဲအောက်ထပ်ကိုသွားပြီး
ရှေ့နေကိုခေါ်မယ်'

'ရှေ့နေခေါ်မယ်ဆိုယင်လည်း ဈေးပေါပေါနဲ့ငှားနိုင်မယ့်
ရှေ့နေကိုခေါ်ပါ။ မင်းနဲ့ကလေးတွေအပြင်ရှေ့နေအတွက်ပါ
ကိုယ်က မထောက်ပံ့နိုင်ဘူး'

'ကဲ ရှင့်ကို နာရီဝက်အချိန်ပေးမယ်'

'ကောင်းတယ်၊ ကောင်းပြီ'

ညမှာနွေးနေသည်၊ ကြယ်များလည်းစုံညီနေသည်။ ပက်က
ခင်ပွန်းအားအချိုရည်ကို လှမ်းပေး၏။ မိနက်တီက ဝရန်တာ
သစ်သားကုလားထိုင်တွင် ဝင်ထိုင်ယင်း ပက် လှမ်းပေးသော
အချိုရည်ခွက်ကို ယူလိုက်သည်။ ယခုကဲ့သို့ သူ အေးအေး
ဆေးဆေး အနားမယူလို။ သို့သော် ပက်၏ ကမ်းလှမ်းချက်ကို



...င်းဆိုမည်ဆိုပါက ပက်တယောက် ဒေါသပုန်ထတော့မည်
...်ကြောင်း မိနက်တီက သိထားသည်။

'ကဲ....' မိနက်တီက ပြောလိုက်သည်။

'ရှင့်မိသားစုအကြောင်း၊ ရှင့်ကလေးတွေ အကြောင်းကို
...ှင်စိတ်မဝင်စားတော့ဘူးလား။ ယူဂျင်းတယောက် အိပ်ရာ
...မှာ သေးပေါက်ပြန်ပြီဆိုတာ ရှင်သိရဲ့လား၊ သိကောသိချင်
...လား'

'သိချင်တာပေါ့၊ ဘာလဲ သူသေးပေါက်ပြန်ပြီလား'

'ဟုတ်တယ်၊ မပေါက်တာကြာပြီ။ ခုတခါထပ်ပေါက်ပြန်ပြီ'

'ဒီအရွယ်ကြီး ရောက်မှ ဒီလို ဖြစ်နေတာ မကောင်းဘူး။
...ာများချွတ်ယွင်းနေလို့လဲ'

'ဘာ ချွတ်ယွင်းတယ် ဆိုတာ ဘယ်သူက သိနိုင်မှာလဲ။
...ရာဝန်ကတော့ စိတ်ရှည်ရှည်နဲ့ စောင့်ပါ။ အရွယ်လေး
...လာလေ သူ့ဘာသာပျောက်သွားလေဖြစ်မှာပဲလို့ ပြောတယ်'

'အင်း၊ အဲဒီလိုဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ။ တကယ်
...တော့လည်း ကောလိပ်ရောက်ယင်တော့ သူသေးပေါက် ပြတ်
...မှာပဲ။ မပြတ်ပဲနဲ့ အိပ်ရာထဲမှာ ဆက်ပေါက်နေမယ်ဆိုယင် သူ့
အပေါင်းအသင်းတွေက ဝိုင်းလှောင်ကြတာနဲ့ကို သူပြတ်ရမှာ
သေချာတယ်'

'ဘာပဲဖြစ်ဖြစ်လေ၊ တလတန်သည်၊ နှစ်လတန်သည်စော
စောင့်ကြည့်ကြတာပေါ့။ အဲဒါမှမထူးခြားဘူးဆိုယင်ကျွန်မတို့
ဘာခုလုပ်ကြရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



မီနက်တီက အချိုရည်ကို သောက်လိုက်သည်။ ထိုနော ကြယ်လေးများကို မော့ကြည့်သည်။ ချက်ချင်းပင် သူ့စိတ် ဖရီးမန့်လမ်းသို့ ရောက်သွားသည်။ ဖရီးမန့်လမ်း၏နံနက်ခင်း ခါတိုင်းကဲ့သို့ပင် ရှိနေမကြောင်း သူတွေ့ရသည်။ ကျောင်း သွားမည့်ကလေးငယ်က သူ့မိခင်အားလက်ဝှေ့ယမ်းနှုတ်ဆ သည်။ ထို့နောက်သူက သွက်သွက်လျှောက်ယင်းလမ်းထေ ကို ချိုးလိုက်သည်။ ထို့နောက်မှုကွယ်ပျောက်သွားတော့သည

'ဆယ်ကီတို့နဲ့ပတ်သက်ပြီးသတင်းစာထဲမှာ ကျွန်မဖတ်လို ရတယ်' ပက်က ပြောသည်။

'သတင်းစာတွေက စိတ်အထင်နဲ့ ရေးနေကြတာပါကွ မီနက်တီက ကုလားထိုင်နောက်မှီပေါ် ခေါင်းတင်ကာမျက် ကို မော့ထားလိုက်သည်။ ထို့နောက် မျက်လုံးများကိုပိတ်ထ လိုက်သည်။

'အသေအချာတော့ ကျွန်မဖတ်ခဲ့တာ မဟုတ်ဘူး။ လ ဘေး သတင်းစာရောင်းတဲ့ဆိုင်မှာ လမ်းလျှောက်သွားယ ဖြတ်ကနဲတွေ့လိုက်တာပါ။ သတင်းစာကို ကျွန်မက ဝယ်လ မဝယ်ခဲ့ပါဘူး။ ဒါပေမယ့်သတင်းစာက အလက်ကို ပြန်တွေ့ အလက်ရဲ့အမှု ပေါ်ပြီလို့ရေးထားတာတော့ ကျွန်မသေ ချာချာ တွေ့ခဲ့တယ်။ ကလေးနဲ့ သူ့ဦးလေးအကြောင်း လည်းပဲ ရေးထားကြတယ်'

'သတင်းစာက အဲဒီအတိုင်းပဲ ရေးထားသလား၊ ဘယ် လုပ်ပြီးများ အဲဒီအကြောင်းကို သတင်းစာတွေက သိကြတ ဆိုတာ ကိုယ်တော့ မသိဘူး'



ဒီအမှု ပေါ်ပြီဆိုပြီးတော့ ကော လာ ဟ လ သတင်းတွေ ဲ့အတွက် ရှင့်ကိုနစ်နာစေသလား၊ ထိကောထိခိုက်စေ ားဟင်'

ကိုယ့်ကိုနစ်နာထိခိုက်စေတာပေါ့။မင်းလိုပဲဆူဆန်ကလည်း ကောလာဟလ ကြောင့် ကိုယ့်ကို ဘယ်လောက် ထိခိုက် ာ စေတယ် ဆိုတာ သိထားပုံ မရဘူး။ ဒီသတင်းကြောင့် အနေနဲ့ မျက်ခြည်မပြတ် လိုက်နေရတဲ့ ကိစ္စလေးတွေ င်မှလွတ်ကုန်ပြီ'

ရှင်ဆိုလိုချင်တာက ဘာလဲ၊ ဒီအမှုနဲ့ပတ်သက်ပြီး တခုခုကို ား၊ တွေ့ထားပြီလို့ ရှင်ဆိုလိုချင်တာလား'

နက်တီက လက်ယမ်းပြလိုက်သည်။ 'တကယ်တော့ ကိုယ် ည်း အမှားတွေလုပ်ခဲ့မိတာလား။ ဒီတော့ ဒီအမှုနဲ့ ပတ် ပြီး ဘာတွေ့ထားတယ်၊ ဘာသိထားတယ်ဆိုတာကို မင်း ချင်ပါနဲ့တော့၊တကယ်တော့။ဆူဆန်နဲ့ပတ်သက်ပြီး ကိုယ်က အပေါ် ယုံကြည်ရမယ်။ တချိန်တည်းမှာပဲ သံသယလည်း ခဲ့ရမယ်။ ဘာပဲ ဖြစ်ဖြစ်လေ၊ ကိုယ်တို့ ယုံကြည်လက်ခံထား ကတော့ အလက်ဟာ မသေသေးဘူး။ အသက် ရှင်နေ းတယ်'

'ဒါပေမယ့်လည်း ပြီးခဲ့တဲ့အပတ်က ရှင်တို့ တောင်ပင်လယ် ဘက်မှာ အလက်ကိုသွားရှာခဲ့ကြသေးတယ်မဟုတ်လား'

'ဟုတ်တယ်။ သွားရှာခဲ့ကြတယ်။ ကံအားလျော်စွာပဲ အဲဒီ ကြောင်းကို ဆူဆန်မသိခဲ့ဘူး။ ကိုယ်တို့ အဲဒီမှာ နှစ်ရက် အောင် ရှာခဲ့ကြ၊ စုံစမ်းခဲ့ကြတယ်။ ဒါပေ မယ့်လည်း

www.burmeseclassic.com

www.burmeseclassic.com



အလက်ကို မတွေ့ဘူး။ သူနဲ့ ပတ်သက်တဲ့ သတင်းစကား တဝက်လောက်ကိုတော့ ကိုယ်တို့ရခဲ့တယ်'

အမှောင်ထဲတွင်ပင် ပက်က ခေါင်းယမ်း ပြလိုက် ထို့နောက် သူမက မေးခွန်းကို မေးသည်။ ထိုမေးခွန်း ပတ်သက်၍ အကြိမ်ပေါင်းများစွာ မေးခဲ့ပြီးဖြစ်သည်။ တိုင်းလည်း တိကျသောအဖြေကိုမရခဲ့။ သို့သော် ပက်က ဖြစ်အောင်မေးသည်။

'ဘာအကြောင်းကြောင့် အဲဒီလိုလုပ်ကြတာတဲ့လဲ'

'အမှန်အတိုင်းပဲ ကိုယ်ပြောမယ်။ ဒီတခါတော့ မေးခွ အဖြေကို ကိုယ်တကယ်သိတယ်။ ဒီလိုကွ။ ရဲတွေအနေနဲ့ ငွေ အချိန်တွေ၊ ပစ္စည်းကိရိယာတွေ အကုန်ခံပြီးတော့ က တယောက် ရှာနေတာကိုကြည့်ပြီး နောက်ချင်၊ ပြောင်ခ လူတွေရဲ့လက်ချက်ပဲ။ သူတို့လိုလားတဲ့ အတိုင်းပဲ ကိုယ် နေ့မအားညမအား ဖြစ်ခဲ့ရတယ်။ ဒါပေမယ့် သနား ကောင်းတာက အလက်ရဲ့မိခင် ဆူဆန့်ပဲ။ သူ့ခမျာ အတေ ဘောက ရောက်နေရရှာတယ်။ သူ့သား ပြန်တွေ့ဖို့အ စာနယ်ဇင်းတွေက ကူညီဖော်ထုတ် ပေးလိမ့်မယ်လို့ ဆူဆ ယုံကြည်တယ်။ သူ့သားငယ်ဟာ တနေ့နေ့၊ တချိန်ချိန်မှာ ကိုပြန်လာမယ်ဆိုတဲ့ ယုံကြည်ချက်၊ သန္နိဋ္ဌာန်ကို စွဲစွဲမြဲမြဲ နေတဲ့ကာလပတ်လုံး တယောက်ယောက်က သူ့သားငယ တနေရာရာမှာတွေ့ပြီး ပြန်ခေါ်လာလိမ့်မယ်လို့ ဆူဆ ယုံကြည်နေတယ်။ ဒါကြောင့်မို့ ဒီအမှုကိစ္စ ပေါ်ပြီး



င်းလည်းဖြစ်ကော ဆူဆန်တယောက် နေ့မထိထိုင်မသာ ရရှာတယ်'

'အဲဒီကောလာဟလ သတင်းတွေကို ဆူဆန်က ယုံကြည်ခဲ့ ား'

နက်တီကစဉ်းစားလိုက်သည်။ 'ဒါတော့ ကိုယ်မသိဘူး။ သိတာကတော့ ဒီအမျိုးသမီးဟာ ဆုံးဖြတ်ချက် ခိုင်မာတဲ့၊ ခါတ်ပြင်းထန်တဲ့ အမျိုးသမီးဖြစ်တယ်။ သူ့သားကို မတွေ့ အောင် ရှာမယ်ဆိုတဲ့ စိတ်ဓာတ်ရှိနေတယ်။ ပြဿနာက တို့ဘက်ကဖြစ်တယ်။ အမှန်ပြောရယင် ကိုယ်တို့အနေနဲ့ ထိ လုံလောက်တဲ့ သဲလွန်စ ဘာမှမရသေးဘူး'

'ဩော်....ဟုတ်လား'

'ကိုယ့်အနေနဲ့ ဘယ်လိုလူစိမ်း သူစိမ်းကို ရှာဖွေရမယ် ဘာမသိဘူး။ လူသတ်မှု အများအပြားဟာ သိတဲ့သူတွေ လာလို့ အမှုမပေါ်အောင် သတ်ဖြတ်ပစ်ကြတာ တွေပဲ တယ်။ အလက်ဟာ အင်မတန်သွက်လက် လိမ္မာတဲ့ ကလေး ယောက်။ လူစိမ်းတွေနဲ့ကြုံလာယင် ဘယ်လိုဆက်ဆံရမယ် ဘာကိုလည်း သူ့မိခင်က ပြောပြထားခဲ့ပြီးပြီ။ အလက်ဟာ မသိတဲ့ လူစိမ်းသူစိမ်း တယောက်နဲ့ ဘယ့်အတွက်ကြောင့် က်သွားခဲ့မှာလဲ။ တကယ်လို့များ သူ့ကိုဇွတ်အတင်း ခေါ် ဆိုယင် အလက်ဟာ ရုန်းကန်မယ်၊ အော်ဟစ်မယ်၊ ဒါဆို သူရုန်းတာ၊ အော်ဟစ်တာတွေကို တခြားလူတွေ မြင်ကြ ကြမှာပဲ။ သူသွားခဲ့တဲ့လမ်းဟာ လူတွေနဲ့ပြည့်နေတဲ့လမ်း၊

www.burmeseclassic.com

www.burmeseclassic.com



လူတွေ အများကြီး ရှိတတ်တဲ့လမ်းလည်းဖြစ်တယ်' မီနက်တီ… ငြိမ်သွားသည်။ သူကစဉ်းစားနေသည်။

'ဒါဖြင့် ရှင်ဆိုလိုချင်တာက အလက်ကိုသိတဲ့ သူတယော… ယောက်၊ အလက်နဲ့ ရင်းနှီးနေတဲ့လူ တယောက်ယော… ခေါ်သွားတာ ဖြစ်မယ်လို့ ကောက်ချက်ချချင်သလား'

မီနက်တီက ပခုံးတွန့်ပြလိုက်သည်။ 'အဲဒီအချက်က ဖြ… တဲ့အချက်ပဲ။ အဲဒီအတိုင်းပဲ ကိုယ်ကယုံကြည်ချင်လာပြီ။ ဒ… မယ့်လည်း ယတိပြတ်တော့ မဆုံးဖြတ်နိုင်သေးဘူး'

'အဲဒီလို ရှင်ယူဆတယ် ဆိုတာကို ဆူဆန် က… သိသလား'

'ဘယ်သိပါ့မလဲ၊ သူ့ကို အသိပေးဖို့ကတော့ နောက်… အချိန်ရောက်မှပဲဖြစ်လိမ့်မယ်'

'ဒီလိုဆိုယင် ရှင်က တယောက်ယောက်ကို အသေအ… စွပ်စွဲချင်သလား' ပက်ကမေးသည်။

မီနက်တီကမဖြေ။ သူကပခုံးကိုတွန့်ကာ ကြယ်လေးမျာ… ကြည့်လိုက်သည်။

ယနေ့ညအတွက် ခင်ပွန်းထံမှယခုထက်ပိုသော စကားတို့… ကြားရတော့မည် မဟုတ်ဟု ပက်ကယုံကြည်မိ တော့သည်။

ဇူလိုင်လ၏ ပထမဆုံး ဟနင်းလာနေ့တွင် ရုပ်မြင်သံကြ… ဌာနတခုမှ ထုတ်လုပ်သူက ဆူဆန်ထံတယ်လီဖုန်း ဆက်သည်…



…ာ့စတွန်မြို့ တောင်ဘက်ပိုင်းမှာနေတဲ့ အသက်ငါးနှစ်ရှိ …လေးမလေးတဦး ပျောက်ဆုံး သွားတယ်လို့ ကျွန်တော်တို့ …သတင်းရတယ်။ ကလေးမလေးဟာ ကစားကွင်းမှာ ကစား …ရာက ပျောက်သွားခဲ့တာလို့ သိရတယ်။ ကလေးမလေးရဲ့ …မေကမနက်ဖြန်မနက်မှာ ကျွန်တော်တို့နဲ့ လာရောက်တွေ့ဆုံ …ွေးနွေးဖို့လက်ခံလိုက်တယ်။ ဒီလိုထူးဆန်းတဲ့ကိစ္စနဲ့ ပတ်သက် … လက်ခံဆွေးနွေးဖို့ စိတ္တဗေဒပညာရှင် တဦး လည်း …က်လာလိမ့်မယ်။ အဲဒီတွေ့ဆုံပွဲကို ခင်ဗျားများ တက်နိုင် …ားလို့ ကျွန်တော်တို့ သိချင်နေကြတယ်'

'တကယ်လို့ ရှင်တို့က အလက်ရဲ့ ဓာတ်ပုံကို ကြည့်ကြည် …င်လင်ပြတ်ပြတ်သားသား ထုတ်လွှင့်ကြမယ်ဆိုယင်၊ တကယ်လို့ …တို့က အလက်အမှုဟာ အခုတိုင်ဆက်လက်စုံစမ်းစစ်ဆေးဆဲ …ယ်လို့ ပြောပြမယ်ဆိုယင်၊ အလက်ကိုတွေ့အောင် ရှာပေးဖို့ …တွေ့ အညီ တောင်းကြမယ် ဆိုယင် ကျွန်မက ရှင်တို့နဲ့ လာလို့ …ဆုံဆွေးနွေးမယ်'

'ကောင်းပြီ' ထုတ်လုပ်သူက ပြောသည်။ 'မိတ်ကပ်လိမ်းဖို့ …တွက် မနက် ခြောက် နာရီ ခွဲမှာ ချိန်းထားတယ်။ ရုပ်မြင် …ကြား ထုတ်လွှင့်ဖို့ ကတော့ ရှစ်နာရီကနေ ကိုးနာရီ အထိ …တယ်။ ကျွန်တော်တို့ရဲ့ လိပ်စာကို ပေးပါ့မယ်၊ လိုက်ကူး …ွား'

အလက် ပျောက်ဆုံးသွားပြီးကတည်းက ဆူဆန်သည် … …သို့ အထွက်နည်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရုပ်မြင်သံကြားထုတ်လွှင့်ရန် အတွက်၊ သူ့ အလက်ကို ရှာဖွေ တွေ့နိုင်ရန် အတွက် ရုပ်မြင်သံကြား ရှိရာသို့သွားဖြစ်အောင် သွားရန်ဆုံးဖြတ်သည်။

ခနောက်တနေ့ နံနက် ရုပ်မြင်သံကြားဌာနသို့ရောက်၍ ကပ်လိမ်းသည့်အခန်းထဲတွင် သမီးပျောက်သောမိခင်နှင့် ဆူဆန်သည် မိတ်ကပ် ခြယ်မှုန်းခြင်းခံသည်။ မိတ်ကပ်လိမ်း သူတို့မှာ ဇနီးမောင်နှံဖြစ်သည်။ ဆူဆန်က မိတ်ကပ်ကို အ နိုင်ဆုံး အနည်းငယ်သာ လိမ်းလိုသည်။ နှုတ်ခမ်းကို အနည်းငယ်သာဆိုးချင်သည်။ ထို့ကြောင့် သူက မိတ်ကပ်လိ အမျိုးသမီးအား တောင်းပန်သည်။ တချိန်တည်းတွင်ပင်ခ ကလည်း သမီးငယ်ပျောက်ဆုံးသည့်မိခင်အား မိတ်ကပ် ပေးသည်။ မိခင်မှာ လူမည်းဖြစ်ပြီး အမည်မှာ ဂျာနု ဖြစ်သည်။ သူ့မျက်နှာတွင် စိုးရိမ်မှုတို့ ပေါ်လွင်နေသ ရုပ်မြင်သံကြား ရိုက်ကူး ရတော့မည် ဆိုခြင်း အတွက် စိတ်စောနေပုံရသည်။

မိတ်ကပ်လိမ်းပြီးသောအခါ ထုတ်လုပ်သူ၏လက်ထော သူတို့ကို အစိမ်းရောင် အခန်းသို့ လိုက်ပို့သည်။ ထိုအခန် သူတို့က စောင့်နေရမည်ဖြစ်သည်။ 'အစိမ်းရောင် အခန်း တကယ် အစိမ်းရောင် မဟုတ်ပါဘူး' လက်ထောက်က ရှ သည်။ 'အစိမ်းရောင်အခန်းဆိုတာက ရုပ်ရှင်လောကရဲ့ အ အနှုန်းစကားလုံးပါ။ ရုပ်မြင်သံကြားရိုက်ကူးဖို့ ထိုင်စောင့် အခန်းကို အစိမ်းရောင်အခန်းလို့ခေါ်တယ်'



အစိမ်းရောင်အခန်းနှင့်ပတ်သက်၍ ဆူဆန်က သိထားပြီး သည်။ သို့သော် ဂျာနက်တီသည် သိထားဟန် မရှိ။ ထို့ ကြောင့် သူက စိတ်ဝင်စားစွာ နားထောင်သည်။ ကလေး က်ဆုံးခြင်းနှင့် ပတ်သက်၍ ဆူဆန်က ဂျာနက်တီအား ြန်းခြင်း မပြုလို။ အကယ်၍ မေးမြန်းရန် ရှိသည်ဆိုလျှင် း ရုပ်မြင်သံကြားရိုက်ကူးချိန်တွင် မေးမြန်း ပေမည်။ သော် သူ့စိတ်ထားအမှန်အရဆိုရလျှင်မူ လုံးဝမမေးမြန်းလို။

ဂျာနက်တီမှာ စကားနည်းသူ ဖြစ်ကောင်း ဖြစ်ပေမည်။ လည်း ဆူဆန်အား ထွေထွေထူးထူးပြောဆိုမေးမြန်းခြင်း း တကြိမ်တွင်မူ ဆူဆန်အား ရုပ်မြင်သံကြား ရိုက်ကူး တော့မည် ဆိုခြင်းအတွက် စိတ် လှုပ်ရှားပါသလားဟုသာ ခဲ့သည်။ 'ကျွန်မတော့ စိတ်လှုပ်ရှားတယ်' ဂျာနက်တီက ပြသည်။ 'တကယ်ပြောတာပါ....ရုပ်မြင်သံကြားရိုက်ကူးတဲ့ ိန်မှာ ချွေးမပြန်ပါစေနဲ့လို့ ကျွန်မ ဆုတောင်းတယ်'

ရုပ်မြင်သံကြား ရိုက်ကူးခြင်းမပြုမီ ငါးမိနစ် အလိုတွင် ဦးက အစိမ်းရောင်အခန်းတွင်းသို့ ဝင်ရောက်လာကြသည်။

'မသွစ်စမစ်ပါလား' ရဲသားတဦးကမေးသည်။ ဂျာနက်တီက တ်မှန်ကြောင်း ဖြေကြားသည်။ ရဲတို့က ဂျာနက်တီအား ခြားတွေ့ဆုံရန် မပြောဆိုခြင်းအတွက် နောက်ပိုင်းတွင် သန့်အံ့သြမိရသည်။

'ခင်ဗျားရဲ့သမီးငယ်ကို ကျွန်တော်တို့တွေ့ကြပြီ' ရဲအရာရှိက ပြောသည်။ 'သမီးလေး အသက်မရှိတော့ဘူး။ ခင်ဗျားရဲ့သမီး

www.burmeseclassic.com

www.burmeseclassic.com



ဟာ ခင်ဗျားတို့ အိမ်နီးနားချင်းတဦးရဲ့ အဖုံး ပွင့်နေ
ရေလှောင်ကန်ထဲကို လိမ့်ကျပြီး သေဆုံးသွားတာပဲ'

ဂျာနက်တီက မည်သို့မျှ ပြန်မပြောနိုင်။ နောက်ဆုံး သူ
အစိမ်းရောင်အခန်းတွင်းမှခေါ်ထုတ်သွားသည်အထိဂျာနက်
က ရဲနှစ်ဦးအား စိုက်၍သာ ကြည့်နေခဲ့သည်။

ဆူဆန်မှာလည်း တွေ၍ကျန်ခဲ့သည်။

ရုပ်မြင်သံကြားမရိုက်ကူးမီ မိနစ်အနည်းငယ် အလို
ထုတ်လုပ်သူ၏လက်ထောက်က အခန်းတွင်းသို့ ဝင်လာ
ဆူဆန်အား အားပေးစကားပြောသည်။ လက်ထောက် အ
သမီးမှာ အသက် ၂၂ ခန့်သာ ရှိမည် ဖြစ်သော်လည်း သူ
ဆူဆန်အား လူမမာတဦးကို သူနာပြုဆရာမက အားပေး
စကားပြောသည်ကဲ့သို့တတွတ်တွတ်ပြောကြားသည်။'ရှင့်အ
အနေ ကောင်းမှာပါ။ ရေတခွက်လောက် သောက်ဦးမလ
ဟင်။ ရှင် ဘာကိုမှ မစိုးရိမ်ဘူး မဟုတ်လား။ ဟုတ်ပါတ
ရှင်ဟာ ရုပ်မြင်သံကြား ရိုက်ကူးရမှာကို ကြောက်တတ်
အမျိုးသမီးတယောက် မဟုတ်ပါဘူး'

ဆူဆန်က မိန်းကလေး၏ပါးပြင်ကို တအားလွှဲချရိုက်လို
ချင်သည်။

ရုပ်မြင်သံကြားရိုက်ကူးမည့် စတူဒီယိုထဲတွင် ဆူဆန်
စိတ္တဗေဒပညာရှင်တို့ကို မိတ်ဆက်ပေးသည်။ သူတို့နှစ်ယော
သည် မီးလုံးများ၊ ကင်မရာများ ရှေ့တွင် ရပ်နေကြသည်
ပြည်နယ်လွှတ်တော် အမတ်တဦးနှင့် တွေ့ဆုံ ဆွေးနွေး
ရိုက်ကူးနေသည့်အတွက် ဆူဆန်တို့က စောင့်ဆိုင်း နေရသ



'ရှင်တို့ကို ကျွန်မတို့က ဆယ့်တမိနစ်အချိန်ပေးမယ်။ ပထမ
တော့ ရှင်တို့သုံးယောက်နဲ့ ဆွေးနွေးရမယ်လို့ ထင်ခဲ့လို့ပါ'
ထုတ်လုပ်သူ၏ လက်ထောက်က ပြောသည်။ 'ဒီလို လင်းထိန်
နေတဲ့ပူပြင်းလှတဲ့မီးရောင်အောက်မှာ ဆယ့်တမိနစ်ကြာအောင်
နေရတယ်ဆိုတာကတော့ တကယ်ကြာမြင့်တဲ့အချိန်ပဲ။ ဒါပေ
မယ့်လည်း စိတ်မလှုပ်ရှားကြပါနဲ့။ ရှင်တို့နှစ်ယောက်စလုံးဟာ
ပညာရှင်တွေ ဆိုတာ ကျွန်မတို့သိထားပါတယ်'

ထို့နောက်လိုအပ်သည်များကို လက်ထောက်ကဆက်လက်၍
ညွှန်ကြားပြန်သည်။ 'ကျွန်မတို့ရဲ့ စီစဉ်သူ မန်နေဂျာ မိုက်ကို
ရှင်တို့က ဂရုမထားကြပါနဲ့။ သူ့ကို ကြည့်လည်းမကြည့်ပါနဲ့။
ရှင်တို့ကို တွေ့ဆုံမေးမြန်းမယ့် ဘလာရီစကော့ကိုသာ သတိ
ထားကြပါ။ သူက ရှင်တို့ကို ထိန်းထိန်းသိမ်းသိမ်း လုပ်သွား
မယ်။ နောက်ပြီး အချိန်ကိုလည်းစောင့်ကြည့်မယ်။ ပြောယင်း
ဆိုယင်းနဲ့ ဘလာရီရောက်လာပြီ။ သူ့ကို ရှင်တို့ ရုပ်မြင်သံကြား
မှာ မကြာခဏ တွေ့ဖူးကြမှာပေါ့' ပြောပြောဆိုဆို ဆူဆန်တို့
နှစ်ဦးနှင့် ဘလာရီအား မိတ်ဆက်ပေးသည်။

ဆူဆန်နှင့် စိတ္တဗေဒပညာရှင်တို့သည် ဘလာရီနှင့် မျက်နှာ
ချင်းဆိုင် ကုလားထိုင်နှစ်လုံးတွင် ဝင်ထိုင်ကြသည်။ ကင်မရာ
ရိုက်ကူးသူက ဘလာရီ၏ရှေ့သို့ ကြီးမားသော ကင်မရာကြီးကို
တွန်းရွှေ့လာသည်။ သူ့ကို အနီးကပ်ရိုက်ကူးရန်ဖြစ်သည်။

ချက်ချင်းပင် စတင်ရိုက်ကူးသည်။ မစ္စစ်စမစ်မှာ မူလအစီ
အစဉ်တွင် ပါဝင်ခဲ့သော်လည်း သူ့သမီးငယ်နှင့် ပတ်သက်သည့်
ဝမ်းနည်း ကြေကွဲစရာ အကြောင်းကြောင့် ယခုအခါတွင်

www.burmeseclassic.com

www.burmeseclassic.com



မပါဝင်တော့ကြောင်း ဘလာရီစကော့က ရုပ်မြင်သံကြား ကြည့်သူများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ၎င်းကပင် လွန်ခဲ့သော ရက်သတ္တပတ် ခြောက်ပတ်ကျော်က အလက် ပျောက်ဆုံးသွားခဲ့ပုံကို ပြန်လည်ပြောပြသည်။ ထိုသို့ပြောပြ နေစဉ်အတွင်း အလက်၏ ဓာတ်ပုံကို ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသနေကြောင်း ဆူဆန်တွေ့ရသည်။ 'မစ္စစ်ဆယ်ကီ လွန်ခဲ့တဲ့မိနစ်ပိုင်းတုန်းက ရှင်ဟာ မယ္စစ်စမစ်နဲ့အတူ အစိမ်း ရောင်အခန်းမှာ ရှိခဲ့တယ်။ ရဲတွေက သူ့သမီးသေဆုံးတာကို တွေ့ပြီဖြစ်ကြောင်း လာရောက်ပြောပြတာကိုလည်း ကြားခဲ့ပြီ ဖြစ်တယ်။ အဲဒီအချိန်က ဘယ်လိုခံစားရတယ်ဆိုတာ ပြောပြ ပါလား'

'ခြေဒ်...ဟုတ်ကဲ့' ဆူဆန်က အသံကိုထိန်း၍ပြောသည်။ 'ကလေးတွေ ကြီးပြင်းအောင် မွေးဖို့ဆိုတာက မလွယ်ဘူး။ သူတို့ကို အကာအကွယ်ပေးရမယ်၊ ကျွေးမွေးရမယ်၊ ပညာ သင်ပေးရမယ်။ ခုတော့ ကျွန်မတို့စိုးရိမ်ကြတဲ့ အတွေ့အကြုံ မျိုးကို၊ မလိုလားတဲ့ အတွေ့အကြုံမျိုးကို သူ့သမီးလေးက ပေးသွားတာပဲ'

ဆူဆန်ကစကားကိုရပ်ပစ်လိုက်သည်။ ဘလာရီက ဆူဆန်ကို စိုက်ကြည့်သည်။ ဆူဆန်၏စကား မဆုံးသေးကြောင်း၊ ထပ်၍ ပြောစရာရှိနေကြောင်း သူကမျှော်လင့်သည်။ 'အဲဒီအချိန်ဟာ အင်မတန် ဝမ်းနည်းကြေကွဲစရာကောင်းတဲ့အချိန် ဖြစ်မယ်လို့ ထင်ပါတယ်' ဆူဆန့်ထံမှ စကားထွက်မလာတော့။ ဘလာရီက လမ်းကြောင်းခင်း၍ ပြောလိုက်သည်။



ဘလာရီပြောလိုက်သည့် စကားအဓိပ္ပာယ်ကို နားမလည် ဟန်ဖြင့် ဆူဆန်က သူ့ကိုကြည့်သည်။ 'ခြေဒ်.... ဟုတ်ကဲ့' နောက်ဆုံးတွင် ဆူဆန်က သဘောတူလိုက်သည်။

ဘလာရီက စိတ္တဗေဒပညာရှင် ဒေါက်တာမန်ဒယ်ဗွန်းအား လှည့်ကြည့်ကာ စတင် မေးမြန်းသည်။ သူတို့နှစ်ယောက်က ကလေးငယ်များ ပျောက်ဆုံးခြင်း၊ ထွက်ပြေးခြင်းနှင့် သေ ဆုံးခြင်း စသည်တို့ကို မေးမြန်းဆွေးနွေးကြသည်။

မေးမြန်းသူက ဆူဆန်အား တလှည့်ကြည့်ပြန်သည်။

'အခုဆိုယင် မစ္စစ်ဆယ်ကီရဲ့ အခြေအနေဟာ မစ္စစ်စမစ်ရဲ့ အခြေအနေနဲ့ လုံးဝကွာခြားကြောင်း တွေ့ရတယ်။ မစ္စစ် ဆယ်ကီရဲ့သားငယ်ဟာ ပျောက်ဆုံးသွားခဲ့တယ်။ သေသလား၊ ရှင်သလားဆိုတာ မသိရသေးဘူး။ ဒီတော့ မစ္စစ်ဆယ်ကီ၊ ရက်သတ္တပတ် ခြောက်ပတ် ကြာလာပြီ ဖြစ်တဲ့ ခင်ဗျားရဲ့ သားငယ်ပျောက်ဆုံးတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားဘယ်လို သဘောထားရှိနေပါသလဲ။ ခင်ဗျားရဲ့ သားအမှုနဲ့ပတ်သက်ပြီး ဘယ်လို သဲလွန်စတွေကို ရရှိထားပါပြီလဲ၊ ကျွန်တော်တို့ကို ပြောပြပါလား'

မေးမြန်းသူ၏ စကားကို နားထောင်ပြီး ဆူဆန်က အမှု အခြေအနေကို ဖြေပြသည်။ ယခုအချိန်တွင် မည်သည့်သဲလွန်စ မှ မရသေးကြောင်း၊ တစုံတယောက်သောသူက အလက်ကို ကောင်းမွန်စွာ ထိန်းသိမ်းထားသည်ဟု ယုံကြည် လျက်ရှိ ကြောင်း၊ ထို့ကြောင့် အလက်၏ ဓာတ်ပုံကိုကြည့်ပြီး မှတ်မိ အောင် ကြိုးစားကြရန်၊ ထိုမှတ်မိထားသည့် ကလေးကိုတွေ့

www.burmeseclassic.com

www.burmeseclassic.com



လျှင် သတင်းပေးကြရန် လိုအပ်ကြောင်း စသည်တို့ကိုပြော ပြသည်။

'ခင်ဗျားရဲ့ယုံကြည်မှု၊ မျှော်လင့်ထားမှုတို့အတွက် ရုပ်မြင်သံကြားပရိသတ်က လက်ခံအားပေးကြမှာ ဖြစ်တယ်။ ဒါပေမယ့်လည်းပဲ တစုံတယောက်သောသူက ခင်ဗျားရဲ့အခန်းတံခါးကိုလာခေါက်ပြီး မစွစ်စမစ်ကို ပြောသလိုပဲ လာရောက်ပြောလိမ့်မယ်ဆိုတဲ့အချိန်မျိုးဟာ ရှိကောင်းရှိလိမ့်မယ်လို့မထင်မိဘူးလား' သူ့ကိုမေးခွန်းထုတ်လိုက်သည့် မျက်နှာအား ဆူဆန်က စိုက်၍ကြည့်သည်။ သူ့စိတ်ကို လျှော့လိုက်ရန် မေးမြန်းသူက လိုလားနေပေပြီတကား။

ရုပ်မြင်သံကြား ထုတ်လွှင့်မှုကို မီနက်တီ ကြည့်နေရေ သလားဟု ဆူဆန်တွေးမိသည်။ မီနက်တီထံမှ သင်ခန်းစာ အများအပြားကို ဆူဆန်ကြားသိခဲ့ရသည်။ ဆူဆန်က သူ့စိတ်ကို ပို၍တင်းပြီး ဖြေကြားလိုက်သည်။

'ဟုတ်ကဲ့၊ အဲဒီလိုအချိန်မျိုး ရောက်လာလိမ့်မယ်လို့ထင်ပါ တယ်။ ဒါပေမယ့်လည်း ကြောက်လန့်ခြင်းနဲ့ ယုံကြည်ခြင်း ဆိုတာကတခြားစီဖြစ်တယ်။ ကျွန်မသားဟာ အသက်ရှင်လျက် ရှိနေသေးတယ်လို့ ကျွန်မယုံကြည်တယ်။ တကယ်လို့ ဒီကမ္ဘာ မြေပြင်ကနေ ကျွန်မသား ပျောက်သွားခဲ့မယ် ဆိုယင် အဲဒီ ပျောက်သွားမှုကို ကျွန်မသိရမယ်။ ယုံကြည်ခြင်းဟာ ခွန်အား ဖြစ်တယ်။ ကြုံကြိုက်ချင်တော့လည်း ကျွန်မမှာ ယုံကြည်ခြင်း ဆိုတဲ့ ခွန်အားကလွဲလို့ ဒီပြင်ဘယ်လို ခွန်အားမှ မကျန်ခဲ့ တော့ဘူး'



'မျှော်လင့်ခြင်းနဲ့ ယုံကြည်ခြင်းတွေကို ခင်ဗျားက စွန့်လွှတ်လိုက်တာနဲ့ အလက်ပျောက်ဆုံးမှုကို စုံစမ်းနေတဲ့ ရဲတွေအနေနဲ့ ဆက်လက်စုံစမ်း စစ်ဆေးတော့မှာ မဟုတ်ဘူးလို့ ခင်ဗျားက ဆိုလိုချင်တာလား'

'ဒါပေါ့၊ ရဲတွေသာမကဘူး။ ဟောဒီ ရုပ်မြင်သံကြား ကြည့်နေတဲ့သူတွေ၊ အိုလေ....လူတိုင်းကပဲ စုံစမ်းကူညီနေမှုတွေကို ရပ်ပစ်လိုက်ကြမှာပေါ့။ အလက်သာ အသက်ရှင်နေရိုးဆိုယင်မကြာခင်မှာ တယောက်ယောက်က သူ့ကိုတွေ့မှာပဲ။ သူအသက်ရှင်နေသေးတယ်လို့ ကျွန်မယုံကြည်နေသမျှ သူ့ကို ရှာပေးကြပါ။ ကူရှာပေးနေကြတာနဲ့အမျှ အလက်ကို ကျွန်မဆီ အရောက်ပို့ပေးဖို့ အခွင့်အရေးဟာ ရှိနေမြဲ ရှိနေလိမ့်မယ်။ တကယ်လို့ ကျွန်မကသာ မယုံကြည်တော့ဘူး၊ မမျှော်လင့်တော့ဘူးဆိုယင် ဘယ်နည်းနဲ့မှ သားငယ်အိမ်ပြန်ရောက်လာမှာ မဟုတ်ဘူး။ ဒါကြောင့်မို့ သူအသက် ရှင်နေဆဲပဲလို့ ကျွန် မယုံကြည်တယ်'

နောက်သုံးရက် ကြာသောအခါ တယ်လီဖုန်း ဆက်သူတို့ များပြားလာသောကြောင့် ဆူဆန်ပင်အထိတ်တလန့် ဖြစ်လာရသည်။

တယ်လီဖုန်း ဆက်ကြသူတို့မှာ တနိုင်ငံလုံးမှ ဖြစ်ကြသည်။ သူတို့၏ရင်သွေးများ ပျောက်ဆုံးခြင်း ခံရသည့် မိဘများဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ဆူဆန်အား ကြင်နာသနား ထောက်ခံ ကြသည့် စာများမှာလည်း တိုး၍ရောက်လာသည်။

တယ်လီဖုန်း ဆက်ခြင်းများကိုလက်ခံ၊ စာများကိုဖတ်ကြား ခြင်းသာမက ရိုတီကျွန်းမှ အမှတ်ရနေသော မိဘများ ကော်မတီဝင်များ သူ့ထံသို့လာရောက် လည်ပတ်ခြင်းကို ဆူဆန်က လက်ခံသည်။

ကော်မတီဝင်များသည် ဆူဆန်ထံသို့ မွန်းလွဲ လက်ဖက် ရည်သောက်ချိန်တွင် ရောက်လာကြသည်။

အမှတ်ရနေသော မိဘများ ကော်မတီသည် ပညာပေးရေး ကော်မတီဖြစ်သည်။ ကော်မတီ၏ အဓိက ရည်မှန်းချက်မှာ ကလေးမည်မျှ ပျောက်ဆုံးခဲ့ပြီဖြစ်ကြောင်း၊ ထိုပျောက်ဆုံးခဲ့ သော ကလေး များကို ပြန်လည်မတွေ့မီ မည်သို့နှိပ်စက်ခံ ကြောင်း၊ပြန်လည် တွေ့ရတွင်လည်း သေသူမည်မျှ၊ ရှင်သူ မည်မျှဖြစ်ကြောင်း အများသိရှိရန် ဆောင်ရွက်ရေး ဖြစ်သည်။ ကော်မတီ၏ လိုလားချက်မှာ ဆူဆန်ကဲ့သို့ မိခင်များမပေ ပေါက် စေရန်အတွက် သားသမီးများကို ဂရုတစိုက်ထိန်းသိမ်း စောင့်ရှောက်ရန် ဖြစ်သည်။

ကော်မတီဝင် များမှာ ၎င်း တို့ ၏ ရင်သွေးငယ် များကို ပြန်ပေးဆွဲ ခံရ၍ ပြန်လည် ရွေးယူခဲ့ကြရ သူများ၊ ရင်သွေး ငယ်များလုံးဝပျောက်ဆုံးခြင်းဖြင့် ကြုံတွေ့ခဲ့ကြရသူများစသည် ဖြင့် ပါဝင်ခဲ့ကြသည်။ သူတို့ အားလုံးကပင် သူတို့၏ ရင်သွေး ငယ်များပြန်ပေးဆွဲခံရပုံ၊ ပျောက်ဆုံးခဲ့ပုံများကို ဆူဆန်အား ပြောပြကြသည်။



'ကျွန်တော်တို့ ကော်မတီဝင်တွေ အနေနဲ့ လူမှုရေး ကူညီ ထောက်ပံ့မှု တွေကို ဆောင်ရွက်လျက် ရှိကြတယ်' ကော်မတီဝင် တဦးက ပြောပြသည်။

'ကျွန်တော်တို့ ကော်မတီဟာ အတတ် ပညာရှင် များရဲ့ အကူအညီနဲ့ ပညာပေးရုပ်ရှင်ကားနှစ်ကားကို ရိုက်ကူးဖြန့်ဝေ ခဲ့ကြတယ်။ ကျွန်တော်တို့ဟာ ကျောင်းတွေကို ဖြန့်ဝေခဲ့တယ်။ ရုပ်ရှင်ကားတကားက မူလတန်းကျောင်းသူ ကျောင်းသားတွေ အတွက်ဖြစ်ပြီး ကျန်တကားကတော့ အလယ်တန်းကျောင်းသူ ကျောင်းသားတွေ အတွက် ဖြစ်တယ်။ လူကြီးတိုင်းဟာစိတ်မချ ရဘူး။ တချို့ဟာစိတ်ဓာတ် အားဖြင့် နေမကောင်း နေကြ သူတွေဖြစ်တယ်။ တချို့ဟာ အန္တရာယ် ပေးကြမယ့် သူတွေ ဖြစ်တယ်လို့ ရုပ်ရှင်ထဲမှာ သတိပေး ဖော်ပြတယ်။ အဲဒီလို အမျိုးတွေကို ကလေးတွေအနေနဲ့ သတိထားကြဖို့၊ မဆက်ဆံ ကြဖို့၊ ရှောင်ရှားကြဖို့ကိုလည်း အသိပေးတယ်။ သူတို့ဖြတ်ထိုး ဉာဏ်ကောင်းကောင်းနဲ့ လုပ်ကိုင်ကြဖို့ကိုလည်း ညွှန်ပြတယ်။ ဥပမာဆိုပါတော့၊ သူတို့တယောက်တည်းသွားနေတုန်း သူတို့ နောက်မှာ မျက်နှာစိမ်း တယောက်က တကောက် ကောက်နဲ့ လိုက်နေကြမယ်ဆိုယင် အကောင်းဆုံးက အမျိုးသမီးတဦးကို တွေ့အောင်ရှာပါ။ အဲဒီ အမျိုးသမီး နားက မခွာပဲ နေပါ။ အဲဒီအမျိုးသမီးကို မိခင်ကဲ့သို့ထင်မှတ်ပါ ဆိုတာမျိုးတွေပေါ့။ ဒါမှ မဟုတ်ယင်လည်း တချို့ ပြန်ပေးဆွဲခံရတဲ့ ကလေးတွေ ပြောပြကြတဲ့အတိုင်းပဲ သူတို့ရဲ့အမည်မှန်နဲ့လိပ်စာမှန်ကို ပြော ပြဖို့ကိုလည်း ပညာပေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာကယ်ပဲ အမည်မှန်နဲ့လိပ်စာမှန်ကို မပေးကြဘူးတဲ့လား' ဆုဆန်က ညင်သာစွာပင်မေးသည်။

'ဟုတ်တယ်။ အထူးသဖြင့် ယောက်ျားလေးတွေက လုံး ပတ်ပြောကြတယ်'

ကော်မတီဝင်များ ပြောသည်တို့ကို နားထောင် ရလေ ဆုဆန်မှာ စိတ်မသက်မသာဖြစ်ရလေရှိတော့သည်။ အလက်နှင့် ပတ်သက်၍ မည်သို့ဖြစ်နေကြောင်း မသိရသော်လည်း ကော် မတီ၏ ပညာပေးရုပ်ရှင်ကားများက အလက်ကို ကယ်တင်နိုင် လိမ့်မည်ဟု ဆုဆန်မယုံကြည်။

ကော်မတီဝင်များ လာရောက်လည်ပတ်ခြင်းနှင့်ပတ်သက်၍ သူ့အနေဖြင့် အကျိုးကျေးဇူး မည်မျှရရှိသည်၊ မရရှိသည်ကို ဆုဆန်မခန့်မှန်းနိုင်။ ဆုဆန်သိသည်မှာကား သူကံမကောင်း သေးခြင်းပင်ဖြစ်တော့သည်။

နောက်ပိုင်း ရက်များ တွင်လည်း ဆုဆန်ထံသို့ ကလေး ပျောက်ဆုံးခဲ့သည်ဆိုသော မိဘများဆီမှ တယ်လီဖုန်းများ စာများ ရောက်လာပြန်သည်။ သို့သော်လည်း ထိုတယ်လီဖုန်း များ၊ စာများက အလက်ကို ပြန်လည်တွေ့ရာ တွေ့ကြောင်း အတွက် မည်သို့မျှ ကူညီခြင်းမပြုနိုင်ကြချေ။

ရက်ကြာလာလေ ဆုဆန်သည် စာနယ်ဇင်းများကို ပို၍ အားထားလာလေဖြစ်သည်။ သူ့သားပြန်လည် တွေ့နိုင်ရေး စာနယ်ဇင်းတို့၏ ကူညီပံ့ပိုးမှု ကသာ ထိရောက်မှု ရှိမည် ဆုဆန်ယုံကြည်သည်။



တဖြည်းဖြည်းနှင့် ဆုဆန်သည် အလေ့အထတခုကို စွဲစွဲမြဲမြဲ ...ပ်တတ်လာသည်။မနက်မိုးလင်းသည်နှင့် သူက ပြတင်းပေါက် ...း‌တွင်ထိုင်သည်။ နံနက်ရှစ်နာရီမှ ကိုးနာရီအထိကြာအောင် ...င်တတ်သည်။ ထိုသို့ထိုင်ယင်း ကော်ဖီသောက်ကာ အောက် ...က်ရှိလမ်းကို စိုက်ကြည့်သည်။ ယခင်အချိန်များကမူ ထိုကဲ့သို့ ...ာရှည်စွာထိုင်နေရခြင်းကို ဆုဆန်ကမလိုလားခဲ့။ သို့သော် ...အခါတွင်မူကား ထိုသို့ထိုင်ရန်လိုလားလာသည်။ ကိုယ်ရော ...တ်ကပါ လိုလားခြင်းဖြစ်သည်။

ဘော့စတွန်မြို့မှာ အပူဆုံးနွေရာသီနှင့်ကြုံနေရသည်။နံနက် ...နာရီခွဲပြီဆိုလျှင်ပင် အသက်ရှူ မဝလောက်အောင် ပူလာ ...သည်။ ထိုအချိန်တွင်ပင် မီနက်တီကားက လမ်းထဲသို့ ဝင်လာ ...ကြောင်းတွေ့ရသည်။

ဆုဆန်တို့အိမ်ရှေ့တွင် မီနက်တီက ကားပေါ်မှဆင်းသည်။ ...ားတံခါးကို ပိတ်ကာ အလက်လျှောက်သကဲ့သို့ပင် လမ်း ...လျှောက် လျှောက်သွားသည်။ လမ်းထောင့်သို့ ရောက်သော ...ခါ အလက်ကဲ့သို့ပင်ပြန်ကြည့်သည်။ ထို့နောက် လမ်းထောင့် ...ချိုးဝင်ပြီး အလက်ကဲ့သို့ပင် ကွယ်ပျောက်သွားသည်။

မီနက်တီ ရောက်မလာသည့် နံနက်များတွင် ဆုဆန်မှာ ...တ်ပျက်အားငယ်မိရသည်။

...သိုင်လလယ် ရောက်သောအခါ သူဖခင်နှင့် မိတ္တေးတို့ ...က်သတ္တပတ်ကုန်ဆုံးရက်၊ အားလပ်ရက်နှစ်ရက်တွင် သူ့ထံ

www.burmeseclassic.com

www.burmeseclassic.com



လာရောက်လည်ပတ်မည် ဆိုခြင်းကို ဆူဆန်က သဘော
လက်ခံလိုက်သည်။

ထိုသို့ လာရောက်လည်ပတ်ရာတွင် စိတ်မချမ်းမြေ့မှု
မပေါ်ပေါက်စေရန် သူတို့သုံးဦးစလုံးက ကြိုးစားကြ
ဖြစ်သည်။ ခရစ်စမတ် အားလပ်ရက်များတွင် ဂရေဟ
ဆူဆန်နှင့်အလက်တို့ထံ လာရောက် လည်ပတ်ခဲ့စဉ် မျ
အတိုင်း ဆူဆန်၏မိဘကဟိုတယ်တွင် တည်းခိုကြမည်ဖြစ်သ

သူတို့ လာရောက်လည်ပတ်မည်ဆိုခြင်းကို စောစောပိုင်း
ဆူဆန် မလိုလားခဲ့။ ဘယ့်အတွက်ကြောင့်ဆိုသော် မိဘမ
ရောက်လာတိုင်း သူတို့မိသားစုတွင် အစိက ပြောဆိုကြသ
အကြောင်းအရာ၊ ပြောရွှင်စွာ ပြောဆိုကြသည့် အကြော
အရာမှာ အလက်နှင့်ပတ်သက်သည့် အကြောင်းအရာ ဖြ
သောကြောင့်တည်း။

ဆူဆန့်ဖခင်မှာပိန်ပိန်ရှည်ရှည်နှင့်အသက်ခုနစ်ဆယ်အတွ
ရောက်နေပြီဖြစ်သည်။ သူက ကျန်းမာရေး လိုက်စားသ
အချိန်အားရသည်နှင့် ဂေါက်သီးရိုက်သည်။ သူ့လုပ်ငန်း
အငြိမ်းစားယူပြီးကတည်းက ညစာမစားမီ အရက်သောက်ခြ
အလေ့အထကို ဖခင်ကလုပ်ခဲ့သည်။ သို့သော် သူသည် အ
များများ မသောက်နိုင်။ မာတီနီနှစ်ခွက်ခန့် သောက်ပြီးသ
ဆိုရုံနှင့် သူ့မျက်လုံးများ ရီဝေလာသည်။ သူသည် လူ
တယောက်လည်း ဖြစ်သည်။

ဆူဆန်၏မိထွေး ကိုနီမှာ ခင်ပွန်းထက် အသက်နှစ်ဆယ်
မျှ ငယ်ရွယ်ပုံ ရှိသည်။ သူသည် စကားများများ မပြောတ



ဘက်သားပြောသည်ကို စိတ်ပါဝင်စားစွာ နားထောင်
တတ်သူ ဖြစ်သည်။ သူတို့နေထိုင်သည့် ဆင်ခြေဖုံး ရပ်ကွက်
လေးတွင် ကိုနီက အဝတ်အထည်များ မွမ်းမံသည့်ပစ္စည်းများ
ရောင်းသောဆိုင် ဖွင့်ထားသည်။

ဘော့စတွန်သို့ ရောက်သည့်ညတွင်ပင် ဖခင်နှင့်မိထွေးတို့က
ဆူဆန်အား ညစာကျွေးမွေးရန် စားသောက်ဆိုင် တဆိုင်သို့
ခေါ်သွားကြသည်။ ဖခင်နှင့် ကိုနီတို့သည် စကား များကို
ဆင်လောက်အောင် တမင်ပြောဆိုနေကြကြောင်း ဆူဆန်
သတိထားမိသည်။ အဖိုးတန်သော ဝိုင် အရက်များကိုလည်း
သူတို့က မှာကြသည်။ ထိုသို့မှာခြင်းမှာ ဆူဆန် တယောက်
အဖိုးတန်သော ဝိုင်အရက်ကိုကြိုက်တတ်မှန်း သူတို့က သိထား
၍ ဖြစ်သည်။

သူတို့အိမ်ပြင်ဆင်မွမ်းမံခြင်းကို ကိုနီက အသေးစိတ်ပင်
ပြောပြသည်။ သူ့လုပ်ငန်းမှာ များစွာမကောင်း၊ ထို့ကြောင့်
အိမ်မွမ်းမံခြင်းဖြင့်သာ အချိန်ကုန် ရသည်ဟု ပြောသည်။
ဆူဆန့်အိမ်အတွက် နံရံကပ်ပန်းစက္ကူများ၊ မွမ်းမံစရာ ပစ္စည်း
များကို နမူနာအဖြစ် ပေးပို့မည်ဖြစ်ကြောင်းကိုလည်း ပြောပြ
သည်။ မည်သည့်မွမ်းမံပစ္စည်းများကို ရွေးချယ်ရမည်ဆိုခြင်းနှင့်
ပတ်သက်၍ သူတို့သုံးဦးက အချိန်အတန်ကြာအောင် ပြောဆို
ဆွေးနွေးကြသည်။ ပြောဆိုစရာ အကြောင်းများ ကုန်သော
အခါ ဆူဆန်၏ဖခင်က သူငယ်စဉ်ဘဝကအဖြစ်အပျက်များကို
ပြောပြပြန်သည်။ ထိုအကြောင်းအရာ များကို ကိုနီရော
ဆူဆန်ပါ တကြိမ်မျှမကြားဖူးခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



'ဒီအကြောင်းတွေ ကျွန်မ တခါမှ မကြားဖူးပါလား အင်ဒရူး' ကိုနီက ပြောသည်။ 'ရှင်တို့အိမ်နဲ့ကျောင်းက ငါးမိုင်သာ ဝေးတယ်ဟုတ်လား။ ဒါဖြင့် ရှင်ဘယ်လိုလုပ်ပြီးကျောင်း သွားသလဲ။ လမ်းလျှောက်သွားသလား။ ဒါမှမဟုတ် ကျော[င်း]ကားနဲ့သွားသလား'

'ကျောင်းကားနဲ့ပေါ့။ ကျောင်းကားနှစ်စီးတောင် ရှိတ[ယ်]'

ညနေစာစားပြီးသောအခါ သူတို့ကအငှားကားဖြင့်ဆူဆ[န်]ကို အိမ်ဝရောက်အောင် လိုက်ပို့ကြသည်။

'ကောင်းသောညပဲ။ အိပ်မက်လှလှလေးတွေ မက်ပါစေ' သူတို့က ပြောဆိုကြပြီး ကလေးငယ် တယောက် ကဲ့သို့ ဆူဆန်အား နမ်းကြသည်။

နောက်တနေ့တွင် သူတို့က ဆူဆန်အား ပြတိုက်သို့ ခေ[ါ်]သွားကြသည်။ နေ့လယ်စာကိုလည်းလိုက်ကျွေးသည်။ ဆူဆ[န်]စိတ် ပြေ ရာ ပြေ ကြောင်း အတွက် သူတို့က အတတ်နိုင်ဆုံး ဆောင်ရွက် ပေးကြသည်။ ဆူဆန် ပျော်ရွှင် အောင်လည်း လုပ်ပေးကြသည်။

သို့သော် ဆူဆန်မပျော်ရွှင်၊လေးလံထိုင်းမှိုင်းလျက်ရှိသည်။ စိတ် မချမ်းမြေ့ စရာ ကောင်းသည်မှာကား ပျော်ရွှင်ဟ[န်]ဆောင်နေရခြင်းပင်ဖြစ်သည်။

ညပိုင်းရောက်လာသော အခါအင်ဒရူးကသမီးကိုဟိုတယ်သို့ လိုက်ရန် ခေါ်သည်။ 'နက်ဖြန်မနက်ဆိုယင် အဖေတို့ပြန်ကြရမှာ။ ဒီတော့ ဒီညမှာ အဖေတို့နဲ့ အတူ ဟိုတယ်ကိုလိုက်ပါလား'



ဆူဆန်အနေဖြင့် အိမ်သို့သာ ပြန်ချင်သည်။ သူ့ဘာသာ [တ]ယောက်တည်း နေလိုသည်။ ထိုသို့ နေရခြင်းက စိတ်ချမ်း[သ]ာသည်။

မည်သို့ပင်ဖြစ်စေ ဖခင်၏ဆန္ဒကိုဆူဆန်ကလိုက်လျောသည်။ [ည]အိပ်ရာမဝင်မီ အင်ဒရူးက ဘရမ်ဒီသောက်သည်။ ကိုနီနှင့် [ဆ]ူဆန်တို့ကမူ မသောက်ကြ။

'ဆူဆန်' ဖခင်ကပြောသည်။ 'တွေ့ကြုံနေရတဲ့ပြဿနာကို [ရ]င်းရင်ဆိုင်နေတာနဲ့ ပတ်သက်လို့ အဖေလက်ခံတယ်၊ချီးလည်း [ချ]ီးကျူးတယ်' ပက်လက်ကုလားထိုင်တွင် ထိုင်နေယင်း ဆူဆန် [စ]ောလာသည်။ သူ့ဖခင်က ဆက်လက်၍ ပြောလျှင် ငိုမိပေ[...]တော့မည်။ သို့သော်အင်ဒရူးက သူ့စကားမဆက်။

ကိုနီက အသံတိုးတိုးဖြင့်ပြောပြန်သည်။ 'မစ္စစ်ဂေဗယ်ဆိုတဲ့ အမျိုးသမီးကြီးကို မင်း မှတ်မိသေးသလား။ လွန်ခဲ့တဲ့ နှစ် အနည်းငယ်လောက်က သူ့သမီး အိမ်က ထွက်သွားခဲ့တယ်။ [စ]ာတစောင်လည်း ရေးသွားခဲ့တယ်။ စာထဲမှာ ကျွန်မကို လိုက်ရှာပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ လိုက်ရှာယင် ကျွန်မကို တွေ့မှာ မဟုတ်လို့ပဲလို့ရေးခဲ့တယ်။ တကယ်လည်း သူ့သမီးကို ရှာလို့မတွေ့ခဲ့ဘူး'

မစ္စစ်ဂေဗယ်ကို ဆူဆန်မှတ်မိသည်။ စားသောက် ဆိုင်တွင် နေ့လယ်စာစားယင်း အရက် သောက် နေ ခဲ့ သည် ကိုလည်း မှတ်မိသည်။

'ကဲ....' ထိုင်ရာမှထယင်း အင်ဒရူးက ပြောသည်။ 'သမီးနဲ့ တွေ့ရတာ ဝမ်းသာစရာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ပျော်ရွှင်စရာကောင်းတဲ့ အချိန်လေးတွေ ဖြစ်အောင် လု
ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဖေဖေ။ ပြတိုက်ကိုလည်
ကျွန်မ မရောက်ခဲ့တာ ကြာပြီ။ သွားချင်ပေမယ့်လည်းမသွာ
နိုင်ခဲ့ဘူးလေ'

'ဂရေဟမ်နဲ့ ပတ်သက်ပြီးတော့လည်း တို့များဂုဏ်ယူတယ
သူ့အတွက်တို့များက ဆုမွန်တောင်းခဲ့တဲ့ အကြောင်းလည်
ပြောပေးပါ'

'ဟုတ်ကဲ့ဖေဖေ'

'နောက်ပြီး ဒီမှာပေးစရာရှိတာလေး ပေးလိုက်ချင်သေ
တယ်' စက္ကူနှင့် သေသပ်စွာ ထုပ်ထားသည့် အထုပ်တထုပ်က
အင်ဒရူးက အံဆွဲထဲမှ ထုတ်ယူကာ ဆူဆန်အားလှမ်းပေးသည်
အထုပ်ပေါ်တွင်ကတ်ပြားလေးတခု ရှိနေသည်။ ထိုကတ်ပြာ
တွင် အဘိုး၏မြေးလေး မွေးနေ့အတွက်လက်ဆောင်ဟု ရေ
ထားသည်။

'လိုရမည်ရပေါ့ကွယ်' အဘိုးကတိုးတိုးပင်ပြောလိုက်သည်

သူ့ကို နှုတ်ဆက်ပြီးထွက်ခွာအားသည့်သူများကို နောက်ထပ်
တွေ့ဆုံနိုင်ခြင်းပြုတော့မည်မဟုတ်ဟူသော စိုးရိမ်စိတ်မှာ ယခ
တလော ဆူဆန်၏ ရင်ထဲတွင် ဖြစ်ပေါ်လာလျက်ရှိသည်။

ဖခင်နှင့် မိထွေးတို့အား နှုတ်ဆက်ပြီးသော အခါ ထိုသ
နှုတ်ဆက်ခြင်းသည် အမြဲတမ်းနှုတ်ဆက်ခြင်းဟု ဆူဆန်က ထင



သည်။ အိမ်ပြန်ရောက်သော်လည်း အိပ်မပျော်။ ရေဒီယိုကို
ချိန်လုံး ဖွင့်ထားသည်။ အကယ်၍ အဖေတို့ စီးသွားသည့်
သယာဉ် ပျက်ကျလျှင် ချက်ချင်း သိရှိနိုင်အောင်ဖြစ်သည်။

'သူ့ကိုဘာပြောရမယ်ဆိုတာ ကျွန်မ မသိတော့ဘူး' မာ
ာက ဂျိုစီလင်းကို ပြောသည်။ 'ရှင်ကကော သူ့ကိုဘယ်လို
ပြောမလဲ။နေကောင်းရဲ့လားလို့ မေးမလား၊ ဘယ်လိုနေသလဲ
့ မေးမလား။ ကျွန်မကိုယ်ကျွန်မလည်းလိပ်ပြာ မလုံလှပါဘူး။
ပေမယ့် ဆူဆန်နဲ့တော့ တမင်ပဲ မဆက် သွယ်မိအောင်
နေတယ်'

'ဒီလိုပဲ ဖြစ်ရမှာပေါ့လေ' ဂျိုစီလင်းကပြောသည်။

'အခိုက်အတန့်အားဖြင့်မှာတော့ ဆူဆန်အနေနဲ့တယောက်
ည်း နေဖို့ လိုအပ်ကောင်း လိုအပ်မယ်'

'ဟုတ်တယ်၊ လိုအပ်ကောင်း လိုအပ်မယ်'

www.burmeseclassic.com

www.burmeseclassic.com

တယ်လီဖုန်းမြည်လာသည်။

မိနက်တီထံမှ ဖြစ်သည်။

ဇူလိုင်လ၏ တနင်းလာနေ့စာနေ့ မွန်းလွဲပိုင်း ဖြစ်သည်။ ထိုနေ့က တနေ့လုံး မိနက်တီကို ဆူဆန်မတွေ့ရ။ အားပေ... ခြင်းပင် ဖြစ်ရသည်။ အကယ်၍ မိနက်တီကို မတွေ့ရဆိုလျှင် အလက်ပျောက်ဆုံးမှုကို မိနက်တီက ဆက်လက် ဆောင်ရွက်နေခြင်း မရှိဟု ဆူဆန်ထင်မိသည်။ မိနက်တီ မဆောင်ရွက်ဆိုလျှင် အခြား မည်သူတို့ကမှုလည်း ဆောင်ရွက်ကြတော့မည် မဟုတ်ဟု ဆူဆန်လက်ခံထားသည်။

'ဆူဆန်၊ ခင်ဗျားအိမ်မှာ ရှိမှရှိရဲ့လားလို့ပါ'

'ကျွန်မရှိနေပါတယ်။ ရှင်ကသာ ဒီမနက်မှာ ရောက်မလာတာ မဟုတ်လား'

'သတင်းအချို့ အတွက် ကျွန်တော် စောင့်နေရလို့ပါ... လာမယ့် မိနစ်ပိုင်းအတွင်းမှာပဲ အဲဒီသတင်းဟာ ကျွန်တော့်...



ရောက်လာလိမ့်မယ်လို့ မျှော်လင့်နေတယ်။ တကယ်လို့ ရောက်လာဘူးဆိုယင်လည်း ဒီညနေပိုင်းမှာ ခင်ဗျား ဘယ်မှာရှိနေမယ် ဆိုတာကို ကျွန်တော် သိထားဖို့ လိုတယ်။ လိုအပ်ယင် ခင်ဗျားနဲ့ ဆက်သွယ်နိုင်အောင်လို့ပါ'

'ဘာတွေဖြစ်နေလို့လဲ' သူ့လေသံကို နားထောင်ရခြင်းဖြင့် ကြားရမည်ဆိုသည့်သတင်းမှာ သတင်းကောင်းမဟုတ်ကြောင်း ဆူဆန်ရိပ်မိသည်။

'ဖီလာဒဲဖီးယားမြို့ ရဲစခန်းဆီက သတင်းရတယ်။ သူတို့ပေးတဲ့ သတင်းအရ ကလေးအချို့ဟာ သစ်တောထဲမှာပလတ်စတစ် အထုပ်တထုပ်ကို တွေ့ခဲ့ကြတယ်။ အဲဒီ အထုပ်ထဲမှာ အလောင်းတလောင်း ရှိနေတယ်။ အလောင်းက ပုံပျက်ပန်းပျက် ဖြစ်....'

ဆူဆန်ရင်ဖိုမိသည်။ ရင်ထဲတွင်လည်း အလုံးကြီး တလုံး တက်လာသည်ကဲ့သို့ ရှိသည်။

'ဘာလဲ၊အဲဒီအလောင်းဟာအလက်လို့ ရှင်ကထင်သလား'

'အလောင်းကတော့ ကလေးတယောက်ရဲ့ အလောင်းပဲ။ ဒါပေမယ့်လည်း ကျွန်တော့်ကို သူတို့ အကြောင်းကြားတဲ့ အချိန်မှာ အဲဒီ အလောင်းဟာ ယောကျ်ား လေးလား၊ မိန်းကလေးလား ဆိုတာတောင် မသိကြသေးဘူးတဲ့။ ခုတော့ ကျွန်တော်တို့က ဆေးစာကို စောင့်နေကြတယ်။ အလောင်းမှာ ခေါင်းပါမလာဘူး'

'ကောင်းပြီလေ' ဆူဆန်က ပြောသည်။ 'ကျွန်မ အိမ်မှာ ရှိနေမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရင်ခွဲရုံက ဆေးစာရယ်ရချင်း ဒီနေ့ညနေ၊ ဒါမှမဟုတ် ဒီညမှာ ကျွန်တော့်ဆီ အကြောင်းကြားမယ်လို့ သူတို့က ကတိပေးထားတယ်'

'ကောင်းပါပြီ' ဆူဆန်က ပြောသည်။

ညနေပိုင်း တချိန်လုံး ဆူဆန်က တယောက်တည်း ထိုင်နေသည်။ ထို့နောက်မှ ဂရေဟမ်ဆီသို့ တယ်လီဖုန်း ဆက်သည်။ သို့သော် ဂရေဟမ်က အိမ်တွင်မရှိ။ ဆူဆန်က နော်မည်အား ပြောပြသည်။ နော်မည်က ချက်ချင်းပင် သူ့ကို တွေ့အောင် ရှာပေး၍ အကြောင်းကြားပါမည်ဟု ကတိပေးသည်။

နောက်ထပ် တနာရီမကြာမီတွင်ပင် ဂရေဟမ် ရောက်လာသည်။ သူက တံခါးကို တွန်းဖွင့် ဝင်လာယင်း 'မီနက်တီ ဖုန်းဆက်သေးသလား' ဟု မေးသည်။

ဆူဆန်က ခေါင်းယမ်းပြသည်။

'ဒီကလေးအလောင်းဟာ အလက်မဟုတ်ပါစေနဲ့လို့ ကျွန်မ ဆုတောင်းမိတယ်။ အဲဒီလို ဆုတောင်းတာဟာ မဖြစ်နိုင်တဲ့ ကိစ္စကို ဆုတောင်းတာမဟုတ်ပါဘူးနော်' ဆူဆန်ကမေးသည်။

သူတို့နှစ်ယောက်က ဆိုဖာရှည်တွင် ထိုင်ကြသည်။ ဂရေဟမ်က ဆူဆန်၏လက်ကို ဆုပ်ကိုင်ပြီး ခေါင်းယမ်း ပြသည်။ 'ဒါပေမယ့်လည်း အဲဒီအလောင်းဟာ အလက် ဖြစ်နိုင်တယ်' ဂရေဟမ်က ပြောသည်။ 'တကယ်တော့လည်း အဲဒီလိုဖြစ်လိမ့်မယ်လို့ ကိုယ်တို့က လက်ခံထားကြတယ် မဟုတ်လား'

'ကျွန်မသိပါတယ်' ဆူဆန်ကလေသံဖြင့်ပြောသည်။



သုရှစ်နာရီတွင် မီနက်တီထံမှ တယ်လီဖုန်းဆက်သည်။ ထိုအချိန်တွင် အခန်းထဲ၌ နေရောင်မရှိတော့။ မှောင်နေသည်။ သို့သော်လည်း သူတို့က မီးခလုတ်ကို မဖွင့်ကြ။

တယ်လီဖုန်းကို ဂရေဟမ်ကသွားကိုင်သည်။

'အလောင်းက မိန်းကလေး အလောင်းတဲ့' မီနက်တီက ပြောသည်။ 'အလောင်းက ကိုယ်လက်အင်္ဂါ အစုံပါမလာဘူး။ ဒါကြောင့်မို့လို့ ဆေးစစ်ဆေးချက်တွေဟာ ဒီလောက်တောင် ကြာသွားရတာဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် အရပ်က အလက်ရဲ့ အရပ်ထက် မြင့်တယ်၊ အသက်က ကိုးနှစ်လောက် ရှိပြီတဲ့'

တဖက်မှပြောသည်ကို နားထောင်ယင်း ဂရေဟမ်က ဆူဆန်အား အမူအရာဖြင့်ပြန်လည်ပြောပြသည်။ ဆူဆန်မှာ စိတ်သက်သာရာ ရတော့သည်။

'ကလေးအလောင်းက ခေါင်းမရှိဘူး' မီနက်တီကဆက်ပြောသည်၊ 'ဒါကြောင့်မို့လို့ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာမပြောနိုင်ကြ သေးဘူး။ ဒီဝန်းကျင်မှာ ပျောက်ဆုံးနေတယ်ဆိုတဲ့ ကလေးတွေထဲက ဘယ်သူဘယ်ဝါရဲ့ အလောင်းဖြစ်မယ်ဆိုတာကိုလည်း မသိရသေးဘူး'

'ခင်ဗျား ဆိုလိုချင်တာက အသက်ကိုးနှစ်လောက် ရှိတဲ့ ကလေးမလေး တယောက် ပျောက်ဆုံးသွားခဲ့တယ်။ အဲဒီလို ပျောက်ဆုံးတာကိုလည်း ဘယ်သူကမှ ရဲဆီအကြောင်း မကြားဘူး။ ဟုတ်သလား'

'အင်း....ဆိုပါတော့'

'ဘယ်လိုလုပ်ပြီး အဲဒီလိုဖြစ်နိုင်မှာတဲ့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...ဂရေဟမ် ကောင်းသောညပါလို့ ဆူဆန့်ကိုပြောပေးပါ။ နောက်ပြီး ကြားရတဲ့ သတင်းအတွက် ကျွန်တော် စိတ်ချမ်းသာမိရတယ်လို့လည်း ပြောပေးပါ'

'ကောင်းပါပြီ၊ ကျေးဇူးပါပဲ'

'ကောင်းပါပြီ၊ ခင်ဗျားနဲ့တွေ့ကြသေးတာပေါ့'

တယ်လီဖုန်းကိုချ၍ ဂရေဟမ်က ဆူဆန်ထံ ပြန်သွားသည်။ ဆူဆန်၏ကိုယ်လုံးကို ဆွဲထူပွေ့ယူသည်။ 'ဒီမျက်ရည်တွေက ဘာဖြစ်လို့ထွက်ရတာလဲ'

'ကျွန်မဝမ်းနည်းလွန်းလို့ပါ' ဆူဆန်၏အသံမှာ တုန်နေသည်။ 'ဘာပဲဖြစ်ဖြစ် ဘုရားသခင်ကို ကျွန်မကျေးဇူးတင်တယ်။ ကျွန်မစိတ်အေးရပြီ'

'ကိုယ်လည်းမင်းလိုပါပဲ။ ကိုယ်တို့အပြင်သွားပြီး တခုခု စားရအောင်၊ ရှမ်ပိန်လည်းသောက်ရအောင်'

'ဘီယာအေးအေးလေး သောက်ချင်တယ်'

'ကောင်းပြီလေ၊ ဘီယာအေးအေးလေးပေါ့'

'တီဂျေနဲ့ အန်နီတို့ကိုလည်း ခေါ်ရအောင်။ ကိုယ်အားခေါ်လိုက်မယ်လေ'

'ဟင့်အင်း....မခေါ်ပါနဲ့တော့။ ကျွန်မတို့နှစ်ယောက်တည်းပဲသွားကြရအောင်'

'ကဲ...လာသွားကြစို့'

ညစာစား၍ စားသောက်စရာများ တဝက်ခန့် ကုန်သောအခါ အခြေအနေမှာတမျိုး ပြောင်းလာသည်။ ကြည်လင်ရွှင်မြူးခြင်းတို့ပျက်စီးလာတော့သည်။



ဆူဆန်မှာ မစားနိုင်ဖြစ်လာသည်။ ပျော်ရွှင်ခြင်းနှင့် ပတ်သက်၍ ဆူဆန်က စဉ်းစားလာသည်။ ပျော်ရွှင်ခြင်းကို လက်ခံဆိုလျှင် အလက်အပေါ် သူသစ္စာဖောက်ရာ ရောက်ပေတော့သည်။ ဘယ့်အတွက်ကြောင့်ဆိုသော် အလက်မှာ ပျောက်ဆုံးနေဆဲပင်ဖြစ်သည်။ သို့သော်လည်း ထိုသို့ပျောက်ဆုံးနေခြင်းမှာ ကားဂိုဒေါင်ထဲတွင် အလက်၏အလောင်း ပုပ်သိုးနေခြင်း မဟုတ်ကြောင်းကိုကား ဆူဆန် သိထားသည်။

ဆူဆန်၏အခြေအနေကို ဂရေဟမ်ကရိပ်မိသည်။ ထို့ကြောင့် သူက မကျေမနပ်ဖြစ်သည်။ 'ဒီမှာ ဆူဆန်၊ တွေ့ရမယ့် ကလေးတွေရဲ့အလောင်းဟာ အလက်ရဲ့အလောင်း ဖြစ်နိုင်တယ်လို့ မင်းကို ကိုယ်ပြောခဲ့ပြီပဲ'

'ဟုတ်ပါတယ်၊ ကျွန်မသိပါတယ်။ ဘာလဲ၊ ကျွန်မမသိဘူးလို့ ထင်နေလို့လား'

'အဲဒီအသိကို မင်းခေါင်းကလက်ခံတယ်၊ ဒါပေမယ့်လည်း အဲဒီအသိအတွက် ရင်ဆိုင်ဖို့ မင်းမှာအဆင်သင့်မရှိဘူးလို့ ကိုယ်ထင်တယ်'

'ရှင်ဘာကို ဆိုလိုချင်တာလဲ'

'ကိုယ်ဆိုလိုချင်တာက မင်းက ရဲအပေါ်မှာ အရာရာပုံအပ်ထားတယ်။ မင်းရဲ့စာတွေကို ပေးဖောက်ဖတ်ခိုင်းတယ်၊ မင်းရဲ့တယ်လီဖုန်းတွေကို နားထောင်ခိုင်းတယ်။ သူတို့ဆီက အကြံဉာဏ်တွေကိုတောင်းတယ်'

'ဟုတ်တယ်လေ၊ ဒီတော့....'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ကို ဆင်ခြေတွေ ပေးမနေပါနဲ့ဆူဆန်။ ကိုယ်ကမင်း အပြစ်တွေ ပြောနေတာ မဟုတ်ဘူး။ မင်းဘက်မှာ ကိုယ် နေတယ်'

'ကျွန်မကလည်း ရှင့်ကိုဆင်ခြေတွေပေးနေတာ မဟုတ်ဘူး'

ဂရေဟမ်က စကားကိုရပ်ပြီး အမှတ် ၁၀ ရောက်အော ရေတွက်သည်။ ထို့နောက် ညင်သာစွာဖြင့် ပြောသည်။ 'ကို ပြောမယ်၊ အချစ် တကယ်လို့များ မီနက်တီရဲ့ စောစော တယ်လီဖုန်းဆက်တဲ့ အကြောင်းဟာ တမျိုးတမည် ဖြစ်ခဲ့မယ် ဒါမှမဟုတ် ပိုလို့ဆိုးရွားတဲ့ အကြောင်းကို ပြောခဲ့မယ်ဆိုယ တကယ်လို့ ကိုယ်တို့အနေနဲ့ ဘာမှထပ်မကြားရဘူးဆိုယင်'

'အင်း....ဆိုစမ်းပါဦး' ဆူဆန်က အေးတိအေး ပြန်ပြောသည်။

'ကိုယ်ပြောချင်တာက မင်းအနေနဲ့ လက်ခံစဉ်းစားဖို့ အချိ ရောက်လာကောင်းရောက်လာ....'

'ဘာကို လက်ခံရမှာလဲ။ မျှော်လင့်နေရခြင်း ဆိုတာဟာ သိပ်ပြီး ပင်ပန်းလှတယ်ဆိုပြီးတော့ အလက်အပေါ် မျှော်လ ခြင်းတွေကို ကျွန်မက လက်လွှတ်လိုက်ရတော့မှာလား၊ ကျွ စိတ်ချမ်းသာမှုအတွက်၊ ကျွန်မကိုယ်ကျိုးအတွက် သူ့ကို အဆ ဖြတ်လိုက်ရတော့မလား'

'သူ့ကိုသတိမရရဘူးလို့ကိုယ်ပြောနေတာမဟုတ်ဘူးဆူဆ ကိုယ်တို့ရဲ့ တသက်တာ ကာလလုံး သူ့ကို သတိရနေမှာပဲဖြ တယ်။ တကယ်လို့ သူ့အသက်ကို ကယ်နိုင်မယ် ဆိုယင်လည်



ကိုယ်တို့က ကယ်ကြမှာဖြစ်တယ်။ ကိုယ်ပြောနေတာက မင်း အတွက်၊ မင်းကောင်းကျိုးချမ်းသာအတွက်....'

'ကျွန်မရဲ့ ကောင်းကျိုး ချမ်းသာအတွက် ဟုတ်လား၊ ရှင့် အတွက် ကော ဟင်၊ သူဟာ ရှင့်သားလည်းပဲ မဟုတ်လား'

ဂရေဟမ်က သက်ပြင်းချမိသည်။ ဆူဆန်၏ မျက်လုံးတို့မှာ အရောင်ထွက်နေပြီး စိတ်ဆိုးနေကြောင်းပေါ်လွင်နေသည်။

'ဟုတ်တယ်။ သူဟာ ကိုယ့်သားလည်း ဖြစ်တယ်။ မင်းက ကိုယ့်ကို သောကရောက်အောင်လုပ်နေတဲ့အတွက် ခုလို ပြော တာပါ'

'ခြော်....ရှင်က သောက မရောက်ဘူး ပေါ့ ဟုတ်လား။ ကျွန်မကသာ သောကတွေ ရောက်နေရတယ်။ ရှင်ကတော့ သောကကင်းလို့၊ စိတ်ချမ်းသာလို့ပေါ့ဟုတ်လား'

'နေပါဦး ဆူဆန်။ ကိုယ်ပြော ပါရစေဦး။ ကိုယ်ပြော ချင်တာက အဲဒီလို မဟုတ်ဘူး။ အဲဒီလို ပြောချင်တာ မဟုတ် ကြောင်းကိုလည်း မင်းရင်ထဲက သိပါတယ်။ ကိုယ်လည်း သောကတွေ ရောက်ခဲ့ရတာပေါ့။ ကိုယ့်အနေနဲ့ စိတ်တင်းပြီး ခံနိုင်လောက်အောင် သောကတွေ ရောက်ခဲ့ရတယ်'

ဆူဆန်က စားပွဲကို ကျော်ဖြတ်၍ ဂရေဟမ်အားစိုက်ကြည့် သည်။ သူပြောသည်မှာ မှန်ကန်ကြောင်း ဆူဆန်လက်ခံသည်။ ဂရေဟမ်သည် ယခုအခိုက်အတန့်တွင် ပို၍ စိတ်တည်တည် ငြိမ် ငြိမ် ရှိနေကြောင်း၊ စိတ်လှုပ်ရှားမှုတို့ကို ထိန်းသိမ်း နိုင်ကြောင်း ဆူဆန်နားလည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆုဆန်က ထိုင်ရာမှထလိုက်သည်။ 'ကျွန်မအိမ်ပြန်ချင်ပြီ'

အိမ်ရောက်သည်အထိ ဂရေဟမ်က လိုက်လံပို့သည်။ ဆုဆ သည်အိမ်ထဲသို့ဝင်ကာ အတွင်းမှနေ၍ဘံခါးကိုပိတ်လိုက်သ ထို့နောက်မှ အားပါးတရငိုတော့သည်။

ရက်သတ္တတပတ်ကြာအောင် ဂရေဟမ်နှင့် ဆုဆန်တို့မတွေ့ ဂရေဟမ်က ဆုဆန်အား ဆက်သွယ်ခြင်း မပြုပဲ ထားသ အမှန်အားဖြင့်လည်း အမှုနှင့်မပတ်သက်သူများထံမှ မည်သ ဆက်သွယ်မှုကိုမှ ဆုဆန်မရခဲ့။

ဘော့စတွန် မဂ္ဂဇင်းမှ သတင်းထောက် တယောက်ကသ ဆုဆန်ထံ ရောက်လာသည်။ သူတို့ မဂ္ဂဇင်းက ဆုဆန် အကြောင်းကို ရေးသား ဖော်ပြရန် အတွက် သတင်းထော သည် ဆုဆန်အား လာရောက်တွေ့ဆုံ ဆွေးနွေးမေးမြန်းခြ ဖြစ်သည်။ သူပြောသည်များကို လေးလေးနက်နက်နှင့် စိတ် စားစွာ နားထောင်သူတဦးအား ပြောချင်သည်များကိုပြော နိုင်ခြင်းအတွက် ဆုဆန်ကျေနပ်မိသည်။ စိတ်သက်သာရာလ ရမိသည်။

ယနေ့တွင် လူတယောက်က ဆုဆန်အား လမ်းပေါ်တွ ပြုံး၍နှုတ်ဆက်သည်။ 'ခင်ဗျားဟာဆုဆန်ဆယ်ကီမဟုတ်လာ ဟုလည်း သူကမေးသည်။



'ဟုတ်ပါတယ်' သူဘယ်သူလဲ၊ အလက်နှင့် ပတ်သက်ပြီး ဆီမှာ ပြောစရာတွေများ ရှိနေလို့လားဟု ချက်ချင်းပင် ဆန်ကစဉ်းစားသည်။

'မစ္စစ်ဆယ်ကီ....' လူစိမ်းက တည်တည်ခန့်ခန့်ပြောသည်။ မျက်နှာမှာ ပြုံးနေလျက်ရှိသည်။ 'ကျွန်တော်ပြောပါရစေ၊ သက်ခြောက်နှစ်သာရှိသေးတဲ့ ကလေးတယောက်ကို အဖော် ပါပဲနဲ့ တယောက်တည်း ကျောင်းကို လမ်းလျှောက်ပြီး ားခွင့် ပြုခဲ့တာကတော့ ခင်ဗျားရဲ့ အသိတရားမဲ့မှုပဲ။ ဗျားဟာ အင်မတန် ကြေကွဲဝမ်းနည်းနေရတယ် ဆိုတာကို န်တော်သိတယ်။ ဒါပေမယ့်လည်း ခင်ဗျားဟာ အဆုံး ဖြတ် မှားယွင်းခဲ့တယ်။ အဲဒီလို မှားယွင်းကြောင်းကိုလည်း အများသိအောင် ဝန်ခံသင့်တယ်။နောက်ပြီးတော့လည်းပဲ....' ဆန်က သူ့အပါးမှခွာလိုက်သည်။ သို့သော် သူ့အသံက ပ်၍လိုက်ပါလာသည်။ သူ့နောက်ကျောတွင် ပြုံး၍ပါလာ သော မျက်နှာကို ဆုဆန်မြင်မိသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက သိကျွမ်းခဲ့သော များသည် ဆုဆန်အား မြင်တွေ့ရသောအခါ မျက်နှာလွှဲ ားကြကြောင်း၊ ရှောင်သွားကြကြောင်း ဆုဆန် သတိထား သည်။ သူတို့ကို ဆုဆန် အပြစ်မတင်မိ။

လူအများကပင် သူ့ကို ရုပ်မြင်သံကြားတွင် တွေ့ခဲ့ကြသည်။ ရင်ထဲတွင် မည်သို့ ခံစားနေရကြောင်း ပြောပြသည်ကို အများကနားထောင်ခဲ့ကြသည်။ ထိုသို့ မြင်တွေ့နားထောင် းသည့်နောက်တွင်, လူအများ၏ရင်ထဲ၌ မည်သို့ ခံစားနေရ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို ထုတ်ဖော်ပြောဆိုနိုင်ခွင့်ပေးမှသာ တရားမျှတ ရောက်ပေတော့မည်။

အလက်၏မွေးနေ့တွင် ဂရေဟမ်တယောက် ရောက်လာ ဖြစ်ကြောင်း ဆူဆန်လက်ခံထားသည်။ သားငယ်၏မွေးနေ့ ဆူဆန်အား ဂရေဟမ်က တယောက်တည်း ပစ်ထားလိမ့် မဟုတ်။

မိုးရွာသောနေ့၊ အလက် ခုနစ်နှစ်ပြည့်သော နေ့ တယ်လီဖုန်းမြည်သံတို့ များပြားလာပြန်သည်။ ဘော့စတွန် သတင်းစာများက အလက်၏ ဓာတ်ပုံနှင့်အတူ အလ ပျောက်ဆုံးမှု သတင်းများကို ပြန်လည်ဖော်ပြကြသည်။ ဆူ ကလည်း ရုပ်မြင်သံကြားမှ သားငယ် ပျောက် ဆုံး နေ အကြောင်းကို တင်ပြသည်။ သားငယ်အလက် ပျောက်ဆုံး သည်မှာ ၃၃ ရက်ရှိပြီ ဖြစ်ကြောင်းကိုလည်း ဆူဆန် ပြောပြသည်။

နေ့လယ်ပိုင်းတွင် မာတီနာက တယ်လီဖုန်းဆက်သည်။

'ဟေ့....ဆူဆန်' သူက စိုးရိမ်သောအသံဖြင့် ပြောသ

'နေကောင်းရဲ့လား'

'နေကောင်းပါတယ်၊ ကျွန်မ ခုလေးပဲ ရုပ်မြင်သံကြ ရိုက်ပြီး ပြန်လာတယ်'

'ဟုတ်လား၊ အခြေအနေကောင်းရဲ့လား'

'ကောင်းပါတယ်'

'....... ရာသီဥတုကလည်း ဆိုး လိုက် တာ' မာတီနာ ပြောသည်။



'ဟုတ်ကဲ့' ဆူဆန်ကပြောသည်။ ခုနစ်နှစ်ပြည့်သော မွေးနေ့ တွင် အလက်က ကရိန်းပင်လယ်ကမ်းခြေသို့ သွားရောက်လို သည်။ သူငယ်ချင်းများကိုဖိတ်၍ ပျော်ပွဲစား သဘောမျိုး သွားရန် သူကစီစဉ်ခဲ့သည်။

'ဒီနေ့က အလက်ရဲ့မွေးနေ့လေ'

'ဟုတ်တယ်၊ သိတယ်' မာတီနာကပြောသည်။ သို့သော် မာတီနာ မလုံမလဲဖြစ်မိသည်။ ဆူဆန့်ထံသို့ အဆက်အသွယ် လုပ်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။ ယခု တယ်လီဖုန်းဆက် င်းမှာ အလက်မွေးနေ့ကိုသိ၍ ဆက်ခြင်းဖြစ်ကြောင်း ဆူဆန် က်ခံလျှင် ကောင်းချည်ရဲ့။

'ကျေးဇူးပဲ' ဆူဆန်ကပြောသည်။ 'အလက် မွေးနေ့ကို င်မှတ်မိနေတဲ့အတွက် ကျွန်မဝမ်းသာတယ်'

'ဘာတွေများ အကူအညီ ပေးနိုင်မလဲ' မာ တီ နာ က မေးသည်။

'ကျေးဇူးပဲ၊ ဘာအကူအညီမှမလိုပါဘူး'

အချိန်အနည်းငယ် ကြာသောအခါ ဆူဆန်က ဂျိုစီလင်းထံ တယ်လီဖုန်း ဆက်သည်။ ဂျိုစီလင်းအား တွေ့ချင်သည့်စိတ် ပေါ်ပေါက်လာ၍ဖြစ်သည်။ ဂျပ်စတင်းနှင့်လည်းတွေ့ချင်သည်။ သူတို့သားအမိ ရောက်လာပြီး လက်ဖက်ရည်လာသောက်လျှင် ကောင်းမည်။ သူတို့ကိုညှော်ခံဖို့ ကိတ်မုန့် သွား ဝယ် မည်။ အလက်၏ မွေးနေ့တွင် ပျော်ရွှင်စရာများကို လုပ်ပေးလို သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဂျိုစီလင်းထံ တယ်လီဖုန်းဆက်၍မရ။ တယ်လီဖုန်းခေါ်သည်ကို ထူးမည့်သူမရှိ။ ဆူဆန်က အကြိမ်ကြိမ် ထပ်ဆက်သည်။ သို့သော်မရ။

ညစာစားချိန် နီးကပ်လာသည်။ ထိုအချိန်တွင်မှ ဂရေဟာမ်တယောက် သူ့ထံလာတော့မည် မဟုတ်ကြောင်း ဆူဆန်သိသည်။ သူ့စိတ်နာကျည်းအောင် မည်သို့များ ပြောလိုက်မိလေသနည်း။ ခွင့်မလွှတ်နိုင် လောက်အောင် သူ့အပေါ်ပြောလိုက်မိလေရော့သလားဟု ဆူဆန်တွေးတောသည်။

ဆူဆန်က အကြိမ်ကြိမ် ပြန်လည်စဉ်းစားသည်။ သို့သော်အဖြေကိုရှာမတွေ့။ အကယ်၍ ပြောမှားဆိုမှား ရှိခဲ့မည်ဆိုလျှင်လည်း ဂရေဟာမ်က နားလည်တန် ကောင်းသည်။ ဂရေဟာမ်သည် သူ့အပေါ် အစဉ်ပင် နားလည်ခဲ့သည်ဟု ဆူဆန်ယုံကြည်သည်။

ညပိုင်းရောက်လာ၍ ဂရေဟာမ်က တယ်လီဖုန်းပင်မဆက်သောအခါ ဆူဆန်မှာ အကြီးအကျယ် အားငယ်စိတ်ပျက်မိတော့သည်။

ကိုးနာရီ ထိုးသောအခါ လှေကားသို့ တက်လာသည့်ခြေသံကိုကြားရသည်။ ဂရေဟာမ်များလား၊ သူ့ခြေသံမဟုတ်သို့ဆိုလျှင် မည်သူဖြစ်မည်နည်း။ ဆူဆန်ဂရုမစိုက်။ သူ့ကိုသတ်ရန် လာနေသောသူ၏ ခြေသံများလား။ သူ့ကို အသေသတ်ရာတွင် နာကျင်ခြင်း ရှိလိမ့်မည် မဟုတ်ဟု ဆူဆန်မျှော်လင့်သည်။

အခန်း၏အမှောင်ထဲတွင် တီဂျေကရပ်လိုက်သည်။



'ဆူဆန်....ဆူဆန် မင်းဘယ်မှာလဲ' သူက လှေကားထစ်များကို တက်လိုက်ပြန်သည်။ ထို့နောက် လှမ်း၍ခေါ်ပြန်သည်။

တီဂျေသည် ဧည့်ခန်းထဲသို့ သွားသည်။ ခဏကြာအောင်ရပ်နေပြီးမှ မီးခလုတ်ကိုဖွင့်သည်။ ထိုအခါတွင်မှ ပြတင်းပေါက်အနီးတွင် ထိုင်နေသည့် ဆူဆန့်ကို တွေ့ရသည်။ တီဂျေကဆူဆန်၏ အနီးသို့သွားကာ ဆံပင်များကို ယုယစွာပွတ်သပ်ပေးသည်။

'ပျော်စရာကောင်းတဲ့မွေးနေ့ဖြစ်ပါစေ'တီဂျေကလေသံဖြင့်ပြောသည်။ ဆူဆန်က ခေါင်းညိတ်ပြပြီး စတင်ငိုသည်။ အချိန်အတန်ကြာအောင်ပင်ငိုသည်။

ငို၍ အားရသော အခါတွင်မှ မျက်ရည်များကို သုတ်ပြီးအန်နီကော'ဟု မေးသည်။

'ဒီည သူမအားဘူး၊ အလက်အတွက် ဆုတောင်းလိုက်ပါတယ်ဆိုတဲ့အကြောင်း မင်းကိုမှာလိုက်တယ်'

သူတို့နှစ်ယောက်က အတန်ကြာအောင် စကားမပြောပဲနေကြသည်။ ခဏကြာမှ 'ဂရေဟာမ်ကော၊ ဘယ်မှာလဲ' ဟုတီဂျေကတိုးတိုးပင်မေးသည်။

ဆူဆန်က ပခုံးတွန့်ပြ၍ ခေါင်းကိုလည်း ယမ်းပြသည်။ တီဂျေက သူ့မေးခွန်းကို မဆက်တော့။

'ဒီနေ့အလက်မွေးဖွားတဲ့နေ့ကို ပြန်ပြီးသတိရမိတယ်'တီဂျေကပြောသည်။'ညနေပိုင်းမှာမွေးပြီး သူ့ကိုမှန်ခန်းထဲ ထည့်ထားတော့ သူဟာ ဆံပင်မည်းမည်းနဲ့ မျက်နှာကတော့ နီမြန်းနေခဲ့တယ်။ ဂရေဟာမ်လိုပဲ သူ့နှာခေါင်းက ထင်ပေါ်ခဲ့တယ်။ စောင်

www.burmeseclassic.com

www.burmeseclassic.com



အပြင်ကိုထွက်နေတဲ့ သူ့လက်သီးလေးနှစ်လုံးကို ငါနဲ့ဂရေ... တို့ တွေ့ခဲ့ကြတယ်။ မင်းကတော့ အိပ်ပျော်နေခဲ့တယ်။မင်း... အောင် မင်းအခန်းထဲဝင်ပြီး ပန်းတွေထားခဲ့တယ်။ မင်း... သေးသလား။ ဂရေဟမ်က မင်းအတွက်သိပ်ပြီး ဂုဏ်ယူခဲ့တ... မင်းဟာသိပ်ပြီး သတ္တိရှိတယ်။ သန်မာတယ်လို့ သူကပြော... တယ်။ မင်းအိပ်နေခဲ့တဲ့အချိန်မှာ မင်းရဲ့ဆံစလေးတွေဟာ ... ပေါ်ဝဲကျနေခဲ့တယ်။ မင်းဟာချစ်စရာ အကောင်းဆုံး အိပ်... မြင်မက်နေရသလိုပဲ’

‘ဟုတ်ပါတယ်’ ဆူဆန်ကတိုးတိုးပင်ပြောသည်။ တချိန်... သူတို့ဘဝတွင် အလက်မရှိခဲ့။ သို့သော် တနေ့သော အခါ... ဖြုန်းကနဲ အလက်ရောက်လာတော့သည်။ ယခုတော့ အလ... မရှိတော့ပြန်။ ရောက်လာသည့် အချိန်နှင့် မရှိတော့သ... အချိန်တို့မှာ တိုတောင်း လွန်းလှသည်ကို မည်သူမှ ကြို... တွက်ချက်ခဲ့ကြလိမ့်မည်မဟုတ်ပေ။

‘သူ့ကို အမည်ပေးတဲ့နေ့မှာ ဖြစ်ပျက်ခဲ့တာတွေ ကို... မှတ်မိ သေး သလား။ ဘုန်းတော်ကြီးက သူ့ ခေါင်း ... ရေလောင်းချလိုက်တဲ့အခါမှာ အလက်ဟာလန့်ပြီးတော့ အ... ကုန်အောင် အော်ငိုခဲ့တယ်။ တို့များကတော့ ရယ်ချင်တဲ့ စိ... တွေ ဖြစ်ခဲ့ရတယ်။ ဒါပေမယ့်လည်း မရယ်မိအောင်... အတော့်ကိုကြိုးစားခဲ့ရတယ်။ မင်းကငါ့ကိုလှမ်းပြီး ပေးလို... တဲ့အခါမှာ အလက် ငါ့လက်ထဲက လွတ်မကျသွားအော... အတော့်ကိုသတိထားခဲ့ရတယ်’



...အမည်ပေးတဲ့အခါမှာ ကလေးငိုယင် ကောင်းမယ်လို့ ...ပြောခဲ့တယ်’ ဆူဆန်ကပြောသည်။ ‘အဲဒီလို ငိုလိုက်လို့ ...မကောင်းဆိုးဝါးတွေကို မောင်းထုတ်သလို ဖြစ်တယ်လို့ ...ပြောတယ်’

...လည်း အဲဒီနေ့ကသိပ်ပြီး ကျေနပ်ခဲ့တယ်။ မင်းနဲ့ ဂရေ ...ကြားမှာ အလက်ကိုထွေးပိုက်ပြီးရပ်နေရတာကို ငါသိပ်ပြီး ...ဝမ်းသာ ဂုဏ်ယူခဲ့မိတယ်။ တို့များ လေးယောက်ဟာ ...သားစုဘည်း ဖြစ်ကြတယ်လို့လည်း ငါ မှတ်ယူ ခဲ့တယ်။

...ဂျေက သူ့အင်္ကျီအတွင်းသို့ နှိုက်လိုက်သည်။ သူ့လက်ထဲတွင် ...သော သေတ္တာငယ်လေးကို ဆူဆန့်ထံ လှမ်းပေးသည်။ ...က သေတ္တာငယ်လေးကို လှမ်းယူ၍ ဖွင့်ကြည့်သည်။ ...သေးပတ် လက်ပတ်နာရီတလုံးကို တွေ့ရသည်။ နာရီ၏ ...ကျောတွင် တီဂျေထံမှအလက်သို့ ဇူလိုင် ၂၇၊ ၁၉၇၀ ...ရေးထားသည်။

...အလက်ကိုပေးဖို့ ကြိုတင် လုပ်ထားခဲ့တာလေ’ တီဂျေက ...သံဖြင့်ပြောသည်။

ဆူဆန်က တီဂျေကို မော့ကြည့်သည်။ တီဂျေငိုနေသည်။ ...နှစ်ပေါင်းများစွာ ဆက်ဆံခဲ့သည့် အချိန်များအတွင်း ...ဂျေငိုသည်ကို ဆူဆန်က ပထမဆုံးအကြိမ် တွေ့ရှိရခြင်းပင် ...သည်။

‘သားငယ်က ကျွန်မတို့ကို အများကြီး စိတ်ချမ်းသာစေခဲ့ ...တယ်’ ဆူဆန်ကပြောသည်။ ‘သူ့အတွက် ထိုက်တန်တဲ့ ပစ္စည်း ...းတွေကို ကျွန်မတို့ပေးမှ ပေးနိုင်ပါဦးမလားလို့ ထင်မိ...’

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးအောင် ဆူဆန်မပြောနိုင်။ သူတို့နှစ်ယော
တယောက်ကိုတယောက် ဖက်၍ငိုကြွေးကြသည်။

ခဏကြာသောအခါသူတို့ကအောက်ထပ်သို့ဆင်း၍ ပြ
ပေါက် အနီးတွင်ထိုင်ကြသည်။ ထိုစဉ် လမ်းထဲသို့ ဖြည်
စွာဝင်လာသော မော်တော်ကား၏ မီးရောင်ကို ပြတင်းပေ
မှတဆင့် လှမ်း၍မြင်လိုက်ရသည်။ ကားမီးရောင်က သူ
ရှေ့သို့ ရောက်သောအခါ ရပ်သွားကြောင်း တွေ့ရ
တီဂျေက ပြတင်းပေါက် ရှိရာသို့သွားပြီး အောက်
ကြည့်သည်။

'ရဲကားပါလား'

ကားမီးငြိမ်းသွားပြီး စက်ရပ်သံကိုလည်း ကြားလို
သည်။ဆူဆန်က ကုလားထိုင်တွင်ပင်ငြိမ်သက်စွာ ထိုင်နေ
တီဂျေလှမ်းပြောသည်များကို စူးစိုက်နားထောင်နေသည်

'ကားထဲမှာ ဂရေဟမ် ပါလာတယ်။ ဟော...သူ
ဂရေဟမ်ကို အိမ်ထဲခေါ်လာကြပြီ'

တီဂျေနှင့်ဆူဆန်တို့က တယောက်ကိုတယောက် လှ
ကြည့်ကြသည်။ ဆူဆန်မှာ မျက်လုံး အဝိုင်းသားနှင့် ဖြ
သည်။ တီဂျေကအောက်ထပ်သို့ ပြေးဆင်းသည်။

လှေကားသို့ တထစ်ချင်း တဖြည်းဖြည်းတက်လာသော
ခြေသံကို ဆူဆန် ကြားရသည်။ 'ဖြည်းဖြည်းအေးအေးပဲ
သိပ်ပြီးလောမကြီးနဲ့' ဟူသော ပြောသံကိုလည်း ကြားရသ
ထို့နောက် တီဂျေအသံ ကြားရပြန်သည်။ 'ဘယ်လို ဖြစ်



ာလဲ' ဂရေဟမ်က တစုံတရာကို လှမ်းဖြေသည်။ သို့ရာတွင်
သူ့အသံကို ပီသစွာမကြားရ။

အခန်းတံခါးဝသို့ ရောက်လာသည့် ဂရေဟမ်ကို ဆူဆန်
တွေ့လိုက်ရသည်။ မှင်တက်မိကာ ဆူဆန်က ဂရေဟမ်ကို
ကြည့်နေသည်။ ပါးစပ်ဟောင်းလောင်းဖြင့်လည်း အံ့ဩ
နေသည်။ သူ့ပါးစပ်မှ ထိတ်လန့်တကြား အသံထွက်မသွား
န်ကိုလည်း ဆူဆန်က ထိန်းနေရသည်။

ဂရေဟမ်၏မျက်နှာမှာ အညိုအမည်း များဖြင့် ပြည့်နေ
သည်။ မျက်လုံးတဘက်မှာလည်းရောင်၍ပိတ်နေသည်။နှုတ်ခမ်း
တို့မှာလည်း သွေးရောင် မရှိတော့။ ယာဘက် ပါးပြင်တွင်
ာန့်လန့်စင်း အညိုရောင်ကြီးကို တွေ့ရသည်။ ဂရေဟမ်က
နှုတ်ခမ်းကို ကြိုးစားလှုပ်၍ စကား ပြောသည်။ သို့သော်
းရောင်နေသော နှုတ်ခမ်းမှ ထွက်လာသည့်အသံတို့မှာမပီသ။
ားလည်းမလည်နိုင်။ သူက လက်တဘက်ဖြင့်လည်း နံကြားကို
ထားသည်။ ဆူဆန်က ထိုနေရာကို စိုးရိမ်တကြီး လှမ်းကြည့်
လိုက်သောအခါ ဂရေဟမ်က '...နာလို့ပါ။ နံရိုးကျိုးတာ
တော့ မဟုတ်ပါဘူး' ဟု ကြိုးစားပြောသည်။

ကုလားထိုင်တွင်ဝင်ထိုင်ရန် တီဂျေက ဂရေဟမ်ကို ဖေးမ
တွဲသည်။ ထိုစဉ် ရဲတဦးက 'သူ့ကို ဆေးရုံ ခေါ်သွားမယ်
ဆိုတာ သူကလက်မခံဘူး။ တကယ်တော့ နာနေတယ်ဆိုတဲ့နံရိုး
နေရာကို ဓာတ်မှန်ရိုက်ကြည့်သင့်တယ်' ဟု ပြောသည်။

'ကျန်တဲ့နေရာတွေ အားလုံးကိုလည်းပဲ ဓာတ်မှန်ရိုက်ကြည့်
သင့်တာပါ'ဟု အခြားရဲတဦးက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'နက်ဖြန်မှပဲသွားမယ်' ဂရေဟာမ်ကကြိုးစားပြောပြန်သည်။

'ထုံးစံအတိုင်းပြောရယင်တော့ ကျွန်တော်တို့က သူနာမည်ကို ခေါ်ကြရမယ်။ဒါမှမဟုတ်ရဲစခန်းကိုခေါ်သွားရမယ်။ ဒါပေမယ့် သူဘယ်သူလဲဆိုတာနဲ့ ဘာတွေဖြစ်ခဲ့တယ် ဆိုတာကို သိရပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်တို့က အိမ်ကိုလိုက်ပို့ဖို့ ဆုံးဖြတ်ခဲ့ကြတယ်'

'ဆေးရုံခေါ်သွားမယ် ဆိုတာကို သူက လက်မခံခဲ့ဘူး' ရဲတဦးက ပြောပြန်သည်။ 'သူ အိမ်ကိုရောက်အောင် သွားမယ်လို့ ပြောခဲ့တယ်'

'နေကြပါဦး။ ဘာတွေဖြစ်လာခဲ့တာလဲ။ သူ့ကို ဘယ်နေရာမှာ တွေ့ခဲ့ကြတာလဲ' ဆူဆန်က မေးသည်။

'ကင်းဘာရစ်မြောက်ပိုင်းမှာ။ကျွန်တော်တို့ကလည်းအဲဒီနယ်မြေက ရဲတွေပါ။ သူ့ကို ကျွန်တော်တို့တွေ့တဲ့အချိန်မှာသတိတချက် မရတချက် ဖြစ်နေခဲ့တယ်။ကျွန်တော်တို့အတတ်နိုင်ဆုံး ကြိုးစားမေးကြည့်ခဲ့ရသလောက် သူဟာ ပြန်ပေးဆွဲတဲ့ သူ့ချိန်းဆိုချက်အရ ရောက်လာခဲ့တယ်လို့ သိရတယ်။ မနေ့ကမနက်က သူ့ဆီကို ပြန်ပေးဆွဲတဲ့သူက အကြောင်း ကြားခဲ့တယ်လို့ သိရတယ်။ အဲဒီလို အကြောင်းကြားကြောင်း ရဲကိုအသိပေးပါလို့ပြောထားလျက်နဲ့ သူကရဲကိုအသိမပေးပဲ ဒီညဆယ်နာရီမှာ ငွေသား ဒေါ်လာတသောင်းနဲ့အတူ ချိန်းထားတဲ့ နေရာကို လာခဲ့တယ်'



ဆူဆန့်နှလုံးမှာ အခုန်ရပ်သွားသည်ကဲ့သို့ ဖြစ်သွားသည်။ ...ရားသခင်'တီဂျေက ရေရွတ်သည်။သူတို့နှစ်ယောက်စလုံးက ...ရေဟာမ်ကို စိုက်ကြည့်နေကြသည်။

'ကျွန်တော်....ကျွန်တော့်ကိုတယ်လီဖုန်းဆက်ပြီးအကြောင်း ...ကြားခဲ့တာ အမျိုးသမီးတယောက်ပဲ။ ဂရေဟာမ်က စကားကို ...အတတ်နိုင်ဆုံး ပီသအောင် ကြိုးစား၍ပြောသည်။ သို့သော် ...သက်ရှူလိုက်တိုင်း နာကျင်သည်။ ထို့ကြောင့် ဂရေဟာမ်က ...ကားကို နား၍ပြောရသည်။အဲဒီ....အမျိုးသမီးကြီးက.... သူနဲ့အတူ သားငယ်အလက်ရှိနေတယ်လို့....ပြောခဲ့တယ်။သားငယ်...ာ....ဖျားနေတယ်လို့ အဲဒီ အမျိုးသမီးက....ပြောခဲ့တယ်။ ...ကြောင့်မို့ လို့ သူ့အနေနဲ့ စိုးရိမ် လာမိတယ်....ဆရာဝန်ကို ...ည်း ခေါ်မပြဖို့ဘူး....ဒါကြောင့်မို့ လို့....သားငယ်ကိုရောင်း ...ချင်တယ်....ကျွန်တော့်ကို ဒေါ်လာ၊ တသောင်းနဲ့ ရောင်းချင်တယ်လို့ ပြောခဲ့တယ်'

'ဒီတော့ အလက်နဲ့စကားပြောချင်တယ်လို့ ရှင်က အမျိုးသမီးကြီးကို မပြောခဲ့ဘူးလား' ဆူဆန်က မေးသည်။

ဂရေဟာမ်က ခေါင်းညိတ်ပြသည်။ 'ကလေးအသံနဲ့....ဖေဖေ... ခေါ်သံကို....ကျွန်တော်ကြားခဲ့ရတယ်' ပွင့်နေသော သူ၏ ...က်လုံးတဘက်တွင် မျက်ရည်များ ပြည့်နေကြောင်း ဆူဆန် ...တွေ့ရသည်။ 'အဲဒီလို ကလေးအသံကိုကြားရုံနဲ့....အယောက် ...အသား မခိုင်လုံကြောင်း.... အမျိုးသမီးကို ပြောခဲ့တယ်.... ကြားလိုက်ရတဲ့အသံဟာအလက်ရဲ့အသံ....တကယ်ဟုတ်မဟုတ် ...သိနိုင်ဘူးလို့လည်းပြောခဲ့တယ်။ဒီတော့အမျိုးသမီးက...သူ့မှာ

www.burmeseclassic.com

www.burmeseclassic.com



အဖျားသွေးရှိနေတယ်....အိမ်ရာထဲမှာ လှဲနေရလို့ မယ်ဒီ
ပြောခဲ့တယ်'

'ဒီတော့ ခင်ဗျားက ဘာအကြောင်းကြောင့် ရဲကို မ
ကြားခဲ့တာလဲ' တီဂျေက မေးသည်။

'တကယ်လို့....ရဲကိုအသိပေးခဲ့ယင်....ကလေးကိုတယော
တည်း ထားပစ်ခဲ့မယ်....ဒါဆိုယင် သူသေမှာပဲလို့ အမျိုးသ
က ပြောခဲ့တယ်။ ရဲအဖွဲ့ထဲမှာသူ့ မိတ်ဆွေရှိနေတယ်။ ဒါကြော
မို့လို့ ရဲကိုအကြောင်းကြားမယ်ဆိုယင် သူသိမယ် လို့လည်း
အမျိုးသမီးက ပြောခဲ့တယ်....'

'ဂရေဟမ်ရယ်' တီဂျေက ဖူးရောင်နေသော သူ့မိတ်ဆွေ
မျက်နှာကို ကြည့်၍ပြောသည်။

'တကယ်တော့ အဖမ်းခံရမယ့် အခြေ အနေ....အန္တရာယ်
တွေ့နိုင်မယ့် အခြေအနေတွေနဲ့ ယှဉ်လိုက်ယင် ဒေါ်လာ
တသောင်းဆိုတာက ဘာမှရှိတာ မဟုတ်ဘူးလို့လည်း အမျိုး
သမီးက....ပြောခဲ့တယ်။ ခုလို ငွေတောင်းရတာဟာ ကလေး
ဖျားနေတဲ့အတွက်ကြောင့် ဖြစ်တယ်လို့လည်း ပြောခဲ့တယ်'

'ဒါနဲ့ ဒေါ်လာတသောင်းကို ရှင် ဘယ်ကရခဲ့သလဲ' ဆူဆန်
က မေးသည်။ သူနှင့်ဂရေဟမ်တို့တွင် မည်သည့် အခါကမှ
ဒေါ်လာတသောင်း ပိုင်ဆိုင် နိုင်လောက်အောင် ငွေမရှိ
ခဲ့ကြောင်း ဆူဆန်သိထားသည်။

'ချေးတာပေါ့....ဖေဖေ့ ဆီက ဒေါ်လာ နှစ်ထောင်
ရောဘတ်ဆီက ဒေါ်လာရှစ်ထောင်....'



'ဘယ်သူ့ ဆီက ရှစ်ထောင်ချေးတာလဲ' ဆူဆန်ကမေးသည်။
ရောဘတ်ဟု ပြောလိုက်သည်ကို သူ့နားထဲတွင် ဘော်ဘတ်ဟု
ဆူဆန် ကြားလိုက်မိခဲ့သည်။

'ရောဘတ်ဆီက' ဂရေဟမ်က ထပ်မံပြောသည်။

'ရောဘတ်က ရှင့်ကို ဒေါ်လာ ရှစ်ထောင် ချေးတယ်
ဆိုတာလား'

'ခင်ဗျားတဦးတည်းရဲ့ သဘောထားနဲ့ အဲဒီလို လုပ်တယ်
ဆိုတာကိုကော သူတို့ကို ပြောပြခဲ့သလား' တီဂျေက မေးသည်။

'ဖေဖေ့ကိုတော့ မပြောပြခဲ့ဘူး'

'ဒီတော့ ရောဘတ်ကခင်ဗျားကို မတားခဲ့ဘူးလား'

ဂရေဟမ်က ပခုံးတွန့်ပြသည်။

'ကဲ....ကျွန်တော်တို့ ပြန်ကြရဦးမယ်' ရဲတဦးကပြောသည်။
ခင်ဗျားတို့အမှုကို စုံစမ်းနေတဲ့အဖွဲ့ဆီ ကျွန်တော်တို့က အစီ
ရင်ခံ တင်ပြမယ်။ ဒီအမှုကို ခေါင်းဆောင်နေတဲ့သူက မိနက်တီ
ဆိုတာလား။ ကျွန်တော်တို့ သတင်းစာထဲမှာ ဖတ်ခဲ့ရတယ်'

ဆူဆန်ကခေါင်းညိတ်ပြသည်။ 'သူ့ကို အိမ်ပြန်ခေါ်လာတဲ့
အတွက် ကျေးဇူးတင်ပါတယ်' ဆူဆန်ကလက်လှမ်းပေးသည်။
ကျေးဇူးအများကြီးတင်ပါတယ်ရှင်'

'သူ့ကို ကျွန်တော်တို့က ဆေးရုံ ခေါ်သွားသင့် တာပါ'
ဆူဆန်ကို လက်ဆွဲနှုတ်ဆက်ယင်း ရဲကပြောသည်။ 'မနက်
ကျသင်းတာနဲ့ သူ့ကို ဆေးရုံကိုပို့ဖြစ်အောင်ပို့ပေးပါ။ ကျွန်တော်
တို့ကို အဖြောက် အထားတွေ ပြောပြဖို့ အတွက် ခင်ဗျားနဲ့

www.burmeseclassic.com



အဆက်အသွယ် လုပ်ပါဦးမယ် မစ္စတာဆယ်ကီ....' သို့ ဂရေဟမ်က ခေါင်းယမ်းပြသည်။

ရဲတဦးက ဆူဆန်ကို လှမ်းကြည့်သည်။ 'အကောင်း ကတော့ မစ္စစ်ဆယ်ကီနဲ့ ပထမဆုံး ဆက်သွယ်ဖို့ပဲ ဖြစ်မယ် ကျွန်တော်တို့ နားလည်ထားတယ်' ဆူဆန်က ခေါင်းညိ ပြသည်။

'သူ့ကို အိပ်ရာထဲရောက်အောင် ကျွန်တော်တို့ လိုက်ပို့ ရဦးမလား'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်'

ရဲနှစ်ဦးက ဂရေဟမ်အား တယောက် တဘက်စီ တွဲ ထူသည်။ ထို့နောက် အိပ်ရာရှိရာသို့ လိုက်ပို့သည်။

'ရဲတွေကို လိုက်ပို့လိုက်ဦးမယ်' နေသားတကျရှိသော အ တီဂျေက ပြောသည်။ 'နောက်ပြီး ငါလည်း တခါတည်း ပြ တော့မယ်' တီဂျေက ဂရေဟမ်၏ နဖူးကိုကုန်း၍ နမ်းသည်။

သူတို့နှစ်ယောက်တည်းကျန်ခဲ့သောအခါ ဆူဆန်က အဝ အစားလဲပေးသည်။ ထို့နောက် အိမ်ရာပေါ် လှဲချပေးသည်။

'မီးမှိတ်လိုက်ရမလား' ဆူဆန်က တိုးတိုးမေးသည်။ သူ ခေါင်းညိတ်ပြသည်။ ဆူဆန်က မီးခလုတ်ကို ပိတ်ပြီး အမှော ထဲတွင် ခဏကြာအောင်ရပ်နေမိသည်။

ခဏကြာသောအခါတွင် အိပ်ရာနံဘေးသို့သွား၍ ဆူဆန် ဒူးထောက် ထိုင်ချသည်။ ဂရေဟမ်က ဆူဆန်၏ ကိုယ်လုံး ဆွဲယူကာ တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်သည်။ မျက်ရေ



များနှင့်ဖူးရောင်နေသောနှုတ်ခမ်းများကြားမှ လေသံတိုးတိုးကို ဆူဆန်ကြားရသည်။

'သားငယ်ကို... မင်းဆီ ရောက်အောင်....ပြန်ပို့ပေးဖို့ ...သိပ် ပြီးတော့ ကိုယ်လိုလားခဲ့တယ်'

ခြထောက်ဖြင့် ပြင်းထန်စွာ ကန်ကျောက် ခြင်း ခံခဲ့ရသော ကြောင့် ဂရေဟမ်၏ နံရိုးများအက်ခဲ့သည်။ မျက်နှာနှင့် လက် မောင်းများတွင်လည်း ဒဏ်ရာများရခဲ့သည်။ ဆရာဝန်များက သူ့ကိုကြိုးစားကုသပေးကြသည်။ ကိုယ်ခန္ဓာအတွင်း သွေးများ မှ မထွက်လာစေရန် အတွက် သူ့ကို ဆေးရုံတွင် နှစ်ရက်တင် ထားသည်။

ဆူဆန်က ဂရေဟမ်ထံသို့သွားရောက်သည်။ သူ့အခန်းမှာ ကျဉ်းမြောင်းသည်။ ပထမညနေ ဧည့်သည်များ လာချိန်တွင် ဂရေဟမ်က တံခါးဝသို့သာ စောင့်ကြည့်နေခဲ့သည်။ ဆူဆန်ကို စောင့်မျှော် နေသည့်ကဲ့သို့ ရှိသည်။ ဆူဆန် ဝင်လာ သည်ကို မြင်သောအခါ သူက လက်ကိုဆန့်တန်းပေးသည်။ သူ့လက်ကို ကိုင်၍ ဆူဆန်က အိပ်ရာနံဘေးတွင် ဆယ်မိနစ်ခန့်ရပ်နေခဲ့၏။ ထို့နောက် သူနာပြုဆရာမ အခန်းထဲဝင်လာပြီး လူနာအိပ်ချိန် ရောက်ပြီဟု ပြောခဲ့သည်။

ဒုတိယနေ့ ညနေတွင် သူ့မျက်နှာတွင် သွေးရောင်များ ပြန်လည်သန်းလာသည်။သူ့အသက်ရှူပုံမှာလည်း ယခင်နေ့များ

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ ကျပ်ကျပ်တည်းတည်း မရှိတော့ကြောင်း ဆူဆန်သတိပြု မိသည်။

'မနက်ဖြန်မှာ ဆေးရုံက ဆင်းရတော့မယ်' ဂရေဟမ်က ပြောသည်။

'ကျွန်မ သိတယ်။ ခုနကပဲ ဆရာဝန်နဲ့တွေ့ခဲ့တယ်'

ဂရေဟမ်က ခေါင်းညိတ်ပြသည်။ 'ကိုယ့်အိမ်ကိုပြန်ချင်ပြီ' သူကပြောသည်၊ ဆူဆန်ကငြိမ်နေလိုက်သည်။ ထို့နောက် သူ့ စိုက်ကြည့်သည်။ သူ့ မျက်လုံးများ ထဲတွင် တစုံတရာသော အကြောင်းအရာ ရှိနေပြီဟု ထင်မြင်မိသည်။

ဆူဆန်က အိပ်ရာ နံဘေးတွင် သူ့လက်ကို ဆုပ်ကိုင် ရပ်နေသည်။

'ဆေးရုံက ဆင်းတဲ့ အချိန်မှာ ရှင့်ကို ကျွန်မလာခေါ မလား'

ဂရေဟမ်က ခေါင်းယမ်းပြသည်။ 'ဟင့်အင်း၊ တီရေ လာ ခေါ်လိမ့်မယ်။ ဆေးရုံကနေပြီးနော်မည်ဆီ ပထမဆုံးသွားလို ဦးမယ်'

'ကောင်းပြီလေ၊ ဒါဖြင့်ယင်လည်း နက်ဖြန်မှ ရှင့်ကို တွေ့ တော့မယ်'

ဂရေဟမ်၏ အခန်းထဲမှ ထွက်၍ ဓာတ်လှေကား ရှိ အသွားတွင် ဆူဆန်သည် နော်မည်နှင့် မျက်နှာချင်းဆိုင် တွေ့ သည်။ သူတို့က တယောက်ကိုတယောက် ပြုံး၍မပြကြ။ ဆူဆ ကသာ 'ဟလို' ဟု နှုတ်ဆက်သည်။ နော်မည်က ခေါင်းက



စ်ကြိမ်ညိတ်ပြသည်။ထို့နောက်သူတို့နှစ်ယောက်ကတယောက် ကို တယောက် ကျော်ဖြတ်လိုက်ကြသည်။

မိနက်တီသည် ဂရေဟမ်အားတွေ့ဆုံမေးမြန်းရန် ဆေးရုံသို့ စ်ကြိမ်လာခဲ့သည်။ ပြန်ပေးဆွဲသူဟု ပြောဆိုပြီး ဟန်ဆောင် မ်ခဲ့သူ၏အကြောင်း ပိုမိုသိနိုင်ရန် မေးခွန်းများ မေးမည်။ သို့မည်ပုံ စတင်ခဲ့ကြောင်းကိုလည်းမေးမြန်းသည်။ သို့သော် ည်း အကျိုးမရှိဖြစ်ရသည်။ ဂရေဟမ်ထံ တယ်လီဖုန်း ဆက် သည့်နေရာမှာ မည်သည့် နေရာဟူ၍ မသိ။ ဂရေဟမ်အား န်ကျောက်ထိုးနှက်ခဲ့သူနှစ်ဦးမှာလည်း မည်သူတို့ဖြစ်ကြောင်း သိ။ ထိုညမှာ မှောင်လှသည်။ လူ နှစ် ယောက် မှာ လည်း က်နှာဖုံးများစွပ်ထားကြသည်။ သူတို့နှစ်ယောက်က ဂရေဟမ် နောက်မှ ရုတ်တရက် ပေါ်ပေါက်လာကြခြင်း ဖြစ်သည်။ ကြောင့် သူတို့နှစ်ယောက်၏အရပ်အမောင်းကိုပင်ဂရေဟမ် ပြောမပြနိုင်။ သူတို့ကကျွမ်းကျွမ်းကျင်ကျင်ဖြင့် ဂရေဟမ်အား န်ကျောက်ထိုးနှက်ခဲ့ကြသည်။ ဂရေဟမ်သည် မြေပြင်ပေါ် ကျသွားခဲ့သည်။ ထိုအချိန်တွင်သာ သူကရန်ပြုသူနှစ်ဦးအား င်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့မြင်နိုင်ခြင်းမှာလည်းခေတ္တမျှသာ သည်။ သူ့ ခေါင်းကိုခြေထောက်ဖြင့် ပြင်းထန်စွာအကန်ခံရ ဖြင့် သတိမေ့မသွားမီ အချိန်ပိုင်းလေးအတွင်းသာ မြင်တွေ့ ခြင်းဖြစ်သည်။ မိနက်တီက မည်သည့်အတွက်ကြောင့် ရဲထံ အကြောင်းမကြားခဲ့သနည်းဟုဂရေဟမ်အားအကြိမ်ကြိမ်မေးခဲ့ သည်။ သို့သော်ဂရေဟမ်၏အဖြေမှာအားမရစရာပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းရေးလုပ်ရန်အတွက် ဆူဆန်၏ အိမ်သို့ရောက်လာသော အခါ ဆူဆန်၏ အိပ်ရာပေါ်တွင် ဂရေဟာမ် ရောက်နေကြောင်း တွေ့လိုက်ရသည့်အတွက် ဖိလစ်ပီက ဝမ်းသာမိသည်။ သူက ဂရေဟာမ်၏ခြေရင်း အိပ်ရာအစွန်းတွင် ထိုင်ပြီး ဂရေဟာမ်၏ ဒဏ်ရာများနှင့်ပတ်သက်၍မေးမြန်းသည်။ ထို့နောက် စကိတ် စီးစဉ်က လဲကျပြီး သူ့ခြေထောက် ကျိုးခဲ့ရပုံကို ဖိလစ်ပီက ပြောပြသည်။

အိမ်၏သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးသောအခါ ဖိလစ်ပီက ဂရေဟာမ်၊ ဆူဆန်နှင့် သူ့အတွက် ကော်ဖီသုံးခွက် ဖျော်၍ ဂရေဟာမ်ရှိသည့်အခန်းသို့ယူလာသည်။

'ခင်ဗျားရဲ့ ရင်ဘတ်ပေါ်မှာ အမွေးတွေ မရှိတာကတော့ ကံကောင်းတာပဲ' နံရိုးများ၏ ဒဏ်ရာများကို ပျောက်ကင်း စေရန်အတွက် ပလတ်စတာဖြင့် ကပ်ထားသည်ကို ကြည့်၍ ဖိလစ်ပီကပြောသည်။ 'ဒီ ပလတ်စတာကို ခွာတဲ့ အချိန်မှာ အမွေးတွေရှိယင် သိပ်နာတာ။ ကျွန်တော်ဆိုယင် အသံ ထွက် လောက်အောင် အော်မိတယ်' သူက ကော်ဖီကိုတငုံသောက် လိုက်သည်။

ထို့နောက်သူတို့နှင့်အတူ ကော်ဖီ ဆက်လက်သောက်ယင်း ဖိလစ်ပီက ရင်းရင်းနှီးနှီးပင်စကားလက်ဆုံ ပြောတော့သည်။

ရေဟာမ်၏ ဒဏ်ရာများသက်သာစပြုလာသည်။ နံရိုးအက်ခြင်း သာ ကျန်ရှိသည်။ ဂရေဟာမ်သည် ယခင်က အတိုင်း နီးပါး က်အောင် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသည်။ အချိန်တွင်ပင် ဂရေဟာမ်၏ အသိထဲသို့ အကြောင်းအရာတခု က်လာခြင်းဖြစ်သည်။

'ဆူဆန်' အိပ်ခန်းအတွင်းတွင် အဝတ်အစား လဲနေသည့် ဆန်အားလှမ်းကြည့်၍ ဂရေဟာမ်ကပြောသည်။ 'မင်းအနေနဲ့ ရာဝန်ပြသင့်တယ်လို့ မထင်မိဘူးလား'

ဆူဆန်က ဂရေဟာမ်အား တအံ့တဩ လှမ်းကြည့်သည်။ အကြောင်းကြောင့် ဆရာဝန်ပြရမှာလဲ'

'မင်းရဲ့ သွေးသားအခြေအနေပေါ့'

'ရှင်ဘာကို ဆိုလိုချင်နေတာလဲဟင်'

ဂရေဟာမ်က ဆူဆန်အား စူးစိုက်၍ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုလေ၊ မင်းအနေနဲ့ 'ကိုယ်ဝန်ရှိနိုင်နေပြီလို့ မထင်မိ
လား' ဂရေဟာမ်က တိုးတိုးပင်မေးသည်။

ဆူဆန်က သွက်လက်စွာပင် ဖြေဆိုသည်။ 'ဟင့်အင်း'

'ဘာပဲ ဖြစ်ဖြစ်လေ၊ မင်းအနေနဲ့ ဆရာဝန်ကို တွေ့
မေးကြည့်ယင်ကောင်းမယ်။ ကွဲကွဲပြားပြားသိရတော့စိတ်အေး
ရတာပေါ့'

ဂရေဟာမ်အား ငြင်းဆိုခဲ့သော်လည်း နောက်တနေ့တွင်
ဆူဆန်သည် ဆရာဝန်ရှိရာသို့ သွားတော့သည်။

ဆရာဝန်ရှိရာသို့ အသွားတွင် ဆူဆန်က ဆုတောင်းမိသည်
သို့သော် မည်သည်ကို ဆုတောင်းမိကြောင်း ဆူဆန်မသိ။ဆရာ
ဝန်ကသူ့ကိုစစ်ဆေးပြီး 'ကိုယ်ဝန်ရှိတယ်မရှိဘူးပြောဖို့ကအ
စောသေးတယ်' ဟု ပြောလိုက်လျှင် ကောင်းလေမည်လား
သို့မဟုတ်ပဲ ဆရာဝန်က ခင်ဗျားမှာ ကိုယ်ဝန်ရှိခဲ့တာ နှစ်
တောင်ကျော်လာပြီဟု ပြောပေမည်လား။ သို့ဆိုလျှင် ပြဿနာ
တို့ ရှုပ်ထွေးလာပေတော့မည်။

အစမှပြန်လည် စတင်ရခြင်းကို ဂရေဟာမ်က လက်ခံနိုင်
မည်လော။ သူကိုယ်တိုင်ကကော လက်ခံနိုင်ပါမည်လော။

နောက်ထပ်ကလေးတဦး ရရှိနိုင်လောက်အောင် သူ့တွင်
သတ္တိရှိပါရဲ့လော။

ကလေးတဦး ထပ်မံရရှိခြင်းသည် နောက်ထပ် တကြိမ်
ရင်သွေးတဦး ပျောက်ဆုံးခြင်းပင် ဖြစ်လာမည်လော။

သို့ဆိုလျှင် နံနက်များ၊ ညနေများနှင့် ညများတွင် တယ်လီ
ဖုန်းတို့ မြည်လာပေဦးမည်။ မိနက်တီနှင့် ဆုံရပေဦးမည်



မိနက်တီက သူ့ထံတွင် တယ်လီဖုန်းဆက်၍ ခင်ဗျားအတွက်သ
တင်းကောင်း ကျွန်တော်ရထားတယ်ဟုပြောဆိုပေလိမ့်ဦးမည်။

အကယ်၍ အလက်အိမ်ပြန်ရောက်လာလျှင် သူ့ မိခင်အတွက်
ရင်သွေးငယ်တယောက် ရှိနေကြောင်း တွေ့လိုက်ရလျှင်မည်သို့
ရှိပေလိမ့်မည်နည်း။

သို့သော်လည်း ဆရာဝန်နှင့် တကယ်တမ်း တွေ့လိုက်ရ
သောအခါ ဆရာဝန်က ကိုယ်ဝန်မရှိကြောင်း ပြောပြသည်။
စိတ်ပန်းလူပန်း ဖြစ်ခဲ့သဖြင့် သွေးသား မမှန်ခြင်းသာဖြစ်
ကြောင်းရှင်းပြသည်။

အိမ်ပြန် ရောက်သောအခါ ဂရေဟာမ်က သူ့ကိုဆီးကြို
သည်။ 'အပြင်သွားတာလား' ဟုလည်းမေးသည်။

'ကျွန်မဆရာဝန်ဆီသွားခဲ့တယ်'

'ကောင်းတာပေါ့။ ဒီတော့....'

'ကျွန်မမှာ ကိုယ်ဝန် မရှိပါဘူးတဲ့၊ စိတ်ပန်း၊ လူပန်း
ဖြစ်နေလို့ သွေးသားမမှန်တာပါလို့ ပြောပြတယ်။ အင်း....
ဆရာဝန်ဟာ သတင်းစာကို မှန်မှန်မဖတ်ဘူးလို့ ထင်တယ်'
ဆူဆန်က ပခုံးတွန့်ပြသည်။ 'ဘာပဲဖြစ်ဖြစ်လေ၊ ရှင်ပြောခဲ့တဲ့
အတိုင်းပဲ ကျွန်မတို့စိတ်အေးကြရတာပေါ့'

အလက်၏အမှုနှင့် ပတ်သက်၍ ရဲတို့အနေဖြင့် ဆက်လက်
စုံစမ်းခြင်း မရှိတော့ကြောင်း မည်သူမှအသေအချာမပြောနိုင်။

www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင်လလယ်အထိ စုံထောက်ငါးဦး၊ သို့မဟုတ် ခြောက်ဦး
တို့က ဆူဆန်နှင့် အဆက်မပြတ် ဆက်သွယ်ခဲ့ကြသေးသည်
သို့သော်လည်း ဆူဆန်က သူတို့အား ပြန်လည်ဆက်သွယ်သော
အခါ အနားယူခရီးထွက်နေကြသည်ဟု အကြောင်းပြချက်ပြ
တဦးတယောက်ကိုမှ ဆူဆန် မတွေ့နိုင်ဖြစ်ရသည်။ အနား
ခရီးမှပြန်လာသော်လည်း သူတို့ကအမှုကိုဆက်လက်မကိုင်တွ
တော့ကြောင်း ယူဆရသည်။

မည်သို့ပင်ဖြစ်စေ ဩဂုတ်လ ကုန်ဆုံးသည်အထိ မီနက်တီ
ငင်း၏တပည့် တပ်ကြပ်ကြီး လောက်လင်တို့မှာမူ ဆူဆန်
အဆက်အသွယ်မပြတ်ပဲ ရှိနေကြသည်။

ဩဂုတ်လအတွင်းကပင် ဆူဆန်သည် အမှတ်(၄)နယ်မြေ
ရဲဌာနချုပ်သို့ ရောက်ခဲ့သေးသည်။ အလက်အမှုနှင့် ပတ်သက်
ရဲအင်အား ပိုမိုချထားပေးရန် ဆူဆန်က သွားရော
တောင်းဆိုခြင်းဖြစ်သည်။

ဆူဆန်သည် ဌာနစိတ်အကြီးအကဲ ဘင်နက် ဆိုသူ
တွေ့ခဲ့သည်။

'ကျွန်မတို့အမှုနဲ့ ပတ်သက်ပြီး ဘယ်သူမှ အရေးယူ
ဆောင်ရွက် မပေးတော့ဘူးလို့ ယုံကြည်ရတယ်' ဆူဆန်က
ပြောခဲ့သည်။ 'စုံထောက်မီနက်တီကို မတွေ့ခဲ့ရတာဆိုယင်လည်း
တပတ်လောက်ရှိသွားပြီ'

'ခင်ဗျားရဲ့အမှုဟာ ကျွန်တော်တို့အတွက် အလွန်ပဲအရေး
ကြီးပါတယ်' ဘင်နက်ကပြောပြသည်။ 'ဒီဌာနမှာရှိတဲ့ လူတိုင်း
အတွက် ဒီအမှုဟာ အရေးကြီးပါတယ်။ ခင်ဗျားရဲ့သားလေး



ပြန်လည်တွေ့ဖို့အတွက် သဲလွန်စတွေရအောင် ကျွန်တော်တို့
ရှာနေကြတယ်။ ရတာနဲ့ အမှုပေါ်ပေါက်အောင် ဆက်လိုက်
ကြမှာဖြစ်တယ်။ ကျွန်တော်ပြောတာကိုယုံပါ။ မိခင်တယောက်
အနေနဲ့ ခင်ဗျားဘယ်လောက်ထိအောင် ခံစားနေရမယ်ဆိုတာ
ကျွန်တော်သိပါတယ်'

ထိုနေ့ညနေပိုင်းတွင် မီနက်တီက ဆူဆန်ထံ တယ်လီဖုန်း
ဆက်ခဲ့သည်။

'သားငယ်အလက်အတွက် အခုဆိုယင် ဘယ်သူမှ လိုက်လံ
စုံစမ်းခြင်းမရှိတော့ဘူး။ ဒါကြောင့်မို့လည်း ဘယ်လိုသဲလွန်စမှ
ခရတာဖြစ်တယ်။ ဒီတော့ အကောင်းဆုံးက သူ့အမှုကိုကျွန်မတို့
လက်လွှတ်လိုက်ကြရအောင်' ဆူဆန်ကအော်ဟစ်၍ပြောသည်။

'ခင်ဗျားအဲဒီလိုထင်တဲ့အတွက် ကျွန်တော်ဝမ်းနည်းမိတယ်'
မီနက်တီက ပြောသည်။ 'ခင်ဗျားထင်တဲ့အတိုင်း မဟုတ်ဘူး၊
ကျွန်တော့်ကို ယုံပါ။ အလက်ရဲ့အမှုနဲ့ ပတ်သက်ပြီးတော့
ကျွန်တော်နဲ့တဦးဟာ အချိန်ပြည့် တာဝန်ချထားခြင်းခံရတယ်။
ကျန်တဲ့ ခြောက်ဦးကတော့ အချိန်ပိုင်း တာဝန်ချထားခြင်း
ခံရတယ်'

'ဒါပေမယ့်လည်း ရှင့်ကိုတောင်မှ ကျွန်မ မတွေ့ခဲ့ရတာ
တပတ်လောက်ရှိပြီ'

'ကျွန်တော်ဟာ အချက်အလက် တခုကို လိုက်လံစုံစမ်း
အတည်ပြုချက် ယူနေရလို့ပါ။ ဒါပေမယ့်လည်း ဘာမှတော့
မထူးခြားသေးဘူး'

www.burmeseclassic.com

www.burmeseclassic.com



‘ကောင်းပြီလေ၊ ကျွန်မဘာလုပ်နိုင်တယ် ဆိုတာကိုတော့ ပြောပြပါဦး။ ကျွန်မ ဘာလုပ်ရမလဲ။ ရုပ်မြင်သံကြားက ဆွေးနွေးခန်းတွေကကော အကျိုးပြုရဲ့လား။ မဂ္ဂဇင်းတွေထဲမှာ ဆောင်းပါးတွေ ရေးရမလား’

မီနက်တီက အဖြေမပေးမီ အနည်းငယ်စဉ်းစားလိုက်သည်။ ‘အဲဒါတွေနဲ့ ပတ်သက်ပြီး အတိအကျ ပြောဖို့ ကတော့ ခက်သွားပဲ’ သူကပြောသည်။ ‘စာနယ်ဇင်းတွေမှာပါလာတိုင်း ကျွန်တော်တို့ဆီကို တယ်လီဖုန်း ဆက်တဲ့သူတွေက ပိုများလာတယ်။ ဒါပေမယ့်လည်း ဘယ်လိုအထောက်အထားမှတော့ မရဘူး’

‘ဆိုလိုချင်တာက အကျိုးကျေးဇူးမရှိတဲ့ လုပ်ငန်းတွေကို လုပ်နေတာပဲပေါ့ ဟုတ်လား’

‘ဒါပေမယ့်လည်း မနက်ဖြန်မှာ ဘယ်လိုဖြစ်မယ် ဆိုတာကိုတော့ ကျွန်တော်တို့ကော ခင်ဗျားကော မသိကြဘူး။ ဒီတော့ အကောင်းဆုံးက ခင်ဗျားစိတ်ထဲမှာ အထောက်အကူပြုနိုင်မယ် ထင်တာတွေ မှန်သမျှကို လုပ်သာဆက်လုပ်ပါ။ ကျွန်တော်တို့အပိုင်းကလည်း ကျွန်တော်တို့အနေနဲ့ လုပ်ကိုင်သင့်တာတွေကို ဆက်လက် လုပ်ကိုင်သွားမယ်’ ထို့နေ့နောက်ပိုင်းမှစ၍ မီနက်တီသည် နံနက်ရှစ်နာရီခွဲတွင် ဆူဆန်တို့လမ်းဘက် ရောက်လာသည်။ ဆူဆန်တို့အိမ်ရှေ့သို့ရောက်သောအခါ သူက ကားကိုရပ်သည်။ ထို့နောက် ပြတင်းပေါက်



ဘေးရှိ ဆူဆန့်ကိုမော့ကြည့်သည်။ ဆူဆန့်ကိုတွေ့လိုက်ရလျှင် သူက ခေါင်းညိတ်ပြသည်။

ဆန်သည် သူ့ဘာသာ သီးခြားမနေတော့။ သူက အိမ်နီး ားချင်းများနှင့်ပြန်လည်ရောရောနှောနှောနေသည်။ လမ်းတွင် တွေ့သောမိတ်ဆွေများကိုလည်း သူကပင်စတင်နှုတ်ဆက်သည်။ ာမည့်နှစ်တွင် အင်္ဂလိပ်စာသင်တန်းများ၌ ပြန်လည်ပြသရန် အတွက်လည်း အင်္ဂလိပ်စာဌာနသို့ အကြောင်းကြားသည်။

အလက် ပျောက်ဆုံးမှုနှင့် ပတ်သက်သော ဆောင်းပါး ည်ကြီး ရေးသားရန်အတွက် နယူးယောက်မြို့မှ လာသည့် ာရေးဆရာတဦးနှင့် လက်ခံတွေ့ဆုံ ဆွေးနွေးသည်။

ထိုအတွင်းရောဘတ်က ဩဂုတ်လအတွက် အပူကိုရှောင်ယင်း နေထိုင်ရန် နံတက်ကက်အရပ်တွင်အိမ်တအိမ်ကို ငှားရမ်းသည်။ ထိုအိမ်သို့ အလုပ်သမားနေ့ အားလပ်ရက်တွင် လာရောက် သည်ပတ်ရန် ရောဘတ်က သူ့မိဘနှင့် ဆူဆန်၊ ဂရေဟမ်တို့ကို တ်ကြားသည်။ ဂရေဟမ်က သွားလိုသည်။

‘တို့များ သွားကြရအောင်၊ ဟိုရောက်ယင် ရွက်လှေတွေ းကြမယ်။ နေရောင်ထဲမှာ အိပ်ကြမယ်....’

‘ရှင်တကယ်ပဲ သွားချင်သလား....’ ညဆန်ကမေးသည်။

‘ဖေဖေနဲ့မေမေတို့က တို့ကို သိပ်ပြီးတော့ တွေ့ချင်....’

‘ကျွန်မလည်းသိတယ်။ သူတို့က သိပ်တွေ့ချင် နေကြတယ်’

www.burmeseclassic.com

www.burmeseclassic.com



'နောက်ပြီး ရောဘတ် ဖိတ်တာကို ကိုယ် မငြင်း ချင်
သူ့ဆီကငွေတွေ ကိုလည်းကိုယ်ကချေးထားရတယ်မဟုတ်လ
ဂရေဟာမ်က ပြုံးပြသည်။ 'တကယ်တော့ သူက အဖော်မွဲ
သူလည်းဖြစ်တယ်'

'ဒီတော့....'

'မင်းအတွက်လည်းစိတ်ချမ်းသာလိမ့်မယ်လို့ကိုယ်ထင်တ
ဆူဆန်က ငြိမ်နေလိုက်သည်။

ရောဘတ်ရှိရာသို့ မသွားမီ တရက် အလို ညနေတွင် ဆူဆ
ပစ္စည်းများကိုထုပ်ပိုးနေခိုက် တယ်လီဖုန်းမြည်လာသည်။ ဂရေ
ဟာမ်က တယ်လီဖုန်းကို ကောက်ကိုင်သည်။

'အခု ပြောနေတာဘယ်သူလဲ' ဂရေဟာမ် မေးလိုက်သည်
ဆူဆန်ကြားရသည်။

ထုပ်ပိုးနေသော အဝတ်အစား များကို ပစ်ချ၍ စကာ
ပြောသံကို ပိုမို ကြားနိုင်ရန် ဆူဆန်က လှေကားထိပ်
သွားရပ်နေလိုက်သည်။

'တိုရန်တိုမြို့ရဲ့ ဘယ်နေရာမှာလဲ။ ဘာဖြစ်လို့ စော
ပိုင်းက ကျွန်တော်တို့နဲ့ခင်ဗျားကမဆက်သွယ်ခဲ့တာလဲ၊ သူတို့
ခင်ဗျားနောက်ဆုံးမြင်တွေ့ခဲ့တာ ဘယ်အချိန်ကလဲ။ ခင်ဗျား
ဘယ်လိုလုပ်ပြီးတော့ အသေအချာ ပြောနိုင်တာလဲ'



ဆူဆန်ကအိပ်ခန်းတွင်းသို့ပြေးဝင်ကာလိုင်းကိုဆက်ထားသည့်
တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

'ကျွန်မ အပေါ်ထပ်ကဖုန်းက ပြောနေတယ်။ ဂရေဟာမ်၊
အခုစကားပြောနေတာ မစ္စစ်ဆယ်ကီဖြစ်ပါတယ်'

တယ်လီဖုန်း၏ အခြားတဘက်မှအသံမှာ တိုးတိုးပင်ရှိသည်။
တုန်တုန်ယင်ယင်လည်း ရှိသည်။ လူငယ်တယောက်၏ အသံ
ဖြစ်သည်။ 'ဟလို' ဟု ထိုအသံပိုင်ရှင်က နှုတ်ဆက်သည်။

အသံရှင် အမျိုးသမီးက သူသည်တိုရန်တိုမြို့တွင်နေထိုင်သူ
ဖြစ်ကြောင်း၊သူ့ညီမနှင့် မိတ်ဆွေအိမ်ထောင်သည်ဇနီးမောင်နှံ
မှာလည်း တိုရန်တိုမြို့တွင် နေထိုင်လျက် ရှိကြောင်း၊ ထိုဇနီး
မောင်နှံတွင် သားသမီးမရှိခဲ့ကြောင်း၊ ထို့ကြောင့် သားသမီး
မွေးစားရန် ကြိုးစားခဲ့ကြကြောင်း၊ လွန်ခဲ့သော ဇွန်လကမှ
အသက်ခြောက်နှစ်အရွယ်ယောကျ်ားလေးတယောက်ကို သူတို့
နှင့် အတူတွေ့ရကြောင်း၊ ထိုကလေးမှာ အလက်နှင့် များစွာ
တူကြောင်း ပြောပြသည်။

'တိုရန်တိုရဲကို ခင်ဗျားက အကြောင်းမကြား ခဲ့ဘူးလား'
ဂရေဟာမ်ကမေးသည်။ အကြောင်း မကြားခဲ့ကြောင်း အမျိုး
သမီးက ဖြေသည်။ ညီမထံသို့ သူသည် ရံဖန်ရံခါဆိုသလိုသာ
သွားရောက်လည်ပတ်တတ်ကြောင်း၊ ထို့ကြောင့်ကလေးအား
အတွေ့အမြင်နည်းကြောင်း၊ သွားတိုင်းလည်းမတွေ့ကြောင်း၊
အမှန်ပြောရလျှင် ကလေးကိုသုံးကြိမ်သာ မြင်တွေ့ဖူးကြောင်း၊
ဒီ အရွယ်ကလေးကို မွေးရမည်မှာ ကရိကထ များပြားလှ
သည် ဖြစ်ကြောင်း၊ ထို့ကြောင့်အသက်ရလာပြီးသောကလေး

www.burmeseclassic.com

www.burmeseclassic.com



ကို မွေးစားရသည်ဖြစ်ကြောင်း၊ သူ့ညီမအား ဇာနီးမောင်နှံက ရှင်းလင်းပြောပြကြောင်း စသည်ဖြင့်ပြောပြသည်။

'ဒါဖြင့်ယင် ဘာဖြစ်လို့ခင်ဗျားက ဒီလောက်ကြာအောင် စောင့်နေရတာလဲ' ဂရေဟာမ်ကမေးပြန်သည်။

'သူ့ကိုစတွေ့တယ်ဆိုကတည်းကကျွန်တော်တို့ဆီဘာဖြစ်လို့ အကြောင်းမကြားခဲ့တာလဲ'

'ဒီညပဲ ကျွန်မဆီကို ညီမက ဖုန်းဆက်ခဲ့တယ်။ ကလေး မွေးစားထားတဲ့လင်မယားဟာပြောင်းတော့မယ်လို့ပြောတယ် သူ့ခင်ပွန်းဟာ ကာလီဖိုးနီးယားမှာ ပိုကောင်းတဲ့ အလုပ် ရတာမို့ သူတို့ဟာ ချက်ချင်းပဲပြောင်းတော့မယ်လို့ပြောတယ် ရှင်တို့ဆီ တယ်လီဖုန်းဆက် အကြောင်းကြားမယ်လို့ ကျွန်မ ညီမကိုပြောမပြခဲ့ဘူး။အမှန်ပြောရယင် စိတ်ကူးလည်းမရခဲ့ဘူး တယ်လီဖုန်းချပြီး အချိန် တော်တော် ကြာအောင် စဉ်းစား ပြီးမှ ဒီလိုအကြောင်းကြားသင့်တယ်လို့ ကျွန်မထင်မိတဲ့ အတွက် ခုလို အကြောင်းကြားတာပါ'

ရဲကိုကော အကြောင်းကြားခဲ့ပါပြီလား။ နေရပ် အိမ် လိပ်စာ ပေးနိုင်ပါမည်လားဟု မေးသောအခါ အမျိုးသမီးက နှစ်ခုလုံးအတွက် ငြင်းဆိုသည်။ လင်မယား၏ အိမ်လိပ်စာနှင့် လမ်းနာမည်တို့ကိုသာ ပေးပြီး အမျိုးသမီးက တယ်လီဖုန်းကို ချသွားသည်။

ဆူဆန်က အောက်ထပ်သို့ ပြေးဆင်းသွားသည်။မီးဖိုခန်းထဲ တွင် ဂရေဟာမ်သည် တယ်လီဖုန်းကို ကြည့်၍ တွေတွေကြီး ရပ်နေသည်။



'ရှင်ဘယ်လိုထင်သလဲဟင်' ဆူဆန်ကမေးသည်။

ဂရေဟာမ်က ခမဲ့မကြည့်။ 'မသိဘူး၊ မင်းကော ဘယ်လို ထင်သလဲ' ထို့နောက် ဂရေဟာမ်က သူ့မျက်လုံးများမှိတ်ထား လိုက်သည်။ ခဏကြာမှ 'မီနက်တီဆီအကြောင်းကြားသင့်တယ် လို့ ကိုယ်ထင်တယ်' ဟု ပြောသည်။ ဆူဆန်ကလည်း သဘောတူ သောအားဖြင့် ခေါင်းညိတ်ပြလိုက်သည်။

တယ်လီဖုန်း မြည်လာသောအခါ ပက်နှင့် ကလေးများ အားလုံး မော်တော်ကားထဲသို့ ရောက်နေကြပြီဖြစ်သည်။ တယ် လီဖုန်းမြည်သံကို မီနက်တီကကြားသည်။

တယ်လီဖုန်းရှိရာသို့ မီနက်တီ ထွက်သွားသောအခါ ပက် တို့က ကားထဲတွင်ထိုင်ယင်း စောင့်ကျန်ခဲ့ကြသည်။ နေပူထဲတွင် ထိုင်နေရသည်ဖြစ်သောကြောင့် ကလေးများက မကျေမနပ် ဖြစ်နေကြသည်။

ခဏကြာသောအခါ မီနက်တီပြန်ရောက်လာသည်။ 'မင်းတို့ သွားနှင့်၊ ကိုယ်လိုက်လာခဲ့မယ်၊ ကားငှားပြီးတော့ လိုက်လာ ခဲ့မယ်'

'အလုပ်သမားနေ့ အားလပ်ရက်မှာ ကားငှားမယ် ရတ်လား၊ ကံကောင်းယင်တော့ ငှားလို့ရမှာပဲ'

'ပက် ကိုယ်ဝမ်းနည်းပါတယ်၊ အရေးကြီးတဲ့ကိစ္စ ပေါ် လာပြီ။ ဒီတော့ မင်းတို့သွားနှင့်ပါ၊ ကိုယ် အမြန်နိုင်ဆုံး ပြန်နှင့်အောင် လိုက်ခဲ့မယ်'

'ဒီလိုအဖြစ်မျိုးက ဘယ်လောက် ကြာအောင် ဆက်ပြီး ဖြစ်နေမှာလဲဟင်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ ကိုယ်မသိဘူး။ ကဲ....အကောင်းဆုံးက မင်းတို့ ထွက်ကြတော့။ ဒီအချိန်မှာမှ မထွက်ဘူးဆိုယင် သန်းခေါင် လောက်မှ ဟိုကိုရောက်ကြလိမ့်မယ်။ ကိုယ်လာနိုင်တာနဲ့ မင်းတို့ ဆီကို လိုက်လာခဲ့မယ်'

ပက်က ယာဉ်မောင်းနေရာတွင် ပြောင်းလဲထိုင်လိုက်သည် ထို့နောက် ကားကိုစက်နှိုးသည်။ 'ကျွန်မ လေးလေးနက်နက် ပြောမယ်၊ နောက်ဆိုယင် ဒါမျိုးမဖြစ်စေချင်ဘူး။ ဒါမျိုး ဖြစ်တယ်ဆိုယင် ချစ်စရာကောင်းတဲ့နွေရာသီ မဟုတ်တော့ဘူး'

'ဒီလိုအကြောင်းအရာမျိုး ထပ်ပြီးဖြစ်ရလိမ့်မယ်လို့ ကိုယ် မထင်တော့ပါဘူး'

'ကောင်းပါပြီတဲ့လေ' ပက်က နောက်ပိုင်းရှိ ကလေး များအား လှမ်းပြောသည်။ 'ကဲ....မေမေ့ဘေးနားမှာ ဘယ်သူ လာထိုင်မလဲ'

မိနက်တီထံ တယ်လီဖုန်းဆက်အပြီး ဆူဆန်က တယ်လီဖုန်းကို ပြန်ချလိုက်သောအခါ 'ကဲ'ဟူ၍ ဂရေဟမ်က လှမ်းမေးသည်။

'သက်ဆိုင်ရာ လူတွေဆီက အမိန့်ကို သူတောင်းမယ်တဲ့ တိုရန်တိုမြို့က ရဲတွေနဲ့ အဆက်အသွယ်လုပ်မယ်တဲ့။ မေးမြန်း အတည်ပြုချက်တွေ ရယူမတဲ့'

'သူ့အားလပ်ရက်ကို ဘယ်လိုဖြုန်းတီးမယ်ဆိုတာ မိနက်တီ ရွေးချယ်ခဲ့ပြီးပြီလို့ ကိုယ်ထင်တယ်'



'ဒါတော့ သူကဘာမှမပြောဘူး။ မေးမြန်းအတည်ပြုချက် တွေကို ကျွန်မတို့အနေနဲ့ မလုပ်ဖို့ကိုတော့ သူက သတိပေး လိုက်တယ်'

'ဒီတော့ တို့ကကော' ဂရေဟမ်ကမေးသည်။

'ကျွန်မတို့ကကော....'

'ဟုတ်တယ်၊ တို့ကကောဘာလုပ်ကြမလဲ။ ရောဘတ်အိမ်ရဲ့ တယ်လီဖုန်းနံပါတ်ကို မင်းက မိနက်တီကို မပေးလိုက်ဘူးလို့ ကိုယ်နားလည်တယ်။ ဘာလဲ ကိုယ်တို့က ရောဘတ်ဆီကိုမသွား ကြတော့ဘူးလား'

'ဒါတော့ ဂရေဟမ် တကယ်လို့များ ကျွန်မတို့က အတည် ပြုချက်ပေးဖို့ အရေးတကြီး လိုလာမယ်ဆိုယင် ဘာလုပ်ကြ မလဲ။ တကယ်လို့များ သားငယ်ဟာ အိမ်ကိုပြန်လာနေပြီ ဆိုယင်ကော ဘာလုပ်ကြမလဲ။ ဒီနေရာကိုပြန်လာဖို့ ရက်များစွာ ကြာမယ့် နေရာမျိုးကို ကျွန်မတို့က သွားရောက်မနေထိုင်နေသင့် ဘူးလား'

'ဆူဆန်.... ဒီကလေးဟာ အလက်ဖြစ်မယ်လို့ မိနက်တီက အသေအချာမှ မပြောနိုင်ပဲ။ အဲဒီလိုရခဲ့တဲ့ သဲလွန်စတွေဟာ နောက်ဆုံးမှာ အလကားဖြစ်သွားခဲ့ရတယ်ဆိုတာ မင်းလည်း တွေ့ကြုံခဲ့ပြီးပြီပဲ'

'ဖြစ်နိုင်တယ် မဖြစ်နိုင်ဘူးဆိုတာက ငါးဆယ်ရာခိုင်နှုန်းစီ ကြတာပဲ၊ အလက်ဖြစ်မယ်ဆိုတာ ငါးဆယ်ရာခိုင်နှုန်းရှိသလို ဖြစ်နိုင်ဘူးဆိုတာကလည်း ငါးဆယ်ရာခိုင်နှုန်း ရှိတာပဲ

www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲဖြစ်ဖြစ် ကိုယ်တို့ ရောဘတ်ဆီ သွားသင့်တယ်' ဂရေဟမ်ကပြောသည်။

'သွားပြီးတော့ ဘာလုပ်ကြမလဲ၊ တချိန်လုံး တယ်လီဖုန်းနံဘေးမှာ ထိုင်စောင့်နေကြရမှာလား'

'ကိုယ်တို့ သွားသင့်တယ်။ ဟိုကိုသွားပြီး ရွက်လှေစီးကြမယ်၊ အစားအစာတွေ စားကြမယ်၊ နေရောင်ထဲမှာ အိပ်ကြမယ်၊ ကိုယ်တို့ အသက်ရှင်နေထိုင်နိုင်ရေးကို လုပ်ကြရမယ် ဆူဆန်'

'အသက်ရှင် နေထိုင်နိုင်ရေးအတွက် ဆိုယင်တော့ ရှင့်ကို ကျွန်မ ဆွဲမထားပါဘူး။ သွားနိုင်ပါတယ်။ ဒါပေမယ့်လည်း—'

'အခုအချိန်မှာ မသွားဘူးဆိုယင် ဘယ်တော့မှသွားရမလဲ၊ ဒီတကြိမ်မှာ မင်းကကိုယ်နဲ့မလိုက်ဘူးဆိုယင် နောက်တကြိမ်မှာ လိုက်မှာတဲ့လား'

'ဒါတော့မသိဘူး'

'ဒီတကြိမ်မှာကိုယ်တို့က မသွားဘူးဆိုယင် နောက်တကြိမ် တယ်လီဖုန်း မြည်လာယင် ဒီအိမ်ကနေ ခွာနိုင် ကြတော့မှာ မဟုတ်ဘူး'

'ဒါတော့မသိဘူး'

'ဒီလိုပုံစံမျိုးနဲ့ ဘယ်လောက်ကြာအောင် ဆက်ပြီးနေထိုင်ကြမှာလဲဆူဆန်။ ကိုယ်တို့ ဘဝရဲ့ အသက်ရှင် နေထိုင်နိုင်ရေး အတွက်....'

'တကယ်လို့ ကျွန်မက မလိုက်နာဘူးဆိုယင်ကော'



'မလိုက်နာဘူးဆိုတဲ့ စကားလုံးမရှိသင့်ဘူး။ ကိုယ်ကမင်းကို ခြိမ်းခြောက်နေတာမှမဟုတ်ပဲ။ ကိုယ်နဲ့အတူ လိုက်ခဲ့စေချင်လို့ ပြောနေတာပဲဟာ'

'ဒါပေမယ့် ကျွန်မက မလိုက်နာဘူးဆိုယင် ဒီတကြိမ်သာ မဟုတ်ဘူး။ နောက်တကြိမ်၊ ဟိုးနောက်တကြိမ်။ အဲဒီအချိန်မျိုး ရောက်ယင်တော့ ခြိမ်းခြောက်တာ ဖြစ်လာမှာပဲ မဟုတ်လား ဂရေဟမ်' သူတို့နှစ်ယောက် တဦးကိုတဦး ကြာရှည်စွာ စိုက်ကြည့်နေကြသည်။

'ဒါတော့ ကိုယ်မသိဘူး' နောက်ဆုံးတွင် ဂရေဟမ်က ပြောသည်။

ဂရေဟမ်သည်ရောဘတ်ထံသို့ တဦးတည်းသွားခဲ့သည်။ ဆူဆန်မှာမူ သူ့အိမ်တွင်သာ ကျန်ခဲ့သည်။

ဖရီးမန့်လမ်းမှာ လူရှင်းနေသည်။ လူအများအပြားပင် အားလပ်ရက်တွင် ခရီးထွက်ခွာ အနားယူလျက် ရှိကြသည်။ ဂရက်မှာလည်း သူ့အခန်းတွင်မရှိ။ ဆူဆန်သည်သာ တယ်လီဖုန်း မြည်လာမည့်အသံကို ထိုင်စောင့်ယင်း ရှိနေသည်။

အားလပ်ရက်ကြောင့်ပင် တိုရန်တိုရဲထံမှ အဖြေကို မီနက်တီသည် စနေနေ့တွင်မှ ပြန်လည်ရရှိသည်။ စနေနေ့ညဦးပိုင်းတွင် မီနက်တီက ဆူဆန်ထံအဆက်အသွယ်ပြုလုပ်သည်။ 'ကျွန်တော် ဝမ်းနည်းပါတယ်' သူက ပြောသည်။ 'အဲဒီ လင်မယားဟာ

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ နွေရာသီကတည်းက ကနေဒါနိုင်ငံကနေ တယ်လီ မသွားခဲ့ကြဘူးတဲ့။ သူတို့မှာ ကလေးရဲ့ မွေးနေ့ သက်သေ လက်မှတ်တွေ အပြင် တရားဝင်မွေးစားတဲ့သက်သေခံလက်မှ တွေလည်း ရှိနေကြတယ်။ တနင်းလာနေ့မှာကလေးမွေးစား စီစဉ်ပေးတဲ့ဌာနနဲ့ ကျွန်တော်တို့ဆက်သွယ်ကြမယ်။ ဒါပေမ လည်း ခုကတည်းက အဖြေက ပေါ်နေပါပြီလေ။ တိုရွန် ရဲကတော့ ပြောတယ်။ ကလေးဟာအလက်နဲ့တော့ တူတယ် ဒါနဲ့ နေပါဦး၊ အလက်က ပြင်သစ်စကား ပြောတတ်လား

'ဟင့်အင်း၊ မပြောတတ်ဘူး'

'အခုကလေးကတော့ ပြောတတ်တယ်တဲ့'

ဆူဆန်မှာ စိတ်ပျက်အားလျော့သွားရပြန်တော့သည်။

'အို' သူမက ပြောသည်။ ဒီလိုဟာမျိုးနှင့် သူမကအ တွေ့ဆုံနေရပါလား။ 'ကဲလေ၊ရှင့်အားလပ်ရက်အတွက်ကျွ စိတ်မကောင်းပါဘူး။ ရှင့်မိသားစုနောက်ကို အချိန်မီလိုက်သွ နိုင်ဦးမလား'

'ဒါတော့ ကြိုးစား ကြည့်ရမယ်။ သူတို့ဆီကို ဒီညရောက် အောင် သွားနိုင်မယ်ဆိုယင် ပင်လယ်ကမ်းခြေမှာ နေ့ဝက် လောက်တော့ ကျွန်တော်အချိန်ဖြုန်းနိုင်လိမ့်မယ်'

ဆူဆန်က ဂရေဟမ်ရှိရာ ရောဘတ်၏ အိမ်သို့ တယ်လီဖုန်း ဆက်သည်။ တယ်လီဖုန်းက မြည်၍သာနေသည်။ ကိုင်မည့်သူ မရှိ။

တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် ဆူဆန်က ဖိလစ်ပီထံ တယ် လီဖုန်း ဆက်သည်။ တယ်လီဖုန်း သုံးကြိမ်မြည်ပြီးသောအခါ



က ကောက်ကိုင်သည်။ ဖိလစ်ပီ၏ အသံမှာ အိပ်ချင်မူးတူး အသံဖြစ်နေသည်။

'ရှင့်ကို နိုးသလိုများဖြစ်နေမလား၊ ကျွန်မဆူဆန်ပါ'

'ဆူဆန်ဟုတ်လား၊ဘာဖြစ်လို့လဲ၊အကြောင်းကိစ္စရှိလို့လား'

'ထူးထူး ထွေထွေ မရှိပါဘူး။ ရှင့်ကို နှောင့်ယှက်သလို ဖြစ်မယ်ဆိုယင်တော့ ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မ ထိုင် နေယင်း သတိရလို့ပါ။ အလက်နဲ့ပတ်သက်ပြီး အကြားအမြင် ဟာတတ်တဲ့ လူတယောက်ဆီက ဟောပြောချက်ကို ယူပေး မယ်လို့ ကျွန်မကို ရှင် ပြောခဲ့ဖူးတယ် မဟုတ်လား'

'ဪ....ဟုတ်လား' ဖိလစ်ပီက ပြောသည်၊ 'ကျွန်တော် ပြောခဲ့သလား။ ဟုတ်ကဲ့ ကျွန်တော်သွားခဲ့တယ်။ ထူးတော့ ထူးဆန်းတာပဲ'

'ဒါဖြင့် ကျွန်မကို ပြောပြနိုင်ဖို့မိနစ်ပိုင်းလောက်များအချိန် ရှိလား'

'သေချာတာပေါ့၊ ပြောပြမယ်၊ခဏကိုင်ထားဦး' ခေတ္တမျှ ကြာပြီးသည့်နောက် ဖိလစ်ပီ အသံက ပြန်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ထုံးစံအားဖြင့် အင်္ဂါနေ့တွင် ဖိလစ်ပီသည် ဆူဆန်တို့ အိမ်
သန့်ရှင်းရေးလုပ်ငန်းများ လုပ်ပေးရန်အတွက် ရောက်နေ
ဖြစ်သည်။ သို့သော် ယခုအင်္ဂါနေ့တွင် ဖိလစ်ပီ ရောက်မလာ

ဖိလစ်ပီသည် မိတ်ဆွေဟောင်းတယောက်နှင့် ညစာစား
အရက်သောက်ရန် ချိန်းထားခဲ့သည်။ သူတို့နှစ်ယောက်သ
ဗဟိုပန်းခြံရှိ ဟူနန်စားသောက်ဆိုင်သစ်တွင် ညစာသွားစား
မည်။ ထို့နောက်မှ သူတို့က လည်ပတ်ကြမည်။ သို့သော်
မိတ်ဆွေ၏အခန်းသို့ ရောက်သောအခါ တံခါးကပိတ်ထ
သည်။ လူခေါ်ခေါင်းလောင်းကို တီးသော်လည်း တံခါး
ပွင့်မလာ။ ထို့ကြောင့် ဖိလစ်ပီက အိမ်ပြင်သို့ ပြန်ထွက်
လမ်းတဘက်တွင်ရှိသော ခုံတန်းလျားတွင်သွားရောက်ထိုင်
သူ့မိတ်ဆွေအလာကို စောင့်သည်။

ခုံတန်းလျားတွင် ထိုင်စောင့်နေယင်း သူ့အနီးမှ လူ
တယောက် ဖြတ်လျှောက်သွားကြောင်း ဖိလစ်ပီ သတိထား



သည်။ ထိုလူငယ်သည် လှမ်းလှမ်းသို့ ရောက်သောအခါ နောက်ကြောင်းပြန်လှည့်ပြီး သူ့အနီးမှပင် ဖြတ်လျှောက်သွားပြန်သည်။

ဖိလစ်ပီက လူငယ်ကို မသိမသာ အကဲခတ် ကြည့်သည်။ သူသည် ကိုယ်လုံးသေးသေး၊ ဆံပင်အနက်ရောင်ရှိသည်။လူငယ်သည် သူ့ကိုကျော်ဖြတ်သွားရာမှ ခပ်လှမ်းလှမ်း ရောက်သောအခါ ပြန်လှည့်လာပြန်သည်။ သူ့အနီးသို့ ရောက်သောအခါ ‘မီးခြစ်များရှိပါသလားခင်ဗျာ’ ဟုမေးသည်။ ပြောပြောဆိုဆို လူငယ်က စီးကရက်တလိပ်ကို ထုတ်ယူကာ နှုတ်ခမ်းတွင်တေ့ထားလိုက်သည်။ ထို့နောက် သူကဖိလစ်ပီအားစိုက်ကြည့်သည်။

‘ဟင့်အင်း၊ ငါ့မှာမရှိဘူး’ ဖိလစ်ပီကပြောသည်။ ‘ငါဆေးလိပ်မသောက်ဘူး၊တကယ်တော့ မင်းလည်းမသောက်သင့်ဘူး။ မင်းကငယ်သေးတာပဲ’

လူငယ်ကရယ်သည်။ ‘တကယ်တော့ ကျွန်တော်ကလည်း ဆေးလိပ်မသောက်တတ်ပါဘူး’ သူကစီးကရက်ကို နှုတ်ခမ်းမှ ပြန်ပြီးထုတ်ယူကာ ဖိလစ်ပီ၏ နံဘေးတွင်ဝင်ထိုင်သည်။

‘ဘာပဲဖြစ်ဖြစ် မင်းအရွယ်မျိုးနဲ့ ဆေးလိပ် သောက်တာ မကောင်းဘူး’

‘ကျွန်တော် ဆယ့်ခြောက်နှစ်ရှိပါပြီ’ လူငယ်က ဖြေသည်။ ထို့နောက် သူတို့နှစ်ယောက်သည် စကားပြောဆို ကြယ်င်း ရင်းနှီးသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'လမ်းမလျှောက်ချင်ဘူးလား' လူငယ်ကမေးသည်။ ဖိလစ်ပီက လူငယ်အား လှည့်ကြည့်ပြီး လမ်းတလျှောက် ကြည့်လိုက်သည်။ လမ်းမှာ ရှင်းနေသည်။

'ကောင်းသားပဲ'

သူတို့နှစ်ယောက်သည် တမိုင်ခန့် အတူတကွ လမ်းလျှောက်ကြသည်။ ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ ရပ်ထားသည့် ကားတစီးကိုတွေ့ရသည်။ လူရွယ်က ကားနောက်ပိုင်းတံခါးကို ဖွင့်၍ဝင်လိုက်သည်။ ဖိလစ်ပီကို သူ့နောက်သို့လိုက်ရန် ခေါင်းညိတ်၍ခေါ်သည်။ ဖိလစ်ပီကလည်း ကားနောက်ပိုင်းသို့ ဝင်လိုက်သည်။

အချိန်အတန်ကြာသွားသည်။

'ရဲတွေလာနေပြီ၊ မငြိမ်ငြိမ်နေစမ်း' ဖိလစ်ပီက အော် ပြောသည်။ သို့သော် သူတို့နောက်ကျလေပြီ။ ရဲတဦးက ဖိလစ်ပီ အားလက်ထိတ်ခတ်လိုက်သည်။

စက်တင်ဘာလ ၂ ရက်နေ့ အင်္ဂါနေ့နံနက်တွင် ဆူဆန်သည် မမျှော်လင့်သောသတင်းကို စတင်ကြားရသည်။ သူတို့အနေဖြင့် ဖိလစ်ပီဟု နားလည်ထားသော ဟင်နရီဆူလီဗန်အား အသက် ခြောက်နှစ်ရှိ အလက်အား ခိုးယူမှု၊ ပြန်ပေးဆွဲမှု၊ သတ်ဖြတ်မှု တို့ဖြင့် ဖမ်းဆီးလိုက်ကြောင်း ဆူဆန်သိရှိရသည်။ ညနေပိုင်း



ထုတ် သတင်းစာများကမူ 'အလက်၏ပျောက်ဆုံးမှုပေါ်ပြီ' ဟူသောခေါင်းစဉ်ဖြင့် သတင်းအပြည့်အစုံကို ရေးကြသည်။

သတင်းမှာ အောက်ပါအတိုင်းဖြစ်သည်။ ယခုနှစ် မေလ ၁၅ ရက်နေ့က ပျောက်ဆုံးသွားခဲ့သော အသက်ခြောက်နှစ်ရှိ အလက်ဇန်းဒါးဆယ်ကို ပျောက်ဆုံးမှုနှင့်ပတ်သက်၍ သံသယ ရှိသူကို ဖမ်းဆီးမိလိုက်ပြီဖြစ်ကြောင်း ရဲက ယနေ့နံနက် စော စောပိုင်းတွင် ကြေငြာသည်။ ဖမ်းဆီးခြင်းခံရသူမှာ အသက် လေးဆယ့်တနှစ်ရှိ ဟင်နရီ ဆူလီဗန်ဖြစ်သည်။ သူသည်လိင်တူ ဆက်ဆံရေးသမား၊ ကလေးသူငယ်များအပေါ် မဟုတ်မတရား ပြုကျင့်မှုဖြင့် မှတ်တမ်းထားရှိခြင်း ခံရသူဖြစ်သည်။ သူသည် ပျောက်ဆုံး သွားသော အလက်တို့၏ အိမ်တွင် သန့်ရှင်းရေး သုပ်သားအဖြစ် လွန်ခဲ့သောနှစ်နှစ်ကျော်မှစ၍ လုပ်ကိုင်လျက် ရှိသူလည်းဖြစ်သည်။ ၎င်းကိုယ်ကို ဖိလစ်ပီဟု အခေါ်ခံလိုသည့် မစ္စတာ ဟင်နရီဆူလီဗန်သည် အလက်ပျောက်ဆုံးပြီး မကြာမီ သိမ်လည်းမှု စစ်ဆေးရေးစက်နှင့်စစ်ဆေးခဲ့ရာ၌ အောင်မြင်ခဲ့သူ တဦးဖြစ်ကြောင်း၊ သို့သော်လည်း ၎င်းအား မသင်္ကာသဖြင့် အနီးကပ် စုံစမ်း ခြေရာခံခြင်း ခံနေရသူ ဖြစ်ကြောင်း ရဲက ကြေငြာသည်။

၎င်းအားမသင်္ကာသဖြင့် ခြေရာခံပြီးလိုက်လံစုံစမ်းနေသူမှာ စုံထောက်မိနက်တီဖြစ်သည်။ ဖိလစ်ပီနှင့်ပတ်သက်၍ မိနက်တီက ယနေ့နံနက်တွင် အောက်ပါအတိုင်း ရှင်းပြသည်။

'အလက်ကိုခေါ်သွားတဲ့သူဟာ သူနဲ့သိနေတဲ့သူတယောက် ယောက်ဖြစ်ရမယ်လို့ အစပိုင်းကတည်းက ကျွန်တော်တို့က

www.burmeseclassic.com

www.burmeseclassic.com



ချက်ချခဲ့တယ်။ ဒါပေမယ့်လည်း ရက်ပေါင်းများစွာ စုံစမ်း
ဆေးပြီး ရဲမှတ်တမ်းများကိုပြန်လည်ကြည့်ရှုပြီးတော့မှ အ
ကို ခေါ်သွားတဲ့လူဟာ ပိလစ်ပီ ဖြစ်ကြောင်း ကျွန်တေ
ကောက်ချက်ချနိုင်ခဲ့တယ်။အဲဒီလိုမသင်္ကာတာနဲ့အမျှ ကျွန်
တို့က သူ့ရဲ့လှုပ်ရှားမှုတွေကို မျက်ခြည်မပြတ် ခြေရာခံ လို
ကြတယ်’ မစ္စတာ ဆူလီဗန်အား သင်္ကာမကင်းဖြစ်ရန်
ခဲ့သည့် အကြောင်းမှာ ၎င်းသည် အူတာပြည်နယ် အက
ထောင်၌ ဆယ့်ရှစ်လကြာအောင် ထောင်ကျခဲ့ကြောင်းသိ
ပြီးသည့် နောက်တွင်ဖြစ်သည်။ ရဲမှတ်တမ်းများအရ သူ
စိတ်ဓာတ်သိမ်ဖျင်းသူ၊လိင်တူဆက်ဆံသူတယောက်ဖြစ်ကြေ
လည်း သိရှိရသည်။

မစ္စတာ ဆူလီဗန်သည် ၎င်း၏ အိမ်နီးချင်းဖြစ်သူ၊ ကြ
ချမ်းသာသူလည်းဖြစ်သည်။ ဂျွန်မာချီဆန်နှင့် ဆက်သွယ်
စ၍ မစ္စတာဆူလီဗန်အပေါ် သံသယရှိခဲ့သည်။မစ္စတာဆူလီ
သည် မာချီဆန်၏ အိမ်တွင်လည်း အိမ်တွင်း သန့်ရှင်း
လုပ်ငန်းများကိုလုပ်ကိုင်ပေးသူဖြစ်သည်။အလက်ပျောက်ဆုံး
နောက်တနေ့တွင်ပင် မစ္စတာဆူလီဗန်သည် မစ္စတာမာချီဆ
အိမ်ထဲသို့ဝင်သွားကြောင်းတွေ့ခဲ့ရသည်။ ထိုအချိန်က မစ္စ
မာချီဆန်မှာ ၎င်း၏အိမ်တွင်မရှိပဲ ဥရောပသို့ခရီးသွားနေ
ဖြစ်သည်။

အိမ်နီးနားချင်းများ၏ သတင်းပေးချက်အရ မစ္စတာ ဆူ
ဗန်သည် စားသောက် ဖွယ်ရာများကို တ ပွေ့ တ ပိုက်
ဝယ်သွားတတ်ကြောင်း၊ သူ့အခန်းထဲမှ လှုပ်ရှားသံများ၊



ကန်သံများ ထွက်လာတတ်ကြောင်းကိုလည်း ပြောပြကြသည်။ တကြိမ်တွင် အသက်ဆယ့်ခုနစ်နှစ်အရွယ်ရှိလူငယ်တဦးနှင့်အတူ မစ္စတာဆူလီဗန်သည် ၎င်း၏ အခန်းထဲမှ ထွက်သွားသည်ကို အိမ်နီးချင်းတို့က မြင်တွေ့ခဲ့ကြသည်။ ယခုအခါတွင် ရဲတို့က ထိုလူငယ် မည်သူမည်ဝါဖြစ်ကြောင်းလိုက်လံရှာဖွေစုံစမ်းလျက်ရှိကြသည်။

မစ္စတာမာချီဆန်ဥရောပမှပြန်မလာမီတနေ့အလိုညပိုင်းတွင် ရေချိုးခန်းဆီမှ အော်သံများ၊ ဟစ်သံများကိုကြားခဲ့ရကြောင်း အိမ်နီးချင်းတဦးက ထွက်ဆိုသည်။ ထိုအိမ်နီးချင်း၏အမည်ကိုမူ ရဲတို့က ဖော်ပြခြင်းမပြုချေ။ ထိုနေ့ညနေပိုင်းတွင် အထုပ်ကြီးနှစ်ထုပ်ကို ပိုက်၍ ထိုအခန်းထဲမှ မစ္စတာဆူလီဗန် ထွက်သွားသည်ကို တွေ့လိုက်ကြကြောင်း အိမ်နီးချင်းများက ပြောဆိုကြသည်။

အလက်၏အမှုနှင့်ပတ်သက်၍ စာနယ်ဇင်းများက ရေးထားသည့်သတင်းဖြတ်ပိုင်းများကို မစ္စတာ ဆူလီဗန်က စုဆောင်းသိမ်းဆည်းထားကြောင်း၊ ၎င်း၏ မိတ်ဆွေ အချို့က ထွက်ဆိုကြသော်လည်း ရဲက ရှာဖွေသောအခါ ထိုသတင်းဖြတ်ပိုင်းများကို မတွေ့ရချေ။ သို့သော်လည်း အလက်အနေဖြင့် အနှစ်သက်ဆုံး ဖြစ်သည်ဆိုသော ပင့်ကူနီ ကာတွန်းစာအုပ် များနှင့် ခြေအိတ်ငယ်လေးနှစ်ခုကိုသာ ရှာဖွေတွေ့ရှိရသည်။ သို့သော်လည်း လူငယ်လူရွယ်တို့၏ အမြင်မတော်သည့်ဓာတ်ပုံ အများအပြားကိုမူ သူ့အခန်းတွင်းမှ ရှာဖွေတွေ့ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သောညအထိ မစ္စတာ ဆူလီဗန်အပေါ် လုံလောက်သော စွဲချက်တင်စရာ အကြောင်းများ မရှိခဲ့ကြောင်း ရဲတို့က ဝန်ခံသည်။ စုံထောက် မီနက်တီက 'အလက် ပျောက်ဆုံးသည့် နံနက်က ပျောက်ဆုံးခဲ့သည့် နေရာတွင် မစ္စတာ ဆူလီဗန်အား တွေ့ခဲ့ရကြောင်း သက်သေနှစ်ဦးက ထွက်ဆိုခဲ့သည်။ သို့သော် မစ္စတာ ဆူလီဗန်ကမူ ငြင်းဆိုသည်။ ၎င်းအနေဖြင့် ထိုနေရာသို့ ထိုနေ့နံနက်က မရောက်ခဲ့ကြောင်း ပြောဆိုသည်။ လူငယ် လူရွယ်များအား သူနှင့်အတူလိုက်ပါရန် မစ္စတာ ဆူလီဗန်က အလွယ်တကူပင် သိမ်းသွင်းစည်းရုံးနိုင်ပေသည်။ အထူးသဖြင့် သူ့အပေါ် ယုံကြည်ထားသော၊ သိထားသော အလက်ကဲ့သို့သော ကလေး ငယ်မျိုးအား ပိုမို၍ စည်းရုံး သိမ်းသွင်းရန် လွယ်ကူသည်။ မာချီဆန်၏ အိမ်မှာ မစ္စတာ ဆူလီဗန်အတွက် ခိုအောင်းစရာ နေရာ တနေရာ ဖြစ်ခဲ့သည်။ သို့သော်လည်း အပန်းဖြေခရီးထွက်နေရာမှ မာချီဆန် ပြန်ရောက်မလာမီတွင် တရားခံသည်သူ့အနေဖြင့် အလက်ကို ဆက်လက် ထိန်းသိမ်းထားရန်၊ သို့မဟုတ် လွှတ်ပေးလိုက်ရန် ဆုံးဖြတ်ရမည့် အခြေအနေသို့ ရောက်ရှိလာခဲ့ကြောင်း ကျွန်တော် ထင်မြင်မိသည်။ ထိုအချိန်တွင်ပင် တရားခံက အလက်အား ရေချိုးခန်းထဲတွင် သတ်ဖြတ်ခဲ့ခြင်းဖြစ်နိုင်ကောင်းသည်။ သတ်ဖြတ်ပြီးသည့်နောက် အလောင်းကို ဖျောက်ဖျက်ရန်အတွက် ပလတ်စတစ် အိတ်ကြီး အတွင်းသို့ ထည့်လိုက်ပေမည်။ ပလတ်စတစ် အိတ်ထဲသို့ထည့်၍ အောက်ထပ်သို့ ယူဆောင်ခဲ့ရာတွင် သွေးများ ဖိတ်ကြခြင်း ရှိမည် မဟုတ်ကြောင်း ကိုလည်း တရားခံက နားလည်ထား



ဘောင်း ထားပေလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အတွက် ကံကောင်းခဲ့သည်ဟု ဆိုရလိမ့်မည်။

တနင်္လာနေ့ညတွင် မီနက်တီ၏ စုံထောက် နှစ်ဦးသည် လိင်တူဆက်ဆံမှုကို လိုလားသော လူရွယ်တဦးအားအသုံးပြု၍ တရားခံနှင့် ဆက်သွယ်ခဲ့ကြသည်။ ဖမ်းဆီးမိသော အချိန်တွင် တရားခံသည် လူရွယ်နှင့်အတူ ရှိနေသည်။ ရဲအရာရှိ နှစ်ဦးက သူ့ကိုယ်တွင် ရှာဖွေရာတွင် အလက်၏အမည် အတိုကောက်ကို ထိုးထားသည့် သွေးစွန်းနေသော အတွင်းခံ ဘောင်းဘီကို တွေ့ရှိရသည်။

'ဒီအမှု ပေါ်ပေါက်သွားတဲ့အတွက် ကျွန်တော် ဝမ်းသာပါတယ်' နွမ်းနယ် ပင်ပန်းလျက်ရှိသော စုံထောက် မီနက်တီက ပြောသည်။

မစ္စတာ ဆူလီဗန်အား တရားဥပဒေနှင့် အညီ တရားစွဲဆိုနိုင်ရန် ခရိုင် ရှေ့နေချုပ်က ဆောင်ရွက်လျက်ရှိသည်။

ဂရေဟမ်နှင့် ဆူဆန်တို့မှာ တဦးတည်းသော သားငယ်ဆုံးရှုံးရမှုအတွက် ဝမ်းနည်းမဆုံးရှိကြသည်။ ဂရေဟမ်သည်ဝမ်းနည်းပက်လက်ဖြစ်၍ ငိုကြွေးသည်။ ဆူဆန်ကမူကြိတ်၍ခံသည်။

သားငယ် သေဆုံးကြောင်း သိရသည့် ပထမညတွင်ပင် ဆူဆန်က အလက်ကို အိပ်မက်ထဲတွင်မြင်မက်သည်။ ရက်ပေါင်းများစွာ အိပ်မက်မမက်ခဲ့ရာမှ အလက်နှင့် ပတ်သက်၍ အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်မက်ရခြင်းဖြစ်သည်။ သားငယ်ကို ဆုံးရှုံးရမည့် အ
နှင့် ပတ်သက်၍ ဆူဆန်က စိုးရိမ်ပေသည်။ နဖူးပေါ်တွင်
လေးများ ဝဲကျနေတတ်သည့် သားငယ်၏ မျက်နှာ၊ မပျော
ဆုံးမိ နောက်ဆုံးညက သူ့အိပ်ရာ နံဘေး ကြမ်းပြင်ပေါ်
ထိုင်၍ ဆော့ကစားခဲ့သည့် သားငယ်၏မျက်နှာတို့ကို ပြန်လ
မြင်ယောင်ရန် ဆူဆန်က ကြိုးစားကြည့်သည်။သို့သော်မမြင်
သားငယ်က အိပ်မက်ထဲတွင် ဆူဆန်နှင့် ဂရေဟမ်တို့၏ လ
များကိုဆွဲ၍လမ်းလျှောက်သည်။ ရာသီဥတုမှာသာယာနေသည
ပန်းများပွင့်လျက်ရှိသည်။ ဝတ်ကောင်းစားလှများကိုဝတ်ဆ
ထားသည့်သူများနှင့် ပြည့်နှက်နေသော ပန်းခြံ အတွင်း
ဆူဆန်တို့က ရောက်သွားကြသည်။

တီရေနှင့် အန်နီတို့ အိမ်သို့ရောက်လာကြသည်။ ဆူဆန်
ဖခင်နှင့် ကိုနီတို့လည်းရောက်လာကြသည်။ ရောဘတ်နှင့် ဂ
ဟမ် တို့၏ မိဘများလည်းရောက်လာကြသည်။ သူတို့ အား
ဆုံမိကြသည်နှင့် ရှေ့တွင်ဆက်လက်၍ မည်သို့လုပ်ကိုင်ရမည
မသိပဲရှိကြတော့သည်။ သတင်းထောက်များမှာ သူတို့အိမ်
တွင် စုပြုံရောက်နေကြသည်။ ထို့ကြောင့် ဆူဆန်နှင့် ဂရေဟ
တို့မှာ အိမ်ပြင်သို့ မထွက်နိုင်ကြ။ တယ်လီဖုန်းကိုလည်း လို
ပိတ်ထားရသည်။

မာဂရက်မယိုက သူတို့အားလုံးအတွက်အစားအစာများ
သွားရောက်ဝယ်ယူ ပို့ဆောင်ပေးသည်။ ဆူဆန်အတွက်သတင်
များကိုလည်း သူ့အခန်းရှေ့ တယ်လီဖုန်းမှ နားထောင်
တဆင့်ပြောပေးသည်။ သတင်းစာများကိုလည်း ဝယ်ယူလ



ပေးသည်။ လေးရက်မြောက်သောနေ့တွင် သတင်းစာများကို ဆူဆန်အနေဖြင့် ဖတ်ရန် မာဂရက်က တိုက်တွန်းသည်။ ထိုအချိန်တွင် ဖိလစ်ပီကို တရားစွဲဆိုရန်စီစဉ်ထားပြီး ချုပ်နှောင်ထားလျက်ရှိသည်။

အခန်းထဲတွင် စုရုံး ထိုင်နေကြသည်။ သူတို့ အနေဖြင့် မည်သည့်အကြောင်းအရာများကို စဉ်းစား နေကြကြောင်း မပြောဆိုမိရန် ကြိုးစားနေကြသည်။ သူတို့သည် နေ့ဟူသည် ညဟူသည်ကိုပင် မသိရှိကြတော့။ အိမ်တွင် ဝိုင်းထားသည့် သတင်းထောက်များကြောင့် သူတို့က တံခါးများကို အလုံပိတ်ထားရသည်။ အလင်းရောင်များ ဝင်နိုင် ထွက်နိုင်ခြင်း မရှိတော့။

ရုပ်မြင်သံကြားတွင် ဖိလစ်ပီကို တွေ့ရသည်။ သူသည် ရဲနှစ်ဦးကြားတွင် တည်ငြိမ်စွာဖြင့် လမ်းလျှောက်သွားသည်။ သူ့လက်များကို ရှေ့တွင်ထား၍ လက်ထိတ်ခတ်ထားသည်။ သူ့မျက်နှာကို ဖုံးခြင်းကွယ်ခြင်းမပြု။ တနေရာတွင်မူ သူက ရုပ်မြင်သံကြားကင်မရာကို စူးစူးစိုက်စိုက်ပင် လှမ်း၍ကြည့်လိုက်သေးသည်။ သတင်းထောက်များ၊ ဓာတ်ပုံဆရာများက ဘေးသို့ ဝိုင်းအုံတိုးလာကြသည်။ သတင်းထောက်များ၏ မေးမြန်းသံများကို ကြားလာရသည်။ ပြောခဲ့

'မစ္စတာဆူလီဗန်၊ မစ္စတာဆူလီဗန် ခင်ဗျား
နေရသလဲ၊ ခင်ဗျားက အပြစ်မရှိဘူးလို
ကျွန်တော်တို့သိရတယ်။ ခင်ဗျားအနေနဲ့ ဘာနဲ့ ပတ်သက်လို့
ဆိုတာကို သက်သေပြရအောင်လို့ စီ သလဲ'

www.burmeseclassic.com



တွေ့ဖို့ ငြင်းဆိုတယ်ဆိုတာကကော ဟုတ်သလား။မစ္စစ်ဆယ် ကို ခင်ဗျား ဘာပြောချင်သေးသလဲ....'

ဖိလစ်ပီကမည်သူ့ကိုမှမကြည့်ပဲ မည်သူ၏မေးမြန်းချက်ကို မဖြေပဲ သတင်းစာဆရာများ၊ သတင်းထောက်များ ကြား ထွက်သည်။ စောင့်နေသည့်ရဲကားအနီးသို့ ရောက်သောအ တွင်မှ သူက ရုပ်မြင်သံကြားကင်မရာကို ဒုတိယအကြိမ်လှမ်း ကြည့်သည်။

သတင်းကြေငြာသူ၏အသံထွက်လာသည်။'ယခုတွေ့မြင် တဲ့ မြင်ကွင်းကတော့ လွန်ခဲ့တဲ့မိနစ်အနည်းငယ်ခန့်ကပြည်န တရားရုံးကို ရောက်လာတဲ့ ဟင်နရီဆူလီဗန်ပဲ ဖြစ်ပါတယ် သူ့ကို အလက်ဇန်းဒါးဆယ်ကီလေးကို ညှဉ်းပန်း နှိပ်စ သတ်ဖြတ်တယ်လို့ စွပ်စွဲထားတယ်။ နောက်ပြီးတော့ ဒီပြ အမှုတွေအများအပြားနဲ့ ပတ်သက်လို့လည်း စွဲချက် တင်ထာ တယ်။ အဲဒီအမှုအများအပြားတွေထဲမှာ တနင်းလာနေ့ည လူရွယ်တယောက်နဲ့ လိင်တူဆက်ဆံမှုလည်းပါတယ်။ မစ္စတာ ဆူလီဗန်က အခြားအမှုတွေအားလုံးအတွက် အပြစ်ရှိကြောင် ၀ ပ်သားပေမယ့် အလက်ကို ပြန်ပေးဆွဲမှုနဲ့ပတ်သက်လို့ တော ပိတ်ငြ်ကြောင်း ငြင်းဆိုထားတယ်။ အားလုံး မြင်တွေ့ခဲ့

မ ဆီက တစုံတရာကိုကြားဖို့အတွက် စောင့်နေ သွားရောက်များရဲ့ မေးမြန်းတာတွေအားလုံးကို မစ္စတာ များကိုလည်း ကလုံးမှ ဖြေမသွားပါ။ အားလုံးအသိ ဘာဆင့်ပြောပေးဆီပြန်သွားတဲ့နောက်ပိုင်းမှာ ဒီတရားရုံး ကြောင့် ရုတ်ရုတ်သဲသဲဖြစ်သွားခဲ့



သေးတယ်။ သူတို့က ဖိလစ်ပီကို ဆန့်ကျင် ဆန္ဒပြခဲ့ကြတာ ပြင်တယ်။ ယခုတွေ့မြင်ရတာကတော့ အဲဒီ ဆန္ဒပြသူတွေကို မ်နင်းဖို့ ရဲတွေရောက်လာတာဖြစ်တယ်'

ရဲများရောက်လာကြပုံကို ရုပ်မြင်သံကြားတွင် ပြသသည်။

ထို့နောက် ကြေငြာသူ၏အသံထွက်လာပြန်သည်။'အလက် ဆယ်ကီ နေခဲ့တဲ့အိမ်မှာတော့ မြင်ကွင်းက မပြောင်းလဲဘူး။ ၎ မိသားစုဟာ ခုထိ ဘယ်သူနဲ့မှ အတွေ့မခံဘူး။ အလက်ရဲ့ အဘိုးတွေအဘွားတွေဟာ မနေ့ညက ရောက်လာ ခဲ့ကြတယ်။ ဒါပေမယ့် ဒီနေ့အထိ ကြေငြာချက် တစောင်ကိုပဲ ထုတ်ပြန် ခဲ့တယ်၊ အဲဒီကြေငြာချက်ကိုလည်း သူတို့အိမ်အောက်ထပ်မှာ နေတဲ့ ဆူဆန်ရဲ့မိတ်ဆွေ မာဂရက်ဆိုသော အမျိုးသမီးဆီက ထုတ်ပြန်ခြင်းဖြစ်တယ်။

ရုပ်မြင်သံကြားပေါ်တွင် မာဂရက်၏ရုပ်ပုံ ပေါ်လာသည်။ သူက အလုပ်သွားရန်အတွက်အိမ်ထဲမှထွက်လာခြင်းဖြစ်သည်။ သတင်းသမားတို့က သူ့နောက်သို့ စုပြုံလိုက်ကာမေးခွန်းများ မေးကြပြန်သည်။

'ကျွန်တော်တို့အတွက် သတင်းထုတ်ပြန်ချက်များ ပေးဦး မလား ခင်ဗျာ'

'သူတို့က ဟင်နရီဆူလီဗန်နဲ့ တွေ့ဆုံ စကား ပြောခဲ့ ကြပြီလား'

'သူတို့က အံ့ဩနေကြသလား'

'ဟင်နရီဆူလီဗန်အပေါ် သံသယဖြစ်တာနဲ့ ပတ်သက်လို့ သွားအနေနဲ့ ဘယ်လိုများ ထင်မြင်ပါသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မစ္စစ်ဆယ်ကီကကော ဘယ်လိုထင်သလဲ'

'သူတို့က သတင်းထုတ်ပြန်ချက် ထုတ်ပြန်ဦးမလား'

'ကဲ' မေးခွန်းများ ပြတ်သွားချိန်တွင် မာဂရက်က ပြောသည်။ 'ကျွန်မမှာ ရှင်တို့နဲ့တူညီတဲ့ အကြောင်းတချို့ရှိတယ်ဒါပေမယ့်လည်း ရှင်တို့လိုတော့ အော်မပြောချင်ဘူး' အားလုံးငြိမ်သွားကြသည်။ ကင်မရာများ၏ လျှပ်တပြက် မီးများပွင့်လာသည်တို့သာ ရှိသည်။ မာဂရက်က စကား ဆက်ပြောသည်။ 'ဟိုလွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ရာက အခု ဆူဆန်တို့ မိသားစုလိုမိသားစုတစုဟာ ဝမ်းနည်းကြေကွဲစရာနဲ့ ကြုံတွေ့ခဲ့ရတယ်။ အဲဒီအခါမှာ လူတွေက လမ်းထဲကိုဝင်လာတဲ့ လှည်းတွေရဲ့ အသံတွေ၊ မြင်းတွေရဲ့ခွာသံတွေကို သူတို့မိသားစုမကြားရအောင်လို့ သူတို့ရဲ့အိမ်ရှေ့မှာ ကောက်ရိုးတွေ၊ မြက်ခြောက်တွေ လာခင်းပေးကြတယ်။ ဒါလူလူချင်း ကြင်နာ သနားမှုပဲ ဖြစ်ပါတယ်။ ဒီတော့ ရှင်တို့အနေနဲ့ကော ဆူဆန်တို့ မိသားစုသီးသီးခြားခြား၊ အေးအေး ဆေးဆေး ပူဆွေး ကြေကွဲနိုင်အောင်လို့ ခွင့်မပြုနိုင်ကြဘူးလား ဟင်'

အားလုံး တိတ်ဆိတ်သွားကြသည်။ သူ့အား နောက်ထပ်မေးခွန်းများ မေးမလာနိုင်မီ မာဂရက်က သတင်းသမားများကြားမှ ထွက်သွားတော့သည်။

'အဲဒီလိုငါကလည်း ပြောချင်လုပ်ချင်တာ' ဆူဆန်၏ဖခင်က ပြောသည်။ ဆူဆန်ကလည်း မာဂရက်အား ကျေးဇူးတင်မိသည်။ ညနေဘက် ပြန်လည်ဆုံကြသောအခါ ဆူဆန်က မာဂရက်အား ကျေးဇူးတင်ကြောင်း ပြောသည်။ မာဂရက်က ကျေနပ်စွာဖြင့် ပြုံးပြသည်။



ဆူဆန်မှာအိမ်ပြင်သို့ မထွက်ပဲမနေနိုင်တော့။ အိမ်တွင်းအောင်းရသည်ဖြစ်သောကြောင့် သူ့ကိုယ်လက်များ ညောင်းလာသည်။ စိတ်လည်းပို၍ပန်းလာသည်။ သို့သော် အိမ်ပြင်ထွက်လိုက်လျှင် သတင်းထောက်များနှင့် ပက်ပင်းတိုးမည်ကိုလည်း စိုးရိမ်သည်။ နောက်ဆုံးတွင်မူ မာဂရက်ဟန်ဆောင်၍ တံခါးပေါက်မှ ခပ်တည်တည်ဖြင့်ထွက်ရန် ဆူဆန်ကဆုံးဖြတ်သည်။

ဆူဆန်ကမာဂရက်၏အမူအရာများအတိုင်း လှုပ်ရှားသည်။ သူကတံခါးကို ရဲရဲပင်ဖွင့်လိုက်သည်။ တံခါးပွင့်သွားသည်ဆိုသည်နှင့် ဆူဆန်အံ့သြရသည်။ ငြိမ်သက် တိတ်ဆိတ်လျက်ရှိကြောင်းတွေ့ရသည်။ အမှန်စင်စစ် သတင်းထောက်များ အငိုက်မိသွားကြခြင်းလည်း ဖြစ်သည်။ သူတို့အားလုံးက တစုံတရာပြောဆိုရန်ရှိသဖြင့် အိမ်တွင်းမှအမျိုးသမီးတဦးထွက်လာပြီး သူတို့ကို ငြိမ်ငြိမ်နေရန် ပြောဆိုသည်ဟု ထင်မှတ်မှားကြသည်။

အခွင့်ကောင်းကိုယူပြီး ဆူဆန်ကသွက်လက်သော ခြေလှမ်းများဖြင့် လှမ်းလိုက်သည်။ ထိုစဉ်တွင်ပင် သူ့နောက်သို့သတင်းထောက်များ လိုက်လာပြီးမေးခွန်းများ ထုတ်ကြတော့သည်။ တဦးကဆိုလျှင် သူ့လက်မောင်းကိုဆွဲ၍ အော်မေးသည်။ ဆူဆန်

www.burmeseclassic.com

www.burmeseclassic.com



က ထိုသတင်းထောက်အား သည်းခံသော မျက်လုံးဖြင့်ကြည့်သည်။ ဆုပ်ကိုင်ထားသောလက်ကို သတင်းထောက်က ဖြုတ်လိုက်သည်။ ဆူဆန်က လူသွားလမ်းရောက်အောင် လျှောက်သွားသည်။ ထို့နောက် သူတို့အပါးမှ အဝေးသို့ရောက်အောင်သွားနိုင်သည်။

ထို့နောက်ပိုင်းတွင်မူ သတင်းထောက်တို့မှာ တဖြည်းဖြည်းနည်းလာသည်။ နှစ်ရက်ခန့် ကြာသောအခါ သူတို့အားလုံးလုံးဝပျောက်သွားကြတော့သည်။ ဆူဆန်အလုပ်ပြန်ဆင်းသည်။ ပြန်လည်၍စာသင်သည်။ ပြန်လည်စာသင်သည့် ပထမဆုံးနေ့က သူ၏ ကြေကွဲဝမ်းနည်းဖွယ် အတွေ့အကြုံများကို ဆူဆန်[illegible] မည်သူ့ကိုမှပြောမပြ။ သူ၏ သာမန်ဘဝသို့ ပြန်ရောက်[illegible] ဦးတည်ခြင်းမှန်သမျှတို့သည် သူ့သားငယ်နှင့် ဝေးသည်ထက်ဝေး၊ သူ့သားငယ်အား မေ့သည်ထက် မေ့အောင်ဆောင်ရွက်ခြင်းပင်ဖြစ်သည်ဟု ဆူဆန်နားလည်ထားသည်။

စတင်စာသင်သည့်နေ့က မျက်လုံးပေါင်း ရာပေါင်းများစွာက သူ့ကိုဝိုင်းကြည့်နေသည့် စာသင်ခန်းအတွင်းသို့ ရောက်လာရသည်ဟု ဆူဆန်ထင်မိသည်။ စတင်၍ စာသင်သောအခါတွင်လည်း သူပြောလိုက်သည့် အသံကို သူ့ဘာသာ မကြားမိ။ ထိုအစား အလက်၏ငိုသံကိုသာ ကြားနေရသည်။ သားငယ်၏ အသံလေးကိုသာပင် ကြားနေရတော့သည်။

တည့်နေသင်တန်းများအပြီး စာသင်ခန်းမှ ပြန်ထွက်လာသောအခါ အခန်းဝတွင် သူ့ကိုလူတယောက်က စောင့်နေကြောင်း ဆူဆန်တွေ့ရသည်။

'မစ္စစ်ဆယ်ကီ' ထိုလူကလှမ်းခေါ်ယင်း ဆူဆန်နှင့် ယှဉ်၍ လမ်းလျှောက်လိုက်ပါသည်။ 'ခင်ဗျားနဲ့ချိန်းဆိုခြင်းမပြုပဲ ခုလိုလာရောက်တွေ့ဆုံရတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါရစေ။ ခင်ဗျားကို တယ်လီဖုန်းနဲ့ ဆက်သွယ်ဖို့ ကျွန်တော်အကြိမ်ပေါင်းများစွာ ကြိုးစားခဲ့တယ်။ ဒါပေမယ့် ခင်ဗျားရဲ့တယ်လီဖုန်းလိုင်းက မအားပဲ ဖြစ်နေတယ်။ဟင်နရီက ခင်ဗျားအိမ်ရဲ့ တယ်လီဖုန်းအမှတ်ကို ပေးခဲ့တယ်' သူသည် အရပ်ရှည်ရှည်နှင့် ရုပ်ရည်သန့်ပြန့်သူ ဖြစ်ကြောင်း ဆူဆန် အကဲခတ်မိသည်။ 'ကျွန်တော်သတင်းစာက မဟုတ်ပါဘူး။ကျွန်တော့်နာမည်က လေစလီဂျေ့ဖြစ်တယ်။ကျွန်တော်ဟာ ဟင်နရီရဲ့ရှေ့နေပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်နရီဟုတ်လား' ဆူဆန်ကမေးသည်။

'ဖိလစ်ပီလေ' ရှေ့နေကပြောသည်။

'အို....' ဆူဆန့်ရင်ထဲ တုန်လှုပ်သွားသည်။ သူ့အသည်းနှလုံးကိုဆုပ်ကိုင်လိုက်သည်ကဲ့သို့လည်း ခံစားရမိသည်။

'ခင်ဗျားအတွက် ကော်ဖီတခွက် ကျွန်တော် ဝယ်တိုက်နိုင်မလား' ရှေ့နေကမေးသည်။

'ကောင်းသားပဲ' ဆူဆန်ကဖြေသည်။ သူတို့က ကော်ဖီဆိုင်ရှိရာသို့သွား၍ ကော်ဖီဆိုင်အတွင်း ထိုင်လိုက်ကြသည်။ ချက်ချင်းပင် သူတို့ရှေ့သို့ ကော်ဖီပန်းကန်များ ရောက်လာသည်။ 'ကျွန်တော်အမိကထားပြီး ပြောချင်တာကတော့ ဟင်နရီက ခင်ဗျားကို တွေ့ချင်နေတယ်'

'အလို....ဘုရားရေ၊ ဘာဖြစ်လို့တွေ့ချင်နေတာတဲ့လဲ'

'သူ့မှာ အပြစ်မရှိဘူးဆိုတာ ခင်ဗျားကို ပြောပြချင်လို့တဲ့' ဆူဆန် အံ့သြမိရပြန်သည်။ 'သူ့အနေနဲ့ အမှုဖြစ်ပြီးမှ ခင်ဗျားတယောက်တည်းကိုပဲ တွေ့ဆုံချင်တယ်လို့ ပြောခဲ့တာဖြစ်တယ်။ တရားရုံးရဲ့ စိတ်ရောဂါဆရာဝန်နဲ့တောင် သူက လက်ခံတွေ့ဆုံစကားပြောခဲ့တာ မဟုတ်ဘူး။ သူနဲ့စတွေ့တဲ့ ပထမဆုံးနေ့က သူ့ရှေ့နေအဖြစ် လက်မခံဖို့ သူကကြံ့ရွယ်ခဲ့သေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှုံးသွပ်ခြင်းကို အကြောင်းပြပြီး အပြစ်ကင်းလွတ်မှုရအောင် လျှောက်မယ်လို့ ကျွန်တော်က ပြောခဲ့တဲ့အတွက်ပဲ'



'သူလုပ်ခဲ့တာတွေနဲ့ ပတ်သက်လို့ ရှင်ကလက်ခံတယ်ပေါ့' သူလုပ်ခဲ့တာတွေ ထဲမှာ ကျွန်မသားကို သတ်ခဲ့တာလည်း ပါတယ်'

လစ်စလီဂျော့က သူ့လက်ဖျားလေးများကို သေသေချာချာ ငိုက်ကြည့်၍ စဉ်းစားနေသည်။

'သူ့အနေနဲ့ သူ့အတွက် အကောင်းဆုံးခုခံပိုင်ခွင့်ရှိတယ်လို့ ကျွန်တော် ယုံကြည်တယ်။ နောက်ပြီး တရားရုံး ရောက်ယင် တရားသေလွှတ်ပစ်ခြင်းခံရဖို့ အခွင့်အရေးကလည်း များပြားနေတယ်လို့ ကျွန်တော် ယုံကြည်တယ်။ စာနယ်ဇင်းတွေက ဘယ်လိုပဲ သူ့ကိုအပြစ်တင် ဝိုင်းပြီးရေးနေကြပေမယ့် တရားလိုဘက်က လုံလောက်တဲ့စွဲချက်တွေ မတင်နိုင်ဘူး'

ဝိုးရိမ်ခြင်းတို့ဖြင့် ဆူဆန်၏ ပါးစပ်မှာ ခြောက်သွေ့လာသည်။

'သူ့ရဲ့ အူတာပြည်နယ်က အရေးယူခြင်းခံရတဲ့မှတ်တမ်းကို ကျွန်တော်က အကြောင်းပြပြီး ဖျက်နိုင်မယ်ဆိုယင်၊ တကယ်တော့လည်း ဖျက်နိုင်စရာအခြေအနေ ရှိပါတယ်။ သူ့အတွက် ဘာပဲကျန်တော့မလဲဆိုယင်....သူနဲ့အတူ အဖမ်းခံခဲ့ရတဲ့လူငယ်ရဲ့ ထွက်ဆိုချက်ရှိယင် လူငယ်နဲ့လည်း ကျွန်တော် တွေ့ပြီးပြီ။ သူ့မှာ အကြမ်းဖက်ခံရတဲ့ ဒဏ်ရာဒဏ်ချက်တွေ မရှိဘူး။ ခင်ဗျားရဲ့ ပျောက်ဆုံးသွားတဲ့သားလေး ပျောက်ဆုံးတဲ့မနက်က ဟင်နရီကို အဲဒီကလေး သွားတဲ့လမ်းမှာ တွေ့ခဲ့တယ်ဆိုတဲ့ သက်သေကို ရဲကတင်ပြလိမ့်မယ်။ အဲဒါကတော့ သိပ်မကောင်းဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ သူက ရဲကို လိမ်ခဲ့တာကိုး။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့လည်း ပိုလို့ဆိုးတာက ခင်ဗျားသားပျောက်ဆုံး ချိန်က လိမ်လည်မှုစစ်တဲ့စက်နဲ့ စစ်ဆေးခဲ့တာ အောင်မြင်ခဲ့ပြီး အခုအဖမ်းခံရပြီးတဲ့နောက် စစ်ဆေးခဲ့တာ နှစ်ကြိမ်မှာ နှစ်ကြိမ် စလုံး ကျရှုံးခဲ့တယ်။ ဒါပေမယ့်လည်း ကျွန်တော်က အဲဒီ စစ်ဆေးမှုတွေ အရာမရောက်နိုင်အောင်လို့ အကြောင်း အမျိုးမျိုးပြနိုင်တယ်'

'ဒါပေမယ့်လည်း အလက်ရဲ့ ပစ္စည်းတွေ သူ့အိတ်ထဲက တွေ့ခဲ့တာကကော'

ရှေ့နေက ဆူဆန့်ကိုစိုက်ကြည့်သည်။ 'အဲဒါနဲ့ပတ်သက်ပြီး ဟင်နရီကရှင်းပြပါလိမ့်မယ်။ အတွင်းခံဘောင်းဘီမှာတွေ့ရတဲ့ ပေနေတဲ့သွေးဟာ အိုအမျိုးအစားသွေးဖြစ်တယ်။ လူအများ အပြားမှာရှိတတ်တဲ့ သွေးဖြစ်တယ်၊ ဟုတ်ပါတယ်။ ခင်ဗျား သားရဲ့ သွေးအမျိုးအစားဟာ အိုဖြစ်တယ်။ ဒါပေမယ့်လည်း ဟင်နရီရဲ့ သွေးအမျိုးအစားကလည်း အိုအမျိုးအစား ဖြစ်တယ်။ ခင်ဗျားကို သူက အများကြီးရှင်းပြနိုင်လိမ့်မယ်'

ဆူဆန် အတွေးခေါင်လာရပြန်သည်။ အလက် မသေ သေးကြောင်း၊ အသက်ရှင်လျက် ရှိသေးကြောင်း ရှေ့နေက ပြောဆိုနေသည်များလား။ သူ့အနေဖြင့် ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းမရှိသော အမှုအတွက် အပြစ်မဲ့သူတယောက်မှာ တရားစွဲဆိုခြင်း ခံရတော့မည်လော၊ သို့မဟုတ် သားငယ်ကို အမှန်တကယ် သတ်ခဲ့သူမှာ ယခုအခါ၌ ဘေးကင်းရန်ကင်း အေးအေးဆေးဆေး၊ လွတ်လွတ်လပ်လပ် နေနိုင်နေပြီလော။

'ကဲ....ကျွန်မ သူနဲ့တွေ့ပါ့မယ်' ဆူဆန်ကပြောသည်။



'ကောင်းတယ်၊ခင်ဗျားတို့နှစ်ယောက်တွေ့ဆုံနိုင်အောင်လို့ ကျွန်တော်စီစဉ်ပေးမယ်'

ဟင်နရီဆူလီဗန်အား တွေ့ဆုံရန် ဆူဆန်က အခန်းထဲတွင် ထိုင်စောင့်နေသည်။အခန်းထဲတွင်လူရှင်းနေသည်။ တယ်လီဖုန်း တင်ထားသော စားပွဲတလုံးတွင် အစောင့်တဦးကရှိနေသည်။ သူ့ခါးတွင် ခြောက်လုံးပြူးကို ချိတ်ထားသည်။

အစောင့်နှစ်ဦးလိုက်ပါ၍ ဖိလစ်ပီရောက်လာသည်။အစောင့် နှစ်ဦး၏ခါးများတွင်လည်း ခြောက်လုံးပြူးများချိတ်ထားသည်။ ဖိလစ်ပီက ဆူဆန်နှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။ သူတို့ နှစ်ယောက်က တယောက်ကိုတယောက် ကြည့်နေကြသည်။

'ရှင့်ကို ကျွန်မက ဟင်နရီလို့ခေါ်ရမလား၊ ဒါမှမဟုတ် ဖိလစ်ပီလို့ ခေါ်ရမလား' ဆူဆန်က စတင်ပြောသည်။

'ဟင်နရီလို့ခေါ်ပါ' သူကပြောသည်။

ဆူဆန်အံ့ဩမိသည်။

'ကျွန်မကိုတွေ့ချင်လို့ဆို....'

သူက ခေါင်းညိတ်ပြသည်။

'ဆူဆန်' သူကပြောသည်။ 'အပြစ်တွေ အများအပြား အတွက် ကျွန်တော် ဝန်ခံပါတယ်။ ကျူးလွန်ခဲ့မိပါတယ်။ ဒါပေမယ့်လည်း ကျွန်တော့်ဘဝမှာ ဘယ်သူတယောက်ကိုမှ

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ လိုက်လျောမှု၊ ဆန္ဒတူညီမှုမပါပဲ မနာကျင်စေခဲ့ဘူး။ အဲဒီအတိုင်းပဲ အလက်ကိုလည်းပဲ မထိခိုက်စေခဲ့ဘူး'

'အူတာပြည်နယ်မှာ နေတုန်းက ယောက်ျားလေးတဦးကို မတော်မတရား လုပ်ခဲ့တဲ့အတွက် ရှင် ထောင် ကျ ခဲ့ တယ် မဟုတ်လား'

သူ၏ သက်ပြင်းချသံကို ဆူဆန်ကြားလိုက်ရသည်။

'လူငယ်လေးတယောက်ပါ'သူကပြောသည်။'ကောလိပ်မှာ နေခဲ့တုန်းက သစ်လွင်လေးတဦးနဲ့ ကျွန်တော် အပေါင်းအသင်း ဖြစ်ခဲ့တယ်။ အဲဒီလူငယ်က သူဟာ အသက်ဆယ့်ငါးနှစ်သာ ရှိသေးတယ်လို ကျွန်တော့်ကို ပြောမပြခဲ့ဘူး။ ကျွန်တော်တို့ ကိစ္စကို သူ့ဖခင်သိတော့ အကြီးအကျယ် ဒေါ်ပွ ခဲ့ တယ်။ သူ့ဖခင်ဟာ ဘုရားရှိခိုးကျောင်းက လူကြီးတယောက်လည်း ဖြစ်တယ်။ သူ့သားကို ကျွန်တော်က မတော်မတရားပြုလုပ်ပါတယ်လို့ ထွက်ဆိုဖို့ စည်းရုံးသိမ်းသွင်းခဲ့တယ်။ အဖြစ်ကတော့ အဲဒါပဲလေ'

'ဒါပေမယ့် အဲဒီအမှုအတွက် ရှင်က အပြစ်ရှိတယ်လို့ ဝန်ခံခဲ့တယ် မဟုတ်လား'

'ဒါကတော့ ကျွန်တော့်ယုံကြည်ချက်ကြောင့်ပါ'

'အလက်ပျောက်ဆုံးတဲ့ မနက်က ဘေကွန်လမ်းမှာ ရှင်ရှိနေတယ်ဆိုတာနဲ့ ပတ်သက်လို့ လိမ်ခဲ့တယ်'

'ဟင့်အင်း....မလိမ်ဘူး၊ မလိမ်ခဲ့ဘူး'



'အဲဒီကိစ္စနဲ့ ပတ်သက်ပြီး လိမ်လည်မှုစစ်ဆေးတဲ့ စက်မှာ ရှင် စစ်ဆေးခံခဲ့တာ မအောင်မြင်ခဲ့ဘူး။ နှစ် ကြိမ် တောင် မအောင်မြင်ခဲ့ဘူးလေ'

'အဲဒီအချိန်က ကျွန်တော်ဟာ အင်မတန် စိုးရိမ်စိတ်ပြင်းပြနေခဲ့တာကိုး'

'သားပျောက်တဲ့ မနက်က ဘေကွန်လမ်းပေါ်မှာ ရှင့်ကို မြင်ခဲ့ရတယ်လို့ သက်သေနှစ်ယောက်က ထွက်ဆိုခဲ့ကြတယ်။ အဲဒါနဲ့ ပတ်သက်လို့ကော....'

'သူတို့မှားတာပဲ သူတို့က လူမှားပြီး ထွက်ဆိုခဲ့ကြတာပါ'

'တကယ်လို့ ရှင်ကသာ အလက်ကို ဖမ်းမထားခဲ့ဘူးဆိုယင် အားလပ်ရက်နေ့က မာချီဆန်ရဲ့ အိမ်မှာရှင်ဘာဖြစ်လို့ ရောက်နေတာတဲ့လဲ'

'ကျွန်တော်ပြောမယ်၊ ခင်ဗျားမှာ လိုလား နှစ်သက်တဲ့သူ ရှိနေပြီ။နောက်ပြီး အခန်းကျယ်ကျယ်ကြီးထဲမှာ အိပ်ရာကြီးကြီးလည်း ရှိနေပြီ။ အဲဒီအခန်းရဲ့ပိုင်ရှင်ဟာတနေရာကိုသွားနေပြီး ခင်ဗျားကို အဲဒီအခန်းရဲ့ သော့ကိုပေးပြီး အပ်ခဲ့မယ် ဆိုယင် ကော ခင်ဗျားဘာလုပ်မလဲ'

ဆူဆန်ကသူ့ကိုအကဲခတ်ကြည့်သည်။'ကျွန်မမေးတဲ့မေးခွန်းကို အတိအကျ မဖြေသေးပါလား'

သူကပခုံးတွန့်ပြသည်။ 'ကျွန်တော့်ကို ခင်ဗျားနားလည်မှာ တယ်လေ။ ယုံကြည်မှုဆိုတာက ခင်ဗျားဆီကပဲ လာတာပါ။ ကျွန်တော့်ဆီက မဟုတ်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဆူဆန်က မျက်လွှာချလိုက်သည်။ နောက်ဆုံး အနေဖြင့် မေးခွန်းတခုကို မေးရန်လည်း ဆုံးဖြတ်သည်။ 'ကောင်းပြီ ရှင်ရဲ့အိတ်ထဲက အလက်ရဲ့အတွင်းခံဘောင်းဘီ တွေ့ခဲ့တဲ့ ကိစ္စကကော'

ထိုမေးခွန်း၏ အဖြေကို မေးသာ မေးလိုက်ရသော်လည်း ဆူဆန်ကမကြားလို။ သူ့အပေါ် မယုံမကြည် ဖြစ်လာမည်ကို ဆူဆန်က စိုးရိမ်သည်။ တချိန်တည်းတွင်လည်း ယုံကြည်လာမည်ကို စိုးရိမ်သည်။

သူက ယာလက်ကိုမြှောက်ပြသည်။ သူ့လက်မတွင်ရှိနေသည့် အမာရွတ် ကိုလည်း ပြသည်။ အမာရွတ်မှာ နှစ်လက်မခန့် ရှည်သည်။

'ပြီးခဲ့တဲ့ နွေဦးရာသီက ခင်ဗျားရဲ့အိမ်မှာပေါ့။ ပန်းကန်တွေကိုဆေးယင်း ဖန်ခွက်ကွဲပြီးတော့ ကျွန်တော့်လက် ဒဏ်ရာ ရခဲ့တယ်။ ကျွန်တော်ဟာ တွေ့မိတွေ့ရာ အဝတ်စ အဖြစ် အလက်ရဲ့ အတွင်းခံဘောင်းဘီလေးတွေကိုယူပြီး ဒဏ်ရာကို ရစ်ပတ်ခဲ့တယ်။ ဒဏ်ရာက သွေးတွေအများကြီး ထွက်ခဲ့တယ်။ ကျွန်တော်က ချက်ချင်းပဲအိမ်ကို ပြန်ခဲ့တယ်။ လမ်းတဝက် ရောက်လို့ ကြည့်လိုက်တော့ သွေးထွက်ရပ်သွားတာကို တွေ့ရ တယ်။ ဒါကြောင့်မို့ လို့အတွင်းခံဘောင်းဘီကိုဖယ်ပြီးကျွန်တော့် အိတ်ထဲ ထည့်ထားခဲ့တယ်။ နောက်တော့ မေ့ပြီး ဒီအတိုင်းပဲ အိတ်ထဲထည့်ထားခဲ့မိတယ်'



ဆူဆန်က သူ့ကို အချိန်ကြာမြင့်စွာ စိုက်ကြည့် နေမိသည်။ မည်သို့ပင်ဖြစ်စေ သူ့မျက်လုံးများထဲတွင် အမှန်တရားများကို ဆူဆန်ကတွေ့မြင်လိုက်ရသည်။

'အဲဒီအနာကို ချုပ်ဖို့လို့ တနေရာရာကို ရှင် သွားခဲ့သေးသလား'

'ပြောခဲ့ပါပြီကော။ ဒဏ်ရာက သွေးတိတ် သွားတယ်လို့ ကျွန်တော် ပြောခဲ့တယ်မဟုတ်လား'

'ဟုတ်ပြီလေ' ဆူဆန်က ပြောသည်။ တချိန်တည်းတွင်ပင် သူ့ရင်ထဲ၌ ခံစားမှုတို့ ဖြစ်ပေါ်လာကြောင်း ဆူဆန်နားလည် မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကြိုတင်စီစဉ်ခြင်း မရှိပဲ၊ ယုံကြည်ခြင်းနှင့် မယုံကြည်ခြင်းတို့ မရှိပဲနှင့် ဆူဆန်သည် မီနက်တီ၏ ရုံးရှိရာသို့ လာခဲ့သည်။ ဆူဆန်သည်မီနက်တီ၏ ရုံးခန်းရှိရာပထမထပ်သို့ တဖြည်းဖြည်း တက်ခဲ့သည်။

မီနက်တီ၏ ရုံးခန်းထဲသို့ ဝင်လိုက်သည်ဆိုလျှင် အလက်နှင့် ပတ်သက်သော ပိုစတာများအားလုံးမရှိတော့ကြောင်းဆူဆန် တွေ့ရသည်။ ယခင်က အလက်၏ပိုစတာများရှိသည့်နေရာတွင် အခြားပိုစတာတို့ ရောက်ရှိနေသည်။

ဖိလစ်ပီကို ဖမ်းဆီးခဲ့ပြီးသည့် ချိန်မှစ၍ ယနေ့မှာ ဆူဆန် အနေဖြင့် မီနက်တီနှင့် ပထမဆုံး တွေ့ရသည့် နေ့ဖြစ်သည်။ သူတို့နှစ်ယောက်သည် တယ်လီဖုန်းဖြင့်သာ ပြောဆိုမှုကြသည်။

'လာလေ ထိုင်' သူက ပြောသည်။ သူတို့နှစ်ယောက်သည် မျက်နှာချင်းဆိုင်ထိုင်မိကြသည်။ အခန်းထဲတွင် အခြားရဲတဦး ရှိနေသည်။ သူက စာရွက်စာတမ်းများကို ရှာဖွေလျက်ရှိသည်။



'နေကောင်းရဲ့လား' မီနက်တီက ယုယစွာဖြင့် မေးသည်။

'ဖိလစ်ပီနဲ့ ကျွန်မတွေ့ခဲ့တယ်'ဆူဆန်ကပြောသည်။

မီနက်တီကခေါင်းညိတ်သည်။ သက်ပြင်းကိုလည်း ချသည်။ 'ကျွန်တော့်ဘဝမှာ စုံစမ်းခဲ့ရတဲ့ အမှုတွေထဲမှာ ဖိလစ်ပီကို အရေးယူခဲ့ရတဲ့ ကိစ္စကတော့ စိတ်မအေးစရာပဲ။သံသယဖြစ်စရာ သည်း ရှိနေရတယ်'

'ဒီလိုပဲပေါ့လေ' ဆူဆန်ကပြောသည်။

'ဘာကို ဆိုလိုချင်တာလဲဟင်' မီနက်တီက ပြောသည်။ မီနက်တီမှာ ယခုအမှုကိစ္စတွင် နာမည်ကြီးလျက် ရှိသည်။ သူ့ နာမည်မှာလည်း သတင်းစာတို့တွင် နေ့တိုင်း ဖော်ပြလျက် ရှိသည်။ ယခုအမှုကို အောင်မြင်စွာ ဖြေရှင်းနိုင်မည် ဆိုပါက ရာထူးတိုးတက်စရာများပင်ရှိနေကြောင်း မီနက်တီကမျှော်လင့် ထားသည်။

'ရှင်ဆုံးဖြတ်ခဲ့တာ မှားတယ်လို့ ကျွန်မထင်တယ်၊ ဖိလစ်ပီ ဟာ တရားခံအစစ် အမှန်မဟုတ်ဘူးလို့ ကျွန်မထင်တယ်'

ဆူဆန်ကို မီနက်တီက စိုက်ကြည့်သည်။ ထို့နောက် သူက ခေါင်းကရက်ကိုမီးညှိသည်၊ 'ဒီလိုလား....' မီနက်တီက ညင်သာစွာ ပြောသည်။ 'ခင်ဗျားပြောတာကို ကျွန်တော်နားလည် လက်ခံ တယ်လို့ထင်မိတယ်'

'သူနဲ့ကော ရှင်တွေ့ဆုံ စကားပြောကြည့်ပြီးပြီလား။ သူ့ကို ရှင်သိပါတယ်လေ။ ဖြေရှင်းဖို့အတွက် သူ့ကိုအချိန်ပေးပါ'

'ကျွန်တော်ရှင်းပြပါရစေ၊ ခင်ဗျားကို ကျွန်တော်ရှင်းပြ ချင်တာတွေရှိတယ်' မီနက်တီကစကားကို ဖြတ်၍ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



‘ကျွန်တော်တို့အခု စုံစမ်းနေတာက လူပျောက်မှုပါ။ ဖိုလစ်ပီဟာ တစုံတရာသော အတိုင်းအတာအရ ရာဇဝတ်မှုကို ကျူးလွန် တာဖြစ်ကြောင်း သေချာတယ်။ အဲဒါကို ခင်ဗျားသိရဲ့လား အဲဒီကျူးလွန်ခဲ့တဲ့ အမှုတွေအတွက်ပဲ သူ့ကိုဖမ်းခဲ့တာ’

‘ရှင်သူနဲ့ တွေ့ပြီးပြီလား’ ဆူဆန်ကထပ်မေးပြန်သည်။

‘တွေ့ပြီးပါပြီ’

‘ဒါဖြင့်ယင် သူ့ကိုဖြေရှင်းဖို့ အခွင့်အရေး ရှင်ပေး သလား’

မီနက်တီက စီးကရက်ကို အားပါးတရဖွာလိုက်သည်။ ‘ဒီမှာ ကျွန်တော်ပြောမယ်၊ ဒီအမှုမှာ ဒီအခြေအနေ ရောက်လာ ကတည်းက ကျွန်တော်နဲ့မဆိုင်တော့ဘူး။ ကျွန်တော်ပြောတာ ခင်ဗျားနားလည်ရဲ့လား။ တကယ်တော့....’

‘တကယ်လို့ ရှင်ပြောတာကို ကျွန်မကနားမလည်ဘူးဆိုယင် အခြေအနေအရပ်ရပ်ကို ရှင်ကသဲသဲကွဲကွဲ မမြင်မိတာပဲဖြစ်လိ မယ်။ သူ့ ဖြေရှင်းတင်ပြချက်ကို ရှင်ကြားပြီးပြီလား။ ရှင့်က စုံထောက်တဦးအနေနဲ့ မေးတာမဟုတ်ပဲ လူတယောက်အနေ မေးတာပါ’

‘ခဏလေးနေပါဦး’ မီနက်တီကပြောသည်။ ‘ကျွန်တော့်ကို ခဏစောင့်ပါလား။ ကျွန်တော်ခုပဲ ပြန်လာမယ်’

စိတ်ရှုပ်ထွေးဟန်ဖြင့် မီနက်တီက အခန်းထဲမှ ထွက်သွား သည်။ သူထွက်သွားသည်ကို ဆူဆန်ကလှည့်မကြည့်။ မူလက အတိုင်းအခန်းဝကိုကျောပေး၍ထိုင်မြဲထိုင်နေသည်။ ခေတ္တကြာ သောအခါ အခန်းတွင်းသို့ မီနက်တီပြန်ဝင်လာသည်။ သူ့လက်



ထဲတွင် စာရွက်များကိုကိုင်လာပြီး စားပွဲပေါ်ပစ်ချကာ ဆူဆန် နှင့် မျက်နှာချင်းဆိုင်တွင် ပြန်လည်ထိုင်သည်။

‘ကဲ....’ သူကပြောသည်။ ‘ကျွန်တော် ပြောမှာကို ခင်ဗျား သေသေချာချာ နားထောင်ပါ။ ပထမဆုံး ပြောချင်တာက ဒီအမှုကို သတင်းစာတွေထဲမှာ တင်ပြပြီး တရားစွဲဆိုမှာမဟုတ် ဘူး။ ဆူလီဗန်အပေါ် ကျွန်တော်တို့က စွဲချက်တွေတင်ပြီး သက်သေ အထောက်အထား ခိုင်ခိုင်မာမာနဲ့ စစ်ဆေးစေမှာ လည်းဖြစ်တယ်။ ကျွန်တော်ပြောတာကို ယုံပါဆူဆန်။ ဒီအမှု စစ်ဆေးစဉ်အတွင်း အသေးစိတ် အချက်အလက်တွေကို ဘယ် သတင်းစာထဲမှာမှ ပါမှာမဟုတ်ဘူး။ တကယ်တော့....’

‘ရှင်တို့မှာ ဘာသက်သေအထောက်အထားတွေ ရှိနေကြ သလဲ။ သားငယ်ရဲ့ အတွင်းခံဘောင်းဘီလေးက လွဲလို့ပေါ့လေ’

မီနက်တီစိတ်ပျက်မိသည်။ ‘ကျွန်တော် ဝမ်းနည်းပါတယ်။ အဲဒီအထောက်အထား ဆိုတာတွေက ခင်ဗျားကိစ္စ မဟုတ် ပါဘူး’

‘ဪ....ဟုတ်လား’

‘ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော် ဝမ်းလည်းနည်း တယ်။ ကျွန်တော် ဆိုလိုချင်တာက မိဘတယောက် အနေနဲ့ တရားမျှတတဲ့ တရားစွဲဆို စစ်ဆေးမှုကို ရပိုင်ခွင့်ရှိတယ်။ တခါ တိုင်းသူပြည်သားတယောက်အနေနဲ့ သူ့ အပေါ် စွဲချက်တင်ပြီး စစ်ဆေးတဲ့အမှုကို တရားမျှတစွာ အစစ်ဆေးခံနိုင်ခွင့်နဲ့ ခုခံနိုင် ခွင့်ရှိတယ်။ ဒီတော့စစ်ဆေးပုံ စစ်ဆေးနည်းတွေ သက်သေ အထောက်အထားတွေ စတဲ့ကိစ္စတွေက တရားရုံးနဲ့ပဲဆိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိစ္စတွေနဲ့ပတ်သက်ပြီး ခင်ဗျားကို ကျွန်တော် မပြောနိုင်ဘူး။ ဘယ်သတင်းစာတိုက်ကိုမှလည်း ပြောမပြနိုင်ဘူး။ ဒါပေမယ့် တခုတော့ရှိတယ်။ ခင်ဗျား သိထားအောင် လို့တော့ ကျွန်တော် ပြောထားချင်တယ်။ ဒီဟာတွေဟာ အုတ်ပြည်နယ်ဘာရားရုံးကို တင်ခဲ့တဲ့ စိတ်ရောဂါကု ဆရာဝန်ရဲ့ မှတ်ချက် အစီရင်ခံစာတွေပါ။ ဒီစာရွက်စာတမ်းတွေကို လွန်ခဲ့တဲ့ ရက်သတ္တပတ် ခြောက်ပတ်လောက် ကတည်းက ကျွန်တော်ရခဲ့တယ်။လူငယ်တယောက် အပေါ် မတော်မတရား ပြုလုပ်မှုခံရနဲ့ ပတ်သက်လို့ အပြစ်ရှိကြောင်း သူကဝန်ခံထားတယ်။ အဲဒါကို ခင်ဗျားသိသလား'

'ကျွန်မသိတယ်'ဆူဆာန်ကပြောသည်။

'ကဲ....ဒါဖြင့် ကျွန်တော်ပြောမယ်နားထောင်' မီနက်တီက ပြောသည်။ '၁၉၅၉ ခုနှစ် ဧပြီလ ၃ ရက်နေ့က ပြည်နယ် အကျဉ်းထောင်မှာ ဟင်နရီဆူလေဗန်နဲ့ပတ်သက်လို့ စစ်ဆေးခဲ့တဲ့စစ်ချက်တွေဟာ ဒီစာရွက်တွေထဲမှာရှိနေတယ်။ စစ်ဆေးချက်တွေအရ ပြောရရင် အကျဉ်းသားဟာ သူဘယ့်အတွက်ကြောင့် အကျဉ်းထောင်ထဲကိုရောက်နေရတယ်ဆိုတဲ့ အချက်ကို ကွဲကွဲပြားပြားမပြောနိုင်ဘူး။လူငယ်တယောက်အပေါ် မတော်မတရားပြုလုပ်ခဲ့တယ်ဆိုတဲ့ သူ့အပေါ် စွပ်စွဲချက်ကို သူက လုံးဝငြင်းတယ်။

'သူ့ရဲ့ ကိုယ်ရေးရာဇဝင်ဟာ သာမန်မျှပဲဖြစ်တယ်။ ဘာမှ ထူးထူး ခြားခြားမရှိဘူး။ ကျန်းမာရေးရာဇဝင်မှာလည်း မထူးခြားဘူး။ ကလေး ဘဝက သာမန် နေထိုင်မကောင်းခဲ့ ဘာပဲ



ရှိခဲ့တယ်။ အရက်မသောက်ဘူး။ မူးယစ်ဆေးဝါး မသုံးစွဲဘူး။ အကျဉ်းသားရဲ့ ထွက်ချက်အရ မိဘများဟာ သူရှစ်နှစ်သား အရွယ်ကပင်ကွဲကွာခဲ့ကြတယ်။ အဲဒီလိုကွဲပြီးတဲ့အချိန်ကစလို့ သူ့ ဖခင်ကို တကြိမ်မှ မတွေ့ခဲ့ရတော့ဘူး။ ဖခင်က သူ့ကိုကြိမ်လုံးနဲ့ ပြင်းပြင်းထန်ထန်တကြိမ်ရိုက်နှက်ခဲ့ကြောင်း သူမှတ်မိနေတယ်။

'အသက် ဆယ့်နှစ်နှစ်မှာ ပထွေးက သူ့အပေါ် မတော်မရား ပြုလုပ်ခဲ့တယ်လို့ အကျဉ်းသားက ထွက်ဆိုတယ်။ သူ့ထွက်ဆိုချက်ကို မိခင်က လက်မခံခဲ့ဘူး။ အဲဒီလို ဖြစ်အပြီး မကြာမီမှာပဲ ဒီပြင်ကလေးတွေနဲ့အတူ မော်တော်ကားခိုးမှုမှာ ပါဝင်ခဲ့လို့ ဖမ်းဆီးခြင်းခံရတယ်။ နှစ်နှစ်ကြာတဲ့အခါ မော်တော်ကားခိုးမှုနဲ့ပဲ ဒုတိယအကြိမ် အဖမ်းခံခဲ့ရပြန်တယ်။ အဲဒီ အချိန်ကစပြီးတော့ လိင်တူဆက်ဆံရေးကို သူကစတင်လိုက်စားသာခဲ့တယ်။

'မိခင်ကိုတော့ သူကမကြာခဏဆိုသလိုပဲသွားရောက်တွေ့ဆုံခဲ့တယ်။ ပထွေးနဲ့ ဆက်ဆံရေးမပြေလည်တာမို့ မိခင်က သူ့ကို သိပ်လိုလားလှားမရှိခဲ့ဘူး။ တကြိမ်မှာကားဂိုဒေါင်မီးရှို့ကြောင်း ပထွေးရဲ့ တိုင်တန်းချက်အရ အဖမ်းခံရပြန်တော့တယ်'

'စိတ္တဇနဲ့ပတ်သက်လို့အကျဉ်းသားကိုမေးမြန်းစုံစမ်းခဲ့တယ်။ အဲဒီလို မေးမြန်းတဲ့အခါမှာ အကြမ်းဖက်ခြင်း၊ အင်အားသုံး ဆောင်ရွက်ခြင်းဆိုတဲ့ ကိစ္စများမှ အပ ကျန်တဲ့ ကိစ္စရပ်များနဲ့ ပတ်သက်တာမှန်သမျှကို မေးမြန်းတဲ့အခါမှာ အကျဉ်းသားက ကောင်းမွန်စွာဖြေဆိုတယ်။ သူတပါး ထိခိုက်,နာကျင်အောင်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် သူတပါးရဲ့ လိုအင်ဆန္ဒ မပါပဲနဲ့ ဘာကိုမှမလုပ် ကြောင်း ထွက်ဆိုတယ်။ အကျဉ်းသားရဲ့အသိမှတ်ဉာဏ်တို့ဟာ သာမန်အဆင့်ပဲရှိတယ်။ ကြိုတင်ခန့်မှန်းခြင်းနဲ့ ဆုံးဖြတ်ခြင်း အနေနဲ့ ပြောရယင် အသင့် အတင့် ကနေ ညံ့တဲ့ အဆင့် ရှိနေတယ်။

'အကျဉ်းသားဟာလူမှုရေးကိစ္စနဲ့ပတ်သက်လို့အဆုံးအဖြတ် တွေညံ့တယ်။ အဲဒီလိုညံ့တာဟာ အသက်ဆယ့်နှစ်နှစ်အရွယ် စတင်ခဲ့ကြောင်း သိရတယ်။ သူ့အပေါ် စွပ်စွဲထားချက်များ ပတ်သက်လို့ သူကဝန်ခံထားတယ်။ ဒါပေမယ့် ကလေးငယ် ပြန်ပေးဆွဲပြီး သတ်ခဲ့တယ်ဆိုတဲ့ စွဲချက်ကိုတော့ သူက လုံး ငြင်းတယ်။

'အကျဉ်းသားကို စစ်ဆေး မေးမြန်း သူရဲ့ ထင်မြင်ချက် ကတော့ အကျဉ်းသားဟာ စိတ်ဓာတ်အားဖြင့် အားနည်း သူဖြစ်ကြောင်း သတ်မှတ်တယ်။ ရာဇဝတ်မှုတွေကို ကျူးလွန် အသင့်ရှိနေတယ်။လိမ်လည်ဖို့အသင့်ရှိနေတတ်တယ်။ဒါကြောင့် မို့လို့လိင်ဆက်ဆံရေးနဲ့ပတ်သက်တဲ့ သူ့ရဲ့အားနည်းချက်တွေကို ပြုပြင်ပေးနိုင်အောင် သူ့ကို ချုပ်နှောင်ထားသင့်တယ်ဟု'

အဆုံးထိအောင် မဖတ်တော့ပဲ မီနက်တီက စာရွက်များကို စားပွဲပေါ် ပြန်ချလိုက်သည်။ သူက ဆူဆန်အား လှမ်းကြည့် အကဲခတ်သည်။ဆူဆန်ကမူ သူ့ကိုနားမလည်ဟန်ဖြင့် စိုက်ကြည့် နေသည်။



မီနက်တီက စာရွက်များကို လက်ဖဝါးဖြင့်ပုတ်လိုက်သည်။ 'ကျွန်တော့် ဆီက ခင်ဗျားဘာလိုချင်သလဲ၊ ကဲ....ပြောစမ်း။ ကျွန်တော့်ကို ဘာဖြစ်လို့ကော အဲဒီလိုကြည့်နေတာလဲ'

'ဘယ်လိုအကြည့်မျိုးလို့ ရှင်ကထင်သလဲ' ဆူဆန်က မီနက် တီအား စူးစိုက်၍ကြည့်မြဲကြည့်ကာမေးသည်။

'ဒီမှာ ကျွန်တော်ပြောမယ်' မီနက်တီက စိတ်မရှည်ဟန်ဖြင့် ပြောသည်။ 'ခင်ဗျားရဲ့သားကို ကျွန်တော် မသတ်ခဲ့ဘူး။ ဘယ်သူ သတ်ခဲ့တယ်ဆိုတာ သိရအောင်လို့ ကျွန်တော် ဆောင်ရွက်ခဲ့တာပဲ။ ခင်ဗျားအတွက် အတတ်နိုင်ဆုံး ကျွန် တော်က ဆောင်ရွက်ပေးခဲ့တာလည်း ဖြစ်တယ်။ အခု အဲဒီလို ဆောင်ရွက်ခဲ့တာ ပြီးဆုံးပြီ။ ကျွန်တော့်အလုပ်တွေ ပြီးကုန်ပြီ။ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာတွေအပေါ် ခင်ဗျားကလက်ခံ ဖို့ပဲ ရှိတော့တယ်'

'တကယ်လို့ ရှင်တို့ဟာမှားယွင်းခဲ့ပြီး ကျွန်မသား မှန်ကန် ခဲ့မယ်ဆိုယင် ကျွန်မ သားငယ်ဟာ ဆက်လက်ပြီးတော့ ပျောက်ဆုံးနေမြဲ ပျောက်ဆုံးနေလိမ့်မယ်'

မီနက်တီက ထိုင်ရာမှရပ်လိုက်သည်။ 'ခင်ဗျား ဘာဖြစ်လို့ ခေါင်းမာနေတာလဲ'

'အလက်ပျောက်ဆုံးတဲ့နေ့က ဖိလစ်ပီကို ဘေကွန်လမ်းမှာ တွေ့ခဲ့တယ်လို့ သက်သေခံတဲ့သူတွေဟာ ဘယ်သူတွေလဲ'

'ကျွန်တော် ဝမ်းနည်းပါတယ်။ ကျွန်တော့်အနေနဲ့ ခင်ဗျား အတွက် ဘာမှ ဆက်လက်လုပ်ကိုင်ပေးနိုင်တာ မရှိတော့ဘူး'

www.burmeseclassic.com

ဆူဆန်ကလည်း ထိုင်ရာမှတဖြည်းဖြည်းထသည်။ ထို့နောက် သူ့ကိုခေတ္တမျှစိုက်ကြည့်ပြီး အခန်းထဲမှ ထွက်သွားတော့သည်။

ဆူဆန်သည် ညနေခင်း၏ ကောင်းကင်ကို ပြတင်းပေါက်မှ နေ၍ ကြည့်လိုက်သည်။ ကောင်းကင်မှာ ပန်းနုရောင်သန်း နေသည်။

အခန်း၏ထောင့်တွင် ဂရေဟာမ်ကထိုင်၍ သူရေးနေသော စာအုပ်အတွက် အချက်အလက်များကိုစုဆောင်းလျက်ရှိသည်။ ဂရေဟာမ်သည် သူ့အလုပ်ထဲတွင် များစွာစိတ်ဝင်စားနေသည်။

'ဂရေဟာမ်' ဆူဆန်ကလှမ်းခေါ်သည်။ သို့သော်ဂရေဟာမ်က လက်ကာပြသည်။ ဆိုလိုသည်မှာ သူ့စိတ်ဝင်စားမှုကို အနှောင့် အယှက် မပြုသေးပဲနေရန် တားလိုက်ခြင်းဖြစ်သည်။

အခန်းထဲတွင် တိတ်ဆိတ်သွားပြန်သည်။ တယ်လီဖုန်းတို့ မှာလည်း အသံထွက်မလာကြတော့။

'ကဲ....ဆိုစမ်း' ခေတ္တမျှ ကြာသောအခါ ဂရေဟာမ်က ပြောသည်။ ကုလားထိုင်ကို မလှည့်ပဲ ဦးခေါင်းသာ လှည့်၍ ဂရေဟာမ်က ဆူဆန်ကိုလှမ်းကြည့်သည်။

'ဖိလစ်ပီနဲ့ ကျွန်မ ဒီနေ့သွားတွေ့ခဲ့တယ်' ဆူဆန်က ပြောပြသည်။ ဂရေဟာမ်သည် ချက်ချင်းပင် ဆူဆန်အား လှည့်ကြည့်သည်။ 'မင်းဘာလုပ်ခဲ့တယ်'

'သူ့ရှေ့နေကနေတဆင့် ဖိလစ်ပီက တောင်းပန်ခဲ့လို့ပါ'



'ဒီတော့....' သူက မေးမြန်းသည်မဟုတ်။ ဆူဆန်ပြောမည့် များကို ဆက်လက်၍နားထောင်သည်။

'အလက်ကို သူမသတ်ကြောင်း ဖိလစ်ပီက ကျွန်မကို ပြောပြနေချင်ခဲ့တယ်'

'အဲဒီလို သူကပြောချင်တယ်ဆိုတာ ကိုယ်သိတယ်'

'သူပြောတာမှန်တယ်လို့ ကျွန်မထင်မိတယ်'

ဂရေဟာမ်က သူ့ကို စိုက်၍သာ ကြည့်နေသည်။ စိုက်၍ ကြည့်နေသော သူ့မျက်လုံးများ လှုပ်ရှားလာကြောင်း ဆူဆန် တွေ့ရသည်။

'မဖြစ်နိုင်ဘူး' သူက တိုတိုတောင်းတောင်းပြောသည်။

'မဖြစ်နိုင်ဘူးဆိုတာက ဘာကိုဆိုလိုချင်တာလဲ'

ဂရေဟာမ်က ထိုင်ရာမှ ထလိုက်သည်။ သူ့ကုလားထိုင် ကိုလည်းတွန်းဖယ်လိုက်သည်။ ထို့နောက် ဆူဆန်အားငုံ့ကြည့်၍ ကျယ်သောအသံဖြင့် ပြောသည်။

'မဖြစ်နိုင်ဘူး....မဖြစ်နိုင်ဘူး၊ ဘာမှထပ်းမဖြစ်နိုင်တော့ဘူး'

ပြောပြောဆိုဆို ဂရေဟာမ်က အခန်းထဲမှထွက်ကာ အပေါ် ထပ်သို့တက်သွားတော့သည်။ ဆူဆန်က သူ့ကိုလိုက်ကြည့်ယင်း ကျန်ခဲ့သည်။ မဖြစ်နိုင်၊ မဖြစ်နိုင်။ စကားပြောဆိုဆွေးနွေးရန် အတွက်ပင် မဖြစ်နိုင်တော့ပါလား။

အပေါ်ထပ်တွင် ရွေ့လျားနေသော ဂရေဟာမ်၏ ခြေသံ များကို ဆူဆန်က အချိန်အတန်ကြာအောင် ထိုင်၍နားထောင် နေသည်။ သူဘာတွေလုပ်နေပါလိမ့်။ အိပ်ရာဝင်ရန် အတွက် ပြင်ဆင်နေခြင်းကား ဟုတ်မည်မထင်။ တစုံတရာကို ရှာဖွေ

www.burmeseclassic.com



နေခြင်းများလား။ သို့ဆိုလျှင် မည်သည်ကို ရှာဖွေနေခြင်း ဖြစ်သနည်း။ သူ့ခြေသံတို့သည် အဝတ်အစားများထည့်သည့် ဗီရိုသို့သွားလိုက်၊ အိပ်ရာသို့သွားလိုက် ရှိနေသည်။ ခြေသံများ လှုပ်ရှားမှု သေချာသောအခါတွင်မှ ဆူဆန်ရိပ်မိတော့သည်။ သူက အဝတ်အစားများကို ထုပ်ပိုးနေပါလား။

ခဏကြာသောအခါ အိမ်ပေါ်ထပ်မှ ဆင်းလာသော ခြေသံကို ဆူဆန်ကြားရသည်။ သူက လက်ဆွဲ သေတ္တာကို မီးဖိုခန်းထဲတွင် ချထားပြီး ဆူဆန်ရှိရာ ဧည့်ခန်းသို့လာသည်။ သူက ဆူဆန်အား တချက်လှမ်းကြည့်ကာ စားပွဲပေါ်ရှိစာရွက် စာတမ်းများ အားလုံးကို သိမ်းဆည်း၍ လက်ဆွဲသေတ္တာလေး အတွင်းသို့ ထည့်သည်။

ဆူဆန်က သူ့ကို စိုက်ကြည့် အကဲခတ်သည်။ သို့သော် ဂရေဟမ်က မျက်နှာ တမင်လွှဲလျက်နေကြောင်း တွေ့ရသည်။

နောက်ဆုံးတွင် သူက လက်ဆွဲသေတ္တာငယ်ကိုပိတ်လိုက်ပြီး ဆူဆန်အား လှမ်းကြည့်သည်။ သူ့မျက်လုံးတို့တွင် နာကျည်းမှု တို့ကို တွေ့ရသည်။

အခန်းထဲမှ ထွက်ရန်ပြင်လိုက်သောအချိန်တွင် 'တကယ်လို့ ရှင်နဲ့တွေ့ဖို့လိုမယ်ဆိုယင် ရှင့်ကိုကျွန်မ ဘယ်နေရာမှာလာတွေ့ နိုင်မလဲ' ဟု ဆူဆန်က လှမ်းမေးသည်။

သူက ခပ်ပြတ်ပြတ်ပင် ဖြေသည်။

'နော်မည်နဲ့ အတူတူရှိမယ်'



ဆူဆန်သည် သူ့မိတ်ဆွေ ရှေ့နေလီဗီ၏ရုံးခန်းသို့ သွားသည်။ အခြေအနေအရပ်ရပ်ကို ဆူဆန်ကရှင်းပြသည်။ သူနှင့်ဖိလစ်ပီ တွေ့ဆုံခဲ့သည့်အကြောင်းများကို ပြောပြသည်။ သားငယ် အလက်ပျောက်ဆုံးနေမှုနှင့် ပတ်သက်၍ ဖိလစ်ပီ အပေါ်တွင် သံသယကင်းစရာအချက်များ တွေ့ရှိမိကြောင်း၊ ၎င်း၏သဘော ထားကိုလည်း ဆူဆန်ကပြောပြသည်။ ထို့အပြင် ဖိလစ်ပီ၏ ရှေ့နေကို အားမရကြောင်း၊ ဖိလစ်ပီအပြစ်ကင်းသည် ဆိုသော အချက်ကို ရှေ့နေက လက်မခံဟုထင်မိကြောင်း၊ ထို့ကြောင့် မိတ်ဆွေရှေ့နေအား လာရောက်ငှားရမ်းခြင်း ဖြစ်ကြောင်း ရှင်းပြသည်။

'ရှေ့နေဟာ ဂုဏ်သရေရှိလူကြီးဖြစ်တယ်။ ဒါကြောင့်မို့လို့ သူ့အနေနဲ့ အစွမ်းကုန် ဆောင်ရွက်လိမ့်မယ် ဆိုတာ ကျွန်မ ယုံကြည်တယ်' ဆူဆန်ကရှင်းပြသည်။ 'ဒါပေမယ့်လည်း ရှင်က သူနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုယင် ဒါမှမဟုတ်အမှုတခုလုံး ကိုပဲ လက်ခံမယ်ဆိုယင် သူ့ကိုပေးထားတဲ့တာဝန်က ရုပ်သိမ်း ရကောင်းရုပ်သိမ်းရလိမ့်မယ်။ သူ့အနေနဲ့ကလည်းဆက်လက်ပြီး မဆောင်ရွက်လိုလို့ ကျွန်မနဲ့လာရောက်တွေ့ဆုံခဲ့တယ်လို့ ကျွန်မ ထင်မိတယ်'

လီဗီက ကုလားထိုင်တွင်ပြင်၍ ထိုင်လိုက်သည်။ ဆူဆန် အနေဖြင့် ပြောလိုသည့်အချက်များအားလုံးကို ပြော၍ပြီးမြီး သိရှိရန် ခဏကြာအောင် စောင့်နေသည်။ ဆူဆန်ထံမှ ပြည့်သည့်

www.burmeseclassic.com

www.burmeseclassic.com



စကားမှ ထွက်မလာသော အခါ သူက လက် ပိုက် လိုက် ပြီး ဆူဆန်အား လှမ်းကြည့်သည်။ 'ကဲ....မစ္စစ်ဆယ်ကီ' လီဗီက ပြောသည်။ 'ပထမဆုံးကျွန်တော်ပြောလိုတာကတော့ခင်ဗျားနဲ့ လက်ခံတွေ့ဆုံရတဲ့အတွက် ခင်ဗျားရဲ့အချိန်တွေ အချည်းနှီး မဖြစ်ဘူးလို့ ကျွန်တော် မျှော်လင့်ထားတာပဲဖြစ်တယ်။ အမှန် ပြောရယင် ခင်ဗျားနဲ့တွေ့ဖို့ အင်မတန်လိုလားခဲ့တယ်။ သော စတွန်မြို့မှာရှိတဲ့ လူတွေ အားလုံးလိုလို အတိုင်းပဲ ကျွန်တော် ကလည်းခင်ဗျားရဲ့သားငယ်ပျောက်ဆုံးမှုနဲ့ ပတ်သက်တဲ့သတင်း တွေကို အင်မတန် ကြင်နာစွာနဲ့စိတ်ဝင်တစား စောင့်ဖတ်နား ထောင်ခဲ့တယ်။ ကျွန်တော်ဟာခင်ဗျားကို ရုပ်မြင်သံကြားပေါ် မှာတွေ့ခဲ့တယ်။ခင်ဗျားရဲ့ရဲရင့်သတ္တိရှိမှုကိုလည်းချီးကျူးမိတယ်'

ဆူဆန်ကငြိမ်နေသည်။

'နောက်တချက် ကျွန်တော် ပြောချင်တာကတော့ ရှေ့နေ လီစလီဂျော့ကို ကျွန်တော်သိတယ်။ သူနဲ့ပတ်သက်ပြီးခင်ဗျားရဲ့ ယူဆချက်ဟာ လုံးဝမှားတယ်လို့ ကျွန်တော် ထင်မိတယ်။ သူ့ အမှုသည် အပြစ် မရှိတာကို သူကမသိပဲနဲ့တော့ လုံးဝရှိမှာ မဟုတ်ဘူး။ သူဟာ အတွေ့အကြုံရင့်ပြီး အရည်အချင်းရှိတဲ့ ရှေ့နေတယောက်ဖြစ်တယ်။ သူဟာအတတ်နိုင်ဆုံး ဆူလီဗန် အတွက် ခုခံကာကွယ်လိမ့်မယ်။ ဒါဆိုယင် လုံလောက်တာပဲ မဟုတ်လား'

'ဒါပေမယ့် ရှင်နဲ့ ယှဉ်လိုက်ယင်တော့....'

'ဟာ....ဒီလိုတော့ မပြောနဲ့လေ။ သူ့ကိစ္စမှာ ကျွန်တော် ဝင်ပြီးတော့ စွက်ဖက်လို့ ဘယ်ဖြစ်ပါ့မလဲ။ တခုတော့ရှိတယ်။



သူကိုယ်တိုင်က အကူအညီ တောင်းလာယင်တော့ စဉ်းစား ရမှာပေါ့။ ကျွန်တော်ပြောတာ သိပ်ပြီးပြတ်သားမယ် ဆိုယင် တော့ ခွင့်လွှတ်ပါ'

'ဒါပေမယ့်လည်း တကယ်လို့များ ဖိလစ်ပီဟာအပြစ်မဲ့တဲ့သူ တယောက်ဖြစ်နေမယ်ဆိုယင်....'

'ဒါဆိုယင်တော့ သူ့အတွက်ကျွန်တော်ကဝမ်းနည်းရတော့ မှာပဲ'

'နောက်ပြီးကျွန်မသားငယ်ကကော၊ တကယ်လို့များ ကျွန်မ သားငယ် အသက်ရှင်နေဆဲပဲရှိနေတယ်ဆိုယင်ကော၊ ဒါပေမယ့် လည်း အဲဒီလိုကျွန်မသားငယ် အသက်ရှင်နေတယ် ဆိုတာကို ကျွန်မကလွဲလို့ ဘယ်သူကမှ လက်ခံမယုံကြည်ကြတော့ဘူးလား။ ဒါမှမဟုတ် ဘယ်သူကမှ ကျွန်မသားငယ်ကို စုံစမ်းရှာဖွေခြင်း မပြုကြတော့ဘူးတဲ့လား'

'ဒါဆိုယင်လည်း သူ့အတွက်ကော၊ ခင်ဗျားအတွက်ကော အင်မတန့် အင်မတန့် ဝမ်းနည်းပါတယ်။ ဒီစကားကိုကျွန်တော့် ရင်ထဲကနေ ပြောလိုက်တာပါ' ဆူဆန်က ထိုင်ရာမှထပြီး သူ့ လက်ကိုဆွဲ၍ နှုတ်ဆက်သည်။ ရှေ့နေလီဗီမှာ သူတို့မိသားစု အပေါ်တွင် အမှန်ပင် စေတနာရှိကြောင်း ဆူဆန် ယုံကြည် သည်။ သူ့အကြောင်းပြ ငြင်းဆိုချက်မှာလည်း မှန်ကန်သည်။

ဆူဆန်အတွက် ပြဿနာဖြစ်နေရသည်မှာကား သူ့ အခြေ အနေကို မည်သူမျှ နားမလည်ကြခြင်းပင်ဖြစ်သည်။

သားငယ်၏ အခြေအနေကိုလည်းမည်သူမျှ နားမလည်ကြ။

www.burmeseclassic.com

www.burmeseclassic.com

နယူးယောက်မြို့ရှိ 'မိခင်များ၏နေ့' အမည်ရှိ မဂ္ဂဇင်း ဆောင်းပါးရှင် မေဟေးထံသို့ဆူဆန်ကတယ်လီဖုန်းဆက်သည်။

'အစည်းအဝေးထိုင်နေပါတယ်ရှင်' မနက် ကိုးနာရီခန့်တွင် ၎င်း၏ အတွင်းရေးမှူးမလေးက ပြောသည်။ 'ဘာအကြောင်း ကြောင့် ဆက်တယ်ဆိုတာသူ့ကိုကျွန်မ ပြောပေးရမလား'

လွန်ခဲ့သောတလခန့်က မေဟေးသည် ဆူဆန်၏ အိမ်တွင် ဆယ်နာရီကျော်ခန့်မျှ အချိန်ကုန်စေခဲ့သည်။ 'ဤကလေးကို တွေ့မိသလား' ခေါင်းစဉ်ဖြင့် ရေးသားမည့် ဆောင်းပါး အတွက် မေဟေးက ဆူဆန်နှင့် လာရောက် တွေ့ဆုံမေးမြန်း ဆွေးနွေးခဲ့သည်။

'သူရေးနေတဲ့ ဆောင်းပါးနဲ့ပတ်သက်လို့ပါလို့ပြောပေးပါ' ဆူဆန်က ပြောသည်။ သို့သော် ထိုနေ့ကမေဟေးနှင့်မတွေ့ဖြစ်

နောက်နှစ်ရက်တွင်လည်း ဆူဆန်က ထပ်မံ၍ တယ်လီဖုန်း ဆက်ပြန်သည်။ သုံးရက်မြောက်သော နေ့တွင်မှ မေဟေးက တယ်လီဖုန်းပြန်ဆက်သည်။



'ဆူဆန်ရေ' မေဟေးက ပြောသည်။ 'မင်းအတွက် ငါ ဆုတောင်းနေတယ်ကွယ်။ မင်းဆီကို ငါ ချက်ချင်း ဖုန်း ပြန် မဆက်နိုင်တာ ခွင့်လွှတ်ပါ။ မင်းကိုငါ အမြဲပဲသတိရနေတယ်။ မင်းနေကောင်းရဲ့လား'

'ကောင်းပါတယ်' ဆူဆန်ကဖြေသည်။

'ငါ့ကိုပေးလိုက်တဲ့ အလက်ရဲ့ဓာတ်ပုံတွေ မင်းပြန်လိုချင်လို့ မဟုတ်လား။ ငါ လေကြောင်းစာပို့နဲ့ ပြန်ပို့လိုက်မယ်လေ။ မင်းလိပ်စာ ငါမေ့သွားလို့ ပြန်ပေးပါဦး'

'ဓာတ်ပုံပြန်လိုချင်လို့ မဟုတ်ပါဘူး။ ရှင့်ဆောင်းပါးနဲ့ ပတ်သက်လို့ ကျွန်မမှာ ပြောစရာရှိနေလို့ပါ။ ကျွန်မ ရှင့်ကို တွေ့နိုင်မလားဟင်'

'တွေ့နိုင်တာပေါ့၊ နေ့လယ်စာစားယင်း တွေ့ကြရအောင် လေ။ ငါ့အတွင်းရေးမှူးမလေးကို မေးပါရစေဦး၊ ဘယ်နေ့မှာ ငါအားမလဲလို့။ အို....မေ့နေလိုက်တာ၊ လာမယ့်နှစ်ပတ်အတွင်း ဘယ်နေ့လယ်မှ ငါမအားပါလား'

'နေ့လယ်စာကို ကျွန်မဂရုမစိုက်ပါဘူး။ ဘယ်အချိန်မှာ တွေ့နိုင်မလဲဆိုတာသာ ကျွန်မသိပါရစေ'

'မင်းကိုလည်း ငါက ခုပဲတွေ့ချင်ပါတယ်။ ဒါပေမယ့် ရက်မှ မအားပဲ။ ဒီတော့ အောက်တိုဘာလ ၂ရက် ကြာသပတေး နေ့လယ်မှာ တွေ့ကြရအောင်'

'ဒါပေမယ့် မေဟေးဆောင်းပါးနဲ့ ပတ်သက်လို့ ပြောစရာ တွေ ရှိနေတာမို့ ကျွန်မက ရှင့်ကို အမြန်နိုင်ဆုံး မြန်မြန်ပဲ တွေ့ချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဆောင်းပါးက ဘာဖြစ်လို့လဲ၊ မင်းတို့ သား အမိ အကြောင်းကို ရေးထားတဲ့ဆောင်းပါးကို အယ်ဒီတာ အဖွဲ့က သိပ်ကြိုက်ခဲ့တယ်'

ဆောင်းပါးနှင့်ပတ်သက်၍ မိခင်များနေ့မဂ္ဂဇင်းအယ်ဒီတာ အဖွဲ့က အမှန်ပင်ကြိုက်နှစ်သက်ကြောင်း ဆူဆန်သိခဲ့ရသည်။ ဆယ်စုနှစ်အတွင်း အကောင်းဆုံး ဆောင်းပါးအဖြစ်လည်း သူတို့က သတ်မှတ်ခဲ့ကြောင်း သိခဲ့ရသည်။

'ဒါပေမယ့်လည်း ဆောင်းပါးရဲ့ ပင်ကိုအကြောင်းအရာက ပြောင်းလဲနေပြီ။ ရဲတွေရဲ့ ဆုံးဖြတ်ချက်ဟာ မှားနေတယ်လို့ ကျွန်မထင်တယ်' မေဟေးထံမှ တုံ့ပြန်ချက်ကို ကြားသိရန် အတွက် ဆူဆန်ကစကားကိုဖြတ်လိုက်သည်။ သို့သော် မေဟေး ထံမှ အသံထွက်မလာ။ ထို့ကြောင့် ဆူဆန်က ဆက်လက် ပြောရသည်။

'ကျွန်မ ဖိလစ်ပ်နဲ့ တွေ့ခဲ့ပြီးပြီ။ ရှေ့နေတွေနဲ့လည်း တွေ့ခဲ့ ပြီးပြီ။ ရဲတွေနဲ့လည်း တွေ့ခဲ့ပြီးပြီ။ သူတို့အားလုံးပဲ အဆုံး အဖြတ်တွေ မှားနေကြတယ်။ တကယ့်ကို ဝမ်းနည်းစရာ ကောင်းတဲ့အမှား ဖြစ်နေတယ်။ သားငယ်ဟာ ဆက်လက် ပျောက်နေဆဲရှိတယ်လို့ ကျွန်မလက်ခံထားတယ်။ သူအသက် ရှင်နေတယ်လို့လည်း သိထားတယ်။ ကျွန်မထင်တဲ့အတိုင်းသာ မှန်မယ်ဆိုယင်....'

နောက်ဆုံးတွင် ဆူဆန်က စကားပြော ရပ်လိုက်သည်။ ခေတ္တကြာအောင် တိတ်ဆိတ်သွားသည်။



'ငါနားလည်တယ်' မေဟေးက ပြောသည်။ 'ငါ့အသေ အချာကို နားလည်တယ်။ ဒါပေမယ့်လည်း မင်းအပေါ်မှာ ငါ့သစ္စာတရား စောင့်သိရမယ်။ ငါ့အပေါ်မှာလည်း မင်းက နားလည်ပါ။ ငါ့အနေနဲ့ ဒီဆောင်းပါး ရေးတဲ့အခါမှာ အယ်ဒီတာအဖွဲ့က သဘောတူ လက်ခံလာအောင် ရေးရမှာ ဖြစ်တယ်။ အဖြစ်မှန်ဆိုတာကိုတော့ မေ့ထားဖို့လိုယင် မေ့ထား ရလိမ့်မယ်။ ကဲ....တို့များ နှစ်ရက်နေ့မှာ တွေ့ကြရအောင်'

'ကောင်းပြီလေ' ဆူဆန်ကပြောလိုက်သည်။

ဆူဆန်က သင်တန်းများတွင် ဆက်လက်၍ စာသင်သည်။ စာသင်နိုင်ရန်အတွက် မှတ်စုအသစ်များကို သူကမရေး။ ယမန် နှစ်က ရေးထားခဲ့ပြီးသည့် မှတ်စုများကိုသာ သူက ပြန်လည် သုံးသည်။

'ပျောက်နေဆဲ'ဟူသော ခေါင်းစဉ်ဖြင့် အလက်ပျောက်ဆုံး မှုကို မသိသေးသည့် ပိုစတာများမှာ အိမ်များ၊ ဈေးဆိုင်များမှ ပျောက်ကွယ် သွားကြတော့သည်။ သို့သော် ဆူဆန်က အားမလျော့။ သူက ပိုစတာအသစ်များကို ငွေကြေးအကုန်အကျ ခံ၍ ပုံနှိပ်သည်။ သို့သော် အခြေအနေတို့မှာ ယခင်ကကဲ့သို့ မဟုတ်တော့။

ပိုစတာအသစ်ကိုချိတ်ပေးရန် ဈေးဆိုင်ပိုင်ရှင်တို့အား ပြော လိုက်လျှင် 'ဒီအမှုပေါ်ပြီလို့ သိထားရတယ်၊ ကလေးကို

www.burmeseclassic.com

www.burmeseclassic.com



တယောက်ယောက်က သတ်ခဲ့တယ်မဟုတ်လား’ဟု ပြောတတ်ကြသည်။

‘အဲဒီအမှုကမှားယွင်းနေခဲ့တယ်’ ဆူဆန်ကရှင်းပြသည်။

‘ဩော်.... ဟုတ်လား၊ ပြောစမ်းပါဦး’ ဆိုင်ပိုင်ရှင်က ပြောတတ်သည်။

ဆိုင်ရှင်တဦးကမူ ဆူဆန်အား ပိုစတာများ လိုက်လံကပ်သည့် လုပ်အားပေးသူတဦးဟု ထင်မှတ်မှားကာ အောက်ပါအတိုင်းပြောခဲ့သည်။ ‘ဟေး....ဒီကိစ္စက တော်လောက်ရောပေါ့၊ ငါ့ဆိုင်လာတဲ့ သူတွေကလည်း ဒီပိုစတာကို သိပ်မြင်တော့ မကြည့်ချင်ကြတော့ဘူး။လူတွေက ဒီကလေးအပေါ် ဆက်လက်ပြီး သနားဂရုဏာတွေ ထားနေရယင် ဒီဆိုင်ကိုလာပြီး စားသောက်ရတာတွေဟာ အရသာပျက်စရာတောင် ဖြစ်လာပြီလို့ ပြောကြတယ်။ ဒါကြောင့် ဒီကလေးရဲ့မိဘကို တယောက်ယောက်က ဒီကိစ္စတော်လောက်ပြီ၊ လုံလောက်ပြီလို့ ပြောသင့်တယ်’

‘ကျေးဇူးအများကြီးတင်ပါတယ်ရှင်’ ဆူဆန်ကပြောသည်။

နိုဝင်ဘာလ ၃ ရက်နေ့။

ဘော့စတွန်ဂလုပ် သတင်းစာတွင် သတင်းတိုတပုဒ်ပါလာသည်။ အနောက်ဗာဂျီးနီးယား မြို့နယ်ရှိ မြို့လေးတမြို့တွင် အယ်ဘတ်လစ်စကိုးဆိုသူသည် လူငယ်လေးနှစ်ဦးနှင့် နေထိုင်



လျက်ရှိကြောင်းတဦးမှာကိုးနှစ်ဖြစ်ပြီးကျန်တဦးမှာဆယ့်နှစ်နှစ်ဖြစ်ကြောင်း။ အသက်ဆယ့်နှစ်နှစ်ရှိ လူငယ်မှာ ပျောက်ဆုံးနေသူဟု သတ်မှတ်ထားခြင်း မခံရသူဖြစ်ကြောင်း၊ ကျန်တဦးမှာ ဖီလာဒဲဖီးယားမြို့ရှိ ၎င်း၏နေအိမ်မှ ထွက်ပြေးလာသူဖြစ်သည်ဟု သိရကြောင်း၊ လူငယ်နှစ်ယောက်စလုံးကပင် အယ်ဘတ်လစ်စကိုးအား အဖေဟုခေါ်ပြီး နှစ်ယောက်စလုံးပင် ကျောင်းတက်လျက်ရှိကြကြောင်း၊ အိမ်နီးနားချင်းများက ၎င်းတို့နှစ်ဦးအား အေးဆေးသော လူငယ်များအဖြစ် သတ်မှတ်ထားကြောင်း၊ သို့သော် ၎င်းတို့သည် အခြားသူများနှင့်ပေါင်းသင်းဆက်ဆံမှုနည်းကြောင်း၊ သူတို့မိသားစုသည် သီးသီးခြားခြားနေထိုင်လျက်ရှိကြကြောင်း၊ သူတို့အပေါ်တွင် ရဲကစ်တ်ဝင်စားစုံစမ်းစရာအကြောင်း ပေါ်ပေါက်လာခဲ့ကြောင်း၊ ထိုသို့ပေါ်ပေါက်ရခြင်းမှာ လေ့လာစူးစမ်းတတ်သော ကျောင်းဆရာတဦးကြောင့် ဖြစ်ကြောင်း၊ သူတို့နှစ်ဦးက ညီအစ်ကိုများဟု စာရင်းပေးသွင်းထား သော်လည်း တဦးမှာ လူမည်းဖြစ်နေသည်ကို ကျောင်းဆရာက တွေ့ရှိခဲ့ကြောင်း ဖော်ပြထားသည်။

ဆက်လက်၍ သတင်း စာက အယ်ဘတ်လစ်စတိုးမှာ လိင်ဖောက်ပြန်ရေးသမားတဦး ဖြစ်ကြောင်း၊ ကလေးသူငယ်များ အပေါ်တွင်လည်း မတော်မတရား ပြုလုပ်သူ အဖြစ်ရဲမှတ်တမ်းရှိကြောင်း ဆက်လက်ရေးသားသည်။

ထိုအချက်မှာ ဆူဆန်အတွက် အရေးကြီးသော အချက်ဖြစ်သည်။ ထိုသတင်းပါပြီးသည့်နောက် ချက်ချင်းပင် ဇာနယ်ဇင်းတို့ လှုပ်ရှားလာကြပြန်သည်။ ဆူဆန်၏ အမည်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာများတွင် ဖော်ပြခြင်း ခံလာရပြန်သည်။ သတင်းထောက်များကလည်း သူ့ထံလာရောက်၍ ဆွေးနွေးမေးမြန်းကြပြန်သည်။

'ခင်ဗျား ဘယ်လိုခံစားနေရသလဲ မစ္စစ်ဆယ်ကီ' သတင်းထောက်များက စိတ်ဝင်စားစွာဖြင့် မေးမြန်း ကြသည်၊ 'လပေါင်းများစွာ ကြာပြီးတဲ့ တိုင်အောင် ခင်ဗျားရဲ့သား အသက်ရှင်နေသေးကြောင်း သိရတဲ့အခါ....'

'အို....သားငယ် အသက်ရှင်နေကြောင်း သိရတဲ့အတွက် ကျွန်မအနေနဲ့ အကြီးအကျယ်ပဲ ဝမ်းသာမိတယ်'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ ဆိုလိုချင်တာက....'

'ကျွန်မသားငယ်အပေါ်မှာ လူကြီးတွေက ဘယ်လိုတုံ့ပြန်တယ်ဆိုတဲ့အချက်က အခြေအနေ အားလုံးအပေါ် မူတည်နေတယ်'

သူ့အနေဖြင့် အတွေးချော်လေပြီဟု သတင်းထောက်တို့ထင်မည်ကို ဆူဆန်မစိုးရိမ်မိ။ မျှော်လင့်ခြင်းတို့က အရာရာကို ရင်ဆိုင်ရန် တွန်းအားပေးနေသည်။

မိနက်တီထံသို့ ဆူဆန်ကတယ်လီဖုန်းဆက်သည်။သတင်းစာတွင် ပါသော သတင်းကိုဖတ်ပြီးပြီလားဟု မေးသည်။ သူက ဖတ်ပြီးကြောင်း၊တွေ့ပြီးကြောင်းဖြေသည်။သို့သော်သူ့အတွက် မည်သို့မျှမထူးခြားကြောင်း ပြောသည်။

ညနေပိုင်းတွင် နော်မည်၏အခန်းသို့ တယ်လီဖုန်း ဆက်၍ ဂရေဟမ်နှင့် စကားပြောလိုကြောင်း ဆူဆန်က ပြောသည်။



သတင်းကို ဖတ်ပြီးပြီလား' ဆူဆန်က နော်မည်ကိုပင် မေးသည်။ သူ့တို့ဖတ်ပြီးကြောင်း နော်မည်ကဖြေသည်။ ဂရေဟမ် အပြင်ထွက်နေသည်ဖြစ်၍ ပြန်လည် ရောက်လာလျှင် တယ်လီဖုန်းဆက်စေမည် ဖြစ်ကြောင်း နော်မည်ကပြောသည်။

သတင်းစာတွင် ပါလာသော သတင်းက ဂရေဟမ်၏ အသည်းနှလုံးအတွင်းသို့ ဝင်ရောက်မသွားနိုင်ကြောင်း ဆူဆန် သိမိသည်။ မည်သို့ပင်ဖြစ်စေ ဂရေဟမ်၏အသံကို သူကြားချင်နေကြောင်း ဆူဆန်နားလည်လိုက်တော့သည်။

ဝင်ဘာလ စောစောပိုင်းခန့်တွင် သူ့ကိုယ်သူ သတ်သေရန် ပိလစ်ပီက ကြိုးစားသည်။ သူ့အချုပ်ခန်းထဲတွင် စောင်များ ဖြင့် ချည်နှောင်ပြီး ကြိုးဆွဲချသတ်သေရန် ဖိလစ်ပီက ကြိုးစား ခြင်း ဖြစ်သည်။ အချိန်မီတွေ့ရှိ၍ သူ အသက်မသေခဲ့။ သူ့ကို ဆေးရုံသို့ အရေးတကြီးပို့ခဲ့ကြသည်။ သူ့ဦးနှောက် ပျက်စီး သွားသည်၊ မပျက်စီးသွားသည်ကို သိရှိရန် ဆရာဝန်တို့က အချိန်ယူ၍ စစ်ဆေးကြရမည်။ ဆူဆန်က ဆေးရုံသို့သွားရောက် ကြည့်ရှုကာ အားပေးစကားပြောရန် ကြိုးစားခဲ့သည်။သို့သော် အာဏာပိုင်တို့က သူ့ကို ဖိလစ်ပီနှင့် တွေ့ဆုံခွင့်မပြုကြ။

ညနေပိုင်းတချိန်တွင်ဂရေဟမ်ထံသို့ ဆူဆန်က တယ်လီဖုန်း ဆက်ပြန်သည်။ ဂရေဟမ်ကို မတွေ့ရပြန်။ နော်မည်ကသာ 'သူမရှိဘူး။ အပြင်သွားတယ်'ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'နော်မည်' မျက်ရည်များစီးကျယင်း ဆူဆန်ကပြောသည်။ 'သူ့ကို ငါစကားပြောချင်နေတယ်။ ငါ့ကိုယ်ငါ ရေနစ်နေသလို ထင်နေတယ်။ ဘာအကြောင်းကြောင့် အဲဒီလို ထင်နေရတယ်ဆိုတာကို ငါမသိဘူး။ဖိလစ်ပီဟာ သူ့ကိုယ်သူသတ်သေဖို့ ကြိုးစားခဲ့တယ်။ အဲဒီလိုကြိုးစားတာဟာ ငါ့အပေါ် သူ့ လိမ်လည်ခဲ့တယ်ဆိုတဲ့ သဘော များလား။ သူ ဘာဖြစ်လို့ ဆက်လက်အသက်ရှင်လျက်နဲ့ မနေချင်တာတဲ့လဲ။ သူ့ အပြစ်ကြောင့်လား။ ဒါမှမဟုတ် သူ့ရဲ့အပြစ်ကင်းစင်မှုကြောင့်လား။ ဘယ်သူနဲ့ စကားပြောရမယ်ဆိုတာ ငါမသိတော့ဘူး'

အချိန်ကြာစွာ တိတ်ဆိတ်သွားသည်။နောက်ဆုံးတွင် နော်မည်က ပြောသည်။'ကောင်းပြီလေဆူဆန်။ရှင်ပြောတာတွေကို သူပြန်လာယင် ကျွန်မပြောလိုက်မယ်။ ဒါပေမယ့်လည်း ကျွန်မတို့ နှစ်ယောက်ဟာဖြစ်ပျက်ခဲ့တာတွေကိုမေ့ထားပြီးပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းမြေ့မြေ့ နေနိုင်အောင်ကြိုးစားနေကြတယ်'

နောက်တနေ့နံနက်တွင် ဂရေဟမ်က ဆူဆန့်ထံသို့ တယ်လီဖုန်းပြန်ဆက်သည်။ သို့သော်လည်း ထိုအချိန်တွင်ဂရေဟမ်နှင့် ပြောဆိုငြင်းခုံလိုသည့်စိတ်မှာ ဆူဆန်၏ရင်ထဲတွင် မရှိတော့ပြီ ဖြစ်တော့သည်။

ခရစ်စမတ်မတိုင်မီ တနေ့ဖြစ်သည်။ နေရောင်ခြည်ကောင်းစွာ မရသော နံနက်ခင်းလည်းဖြစ်သည်။ မီနက်တီသည် သူ့ရုံးခန်း



သို့ မိနစ်လေးဆယ်နောက်ကျပြီးမှ ရောက်လာသည်။ သူ့မော်တော်ကားဘက်ထရီမကောင်းသောကြောင့် နောက်ကျရသည်။

သူ့ရုံးခန်းထဲသို့ ရောက်၍ အပေါ်အင်္ကျီ ချွတ်လိုက်သောအခါ တပ်ကြပ်ပိုလိုက် တယ်လီဖုန်းပြောနေသည်ကိုကြားလိုက်ရသည်။ 'ဟုတ်ကဲ့....ဟုတ်ကဲ့....ကျွန်တော်ပြောပြတဲ့ အတိုင်းပဲ။ အဲဒီအမှုကို ကျွန်တော်တို့ကပိတ်ထားကြပြီဖြစ်ပါတယ်။ ဒီအမှုအကြောင်းကတော့ သတင်းစာတွေ အားလုံးထဲမှာ ပါခဲ့ပြီးပြီပဲဖြစ်တယ် မစ္စစ်ရော့ဘင်....မဟုတ်ဘူး၊ မဟုတ်ဘူး....ကျွန်တော် ဝမ်းနည်းပါတယ်။ ကျွန်တော့် အရာရှိဟာ သူ့ရုံးခန်းထဲကို ရောက်မလာသေး ပါဘူး' တပ်ကြပ်က မီနက်တီအား လှမ်းကြည့်သည်။

'ဘယ်အမှုလဲ' မီနက်တီက တိုးတိုးမေးသည်။

'အလက်ဆယ်ကီအမှုလေ' တပ်ကြပ်က ဖြေသည်။

မီနက်တီက တယ်လီဖုန်းကို လှမ်းယူလိုက်သည်။ 'ကျွန်တော် စုံထောက် မီနက်တီပါ။ ဘာများကူညီရမလဲ'

'ကျွန်မက ရှင်တို့ကို ကူညီချင်လို့ တယ်လီဖုန်းဆက်တာပါ' အမျိုးသမီးကပြောသည်။ 'ဆယ်ကီဆိုတဲ့ကောင်လေး ဘယ်မှာရှိနေတယ်ဆိုဘာကို ကျွန်မ သိတယ်။ အဲဒီလိုသိတဲ့အကြောင်းပြောချင်လို့ ရှင်တို့ဆီ တယ်လီဖုန်း ဆက်ခဲ့တာ နှစ်ခါတောင်ရှိသွားပြီ။ တကယ်တော့ ရှင်တို့ တခုခုလုပ်သင့်ပြီ။ အခုလို ဘာမှ မလုပ်ပဲနဲ့ဆိုယင် ဝမ်းနည်းကြေကွဲနေရတဲ့ လူကလေးကို ရှင်တို့ကအိမ်ရောက်အောင်ပြန်ခေါ်နိုင်ကြမှာမဟုတ်ဘူး' အမျိုးသမီးက အသံပြတ်ပြတ်ဖြင့်ပြောသည်။

www.burmeseclassic.com

'ဟုတ်ကဲ့....ကျွန်တော်တို့ နားလည်ပါကယ်' မီနက်တီက ပြောသည်။ 'ကျေးဇူး ပြုပြီးတော့ ခင်ဗျားရဲ့ အိမ်လိပ်စာ ခင်ဗျားရဲ့ အမည်တွေကို ပြောပြပါလား'

'ရှင်တို့ကို ကျွန်မ ပြောခဲ့ပြီပဲ။ ပြောတာ နှစ်ခါတောင် ရှိသွားပြီ'

'ကျွန်တော့်အပြစ်ပါပဲ။ အခု တခါ ထပ်ပြောပါဦး'

'ကျွန်မနာမည်က မယ်ဗီနာရော်ဘင်၊ အိမ်အမှတ်–၄၄၂၉ ဘောဘီလမ်း၊ ဝီလီမင်းတစ်မြို့ဖြစ်တယ်' မီနက်တီက အမည်ကို ရေးမှတ်နေချိန်တွင် တပ်ကြပ်ပိုလိုက်က သူ့နဖူးကိုလက်ဝါးဖြင့် ရိုက်၍ ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ 'ပြောယင်းဆိုယင်းနဲ့ ဟိုမှာကောင်လေးကို ပြတင်းပေါက်ကနေတဆင့် ကျွန်မ လှမ်းမြင်နေရတယ်။ သူဘာဖြစ်လို့ ကျောင်းမှာရောက်မနေတာလဲ ကျွန်မကို ပြောစမ်းပါ'

'ဒါတော့ ကျွန်တော်မပြောနိုင်ဘူး မစ္စစ်ရော်ဘင်၊ ခင်ဗျားကပဲ ကျွန်တော့်ကို ပြောစမ်းပါ'

'ဘာဖြစ်လို့လဲဆိုတော့ သူဟာ ခိုးယူခြင်းခံနေရတဲ့ ကောင်လေးဖြစ်လို့ပဲ။ ရှင်တို့ကို ကျွန်မ ပြောခဲ့ပြီပဲ၊ ဒီကို သူတို့ပြောင်းလာစဉ်တုန်းက အဲဒီ လူမှာ ကလေးအတွက် အရုပ်ရယ်လို့ ပါမလာဘူး'

'သူ့မှာ ကစားစရာအရုပ်တွေ ပါမလာဘူးဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိသလဲ'

'သူတို့ ဒီကိုပြောင်းလာတုန်းက ကျွန်မ စောင့်ကြည့် နေခဲ့တာပဲ။ သူတို့မှာ သေတ္တာတလုံးပဲ ပါလာခဲ့တယ်။ ကျွန်မ သာ



ဆိုယင် ကလေးတွေနဲ့ ဒီပြင်နေရာသွားယင် သူတို့ရဲ့အရုပ်တွေ ထည့်ဖို့ လက်တွန်းလှည်းလေးတခုတော့ ယူသွားစမြဲပဲ'

'ဒါကတော့ သူတို့ဆင်းရဲကြလို့ ဖြစ်လိမ့်မယ် ထင်တယ်။ အရုပ်တွေကို မဝယ်နိုင်ကြလို့ ဖြစ်မယ်ထင်တယ်'

'ဆင်းရဲတယ် ဟုတ်လား၊ ဒီလူက ဖခင် မပီသ လိုက်တာ။ လထဲမှာရှိနေတဲ့သူလိုပဲ သူကဖခင်မဆန်ဘူး'

'အဲဒါကို ခင်ဗျားက ဘယ်လိုလုပ်သိသလဲ မစ္စစ်ရော်ဘင်'

'ဘာဖြစ်လို့သိသလဲဆိုယင်ဒီကောင်လေးဟာခိုးယူခြင်းခံနေခဲ့ရတဲ့ကောင်လေးဖြစ်လို့ပဲ။ သူ့ပုံတွေကိုသတင်းစာတွေထဲမှာ တွေ့ခဲ့ရတယ်။ သူ့အမေရဲ့ဓာတ်ပုံကိုလည်း ရုပ်မြင်သံကြားမှာ တွေ့ရတယ်။ ရုပ်မြင်သံကြားမှာပဲ သူ့မိခင်က သူ့ဓာတ်ပုံကို ပြခဲ့ပြန်တယ်။ ကြုံကြိုက်ချင်တော့လည်း အဲဒီတော့စတွန်မြို့က ပျောက်ဆုံးသွားတဲ့ လူငယ်လေးအကြောင်းကို သတင်းစာမှာ ကျွန်မဖတ်နေယင်း မော့ကြည့်လိုက်တဲ့ အခါမှာ ယေရှုသခင်ကို ကျွန်မတွေ့လိုက်ရတယ်။ ဒီတော့ ကျွန်မက ယေရှုသခင်ကို....'

တပ်ကြပ်ပိုလိုက်၏ ရယ်သံကို မီနက်တီ ကြားလိုက်ရတော့သည်။

နောက်ပိုင်း ရက်များတွင်မူ မယ်ဗီနာရော်ဘင်သည် တပ်ကြပ်ပိုလိုက်ကိုလည်းကောင်း၊ တာဝန်မှူးကိုလည်းကောင်း စကားပြောလိုခြင်း မရှိတော့ချေ။ သူက မီနက်တီနှင့်သာ တိုက်ရိုက်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ပြောဆိုသည်။ သူကရက်သတ္တတပတ်လျှင် နှစ်ကြိမ်ကျ မိနက်တီ ထံတယ်လီဖုန်းဆက်သည်။

ယနေ့နံနက်တွင်လည်း သူကမိနက်တီထံ တယ်လီဖုန်းဆက်ပြန်သည်။

'ဘယ်နေ့လောက်မှာ ရှင်ဒီကိုလာမလဲဟင်' မယ်ဗီနာက မေးသည်။ 'ဒီပျောက်ဆုံးနေတဲ့ ကလေးကို ရှင်တို့မြန်မြန်ပဲတွေ့စေချင်ပြီ။ သူ့ကိုရှာလို့တွေ့ပြီးယင် ကျွန်မအိမ်ကို ခေါ်လာခဲ့ကြပါ။ ကလေးကိုနွားနို့နဲ့ ချော့ကလက် တိုက်ကျွေးချင်လို့ပါ။ တနေ့က ကလေးအတွက် ကျွန်မက ခရစ္စမတ် လက်ဆောင် ချော့ကလက်တွေ မပေးခဲ့တယ်။ ဟိုလူက ကျွန်မကို မကောင်းဆိုးဝါးလို့များ ထင်သလားမသိဘူး။ ကလေးကိုလက်မောင်းကဆွဲပြီးအတင်းခေါ်သွားခဲ့တယ်။ ကလေးကိုကျွန်မနဲ့စကားပြောခွင့်လည်း မပေးခဲ့ဘူး။ တကယ်တော့....'

'မယ်ဗီနာ၊ မယ်ဗီနာ' မိနက်တီကပြောသည်။ကျွန်တော့်ဆီ တယ်လီဖုန်းဆက်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ခင်ဗျားက ကျွန်တော်တို့ကို အများကြီးကူညီခဲ့ပါတယ်။ ခင်ဗျားဆီလာဖို့ အတွက် ကျွန်တော်အခုပဲ သွားစီစဉ်ပါ့မယ်။ မကြာခင်မှာပဲ ကျွန်တော် ခင်ဗျားတို့ဆီလာနိုင်ပါလိမ့်မယ်။ လာဖြစ်ပြီဆိုယင် ကျွန်တော် ခင်ဗျားဆီကို အကြောင်းကြားပါ့မယ်။ ဟုတ်ပါတယ်။ ရဲကားတွေ လာနိုင်အောင်လို့၊ တခြားလိုအပ်တဲ့ ကိစ္စတွေစီစဉ်နိုင်အောင်လို့ အချိန်အနည်းငယ်တော့ ကြာပါလိမ့်ဦးမယ်။ ဟုတ်ကဲ့....ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်'



မိနက်တီသည် တယ်လီဖုန်းကို ပြန်ချလိုက်ပြီး စိတ်ပျက်စွာ ထိုင်ချလိုက်သည်။

မယ်ဗီနာရော်ဘင်ဘလည်း တယ်လီဖုန်းကိုပြန်ချသည်။သူက မီးဖိုခန်းပြတင်းပေါက်သို့သွားပြီး တဘက်အိမ်၏ နောက်ဘက်ခြံထဲသို့ လှမ်းကြည့်သည်။ တဘက်အိမ်ရှိ ကလေးငယ်ကို လာရောက်ကယ်ဆယ်ခြင်းမပြုသမျှ သူ့အနေဖြင့် စိတ်ချမ်းသာလိမ့်မည်မဟုတ်ကြောင်းမယ်ဗီနာကနားလည်သည်။

သနားစရာကောင်းသော ကလေးငယ်ကို တွေ့လိုက်ရသည်။နောက်ဖေးထွက်ပေါက် တံခါး၏အဝတွင် သူတယောက်တည်း ညှိုးငယ်စွာဖြင့်ထိုင်နေရှာသည်။မယ်ဗီနာသည် ကလေးငယ်အား အချိန် အတန်ကြာအောင် စိုက်၍ကြည့် နေတော့သည်။

သောကြာနေ့ ညနေပိုင်းဖြစ်သည်၊ မိနက်တီသည် အိမ်ပြန်နောက်ကျပြန်လေပြီ။ သူရောက်သောအချိန်တွင် ညစာစားပြီးနေပြီ။ ပက်သည်စိတ်ဆိုးစွာဖြင့် ပန်းကန်များကို ဆေးကြောနေသည်။ ယှူဂျင်းသည် ငိုပြီးအပေါ်ထပ်သို့ ပြေးတက်သည်။ ထို့နောက် သူ့အိပ်ခန်းထဲသို့ဝင်ကာ တံခါးကို အားနှင့်ပြန်ပိတ်သည်။ မည်သို့ဖြစ်ရကြောင်း ပက်ထံမှပြောကြားချက်ကို မကြားရမီ တယ်လီဖုန်းကမြည်လာပြန်သည်။ မိနက်တီက တယ်လီဖုန်းကို ကောက်ကိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟလို၊ မိနက်တီ' ဆူဆန်က ခေါ်သည်။ သူ့အသံကို မိနက်တီကောင်းစွာမကြားရ။

'ဟုတ်ကဲ့၊ ဆူဆန်ပြောပါ' ပက်ကဆပ်ပြာရည် ထဲတွင် နှစ်ထားသော သူ့လက်ကိုနုတ်လိုက်ပြီး မိနက်တီအား ,မျက်စောင်းထိုးကြည့်သည်။ မိနက်တီက ကုလားထိုင် တလုံးကို ဆွဲယူပြီးပက်အား ကျောပေးကာထိုင်လိုက်သည်။ 'ခင်ဗျားနေကောင်းရဲ့လား'

'နေကောင်းပါတယ်။ အခုပဲ ကျွန်မဆီကို တယ်လီဖုန်းဆက်ခဲ့တယ်။ ဒါကြောင့်မို့လို့ ကျွန်မရှင့်ဆီကို လှမ်းဆက်တာပါ'

'ခဏကိုင်ထားဦး။ ကလေးတွေ သိပ်ဆူနေတာပဲ'

မိနက်တီက မီးဖိုခန်းတံခါးရှိရာသို့သွားလိုက်သည်။'ကလေးတွေ၊ ယူဂျင်း၊မာကိုငြိမ်ငြိမ်နေကြစမ်း။သိပ်ပြီးမဆူကြနဲ့'အပေါ်ထပ် တွင် ကျယ် လောင် စွာ ဖွင့်နေသည့် သီချင်းသံများ တိုးသွားသည်။

'ကဲ....ဘာပြောမလို့လဲ'

'ကျွန်မပြောတာကို ကြားရပြီလား'

'အင်းကြားရပြီ၊ ခင်ဗျားနေကောင်းရဲ့လား'

'ကောင်းပါတယ်၊ ရှင်ကော'

'ကောင်းတယ်'

'ကျွန်မဆီကို အမျိုးသမီးတဦး ဖုန်းဆက်ခဲ့တယ်။ဒီနေ့လည်း ထပ်ဆက်တယ်၊ ကျွန်မဆီဆက်တာ နှစ်ခါတောင် ရှိခဲ့ပြီ သူဟာ....'



သိပ်ပြီးတော့ရှုပ်တဲ့ အမျိုးသမီးပါလားဟု မိနက်တီက သူ့ဘာသာပြောသည်။ မယ်ဇီနာပါလား။ မယ်ဇီနာကြောင့် စိတ်ရှုပ်ခဲ့ရပြီ။ ယခုမယ်ဇီနာက သူ့ကိုသာမက ဆူဆန်ကိုပင် နှောင့်ယှက်ပြန်ပေပြီကော။

'ဗီလီမင်တစ်က အမျိုးသမီးလေ' ဆူဆန်ကပြောသည်၊ 'သူ့လိပ်စာကို ကျွန်မမှတ်ထားတယ်။ ရှင်နဲ့လည်း အဆက်အသွယ်ရှိနေတယ်လို့ သူကပြောတယ်'

'မယ်ဇီနာ ရော်ဘင်မဟုတ်လား'

'ဟုတ်တယ်'

'ဒီမှာ....ဆူဆန်'

'မိနက်တီ' ဆူဆန်ကတိုးတိုးပင် ပြောသည်။

'ဆူဆန်....' မိနက်တီက ပင်ပန်းစွာဖြင့်ပြောသည်။

'သူဟာ ယေရှုသခင်နဲ့ တွေ့ခဲ့တယ်လို့ ခင်ဗျားကိုပြောခဲ့သလား၊ သူဟာ ယေရှုသခင်နဲ့ စကားပြောခဲ့ရတယ်လို့လည်း ပြောခဲ့သလား'

အချိန်အတန်ကြာအောင် တိတ်ဆိတ်သွားသည်။ ဆူဆန်အနေဖြင့် လက်ခံနိုင်စရာကောင်းသော သတင်းများကိုကြားသိခဲ့ရပြီး ဖြစ်ရော့မည်ဟု မိနက်တီနားလည်မိသည်။

ဆူဆန်ကစတင်ပြောပြန်သည်။ 'ဒါပေမယ့်လည်း အဲဒီလိုပြောခဲ့တာတွေ ကလေးတယောက် ရှိမနေဘူးလို့ငြင်းနိုင်စရာမှ မဟုတ်ပဲ။ သူပြောတဲ့အသက်အရွယ်ရှိတဲ့ကလေးတယောက်ဟာ ဘာဖြစ်လို့ ကျောင်းမနေနိုင်တာလဲ။ တညနေ့ခင်းလုံး အဲဒီကလေးဟာ သူတယောက်တည်း ဘာဖြစ်လို့ ရှိနေရတာတဲ့လဲ'

www.burmeseclassic.com

www.burmeseclassic.com



မိနက်တီကခေါင်းယမ်းမိသည်။ 'အဲဒီအမျိုးသမီး ပြောတဲ့အတိုင်း ကလေးငယ် တယောက်ဟာ သူ့အိမ်နံဘေးမှာ ရှိနေမယ်ဆိုယင် ဘာဖြစ်လို့ အဲဒီလိုရှိနေရတယ် ဆိုတာကို တဒါဇင်လောက်ရှိတဲ့ အကြောင်းအချက်တွေ ကျွန်တော်ပြနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ကလေးဟာ ဆွံ့အနားမကြားနေတဲ့ ကလေး ဖြစ်ကောင်း ဖြစ်မယ်။ နောက်ပြီးတော့....'

'ဒါမှမဟုတ်ယင်လည်း သူဟာ အလက်ဖြစ်နိုင်တယ်'

မိနက်တီက သက်ပြင်းချမိသည်။ မည်သို့ဆက်ပြောရမည်ကို သူစဉ်းစားသည်။ သို့သော်စဉ်းစား၍မရ။ ထို့ကြောင့်မိနက်တီက မည်သို့မျှမပြောပဲ နေလိုက်သည်။

'ကျွန်မသားလေး မဖြစ်နိုင်ဘူးလား မိနက်တီ' ဆူဆန်က ဆက်လက်ပြောသည်။ 'အဲဒီကလေးဟာ အလက်ဟုတ်တယ်၊ မဟုတ်တယ်ဆိုတာကိုသိရအောင်လို့ စုံစမ်း ဆောင်ရွက်နိုင်တဲ့ အခွင့်အရေးဟာ ဒီမိုးအောက်မြေပြင်မှာ မရှိတော့ဘူးတဲ့လား ဒါမှမဟုတ်ယင်လည်း အဲဒီကလေးကို သွားရောက် ကြည့်ရှုစစ်ဆေးဖို့အတွက် ရှင့်အချိန်တွေထဲက တညနေခင်းလောက်ကို မပေးနိုင်တော့ဘူးတဲ့လား။ ဒါမှမဟုတ်လည်း ဝီလီမင်တစ်ကရဲတွေကို သွားရောက်ကြည့်ရှု စစ်ဆေးဖို့ ရှင်က အကြောင်း မကြားနိုင်ဘူးတဲ့လား'

'ဟင့်အင်း' မိနက်တီက ပြောသည်။ 'ကျွန်တော် မလုပ်နိုင်ဘူး။ ဒီအမှုက ပြီးသွားပြီပဲ။ ဒီအမှုကိုပိတ်လိုက်ပြီးလည်း ဖြစ်တယ်။ ဒါကြောင့်မို့လို့ ဒီအမှုနဲ့ပတ်သက်ပြီး ကျွန်တော့်



အနေနဲ့ ဘာမှ ဆက်လက်စုံစမ်း မေးမြန်းနေစရာ အကြောင်း မရှိတော့ဘူး။ နောက်ပြီးတော့လည်း ဒီအမှုနဲ့ ပတ်သက်ပြီး ဆက်လက်အချိန်မဖြုန်းဖို့ကျွန်တော့်အထက်လူကြီးတွေကအမိန့်ပေးထားကြတယ်။ တကယ်တော့လည်း ဒီအမှုနဲ့ပတ်သက်ပြီး ဒီလကုန်လောက်မှာ တရားရုံးမှာစစ်ဆေးတော့မယ်။ တခုတော့ ရှိတယ်ပေါ့လေ။ ဆူလီဗန်ရဲ့ ရှေ့နေက ဒီအမှုကို ရွှေ့ဆိုင်းနိုင်အောင် လုပ်နိုင်ယင်တော့ဒီလကုန်မှာ မစစ်ဖြစ်ဘူးပေါ့လေ။ ကျွန်တော်ပြောတာ ရှင်းပါတယ်နော်' စကားဆုံးသောအခါတွင်မှ ဆူဆန်အား အော်ဟစ် ပြောဆိုမိခဲ့ကြောင်း မိနက်တီ သတိထားမိသည်။ သူ့အနေဖြင့် များစွာ စိတ်ဆိုးခဲ့ကြောင်း ပေါ်လွင်ပေပြီ။

ဆူဆန်သည် အတန်ကြာအောင် တိတ်ဆိတ် နေသည်။ သို့သော် ပြန်လည်ပြောသောအခါ သူမ၏အသံမှာ တည်ငြိမ်နေသည်။ ဆုံးဖြတ်ချက်ချပြီးဟန်လည်းရှိသည်။

'ဂရေဟမ်ရဲ့ကားကို ငှားပြီးတော့ ကျွန်မကိုယ်တိုင် သွားကြည့်သင့်ပြီလို့ထင်တယ်' ဆူဆန်ကပြောသည်။

မိနက်တီက သူ့နဖူးကို လက်ဖဝါးဖြင့် ရိုက်လိုက်မိသည်။ 'ဆူဆန်ရယ်၊ ခင်ဗျား အဲဒီလို မလုပ်သင့်ဘူး၊ မလုပ်ဘူးမဟုတ်လား'

'အဲဒီလို လုပ်တာကလွဲလို့ ဒီပြင် ဘာကိုများ ကျွန်မကလုပ်နိုင်မှာတဲ့လဲ'

'သေသေချာချာထပ်ပြီး စဉ်းစားစမ်းပါဦး။ ဘာတွေဖြစ်ခဲ့လို့ ဘာတွေကို ခင်ဗျားက ယုံကြည်သင့်တယ် ဆိုတာကို ကွဲကွဲ

www.burmeseclassic.com

www.burmeseclassic.com



ခြားခြား သိဖို့လိုတယ်။စဉ်းစားပါဦး။ သေသေချာချာစဉ်း ပြီးတဲ့နောက် ကျွန်တော်တို့ထပ်ပြီးတော့ တွေ့ကြသေး ပေါ့။ အင်္ဂါနေ့မှာ တွေ့ကြမယ်၊ ဘယ့်နှယ်လဲ'

မိနက်တီက တယ်လီဖုန်းကိုချလိုက်သည်။ စိတ်မကောင်း ဖြင့် ပက်ကိုလှည့်ကြည့်သည်။

'ဆူဆန်ဆယ်ကီလား' ပက်ကမေးသည်။

မိနက်တီက ပခုံးတွန့်၍ ခေါင်းညိတ်ပြသည်။

'ရက်သတ္တ နှစ်ပတ်အတွင်း ရှင်ဟာငါးကြိမ်မြောက်ည လွဲပြီး နောက်ပိုင်းမှာ ဆူဆန် ဆယ်ကီနဲ့ ဆုံရပြန်ပြီတဲ့လ ပြီးခဲ့တဲ့ နွေရာသီက ဖြစ်ခဲ့ရတဲ့ စိတ်မကောင်းစရာ အဖြစ်မျိုး ကျွန်မတို့ ပြန်လည် ဆုံတွေ့ကြရမယ်တဲ့လား။ ကလေးတွေ ရှင့်ကိုတောင်မှမမှတ်မိနိုင်လောက်အောင်ဖြစ်ကြရမယ်တဲ့လ ဈေးဆိုင်ကြီးထဲမှာ မျက်နှာစိမ်းတယောက်နဲ့ သူတို့ကတွေ့ ခင်ဗျားဟာ ကျွန်တော့်ရဲ့ဖခင်လားလို့ မေးရတော့မယ့် အ အနေမျိုးကိုတောင်မှ ရောက်ရတော့မယ်တဲ့လား'

'လွန်ခဲ့တဲ့ နှစ်လအတွင်းမှာ ဆူဆန်နဲ့ စကားပြောရ ခုအကြိမ်ဟာ'ပထမဆုံးအကြိမ်ပါပဲကွာ'မိနက်တီကပြောသည်

'ယူဂျင်းလို့ ခေါ်တဲ့ ရှင့်ရဲ့သား အငယ်ဆုံး လေး အပေါ်ထပ်ကို အပြေး အလွှား ငိုပြီး တက် သွား တာ ရှင်သတိကော ထားမိခဲ့ရဲ့လား'

'အင်း'

'အဲဒီလို တက်ပြေးတာဟာ ဘာဖြစ်လို့များ ပါလိမ့် တယ်လီဖုန်းကို ကောက်မကိုင်မီ ရှင်စဉ်းစားမိရဲ့လား။လွန်ခဲ့



မေလကစပြီးတော့ သေဆုံးသွားခဲ့တဲ့ ကလေးတယောက်ကို ှင့်သားသမီးတွေထက် ရှင်က စိတ်ဝင်စားနေတယ် ဆိုတာ ကော သတိမှုထားမိရဲ့လား' မိနက်တီက ဇနီးအား ငိုက်၍ ကြည့်နေသည်။ ပက်က အားပါးတရ ငိုကြွေးလျက်ရှိလေသည်။

'ရှင့်ကို သတင်းပေးရဦးမယ်' ပက်က ဆက်ပြောသည်။ ရှင့်သားနဲ့ ပတ်သက်ပြီး ရှင်သိထားအောင်လို့ပဲ ဆိုပါတော့။ လာမယ့်ရက်သတ္တပတ် အားလပ်ရက်မှာ ဆင်နဲ့ ဝီလီတို့အိမ်မှာ သွားအိပ်ဖို့ ယူဂျင်းက ခွင့်တောင်းခဲ့တယ်။ ကျွန်မကလည်း ငယ်ချင်းတွေနဲ့ သွားအိပ်မှာ ခွင့်ပြုထားခဲ့တယ်။ ခုတော့ သွားမအိပ်နိုင်တော့ဘူး။ဘာဖြစ်လို့လဲဆိုတော့အိပ်ရာထဲမှာ သေးပေါက် မိပြန်လို့ပဲ။ အဲဒီလို ဖြစ်နေယင် သူ့ကို အပြင် းထွက်လိမ့်မယ်မဟုတ်ဘူးဆိုတာကိုလည်း ယူဂျင်းသိထားပြီ'

မိနက်တီက ငြိမ်၍ နားထောင်နေသည်။

'ပိုလို့ဆိုးတာက မေရီအန်နဲ့ အမြွှာညီအစ်မဟာ အလည် ရောက်လာကြတော့မယ်။ ဒီတော့ ယူဂျင်းကို ဘယ်နေရာမှာ းအိပ်ရမယ်ဆိုတာ ကျွန်မ မသိနိုင်လောက်အောင်ပဲ'

'နေပါဦး၊ မင်းညီမက လာမယ်ဟုတ်လား။ ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ ရှည်လျားတဲ့ အားလပ်ရက်တွေ ကြောင့်ပဲပေါ့။ ရှင့်ကို ကျွန်မပြောခဲ့သားပဲ။ သူတို့ကို အလည် လာဖို့ ကျွန်မဖိတ်ခဲ့တယ်လို့'

'နေစမ်းပါဦး' မိနက်တီက အော်၍ပင် ပြောလိုက်သည်။ ည့်သည်တွေ ရောက်လာကြတုန်းယူဂျင်းကိုငါခေါ်သွားမယ်'

www.burmeseclassic.com

www.burmeseclassic.com



'အင်း ကောင်းတယ်။ ကျွန်မညီမရောက်လာတဲ့အခါ မင်းတို့ ရောက်လာမှာကိုကြားသိတဲ့အတွက် ရှင်ဟာတနေရာကို ထွက်သွားတယ်လို့ပဲ ကျွန်မပြောလိုက်မယ်'

'ကောင်းတာပေါ့၊ ပြောလေ'

မီနက်တီက အပေါ်ထပ်သို့ တက်သွားကာ ယူဂျင်း၏ အခန်းတံခါးကို ခေါက်သည်။ 'ယူဂျင်း ယူဂျင်း'

ယူဂျင်းကမဖြေ။

'ယူဂျင်း' မီနက်တီကအော်ခေါ်ပြန်သည်။ 'နက်ဖြန်ဖေဖေနဲ့ လိုက်ပြီးတော့ မလည်ချင်ဘူးလား၊ တို့သားအဖနှစ်ယောက် တနေရာကိုသွားကြရအောင်။ မိန်းမတွေနဲ့ကလေးတွေဒီအိမ်မှာ ထားခဲ့ကြတာပေါ့၊ ဘယ့်နှယ်လဲ'

ပက်သည်အောက်ထပ်မှနေ၍ သူ့ကို စိတ်ဆိုးစွာဖြင့် ခေါ်ထောက်ကြည့်နေကြောင်း မီနက်တီတွေ့ရသည်။

ယူဂျင်းကတံခါးကိုတွန်းဖွင့်၍ထွက်လာသည်။ 'ကောင်းတယ် ဖေဖေ' သူ့ဝမ်းသာအားရပြောသည်။ 'သိပ်ကောင်းတယ်'

နံနက်စာစားပြီးသည်နှင့် မီနက်တီတို့သားအဖက အိမ်မှ ထွက်ကြသည်။ လွန်ခဲ့သောညကစ၍ပက်ကခင်ပွန်းအား ကောင်းစွာ စကားမပြော။ မည်သို့ပင်ဖြစ်စေ မိခင်ဖြစ်သူ မကျေမနပ်ဖြစ်နေကြောင်းကို ယူဂျင်းက မေ့ထားသည်။ သူက ပျော်ရွှင်၍သာ နေသည်။

'ကျွန်တော်တို့ ဘယ်ကိုသွားကြမလဲ ဖေဖေ' ယူဂျင်းက မေးသည်။

ရာသီဥတုမှာ လွန်စွာအေးနေသည်။ ကားလမ်းမှာ ရှင်းနေသော်လည်း လမ်းနံဘေးတွင်မူ နှင်းများဖုံးလွှမ်းလျက်ရှိသည်။

'ဖေဖေလည်း ဘယ်သွားရမှန်းမသိသေးဘူး' ကားမောင်းယင်း မီနက်တီက ဖြေသည်။ 'တို့များ ပျော်ရွှင်စရာပန်းခြံကို သွားကြမလား'

'ဆောင်းတွင်းမှာ အဲဒီပန်းခြံဖွင့်မယ်မထင်ဘူး။ ကျွန်တော်တို့ ရုပ်ရှင်သွားကြည့်ကြမလား ဖေဖေ'

www.burmeseclassic.com

www.burmeseclassic.com



'ခုမှ မနက်ကိုးနာရီပဲရှိသေးတာ။ ရုပ်ရှင်ရုံ ဘယ်ဖွင့်ဦးမလဲ။ ငါးပြတိုက်ကို သွားကြမလား'

'ပြီးခဲ့တဲ့အပတ်က မေမေနဲ့အတူ ကျွန်တော်တို့ သွားခဲ့ပြီး ကြပြီ'

'ဟုတ်လား'

'ဟုတ်ကဲ့'

'ငါးပြတိုက်က ကြည့်စရာတွေပေါ်ရဲ့လား....'

'သိပ်ပြီး စိတ်ဝင်စားစရာကောင်းတာပဲ'

'ကဲ....ဒါဖြင့် မင်း ဘယ်ကိုသွားချင်သလဲ' မီနက်တီက မေး ပြန်သည်။

'ဖေဖေ့ရုံးကို သွားကြည့်ချင်တယ်'

'ဖေဖေ့ရုံးကို မင်း ရောက်ဖူးပြီးပြီပဲ'

'ကျွန်တော် မရောက်ဖူးသေးပါဘူး'

'မင်း မရောက်ဘူးသေးဖူးဟုတ်လား'

'တခါမှ မရောက်ခဲ့ရသေးပါဘူး'

မီနက်တီက စဉ်းစားသည်။ ယူဂျင်းပြောသည်မှာ မှန်က နိုင်စရာအကြောင်းရှိသည်။ သူ့ကလေးများအား မီနက်တီ ရုံးခန်းသို့ မကြာခဏပင် ခေါ်သွားခဲ့သည်။ ထိုသို့ ခေါ်သွား သည့် အထဲတွင် ယူဂျင်းပါခဲ့သည် မပါခဲ့သည်ကို ကောင်းကော မမှတ်မိတော့။

'ဒါပေမယ့် သားရယ်။ ရုံးခန်းကို ဒီနေ့မှာ မင်း ခေါ်သွားမယ်ဆိုယင် မင်း မေမေက ငါ့ကို ကောင်းကော စိတ်ဆိုးလိမ့်မယ်'



'မေမေကစိတ်ဆိုးလိမ့်မယ် ဟုတ်လား'

'ဟုတ်တယ်။ ရုံးခန်းမှာပဲ အချိန်တွေသိပ်ပြီးတော့ ဖြုန်းနေ တယ် ဆိုပြီး သားမေမေက ဖေဖေ့ကို သိပ်စိတ်ဆိုးနေမှာ'

'ဒီလိုဆိုယင်လည်း ဖေဖေနဲ့လိုက်ပြီး ကားမောင်း နေ တော့မယ်'

'သား ကားတကယ်မောင်းမလို့လား'

'ဟုတ်ကဲ့။ မေမေနဲ့ ကားအတူစီးရယင် ဘယ်တော့မှ အခုလို ရှေ့ခန်းမှာ မထိုင်ရဘူး'

'ကဲ ကောင်းပြီ၊ ဒီလိုလုပ်ရအောင်၊ သားကို ဖေဖေ့ လက်ထောက်အဖြစ်ထားမယ်။ ဖေဖေတို့နှစ်ယောက်ဟာ အမှု ကိစ္စတခုကို စုံစမ်းစစ်ဆေးဖို့အတွက်တနေရာကိုသွားနေကြတာ လို့ သတ်မှတ်မယ်'

'သိပ်ပြီးတော့ကောင်းတာပဲ ဖေဖေ။ ဖေဖေ့လက်ထောက် ဆိုတော့ ကျွန်တော်သေနတ်ကိုင်ရမလား'

'ကိုင်ရမှာပေါ့' မီနက်တီက ပြောသည်။ 'ဒီမှာရော့' သူက ခြောက်လုံးပြူးသေနတ် ဟန်ဆောင်ကာ သူ့လက်မအား ယူဂျင်းရှိရာသို့ ထိုးပေးသည်။ ယူဂျင်းကလည်း လက်မကို သေနတ်အဖြစ် မှတ်ယူကာ လှမ်းယူပြီး သူ့ခါးတွင် ချိတ်ထား ဟန် ပြုလိုက်သည်။

'ဖေဖေ့ သေနတ် ကကော ဘယ်မှာလဲ' ယူဂျင်းက မေးသည်။

'ဒီမှာရှိတယ်' မီနက်တီက သူ့အင်္ကျီအိတ်ကို ပုတ်ပြသည်။

'ကျွန်တော်ကြည့်နိုင်မလား'

www.burmeseclassic.com

www.burmeseclassic.com



မိနက်တီက စဉ်းစားလိုက်သည်။ သေနတ်နှင့် ပတ်သက်၍ ကလေးများ မမြင်တွေ့နိုင်ရန် မိနက်တီက များစွာဂရုစိုက်ခဲ့သည်။ သူ့သေနတ်ကို ကလေးများမမြင်နိုင်၊ မတွေ့နိုင်သည့်နေရာတွင်သာ ထားရှိခဲ့သည်၊ သို့သော် ယခုအခြေအနေတွင်မူ ခြွင်းချက်ထားရပေမည်။

မိနက်တီက သူ့အင်္ကျီအိတ်အတွင်းမှ ပစ္စတိုသေနတ်ငယ်ကို ထုတ်ပြသည်။ ယူဂျင်းက သေနတ်ငယ်ကို လှမ်းယူသည်။

'မကိုင်နဲ့သား' မိနက်တီက တားလိုက်ရာ ယူဂျင်းမှာ သူ့လက်ကို ပြန်လည် ရုပ်သိမ်းရသည်။ 'ကြည့်ချင်ယင်တော့ ကြည့်နိုင်တယ်သား' ယူဂျင်းကလည်း သေသေချာချာပိုက်ကြည့်သည်။ ခဏ ကြာသောအခါ မိနက်တီက သေနတ်ငယ်ကို ပြန်သိမ်းသည်။

သားအဖနှစ်ယောက်က ငြိမ်သက်စွာဖြင့်ကားကိုဆက်လက်မောင်းသည်၊ သူတို့ နှစ်ယောက်စလုံးပင် ကျေနပ်လျက်ရှိကြသည်။

ထိုသို့ ကားမောင်းယင်း ဖြတ်ကနဲမိနက်တီစဉ်းစားမိသည်။ စဉ်းစားယင်းလည်း ဝမ်းသာမိပြန်သည်။ တကယ်တော့ သူ့အခြေ အနေမှာ ငှက်နှစ်ကောင်အား ခဲတလုံးတည်းဖြင့် မှန်အောင် ပစ်နိုင်သည့်အခြေအနေဖြစ်နေကြောင်း သိရှိသည်။ လုပ်ငန်းနှင့်ပတ်သက်သော တနေရာရာဆီသို့ သွားမည်။ ထိုသို့ သွားယင်း ရဲတို့၏လုပ်ငန်းများမှာ မည်သို့ဖြစ်ကြောင်း ယူဂျင်းကို ပေးသိမည်။

'ဒီမှာလက်ထောက်....'



'ဟုတ်ကဲ့ခင်ဗျာ' ယူဂျင်းက ပြောသည်။

'မင်းအနေနဲ့ ငါ့ကို ကူညီနိုင်စရာရှိတဲ့ အမှုတခု စုံစမ်းစစ်ဆေးဖို့ ငါရည်ရွယ်ထားတယ်။ ဒါပေမယ့် အဲဒီအမှုဟာ အင်မတန်ရှုပ်ထွေးသိမ်မွေ့တဲ့အတွက်မင်းအနေနဲ့အတတ်နိုင်ဆုံး လျှို့ဝှက်ထားရလိမ့်မယ်။ ဒီအမှုပေါ်အောင်လို့ စုံစမ်းစစ်ဆေးတဲ့နေရာမှာမင်းကလွဲလို့ဒီပြင်ဘယ်သူမှမကူညီနိုင်ဘူး။ ဒီအမှုဟာ တို့နှစ်ယောက်တည်း သိထားတဲ့အမှုလည်းဖြစ်တယ်။ ဌာနချုပ်က လူတွေတောင်မှ ဒီအမှုနဲ့ပတ်သက်ပြီး မသိထားကြဘူး'

'ကျွန်တော် သဘောပေါက်ပါတယ် ဖေဖေ' ယူဂျင်းက ပြောသည်။

'ဘယ်သူလို့ ခေါ်လိုက်တာလဲ'

'သဘောပေါက်ပါတယ် ဗိုလ်ကြီးခင်ဗျာ'

'အင်း၊ ဒါမှပေါ့။ ငါပြောတာတွေကို နားလည်တယ်နော်'

'ဟုတ်ကဲ့ ဗိုလ်ကြီး'

'မင်းဟာ ငါပြောတဲ့အတိုင်း အတိအကျ လိုက်လုပ်ရမယ်ဆိုတာကို မမေ့သွားရဘူး'

'ဟုတ်ကဲ့ ဗိုလ်ကြီး'

'ကောင်းပြီ၊ မင်းရှေ့မှာရှိတဲ့ အံဆွဲလေးထဲက နယူးအင်္ဂလန်တောင်ဘက်ပိုင်းကို ဖော်ပြတဲ့ မြေပုံထုတ်ယူ ပေးစမ်း' ယူဂျင်းက မြေပုံကိုထုတ်ယူသည်။ 'ဟုတ်ပြီ၊ မြေပုံစာရွက်ကို လှန်လိုက်စမ်း' ယူဂျင်းကလှန်လိုက်သည်။ မိနက်တီက မြေပုံကို လှမ်း၍ကြည့်သည်။ 'တို့များကြည့်ချင်တဲ့ အရပ်က ဤစာမျက်

www.burmeseclassic.com

www.burmeseclassic.com



နှာမှာရှိနေတယ်လို့ ငါထင်တယ်' ယုဂျင်းက မြေပုံစာရွက်ကို လှန်၍ပြမြန်သည်။

'မြေပုံကို ကြည့်တတ်တယ်နော်'

'ဟုတ်ကဲ့ ဗိုလ်ကြီး' ယုဂျင်းကဖြေသည်။

'ကောင်းတယ်၊ မြေပုံပေါ်မှာ ဖော်ပြထားတဲ့ အမည်တွေကို ပထမဆုံးကြည့်စမ်း' မီနက်တီက ကားမောင်းယင်း ပြောသည်။ 'ဗီလီမင်တစ်လို့ခေါ်တဲ့ မြို့ငယ်လေးကို ရှာကြည့်စမ်း'

ယုဂျင်းက မြေပုံပေါ်တွင် လက်ညှိုးလေးထောက်၍ လိုက်ရှာသည်။ ချက်ချင်းဆိုသလိုပင် ယုဂျင်းရှာဖွေတွေ့သည်။ သူက ဖခင်ထံ မြေပုံကို ထိုးပေးယင်း ဗီလီမင်တစ်မြို့လေးကို လက်ညှိုးဖြင့်ညွှန်ပြသည်။

'မင်းသိပ်တော်တယ်'

ယုဂျင်းက မြေပုံကို ပြန်ခေါက်လိုက်သည်။ မီနက်တီက တိတ်ဆိတ်စွာဖြင့် ကားကိုဆက်မောင်းသည်။

'ကျွန်တော် ဘာဆက်လုပ်ရမလဲ ဗိုလ်ကြီး' ဆယ့်ငါးမိနစ်ခန့် ကြာသောအခါ ယုဂျင်းကမေးသည်။

'မင်းဆက်ပြီးတော့ ထိုင်နေပေါ့'

'ဘယ်လောက်ကြာအောင် ထိုင်နေရမလဲ'

'နောက်ထပ် ဘနာရီလောက်တော့ကြာကောင်းကြာမယ်'

'ဒီထက်ခရီးတိုတိုတောင်းတောင်းမှာ သွားစုံစမ်းမေးမြန်းရမယ့်အမှု မရှိတော့ဘူးလား၊ ဒီအမှုကို ကျွန်တော် စိတ်ပျက်ငြီးငွေ့လာပြီ'



'ရဲလုပ်ငန်း တချို့ဟာ စိတ်ပျက် ငြီးငွေ့ စရာပဲ လက်ထောက်'

'ဒီလောက်ဝေးတဲ့နေရာကို ကျွန်တော်တို့ကဘာဖြစ်လို့များ သွားနေကြရတာလဲ'

'တို့များဟာ လူပျောက်ရှာတဲ့အမှုတခုအတွက် အခုလိုသွားနေကြရတာ၊ စိတ်မချရတဲ့သတင်းပေးသူတယောက်ရဲ့ သတင်းပေးမှုကို စုံစမ်းစစ်ဆေးဖို့အတွက် သွားနေတာလည်းဖြစ်တယ်။ စိတ်မချရတဲ့ သတင်းပေးမှု ဆိုတာကို မင်းနားလည်သလား' ယုဂျင်းက ခေါင်းသိမ်းပြသည်။ 'အမှုတွေနဲ့ ပတ်သက်ပြီးတော့ တခါတလေမှာ တို့များက ပြည်သူလူထု ဆီက သတင်းတွေ ရယူ စုဆောင်းရတယ်။ အဲဒီလို အခါမျိုးမှာ မယုံကြည် စိတ်မချရတဲ့သူတွေက ဥပမာဆိုပါစို့ ကောင်းကောင်း စိတ်မနှံ့တဲ့ သူ တွေ ဆီ က သ တင်း ပေး တာ မျိုး တွေ ရတတ်တယ်။ အဲဒီအခါမျိုးမှာ တို့များက အဲဒီ ရတဲ့ သတင်းကို ဟုတ် တယ်၊ မဟုတ်တယ်ဆိုတာ သိရအောင် လိုက်လံစုံစမ်းစစ်ဆေးရတယ်။ လူဆိုတာကလည်း စိတ်မနှံ့ပေမယ့် သူပြောတဲ့အချက်အလက်တွေထဲက တချို့တလေဟာ အမှန်တွေဖြစ်ကောင်းဖြစ်လာနိုင်တယ် မဟုတ်လား၊ ဒါပေမယ့်လည်း အများ အားဖြင့် တော့ တွေ့ကရာရှစ်သောင်းတွေ ပြောတတ်ကြတာက များပါတယ်။ ဒီတော့ တို့များအလုပ်က ငြီးငွေ့စရာဖြစ်လာပြန်ရော'

သားအဖ နှစ်ယောက်က စကားပြတ်သွား ကြပြန်သည်။ မီနက်တီက ရေဒီယိုကိုဖွင့်လိုက်သည်။ ရဲအဖွဲ့ဘင်ခရာတီးဝိုင်းမှ တေးသံများ ထွက်လာသည်။ ထိုရေဒီယိုမှနေ၍ စကားပြော

www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်နိုင်ခြင်းကိုမူ မိနက်တီက ယူဂျင်းအား အသိမပေး။

နောက်ထပ်တနာရီခန့် ပျင်းစရာကောင်းအောင် သွားပြီးသောအခါ သူတို့ကားသည် ဗီလီမင်တစ်မြို့သို့ ရောက်သည်။ မိနက်တီက သူ့လက်ထောက်အား အမိန့်များထပ်မံ၍ပေးပြန်သည်။ ‘ငါတို့ ဒီကိုရောက်လာတယ်ဆိုတာ ဘယ်သူမှ မသိစေနဲ့၊ ဘာအကြောင်းကြောင့် ရောက်လာတယ် ဆိုတာကိုလည်း မသိစေရဘူး။ လုပ်စရာကိစ္စတွေလုပ်ပြီးယင် တောင်မှပေးမသိရဘူး။ အဲဒီလိုလျှို့ဝှက်ရတဲ့အမှုကိစ္စကြောင့် အမှုနဲ့ပတ်သက်ပြီး မင်းကို ငါမဆွေးနွေးတော့ဘူး။ အမိန့်တွေပဲပေးမယ်။ အခုလောလောဆယ်မှာ ဘောဘီလမ်း ဘယ်မှာရှိတယ်ဆိုတာကို ငါရှာမယ်။ အဲဒီလို ရှာနေတဲ့အတွင်းမှာ မင်းငါ့ကိုစကားမပြောရဘူး၊ ငါပြောတာ နားလည်တယ်နော်’ လက်ထောက်က ခေါင်းညိတ်ပြသည်။

ဗီလီမင်တစ်မှာ မြို့ငယ်လေးဖြစ်သည်။ အဝေးပြေးလမ်းမှ လှမ်းကြည့်လျှင် မြို့လေးကိုတွေ့ရသည်။ မြို့လေးထဲသို့ဝင်သွားသောအခါ အိမ်များမှာခြံကြီးဝင်းကြီးများဖြင့်သီးခြားဆောက်ထားကြကြောင်း မိနက်တီတွေ့ရသည်။

မိနက်တီက နှစ်ထပ်အိမ်တအိမ်ရှေ့တွင် တွေ့ရသည့်လူတဦးအား ဘောဘီလမ်း မည်သည့်နေရာတွင် ရှိပါသလဲဟုမေးကြည့်သည်။ ထိုလူကအဖြေမပေးပဲ မိနက်တီအား စူးစိုက်ကြည့်သည်။

‘ခင်ဗျား ဒီမြို့သား မဟုတ်လား’ မိနက်တီက မေးသည်။ မိနက်တီက အီတလီဘာသာဖြင့် မေးကြည့်ပြန်သည်။ ထိုအခါတွင်မှ အဖြေကိုရသည်။ ထိုလူက ဤမြို့တွင်လာရောက်နေထိုင်သူမှာ တနှစ်ခွဲခန့်သာရှိသေးကြောင်း၊ ဘောဘီလမ်းကိုအမည်ပင် မကြားဖူးကြောင်းပြောပြသည်။ မိနက်တီကခရီးဆက်ပြန်သည်။ ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ အမျိုးသမီးတဦးနှင့်တွေ့သည်။ မိနက်တီက ကားရပ်ပြီး မေးကြည့်ပြန်သည်။ မြို့၏မြောက်ဘက်ပိုင်းတွင် ရှိကောင်းရှိမည်ဆိုသော အမျိုးသမီး၏ မသေချာသောအဖြေကို ကြားရသည်။



‘ကျွန်တော်တို့ ဓာတ်ဆီဆိုင်မှာရပ်ပြီးတော့ မေးကြည့်ကြရအောင်’ ယူဂျင်းကပြောသည်။ ‘မေမေဆိုယင် အဲဒီအတိုင်းလုပ်တာပဲ’

သာမန်လူတဦးအနေဖြင့် ထိုသို့မေးနိုင်မည်ဖြစ်သော်လည်း သူ့အနေဖြင့် ဓာတ်ဆီဆိုင်တွင် မမေးနိုင်ကြောင်း မိနက်တီက ရှင်းပြသည်။

‘ဘာဖြစ်လို့လဲဆိုတော့ ဘို့များရဲ့အမှုက လျှို့ဝှက်တဲ့အမှုဖြစ်တယ်လက်ထောက်၊ ဓာတ်ဆီဆိုင်မှာ ငါတို့ကသွားမေးမယ်ဆိုယင် သူတို့အနေနဲ့ မျှော်လင့်ထားတဲ့အတိုင်း ဖြစ်သွားလိမ့်မယ်။ ဘို့များရဲ့ လှုပ်ရှား ဆောင်ရွက်မှု တွေကို သူတို့က ဘို့တင်ပြီး သိရှိသွားကြမှာဖြစ်တယ်’

လက်ထောက်ခေါင်းညိတ်ပြသည်။ သူတို့ဆိုသည်မှာ မည်သူများဖြစ်ကြောင်း အသက် ခုနစ်နှစ်ရှိ ယူဂျင်းအား ရှင်းပြနိုင်မလို၊ သူတို့မည်သူ ဖြစ်ကြောင်း ယူဂျင်းကလည်း ဂရုမစိုက်။

မိနက်တီက ကားကို မှန်မှန်မောင်း၍ လမ်းအမည်များကို ကြည့်သည်။ ယူဂျင်းကလည်း ဂရုတစိုက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပွိုင့်လမ်း၊ တူးမြောင်းလမ်း၊ ဘေဘီလမ်း၊ ဟောတွေ့လေပြီ။

'ဘေဘီလမ်း၊ ဟိုမှာဗိုလ်ကြီး'

'ဟုတ်တယ်။ ငါလည်းတွေ့တယ်' နောက်ဆုံးတော့ သားအဖနှစ်ယောက်မှာ ဘေဘီလမ်းသို့ရောက်လာကြပေပြီ။ သူတို့ဦးတည်ချက်ဖြစ်သည့် အရပ်သို့ရောက်လာကြပေပြီ။အပြန်လမ်းခရီးတွင်ယှူဂျင်းရှိနေမည်ဖြစ်ခြင်းအတွက် မိနက်တီကဝမ်းသာမိသည်။ သူ့အနေဖြင့် အဖော်မပါပဲနှင့် နှစ်နာရီခန့်ကြာအောင် မော်တော်ကားမောင်းရမည့် အခြေအနေမှ ကင်းနိုင်ပေမည်။

မိနက်တီက အိမ်နံပါတ်များကို စတင်ကြည့်သည်။ ပထမဆုံးတွေ့ရသည်မှာ အိမ်အမှတ် ၃၃၀၀ ဖြစ်သည်။ အိမ်အမှတ်များမှာ ရှေ့ဆက်သွားလေ ကြီးသွားလေဖြစ်သည်။

'ကျွန်တော်တို့ သွားရမယ့်နေရာကို ရောက်လုပြီလား' ယှူဂျင်းက လေသံဖြင့်မေးသည်။ သူသည် ကားရှေ့သို့စိတ်ဝင်စားစွာဖြင့် ကြည့်လျက်ရှိသည်။

'ရောက်လုပြီ။ ခုဆိုယင်....' သူက စကားကိုရပ်ပြီး အိမ်အမှတ်များကို ဂရုတစိုက်ကြည့်သည်။အိမ်အမှတ် ၃၇၁၂။

'ငါပြောမယ်လက်ထောက်၊ တို့များ သွားချင်တဲ့ နေရာရောက်ယင် မင်းရဲ့တာဝန်ကဒီကားကိုစောင့်ရှောက်ဖို့ဖြစ်တယ်။ ငါအကြာကြီးမနေပါဘူး။ ငါပြန်ရောက်ယင်မင်းကို သတင်းအတိအကျပြန်ပြောမယ်။ မင်းက ငါ့ကို အပြင်ကနေပြီးတော့ စောင့်ရှောက်ဟုတ်လား'

'ကောင်းပါပြီ၊ ဗိုလ်ကြီး'



'ကျွန်တော်တို့က အိမ်အမှတ်ဘယ်လောက်ကို ရှာနေတာလဲ ဗိုလ်ကြီး'

'အမှတ် ၄၄၂၉'

'ကောင်းပြီ။ ကျွန်တော်တို့ ၄၀၁၈ကို ရောက်လာကြပြီ'

'ကောင်းတယ်၊ ဆက်ပြီးကြည့်စမ်း'

မိနက်တီကမယ်ဗီနာကိုစဉ်းစားမိသည်။မင်းငါ့ကိုပြပေတော့ဟုလည်း စိတ်ထဲတွင်ပြောသည်။ နောက်ဆိုယင်တော့ မင်းအနေနဲ့ ငါ့ဆီကို တယ်လီဖုန်းတွေမကြာမကြာဆက်နေရတော့မှာ မဟုတ်ဘူး မယ်ဗီနာ ၄၄၂၁၊ ၄၄၂၃...၄၄၂၅၊ ကဲတွေ့ပြီ မယ်ဗီနာ။

မိနက်တီက ကားကို ရပ်လိုက်သည်။ ကားစက်ကိုလည်း ရပ်လိုက်ကာ မိနက်တီက တံခါးကိုဖွင့်ရန်ဟန်ပြင်လိုက်သည်။ ယှူဂျင်းက ဖခင်၏မျက်နှာကို လှမ်း၍ကြည့်သည်၊ ဘယ်အတွက်ကြောင့် ကားပေါ်မှမဆင်းပဲ ကြောင်၍ ကြည့်နေသနည်းဟုလည်း စဉ်းစားသည်။ ထိုသို့ကြည့်ယင်းက ဖခင်၏မျက်လုံးများထဲတွင် မျက်ရည်များဝဲလာကြောင်း တွေ့ရသဖြင့် ယှူဂျင်းအံ့သြမိသည်။ ယှူဂျင်းက ဖခင်စိုက်ကြည့်နေရာ ကားနောက်ပိုင်းသို့ လိုက်ကြည့်သည်။ ဖခင်သည် အိမ်အမှတ် ၄၄၂၉ သို့ကြည့်နေခြင်းမဟုတ်။ သူက ၄၄၂၉ အမှတ်ရှိသည့် အိမ်နှင့်ကပ်နေသော အိမ်ကိုစိုက်ကြည့်နေခြင်းဖြစ်သည်။ ထိုအိမ်ရှေ့တွင် အပြာရောင်ကားအဟောင်းတစီး ရပ်ထားသည်။

'ဖေဖေ' ခဏကြာသောအခါ ယှူဂျင်းက လေသံဖြင့်ခေါ်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အို ဘုရားသခင်' ဖခင်က ပြောသည်။ 'ဆူဆန်....' မီနက်တီက သူ့မျက်နှာကို လက်ဖဝါးဖြင့် အုပ်လိုက်သည်။ ထို့နောက် သူကငိုလေသည်။

မီနက်တီက လက်ကိုင်ပဝါဖြင့် မျက်ရည်များကို သုတ်လိုက်သည်၊ ယူဂျင်းအား ကားထဲတွင်ပင် နေခိုင်းသည်။ အိမ်အမှတ် ၄၄၂၉ နှင့် ကပ်လျက်ရှိသောအိမ်ကို ဂရုစိုက်ကြည့်ရန်လည်း မှာကြားသည်။ တကယ်၍ ထိုအိမ်ထဲမှတစုံတဦး ထွက်လာသည်ကို မြင်လျှင် ကားဟွန်းတီးရန်ပြောကြားသည်။ 'ဒါဆိုယင် အိမ်ထဲကနေ ငါထွက်လာမယ်'

မီနက်တီက အိမ်အမှတ် ၄၄၂၉ သို့ သွားကာ လူခေါင်းလောင်းတီးလိုက်သည်။ အိမ်တံခါးကို တခေါင်းလုံးဆံပင်ဖြူများရှိနေသည့် ပိန်ပိန်သေးသေး လူမည်းအမျိုးသမီးကြီး တဦးက ဖွင့်ပေးသည်။ မီနက်တီကိုမြင်လိုက်သောအခါ သူက 'နောက်ဆုံးတော့ ရှင်ရောက်လာပြီပဲ' ဟု ယုံကြည်နားလည်စွာဖြင့် ပြောသည်၊ 'ကဲ ရှင့်ကို သူကမမြင်ခင် အိမ်ထဲကို ဝင်လေ'

မီနက်တီက ဧည့်ခန်းထဲသို့ဝင်လိုက်သည်။

'ကျေးဇူးပဲ' မီနက်တီက ပြောသည်။ 'တယ်လီဖုန်းကို ကျွန်တော်သုံးနိုင်မလား'



'သုံးလေ၊ ဟိုမှာ တယ်လီဖုန်းရှိတယ်' မယ်ဗီနာက အေးချမ်းစွာ ပြောသည်။

မီနက်တီက (၀)သို့ ခေါ်လိုက်သည်။ 'ကျေးဇူးပြုပြီး ရဲဌာနကိုပေးပါ၊ မြန်မြန်ဆက်သွယ်ပေးပါ' ဟု သူကတယ်လီဖုန်းအော်ပရေတာအား ပြောသည်၊ 'သိပ်အရေးကြီးလို့ပါ'

မယ်ဗီနာက ပြတင်းပေါက်မှတဆင့်လမ်းရှိရာသို့ကြည့်သည်။ 'ရဲကားတွေလည်း မတွေ့ပါလား' သံသယဖြစ်စွာဖြင့် သူက ပြောသည်၊ 'ရှင် သိပ်ပြီးတော့ အချိန်ရမှာ မဟုတ်ဘူး၊ သူ ဆေးရုံကိုသွားတော့မယ်၊ သူက မွန်းလွဲပိုင်းမှာ အလုပ်ဆင်းရတာ'

'ဟယ်လို....ခင်ဗျားတို့ရဲ့ အကြီးအကဲနဲ့ ကျွန်တော်ပြောနိုင်မလား' မီနက်တီက အော်ပြောသည်။

'ရှင့်ကားထဲမှာလည်း ကလေးတယောက် ပါလာပါလား၊ ဘာဖြစ်လို့ ကလေးကိုခေါ်လာတာလဲ၊ ရှင့်ရဲတံဆိပ်ကို ပြစမ်း ...'

မီနက်တီက အိတ်အတွင်းရှိ ရဲတံဆိပ်ကို ထုတ်ယူပြသရန် ပြင်ဆင်လိုက်ချိန်တွင်ပင် တယ်လီဖုန်းထဲမှ အသံထွက်လာ၍ သူကလှမ်းပြောသည်။ 'ဗိုလ်ကြီးလုဘိုလား၊ ကျွန်တော်စုံထောက်အယ်ဘာတ်မီနက်တီပါ၊ ဘောစတွန် ရဲဌာနက ဖြစ်ပါတယ်၊ ဟုတ်ကဲ့....ကျွန်တော် အခု ဘောလီလမ်း အိမ်အမှတ် ၄၄၂၉က ပြောနေတာပါ။ အလက်ဆယ်ကီပျောက်ဆုံးနေမှုနဲ့ပတ်သက်လို့ ကျွန်တော် ဒီကိုရောက်နေတာပါ။ ဟုတ်ကဲ့.... ခုချိန်ထိတော့ သူ့ကို ကျွန်တော် မမြင်ရသေးဘူး။ ဒါပေမယ့်လည်း သူရှိ

www.burmeseclassic.com

www.burmeseclassic.com



နေမယ်ဆိုတာ သေချာတယ်။ ကျွန်တော့်ဆီကို ရဲကားနှစ်စီး အမြန်နိုင်ဆုံး မြန်မြန်ရောက်အောင် လွှတ်ပေးပါလား။ ဥဩ ဆွဲမလာပါစေနဲ့။ ကောင်းတာကတော့ ရဲတံဆိပ်မပါတဲ့ကား ဆိုယင် ပိုကောင်းတယ်။ ဒါမှမဟုတ်ယင်လည်း ကားတွေကို တနေရာရာမှာ ရပ်ထားပြီး လမ်းလျှောက် လာကြပါစေ။ ဟုတ်ကဲ့....လမ်းထဲမှာ ရပ်ထားတဲ့ ကျွန်တော့်ကားထဲကနေပြီး ခင်ဗျားရဲ့လူတွေ အလာကို စောင့်နေပါမယ်။ ကျွန်တော့် ကားဟာ မီးခိုးရောင် ပလိုင်းမောင့်အမျိုးအစား ဖြစ်တယ်'

ဆယ်မိနစ်ခန့် ကြာသောအခါ မိနက်တီက အရပ် ဝတ် အရပ်စား စုံထောက်နှစ်ဦးနှင့်အတူ အိမ်အမှတ် ၄၄၃ ခြံဝင်းထဲသို့ ဝင်လိုက်သည်။ သေနတ်များကို အသင့်အနေ အထား ကိုင်ဆောင်ထားသည့် ရဲလေးဦးက အိမ်အပြင်မှနေ၍ သူတို့ကို စောင့်ကြည့်နေသည်။

မိနက်တီကတံခါးဝတွင်ရပ်ကာ ဓူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ တိတ်ဆိတ်သွားသည်။ ခဏကြာသောအခါ တံခါးပွင့်သွားသည်။ တံခါးကို လာဖွင့်ပေးသူမှာ အလက် ဆယ်ကီဖြစ်သည်။

မိနက်တီမှာ အသက်ရှူရပ်သွားရသူကဲ့သို့ ဖြစ်သွားသည်။ မိနက်တီသည် အလက်အား စိုက်ကြည့်နေမိသည်။ အလက်၏ ကိုယ်လုံးလေးမှာ ပိန်လှီလျက်ရှိသည်။ သူ့ဆံပင်များကို ပုံပန်း မကျ ညှပ်ထားသည်။ သေသေချာချာ ကြည့်လိုက်သောအခါ ဝဲဘက်လက်မောင်းတွင် အညိုအမည်းများ စွဲနေသည်ကို တွေ့ရသည်။



အလက်၏နောက်ဘက်ဆီမှ လူတယောက် ထွက်လာသည်။ သူသည် အမျိုးသား သူနာပြုဝတ်စုံဖြစ်သည့် အဖြူရောင် အင်္ကျီ၊ ဘောင်းဘီတို့ကို ဝတ်ထားသည်။ ကင်းဘတ်ဖိနပ် အဖြူကို စီးထားသည်။ သူ့ခေါင်းမှာ ဆံပင်များမရှိသလောက် ဖြစ်နေသည်။ သူ့လက်ထဲတွင် အချိုရည်ဗူးကို ကိုင်ထားသည်။ သူတို့နောက်ပိုင်းကို ကျော်၍ကြည့်လိုက်သောအခါ ရုပ်မြင် သံကြားစက်ကို မိနက်တီတွေ့ရသည်။

'ဟုတ်ကဲ့...ဘာကိစ္စပါလိမ့်' အလက်၏ခေါင်းကိုကိုင်ယင်း သူကမေးသည်။

ယခုကဲ့သို့သော အခွင့်အရေးမျိုး၊ အခြေအနေမျိုးနှင့် ကြုံကြိုက်ရလျှင် ၎င်းအနေဖြင့် ပြောကြားမည်ဟု အကြိမ် ပေါင်းများစွာ လေ့ကျင့်ပြောကြားခဲ့သည့် စကားလုံး များကို မိနက်တီက ပြောလိုက်သည်။ 'အလက်ဆယ်ကီကို ပြန်ပေးဆွဲမှုနဲ့ ခင်ဗျားကို ကျွန်တော်ဖမ်းတယ်' လောလော ဆယ်မှာ အကောင်းဆုံးကတော့ ခင်ဗျားအနေနဲ့ တိတ်ဆိတ် နေဖို့ဖြစ်တယ်'

တံခါးဝတွင်ရပ်နေသူက မည်သို့မျှ လှုပ်ရှား။ သူ့ရှေ့တွင် တွေ့နေရသည့်သူများကိုသာ စိုက်ကြည့်လျက်ရှိသည်။ လက်ထိပ် များကို မြင်သောအခါတွင်မှ အလက်မှာ ထိတ်လန့်တကြား ဖြစ်သွားသည်။ လေသံဖြင့်လည်း စတင်ပြောသည်။ သို့သော် တံခါးဝရှိလူက တည်တည်ငြိမ်ငြိမ်ဖြင့် 'အလဲ....ကျေးဇူးပြု ပြီးတော့ ရုပ်မြင်သံကြားကို ပိတ်ပေးပါလား'

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် အလက်သည် ဧည့်ခန်းထဲသို့ ဝင်သွားသည်။ ထို့ကြောင့် တံခါးဝတွင်ရပ်နေသူအား စုံထောက်တို့က အပြင်သို့ ခေါ်ထုတ်သွားသည်ကို သူ့အနေဖြင့်မတွေ့လိုက်ရ။

ဧည့်ခန်းထဲသို့ ဝင်သွားသော အလက်နောက်သို့ မီနက်တီက လိုက်သွားသည်။ မီနက်တီ လိုက်လာမှန်း သိသောအခါ အလက်က သူ့ကိုလှည့်ကြည့်သည်။ မီနက်တီက တစုံတရာပြောရန် ပါးစပ်ကိုဟလိုက်သည်။သို့သော်မပြောဖြစ်။သူကပါးစပ်ကို ပြန်ပိတ်သည်။ မီနက်တီသည် မီးဖိုခန်းထဲသို့ ဝင်သွားသည်။ ရှုပ်ပွနေသော စည်သွတ်အစားအစာဗူးများနှင့်အတူ တယ်လီဖုန်းကိုတွေ့ရသည်။မီနက်တီသည် ဆူဆန်၏အိမ်သို့ တယ်လီဖုန်းဆက်သည်။ တယ်လီဖုန်းက ဆယ်ကြိမ်ခန့်မြည်သည်။ သို့သော် ကောက်ကိုင်မည့်သူမရှိ။ မီနက်တီက တယ်လီဖုန်းကို ပြန်ချပြီး အော်ပရေတာအား ဆူဆန်၏ အိမ်တယ်လီဖုန်းကို ဆက်သွယ်ပေးရန်ပြောသည်။ အော်ပရေတာက ဆက်သွယ်ပေးသော်လည်း ယခင်ကအတိုင်း တယ်လီဖုန်းကို ကောက်ကိုင်မည့်သူမရှိ။

မီနက်တီက အိမ်ပြင်သို့ပြန်ထွက်လိုက်သည်။ ဒုတိယ ရဲကားက သူ့ကိုစောင့်နေကြောင်း တွေ့ရသည်။ ရဲများက သူ့ကို တအံ့တဩဖြင့် ကြည့်နေကြသည်။

'အလက်ဆယ်ကီ ဟုတ်လား' ရဲတဦးကမေးသည်။ 'သူ့ကို သတ်မှုနဲ့ ခင်ဗျားတို့က လူတဦးကို ဖမ်းထားတယ် မဟုတ်လား' မီနက်တီက ခေါင်းညိတ်ပြသည်။သူ့လည်ချောင်းမှာ ပျော့်ရှင်ခြင်း၊ ဒေါသထွက်ခြင်းတို့ကြောင့် ခြောက်သွေ့လာသည်။



'ကျွန်တော်ပြောမယ်' မီနက်တီကပြောသည်။ 'သူ့မိခင်ဆီကို ကျွန်တော်တယ်လီဖုန်း ဆက်လို့မရဘူး၊ ကျွန်တော်လုပ်ချင်တာကတော့ ဒီကလေးကို အမြန်ဆုံး သူ့မိခင်ဆီရောက်အောင်ပို့ချင်တယ်။ ရဲအစောင့် ကျွန်တော် ရနိုင်မလား' ရဲအရာရှိနှစ်ဦးက သူတို့အချင်းချင်း ကြည့်ကြသည်။ 'ဌာနချုပ်ကို ကျွန်တော်မေးကြည့်မယ်' ရဲအရာရှိတဦးကပြောသည်။ သူက ကားအတွင်းရှိ ရေဒီယိုကို ဖွင့်လိုက်သည်။ ခဏကြာသောအခါ မီနက်တီရှိရာသို့ ပြန်လာသည်။ 'အစောင့်ရမယ်' ရဲအရာရှိကပြောသည်။ 'ရဲတွေထပ်ပြီးတော့ ရောက်လာကြလိမ့်မယ်။ သူတို့က ဒီအိမ်ကိုရှာကြလိမ့်ဦးမယ်'

'ကောင်းတယ်' မီနက်တီပြောသည်။ သို့သော် ချက်ချင်းပင် သူက ရဲတို့နှင့်အတူ သတင်းထောက်များ ပါလာမည်ကို မျှော်လင့်မိသည်။မီနက်တီ စိုးရိမ်မိပြန်သည်။

မီနက်တီသည် အလက်ရှိရာ ဧည့်ခန်းထဲသို့ ပြန်လာသည်။ သူက အလက်အနီးတွင် ဒူးထောက်ထိုင်ချသည်။

'ဒီမှာအလက် မင်းကိုငါရှာခဲ့တာ တမောပဲ၊ အချိန်လည်း အကြာကြီးပဲ။ အခုမင်းကို ငါတွေ့ရတော့ ဝမ်းသာမိတယ်'

အလက်ကမပြုံးမရယ်ပဲနေသည်။

'ငါ့နာမည်က စုံထောက် မီနက်တီ၊ အခုဆိုယင် မင်းကို မင်းအမေဆီ ငါပြန်ခေါ်သွားမယ်'

မီနက်တီက လက်ကမ်းပေးသည်။ သို့သော် အလက်က လှမ်းမဆွဲ။

www.burmeseclassic.com

www.burmeseclassic.com



မီနက်တီဆိုင်ရာမှ ထလိုက်သည်။ 'ကဲ...သွားမယ် အလက်' သူက အမိန့်ပေးလိုက်သည်။ ထို့နောက် အိမ်ပြင်သို့ ထွက်လိုက်သည်။ အလက်က မီနက်တီ၏နောက်သို့လိုက်လာသည်။

'ဒီအိမ်ကို ရှာဖို့အတွက် အဖွဲ့ တဖွဲ့လာနေပြီ' သူတို့ကို စောင့်နေသည့် ရဲအရာရှိက မီနက်တီအား လှမ်းပြောသည်။ 'အဲဒီအဖွဲ့ ရောက်လာတာနဲ့ ကျွန်တော်တို့ ဒီကထွက်မယ်'

'ကောင်းတယ်' မီနက်တီကပြောသည်။

ရဲအရာရှိများက အလက်အား လှမ်းကြည့်သည်။ ထို့နောက် ပြုံးပြသည်။ သို့သော် အလက်က သူတို့ကို စိုက်၍သာကြည့်သည်၊ မီနက်တီ ရင်ထဲတွင် နာကျင်လာမိသည်။ အလက် တယောက် ဘယ့်အတွက် မပြုံးမရယ် မရွှင်မလန်းပဲ ရှိနေရသနည်း။ မုန်းယစ်ဆေးဝါးများနှင့် ပတ်သက် နေပြီလော။ သူနာပြု ဝတ်စုံနှင့်လူကို မျက်လုံးထဲ မြင်လာမိသည်။

'ဒီကိစ္စကို ကျွန်တော် မလုပ်ရဘဲအတွက် ဝမ်းသာတယ်' မီနက်တီကပြောသည်။

'ဘယ်ကိစ္စကိုလဲ' ရဲအရာရှိကမေးသည်။

'ဒီအိမ်ကိုရှာတဲ့ ကိစ္စလေ၊ ဒီအိမ်ထဲမှာ ဘာတွေရှိနေမယ်၊ ဖြစ်ခဲ့တယ် ဆိုတာကို ကျွန်တော့်အနေနဲ့ လောလောဆယ်မှာ မသိချင်ဘူး'

'ကြော် ...' ရဲအရာရှိကပြောသည်။



အလက်သည် ဆင်ဝင်အောက်တွင် တယောက်တည်း ရပ်နေသည်။ သူ့တွင် အဖော်မဲ့လေပြီ။ ဝါတာမှာမရှိတော့။ သူတို့က ခေါ်သွားကြလေပြီ။

ဝါတာမရှိတော့လျှင် သူ့အနေဖြင့် တံခါးကို ထုံးစံအတိုင်း အခြိပိတ်ထားရပေတော့မည်ဟု အလက် နားလည်လိုက်သည်။ အကယ်၍ ဝါတာပြန်ရောက်ချိန်တွင် တံခါးပွင့်နေသည်မြင်လျှင် မည်သို့ဖြစ်မည်ကို သူကသိထားသည်။

သူ မသိသည်မှာကား အကယ်၍ အိမ်သို့ဝါတာပြန်မရောက် လာလျှင် မည်သို့ဖြစ်လေမည်နည်း။ ထိုသို့သော အတွေးမျိုးကို အလက်က မကြာခဏပင်တွေးကြည့်ခဲ့သည်။ ဝါတာက သူ့ကို သော့ခတ်ပြီး အိမ်ထဲတွင် ထားခဲ့ရာမှ အိမ်သို့ပြန်မရောက် လာလျှင် မည်သို့ရှိလေမည်နည်း။

ယခုတကြိမ်တွင်မူ ဝါတာတယောက် အမှန်ပင် အိမ်သို့ ပြန်လာတော့မည် မဟုတ်ကြောင်း အလက်က ကောင်းစွာ နားလည်မိသည်။

ဝါတာနှင့် ကင်းကွာရသော်လည်း လူစိမ်းတယောက်နှင့်မူ အလက်က တွေ့ခဲ့ရသည်။ သူ့အမည်က မီနက်တီဆိုပါလား။ သူက သူ့ကိုယ်သူ စုံထောက်ဖြစ်ကြောင်း ပြောပြခဲ့သည်။ နောက်ပြီး မခမခံဆီ ပြန်လည်ခေါ်သွားမည်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဝါတာမှာကား စုံထောက်မဟုတ်ချေ။ ယခုတွေ့ခဲ့ရသည့် မိနက်တီ ဆိုသူက ဘယ့်အတွက် စုံထောက်ဖြစ်နေရသနည်း။ ဝါတာက သူ့ကို ဖေဖေ့ထံခေါ်မသွားခဲ့။ မိနက်တီက ဘယ့်အတွက် မေမေ့ထံသို့ခေါ်သွားနေချင်ရသနည်း။ မေမေ့ဆီ ဘယ့်အတွက်ကြောင့် ခေါ်သွားချင်ရသည်လဲ၊ ဘာကြောင့်လဲ။ မေမေက စိတ်ထားများပြောင်းသွားခဲ့ရော့သလား။

ကားတစီး ရောက်လာပြန်သည်။ ထိုကားကလည်း တို့များ အိမ်ရှေ့တွင်ပင် ရပ်လိုက်ပါပြီကောဟု အလက်က သူ့ဘာသာ ပြောသည်။ ရပ်လိုက်သောကားထဲမှ လူလေးယောက်ထွက်လာ ကြသည်။ သူတို့အားလုံးက ခြံထဲသို့ဝင်လာကြသည်။ သူတို့က ငါ့ကိုစိုက်၍ကြည့်နေကြပါပြီကော။ငါ့ကို သူတို့က ဘယ့်အတွက် ကြောင့်များ စိုက်၍စိုက်၍ ကြည့်နေကြပါလိမ့်။ သူတို့ကဲ့သို့ပင် ငါကလည်း သူတို့ကို မျက်တောင်ပင်မခတ်ပဲပြန်လည်စိုက်ကြည့် နိုင်သည်ဆိုခြင်းကို သူတို့တတွေ မသိကြရော့သလား။

သူတို့က ငါ့ကို မည်သည့်နေရာသို့များ ခေါ်သွားကြ မလို့လဲ။ထိုသို့ခေါ်သွားကြမည့်နေရာသစ်တွင် ရုပ်မြင်သံကြားမှ ရှိပါရဲ့လား။ အကယ်၍ အိမ်ထဲတွင် တယောက်တည်း တံခါးများပိတ်ထားခံရပြီးနေရမည်ဆိုလျှင် ရုပ်မြင်သံကြားသာ မရှိပါက များစွာဆိုးရွားပေလိမ့်မည်။

'လာ....အလက်' ခုတော့ သူ့ကိုယ်သူ စုံထောက်ရယ်လို့၊ မိနက်တီရယ်လို့ မိတ်ဆက်ပေးခဲ့သည့်သူနှင့် ငါက လိုက်သွား ရတော့မှာပါလား။ ဘာပဲဖြစ်ဖြစ် သူ့ကားက တို့များ



ကားထက် ကောင်းသည်။ နောက်ပြီး သူ့ကားထဲတွင် ငါ့လို ကောင်လေး တယောက် ရှိနေပါလား။ နောက်တနေ့ရာ ရောက်သည်အထိ အဲဒီကောင်လေးက ငါနဲ့အတူများ ရှိနေ မလား။ ကောင်းတယ်၊ အဖော်အဖြစ် ကောင်လေးတယောက် ရှိနေခြင်းက ကောင်းလှပေမည်။

မိနက်တီက ကား၏ရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက်သည်။ ယူဂျင်းသည် မြင်ကွင်းကို ကောင်းစွာမြင်ခဲ့သည်။ သူက စိတ်ပါဝင်စားစွာဖြင့်လည်း ကြည့်နေခဲ့သည်။

'ဖေဖေ....'ယူဂျင်းကအားပါးတရပြောသည်။'ကျွန်တော်တို့ အလက်ကို တွေ့ကြပြီနော်၊ မင်းဟာအလက်နော်၊ မေမေ.... သူဒီမှာရှိနေတယ်ဆိုတာ မေမေ ဘယ်လိုလုပ်ပြီး သိခဲ့ဘာ လဲဟင်၊ခုလိုတွေ့နိုင်တဲ့အတွက် ကျွန်တော်တို့တတွေကျော်ကြား တော့မှာလားဟင်....'

'အလက်' မိနက်တီက ပြောသည်။ 'ဒါဟာ ငါ့သား ယူဂျင်းတဲ့။ ယူဂျင်း သူကအလက်။ တို့များနဲ့အတူ ဒီကားမှာပဲ လိုက်ခဲ့ချင်သလား အလက်'

အလက်က မည်သို့မှမပြော။ ယူဂျင်းက နေရာတိုးပေးသည်။ ထို့နောက် သူ့ဖခင်ကိုတလှည့်၊အလက်ကိုတလှည့်ကြည့်သည်။ သူ့နံဘေးတွင် အလက်လိုက်ပါမည် ဆိုခြင်းအတွက် ယူဂျင်းက သဘောကျနေသည်။

အလက်က မည်သို့မှမပြော၊ မည်သည့်နေရာကိုမှ မကြည့်ပဲ ကားထဲဝင်ထိုင်သည်။ ထို့နောက် သူက ရှေ့သို့သာကြည့် နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိနက်တီက ကားစက်နှိုးလိုက်သည်။ ကားက တဖြည်းဖြည်း ထွက်သည်။ ရဲကားတစီးက သူတို့ကားနောက်မှ လိုက်ပါလာသည်။ ကားအတွင်းရှိ ရေဒီယိုမှ ညွှန်ကြား ချက်များ ထွက်လာသည်။

'ဒုတိယလမ်း အချက်ပြမီးတိုင်ကို ရောက်ယင် ဝဲဘက်ကို ချိုးချပါ။ ဟုတ်ပြီ၊ ့လမ်းရဲ့ ယာဘက်ကနေပြီး နေရာယူ မောင်းပါ၊ ဓာတ်ဆီဆိုင်ကို ကျော်တာနဲ့ ယာ ဘက် ကို ချိုးလိုက်ပါ'

'ဒါက ရဲရေဒီယိုလေ' ယူဂျင်းက အလက်အားရှင်းပြသည်။ အလက်က ရေဒီယိုကို ကြည့်သည်။ ထို့နောက် ယူဂျင်းကို ကြည့်သည်။

'ဒါက စကားပြောခွက်' ယူဂျင်းက လက်ညှိုးထိုးပြယင်း ပြောပြန်သည်။ 'ဖေဖေ....စကားပြောခွက်ကို သူ့ကို ကျွန်တော် ပြပေးနိုင်မလားဟင်' ယူဂျင်းက ဖခင်အားကြည့်၍မေးသည်။

'ပြပေးနိုင်တယ်လေ၊ သိပ်ကောင်းတာပေါ့' မိနက်တီက ပြောသည်။ 'အဓောင့်လိုက်လာတဲ့ရဲကားကို သူတို့ပြောတာတွေ တို့များ ကောင်းကောင်းကြားရတယ်လို့ ပြောလိုက်ပါလား'

ရေဒီယိုစကားပြောခွက်ဖြင့် စကားပြောခြင်းကို ယူဂျင်းက ကောင်းစွာ နားလည်ထားသည်။ 'ခင်ဗျားတို့ ပြောတာကို ကျွန်တော်တို့ ကောင်းကောင်းကြားရတယ်။ ကျွန်တော်တို့ ပြောတာကိုကော ခင်ဗျားတို့ ကြားကြရရဲ့လား'



'ကျယ်ကျယ်၊ ကြည်ကြည်လင်လင် ကြား နေ ရ တယ်' ရဲကားမှ ပြန်လည်ပြောသည်။ 'ဘာရီးလမ်းကို ရောက်ယင် ယာဘက်ကိုချိုးပါ။ အဲဒီလိုချိုးပြီး ခဏကြာယင် ခင်ဗျားတို့ အဝေးပြေးလမ်းကို ရောက်ကြတော့မယ်'

'မင်း စမ်းပြီးတော့ ပြောချင်ကြည့်ချင်သလား' ယူဂျင်းက အလက်အား လေသံဖြင့်မေးလိုက်သည်။

အလက်၏မျက်လုံးများကသာ လှုပ်ရှားလာသည်၊ ယူဂျင်းကို ကြည့်နေရာမှ စကားပြောခွက်ကိုကြည့်သည်။

'ကဲ....စမ်းကြည့်ပါလား' ယူဂျင်းက အလက်ထံ စကားပြော ခွက်ကို လှမ်း ပေး သည်။ အလက်က စကားပြောခွက်ကို လှမ်းယူကာ 'ခင်ဗျားတို့ပြောတာကို ကောင်းကောင်းကြားရဲ့ တယ်'ဟု ပြောလိုက်သည်။

ခဏကြာသောအခါ သူတို့ကားသည် အဝေးပြေးလမ်းသို့ ရောက်လာသည်။ မိနက်တီက သူ့ ကား၏အရှိန်ကိုမြှင့်တင်သည်။ ကားသည် တနာရီ မိုင်၈၀နှုန်းဖြင့် ပြေးတော့သည်။ သူတို့ ကားနောက်မှ လိုက်ပါလာသည့် ရဲကားကလည်း သူတို့ နည်းတူ အရှိန်ကိုမြှင့်တင်ကာ အမီလိုက်လျက်ရှိသည်။ သူတို့ နောက်မှ ကပ်၍လိုက်ပါလာသည့် ရဲကားက ရှေ့တွင်ရှိနေမည့် ရဲဝိုင်ယာလက် ကားများအား သူတို့ရောက်လာမည့်အကြောင်း ကြိုတင်အကြောင်းကြားထားနှင့်မည် ဖြစ်ကြောင်း မိနက်တီက ကောင်းစွာသိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရေဒီယိုမှ သတင်းပို့ချက်ကို ကြားလိုက်ရသည်။

'အဝေးပြေးလမ်းမကြီး အမှတ်ခြောက်မှာ ဘယ်လိုအမှတ်အသားမှမပါတဲ့ ပလိုင်းမောင့် အမျိုးအစား ကားတစီးနဲ့ ရဲကားတစီးတို့ဟာ အရေးကြီးတဲ့ကိစ္စအတွက် လာနေတယ်။ လွန်ခဲ့တဲ့နွေရာသီက ဘောစတွန်မြို့မှာ ပျောက်ခဲ့တဲ့ အလက်ဆယ်ကီဆိုတဲ့ ကလေးကို ကျွန်တော်တို့က ပြန်တွေ့လာကြတာဖြစ်တယ်။ ဟုတ်ပါတယ်။ သူ အသက်ရှင်လျက် ရှိပါတယ်။ ဘာအကူအညီမှ မလိုပါဘူး။ အရေးကြီးတာက ကျွန်တော်တို့လာမယ့် လမ်းတလျှောက် ရှင်းနေအောင် လုပ်ပေးထားဖို့ပါပဲ....'

ယူဂျင်းက ကား၏ အရှိန်ပြမီတာမှ လက်တံကိုညွှန်ပြသည်။ လက်တံလေးက ၈၀ ဂဏန်းကို ညွှန်ပြနေသည်။ အလက်က လက်တံလေးကိုကြည့်သည်။ ထို့နောက် ယူဂျင်းကို ပြန်ကြည့်သည်။ ယူဂျင်းက ခေါင်းညိတ်ပြသည်။ ထို့နောက် သူတို့နှစ်ယောက်က မီနက်တီကို ကြည့်လိုက်ကြသည်။

'ဒီလောက်အရှိန်နဲ့ မောင်းနေတော့ ကျွန်တော်တို့ အဖမ်းမခံရဘူးလား ဖေဖေ' ယူဂျင်းက လေသံဖြင့်ပင်မေးသည်။

မီနက်တီက ခေါင်းယမ်းပြသည်။ 'ခုလောက်ဆို ရဲတွေက သတင်းရပြီးကြရောပေါ့။ ဖေဖေတို့ လာမယ်ဆိုတာ သူတို့အားလုံး သိနေကြပြီ'

'ကျွန်တော်တို့က ဒီနှုန်းအတိုင်း ဘောစတွန်ရောက်အောင် မောင်းမလား ဖေဖေ....'



'ဒါပေါ့....သားတို့က မကြောက်ကြဘူးဆိုယင်ပေါ့'

'ကျွန်တော်တော့မကြောက်ပေါင်....'ယူဂျင်းကပြောသည်။

'အလက်ကကော' မီနက်တီက မေးသည်။

အလက်က မော့ကြည့်သည်။

'တို့များကားက မင်းအတွက် သိပ်ပြီးတော့များ မြန်နေသလားဟင်'

အလက်က ခေါင်းယမ်းပြသည်။

'ကျွန်တော်တို့လာနေကြပြီဆိုတာကို သူ့မေမေက သိထားပြီလား ဖေဖေ....'

'ဟင့်အင်း၊ မသိသေးဘူး။ သူ့ဆီကို တယ်လီဖုန်းဆက်ပြီးတော့ ပြောဖို့ကြိုးစားခဲ့သေးတယ်။ ဒါပေမယ့် သူ့ဆီကို ဖုန်းဆက်လို့မရခဲ့ဘူး'

'သူက အမြဲပဲ အပြင်ထွက်နေတာပါ' ငြိမ်၍ နေရာမှ အလက်က ပြောလိုက်သည်။

'ဘာကိုဆိုလိုချင်တာလဲ အလက်' မီနက်တီက အလက်ကို ကြည့်ကာ လေသံတိုးတိုးဖြင့် မေးသည်။ သို့သော် အလက်က မဖြေ။

'မင်း မေမေက....မင်းကို တွေ့ရယင် သိပ်ပြီးဝမ်းသာမှာ'-ယူဂျင်းက ပြောသည်။ အလက်က သူ့ကိုပြန်ကြည့်သည်။အခြားမိသားစု၏ အရေးအခင်းများကို ယူဂျင်းအနေဖြင့် နားလည်

www.burmeseclassic.com

www.burmeseclassic.com



နိုင်မည်မဟုတ်ကြောင်း ပြောလိုသည့်အကြည့်မျိုးဖြင့် အလက်က ကြည့်လိုက်ခြင်းဖြစ်သည်။

'မင်းမိခင်ကို ရုပ်မြင်သံကြားမှာ အကြိမ်ငါးဆယ်လောက် ငါ တွေ့ခဲ့ဖူးတယ်။ သူက မင်းကိုတွေ့အောင်ရှာပေးဖို့လူတိုင်းကို မေတ္တာရပ်ခံခဲ့တယ်။ ကျွန်တော့်ကို ဖေဖေ ပြောခဲ့တာ အကြိမ်ငါးဆယ်နော်'

'အကြိမ်ငါးဆယ်တော့ အတိအကျမဟုတ်ဘူး။ များတော့ အများကြီးပဲ'

'ငါ့ဖေဖေဟာဆိုယင်မင်းကိုရှာခဲ့တာတနှစ်လောက်တော်ရှိသွားပြီ။ အဲဒီလိုရှာနေတဲ့အကြောင်းကိုသတင်းစာတွေထဲမှာ မင်းတွေ့ခဲ့သင့်တယ်။ ရုပ်မြင်သံကြားတွေမှာလည်း ပါခဲ့တယ်။ ရဟတ်ယာဉ်တွေ ထောင်ပေါင်းများစွာသော ရဲတွေနဲ့ မင်းကိုလိုက်ရှာခဲ့ကြတယ်။ မင်း မတွေ့ခဲ့ဘူးလား ဟင်'

အလက်က ခေါင်းယမ်းပြသည်။

'မင်းရဲ့ဓာတ်ပုံကို ဖော်ပြထားတဲ့ပိုစတာတွေဆိုယင်လည်း နေရာအနှံ့ အပြားမှာလိုက်ပြီးတော့ ကပ်ထားခဲ့ကြတယ်။ ငါ့ရဲ့ကား ပြတင်းပေါက်မှာဆိုယင် ပိုစတာတခုကို တို့ကကပ်ထားခဲ့တယ်။ မင်း မတွေ့ခဲ့ဘူးလား' ယူဂျင်းက ဆက်လက်ပြောသည်။ 'မင်းကိုတွေ့အောင်ရှာဖို့အတွက် စုံစမ်းထောက်လှမ်းတဲ့ကိစ္စ ငါ့အဖေဟာ ဦးစီးခေါင်းဆောင်ဖြစ်ခဲ့တယ်။ သူ့ကိုတွေ့အောင် လို့ ဖေဖေရှာခဲ့တယ် မဟုတ်လားဟင်'



'ဒါပေါ့' မီနက်တီက ပြောသည်။ 'ဟုတ်တယ် သူ့ကို ရှာခဲ့တယ်'

အလက်က သူတို့နှစ်ယောက်ကို တလှည့်စီ ကြည့်သည်။ ကြားရသောစကားအတွက် သူက မအံ့သြ။ ရဲများက သူ့ကို လိုက်ရှာနေကြောင်း ဝါတာက ပြောပြခဲ့သည်။

မီနက်တီက ကားကိုအရှိန်နှင့် ဆက်လက်မောင်းနေသည်။ ရဲကားက သူတို့နောက်မှအမီ လိုက်နေသည်။

'ဘယ်လောက်ကြာအောင်မောင်းရဦးမလဲဖေဖေ' ယူဂျင်းက မေးသည်။ ကားစီးရသည်ကို မသက်မသာဖြစ်လာဟန် ရှိသည်။

'နောက်ထပ် မိနစ်လေးဆယ်လောက်တော့ မောင်းရလိမ့်မယ် ထင်တယ်' မီနက်တီက ပြုံး၍ ပြောသည်။ 'အသွားဘုန်းကထက် ပိုပြီးတော့ မြန်လာတယ် မဟုတ်လား'

'ဒီမှာအလက်' ယူဂျင်းက မေးခွန်းထုတ်ရန်ပြင်လိုက်သည်။ သူ့ဖခင်အနေဖြင့်ယခုအချိန်အထိမေးခွန်းမထုတ်သေးကြောင်း ယူဂျင်းသိရှိသည်။ တစုံတရာသောအကြောင်းကြောင့် သူ့ဖခင်က မေးခွန်းများမေးလိုပါလျက် ထိန်းထားလျက် ရှိကြောင်း ယူဂျင်း နားလည်မိသည်။ 'မင်းကို သူက ကြိုးနဲ့ ချည်ထားခဲ့သလား'

'ဘာပြောတယ်'

'မင်းကို ပြန်ပေးဆွဲခဲ့တဲ့သူကို ပြောတာလေ'

ကလေး နှစ်ယောက် ပြောသည်ကို နားထောင်လျက် ရှိကြောင်း မီနက်တီက အရိပ်အရောင်မျှ မပြ။

www.burmeseclassic.com

www.burmeseclassic.com



အလက်ကယူဂျင်းကို ဆတ်ကနဲ လှည့်ကြည့်သည်။ ‘ငါ့ကို ခေါ်ခဲ့ဖို့ ဖေဖေက ဝါတာကိုငှားခဲ့တာ။ ဒီအချက်ကို မေမေ မသိဘူး။ မေမေကငါ့ကို ဖေဖေနဲ့ မတွေ့စေချင်ဘူး။ ကျောင်း ကိုပဲ သွားနေစေချင်တယ်’

‘မင်းပြောတာက တချိန်လုံးမှာ မင်းဟာ မင်းဖေဖေနဲ့အတူ ရှိနေတယ်ပေါ့ ဟုတ်လား’

‘ဟင့်အင်း’ အလက်က စိတ်မရှည်စွာဖြင့်ပြောသည်။ ‘ငါတို့က အဲဒီ မြို့လေးက အခန်းကို သွားပြီးတော့ ရက်အတန် ကြာအောင် ဖေဖေ့ကိုစောင့်ခဲ့တယ်။ ဒါပေမယ့် သူကရောက် မလာခဲ့ဘူး။ ဖေဖေမေ့သွားခဲ့တယ်’

ယူဂျင်းမှာဆိတ်လန့်တကြားဖြစ်သွားရှာသည်။ ‘ဒါဖြင့်ယင် မင်း သိပ်ပြီးတော့ ငိုခဲ့ရမှာပေါ့ ဟုတ်လား’

‘ဟုတ်တယ်။ ငါ ငိုခဲ့ရတယ်’

‘ဒါဖြင့်ယင် မင်းက ဘာဖြစ်လို့ အိမ်ကို ပြန်မသွားခဲ့ တာလဲ’

‘အိမ်ကို ပြန်ခေါ်လာဖို့ အတွက် မကြိုးစားဖို့ မေမေက ဝါတာကိုပြောခဲ့တယ်၊ ဝါတာနဲ့လိုက်သွားတဲ့အတွက် မေမေ က ငါ့ကိုသိပ်ပြီးတော့ စိတ်ဆိုးခဲ့တယ်၊ သူကငါ့ကို ဆက်လက် ပြီးတော့လည်း ဘာမှမထောက်ပံ့ခဲ့ဘူး။ ခရစ္စမတ် တုန်းက ဝါတာက မေမေ့ဆီကို တယ်လီဖုန်း ဆက်ခဲ့တယ်။ ခရစ္စမတ် အချိန်မှာ မေမေက ငါနဲ့မျှားအတူ ရှိနေစေချင် သလားလို့ ဝါတာက မေးခဲ့သေးတယ်။ ဒါပေမယ့် မေမေက မလိုဘူးတဲ့။



သူမှာလည်း ခုဆိုယင် ကလေးတယောက် ရနေပြီလို့ပြော ခဲ့တယ်’

မိနက်တီမှာ ဆက်လက်၍ တိတ်ဆိတ်စွာဖြင့် နားထောင် မနေနိုင်တော့။ ‘အလက်....အဲဒီလူက မင်းကို တွေ့ကရာတွေ လျှောက်ပြောခဲ့တာပါ၊သူပြောတာတွေက မမှန်ဘူး။ လိမ်လည် ခဲ့တာတွေဖြစ်တယ်။ မင်းဖေဖေက သူ့ကိုငှားခဲ့တယ် ဆိုတာ မဟုတ်ဘူး။မင်းမေမေဟာ ဆိုယင်လည်း မင်းပျောက်သွားခဲ့ပြီး တဲ့အချိန်ကစပြီး စက္ကန့်တိုင်းမှာ မင်းကိုလိုက်ရှာခဲ့တယ်၊ မင်း မေမေဟာ မင်းကိုသိပ်ပြီးတော့ လွမ်းခဲ့တယ်။ အသက်ရှင် လျက်နဲ့ အိမ်ကို မင်းပြန်လာလိမ့်မယ်လို့လည်း သူကအမြဲ ယုံကြည်နေခဲ့တယ်’

အလက်သည် မယုံကြည်နိုင်စွာဖြင့် မိနက်တီကို အကဲခတ် ကြည့်သည်။ ‘ဒါပေမယ့်လည်း တကယ်လို့များ ကျွန်တော် ဒုက္ခတွေ သိပ်ရောက်နေကြောင်းကို တွေ့ရယင် ဝါတာက ဘာ အကြောင်းကြောင့် ကျွန်တော့်ကို လိမ်ခဲ့၊ ညာခဲ့မှာ တဲ့လဲ’

‘တကယ်လို့မင်းဟာ....’မိနက်တီက သူ့အတွေးကိုချက်ချင်း ဖြတ်ပစ်လိုက်သည်။ ‘တခုပဲ ငါ့ကိုပြောစမ်းပါအလက်၊ သူက မင်းကိုနာကျင်အောင် လုပ်ခဲ့သလား။ သူဆိုတာက ဝါတာကို ပြောတာ’ အလက်သည် မရွှင်ပျသော မျက်နှာလေးဖြင့် ယူဂျင်းကို တလှည့်၊သူ့ကိုတလှည့်ကြည့်လိုက်ကြောင်း မိနက်တီ တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်အတန်ကြာသွားသည်။ နောက်ဆုံးတွင်မှ အလက်က 'ဝါတာက ကျွန်တော့်ကို ထိန်းသိမ်း စောင့်ရှောက်ခဲ့တာပါ' ဟု ပြောသည်။ ထိုသို့ပြောပြီးသည်နှင့် အလက်က ပါးစပ်ကို ပိတ်ထားလိုက်သည်။ သူ့အနေဖြင့် ဆက်လက်ပြောလိုသည့် ဆန္ဒမရှိကြောင်း ပေါ်လွင်ပေသည်။

သူတို့ကားမှာ ဘော့စတွန်မြို့တွင်းသို့ ဝင်လာသည်။ ကားများက ရှုပ်ထွေးများပြားလာသည်။ သူတို့နောက်ရှိ ရဲကားမှာ အမီလိုက်နိုင်ရန် အထူးပင်ကြိုးစားနေရသည်။

'သူ့အိမ်ကို ကျွန်တော်တို့ ရောက်တဲ့အခါ အလက်ရဲ့ မေမေ အိမ်မှာရှိနေမလားဟင်'

'အဲဒါကိုတော့ ငါမသိဘူး၊ ခုလောက်ဆိုယင်တော့ သူတို့က အလက်ရဲ့မိခင်ကို ရှာလို့တွေ့ပြီးကောင်း တွေ့ပြီးရောပေါ့။ တို့က ကားရပ်ပြီး တယ်လီဖုန်း ဆက်မေးကြည့်မယ် ဆိုယင်တော့ မေးကြည့်ကြတာပေါ့။ ဘယ်နှယ်လဲအလက်' အလက်က အဖြေမပေး။ အလက်သည် ရှုပ်ထွေးသောကားများ၊ များပြားသော လူများကိုသာ စိတ်ဝင်စားစွာဖြင့် လိုက်လံကြည့်ရှုလျက် ရှိသည်။

ကားနှစ်စီးသည် ဒတ်မောက်လမ်းသို့ ရောက်လာကြသည်။ အလက်သည် မည်သို့မျှစကားမပြောပဲစိတ်ဝင်စားစွာဖြင့်ကြည့် နေလျက်ရှိသည်။

'သူ့အမေတော့ တော်တော်ကို ပျော်မှာပဲ' ယူဂျင်းက လေသံဖြင့်ပြောသည်။ 'ကျွန်တော်တို့ ရောက်လုပြီ မဟုတ်လား



ဖေဖေ၊ ဒီနေရာကို ပြီးခဲ့တဲ့နွေက ငါရောက်ခဲ့ သေးတယ်၊ ပိုစတာတွေ လိုက်ကပ်ခဲ့တဲ့ ဖေဖေ့ကို ငါကအကူအညီပေးဖို့ ဒီနေရာကို ရောက်ခဲ့တာလေ'

အလက်၏မျက်နှာလေး ညှိုးငယ်လာသည်။ ဒီနေရာမှာ သူတို့အိမ်နီးချင်းများ၏ နေရာများဖြစ်သည်။ အိမ်နီးချင်းတို့က သူ့မိခင်ထံသို့ သူ့ကိုခေါ်သွားကောင်း ခေါ်သွားနိုင်ကြလိမ့်မည်၊ သို့မဟုတ် ထောင်ရှိရာသို့ ခေါ်သွားမည် ဆိုလျှင်လည်း ခေါ်သွားနိုင်ကြသည်။

မိနက်တီက မာဗိုရောက် လမ်းထောင့်တွင် ကားကိုရပ်လိုက်သည်။ ဂျပ်စတင်းတို့၏ အိမ်ကို အလက် လှမ်းမြင်ရသည်၊ သူကကိုယ်ကိုပို၍ မတ်မတ်ထိုင်လိုက်ပြီး ပတ်ဝန်းကျင်ကို လိုက်ကြည့်သည်။ သူသိသော သူများကို တွေ့လိုတွေ့ငြား လိုက်လံရှာဖွေခြင်းဖြစ်သည်။

'ဟော့....ဟိုမှာကြည့်စမ်း' ယူဂျင်းက အော်ပြောသည်။ 'ဟိုမှာတွေ့လား၊ ဟိုအိမ်ရဲ့ပြတင်းပေါက်မှာ ပိုစတာတွေ့လား၊ အဲဒီပိုစတာကို ငါကိုယ်တိုင် ကပ်ခဲ့တာလေ။ဟုတ်တယ် မဟုတ်လား ဖေဖေ' ယူဂျင်း ညွှန်ပြရာကို အလက်ကလိုက် ကြည့်သည်။

အိမ်၏ မှန်ပြတင်းတွင် 'ပျောက်ဆုံးနေသူ' ဟူသော ခေါင်းစဉ်ဖြင့် ပိုစတာကိုတွေ့ရသည်။ခေါင်းစဉ်၏ အောက်တွင် ပြုံးနေသော သူ့မျက်နှာကို အလက်က တွေ့လိုက်ရသည်။ ပိုစတာကို အလက်ကကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'တွေ့လား၊ မင်းကို ရှာပေးဖို့ လူဘိုင်းကို မေတ္တာရပ်ခံခဲ့တယ်' ယူဂျင်းက ပြောသည်။

ပိုစတာကိုကြည့်ယင်း အလက်ကလေ့လာသည်။ ပျောက်ဆုံးနေသူ ဆိုပါလား။ လူအများကပင် သူ့ကို ပျောက်ဆုံးနေသူဟု သတ်မှတ်ခဲ့ကြပါသလား။ သူက ပြုံးမည်ကဲ့သို့ ဖြစ်သွားသည်။ သို့သော်လှည့်စားမှုကို အလက်ကချက်ချင်းနားလည်လိုက်သည်။ ပျောက်ဆုံးနေသူ၊ အလိုရှိသူ။

အလိုရှိသူဟူသော ပိုစတာများကို စာတိုက် ပြတင်းပေါက်များတွင် အလက်တွေ့ခဲ့ဖူးသည်။ လူဆိုး သူဆိုးများကို အလိုရှိခြင်းပင်ဖြစ်သည်။ ထိုပိုစတာများကို ဝါတာက ညွှန်ပြယင်း 'သူတို့အားလုံးက မင်းကို အဲဒီလိုပဲ သတ်မှတ်ထားကြတယ်' ဟု ရှင်းပြခဲ့သည်။

ထို့ကြောင့် ဝါတာနှင့် အတူ အပြင်သို့ ထွက်ခဲ့ရာတွင် အလက်က သူ့မျက်နှာကိုမမော့ပဲ ခေါင်းကိုသာငုံ့ထားခဲ့သည်။

စိတ်မရှည်တော့စွာဖြင့် မီနက်တီကကားကိုဆောင့်၍ ထွက်လိုက်သည်။ ကားသည် ဘေကွန်လမ်းရှိရာသို့ဦးတည်ပြေးလျက်ရှိသည်။

သူ့အနေဖြင့်အဘတ်နိုင်ဆုံးဆောင်ရွက်ခဲ့ပြီးပေပြီဟု မီနက်တီနားလည်သည်။ ခုချိန်တွင် ဆူဆန့်ထံသို့သာ အရောက်သွားလိုသည်။



မီနက်တီတို့ ကားနောက်ဆီတွင် ကျန်ခဲ့သည့် ရဲကားက သူတို့နောက်သို့အမီလိုက်နေဆဲရှိသည်။ ခဏကြာသောအခါ ရဲကားက ဥသြကိုဖွင့်လိုက်သည်။ လူများရှင်းနေသည့်အားလပ်ရက်၏လမ်းတွင် ရဲကား၏ ဥသြသံမှာ ပို၍တင်ထပ်လျက်ရှိသည်။

ဆူဆန်သည် ခွေးလေးတက်ဆီကို ခေါ်၍ နေ့လယ်စာ သွားစားခဲ့သည်။ အင်္ဂလိပ်စာဌာန၏ အကြီးအကဲ နှစ်ဦးသည်း သူနှင့်အတူ နေ့လယ်စာ စားခဲ့ကြသည်။ နေ့လယ်စာ ဘားပြီးသောအခါ ဆူဆန်က တက်ဆီကို ဆွဲ၍ လမ်းလျှောက်ပြန်လာသည်။

မာဗိုရောက်လမ်းသို့ ရောက်သောအခါရဲကား၏ဥသြသံကို ဆူဆန်ကြားလိုက်ရသည်။ ယာဉ်တိုက်မှုတမှု၊ မှုခင်းတမှုဖြစ်ပြန်ပေလေပြီဟု ဆူဆန်က တွေးမိသည်။ ထိုအတွက် သူက စိတ်မကောင်းလည်းဖြစ်ရသည်။

ဥသြသံက တဖြည်းဖြည်း ကျယ်လောင်သည်ထက် ကျယ်လောင်လာသည်။ အသံတို့မှာလည်း သူ့ထံသို့ ဦးတည်၍လာနေသည်ကဲ့သို့ရှိသည်။ ထို့ကြောင့် ဆူဆန် ထိတ်လန့်မိသည်။

သူနှင့်အတူ တက်ဆီသာရှိနေသည်။ ဂရေဟမ်မှာသူ့ထံသို့ ပြန်မလာတော့။ သားကိုလည်း ရှာမတွေ့။ သူ့အနေဖြင့် နောက်ထပ်ဆုံးရှုံးစရာဟူ၍ မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



ဖနိုးမန့်လမ်းသို့ ချိုးလိုက်သောအခါ ရဲကား၏ ဥသြသံ ရပ်သွားကြောင်း ဆူဆန်သိရသည်။ လမ်းထဲတွင် လူများ၊ ကားများကို ဆူဆန်တွေ့ရသည်။ ဆူဆန်ပို၍ ထိတ်လန့်မိသည်။ မီးလောင်နေသည်များလား၊ သို့မဟုတ် ဘာတွေဖြစ်နေလဲ။ သူကခြေလှမ်းသွက်သွက်ဖြင့် ဆက်လက်လျှောက်သည်။

သူ့ကိုမြင်သောအခါ လူအများကဝိုင်းကြည့်ကြသည်။ သူ့အနေဖြင့်မူ မည်သူ့ကို ကြည့်ရမည် ဖြစ်ကြောင်း ဆူဆန် မသိ။

ကားများ၊ လူများကိုသာ တွေ့ရသည်။ မီးခိုးလုံးများကို ဆူဆန်မတွေ့ရ။ ရဲများနှင့်စာနယ်ဇင်းများမှကားများကိုလည်း တွေ့ရသည်။ သို့သော် မီးသတ် ကားများကိုမူ မတွေ့ရ။ အံ့သြခြင်းနှင့် ထိတ်လန့်ခြင်း တို့က သူ့ ခြေလှမ်းကို နှေး စေသည်။

မီနက်တီ၏ကားနှင့် တူသော ကားတစီး ရပ်ထားသည်ကို ဆူဆန် တွေ့လိုက်ရသည်။ တချိန်တည်းတွင်ပင် ကား၏ ရှေ့ တံခါးများ ပွင့်လာသည်။ မီနက်တီက ယာဉ်မောင်းသူ၏ဘက်ရှိ ကားတံခါးကို ဖွင့်ကာ လမ်းပေါ်တွင်ရပ်နေသည်။ သူ့ကို စိုက်ကြည့်နေကြောင်း ဆူဆန်တွေ့ရသည်။ သူကတစုံတရာကို လှမ်း၍ပြောလိုဟန်ရှိသည်။ သို့သော်ပါးစပ်မှအသံထွက်မလာ။ ဘယ်အတွက်ကြောင့် မီနက်တီ ယခုကဲ့သို့ ရောက်နေသည် ဆိုခြင်းကို ဆူဆန်နားမလည်မိ။



လူများကို ဖြတ်ကျော်၍ ကြည့်လိုက်ရာ မီနက်တီ၏ ကလေး များလည်းပါလာကြောင်း ဆူဆန်တွေ့ရသည်။ ယွန်ဂျင်းကိုတွေ့ ရသည်။ နောက် တ ယောက် လည်း ရှိပြန်သည်။ နောက် တယောက်မှာ မီနက်တီ၏သား မာပိုမဟုတ်။ ကလေးများကို တွေ့လျှင်စူးစိုက်ကြည့်တတ်သည့်အလေ့အကျင့်အတိုင်းဆူဆန်က ထိုကလေးကို အကဲခတ်ကြည့်သည်။ သားငယ် အလက်ထက် အသက်ကြီးမည်။ အရပ်လည်း ပိုမြင့်မည်။ ဆူဆန်က ရှေ့သို့ တိုးလိုက်သည်။

ဆူဆန်၏ခြေလှမ်းများတွန့်သွားရသည်။သူကတွေတွေ လေး ကြောင်၍လည်း ကြည့်နေမိသည်။ ထိုအချိန်တွင်ပင်ခွေးကလေး တက်ဆီက သူ့လက်ထဲမှ ရုန်းထွက်ပြီး ကလေးများရှိရာသို့ အားကုန်ပြေးသွားသည်။ တက်ဆီက ရပ်နေသော ကလေး နှစ်ဦးအနက် ဂျင်းဘောင်းဘီ အပြာရောင် ဝတ်ထားသည့် ကလေးကိုယ်လုံးကို ဖက်၍ တက်လိုက်သည်။

ဆူဆန်က စိုက်၍ ကြည့်နေဆဲရှိသည်။ ယခုတကြိမ်တွင်မူ သူက မျက်နှာများကို မြင်လိုက်ရသည်။ သူ့ရင်ထဲတွင် လွန်ခဲ့ သော လပေါင်းများစွာကတည်းက အသက်ရှင်ပြီးရှိနေခဲ့သည့် ကလေး၏မျက်နှာကို အမှန်ပင်တွေ့လိုက်ရသည်။သူ့ရှေ့တွင်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးသည် ဆူဆန်နှင့် ခြေလှမ်း ဆယ့်နှစ်လှမ်းခန့် အကွာတွင် ရှိနေသည်။ ဆူဆန်၏ ဦးနှောက်မှာ တွေ့မြင်ခြင်းဟူသည့် အာရုံကြောနှင့် ဖြတ်တောက်ခြင်း ခံရသကဲ့သို့ ရှိနေသည်။ သူ့အနေဖြင့် မြင်တော့ မြင်နေရသည်။ သို့သော် ဘာကိုမြင်ခြင်း ဆိုသည်ကို ဆူဆန်နားမလည်။

အလက်က ဆူဆန်ကို လှည့်ကြည့်သည်။ ထို့နောက် သူ့လက်များ၊ ခြေများ လှုပ်ရှားလာသည်။

မီနက်တီသည် ကလေးများနှင့်အတူ ရှိနေသည်။ ဆူဆန်က မယုံကြည်စွာ၊ အံ့ဩစွာ ဖြင့် မီနက်တီကို လှမ်း၍ ကြည့်သည်။

မယုံကြည်နိုင်သော အဖြစ်အပျက်ပါလား။ စိတ်ရှုပ်ထွေးစရာ မဆုံးဖြတ်နိုင်စရာ အခြေအနေပါလား။ သို့သော်လည်း ယခု အခိုက်အတန့်လေးမှာ လူ့ဘဝတွင် အရိုးသားဆုံးရှိမည့်အခိုက် အတန့်လေးပင် ဖြစ်ပေရော့မည်။

အလက်ကို ဆူဆန်က ပြန်ကြည့်လိုက်သည်။ သူ့ရင်ထဲတွင် ရှိသည်များအားလုံး ပွင့်ထွက်လာသည်။ သူက အလက်အား လက်နှစ်ဘက်ဆန့်တန်းထုတ်၍ ကမ်းလှမ်းလိုက်သည်။

အလက်ပြုံးသည်ကို ဆူဆန်တွေ့လိုက်ရသည်။ 'မေမေ'ဟူ၍ လှမ်းခေါ်လိုက်သော အလက်၏ အသံကိုလည်း ဆူဆန် ကြားလိုက်ရသည်။



လူသွားလမ်းပေါ်တွင် ဆူဆန်က ဒူးထောက်ထိုင်ချလိုက်သည်။ သူ့မျက်လုံးများထဲတွင် မျက်ရည်တို့ဖြင့် ပြည့်နေသည်။

ထိုအချိန်တွင်ပင် ဆူဆန်၏သားငယ် အလက်က မိခင်၏ ရင်ခွင်အတွင်းသို့ ပြေးဝင်လိုက်သည်။ ဆူဆန်က သားငယ်အား တင်းကျပ်စွာ ဖက်ထားလိုက်တော့သည်။

ပြီးပါပြီ

တင်ထွေး

www.burmeseclassic.com

www.burmeseclassic.com

# ဘဝတက္ကသိုလ် စာပေမှ
# ဆက်တိုက်ထွက်လာမည့် စာအုပ်များ

| | | |
|---|---|---|
| ၁။ | မောင်မြင့်ကြွယ်<br>Wilbur Smith | စိန်ကုန်သည်<br>The Diamond Hunters |
| ၂။ | မောင်ပေါ်ထွန်း<br>Cynthia Freeman | ချစ်ဆိပ်ရည်<br>The Days Of Winter |
| ၃။ | မောင်ထွန်းသူ<br>Alexandre Dumas (The Younger) | ကင်မီလီ<br>Camille |
| ၄။ | မောင်ထွန်းသူ<br>Alan Burgess | ဆဋ္ဌမသုခရိပ်မြိုင်<br>The Inn Of The Sixth Happiness |
| ၅။ | မောင်အောင်မွန်<br>Richard Mason | ပန်းခြွေတဲ့လေ<br>The Wind Cannto Read |
| ၆။ | အထောက်တော်လှအောင်<br>Jonathan Black | မဟာဘီလူး<br>Megacorp |
| ၇။ | မြသန်းတင့်<br>Sir Arthur Conan Doyle | ရှားလော့ဟုမ်း၏အမှုတွဲများ<br>The Case Book Of Sherlock Holmes |
| ၈။ | မြသန်းတင့်<br>Sir Arthur Conan Doyle | ရှားလော့ဟုမ်း၏စွန့်စားခန်းများ<br>The Adventures Of Sherlock Holmes |
| ၉။ | ဖိုးကျော့ | အလွမ်းကန္တာတောကန္တာ |